www.burmeseclassic.com

BURMESE CLASSIC .com

မြန်မာ့ရေးရာ သုတပ်ဒေသာ

မောင်ဇနီယ

ပြုစုသည့်

www.burmeseclassic.com

www.burmeseclassic.com

အလက်ာ စာစဉ်(၁)

ဆဋ္ဌမအကြိမ်
အုပ်ရေ-၂၅၀၀ (နှစ်ထောင့်ငါးရာ)
၁၉၆၈-ခုနှစ်၊အောက်တိုဘာလ

ပထမအကြိမ်	၁၉၆၆	အုပ်ရေ	၃၀၀၀
ဒုတိယအကြိမ်	၁၉၆၇	″	၃၀၀၀
တတိယအကြိမ်	၁၉၆၇	″	၂၀၀၀
စတုတ္ထအကြိမ်	၁၉၆၇	″	၃၀၀၀
ပဉ္စမအကြိမ်	၁၉၆၈	″	၄၀၀၀

မြန်မာ့ရေးရာ သုတပရိယာယ

ရေးသားပြုစုသူ — မောင်ဇနီယ
မျက်နှာဖုံးပန်းချီ — ဦးသိန်းဟန်
အတွင်းပန်းချီ — ဦးသိန်းဟန်နှင့်ဦးဝေသိန်း
မျက်နှာဖုံးဘလောက် — ကော်မာရှယ်
အတွင်းဘလောက် — ဦးကျော်စိန်ဘလောက်တိုက်
နှင့်
ကော်မာရှယ် ဘလောက်တိုက်
မျက်နှာဖုံးရိုက် — ကာလာ မောင်မောင်လှ
စာပြင် — အလက်ာစာတည်းအဖွဲ့
စာစီ စက်ရိုက် — နံ့သာအဖွဲ့
စာအုပ်ချုပ် — တော်သစ္စာ
ထုတ်ဝေ ဖြန့်ချိ — ဦးမြမောင် (၀၃၁၇)
အလက်ာစာပေ (ဖုံး၅၁၇၄၀)
၄၄-၁၆၆ လမ်း၊တာဝန်ရေ၊ရန်ကုန်
ပုံနှိပ်သူ — ဦးသန်းဆွေ (၀၂၀၅)
နံ့သာပုံနှိပ်လုပ်ငန်း
၁၃၊ ၁၀၇ လမ်း၊တောင်ညွှန့်
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်

ကျွန်ုပ်တို့သည် ဤမြန်မာ့ရေးရာ သုတပဒေသာကို ယခင်က ၁၂ကြိမ်တိတိ ရိုက်နှိပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု အများ၏ ဆန္ဒအရ ခြောက်ကြိမ်မြောက် ပုံနှိပ်ထုတ်ဝေခြင်း ပြုရပြန်ပါသည်။

ယခင် ၁၂ကြိမ်တိတိ ရိုက်နှိပ်ခဲ့စဉ်က ဤစာအုပ်မှာ သာမန် စာအုပ်တအုပ်မျှသာ ဖြစ်ပါသည်။ ယခု ၆-ကြိမ်မြောက် ရိုက်နှိပ်ရာတွင်မူ တောင်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန ပုံနှိပ်သူနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်ရုံး စာပေစိစစ်ရေးအဖွဲ့မှ စိစစ်ခွင့်ပြုချက်အရ နိုင်ငံရေးစာပေ အဖြစ်ဖြင့် ပုံနှိပ် ထုတ်ဝေခြင်း ပြုပါသည်။

ဤစာအုပ်ကို ယခင်လေးကြိမ်မြောက် ပုံနှိပ်ထုတ်ဝေသည်ထိ စာအုပ်၏တန်ဘိုးမှာ သုံးကျပ်ဖြစ်ပါသည်။ ၁၂ကြိမ်မြောက်ပုံနှိပ် ထုတ်ဝေသည်မှစ၍ ၁၂ကျပ်တန် အဖြစ်ဖြင့် စာမျက်နှာတိုး၊ အကြောင်းအရာ တိုးချဲ့ခဲ့သည်။ ဤစာအုပ်ကို ရိုက်နှိပ်သော အချိန်တွင် စက္ကူစျေးနှုန်းကြီးမြင့်ခြင်း၊ မျက်နှာဖုံးရိုက်ခ၊ စာအုပ်ချုပ်လုပ်ခ ကြီးမြင့်ခြင်း စသည်တို့နှင့် ကြုံကြိုက် ခဲ့ပါသည်။ တဖန်-ကုန်သွယ်ရေး(၇)မှစာအုပ်များ ပုံနှိပ်ထုတ်ဝေရန် အတွက် ဆောင်းချသော စက္ကူများမှာလည်း အုပ်ရေ အလွန်နည်းပါးစွာ အတွက်သာ ဝယ်ယူခွင့် ပြုပါသည်။ တနည်းအားဖြင့် စာအုပ်အရေအတွက် နည်းနည်းကိုသာပုံနှိပ်ခွင့်ပြုခဲ့ပါသည်။စာအုပ်ထုတ်ဝေသည့်လုပ်ငန်းသဘောမှာ စာမျက်နှာများသော စာအုပ်ထူထူ ကြီးများကို ပုံနှိပ်ရာတွင် စောင်ရေနည်းလျှင် မကိုက်ပါ၊ ပုံနှိပ်တိုက်ကို လုပ်ကျွေးခြင်း သဘောသာဖြစ်ပါသည်။ ဤသို့အားဖြင့် အကြောင်းကြောင်းများကြောင့် စာအုပ်စျေးနှုန်း မတင်မဖြစ်၍ တင်ခဲ့ပါသော်လည်း ပုံနှိပ် ထုတ်ဝေသူများအတွက် အကျိုးမမျှားလုပါ။ စရိပ်ကျေရုံမျှသာ ရှိပါသည်။

ဤမြန်မာ့ရေးရာ သုတပဒေသာသည် ပြည်ထောင်စုသားများ၏ နိုင်ငံရေး၊ ဘာသာရေး၊ ဓလေ့ထုံးစံ ယဉ်ကျေးမှုရေးရာ၊ လူမှုရေးရာ စသည်များကို အကျဉ်းချုပ်၍ မှတ်တမ်း တင်ထားသော စာအုပ်ဖြစ်သည်။ များပြားလှသော အကြောင်း အရာ အဖြစ်အပျက်များကို ပြည့်ပြည့်စုံစုံနှင့် တိုတိုရှင်းရှင်း မှတ်တမ်းတင်ခြင်းသာလျှင် ဖြစ်ပါသည်။

ဤစာအုပ်ပါ အဖြစ်အပျက် အယူအဆများ၊ ယင်းတို့၏ ခုနှစ်သက္ကရာဇ်များမှာ စာအုပ်စာတမ်းပေါင်း များစွာဖြင့် ညှိနှိုင်းပြီး အဖြစ်နိုင်ဆုံး မှတ်တမ်း တင်ထားခြင်း ဖြစ်ပါသည်။ သို့သော် ဤစာအုပ်ပါ မှတ်တမ်းများကသာ အတည် အမှန်ဖြစ်သည်ဟူ၍မဆိုလိုပါ။ ချွတ်ယွင်းချက်များ မရှိအောင်ကြိုးစားသော်လည်း အကြောင်းကြောင်းတို့ကြောင့် အချွတ် အချော် အတိမ်းအပါး ရှိမည်ဖြစ်ပါသည်။

အလက်ဘာစပေ

www.burmeseclassic.com

www.burmeseclassic.com

Shan Committee.

Saohpalong of Tawngpeng State.

Saohpalong of Yaungnwe State.

Saohpalong of North Hsenwi State.

Saohpalong of Wanka State.

Saohpalong of Mong Pan State.

Saohpalong of Hsenghkam State.

Representative of Hsahtung Saohpalong.

(Hkun Pung

(U Tin E) (U Htun Myint)

(U Kyi Bu) (Hkun Saw).

(Hkun Htee)

Kachin Committee.

(Sinwa Naw, Myitky

(Zau Rip, Myitky

(Dimra Tang, Myitky

(Zau La, Bhamo.)

(Zau Lawa, Bhamo

(Lebang Grong, Bhamo

Chin Committee

(U Hlur Hmung, Falam

(U Thaung Za Khung, Tiddim.)

(U Kio Mang, Mindat

Burmese Government.

12-2-47

ပြည်ထောင်စုဘွား၊ တိုင်းရင်းသားတို့၏ သွေးစည်းခြင်း အထိမ်းအမှတ် သမိုင်းဝင် ပင်လုံစာချုပ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်နေ့က ရှမ်းပြည်နယ် ပင်လုံမြို့တွင် ချုပ်ဆို လက်မှတ်ရေးထိုးခဲ့သော ပင်လုံစာချုပ် မှ မူရင်းလက်မှတ်များဖြစ်သည်။စာချုပ်တွင် လက်မှတ်ရေးထိုးရန် (၂၄) ဦးလျာထားသည်။ (၂၃) ဦးသာ လက်မှတ်ရေးထိုးခဲ့သည်။တဦးမှာ ထိုစဉ်က ညီလာခံတွင် မရှိသဖြင့် မရေးထိုးခဲ့ရပေ။

(စာမျက်နှာ ၂၅၀-၄၉၀ တွင် ကြည့်ပါ)

www.burmeseclassic.com

www.burmeseclassic.com

မိုဋ္ဌမ်ားကိုးကားသော စာအုပ်စာတမ်းများ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အောက်ပါ စာအုပ်စာတမ်းများပါ အချက်အလက်များကို ထုတ်နုတ် ညွှန်ပြုစုပါသည်။ ဖော်ပြပါ (အထူးသဖြင့်) သတင်းစာများမှာတမျိုးလျှင် တစောင်တည်းမဟုတ်ပါ။ဆိုင်ရာ ဆိုင်ရာ အထိမ်းအမှတ် နေ့ကြီးများတွင် ထုတ်ဝေခဲ့သည့် အထူးထုတ်များကို နှစ်စဉ်စုဆောင်းသိမ်းဆည်းခဲ့သည့် သတင်းစာများဖြစ်ပါသည်။ အနည်းဆုံး တမျိုးလျှင် ပျမ်းမျှဆယ်စောင်မျှရှိပါသည်။စုစုပေါင်း ကိုးကားပြုသည့် သတင်းစာပေါင်း စောင်ရေ သုံးရာခန့် ရှိပါသည်။ ထိုကြောင့် သတင်းစာများ၏ အုပ်တွဲ၊ ထုတ်ဝေ ခုနှစ်များကို ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။ အလားထူ အချို့ မဂ္ဂဇင်းများ၏အုပ်တွဲ ထုတ်ဝေခုနှစ်များကိုလည်း ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။ မဂ္ဂဇင်းအုပ်တွဲများကို မဖော်ပြနိုင်သည့် ချွတ်ယွင်းချက်မှာ မဂ္ဂဇင်းများမှ အလိုရှိရာ ဆောင်းပါးများကိုဖြတ်၍ ဖိုင်တွဲခဲ့သည်ဖြစ်ရာ မူရင်းဖြတ်ယူရာ အုပ်တွဲများကို မမှတ်မိတော့သည့် အတွက်ကြောင့် ဖြစ်ပါသည်။ဤချွတ်ယွင်းချက်များအတွက် အားလုံးကို တောင်းပန်ပါသည်။ မိုဋ္ဌမ်းပြု စာအုပ်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သုတေသနသရုပ်ပြအဘိဓာန်အသျှင်ဩဘာ သာဘိဝံသ

၂။ မြန်မာ့စွယ်စုံကျမ်း(အတွဲ ၁-မှ ၉) စာပေဗိမာန်။

၃။ မန်းရုပြည့်(အထူးထုတ်)၊
နှစတရားပွဲတော် ကျင်းပရေးကော်မီတီ

၄။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ
(ဗိုလ်ချုပ်စာကြည့်ပြီဋ္ဌကတ်တိုက်မှထုတ်ဝေသည်)

၅။ ရေနန်းတင်းအတ္ထုပ္ပတ္တိ(ပထမတွဲ) မန္တလေးသူရိယ။

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၁။ ပြည်ထောင်စု မြန်မာနိုင်ငံ တနေရာ နယ်နိမိတ်နိုင်ငံသမိုင်း	၁၇။
၂။ ပြည်ထောင်စု မြန်မာနိုင်ငံအလံတော် သဏ္ဌာန်၊အရောင်၊ ပမာဏ၊ အလံတော်၏ အဓိပ္ပာယ်၊ ညွှန်ကြားချက်များ၊ တားမြစ်ချက်များ	၂၅
၃။ ခုနှစ် သက္ကရာဇ်၊သာသနာသက္ကရာဇ် ကောဇာသက္ကရာဇ်၊ သက္ကရာဇ်ဖြိုခြင်း	၃၅
၄။ မြန်မာပြည်ရာသီစက်ဝန်း(ပုံ)	၄၀
၅။ ဆယ့်နှစ်လရာသီ ဥတုသုံးလီ၊ ရတု ၆ ပါး၊ မိုးဆယ့်နှစ်မျိုး	၄၁
၆။ ဆယ့်နှစ်လရာသီပွဲတော်များ တန်ကူးလမှ တပေါင်းလထိ	၄၅
၇။ မြန်မာ့ဆယ့်နှစ်လ ဝိသေသများ	၄၉
၈။ အရှေ့တက်ချိန်	၅၃
၉။ ၁၂ လ ရာသီတွဲများ	၅၈
၁၀။ အများပြည်သူ အလုပ်ပိတ်ရက်များ	၅၉
၁၁။ မြန်မာ့ယဉ်ကျေးမှုပွဲတော်များ	၆၁
၁၂။ မြန်မာနှစ်သစ်ကူးပွဲတော်	၆၁
၁၃။ မဟာသင်္ကြန်ပွဲတော် ဦးခေါင်းလျှော်ခြင်း	၆၂

www.burmeseclassic.com

www.burmeseclassic.com

၆။ နှစ်ငါးဆယ်ကမ္ဘာ့ရေးရာ(ဒုတိယတွဲ) စာပေဗိမာန်။
၇။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းဒေါက်တာကျော်သက်
၈။ ၁၂၉၂-တောင်သူလယ်သမားအရေးတော်ပုံ
တော်လှန်ရေးအစိုးပြန်ကြားရေးဌာန။
၉။ ဒို့ဗမာအစည်းအရုံး(မှတ်တမ်းစာအုပ်)
သမိုင်းစဉ်နှင့် အထွေထွေလုပ်ငန်းကျေညာချက်များ
၁၀။ ရန်ကုန်ရာဇဝင် နဂါးဗိုလ်ထိပ်တင်ထွေး။
၁၁။ နာဂတောင်တန်း ကျောင်းသားများ စာစောင်
နာဂတောင်တန်း မောင်ကြည်ဇင်ဦးစီးထုတ်ဝေသည်။
၁၂။ စာပေဗိမာန် မဂ္ဂဇင်းများ။
၁၃။ သံတော်ဆင့်သတင်းစာ လွတ်လပ်ရေးစာစောင်မဂ္ဂဇင်း
၁၉၄၈-ခုနှစ်ထုတ်ဝေသည်
၁၄။ မြဝတီမဂ္ဂဇင်း တော်လှန်ရေးအထူးထုတ်များ။
၁၅။ ရှမ်းမဂ္ဂဇင်း စာကြည့်တိုက်ကဏ္ဍများ။
၁၆။ ဒဂုန်မဂ္ဂဇင်း အတွဲ ၂၁၊ အမှတ် ၁၀။
၁၇။ ရှော့ဘုံနိုဒါန်း ဟံသာဝတီ။
၁၈။ သွေးစွန်းသောနေ့များ လင်းယုန်မောင်မောင်။
၁၉။ သံနွဲ့သွေး(ဝတ္ထု)နှစ်တွဲ နန္ဒ(နန္ဒစာပေတိုက်ထုတ်)
၂၀။ မြန်မာပြည်တွင် ၁၅-နှစ်အတွင်း ထုတ်ဝေ ခဲ့သော
အောက်ဖော်ပြပါသတင်းစာများ၏(အထူးထုတ်)များ
သူရိယ(ရန်ကုန်)မြန်မာ့အလင်း၊ဟံသာဝတီ၊ တိုင်းလုံးကျော်
အိုးဝေ၊ စီးပွားရေး၊ လူထု၊ဗဟိုရှစည်၊ လင်းယုန်၊ ထွန်းနွေစဉ်၊
ဗိုလ်ဘထောင်၊ အထောက်တော်၊ ပြည်တော်စိုး၊ လုပ်သား၊
ဗမာ့ခေတ်၊ မိုးကြိုး၊ မကွေ့ပြင်၊ ရန်ကုန်၊ ပြည်ထောင်စု၊ ဘွင်းဘွင်း
ခေတ်သစ္စာ၊ ကြေးမုံ။

× × +

ဗုဒ္ဓရှေ့ပပ်ဘားတော်များကို ရေသပ္ပာယ်ခြင်း၊ ရေပက်
ကစားခြင်း၊ နှစ်သစ်ကူးခြင်း- သင်္ကြန်အတွင်းအလှူ
ပေးခြင်းများ၊ သင်္ကြန်ထမင်းယင်ကျေးသော ရခိုင်
သင်္ကြန်
၁၄။ သင်္ကြန်ခေါ်ရိုး ဆယ်နှစ်မျိုး ၇၀
၁၅။ သင်္ကြန်တွင်းရှောင်ရန်နှင့် ရေလူခြင်းအကျိုး ၇၉
၁၆။ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ
ညောင်ရေသွန်းခြင်း ၈၁
၁၇။ နယုန်လမဟာသမယနေ့၊မဟာသမယ၊ကပိလဝတ်နှင့်
ကောလိယ၊မဟာသမယသုတ်ကိုဟောတော်မူခြင်း ၈၅
၁၈။ ဝါဆိုလ ဓမ္မစကြာအခါတော်၊ ဝါဆိုလဝိသေသ ၉၀
ရဟန်းတော်များ ဝါဆိုတော်မူခြင်း၊ ဝါဆိုခြင်းများ
မျိုးနှစ်ပါး၊ ဓမ္မစကြာအခါတော်
၁၉။ မြတ်စွာဘုရား ဝါတော်စဉ် ၉၅
၂၀။ သီတင်းကျွတ်မီးထွန်းပွဲနှင့်အဘိဓမ္မာအခါတော်နေ့ ၉၇
မီးပွဲသဘင် ဆင်ယင်ပူဇော်ခြင်း၊အုံ့ညြဘွယ်တဆယ်
ရှစ်ဖြာ
၂၁။ ပဝါရဏာပွဲနှင့် သက်ကြီးပူဇော်ပွဲ ၁၀၂
ပဝါရဏာပွဲ သက်ကြီးပူဇော်ပွဲ အဘိဓမ္မာအခါတော်
၂၂။ မယ်တော်မိနတ် ကျေးဇူးဆပ် အဘိဓမ္မာ ၁၀၄
၂၃။ တန်ဆောင်တိုင် နက္ခတ်သတင်နှင့် ကထိန်ပွဲတော် ၁၀၇
တန်ဆောင်မာသ နက္ခတ်မီးပွဲသဘင်၊ကထိန်ခင်းခြင်း
သက်နှိုးအနေအထား၊ သက်နှိုးသည်တံခွန်၊ သက်နှိုး
ချုပ်ရန် ချည် သက်နှိုးနှစ်မျိုး၊ ကထိန်ခင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကထိန်ခင်းရန် ကိစ္စ ရှစ်ပါး၊ကထိန်အာနိသင်ငါးပါး၊
ကထိန်သက်နှံ့လှူသောအကျိုး
၂၄။ မသိုးသက်နှံ့ ကြာသက်နှံ့ ၁၁၈
ပံသုကူသက်နှံ့၊မြတ်စွာဘုရား ပံသုကူ ကောက်ယူခြင်း
ပံသုကူအပြား ဆယ်ပါး၊ ကျီးမနှိုးပွဲ- ဆေးပေါင်း
ခသော မဇလီ
၂၅။ အဇာတသတ်နှင့် တန်ဆောင်တိုင် ၁၂၇
၂၆။ နတ်တော်လ စာဆိုတော်နွေ ၁၂၈
စာဆိုတော်နွေ ပေါ်ပေါက်လာပုံ၊ပထမစာဆိုတော်၊
ဒုတိယ စာဆိုတော်၊ တတိယ စာဆိုတော်၊
စတုတ္ထ စာဆိုတော်၊
၂၇။ တပ်ကိုတွဲ ထမနဲပွဲ ၁၃၆
၂၈။ တပေါင်း ဘုရားပွဲတော် ၁၃၉
ကမ္ဘာဦးစ နေလပေါ်ခြင်း၊ကာဠဒါယိနှင့်
ဂါထာခြောတ်ဆယ်၊ သဲပုံစေတီပွဲ
၂၉။ ပါတော်မူနွေ ၁၄၆
အင်္ဂလိပ်မြန်မာစစ်ပွဲ၊ဒုတိယစစ်ပွဲ၊တတိယစစ်ပွဲ
၃၀။ ပါတော်မူခြင်း ၁၅၈
အင်္ဂလိပ် ရေတပ် မန္တလေး ဆိပ်ကမ်းရောက်စဉ်
မန္တလေးကို ဝိုင်းထားခြင်းမရှိ အညှံ့ခံရခြင်း၊
၁၈၈၅-ခုနှစ်၊ နိုဝင်ဘာလ (၂၉) ပန်းကလေး
တောဘုံးရှာပြီ
၃၁။ အာဠာဝီတံခါးမှ ပါတော်မူသလော ၁၆၉
၃၂။ အမျိုးသားအောင်ပွဲ ၁၇၁

၃၃။ အထိမ်းအမှတ်နွေများ ၁၈၁
၃၄။ လွတ်လပ်ရေးနွေ ၁၈၂
၃၅။ လွတ်လပ်ရေးကြိုးပမ်းမှုများ ၁၈၄
၃၆။ နိုင်ငံရေးလှုပ်ရှားတိုးတက်သောနှစ်များ ၁၈၄
၃၇။ ပထမကျောင်းသားသပိတ်နှင့် ဒိုင်အာခီ ၁၈၆
၃၈။ သာယာဝတီ ဆရာစံ ပုန်ကန်ခြင်း ၁၈၉
၃၉။ သုံးနှစ်အတွင်း အပြစ်ပေးခံရသော ၁၉၅
မျိုးချစ်သူပုန်များ၊ ခွဲရေး-တွဲရေး
၄၀။ ဒုတိယကျောင်းသားသပိတ် ၁၉၇
၄၁။ ထောင့်သုံးရာပြည့်အရေးတော်ပုံ ၁၉၉
ရေနံမြေသပိတ်
၄၂။ ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ရဲဘော်သုံးကျိပ် ၂၀၃
၄၃။ ရဲဘော်သုံးကျိပ် ၂၀၈
၄၄။ စစ်တွင်းကာလ ၂၁၀
ဖ-ဆ-ပ-လ၊ ဆုံးရှုံးခြင်းနှင့် လွတ်လပ်ခြင်း
၄၅။ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ် ၂၁၇
၄၆။ လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ၂၂၄
ဆောင်းပါးရှင် ဦးသန့် (ကုလသင်္ဂ
အတွင်းရေးမှူးချုပ်)
၄၇။ နှစ်လေးဆယ်မြဖဲ့ရသော နိုင်ငံရေးအကြောင်း ၂၃၀
ဆွဲပန်းချီများ၊ အထူးသတင်းထောက်ရေးရှု
ကာတွန်း ဦးဖေသိန်း သရုပ်ဖော်ရေးဆွဲသည်။
၄၈။ ပြည်ထောင်စုနွေ ၂၅၀
၄၉။ တောင်သူလယ်သမားနွေ ၂၅၉

www.burmeseclassic.com

www.burmeseclassic.com

၅၀။ တောင်သူလယ်သမားအရေးတော်ပုံမှတ်တမ်းချုပ် ၂၆၃
၅၁။ တပ်မတော်နေ့ ၂၆၉
တော်လှန်ရေးသဘောတရား၊တော်လှန်ရေးနှစ်မျိုး
မြန်မာနိုင်ငံတော်လှန်ရေး၊တပ်မတော်နေ့၊
နယ်ချဲ့ကို မောင်းထုတ်ခြင်း
၅၂။ လွတ်လပ်ရေးအုတ္တက် ဗိုလ်ချုပ်အောင်ဆန်း
ဂျပန်သွားခရီးစဉ်(မြေပုံ) ၂၇၅
၅၃။ ရဲဘော်သုံးကျိပ် မြန်မာပြည်ဝင်ပုံ(မြေပုံ) ၂၇၇
၅၄။ ၁၉၄၅-ခုနှစ်၊မတ်လ(၂၇)ရက်မှသြဂုတ်လထိ ၂၀၃
ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲမှတ်တမ်း
၅၅။ ကမ္ဘာ့အလုပ်သမားနေ့(မေဒေး) ၂၉၆
၅၆။ မြန်မာနိုင်ငံ အလုပ်သမားတိုက်ပွဲများ ၃၀၀
၅၇။ မြန်မာနိုင်ငံနှင့် မေဒေး ၃၀၂
၅၈။ ကမ္ဘာ့အိုလင်းပစ်နေ့ ၃၀၅
၅၉။ ကမ္ဘာ့သမဝါယမနေ့ ၃၁၀
၆၀။ အာဇာနည်နေ့ ၃၁၂
၆၁။ ဗိုလ်ချုပ်အောင်ဆန်း ၃၂၀
၆၂။ ဒီးဒုတ်ဦးဘချို ၃၂၃
၆၃။ ဦးဘဝင်း ၃၂၅
၆၄။ သခင်မြ ၃၂၆
၆၅။ ဦးရာဇတ် ၃၃၁
၆၆။ မန်းဘခိုင် ၃၃၃
၆၇။ မိုင်းပွန်စော်ဘွား ၃၃၅
၆၈။ အိုင်-စီ-အက် ဦးအုန်းမောင်နှင့် ကိုထွေး ၃၃၇

၆၉။ လူသတ်သမား ဇာတ်သိမ်းခန်း ၃၃၈
၇၀။ ဂဠုန်ဦးစော ၃၄၂
၇၁။ ဟီရိုးရှိုးမားနေ့ ၃၅၂
၇၂။ ကမ္ဘာ့ တိရစ္ဆာန်များ ဘေးမဲ့နေ့ ၃၆၀
၇၃။ ကမ္ဘာ့ ကုလသမဂ္ဂနေ့ ၃၆၁
၇၄။ ကုလသမဂ္ဂ အတွင်းရေးမှူးများ ၃၆၄
၇၅။ ပြည်ထောင်စုတိုင်းဘွားလူမျိုးများ ၃၇၂
၇၆။ ဝန်းသိုစော်ဘွားကြီး ၃၉၁
၇၇။ ဆရာတော် ဦးဥတ္တမ ၄၁၂
၇၈။ ငြိမ်းချမ်းရေးဖခင် ပြည်သူ့စာဆို
ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၄၃၄
၇၉။ အသက်သေသည်အထိ နယ်ချဲ့အင်္ဂလိပ်ကို
ဒုံးမထောက်သော မြို့လုင်ဇာနည်
ဗိုလ်မင်းရောင် ၄၄၅
၈၀။ ၁၃၀၀ ပြည့် အရေးတော်ပုံ ရေနံမြေလုပ်သား
ခေါင်းဆောင် အာဌဝက အမည်ရ
သခင်ဖိုးလှကြီး ၄၅၀
၈၁။ ထမ္ဘာက လေးစားသော မြန်မာအမျိုးသာ
ဦးသန့် ၄၇၃
၈၂။ ခေတ်ပြောင်းတော်လှန်ရေး ခေါင်းဆောင်
ဗိုလ်ချုပ်ကြီးနေဝင်း ၄၇၈
၈၃။ နယ်ချဲ့ အင်္ဂလိပ် လက်ထက်မှ ယနေ့ထိ မြန်မာ
နိုင်ငံတွင်ဖွဲ့စည်းခဲ့သောနိုင်ငံရေးအဖွဲ့အစည်းများ
တွင် ပါဝင် ခေါင်းဆောင်သူများ ၄၈၂

www.burmeseclassic.com

www.burmeseclassic.com

၈၄။ ၂၁ဦး-အဖွဲ့	၄၈၅
၈၅။ ကုမ္ဘာရီအဖွဲ့	၄၈၆
၈၆။ ၉၁-ဌာန အုပ်ချုပ်ရေး	၄၈၇
၈၇။ မျိုးချစ်ပါတီ	၄၈၈
၈၈။ ဦးပု ညွှန်ပေါင်း အစိုးရ	၄၈၉
၈၉။ ဗမာ့ထွက်ရပ်ဂိုဏ်း	၄၈၉
၉၀။ ဂျပန်ခေတ် အုပ်ချုပ်ရေး	၄၉၀-၄၉၂
၉၁။ ဂျပန်ခေတ် လွတ်လပ်ရေး	၄၉၃
၉၂။ ဝက္ကူ-ဖြူ အစိုးရ	၄၉၆
၉၃။ ပထမဦးဆုံး ဖ-ဆ-ပ-လ အစိုးရ	၄၉၇
၉၄။ ပင်လုံစာချုပ်	၄၉၈
၉၅။ ဗမာပြည် ကွန်မြူနစ်ပါတီ	၅၀၁
၉၆။ ပြည်တော်သာစီမံကိန်း	၅၀၃
၉၇။ ပ-မ-ည-တ	၅၀၄
၉၈။ တော်လှန်ရေး ကောင်စီ	၅၀၅
၉၉။ တော်လှန်ရေး အစိုးရ	၅၀၆
၁၀၀။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ	၅၀၇
အကွာရာစဉ် အညွှန်း	၅၀၉ မှ ၅၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ

တည်နေရာ

အာရှတိုက်တောင်ဘက် ကျွန်းဆွယ်သုံးခုအနက် အရှေ့ဘက်ဆုံး အင်ဒိုချိုင်းနား ကျွန်းဆွယ်တွင် ပါဝင်သည်။ မြောက်လတ္တီတွဒ် ၁၀°မှ ၂၉° အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂° မှ ၁၀၁° အကြား တည်ရှိသည်။ သမပိုင်းဇုံနှင့် အပူပိုင်းဇုံအတွင်း အပါအဝင်များသဖြင့် ပူနွေးသောနိုင်ငံဖြစ်သည်။

နယ်နိမိတ်

မြောက်ဘက်၌ တရုတ်ပြည်သူ့သမတနိုင်ငံ၊ တောင်ဘက်၌ ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမကွေ့၊ အရှေ့ဘက်၌ တရုတ်ပြည်သူ့သမတနိုင်ငံ၊ လာအိုနှင့် ယိုးဒယား၊ အနောက်ဘက်၌ အာသံ၊ မဏိပူရနှင့် ဘင်္ဂလားပင်လယ်အော်။

ရာသီဥတု

အာရှတိုက် မုတ်သုန်ရာသီလေ ကျရောက်ရာဒေသတွင် ပါဝင်သည်။ မိုးတွင်း၌ မိုးရေချိန်လက်မ ပျမ်းမျှ ၂၀၀ ကျော်ထိ ရှိသည်။ နွေ၊မိုး၊ဆောင်းဟူ၍ ဥတုသုံးပါးရှိသည်။မိုးအခါ(ကမ္ဘာ့ရာသီဥတုအားဖြင့် နွေဟု ခေါ်သည်)အနောက်တောင်ရာသီလေ တိုက်ခတ်၍ ဆောင်းအခါ အရှေ့မြောက်ရာသီလေ ကျရောက်သည်။

အကျယ်အဝန်း

စတုရန်းမိုင်ပေါင်း ၂၆၁,၇၀၉ ကျယ်ဝန်း၏။

www.burmeseclassic.com

www.burmeseclassic.com

လူဦးရေ

၂၅ သန်းကျော် ရှိသည်။(၂၅,၂၄၆,၁၀၀)

မြို့ကြီးများ

မြန်မာနိုင်ငံ၏ မြို့ကြီးများနှင့် ၎င်းမြို့ကြီးများတွင် နေထိုင်ကြသော လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်းအရ ရန်ကုန်(မြို့တော်၊ ပင်လယ်ဆိပ်ကမ်းမြို့၊ လူဦးရေ ၇၁၁,၅၂၀။ ယခု မဟာရန်ကုန် လူဦးရေ သန်းကျော်နေပေပြီ။)

မန္တလေး (မင်းနေပြည်တော်ဟောင်း၊ဧရာဝတီ ဆိပ်ကမ်းမြို့၊ လူဦးရေ ၁၀၂,၆၆၇)

မော်လမြိုင် (ပင်လယ်ဆိပ်ကမ်း၊ လူဦးရေ ၁၀၁,၇၂၀)

ပုသိမ် (ဆိပ်ကမ်းမြို့၊ လူဦးရေ ၇၇,၃၀၂)

ဘာသာစကား

မြန်မာဘာသာနှင့် အခြားပြည်ထောင်စုသားတို့၏ ဘာသာစကားများ။

ပြည်တွင်းသုံးငွေ ကျပ်ပြား။

ကိုးကွယ်မှုဝါဒ

ဗုဒ္ဓဘာသာ ၉၀%။ ဟိန္ဒူ ၃%။မွတ်ဆလင် ၃%။ ခရစ်ယန် ၂%။ အခြား ကိုးကွယ်မှုဘာသာ ၂ ရာခိုင်နှုန်း။

အစိုးရ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက် လွတ်လပ်ရေးရသည်မှစ၍ ၁၉၆၂ ခုနှစ် မတ်လ ၁ ရက်ထိ ပါလီမန်စနစ်ဖြင့် အစိုးရဖွဲ့သည်။

ပါလီမန်စနစ်မှာ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ဈေ အတည်ပြုခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ အထက်လွှတ်တော်၊ အောက်လွှတ်တော် လွှတ်တော် နှစ်ရပ်မှ သမတသက်တမ်း ၅ နှစ်ကို ရွေးချယ်သည်။ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ကို ရွေးချယ်သည်။ ၄ နှစ်တကြိမ် ပြည်သူ့မဲဆန္ဒဖြင့် ပြည်သူ့လွှတ်တော်အမတ်(၂၅၀)၊ လူမျိုးစု လွှတ်တော်အမတ် (၁၂၅)တို့ကို ရွေးချယ်သည်။ဌာနေ လွှတ်တော် နှစ်ရပ်မှ ရွေးချယ်လိုက်သော သမတက ၎င်းလွှတ်တော်မှပင် ရွေးချယ်ခဲ့သော ဝန်ကြီးချုပ်ကို ခန့်အပ် အသိအမှတ်ပြုရသည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းဦးစီးသော တော်လှန်ရေးကောင်စီမှ အစိုးရအဖွဲ့၏ အခွင့်အာဏာများကို ထိန်းသိမ်းခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တော်လှန်ရေး ကောင်စီ အစိုးရက ဦးဆောင်ကာ ခေတ်ပြောင်းလူမှုတော်လှန်ရေးများကို ဆင်နွှဲနေသည်။

သမိုင်း

မြန်မာနိုင်ငံသမိုင်းကို (၁)သမိုင်းစတင်ခေတ်၊ (၂)ပဒေသရာဇ်ခေတ်၊ (၃)တိုင်းတပါး လက်အောက်ခံ ကျွန်သဘောက်ခေတ်၊(၄)ဖက်ဆစ်တော်လှန်ရေးခေတ်၊ (၅)လွတ်လပ်ရေးရပြီး ပါလီမန် ဒီမိုကရေစီခေတ်၊ (၆)ခေတ်ပြောင်း တော်လှန်ရေး ကာလဟူ၍ ပိုင်းခြားနိုင်သည်။

၁။ မြန်မာနိုင်ငံ၏သမိုင်းအစကို(မြန်မာအစ ဘကောင်းက)ဟူသော စကားဖြင့် စတင်သည်။ ဂေါတမမြတ်စွာဘုရား မဟာပိ

www.burmeseclassic.com

www.burmeseclassic.com

တကောင်းခေတ်မှ သမိုင်းကို စသည်။ ယခုခေတ်သစ်တွင် မြန်မာ အစ တကော်င်းက ဟူသော စကားသည် တိတိကျကျ မှန်ကန်သည်ဟု မယူဆဘဲ ၎င်းထက် ရှေးကျကျကပင် သမိုင်းစတင်ခဲ့ဟန် တူကြောင်း သုတေသနပြုနေကြသည်။ ခိုင်လုံသော သမိုင်းအစမှာ ယနေ့ (၁၉၆၆)ခုမှ ရေတွက်သော် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော် သရေခေတ္တရာခေတ်လောက်မှစတင်သည်။

မြန်မာနိုင်ငံတွင်းသို့ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်က မွန်၊မြန်မာ(နော၎င်မွန်)၊တိဘက်၊မြန်မာ၊ (နော၎င်သော်-ပြူ၊ ကမ်းယံ၊ သက်၊မြန်မာ၊ ချင်း၊ ကချင်၊ ရခိုင် စသည်ဖြစ်လာသည်)နှင့် ထိုင်း(နော၎င်သော် ရှမ်း) စသည့် မောင်းရှတ် အနွယ်အဝင် (လူဝါလူမျိုး)တို့သည် အာရှတိုက် အလယ်ပိုင်းမှ မြန်မာပြည်တွင်းသို့ ရေကြည်ရာ မြက်နုရာ ရှာဖေရင်း ဝင်ရောက်အခြေစိုက်သည်။ ပုဂံခေတ် ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်း လက်ထက်တွင် ပထမ မြန်မာနိုင်ငံကို တည်ထောင်နိုင်သည်။

၂။ အစဉ်အဆက်အားဖြင့် ဘုရင်၏ အမျိုးအနွယ်များက ထီးနန်းကို လက်လွှဲယူ၍ တိုင်းပြည်အုပ်ချုပ်သော ဘုရင်ခေတ် (ပဒေသာဇင်ခေတ်)ကို (သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊တောင်ငူ၊ကုန်းဘောင်)စသည်အားဖြင့် ခွဲခြားမှတ်တမ်းတင်ကြသည်။ ဘုရင်တို့ အုပ်ချုပ်သောအခါက မြန်မာနိုင်ငံ အလုံး တစည်းတလုံးတည်း ရှိသည်မဟုတ်ပေ။ ရခိုင်တွင် ဘုရင်တပါး၊ ဟံသာဝတီ(ပဲခူး)တွင် ဘုရင်တပါး၊ အထက်မြန်မာပြည် အင်းဝတွင် ဘုရင်တပါး စသည်အားဖြင့် အကွဲကွဲ အပြားပြား

ဖြစ်သည်။ မြန်မာ့သမိုင်းတွင် မြန်မာနိုင်ငံကို တစည်းတလုံးတည်း ဖြစ်အောင် ဆောင်ရွက်သော မင်းများအဖြစ်ဖြင့် ပုဂံခေတ် အနော်ရထာ၊ တောင်ငူခေတ် ဘုရင်နောင်၊ ကုန်းဘောင်ခေတ် အလောင်းဘုရားတို့ကို မှတ်တမ်းတင်ထားသည်။

၃။ ကုန်းဘောင်ခေတ်တွင် အင်္ဂလိပ်နှင့်မြန်မာ စစ်သုံးကြိမ် ဖြစ်သည်။ (၁၈၂၄-မှ ၁၈၂၆၊ ၁၈၅၂၊၁၈၈၅-မှ၁၈၈၆) တတိယစစ်ပွဲပြီးသည့်နောက် ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းယူသွားသည်။ ထိုမှစ၍ မြန်မာတို့ တိုင်းတပါး လက်အောက်ကျန်သကောက် ဖြစ်ရသည်။(ပါတော်မူနေ့တွင်ရှု)

၄။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံမှာ ဖက်ဆစ်ဂျပန်တို့လက်အောက် ရောက်ခဲ့သည်။ ၁၉၄၅-ခုနှစ် မတ်လ ၂၇ ရက်တွင် ဖက်ဆစ်ကို တော်လှန်ခဲ့သည်။ (တပ်မတော်နေ့တွင်ရှု)

၅။ ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄-ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရသည်။ လွတ်လပ်ရေး သက်တမ်း တလျောက် ပါလီမန်စနစ်ဖြင့် နိုင်ငံကို အုပ်ချုပ်ခဲ့သည်။

၆။ ၁၉၆၂-ခုနှစ် မတ်လ ၂-ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီသည် နိုင်ငံ၏ အခြေအနေများကို ထိန်းသိမ်းပေးခဲ့သည်။ ၁၉၆၂-ခုနှစ် ဇူလိုင်လ ၄-ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ကာ အတွေးသစ်အမြင်သစ်ဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နေသည်။ တော်လှန်ရေးကောင်စီအစိုးရက နိုင်ငံကို ယာယီအုပ်ချုပ်လျက် ခေတ်ပြောင်း တော်လှန်ရေးကြီးကို ရှေ့ဆောင်ဆင်နွှဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းစီးပွားရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ အဓိက ထွက်ကုန်မှာ ဆန်စပါးဖြစ်သည်။ ကမ္ဘာတွင် ဆန်စပါးကို နိုင်ငံခြားသို့ အများဆုံး တင်ပို့ရောင်းချသောနိုင်ငံ ဖြစ်သည်။ ဒုတိယ ထွက်ကုန်မှာ ရေနံ ဖြစ်သည်။ မြန်မာနိုင်ငံထွက် ကျွန်းသစ်မှာလည်း ကမ္ဘာ့စျေးကွက်တွင် မျက်နှာပန်း လှလျက်ရှိသည်။ ဆေး၊ နှမ်း၊ ကြက်ပေါင်စေး၊ လဘက်စသည်တို့ကို စိုက်ပျိုး၍ ရွှေ၊ငွေ၊သံဖြူ၊ ခဲ၊ ပတ္တမြား၊ သွပ်၊ နီလာ၊ ကျောက်စိမ်း စသော သယံဇာတ ဓာတ်သတ္တုများ ထွက်ရှိလေသည်။

တိုင်းရင်းသားလူမျိုးများ

မြန်မာ တိုင်းရင်းဘွား လူမျိုးများအခန်းကဏ္ဍတွင် အပြည့်အစုံ ဖော်ပြထားသည်။

ပြည်ထောင်စု လက်မှုဦးစီး

ပြည်နယ်	ကျား	မ	ပေါင်း
၁။ ကချင်ပြည်နယ်	၃၁၃,၇၁၁။	၃၃၁,၀၀၀။	၆၅,၇,,ဝ၀၀။
၂။ ကယားပြည်နယ်	၅၃,,ဝ၀၀။	၅၃,,ဝ၀၀	၁၀၆,,ဝ၀၀။
၃။ တောင်သူလယ်ပြည်နယ်	၃၆,,ဝ၀၀။	၃,,,ဝ၀၀	,,,,,ဝ၀၀။
၄။ ချင်းပြည်နယ်	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။
၅။ ကရင်ပြည်နယ်	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။
၆။ မကွေးပြည်နယ်	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။
၇။ မွန်ပြည်နယ်	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။
၈။ ရခိုင်ပြည်နယ်	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။
၉။ ရှမ်းပြည်နယ်.....	,,,,ဝ၀၀။	,,,,ဝ၀၀	,,,,,ဝ၀၀။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုမြန်မာနိုင်ငံ
အလံတော်

ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်နှင့်ပတ်သက်၍ အချိုးစား၊ သဘောအဓိပ္ပာယ်၊ အသုံးပြုပုံ စသည်မျှားကို တိုတိုကျကျ သိရှိသူ နည်းပါးသည်။ ပြည့်စုံသော မှတ်တမ်း မျှားကိုလည်း အလွယ်နှင့် ရှာမတွေ့နိုင်ပေ။ ထို့ကြောင့် အလံတော် ဥပဒေ အပြည့်အစုံကို အောက်တွင် ဖော်ပြလိုက်သည်။

သဏ္ဌာန်

ဒေါင့်မှန် စတုဂံပုံဖြစ်သည်။

အရောင်

အနီရောင်ခံ၊လက်ဝဲဘက်အထက်ဒေါင့်၌အပြာရင့်အခန်းဖွင့်၊ အခန်းအလယ်၌ ရောင်ခြည်လက် ငါးခုရှိသော ကြယ်ဖြူကြီးတပွင့်၊ ကြယ်ဖြူကြီး၏ ရောင်ခြည်လက် ငါးခုအကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငါးပွင့်ကို တပွင့်စီသင်းခံထားသည်။ ကြယ်ဖြူကြီးနှင့်တကွ သင်းခံသားသော ကြယ်သည်၏ ရောင်ခြည်လက်တခုစီသည် အလံတော်၏ အထက်ဘက်သို့ မတ်မတ်ညွှန်လျှက် တည်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com

အလံတော် အတိုင်းအတာမှာ အလျား ၉-ပေ၊ အနံ ၅ ပေ၊ လက်ဝဲအထက်ဒေါင့် အပြာရင့်အခန်း အလျား ၄- ပေ၊ အနံ ၂-ပေခွဲ၊ ကြယ်ကြီးအတွက် ဒေါင့်ဖျားများကို ဖြတ်၍ဆွဲထားသော စက်ဝိုင်း၏ အချင်းမှာ ၁-ပေ၊၆-လက်မ၊ ကြယ်ငယ်အတွက် ၉-လက်မဖြစ်သည်။ အလံ၏ အရွယ်မှာ ကြီးငယ်မဟူ ထိုအချိုးအစားအတိုင်း ဖြစ်ရမည်။

အလုံတော်၏သဘောအဓိပ္ပာယ်

အဓိကအကြောင်းရင်းမှာ

တော်လှန်ရေးမှ ခေတ်သစ်ပြည်ထောင်စု သမတမြန်မာနိုင်ငံတော် ပေါ်ပေါက်လာသော ရာဇဝင်ကြောင်းကို အလံ၌ သဘောပေါက်စေ၍ ထိုသဘောကို နောင်လာ နောက်သားတို့ သတိရစေလိုသောကြောင့် ဖြစ်လေသည်။

အခြားအကြောင်းရင်းမှာ

၁။ အလံတွင် အနီခံနှင့် လက်ဝဲအထက်ဒေါင့်၌ ကြယ်ကြီးတပွင့်ထားရှိသော သဘောမှာ မြန်မာနိုင်ငံ တနိုင်ငံလုံး၏ တော်လှန်ရေးအထိမ်းအမှတ်ဖြစ်သော လက်ရှိတော်လှန်ရေး အလံကို မတိမ်ကော မပျောက်စေရန် ထိန်းသိမ်းထားသောသဘောပင် ဖြစ်သည်။

၂။ ကြယ်ကြီးတပွင့်ကို ကြယ်ငယ်ငါးပွင့်ခြံရံထားခြင်းမှာ တော်လှန်ရေးကို အခြေပြု၍ ဖွဲ့စည်းထားသော ပြည်ထောင်စု

သမတနိုင်ငံ အထိမ်းအမှတ်သဘော ဖြစ်လေသည်။ငါးပွင့်အရေအတွက်ထားရှိခြင်းမှာ လူမျိုးအများစုများ ဖြစ်ကြသော မွန်၊ မြန်မာ၊ ရခိုင်၊ ကရင်၊ ရှမ်း၊ ကချင်နှင့် ချင်းတို့ ပါဝင်ထူထောင်ကြသော ပြည်ထောင်စုသဘော ဖြစ်လေသည်။အထက်၌ရေတွက်ဖော်ပြထားသော လူမျိုး အများစုများထဲတွင် မြန်မာတိုင်းရင်းသားလူမျိုး အနည်းစုများလည်း ပါဝင်သည်ဟုမှတ်ယူကြရမည်ဖြစ်လေသည်။

၃။ အလံတွင် ကြယ်ကိုအသုံးပြုခြင်းမှာ ကြယ်၏ သဘောဖြစ်သော ခရီးလမ်းတွင် မရပ်မနားသွားတတ်ခြင်း၊ သွားမြဲခရီးကို မဖျက်မဆီး မစွန့်မလွှတ်တတ်ခြင်း။ အဖန်တလဲလဲ ရှေ့သို့ တက်နေခြင်း၊ ခရီးသည်တို့၏ လမ်းညွှန်ဖြစ်ခြင်း စသော အတုယူဘွယ် ဂုဏ်အင်္ဂါတို့ကြောင့် ဖြစ်လေသည်။ထို့ပြင် ကြယ်သည် ကမ္ဘာတည်သည်မှစ၍ ကောင်းကင်၌ ကိုယ်ပိုင် ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်သည်လည်း ကမ္ဘာပေါ်တွင် ကိုယ်ပိုင်လွတ်လပ်သော ပကတိထင်ရှားချက်ဖြင့် တည်နေသောသဘောကို ပြလိုသောကြောင့်ဖြစ်သည်။ ကြယ်ကိုအပြူရောင်ဖြင့် ရေးခြယ်ထားခြင်းမှာ ဖြူစင်ခြင်း၊ဖြောင့်မတ် မှန်ကန်ခြင်း၊တည်ကြည်ခြင်းစသော ဂုဏ်အင်္ဂါတို့ကြောင့် ဖြစ်လေသည်။

၄။ လက်ဝဲဘက် အထက်ဒေါင့်ခန်းတွင် အပြာရင့်ရောင် ရေးခြယ်ထားခြင်းမှာ ကောင်းကင်၏ သဘော၊ နက်နဲသော သဘော၊ စိတ်အေးချမ်း ကြည်လင်သော သဘော၊ ညဉ့်ကောင်းကင်မှ အလင်းရောင်ပေါ်ပေါက်လာခြင်းသဘောတို့ကို ထင်ရှားစေလိုသောကြောင့်ဖြစ်သည်။ ထို့ပြင် အနုပညာ သဘောအရ အပြာရင့်သည် အနီနှင့် တင့်တယ်သောကြောင့်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅။ အနီ၏သဘောတရားမှာ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ဇွဲခကာင်းခြင်း၊ သွေးစည်းခြင်း၊ ညီညွတ်ခြင်းတို့ဖြစ်သည်။

၆။ ကြယ်ကြီး၏ ရောင်ခြည်လက်များအကြားတွင် ကြယ်ငယ်များကို သွင်းထားခြင်းမှာ တော်လှန်ရေး၌ မြန်မာတိုင်းရင်းသားအားလုံး စည်းလုံးညီညာ ဆောင်ရွက်လာသော သဘောကို ထင်ရှားစေလိုသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အလံတော်ကို လေးစားရန်ညွှန်ကြားချက်များ

ပမာဏ

၁။ အလံတော်၏ အပြာရင့်ခန်းသည် တူရွှေကြည့်သူ၏ လက်ဝဲဘက် အထက်ဒေါင့်တွင်အမြဲရှိရမည်။

အခန်း ၁။ အလံလွှင့်ထူခြင်း



၂။ အလံတော်ကို လွှင့်တင်ရာတွင် တိုင်ထိပ်သို့ ခပ်သွက်သွက် ဆွဲဘင်ရမည်။ အလံတော်ကို ချသောအခါ တွင်မူကားဖြည်းညင်းစွာ ချရမည်။



၃။ အလံတော်ကို နေထွက်မှ နေဝင် အထိသာ လွှင့်ထားရမည်။ သို့ရာတွင် အခမ်းအနားကြီးများ ရှိလျှင် ညအချိန်တွင်လည်း လွှင့်တင်ထားနိုင်သည်။

၄။ လသာ ဆောင်များမှရင်း၊ ပြတင်းပေါက်များမှရင်း အလံတိုင်ကို ခပ်လွဲလွဲထုတ်၍ အလံတော်ကို လွှင့်လိုလျှင် အလံတော်ရှိ အပြာရင့်ခန်း အထက်ဒေါင့်စွန်းသည် အလံတိုင်ထိပ်လုံးအရောက်ထိ ကပ်နေစေရမည်။

အခန်း ၂။ ။တိုင်ဝက်လွှင့်နည်း



၅။ အလံတော်ကို တိုင်ဝက်လွှင့်ရာတွင် ရှေးဦးစွာ တိုင် ထိပ်အရောက်ဆွဲတင်ပြီးလျှင် တိုင်ထိပ်၌ ၅ စက္ကန့်မျှ ထားပြီးမှ တိုင်ဝက်သို့ လျှော့ချရမည်။

အလံတော်ကိုပြန်၍ သိမ်းသောအခါတွင်လည်း တခါတည်းလျှော့ မချရ။ ရှေးဦးစွာတိုင်ထိပ်အရောက် ဆွဲတင်ပြီးလျှင် တိုင်ထိပ်၌ ၅ စက္ကန့်မျှထားပြီးမှ လျှော့ချရမည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ အလံတော်ကို တရားဟောပွဲ မျှားခ၌ အသုံးပြုလျှင် စင်မြင့်၏ကျောဘက်နံရံအမြင့်တွင် အလျားလိုက် ဖြစ်စေ၊ အနံလိုက်ဖြစ်စေ ထားရမည်။

၇။ တရားဟောစင်မျှားခ၌ စိုက်ထူထားလျှင် အလံတော်ကို တရားဟောသူ၏လက်ျာဘက်၌ စိုက်ထူထားရမည်။ တရားဟောသူ၏ နေရာထက် ရှေ့ကျကျတွင် ထိုးထားရမည်။ လူ၏ နောက်ဘက်သို့မကျစေရ။ အခြားသော အလံမျှားကိုလည်း တရားဟောစင်တွင် စိုက်ထူလျှင် ၎င်းတို့ကို တရားဟောသူ၏ လက်ဝဲဘက်တွင် စိုက်ထူထားရမည်။

၈။ လူစုလူဝေးနှင့် တရားပွဲမျှား၊ စည်းဝေးပွဲမျှားသို့ အလံတော်ကို ဆောင်ယူလာလျှင် အလံတော်သည် လူစု၏ လက်ျာဘက်တွင် ရှိရမည်။

၉။ စီတန်း လှည့်ပွဲ မျှားတွင် အလံတော်ကို စီတန်းလာသူတို့၏ နောက်ဆုံးတန်းယပ်က လွှင့်ထူ ထားရမည်။ အခြားအလံမျှား ပါခဲ့သော် အလံ မျှားကို အလံတော်၏ လက်ဝဲဘက်တွင် ထားရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော်နှင့် အခြားနိုင်ငံ အလံတော်ကို နံရံပေါ်၌ဖြစ်စေ၊ အခြား နေရာ၌ ဖြစ်စေ ကြက်ခြေ ခတ်၍ ဆင်ရမည် ဖြစ်လျှင် ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော်သည် တူရကြည့်သူ၏ လက်ဝဲဘက်၌ ရှိရမည်။ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော်၏ လက်ကိုင်ရိုးကို အခြားနိုင်ငံ အလံတော်၏ လက်ကိုင်ပေါ်မှာ ထပ်တင်ရမည်။အလံအမျိုးစုပေါင်း၍ လှင့်ထူလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအလံတော်ကို အလံအားလုံး၏ ဗဟိုတွင် အခြားအလံများထက် မြင့်ထားရမည်။

၁၁။ နိုင်ငံတော်အခမ်းအနား သို့မဟုတ် စစ်အခမ်းအနားနှင့် သင်္ဂြိုဟ်သည့်အခါများတွင် အလံတော်ကို ရပ်ကလာပ် ဖုံးအုပ်ရန် အသုံးပြုခွင့်ရှိသည်။ ထိုသို့အသုံးပြုရာတွင် အလံတော်၏ အပြာရင့်အခန်းသည် ရပ်ကလာပ်၏ခေါင်းရင်း လက်ဝဲဘက်တွင် တည်ရှိစေရမည်။

၁၂။ အခမ်း အနား များ၌ အလံတော်ကို စိုက်ထူရာ ရှေ့ကဖြတ်သန်း သွားလာသူများသည် အလံတော်ကို ဦးညွှတ်၍ အလေးပြုရမည်။ ယူနီဖောင်းဝတ်ထားသူများမူကား မိမိတို့ ထုံးစံအတိုင်း အလေးပြုရမည်။

၁၃။ အခမ်း အနား များ၌ အလံတော်ကို လှင့်တင်၍/အလေးပြုရာတွင် လူတိုင်း အလံတော်ရှိရာသို့ မျက်နှာမူ၍ ငြိမ်သက်စွာနေပြီးလျှင် 'အလေးပြု' အမိန့်ပေးသောအခါ ဦးညွှတ်ရမည်။ ယူနီဖောင်း ဝတ်ထားသူများဏာ မိမိတို့ ထုံးစံအတိုင်း အလေးပြုရမည်။

၁၄။ နိုင်ငံတော်သီချင်းဖြင့်အလံ တော်ကို အလေးပြုသောအခါ သီချင်းအစမှ အဆုံးထိ အလံတော်ကို မျက်နှာမူ အာရုံစိုက်၍ ငြိမ်သက်စွာ ရပ်လျက် အလေးပြုရမည်။ယူနီဖောင်း ဝတ်ထားသူများမူကား မိမိတို့ ထုံးစံအတိုင်း အလေးပြုရမည်။

၁၅။ အလံတော်ကို လှင့်ချီတက်သွားသောအခါ မည်သူမဆို မိမိရှေ့တည့်တည့် အလံတော် ရောက်ခိုက်တွင် ဦးညွှတ်၍ အလေးပြုရမည်။ ယူနီဖောင်းဝတ်ထားသူများဏာမူကား မိမိတို့ ထုံးစံအတိုင်း အလေးပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသားတို့သည် အလံတော်ကို နိုင်ငံခြားသားများ နည်းတူ အလေးမပြုဘဲနေလိုက နေနိုင်သည်။ သို့သော်အလံ ဆောင်ကို မျက်နှာမူကာ ခြေစုံရပ်၍ ငြိမ်သက်စွာ နေရမည်။

အခန်း ၅။ ။တားမြစ်ချက်များ

၁၇။ နိုင်ငံတော်အစိုးရ၏ အမိန့်မရရှိဘဲ အလံတော်ကို တိုင်ဝက်မလွှင့်ထူရ။

၁၈။ ကျောက်ရုပ်၊ ကျောက်တိုင်၊ ရုပ်ထုအစရှိသောအထိန်း အမှတ် ဖွင့်ပွဲ များ၌ အလံတော်ကို လွှင့်နိုင်သည်။ သို့သော်-ကျောက်ရုပ်၊ ကျောက်တိုင်၊ ရုပ်ထု စသည်တို့ကို အလံတော်နှင့် ဖုံးအုပ်မထားရ။

၁၉။ အလံတော်ကို နဖူးစည်းအဖြစ်ဖြင့် မည်သည့် ဌာန တွင်မျှ အသုံးမပြုရ။

၂၀။ ပြည်ထောင်စု မြန်မာနိုင်ငံ အလံတော်များကို မည် သည့်အခါမျှ အချင်းချင်း ကြက်ခြေခတ်၍ မဆင်ရ။

၂၁။ ပစ္စည်းတစုံတရာကိုထုတ်ရန် အလံတော်ကို မည်သည့် အခါမျှ အသုံးမပြုရ။ ထို့ပြင် အလံတော်ပုံစံကို ကုန်အမှတ်တံဆိပ် ကြော်ငြာ၊ ဆိုင်းဘုတ် စသည်တို့အတွက် လုံးဝအသုံးမပြုရ။

၂၂။ အလံတော်လွှင့်သောတိုင်တွင် မည်သည့် ကြော်ငြာ စာမျှ မကပ် မချိပ်ရ။

၂၃။ အလံတော်ကို အသုံးပြုရာတွင် ချည်နှောင် ထုံးဖွဲ့ ရစ်ပတ်ခြင်းမပြုရ။

၂၄။ အလံတော်ကိုအသုံးပြုရာတွင် မြေပြင်၊ ရေပြင်၊ကြမ်း ပြင်စည်သည်နှင့် မထိပါးစေရ။

၂၅။ အလံတော်ကို အခင်းအဖြစ်ဖြင့် မည်သည့်အခါမျှ အသုံးမပြုရ။

၂၆။ အလံတော်ကို အပိုဒ် ၁၁ အရ၊ အသုံးပြုသည့်အခါ ရုပ်ကလာပ်ကို သင်ကြိုဟ်ရာ၌ အလံတော်မပါစေရ။

၂၇။ အလံတော်ကို မည်သည့်အခါမျှ စွန့်ပစ်ခြင်းမပြုရ။ အသုံးမပြုသောအခါ မီးရှို့ပစ်ရမည်။

အခန်း ၆။ အထွေထွေ

၂၈။ ဆိုင်မျက်နှာစာများ၌ ကုန်ပစ္စည်းများနှင့်အတူ ခင်း ကျင်းထားလျှင် အလံတော်သည် ထိုပစ္စည်းများ၏ လက္ခဏာတက် (ကြည့်သူ၏ လက်ဝဲဘက်)တွင် ရှိရမည်။

× × ×

ခုနှစ်သက္ကရာဇ်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူများစု အသုံးပြုမှတ်သား နေသော ခုနှစ်သက္ကရာဇ်များမှာ သုံးမျိုးရှိသည်။ ၎င်းတို့မှာ (၁) သာသနာသက္ကရာဇ် (၂) ကောဇာသက္ကရာဇ်နှင့် (၃) တမ္ဘာသုံး ခရစ်သက္ကရာဇ်တို့ ဖြစ်ကြသည်။ သာသနာသက္ကရာဇ် မှာ သာသနာရေး အထိမ်းအမှတ် အဖြစ်ဖြင့် အသုံးပြုသည်။ ကောဇာ သက္ကရာဇ်ကိုမူ ခရစ်သက္ကရာဇ်နှင့် ယှဉ်တွဲ၍ အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com

သည်။ ခရစ်၊ ခုနှစ်၊ လ၊ ရက်မှာ ဓာတ္တာသုံး ပြက္ခဒိန်ရက်များ ဖြစ်သည်။ ခရစ်နှစ်မှာကား ခရစ်တော် မွေးဖွားသည်မှစတင် ရေတွက်ခြင်းဖြစ်သည်။

သာသနာတော်သက္ကရာဇ်

မြတ်စွာဘုရား ပရိဗ္ဗာန်ပြုပြီးနောက်၊ ရဟန္တာ၁၊ ဝါးရာ အခြံ အရုံသံဃာတော် ခုနှစ်သိန်းတို့ဖြင့် ရှင်မဟာကဿပမထေရ်မြတ် ဦးစီးနာယကပြုကာ ပထမသင်္ဂါယနာတင်သော နှစ်ဖြစ်၍ ဆဋ ဘသတ်မင်း လက်ထက်မှ စတင်ရေတွက်သည်။ သာသနာသက္ကရာဇ်ကို သိလိုလျှင် ရောက်ပြီး ကောဇာသက္ကရာဇ်ကို တည်၍ (၁၁၀၂)ရော ပေါင်းလျှင် သာသနာ သက္ကရာဇ်ရသည်။

ဆောင်ပုဒ်

ရောက်ပြီးကောဇာ၊ တည်ပြီးခါမှ၊ ဒွေးအင္ဂနှင့်၊ ဓကကော နှောတုံ့ပါက၊ သာသနာသက္ကရာဇ်၊ အမှန်ဖြစ်၏။

ဒွေး....	၂
အင္ဂ....	၈
ဓာ....	၁
ကော....	၁

၂၈၁၁ (ပြောင်းပြန်ယူ)=၁၁၀၂

ဥပမာ

ကောဇာသက္ကရာဇ် ၁၃၂၇ ခုနှစ်၏ သာသနာသက္ကရာဇ်ကိုသိလိုသော်။

၁၃၂၇။ ကောဇာသက္ကရာဇ်
၁၁၀၂။ ရောရန်

၂၅၀၉။ သာသနာသက္ကရာဇ်

ယနေ့အသုံးပြုနေသော
မြန်မာကောဇာ သက္ကရာဇ်

ယနေ့ မြန်မာပြည်တွင် အသုံးပြုနေသော မြန်မာ့ကောဇာ သက္ကရာဇ်မှာ ပုဂံခေတ် သက္ကရာဇ်ခေါ် ပုပ္ပားစော ရဟန်းမင်း လက်ထက် သက္ကရာဇ်ဖြိုကြွင်းမှ စတင်ရေတွက်လာသော ခုနှစ်များဖြစ်သည်။

သက္ကရာဇ်ဖြိုခြင်း

ရှေးဘုရင်များလက်ထက်စာ ကိန်းခန်းကြုံသဖြင့် သက္ကရာဇ်များကိုဖြိုသည်။ သက္ကရာဇ် ဖြိုသည်ဆိုခြင်းမှာ ရောက်ပြီးသက္ကရာဇ်မှ တခုကြွင်း- နှစ်ခုကြွင်းကိုချန်ပြီး ကျန်သက္ကရာဇ် များကို ပယ်ဖျက်ခြင်းဖြစ်သည်။ ဖြိုကြွင်းသက္ကရာဇ် ခုနှစ်မှစ၍ဆက်လက် ရေတွက်သည်။

မြန်မာပြည်တွင် သက္ကရာဇ်သုံးကြိမ် ဖြိုသည်။ နှစ်ကြိမ်မှာ ပြိုပြီး၊ နောက်ဆုံးတကြိမ်မှာ မပြိုခဲ့ပေ။ ဓာတ္တာဦး ဓာလမှစ၍ ရေတွက်လာသော သက္ကရာဇ်ကို ဖြိုဖျက်သည်မှစ၍ နောက်ဆုံး သက္ကရာဇ်ဖြိုသည့် မိုးညှင်းမင်းတရားအထိ ခုနှစ်ကြိမ်ဖြစ်သည်။ အောက်ပါအတိုင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

၁။ ကမ္ဘာဦးအစမှ ရေတွက်လာသော ခုနှစ် သက္ကရာဇ်ကို အာကာရမင်းကြီး လက်ထက်တွင် (မဟာသုဒ္ဓဝယပ)ဟူသော ပိဋ္ဌကသခ်္ဂ ကိန်းခန်းနှင့် အညီ(၁၁၄၉၇၀၅) ခုနှစ်တို့ကို ဖြိုသည်။

၂။ ကုသမင်းလက်ထက်တွင် (နာလိမဇ္ဈလဒ္ဓဝိယ) ဟူသော ပိဋ္ဌက သခ်္ဂ ကိန်း ခန်း နှင့် အညီ သက္ကရာဇ် (၁၄၉၃၀၅၆၀) ကိုဖြိုသည်။

၃။ ဘိုးတော် အဥ္ဇနမင်း လက်ထက်တွင် ဒေဝိလ ရသေ့နှင့် တိုင်ပင်ကာ (မာဃစန္ဒေ-သို့မဟုတ် ကာမန္ဒေ) ဟူသော ပိဋ္ဌကသခ်္ဂကိန်းခန်းနှင့်အညီ သက္ကရာဇ်(၈၆၄၅)ခုနှစ်ကိုဖြိုသည်။

၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော အခါ သာသနာနှင့် ကောဇာသက္ကရာဇ် ညီစေရန်အဇာတသတ်မင်းကြီးနှင့် ရှင်မဟာကဿပ မထရ်တို့ တိုင်ပင်ပြီး (ဒေဝီယ)ဟူသော ပိဋ္ဌကသခ်္ဂကိန်းနှင့် အညီသက္ကရာဇ် (၁၄၈)တို့ကို ဖြိုသည်။

၅။ ထိုမှ သက္ကရာဇ် ၆၂၄-ခုနှစ်သို့ ရောက်ပြန်သော အခါ မြန်မာပြည် သိရိခေတ္တရာ ငါ့တပါးမင်းဆက် ၁၄ဆက် မြောက် သုမုဒ္ဓရီမင်းသည် (ဒေါ်ဒေါ်ရသ) ကိန်းခန်းအရ၊ ၂-ခုကြွင်းထားရ၍ သက္ကရာဇ် (၆၂၂)ကို ဖြိုလိုက်သည်။

www.burmeseclassic.com

၆။ ထိုမှ ၅၆၂ ခုနှစ်သို့ ရောက်သည့်အခါ ပုဂံခေတ်၊ပုပ္ပားစောရဟန်းမင်းသည် (အလံဗိစာ) ကိန်းကြုံသဖြင့် ခဆပဉ္စန်းခေါ်နှစ်ပေါင်း (၅၆၀)တို့ကို ၂ ခုကြွင်းထား၍ ဖြိုသည်။ ထိုမှ ယနေ့အထိ ရေတွက်နေသော မြန်မာသက္ကရာဇ်ဖြစ်လာသည်ဟုဆိုသည်။

၇။ ထိုမှသက္ကရာဇ် (၈၀၀)ပြည့်နှစ်သို့ရောက်သည့်အခါ မိုးညှင်းမင်းတရားသည် (အဌနဝသတ္တကိန်း) သို့မဟုတ် (ဗသျှုဆိဒ္ဓမုနိကိန်း)အရ (၇၈၉) နှစ်ကို ဖြိုသည်။ သို့သော် ကိန်းခန်းမရောက်၍ မပြိုဟူပညာရှိများ ဆိုကြသည်။ ထိုမှနောက် သက္ကရာဇ်ဖြိုဖျက်ခြင်း မရှိခဲ့ပေ။

www.burmeseclassic.com



မြန်မာပြည်ရာသီစက်ဝန်း

ဆယ့်နှစ်လရာသီ

တန္ဒစ်တွင် ၁၂-လရှိရာ ထို ၁၂-လကို ၄-လစီ ခွဲခြားရ၍ ဥတုသုံးပါးဟူ၍ရင်း၊ ၂-လစီခွဲခြားရ၍ ရတု ၆ ပါးဟူ၍ရင်း၊ တလစီ ပိုင်းခြား ဝိသေသပြု၍ရင်း၊ အောက်ပါအတိုင်း မှတ်သားကြသည်။

ဥတုသုံးလီ

မြန်မာပြည် ရာသီဥတုကို တန္ဒစ်တာတွင် သုံးပိုင်းပိုင်း ထားသည်။

၁။ ဂိ်မန္တ (နွေဥတု)တပေါင်းလပြည့်ကျော်တရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

၂။ ဝသန္တ (မိုးဥတု) ဝါဆိုလပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ။

၃။ ဟေမန္တ (ဆောင်းဥတု) တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်ကျော် တရက်နေ့အထိ။

ရတု ၆ပါး

မြန်မာဘာယဆေးဖော်စပ်ရာ၌ ဗေဒင်ပညာရှင်တို့ တွက်ချက်အသုံးပြုရန်အတွက် တန္ဒစ်တာ၌ ၁၂ လကို၊ အပိုင်း ၆ ပိုင်းပိုင်းခြားထားသည်။ နေ.လ နက္ခတ်တို့၏လှည့်ပတ်သွားလာသည့် အနေအထားအလိုက် ခွဲခြား သတ်မှတ်ခြင်း ဖြစ်လည်း စန္ဒရ

www.burmeseclassic.com

www.burmeseclassic.com

မာသ-လ ၏လှည့်ပတ်ခြင်းအလိုအားဖြင့် ခွဲခြား သတ်မှတ်ထား သည့် 'ခုတ' ၆-ပါးကို ဖော်ပြလိုက်သည်။

၁။ သသိရ-သိသိရ ရတု

ပြာသိုလဆန်း(၁၅)ရက် ညဉ့်(၂)ချက်တီးကျော် အချိန်မှ စ၍ တပေါင်းလဆန်း (၁၅)ရက်နေ့ ညဉ့်(၂)ချက်တီး အထိ။

၂။ နိန္ဒြေ-ဝသန္တရတု

တပေါင်းလဆန်း (၁၅)ရက် ညဉ့်(၂)ချက်တီးကျော်မှစ၍ ဝါဆုန်လပြည့်နေ့ (၂)ချက်တီးအထိ။

၃။ ဂိုမန္တ-ဟိန္ဒ ရတု

ကဆုန်လဆန်း (၁၅)ရက် ညဉ့် (၂)ချက်တီးကျော်က စ၍ ဝါဆိုလပြည့်နေ့ ညဉ့်(၂)ချက်တီး အထိ။

၄။ ဝသန္တ-ဝဿာန ရတု

ဝါဆိုလဆန်း (၁၅)ရက် ညဉ့် (၂)ချက်တီးကျော်မှ စ၍ တော်သလင်းလဆန်း (၁၅)ရက် ညဉ့်(၂)ချက်တီးချိန်အထိ။

၅။ သာရဒ-သရဒ ရတု

တော်သလင်း လပြည့်နေ့ ညဉ့် (၂) ချက်တီးကျော်မှ စ၍ တန်ဆောင်မုန်းလဆန်း(၁၅)ရက် ညဉ့်(၂) ချက်တီးချိန်အထိ။

၆။ ဟေမ-ဟေမန္တရတု

တန်ဆောင်မုန်း လပြည့်နေ့ ညဉ့်(၂)ချက်တီးကျော်မှ စ၍ ပြာသိုလဆန်း(၁၅)ရက် ညဉ့်(၂)ချက်တီးအချိန်အထိ။

ဆယ့်နှစ်လတွင် အမည်တွင်၊ လေးအင် အမည်ထူး။

မျက်မှောက်ခေတ် လူတို့ ဝေါဟာရအားဖြင့် ခေါ်ဆိုနေကြ သည့် လပေါင်း ၁၂ လတွင် အောက်ဖော်ပြပါ ၄ လကို ရှေး အခါက ခေါ်ဆိုပုံမှာ တမျိုးဖြစ်သည်။ ယခင်နှင့်ယခု ခေါ်ဆို ပုံကို ယှဉ်တွဲဖော်ပြလိုက်သည်။

ယခုအခေါ်	ရှေးယခင်အခေါ်
၁။ ဝါဆို	မြွယ်တာ
၂။ ဝါခေါင်	နံကာ
၃။ တော်သလင်း	သစ်ဆင်း
၄။ သီတင်းကျွတ်	သံတူ

(မြန်မာလဝိသေသမျှားတွင် ကြည့်ပါ)

မိုးဆယ့်နှစ်မျိုး

တနှစ်တွင် ဆယ့်နှစ်လရှိရာ မြန်မာပြည် ရာသီဥတု အရေခြ အနေအရ တလနှင့်တလ (လစဉ်) မိုးရွာသွန်းခြင်း မတူညီပေ။ ဤသို့တူညီခြင်းမရှိဘဲ ကွဲပြားခြားနားသည်ကို ရှေးပညာရှိတို့ အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ကြသည်။

www.burmeseclassic.com

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။
၂။ ဝဆုန်အတွင်း၊ မြေသင်းပ္ပျံ့ပ္ပျံ့၊ မိုးနှံ့နှံ့။
၃။ နယုန်မိုးသေး၊ မြက်သားမွေး။
၄။ ဝါဆိုတကြောင်း၊ မီကျောင်းဖွေးဖွေး၊ မိုးအေးအေး။
၅။ ဝါခေါင်တကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်သာ၊ မိုးမရွာ၊ ရွာပါသော်လဲ၊ မိုးမသဲ။
၆။ တော်သလင်းတိမ်ညို၊ စဖိုဆင်းရဲ၊ မိုးမစဲ။
၇။ သီတင်းကျွတ်တွင်၊ ပလွင်ဆေးမိုး၊ ရွာသွန်းဖြိုး။
၈။ တန်ဆောင်မုန်းအတွင်း၊ ဆီးနှင်းတပြိုက်၊ မိုး တလိုက်။
၉။ နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။
၁၀။ ပြာသိုအတွင်း၊ မိုး ညှင်း ညှင်း၊ ဆီးနှင်း ရောယှက်၊ နှမ်းထောင်ပျက်။
၁၁။ တပို့တွဲ၊ နွဲ့ရှ၍ရွာခြင်း၊ သန်မိုးကြွင်း။
၁၂။ တပေါင်းလည်းကူး၊ မိုးသားကျူး။

× × ×

ဆယ့်နှစ်လရာသီ ပွဲတော်များ

တနှစ်တွင်ရှိသော ၁၂ လကို ၁၂ လရာသီဟူ၍ ခေါ်တွင်စေသည်။ ၁၂ လရာသီတွင် ရှေးအခါက လစဉ် ပွဲတော်များ ကျင်းပကြသည်။တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ ဘုရင်ကိုယ်တိုင် ပွဲတော်များကို ကြီးမှူး ကျင်းပကြသည်။ အချို့ပွဲတော်များမှာ ဘာသာရေး၊ လူမျိုးရေးနှင့် ပျော်ပွဲရွှင်ပွဲတို့ဖြစ်သည်။

၁။ သင်္ကြန်တာကူး	တကူးလ....နှစ်သစ်ကူး
၂။ နှစ်ဦးညောင်ရေ	ကဆုန်လ....ညောင်ရေသွန်း
၃။ စာပုလေ့ခင်း	နယုန်လ....စာပြန်ပွဲ
၄။ ပဉ္စင်းတော်ခံ	ဝါဆိုလ....ရဟန်းခံ
၅။ စာရေးတံနှင့်	ဝါခေါင်လ....စာရေးတံမဲ
၆။ မြစ်ယံပွဲကြီး	တော်သလင်း....လှေပွဲ
၇။ ဆီးမီးထွန်းချိန်	သီတင်းကျွတ်....မီးထွန်းပွဲ
၈။ ကထိန်	တန်ဆောင်မုန်း....ကထိန်ပွဲ
၉။ နတ်ကျင်း	နတ်တော်လ....နတ်ပွဲ
၁၀။ မြင်းခင်းထွက်ဝင်	ပြာသိုလ....မြင်းခင်းပွဲ
၁၁။ သဘင်မီးပုံ	တပို့တွဲ....နက္ခတ်သဘင်
၁၂။ ဂူလုံးသဲပုံ	တပေါင်း....သဲပုံစေတီပွဲ

စေ့စုံစီလျှဉ် ဤသို့ယှဉ်သား၊ လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲ။

+ + +

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်နှစ်ရာသီတွင်

ပွဲ၊ ပန်း၊ နက္ခတ်၊ တာရာနှင့် ရာသီရုပ်ပုံ

၁။ မိဿရာသီ၊ တန်ခူးလ၊ အတာသင်္ကြန် ရေလောင်းပွဲ၊ ရင်ခတ်ပန်းကုံ့ကော်ပန်း၊စိတြနက္ခတ်နှင့် စန်းယှဉ်ပြည့်၊ တံငါ တာရာထွန်း၊ ရာသီရုပ်ကား ဆိတ်သတ္တဝါဖြစ်၏။

၂။ ပြိဿရာသီ၊ကဆုန်လ၊ ၎င်းလတွင် မှတ်သားဘွယ်(၁၆) ချက်ရှိသည်။ အောက်ပါအတိုင်းဖြစ်၏။

၁။ အလောင်းတော် သုမေဓာသည် ဒီပင်္ကရာ မြတ်စွာ ဘုရားထံ နိယတ ဗျာဒိတ်ခံယူသောလ။

၂။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောလ၊

၃။ တောထွက်တော်မူသောလ (နာနာဆန္ဒပျို)။

၄။ သစ္စာလေးပါးနှင့်တကွ ဘုရားအဖြစ်ကို ရယူသောလ၊

၅။ ပရိနိဗ္ဗာန် စံဝင်တော်မူသောလ၊

၆။ ဗောဓိပင်မြတ်ကို ညောင်ရေ ဓာတ် သွန်းလောင်းသောလ၊

၇။ စကားပန်း ပွင့်သောလ၊

၈။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ပြည့်သောလ၊

၉။ တံငါတာရာ ထွန်းသောလ၊

၁၀။ နေ့ နာရီ ၃၂ ည နာရီ ၂၈ ရှိသောလ၊

၁၁။ ရက်စုံသတ်သောလ၊

၁၂။ နဂါးဦးခေါင်း အနောက်မြောက်မှ ရက်စုံသောလ၊

၁၃။ စနေ၊ ကြာသပတေး ရက်ရာဇာ၊ ဗုဒ္ဓဟူး၊ သောကြာ ပြဿဒါးဖြစ်သောလ။

၁၄။ နှစ်ဖဝါးဖြင့် မှန်းတည့်သောလ၊

၁၅။ ပြိဿရာသီ မည်သောလ၊

၁၆။ ဖွားဘက်တော် ၇ ပါး ပေါက်ဖွားဖြစ်ပေါ်သောလ၊

မှတ်ချက်။ ။(ဝါဆိုလတွင် တောထွက်ခြင်း ဖြစ်သည်။ နာနာဆန္ဒပျို့အလိုအရ တောထွက်သည်ဟု ဆိုသဖြင့် ဖော်ပြလိုက်သည်။)

၃။ မေထုန်ရာသီ၊ နယုန်လ၊ စာမေးပွဲသဘင်၊ မဟာသမယ အခါတော် မမ္မသဘင်၊ စပယ်ပန်း၊ မြလေးပန်း ဇင်ဘုန်ကွဲတ်နှင့် စန်းယှဉ်ပြည့် မြင်းတာရာထွန်း၊ရာသီရုပ်ကား အပျိုနှင့်လူပျို ယှဉ်တွဲနေပုံ။

၄။ ကရကဋ်ရာသီ ဝါဆိုလ၊ ပဋ္ဌာန်းခံပွဲသဘင်၊ မမ္မစကြာ အခါတော်သဘင်၊အလောင်းတော်သန္ဓေယူသောလ၊ တောထွက်သောလ၊ ပုန်းညှက်ပန်း၊ အာသဠှိခေါ် ဥတ္တရာသဠှိနက္ခတ်နှင့် စန်းယှဉ်ပြည့်၊ ဗျိုင်းတာရာထွန်း၊ ရာသီရုပ်ကား ပုဇွန်လုံးဂဏန်း သတ္တဝါပုံ။

၅။ သိမ်-ဝါခေါင်လ စာရေးတံမဲ၊ ဆွမ်းလောင်းသဘင် ဓတ္တာပန်း၊သရဝဏ်ခေါ် ဓနသိဒ္ဓိနက္ခတ်နှင့်စန်းယှဉ်ပြည့်၊ ဗျိုင်း တာရာထွန်း ရာသီရုပ်ကား ခြင်္သေ့သတ္တဝါ။

www.burmeseclassic.com

www.burmeseclassic.com

၆။ ထန်ရာသီ၊တော်သလင်းလ၊လျှပ်ပြိုင်ပွဲ၊သစ်ဆင်းပွဲသဘင် ဆင်းခေါပန်း၊ အဒြခေါ်ပြုပွာဘရပိုက်နက္ခတ်နှင့် စန်းယှဉ်ပြည့်၊ ဘုံဝင်းတာဆုထွန်း ရာသီရုပ်ကား ကညာပျိုရုပ်ပုံ။

၇။ တူရာသီ၊သီတင်းကျွတ်လ မြင့်မိုရ်မီးထွန်းပွဲ၊ ပဝါရဏာ အတိခမ္မာအခါတော်သဘင်မျှား၊ ကြာမျိုးငါးပါးပန်း၊ အဿဝ ဏီ နက္ခတ်နှင့်စန်းယှဉ်ပြည့်၊ ကျီးတာရာ ထွန်းတောက်၊ ရာသီရုပ် တား ကုန်သည် ချိန်ခွင်ကိုင်ပုံ။

၈။ ဗြိဿဘာရာသီ၊တန်ဆောင်မုန်းလ၊ကထိန်ပွဲတော်၊တန်ဆောင် တိုင်ပွဲတော်၊ ကြတ္တိကာနက္ခတ်ပွဲသဘင်၊ ခဝဲရှော်ပါပန်း၊ကြတ္တိကာ နက္ခတ်နှင့် စန်းယှဉ်ပြည့်၊ ကျီးတာရာထွန်း၊ ရာသီရုပ်ကား ကင်းမ လက်မဲပုံ။

၉။ မနုရာသီ၊နတ်တော်လ၊နတ်ကန္ဒားပေးပွဲ၊ ဂမုန်းအင်ပန်း၊ သဇင်ပန်း၊ မိဂသီနက္ခတ်နှင့် စန်းယှဉ်ပြည့်၊ ဟသ်ာတာရာထွန်း၊ ရာသီရုပ်ကား အရှေ့ပိုင်း လူ၊ အနောက်ပိုင်း မြင်းဖြစ်သည်။

၁၀။ မကာရ ရာသီ၊ ပြာသိုလ၊ မြင်းခင်း-ဆင်ခင်း သဘင်ပွဲ၊ သူရဲကောင်းမျှား ဘွဲ့နှင်းသဘင်ပွဲ၊ ခွာညိုဂန်း၊ ဖုံသျှနက္ခတ်နှင့် စန်းယှဉ်ပြည့်၊ ပုဇွန်တာရာထွန်း၊ ရာသီရုပ်ကား သမင်နှင့် ငါး ဖြစ်သည်။

၁၁။ ကုံရာသီ တပို့တွဲလ၊ ယာဂု နှမ်းမနဲပွဲ၊ ထဲမင်းနဲပွဲ၊ မီးပုံ ပူဇော်ပွဲ၊ဆူးပန်း၊ မာဃနက္ခတ်နှင့်စန်းယှဉ်ပြည့်၊ချိန်တာရာထွန်း၊ ရာသီရုပ်ကား ရေထမ်းသမား ဆင်းရဲသားပုံ။

၁၂။ မိန်ရာသီတပေါင်းလ၊ သဲပုံစေတီ ပူဇော်ပွဲ၊ သရဖီပန်း၊ ပိတောက်ပန်း၊ ဖဂ္ဂုဏခေါ် ဥတ္တရာဘရဂုဏ္ဍီနက္ခတ်နှင့် စန်းယှဉ် ပြည့်၊ ဆံကျင်တာရာထွန်း၊ ရာသီရုပ်ကား ငါးနှစ်ကောင် ရေကူး နေပုံ။

မြန်မာလ ဝိသေသများ

တနှစ်တွင်ရှိသော မြန်မာလ ၁၂-လသည် ဖြစ်ပေါ် ခေါ် တွင်လာရပုံအကြောင်း အရင်း အမြစ် အတိ အကျ ရှိသည်။ လစဉ်လတိုင်းသည် အကြောင်းအရာ တစုံတခုကို အခြေပြု၍ ခေါ်တွင်စေခြင်း ဖြစ်သည်။ ၎င်းတို့၏ ဝိသေသများကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ တန်ခူး၊ တာကူး။ (တကူး)

မြန်မာလ ၁၂ လတို့တွင် မိဿရာသီ၊ ပထမလ ဖြစ်သော တာကူးလကို ရေးထုံးနှစ်မျိုးဖြင့် ရေးကြသည်။ ၎င်းတို့မှာ (တန်ခူးနှင့် တာကူး)ဖြစ်၏။(အသံထွက် တကူးဟူ၍ ဖတ်သည်။)

တန်ခူး

တန်,သည် ထန်း,ကို ဆိုလို၍ ခူး,မှာ ဆွတ်သည် ဆိုလိုသည်။ ထန်းသီးများကို ဆွတ်ချေသည့် လ ဟူ၍ အဓိပ္ပာယ်ရသည်။

တာကူး

တာသည် အချိန်၊လ ရာသီဖြစ်၍ ကူး သည် ကူးပြောင်းခြင်းကို ဆိုလိုသည်။ နှစ်ပြောင်းသည်၊ နှစ်ကူးသည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ကဆုန်လ

ရှေးအခါက ကုဆုန်ဟူ၍ ရေးသည်။ကု-မှ က ဖြစ်လာသည်။ ကု-သည် မရှုဘာသာမှ ဆင်းသက်လာသောစကား ဖြစ်၍(ရေ) ဟူ၍ အဓိပ္ပာယ်ရသည်။ ဆုန်မှာ သွန်းလောင်းခြင်း ဖြစ်၍ စာဆုန်လ ဟူသည် ရေသွန်းလောင်းသော လ ဟူ၍ အဓိပ္ပာယ် ရှိသည်။ ဗောဓိပင်ကို ရေသွန်းလောင်းခြင်း ဖြစ်၏။ ကဆုန် ညောင်ရေသွန်းပွဲဟု ခေါ်တွင်သည်။

နယုန်လ

နယုန်လကို ရှေးအခါက နံယုန်-ဟူ၍ ရေးသည်။ နံ-မှာ အချိန်အခါ၊ ယုန်-မှာ ရှာသွန်းခြင်း၊ မိုးကျခြင်းဖြစ်၍ နယုန်လ ဟူသည် မိုးကျချိန်၊ မိုးရှာချိန်ဟူ၍ အဓိပ္ပာယ်ရသည်။

ဝါဆိုလ

ဝါ-မှာ ဝါသ-ဟူသော ပါဠိမှ လာသည်။ နေခြင်း ဖြစ်၏။ ဆို-မှာ ရွတ်ဆိုသည့် အဓိပ္ပာယ် ရှိသည်။ ရဟန်းတော်များ မိုးသုံးလ ကာလပတ်လုံး ကျောင်း၌ သတင်းသုံးပါမည် 'နေပါ မည်'ဟု ရွတ်ဆိုကတိပြုသော လ ဖြစ်သည်။

ဝါဆိုလကို ရှေးအခါက မြွှယ်တာလ-ဟူ၍ ခေါ်တွင်သည်။ မြွှယ်မှာ လယ်မြေဟူ၍ အဓိပ္ပာယ်ရပြီး တာ-မှာ တိုင်းတာခြင်း ဖြစ်သည်။ လယ်မြေ တိုင်းတာသော လ ဟူ၍ အဓိပ္ပာယ် ရရှိ သည်။

ဝါခေါင်လ

ဝါခေါင်လကို ရှေးအခါက နံကာလ ဟူ၍ ခေါ်သည်။ ဝါခေါင်လမှာ ဝါသည် နေခြင်းဖြစ်၍ ခေါင်သည် အလယ်ကို

ဆိုလိုသည်။ ရဟန်းတော်များ ကျောင်း၌ သီတင်းသုံး(နေခြင်း) မှာ မိုးသုံးလရှိ၍ ဤလသည် အလည်လဖြစ်သည်ဟူ၍ အဓိပ္ပာယ် ရသည်။

နံကာ-နံသည် အချိန်ကို ဆိုသည်။ ကာ-မှာ ပြုလုပ်ခြင်း၊ ထွန် ထယ် လုပ်ခြင်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် နံကာလသည် လယ်လုပ်ချိန်၊ လယ်ထွန်ချိန်လ ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရသည်။

တော်သလင်း သစ်ဆင်း

တော်သလင်းကို ပုဂံခေတ်လောက်က သစ်ဆင်းလ ဟူ၍ ခေါ်တွင်ခဲ့သည်။ တော်သလင်းကို တော်သာလင်း ဟူ၍ ရှေး ယခင်က ရေးထုံးပြုခဲ့သည်။

တော်သလင်း

တော်-မှာ ကောင်းကင်ကို ဆိုသည်။ (တော်-အမြင့်အမြတ်မှ တော်-အထက်၊ အထက်သည့် ကောင်းကင်ဟူ၍ အဆင့်ဆင့် အဓိပ္ပာယ် ကောက်ယူကြသည်။)

လင်းမှာ-သလင်း-သာလင်းသာယာထွန်းလင်းခြင်းဖြစ်သည်။ ထို့ကြောင့်တော်သလင်းလသည် ကောင်းကင်သာယာထွန်းလင်း သော လ ဟူ၍ ဆိုလိုသည်။

သစ်ဆင်း

သစ်ဆင်းဟူသည်မှာ ရှေးအခါက မြစ်အတွင်း၌ ကျင်းပ သော ပွဲသဘင်တမျိုးဖြစ်သည်။ ကန်ရာသီ ဘွဲ့လူးတား တဘုတ္ထ (လေးတိုင် တန်ဆောင်းမမြင့်တောင်းကို၊ နီမောင်းပုဆိုး၊ ဝ,ဝ

www.burmeseclassic.com

www.burmeseclassic.com

မိုးလျက်၊ ပိုက်ကြိုးသွယ်ခံ၊ ဝန်းရံခင်းကျင်း၊ ခုန်က ဆင်းသော်) ဟူ၍ စပ်ဆိုထားသည်။ ထို့ကြောင့် သစ်ဆင်းပွဲ ဟူသည်မှာ အတန်ငယ် ရှည်သောသစ် တိုင် လေးတိုင်ဖြင့် ဆောက်လုပ်ထားသည့် တန်ဆောင်း(စင်မြင့်)ပေါ်မှ ရေပေါ်တွင် ခံထားသည့် ပိုက်ကွန်တွင်းသို့ ခုန်ချသည့်ပွဲ ကျင်းပသည့်လ သစ်ဆင်းပွဲ ကျင်းပသည့်လ ဖြစ်သည်။

သီတင်းကျွတ်

(သီတင်းကျွတ်) သီတင်းမှာ သီတင်းသုံး နေထိုင်သည်ဟူ၍ အဓိပ္ပာယ်ရ၍ ကျွတ်မှာ- ကျွတ်လွတ်ခြင်းပင်ဖြစ်သည်။ ရဟန်းတော်များ သီတင်းသီလ ဆောက်တည်နေရာမှ ကျွတ်လွတ်သောလ၊ ဝါကျွတ်သောလ ဟူ၍ အဓိပ္ပာယ်ရှိသည်။ (အခ္ခါ့ကသီတင်းမှာ သီတဟူသော ပါဠိမှ သက်ဆင်းသည်ဟု ယူဆသည်။ သီတမှာ အေးမြခြင်းဖြစ်ပြီး အေးမြသောမိုးရာသီမှ ကျွတ်လွတ်သောလ ဟူ၍ အဓိပ္ပာယ် ယူဆကြသည်။)

သီတင်းကျွတ်လကို (သံတူလ)ဟူ၍ ရှေးအခါက ခေါ်သည်။ သံ-မှာ ကောက်စပါးဖြစ်၍ တူ-မှာ ထောင်မတ်ခြင်းဖြစ်သည်။ ကောက်စပါးများ ပေါက်ပွား ထောင်မတ်သော လ ဟူ၍ **အဓိပ္ပာယ်ရသည်။**

တန်ဆောင်မုန်း

တန်ဆောင်မုန်းကို ရှေးအခါက တန်ဆောင်ပုန်းဟု ခေါ်သည်။ တန်ဆောင်မှာ မီးရှူး မီးတိုင်ဖြစ်၍ ပုန်းမှာ မီးပုန်းထွန်းလင်းတောက်ပစေခြင်း ဖြစ်သည်။ မီးရှူး မီးတိုင်တို့ကို ထွန်းလင်းတောက်ပစေသောလ ဟူ၍ ဖြစ်သည်။

နတ္တော်လ

နတ်-နာထ-အကြီးအကဲ၊တော်-မြင့်မြတ်ခြင်း၊ကြီးကဲ မြင့်မြတ်သူ၊ ကြီးကဲမြင့်မြတ်သောလ။

ဤလကို ရှေးအခါက နတ်ပွဲကျင်းပသောလ အဖြစ်အသိအမှတ်ပြုခဲ့သည်။ ပုပ္ပားတောင်ရှိ မင်းမဟာဂီရိ နတ်မောင်နှမကို ပူဇော်ပသသောပွဲဖြစ်သည်။နတ်ကို ပူဇော်ပသသည့် နတ်ပွဲကျင်းပခြင်းမှာ ယခုခေတ်နှင့် မလျော်ညီပေ။

အကြောင်းဆိုက်၍ နတ်ကိုးကွယ်ခြင်း၊ အိမ်တွင်းနတ်/ အုန်းသီးချိတ်ဆွဲခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလိုသည်။

အများသိထားသည့်အတိုင်း ပုပ္ပားတောင်တွင် ယခုရှိနေသော မောင်တော် မင်းမဟာဂီရိ နတ်နှင့်နှမတော် တောင်ကြီးရှင်နတ်တို့မှာ တကောင်းခေတ်က ပန်းဘဲမောင်နှမဖြစ်သည်။ **စကားပင်တွင်** ဒီ၊မြို့ကိုအသတ်ခံရပြီးနောက် **နတ်စိမ်း**ဖြစ်သည်ဟု အဆိုရှိသည်။ စကားပင်မှ လာလာသမျှလူတို့ကို ဖမ်းစားသဖြင့် အမြစ်မှဖြိုကာ မြစ်ရိုးတလျှောက် မျှောလိုက်ရာ သရေခေတ္တရာသေလည်ကြောင်မင်းက စကားတုံးကို ဆယ်ယူပြီး ပုပ္ပားတောင်တွင် နတ်ရုပ်ထု၍ လူအများကို ကိုးကွယ်ပသစေသည်။ ထိုခေတ်အခါက တပြည်လုံး နတ်နဂါး ကိုးကွယ်သည်ဖြစ်၍ ပုပ္ပားနတ်မှာ ချက်ချင်း တန်ခိုးကြီးလာသည်။ ကျွ- နွားဝက်စသည်တို့ကို သတ်၍ နှစ်စဉ် ယဇ်ပူဇော်သည်။ ဤအစဉ်အလာမှာ ပုဂံ အနော်ရထာ မင်းလက်ထက်ထိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမင်းဆက် ၄၂-ဆက်မြောက် အနော်ရထာမင်းလက်ထက်တွင်မူ နတ်နဂါးအရည်းကြီး ကိုးကွယ်မှုတို့ကို ခြေမှုန်းပယ်ဖျက်လေသည်။ ပုပ္ပားတောင်ရှိ နတ်မောင်နှမကို ကိုးကွယ်မှုလွဲမှားသော အယူဝါဒအား ပယ်ဖျက်ရန် ကြိုးစားသည်။ ချက်ချင်းမပ သရ၊ မကိုးကွယ်ရဟု မင်းအာဏာနှင့် တားမြစ်ပိတ်ပင်လျှင် ခေတ်အခြေအနေအရ လူတို့လိုက်နာရန်ခက်ခဲမည်။ ဤကိစ္စလေးတခုဖြင့် အခြား တိုင်းရေးပြည်ရာ လုပ်ငန်းများတွင် အနှောက်အယှက်ဖြစ်မည်။ ထို့ကြောင့် အနော်ရထာမင်းသည် (နှစ်စဉ် ပုပ္ပားတောင်သို့လာ၍ နတ်ကို ပူဇော်ပသရန်မလို၊ မင်းမဟာဂီရိ နတ်မောင်နှမသည် မီးသင့်၍ ဘဝလားခဲ့ရသဖြင့် အုန်းဖြင့်ပူဇော်ပသလျှင် အပူအေးငြိမ်းမည်။ အုန်းဖြင့်ပူဇော်ရာ၌လည်း ပုပ္ပါးတောင်သို့ လာရန်မလို၊ မိမိတို့နေအိမ်တွင် အဓိဋ္ဌာန်ပြု ရည်မှတ်၍ နတ်အုန်းတလုံးကို အစဉ်ချိတ်ဆွဲပသလျှင် ပြည့်စုံသည်)ဟု ပရိယာယ်ဖြင့် သားဏောင်ကိုသတ်၍ နတ်ကိုးကွယ်ခြင်းကို ပိတ်ပင်ခဲ့သည်။ အနော်ရထာမင်းစော လက်ထက်မှစ၍ ယနေ့တိုင် မြန်မာတို့ နေအိမ်တွင် နတ်အုန်းကိုချိတ်ဆွဲ ကိုးကွယ်ကြသည်။ နတ်အုန်းကို မချိတ်ဆွဲသော်လည်း ဘာမှမဖြစ်ပေ။ ချိတ်ဆွဲသဖြင့်လည်း မည်သို့မှ အကြောင်းမထူးပေ။

ပြာသိုလ

ပြာ-မှာ ပျားဖယောင်းကို ဆိုလိုသည်။ သို့-မှာ အဆီဟူ၍ ဖြစ်သည်။ ပျားဖယောင်းအဆီဖြစ်သော၊ ပျားဖလောင်းစုမှ အရဆုံးသောလ ပျားဖယောင်းလ။

တပို့တွဲလ

ကျောက်စာများတွင် တပိုတွဲဟူ၍ ရေးသည်။ တပိုမှာ ထပို ဖြစ်၍ ထန်းဖိုပင်ဟု ဆိုလိုသည်။ တွဲမှာ တွဲလျားကျသည်။ တွဲစေသည်။ ထို့ကြောင့် ထန်းဖိုပင်ရှိ ထန်းခိုင် (ထန်းနို့ခိုင်)မှ ထန်းရည်များကို လှီးဖြတ်ခံယူရန် ထန်းနို့ခိုင် အောက်တွင် ရှိသော "ထန်းလက်"များကို အောက်သို့တွဲကျသွားစေရန် နင်းချရသော လ ထန်းရည်နင်းလ ဟူ၍ဖြစ်သည်။

တပေါင်းလ

တပေါင်းလ-ဟူသော ဝိသေသတွင် တ-သည် တန်း(ပါဠိ တာလ) ထန်းဖြစ်၍ ပေါင်းမှာ ချက်သည်၊ ကျိုသည် ဟူ၍ အဓိပ္ပါယ်ရသည်။ တပေါင်းလသည်ထန်းချက်သမားတို့ထန်းရည် ကျိုသောလ၊ ထန်းချက်သောလဟူ၍ အဓိပ္ပါယ်ရရှိသည်။ အခြားသော တပေါင်းလ၏ ဝိသေသ ယူဆချက်တရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ နှစ်သက်ရာယူလေ။

တပေါင်းလတွင် ထန်းဖိုပင်မှရသော "ညှပ်ရည်"နှင့် ထန်းမပင်မှရသော "သီးနှုရည်"တို့ကို ပေါင်းစပ်ကျိုချက်သဖြင့် ထန်းဖိုရည်နှင့် ထန်းမရည်ပေါင်းစပ်ကျိုချက်သောလ "ထန်းပေါင်းလ"မှ ထပေါင်းထိုနောက် တပေါင်းဟူ၍ ခေါ်ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အရက်တက်ချိန်

ရှေးထုံးစဉ်လာအရ အရက်တက်ချိန်ကို မြန်မာတို့ အထွဋ်အမြတ်ထားသည်မှာ ယဉ်ကျေးမှု တရပ်ဖြစ်သည်။ အရက်ဘက်ချိန်ဆိုသည်မှာ နံနက်လင်းလုလင်းခင် ရောင်နီဦးပေါ် ထွက်ပြူ။ စကို ခေါ်သည်။ အရက်တက်ချိန်တွင် မြန်မာရှေးလူကြီးများ ဘုရားဝတ်ပြု အမျှအတမ်းဝေသည်မှာ အလွန်သာယာကြည်နူးဘွယ်ဖြစ်သည်။ (လုံမင်ယ်အမျိုးသမီးများက) ဆွမ်းထချခ်ကြသည်။ ယနေ့တိုင် တောနယ်တွင် အရက်ဘက်တွင် ဆွမ်းချက်လျက်ရှိကြသည်။ ဘုရားဝတ်ပြုကြသည်။ တောရပ်ဘုန်းတော်ကြီးကျောင်းများတွင် အရက်တက်လျင် ကျောင်းရှိရဟန်းသာမဏေ-ကျောင်းသားအားလုံး ထခသည်။ အုန်းမောင်းခေါက်ခြင်း၊ ကြေးစည်ရိုက်ခြင်း ပြုပြီးနောက် ဘုရားဝတ်တက်ကြသည်။ ဤအစဉ်အလာမှာ ယခုတိုင် မကွယ်မပျောက်ရှိသည်။

ထို့ကြောင့်လည်း မြန်မာတို့သည် အရက်တက်ချိန်ကို ဂရုပြုကြခြင်းဖြစ်သည်။ အရက်တက်သည့်အချိန်ကို စက်နာရီနှင့် ချိန်ကိုက်လျက် လစဉ်(၁၂.လ အတွက်)အောက်ပါအတိုင်း လက်ဝရေးသီ မှတ်သားခဲ့လေသည်။

လက်ဝ	လအမည်		နာရီ။မိနစ်
ကူးပြန်၊နှင်ထွေး	....	တာကူး	.... ၅။၀၀
ဆုန်၊လေးပေါ်နေ	....	ဓာဆုန်	.... ၄။၅၀

www.burmeseclassic.com

ကျန်းမာရေးနှင့် ဝန်ကြီးဌာန

ရက်စွဲ	ကျန်းမာ	ကျန်းမာ	ရက်စွဲ
၁	ကျန်းမာ	ကျန်းမာ	၁
၂	ကျန်းမာ	ကျန်းမာ	၂
၃	ကျန်းမာ	ကျန်းမာ	၃
၄	ကျန်းမာ	ကျန်းမာ	၄
၅	ကျန်းမာ	ကျန်းမာ	၅
၆	ကျန်းမာ	ကျန်းမာ	၆
၇	ကျန်းမာ	ကျန်းမာ	၇
၈	ကျန်းမာ	ကျန်းမာ	၈
၉	ကျန်းမာ	ကျန်းမာ	၉
၁၀	ကျန်းမာ	ကျန်းမာ	၁၀
၁၁	ကျန်းမာ	ကျန်းမာ	၁၁
၁၂	ကျန်းမာ	ကျန်းမာ	၁၂
၁၃	ကျန်းမာ	ကျန်းမာ	၁၃
၁၄	ကျန်းမာ	ကျန်းမာ	၁၄
၁၅	ကျန်းမာ	ကျန်းမာ	၁၅
၁၆	ကျန်းမာ	ကျန်းမာ	၁၆
၁၇	ကျန်းမာ	ကျန်းမာ	၁၇
၁၈	ကျန်းမာ	ကျန်းမာ	၁၈
၁၉	ကျန်းမာ	ကျန်းမာ	၁၉
၂၀	ကျန်းမာ	ကျန်းမာ	၂၀
၂၁	ကျန်းမာ	ကျန်းမာ	၂၁
၂၂	ကျန်းမာ	ကျန်းမာ	၂၂
၂၃	ကျန်းမာ	ကျန်းမာ	၂၃
၂၄	ကျန်းမာ	ကျန်းမာ	၂၄
၂၅	ကျန်းမာ	ကျန်းမာ	၂၅
၂၆	ကျန်းမာ	ကျန်းမာ	၂၆
၂၇	ကျန်းမာ	ကျန်းမာ	၂၇
၂၈	ကျန်းမာ	ကျန်းမာ	၂၈
၂၉	ကျန်းမာ	ကျန်းမာ	၂၉
၃၀	ကျန်းမာ	ကျန်းမာ	၃၀
၃၁	ကျန်းမာ	ကျန်းမာ	၃၁

www.burmeseclassic.com

ပြူးယုန်ဝေ၊ဝေထပ်	....	နယုန်	....	၄။၄၀
ထိုးလပ်၊စာတော်	....	ဝါဆို	....	၄။၃၀
ခေါင်၊လှော်၊လူဆို	....	ဝါခေါင်	....	၄။၄၀
လင်းလှ၊မတွေး	....	တော်သလင်း	....	၄။၁၀
ကျွတ်၊မေး၊နင်တို	....	သီတင်းကျွတ်	....	၅။၀၀
မုန်း၊ဘို၊အော်နေ	....	တန်ဆောင်မုန်း	....	၅။၁၀
တော်၊မြေ၊ကျော်ဌေး	....	နတ္တော်	....	၅။၂၀
ပြာ၊ပေး၊ဆန်တောင်း	....	ပြာသို	....	၅။၃၀
တွဲ၊ပေါင်း၊ခေါ်နော်	....	တပို့တွဲ	....	၅။၂၀
ပေါင်း၊ပျော်၊အထွက်	....	တပေါင်း	....	၅။၁၀

အရက်တက်၊မပျက်လို့ရေ၊ နာရီပိုင်း၊ လတိုင်း ယူပါလေ ကဝိများ ထားခဲ့ဥပဒေ။

၁၂.လရာသီခွဲများ

တနှစ်တွင်ရှိသော ၁၂-လကို တလစီသရုပ်ဖော် ရေးသီထားသော စာစုများကို(ရာသီကိုလိုက်၍ ဖွဲ့ထားသဖြင့်) ရာသီဘွဲ့ဟု ခေါ်သည်။ ရာသီဘွဲ့များမှာ မျိုးသောအားဖြင့် ကဗျာလင်္ကာများဖြစ်လေသည်။ စာဆိုတို့သည် မိမိတို့သိမြင်ထားသည့် ခံစားချက်အတိုင်း ရာသီဘွဲ့များကို ရေးသီကြသည်။ စာဆိုတဦးနှင့် တဦး ခံစားချက်နှင့် ရေးသီဖော်ပြမှုတို့မှာ တူညီခြင်း မရှိကြပေ။ တ

မျိုး တဘာသာစီ ကွဲပြားခြားနားကြသည်။ ထို့ကြောင့် ၎င်းတို့ ရေးသီခဲ့သော ရာသီဘွဲ့ ကဗျာများမှာ ပုံစံအမျိုးမျိုးဖြင့်စာပေသမိုင်းတွင် မှတ်တမ်းတင် ကျန်ရစ်လေသည်။ ရာသီဘွဲ့ကဗျာများကို ရှာဖွေလေ့လာရန် လွယ်ကူသဖြင့် စာအုပ်တွင် မဖော်ပြတော့ပေ။ မိမိတို့ကိုယ်တိုင် ရှာဖွေလေ့လာကြစေလိုသည်။

အများပြည်သူအလုပ်ပိတ်ရက်များ

အစိုးရ ရုံးပိတ်ရက်အဖြစ်ဖြင့် သတ်မှတ်ထားသော အထိမ်းအမှတ်နှင့် နေ့ထူး နေ့မြတ်များ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း အစိုးရ ရုံးပိတ်ရက်အဖြစ်ဖြင့် သတ်မှတ်ထားသောနေ့များမှာ အောက်ပါအတိုင်းဖြစ်သည်။ အချို့သော နေ့ထူးနေ့မြတ်များမှာ ခရစ်သကျရာဇ် လနှင့် မြန်မာလ,ရက် ထပ်တူထပ်မျှ နှစ်စဉ်တထပ်တည်း မကျပေ။ ဥပမာ ကဆုန်လပြည့်နေ့မှာ ၁၉၆၆-ခုနှစ်က မေလ ၄-ရက်ဖြစ်သော်လည်း နောက်နှစ်များတွင် ထိုရက်ပင်ဖြစ်မည်ဟု မယူဆနိုင်ပေ။ ထိုကဲ့သို့သော နေ့များကို မြန်မာလနှင့် ခရစ်လ ယှဉ်၍ ပြလိုက်သည်။

1. Indepenendence Day = 4th January. လွတ်လပ်ရေးနေ့
2. Union Day = 12th Februay. ပြည်ထောင်စုနေ့

www.burmeseclassic.com

www.burmeseclassic.com

3. Peasents Day=2nd March. တောင်သူလယ်သမားနေ့
4. Full Moon of Tabaung. တပေါင်းလပြည့်
5. Resistance Day=27th March. တပ်မတော်နေ့
6. Thingyan=April. တကူးလမဟာသင်္ကြန်
7. Buddhist New Year=April, နှစ်ဆန်းတရက်နေ့
8. May Day=Ist May, အလုပ်သမားနေ့ (မေဒေး)
9. Full Moon of Kason. ကဆုန်ညောင်ရေသွန်းပွဲတော်
10. Martyrs Day=19th July. အာဇာနည်နေ့
11. Beng of Buddhist Lent. ဝါဆိုလပြည့်နေ့
12. End of Buddhist Lent: သီတင်းကျွတ်လပြည့်နေ့
13. Tazaung daing. တန်ဆောင်တိုင်ပွဲတော်
14. National Day. အမျိုးသားနေ့
15. Christmas Day=25th December. ခရစ်နှစ်သစ်ကူးပွဲ

(မှတ်ချက်။ ။ကရင်နှစ်သစ်ကူးပွဲတော် မူဆလင် ဘာသာဝင်တို့၏ အစ်နေ့ စသည်တို့ကို သက်ဆိုင်ရာ ဘာသာဝင်တို့၏နေ့ သတ်မှတ်ချက်အရ အခါအားလျော်စွာ အမိန့်စာတမ်းထုတ်ပြန်၍ အများပြည်သူ ရုံးပိတ်ရက်အဖြစ်ဖြင့် သတ်မှတ်ပေးသည်။)

မြန်မာ့ယဉ်ကျေးမှုပွဲတော်များ

နှစ်စဉ် အချိန်မှန်ကျင်းပသော မြန်မာ့ယဉ်ကျေးမှု ပွဲတော်များမှ ထင်ရှားသည့် ပွဲတော်များကို အပြည့်အစုံ ဖော်ပြလိုက်သည်။

၁။ တကူးလ....မဟာသင်္ကြန်ပွဲတော်
၂။ ကဆုန်လ....ညောင်ရေသွင်းပွဲတော်၊ဗုဒ္ဓနေ့
၃။ နယုန်လ....မဟာသမယ အခါတော်
၄။ ဝါဆိုလ....ဝါဆိုပွဲ ဓမ္မစကြာအခါတော်
၅။ သီတင်းကျွတ်....မီးထွန်းပွဲ၊ အာဘိဓမ္မာအခါတော်
၆။ တန်ဆောင်မုန်း....တန်ဆောင်တိုင်ပွဲတော်နှင့် ကထိန်ပွဲတော်
၇။ နတ္တော်လ....စာဆိုတော်နေ့
၈။ တပို့တွဲ....ထမန်ပွဲ
၉။ တပေါင်းလ....ဘုရားပွဲတော်

× × ×

မြန်မာနှစ်သစ်ကူးပွဲတော်

၁။ ပွဲတော်အမည်။ ။မဟာသင်္ကြန် နှစ်သစ်ကူး။
၂။ ကျင်းပသည့်နေ့။ ။နှစ်စဉ် တကူးလအတွင်း (ခရစ်နှစ်အားဖြင့် ဧပြီလ ၁၃-ရက်နေ့ကျင်)

www.burmeseclassic.com

www.burmeseclassic.com

၃။ ကျွင်းယဉ်တော်ရက်ပေါင်း။ ။သင်္ကြန် အကြို,အကျ, အကြတ်နှင့် အတက်နေ့များ။ (တခါတရံ နှစ်ရက်ကြတ်၏။)

၄။ ရည်ရွယ်ချက်။ ။နှစ်ဟောင်းမှအညစ်အကြေးအဆိုး အဟောင်းများကို စွန့်ပစ်ဆေးကြော၍ နှစ်သစ်တွင် စိတ်သစ်ကူးပြောင်းစေမည့် ယဉ်ကျေးမှု အစဉ်အလာ နှစ်သစ်ကူးခြင်း။

၅။ ပွဲတော် စတင်ခဲ့သည့်အကြောင်းရင်း။ ။အိန္ဒိယပြည် ဟိန္ဒူဘာသာအယူအဆမှ ဆင်းသက်လာသော အယူအဆဖြစ်သည်ဟု ယုံကြည်ရသည်။ ရှေးဘုရင်များ အုပ်စိုးသောပဒေသရာဇ်ခေတ်မှ စတင်ကျင်းပသည်။ ရှေးအခါက ဦးခေါင်းဆေးလျှော်ခြင်း၊ ဘုရားပုထိုးများကို ရေသပ္ပာယ်ခြင်း၊သက်ကြီးရွယ်အိုများကို ရေမိုးသန့်စင်ပေးခြင်းလောက်သာ ဖြစ်သည်။ မျက်မှောက်ခေတ် သင်္ကြန်ပွဲမှာ ယဉ်ကျေးမှုထက် ရိုင်းစိုင်းမှုကပိုနေသည်။

မဟာသင်္ကြန်ပွဲတော်

မဟာ—ကြီးကျယ်သော။

သင်္ကြန်—သင်္ကြန္တ(သက္ကဋ)—ကူးပြောင်းခြင်း— ရာသီ ကူးပြောင်းခြင်း။

မဟာသင်္ကြန်သည် ရာသီနှစ်ကူးပြောင်းသောပွဲတော်ကြီးပင်ဖြစ်သည်။ သင်္ကြန်အမေါ်ကို(အတာကူး)သည်ဟူ၍ခေါ်ဆိုသည်။

အတာမှာ အတီတ ဟူသောပါဠိမှ ဆင်းသက်သော စကားဖြစ်သည်။(တာရထိရကွတီတိ) တနှစ်ပြည့်သည်ကို စောင့်ရှောက်ခြင်းဟူ၍ ဝိဂြိုဟ်ပြုသည်။ တနှစ်ကုန်လွန်ပြီးသော နောက်ဆုံးရက်သည် အတာရက်ဖြစ်သည်။ မဟာသင်္ကြန်စာတွင်(အတာစားသည်)ဟူ၍ဆိုသည်။ အတာစားသည်ဟူသောအဓိပ္ပာယ်မှာ မိမိတို့၏ဆိုင်ရာ ဂြိုဟ်ခစောင့်နတ်ကို ပသပူဇော်ခြင်းပင်ဖြစ်သည်။ ရှေးအလွန်ကျ၍ ခေတ်မမှီသော အယူအဆတရပ်ဖြစ်သည်။ ဗေဒင်ဆရာများက တည်ထွင်ခဲ့ဟန်တူသည်။

ကမ္ဘာအရပ်ရပ် လူမျိုးအသီးသီးတို့၏ နှစ်သစ်ကူး ပွဲတော်ကျင်းပပုံအစုံစုံများတွင် မြန်မာတို့၏နှစ်သစ်ကူး အတာသဘင်သည် အဓိပ္ပာယ်အပြည့်ဝဆုံးဟုဆိုနိုင်သည်။ တနှစ်ကုန်၍ တနှစ်ကူးပြောင်းသော နှစ်သစ်မင်္ဂလာတွင် ဦးခေါင်းဆေးလျှော်ခြင်း၊ ဘုရားရှစ်ပွားတော်များကို ရေစင်သွန်းခြင်း၊ သက်ကြီးရွယ်အိုများကို ရေချိုးသန့်စင်ပေးခြင်း၊ တဦးနှင့် တဦး အေးမြသော ရေစင်ကို ပက်ဖျန်းသွန်းလောင်းခြင်း၊ အလှူဒါနပြုခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းပြုကြသည်။ ဤသို့ဖြင့် နှစ်သစ်မင်္ဂလာကို သန့်စင်လေးနက်သော အပြုအမူ အယူအဆဖြင့် ခင်းကျင်းခဲ့ကြသည်။

ဦးခေါင်းဆေးလျှော်ခြင်း

နှစ်သစ်မင်္ဂလာအခါတော်တွင် မိမိတို့၏စိတ်သည် သစ်ဆန်းနေရမည်။ စိတ်သည်သာ သစ်ဆန်းရမည်မဟုတ်၊ ဦးခေါင်းမှစ၍ခန္ဓာကိုယ်တခုလုံးသည်လည်း သန့်စင်နေရန်လိုသည်။ ထို့ကြောင့် နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်သို့ပါမလာစေခြင်း

www.burmeseclassic.com

www.burmeseclassic.com

ငှာ ဦးခေါင်းဆေးလျှော်ခြင်းပြုကြသည်။ ဦးခေါင်းတွင် တင်ရှိနေသော အညစ်အကြေးများကို တရော်ကင်ပွန်းတို့ဖြင့် ဆေးလျှော်သကဲ့သို့ စိတ်ဟောင်း၊ စိတ်ဆိုး၊ စိတ်ညစ်များကိုလည်း ကြည်လင်သန့်စင်သော ရေနှင့်တူသည့် ကုသိုလ်မှုပြုခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းဖြင့် ဆေးလျှော်သည်။

ဗုဒ္ဓရုပ်ပွားတော်များကို ရေသပွာယ်ခြင်း သက်ကြီးရွယ်အိုများကို ရေချိုးသန့်စင်ပေးခြင်း

ဗုဒ္ဓရုပ်ပွားတော်များကို ရေသပွာယ်ခြင်း၊ သက်ကြီးရွယ်အိုများကို ရေချိုးသန့်စင်ပေးခြင်း အလေ့အထမှာ မြန်မာပြည် အနှံ့အပြား ပြုမူကြသည်။ ယှဉ်သော် တရပ်နှင့်တရပ် ဆောင်ရွက်ခြင်းခလေ့မှာ တူညီခြင်းမရှိဘဲ ကွဲပြားခြားနားသည်။ သဘော အဓိပ္ပာယ်မှာမူ အတူတူပင် ဖြစ်သည်။

များသောအားဖြင့် မြန်မာပြည်တွင် သင်္ကြန်အဘက်နေ့တွင် ရုပ်ပွားတော်များကို ရေသပွာယ်ခြင်းပြုပြီး ရခိုင်တိုင်းတွင်မူ အကြိုနေ့တင် ရုပ်ပွားတော်များကို ရေသပွာယ်ခြင်း ပြုကြသည်။ ဘာသာတရားအရ အထွတ်အမြတ်ဖြစ်သော ဘုရားရုပ်ပွားတော်များကို ရှေးဦးစွာ ရေသပွာယ်ခြင်းပြုပြီးမှ မိမိတို့အချင်းချင်း ရေစင်ပက်ဖျန်း ကစားခြင်းပြုသည့် အလေ့အထမှာ နှစ်လိုဘွယ်ပင် ဖြစ်သည်။

သင်္ကြန်ရက်အတွင်း အမျိုးသား အမျိုးသမီးများသည် မိမိတို့၏ အရပ်ခလေ့အတိုင်း လူစုကြသည်။အချို့အရပ်၌ ကာလသားများက အိုးစည် ဒိုးပတ် အဆို အကများဖြင့် တပျော်

တပါး လိုက်ပါကြသည်။ ဤသို့ လူစုပြီးမှ ဘုန်းတော်ကြီးကျောင်းများရှိ ရုပ်ပွားတော်များ၊ ရွာဦးစေတီရှိ ရုပ်ပွားတော်များကို အမှေးနှံ့သာဖြင့် ရေသပွာယ်ကြသည်။ ရွာတွင်းရှိ သက်ကြီး၊ ဝါကြီး အဖိုး အဖွားများထံ အိမ်တိုင်ယာရောက် စုရုံးသွားပြီး တရော် ကင်ပွန်းဖြင့် ဦးခေါင်း ဆေးလျှော်ပေးခြင်း၊ နှံ့သာဖြင့် ရေချိုးသန့်စင်ပေးခြင်း၊အမှေးနှံ့သာ သနပ်ခါး စသည် လိမ်းကျံပေးခြင်း ပြုကြသည်။ဤယဉ်ကျေးမှု ခလေ့ထုံးစံများမှာ တောနယ်များတွင် ယနေ့တိုင် ရှိနေသေးသည်။ မြို့ကြီးများ၌ အတန်ပင် တိမ်မြုပ်နေပြီဖြစ်ရာ အစိုးရ ပညာရေးဌာနမှ ညွှန်ကြားချက် အရ မူလတန်း၊ အလယ်တန်း၊ အထက်တန်းရှိ ကျောင်းသူ ကျောင်းသားများ စုပေါင်းပြီး ရိုးရာယဉ်ကျေးမှုကို ပြန်လည် ဖော်ထုတ် ထိန်းသိမ်းလျက်ရှိပြီဖြစ်၏။

တဦးနှင့်တဦး ရေပက်ကစားခြင်း

မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်၏ ထူးခြားသော ဝိသေသမှာ တဦးနှင့်တဦး ရေပက်ဖျန်းခြင်းပင် ဖြစ်သည်။ တဦးနှင့်တဦး ရေပက်ဖျန်းသည့် ဘဘောမှာ အေးမြကြည်လင်သော ရေစင်ကဲ့သို့ နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ အေးမြစေရန် ကြည်လင်ချမ်းမြေ့စေခြင်းရန်၊ ရေသည် ခွဲခြားရှိမရ၊ တသားတည်းဖြစ်သကဲ့သို့ တဦးနှင့် တဦး မကွဲမကွာ ချစ်ကြည်ကြစေရန် ဖြစ်သည်။ ထို့ကြောင့် ထည်း ကြည်လင်သန့်ရှင်းသော ရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဦးနှင့်တဦး ပက်ဖျန်းရခြင်းဖြစ်သည်။တောအရပ်များတွင် ရွာရှိ ကာလသားများသည် အမှေးအကြိုင်များ ဖျန်းဆွတ်သားသော

www.burmeseclassic.com

www.burmeseclassic.com

ရေစင်ကို ဇွေဖလားတွင်ထည့်ကာ တအိမ်တက်ဆင်းလူကြီး မိဘ တို့ထံ ခွင့်ပန်၍ အမျိုးသမီးများကို သပြေခက်ဖြင့် ရေဖျန်းသည်။ အင်္ဂါ စွတ်စိုရုံမျှ အမှေးနုံ့သာရေစင်တို့ သပြေခက်ဖြင့် ယဉ်ကျေး သိမ်မွေ့စွာ ပက်ဖျန်းခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ရေဖျန်း ခံရသူ မိန်းမပျိုများမှာ စိတ်ကြည်လင် ရွှင်ပျကြသည်။ မြင်ရသူ မိဘ မောင်ဘွားများလည်း နှစ်လိုကြသည်။

သင်္ကြန်တွင်းမူလရေပက်ကစားခြင်းမှာ ဤသို့လျှင် ယဉ်ကျေး သိမ်မွေ့သော ယဉ်ကျေးမှု ထုံးတရပ်ပင်ဖြစ်သော်လည်း နောက် ခေတ်များ ပြောင်းလာသောအခါတွင်ကား သရုပ်ပျက်ခဲ့သည်။ နိုင်ငံရပ်ခြား တိုင်းတပါးတို့၏ မျက်စိတွင် အလွန်ပင် ဖွေယ် မရာသော ရိုင်းစိုင်းသည့် ဓလေ့များ ဖြစ်သည်။ ဤသို့ ဖြစ်ရသည် မှာ များစွာပင် ရှက်ဖွယ်လိလိ ဖြစ်ခဲ့ရသည်။ ပြည်ထောင်စု တိုင်းရင်းဖွား အမျိုးသား အမျိုးသမီးတို့ ပြုပြင်ရန် လိုသည်။ မိမိတို့ ယဉ်ကျေးမှု ထုံးဓလေ့ကို မိမိတို့ ကိုယ်တိုင် ထိန်းသိမ်း စောင့်ရှောက်ရန် လိုသည်။

ရန်ကုန်၊ မော်လမြိုင်၊ မန္တလေး စသော မြို့ကြီးများတွင် သင်္ကြန်တွင်း ရေကစားပုံမှာ နှာ၊ မျက်စိ၊ ရှက်ဖွယ် ဖြစ်သည်။ အဆိုးဆုံးမှာ ရန်ကုန်သင်္ကြန်ပင် ဖြစ်သည်။ ရန်ကုန်သင်္ကြန်မှာ စစ်ပြီးခေတ် အစလောက်မှ စ၍ ကြမ်းတမ်းလာခြင်း ဖြစ်သည်ဟု ဆိုသည်။

ရေပက်ခြင်းမှာ ရေအစင် ကဲ့သို့ ကြည်လင် အေးမြပါစေ၊ ချမ်းမြေ့ပါစေ၊ ဘေးဘယာကင်းရှင်းပါစေ၊ ရေပြင်ကဲ့သို့ မကွဲ မကွာ တသားတည်း ဖြပ်ပါစေ ဟူသော စေတနာဖြင့် ပက်ဖျန်း

ခြင်းမဟုတ်တော့ဘဲ အင်္ဂါကဲ့၊ လုံချည်စုတ်ကဲ့သည်အထိ ကြမ်း ကြမ်း ရမ်းရမ်း ပက်ကြသည်။ ရေပက်ခံ ထွက်သူတို့ကလည်း တပျော်တပါး ကား စင်းလုံးငှားရ၍ ပြတ်သိပ် လိုက်ပါကြသည်။ မကြောင့်ဝံ့မနာသာ ပြောကြ နောက်ကြသည်။ စီးပွားရေးသမား နှင့် နိုင်ငံရေးသမားတို့က အလှပြ ကားများ၊ မဏ္ဍပ်များ၊ တဦးနှင့်တဦး တပါတီနှင့် တပါတီ စောင်းမြောင်းကြသော တေးသံချင်း၊ သံချပ်များဖြင့် အမြတ်ထုတ်ကြသည်။ ဤသို့ဖြင့် သရုပ်ပျက် ရန်ကုန်သင်္ကြန်မှာ ၁၉၆၃ ခုနှစ်တွင် အစိုးရက ကြပ်မတ်ခဲ့ရသည်အထိ စိတ်မချမ်းမြေ့ဖွယ် သက်ဇီးရှည်ခဲ့သည်။ ဤစာအုပ်ကို ပြုစုသော ၁၉၆၆ ခုနှစ်တွင်ကား ရန်ကုန်မြို့တော် နှင့် တကွ မြန်မာပြည်အရပ်ရပ် မဟာသင်္ကြန် ရေကစားပုံမှာ ရိုးရာ ယဉ်ကျေးမှုကို ပြန်လည် ထိန်းသိမ်းသည့် အချိန် ဖြစ်၍ သိမ်မွေ့စပြုလာပြီဖြစ်သည်။

သင်္ကြန်ရေပက်ကစားခြင်းနှင့်ပတ်သက်၍ ယုံကြည်ရန် ခက်ခဲ သော အကြောင်းတရပ်ရှိသည်။ ဤအကြောင်းမှာ ဗြဟ္မာကြီး ဦးခေါင်း နတ်သမီး အလှည့်ကျ ပြောင်းပုံပင် ဖြစ်သည်။ ပုံပြင် အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

အခါတပါးဌ သိကြားမင်းနှင့် ဗြဟ္မာမင်းသည် ဗေဒင်ကိန်း တခုနှင့် ပတ်သက်၍ သူမှန် ငါမှန် အငြင်းပွားကြသည်။ "နိုင်သူ က ရှုံးသူ၏ ဦးခေါင်းကို ဖြတ်ကြစတမ်း" ဟု ကတိပြု သဘော ထားကာ လူပြည် ကဝါလမိုင်း ဆရာထံဆင်း၍ အဖြေမေး အဆုံး အဖြတ် ခံကြသည်။ ကဝါလမိုင်း ဆရာ၏ အဆုံး အဖြတ်ဖြင့် သိကြားမင်းက နိုင်သည်။ ကတိအတိုင်း ဗြဟ္မာမင်း၏ ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ကို ဖြတ်ယူသည်။ ဗြဟ္မာမင်း၏ ဦးခေါင်းပြတ်ကို ရေထဲသို့ ချလျှင် ရေခန်းမည်။ ကုန်းမှာချလျှင် မီးသင့်မည်။ ထို့ကြောင့် နတ်သမီး ၇ ယောက်တို့အား အလှည့်ကျ ပြောင်းကိုင်စေသည်။ နတ်သမီးတို့ ဗြဟ္မာဦးခေါင်း ပြောင်းကိုင်သည်မှာ တနှစ်တကြိမ် ဖြစ်၍၊ ဤသို့ ဦးခေါင်းပြောင်းသည်ကို သက္ကရာဇ်ကူးသည်၊ နှစ်ကူးသည်ဟု ဆိုသည်။ ဗြဟ္မာ၏ကိုယ်ကြီးကို ပိုင်လဆင်၏ဦးခေါင်းနှင့် ဆက်၍ ရေစင်ပက်ဖျန်းလိုက်ရာ ဆင်၏ ဦးခေါင်းနှင့် ဗြဟ္မာကိုယ်ရှိသော မဟာပိန္နဲ နတ်မင်းကြီး ဖြစ်လာသည်ဟု ဆိုသည်။ ဤသို့ မဟာပိန္နဲနတ်အား ရေစင်ဖျန်းသည်ကို အစဲပြု၍ တဦးနှင့် တဦး ရေပက်ကစားခြင်း ဖြစ်သည်ဟု ဆိုသည်။ နှစ်စဉ်ထုတ်ဝေသော မဟာသင်္ကြန်စာတွင် ဗြဟ္မာဦးခေါင်းနှင့် နတ်သမီးရုပ်ကို *တွေ့နိုင်သည်။ ဟိန္ဒူ ကုလားဘုရားရုပ်ပုံကို လေ့လာလျှင် လက်* ခေါ်ခြင်း များစွာပါသော လူကိုယ်နှင့် ဆင်ဦးခေါင်း ရှိသော မဟာပိန္နဲ နတ်ရုပ်ကို တွေ့မြင်နိုင်သည်။

ဤပုံပြင်မှာ ပုံပြင်မျှသာ ဖြစ်သည်။ လတွင် ယုန်ဝပ်နေသည်၊ အဖိုးအိုက ဆန်ဖွပ်နေသည် ဟူသော စကားပုံကဲ့သို့ ယုံတမ်းစကားမျှသာ ဖြစ်သည်။ သင်္ကြန်တွင်း၌ ရေပက်ကစားခြင်း၏ အရင်း အမြစ် အစစ်အမှန်မှာ အောက်ပါအတိုင်းဖြစ်နိုင်ဘွယ်ရှိသည်။

မြန်မာလူမျိုးများ ကိုးကွယ်သော ဗုဒ္ဓဘာသာ အယူဝါဒမှာ အိန္ဒိယမှ ဆင်းသက်လာသော ဝါဒဖြစ်သည်။ မြတ်စွာဘုရားသည် ပင်လျှင် အိန္ဒိယနွယ်ဘွား ဖြစ်သည်။ အိန္ဒိယမှ ဗုဒ္ဓအယူဝါဒ ဆင်းသက်လာသကဲ့သို့ အခြား များစွာသော ယဉ်ကျေးမှု အယူ

ဝါဒများသည်လည်း အိန္ဒိယမှပင် ဆင်းသက် ပြန့်ပွားလာခြင်း ဖြစ်သည်။ အထက်က ဗြဟ္မာဦးခေါင်း ဖြတ်ခြင်း၊ ဗြဟ္မာ၏ကိုယ်နှင့် ဆင်ဦးခေါင်း ဆက်စပ်၍ မဟာပိန္နဲနတ် ဖြစ်ခြင်း စသည်တို့မှာလည်း အိန္ဒိယမှ ပြန့်ပွားလာသော ဟိန္ဒူ အယူဝါဒများပင် ဖြစ်သည်။

မြန်မာ့သမိုင်း လေ့လာသောအခါ အိန္ဒိယမှ စစ်ရှုံးသော မင်းများသည် မြန်မာနိုင်ငံတွင်းသို့ ကုန်းလမ်းခရီးမှ ဝင်ရောက်လာကြပြီး မြို့ပြ ပြည်ရွာ တည်ထောင်နေကြသည်ကို တွေ့ရှိနိုင်သည်။ မြန်မာဘုရင်များသည် အိန္ဒိယ၊ သီဟိုဠ် စသည်များသို့ ဘာသာရေးအရ ရဟန်းတော်များကို လွှတ်၍လေ့လာစေခြင်း၊ အိန္ဒိယ သီဟိုဠ်မှ သာသနာပြုများ ကြွလာလျှင် ကြည်ဖြူစွာ လက်ခံ၍ နာယူခြင်းစသည်များကိုပြုသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာ အယူဝါဒနှင့်အတူ အခြားပိသုကာ အတတ်၊ ဆေးရေးအဘတ်၊ တေးဂီတ သီဆို ကခုန်ခြင်းစသည့် အနုပညာရပ်များ ပြန့်နှံ့လာခဲ့သော ဖြစ်သည်။ များစွာသော ယဉ်ကျေးမှု အနုပညာရပ်များ ပြန့်နှံ့လာသည်နှင့်အတူ ဤနှစ်သစ်ကူး ရေကစားခြင်း ဓလေ့သည် ထည်း ကူးစက် ပြန့်ပွားဟန် တူသည်။

အိန္ဒိယပြည်၌ ဂင်္ဂါမြစ်သည် အထင်အရှား ရှိသည်။ တနေ့ရာမှ တနေရာသို့ ရေကို သံပိုက်လုံးများဖြင့် ပေးပို့သောခေတ် ရောက်မှ မြစ်ရေသည် လူတို့အတွက် များစွာ အသုံးဝင်သည်။ ဂင်္ဂါ မြစ်ဝှမ်းဘလေ့ဝက်ရှိ ပြည်သူတို့သည်လည်း ဂင်္ဂါမြစ်ရေကို အားကိုးသမှ အသုံးပြုကြသည်။ နှစ်စဉ် နှစ်သစ်ကူးသော အခါ၌ ဘုရင်မင်းမြတ်နှင့်တကွ ပြည်သူတို့သည် ဂင်္ဂါမြစ်သို့ ဆင်း၍

www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်း ဆေးလျှော်ကြသည်။အမွေး နံ့သာတို့ဖြင့် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း ပြုကြသည်။ ဘုရင်သည် မြစ်ရေကို သီးသန့် အကာအရံပြုလျက် ရေသုံးသပ်သည်။ ဤသည်မှာ နှစ်စဉ်မပြတ် ဆောင်ရွက် ပြုလုပ်မြဲဖြစ်၍ ထုံးတမ်းစဉ်လာ ဖြစ်သည်။

မြန်မာနိုင်ငံကို ပဒေသရာဇ်များ အုပ်ချုပ်သော ဘုရင်ခေတ် အခါက ထီးနန်းစိုက်ထူရာ အရပ်ဒေသများသည် ရောဝတီမြစ်၏ နီးနားဝန်းကျင်တွင် ဖြစ်သည်။ မြန်မာပြည်၏ အထက်ပိုင်း၌ ရောဝတီမြစ်ရေသည် ချိုးရေအဖြစ်သာမက သောက်ရေအဖြစ် လည်း အသုံးပြုနိုင်သော ရေချိုများ ဖြစ်သည်။

မြန်မာဘုရင်တို့သည် အိန္ဒိယ ဘုရင်များကို အတုယူကာ ရောဝတီမြစ်တွင် နှစ်စဉ် ဦးခေါင်းဆေးလျှော်ခြင်း၊ ရေမိုးသန့်စင်ခြင်း ပြုလုပ်ကြသည်။ ဘုရင်ကို အတုယူပြီး မှူးကြီး မတ်ရာတို့ကလည်း ဦးခေါင်းဆေးကြသည်။ ဘုရင်နှင့် သူ၏ နန်းတွင်းခြေရံများကို အတုယူပြီး တိုင်းသူပြည်သားတို့ကလည်း ရောဝတီမြစ်အတွင်း ဦးခေါင်း ဆေးလျှော်ကြသည်။ ရောဝတီ မြစ်ပြင်တွင် အရံအတားပြုလျက် သူ့အတွက် သီးသန့် ဖြစ်စေပြီး မိဖုရားများနှင့် ရေချိုးသန့်စင်ရာမှ ရေကစားသည်။ တဦးနှင့် တဦး ကျီစယ်သမ္မှုဖြင့် ရေပက်ကစားသည်။ ဘုရင်ကို တုန့်ပြန် အများပြည်သူတို့လည်း မြစ်ပြင်တွင် ရေချိုး ရေပက် ကစားသည်။ (ပုဂံခေတ် နရသီဟပတေ့မင်း ရောဝတီမြစ်အတွင်း မိဖုရားများနှင့် ရေကစားသည်။ မိဖုရားစောလုံကို မောင်းမင်းယ်များ ရေဖြင့် ဝိုင်းပက်ရာမှ မိဖုရားက ဘုရင်ကို ရန်ငြိုးဖွဲ့ပြီး ပွဲတော်တွင် အဆိပ်ခပ်ခဲ့သည်။ဤအကြောင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လေးချိုကြီးတပုဒ်ရေး၍ မှတ်တမ်းတင်ခဲ့သည်။)

နောင်အောအခါ၌ ဘုရင်သည် ရောဝတီမြစ်ပြင်သို့ ရေကစားမထွက်ဘဲ မိမိ၏ နန်းတော်တွင်သာ မဏ္ဍပ်များ ဆောက်လုပ်၍ ဦးခေါင်းဆေးလျှော်ခြင်း၊ ရေကစားခြင်းကို ပြုသည်။ မိမိ၏ အခြေအရံများကိုလည်း ရေကစားစေသည်။ နှစ်စဉ် နှစ်သစ်ကူးတိုင်း ကျင်းပသောဘုရင်၏ ရေကစားပွဲကို အတုယူကာ အများပြည်သူတို့လည်း ရေကစားခြင်းပြုခဲ့ကြသည်။ ဗေဒင် ပညာရှိတို့ကလည်း နှစ်သစ်ကူးပြောင်းသည့်အခါ ဦးခေါင်း ဆေးလျှော်၍ တဦးနှင့် တဦး ရေစင် သွန်းလောင်းအပ်ကြောင်း အထောက်အထားများဖြင့် အခိုင်အမာဆိုလာသည်။ ဤသို့ဖြင့် နှစ်သစ်ကူး မဟာသင်္ကြန်ရေပက်ကစားခြင်း အလေ့အထသည် ရိုးရာ ယဉ်ကျေးမှု တရပ်အဖြစ်ဖြင့် ယနေ့တိုင် လူများ လက်ခံ ကျင့်သုံးခဲ့ကြခြင်း ဖြစ်ပေသည်။

နှစ်သစ်ကူးခြင်း

ဘနှစ်တွင် ၁၂-လရှိသည်။ မြန်မာတို့က တန်ခူးမှ တပေါင်းအထိ ၁၂-လကို ရေတွက်သည်။ တန်ခူး-ကဆုန်-နယုန် စသည့် အားဖြင့် ရေတွက်သွားရာ တပေါင်းတွင် ပြီးဆုံးသည်။တပေါင်းအထိ ရောက်လျှင် တနှစ်ပြည့်သည်။ငင်းမှကျော်လွန်၍ တာကူးမှ ပြန်၍ ရေတွက်ရမည့် အချိန်အခါကို နှစ်သစ်၊ နှစ်သစ်ကူးသည် ဟုလည်း ဆိုသည်။ နှစ်သစ်ကူးခြင်းနှင့်ပတ်သက်၍ ပုံပြင် တခု ရှိသည်။

ရှေးအခါက လူတို့သည် နှစ်-လ-ရက်ကို ရေတွက်ခြင်းမရှိသေး၊ တနှစ်ပြည့်မြောက်သည်၊ တလ ပြည့်မြောက်သည်ဟုလည်း

www.burmeseclassic.com

www.burmeseclassic.com

မသိပေ။ ထို့ကြောင့် တနှစ် ပြည့်မြောက်တိုင်း သိကြားမင်း၏ စေတမန်နတ်သားသည် လူ့ပြည်သို့ဆင်းသက်လာပြီး(တနှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း။ နှစ်သစ်တွင် အလှူဒါနများ ပြုကြစေလိုကြောင်း)စသည်အားဖြင့် လူ့ပြည်တခွင် လှည့်လည်ကြေးကြော်သည်။ စေတမန် နတ်သား၏ ကြေးကြော်သံအရ နှစ်သစ်ကူးခြင်း၊ အလှူဒါနပေးခြင်းပြုကြသည်။ နောင်အခါ မိမိတို့ဘာသာ နှစ်-လ-ရက်များကို(နေထွက်မှ နေဝင် နောက်တနေ့ မိုးလင်းထိ တရက်၊ ရက်ပေါင်း ၃၀-ကြာ၊ လ,တကြိမ်ထွက်ခြင်းကို တလ၊ လပြည့်သော ညကို လပြည့်နေ့) စသည်အားဖြင့် သတ်မှတ်လေ့ကြသည်။

ဤပုံဝတ္ထုတွင် နှစ်-လ-ရက် စသည်တို့ကို လူတို့ကြုံဆကြခြင်းကို သံသယဖြစ်ရန် မလိုပေ။တနှစ်ပြည့်တိုင်း စေတမန် နတ်သား လူ့ပြည်ဆင်းလာရသည် ဆိုသော စကားမှာ ပုံပြင်သက်သက်မျှသာ ဖြစ်သည်။

သင်္ကြန်ကျလျှင် မိုးပေါ်မှ သိကြားမင်းနှင့် အခြေအရံများ လူ့ပြည်သို့ဆင်းလာကြောင်း။ လူ့ပြည်တွင် ကုသိုလ် ကောင်းမှုပြုသူကို ရွှေပုရပိုက်ဖြင့် မှတ်တမ်းတင်ပြီး လူဆိုး လူမိုက်များကို ခွေးပုရပိုက်ဖြင့် မှတ်သားကြောင်း ပြောကြသည်မှာလည်း ပုံပြင်သက်သက်မျှသာဖြစ်သည်။ လုံးဝ ဖြစ်နိုင်သော ကိစ္စမဟုတ်ပေ။

သင်္ကြန်အတွင်း အလှူများ

သင်္ကြန်ရက်အတွင်း၌ အရပ်ဒေသအလျောက် စုပေါင်းအလှူများကို တပျော်တပါး ကျင်းပကြသည်။ တောနယ်များတွင်

လမ်းဆုံလမ်းမများ၌ မဏ္ဍပ်ကြီးများ ထိုးပြီး၂ရာလာသမျှယုတ်မြတ်မရွေး ကျွေးလှူသည်။ ထိုမဏ္ဍပ်ကို (စတုဒီသာမဏ္ဍပ်) ဟုခေါ်သည်။ အဓိပ္ပာယ်မှာ အရပ်လေးမျက်နှာမှ လာလာသမျှ ပုဂ္ဂိုလ်များကို ကျွေးလှူသော အဆောက်အဦးဟူ၍ ဖြစ်သည်။ ကျွေးမွေးရာ၌ (မုံလုံးရေပေါ်) မှာ - သင်္ကြန်တွင်းလူသိများ လူကြိုက်များသော သင်္ကြန်မုံ့ဖြစ်သည်။ ဆန်၊ ကောက်ညှင်းနှင့် လုပ်သော မုံ့အမျိုးမျိုးကို အရပ်ဒေသအလျောက် ကျွေးလှူကြသည်။ မုံ့လက်ဆောင်းမှာလည်း လူကြိုက်များသော သင်္ကြန်မုံ့ပင်ဖြစ်သည်။

လူငယ်လူရွယ်တို့ ပျော်ပျော်ပါးပါး လှုဒါန်း နေကြသော အချိန်တွင် သက်ကြီးရွယ်ရင့်များသည်ဘုရားပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများသို့ အလှူပစ္စည်းများဖြင့် သွားရောက်ကြပြီး သီလယူကြသည်။ ဥပုသ် စောင့်ကြသည်။ တောနယ်များတွင် သင်္ကြန်ရက်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌လူစည်သည်။ ဥပုသ်သည်တို့ လှုဒါန်းသော မုံ့မျိုးစုံမှာ ရက်ပေါင်း များစွာ စားမကုန်နိုင်သည်အထိ ပေါများသည်။

တောနယ်မှ မြန်မာ့ရိုးရာအရ ဥပုသ်သီလ ခံယူဆောက်တည်ကြပုံမှာ ကြည်နူးဘွယ်ရာပင်ဖြစ်သည်။ နံနက်အရုဏ်ဘက် (၄) နာရီထိုးလျှင် အိပ်ရာမှထကြပြီး ဆွမ်းအိုး (ထမင်းဟင်း) တည်သည်။ လှူဘွယ်မုံ့ပဲများကို စီစဉ်သည်။ ဆွမ်းကပ် ကြသည်။ နေထွက်လျှင် အိမ်ရှေ့သို့တန်းစီကြွလာသော ရဟန်းတော်များကို ဆွမ်းလောင်းကြသည်။သက်ကြီးရွယ်ရင့်များက ဘုန်းတော်ကြီးကျောင်းသို့ တောင်ဝှေးဆွဲ၍သွားရာတွင် မြေးငယ်များက လှူ

www.burmeseclassic.com

www.burmeseclassic.com

ဘုယ် ပစ္စည်းများကို သယ်ယူ၍ လိုက်ပါသွားကြသည်။ ဘုန်းတော်ကြီးကျောင်းတွင် သီလယူပြီး ဆိတ်ငြိမ်စွာ တရားဘာဝနာပွားနေကြသည်။ နံနက်ဆယ်နာရီခန့်တွင် အိမ်မှ ဆွမ်းအုပ်ပို့လာသည်။ ဆွမ်းအုပ်ဆိုသည်မှာ ဥပုသ်စောင့်နေသူ အဖိုးအဖွားများအတွက်ရည်စူး၍ ဖွယ်ဖွယ်ရာရာချက်ပြုတ်ထားသော ထမင်းပွဲပင်ဖြစ်သည်။ ကျောင်းသို့ရောက်သောအခါ ဆွမ်းအုပ်များမှ ဆွမ်းဟင်းဦးကိုကျောင်းမှခပ်ယူကာ ဘုရားရှင်အားကပ်လှူပြီး ဘုန်းတော်ကြီးများ ဘုဥးပေးခြင်းပြုကြသည်။ ဤသို့ ဆွမ်းဦးဟင်းဦးကပ်လှူပြီးမှ ဥပုသ်သည် အဖိုး အဖွားတို့သင့်ရာ သင့်ရာ ဝိုင်းဖွဲ့၍ ထမင်းစားကြသည်။

အဖိုးအဖွားတို့ ထမင်းစားပြီးသောအခါ ဆွမ်းအုပ် ပို့သူ မြေးမ လုံမပျိုတို့က ဆွမ်းအုပ်ကို အိမ်သို့ပြန်သယ်သည်။ အိမ်ရောက်လျှင် ဆွမ်းအုပ်တွင်ကျန်သော ထမင်းဟင်းများတို့ အိမ်ရှိညီကိုမောင်နှမများ စုပြုံစားကြရသည်မှာ -တပျော် တပါးပင်ဖြစ်သည်။ ဆွမ်အုပ်ပြန်ကို စောင့်နေကြသော ကလေးငယ်များ အဝေးမှ အမဖြစ်သူ ဆွမ်းအုပ်ရှက်၍ ပြန်လာသည်ကို မြင်လျှင် ဆီးကြို ခုန်ပေါက်နေကြ-မြဲဖြစ်သည်။ဆရာမင်းသုဝဏ်၏ (ဆွမ်းအုပ်နီနီအမေရှက်လို့ နက်ဖန် မနက် ကျောင်းတက်မယ်) ဟူသော ကဗျာသည် တောနယ်မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတရပ်ကိုပေါ်ထင်စေသည်။

သင်္ကြန်ထမင်း

သင်္ကြန်ရက်အတွင်း၌အထူးသဖြင့် မြန်မာပြည် အောက်ပိုင်းတွင် သင်္ကြန်ထမင်း ကျွေးလှူလေ့ရှိသည်။ သင်္ကြန် ထမင်း

ဆိုသည်မှာ ဆန်ကိုထမင်းချက်၍ ထမင်းကို ရေဆေးထားပြီး ဖယောင်းနှံသင်းထားသော ရေဖြင့်ဆမ်း၍ သင်္ကြန်စာနှင့်စားရသော အဟာရတမျိုးဖြစ်သည်။ သင်္ကြန်စာမှာ ငါးခြောက် (အထူးသဖြင့် ငါးရံ့ခြောက်)ကိုပြုတ်၍သရက်သီးနှင့် သုပ်ထားသော ငါးခြောက်သရက်သုပ် တမျိုးဖြစ်သည်။ သရက်သီးမှာ အခေါ်ဥပေါက်ရုံမျှဖြစ်ပြီး ငါးခြောက်ကမျှားသည်။ ဖယောင်းနှံသင်းထားခဲသောရေဖြင့် ဆမ်းနှစ်ထားသော ထမင်းကို ဇွန်းဖြင့်ဆော်ယူပြီး သင်္ကြန်စာခေါ် ငါးခြောက် သရက်သီးသုပ်နှင့် ဆောမြှုပ်၍စားသည်။ ခံတွင်းမြိန်၍ အရသာထူးသဖြင့် ကြိုက်နှစ်သက်သူများသည်။

ယဉ်ကျေးသော ရခိုင်သင်္ကြန်

ရခိုင်တိုင်း၏သင်္ကြန်မှာ မြန်မာပြည်မှ သင်္ကြန်နှင့် မတူဘဲ ကွဲပြားခြားနားသည်။ ရခိုင် သင်္ကြန်သည် ယဉ်ကျေးသိမ်မွေ့သဖြင့် ပြည်မမှ ရခိုင်တိုင်းသင်္ကြန်ပွဲတော်သို့ ရောက်ဘူးသူတို့က အထူးဘလည် ချီးကျူးကြရသည်။ရခိုင်သင်္ကြန်၏ အစဉ်အလာမှာ အောက်ပါအတိုင်းဖြစ်သည်။

သင်္ကြန်အကြိုနေ့မတိုင်မီတရက်တွင် ရပ်ကွက်အလိုက် လူကြီးလူငယ်တို့သည် စုရုံးကြကာ နွားသာဖြူ၊ ကရမက် စသည်တို့ကို ကျောက်ပြင်ဖြင့် တည်လုံးလိုလိုသွေးကြသည်။ လူပျိုတော် ကာ-ဆသားတို့က နွားသာသွေးနေကြသူများကို တေးသီချင်းဆို သံချပ်ထိုးလျက် ကခုန်ဖျော်ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်အကြိုနေ့ နံနက်တွင် မိမိတို့ရပ်ကွက် အနီးအနားရှိ မိမိတို့ ဘိုးစဉ် ဘောင်ဆက် ကိုးကွယ်ခဲ့သည့် ဘုန်းတော်ကြီး ကျောင်းများသို့ စုရုံးသွားရောက်ကြသည်။ ပဒေသာပင်များ၊ ဆွမ်းအုပ်များနှင့် ညဉ့်ဦးကသွေးထားသော နံ့သာဖြူ၊ကရမက် အမွှေးနံ့သာတို့ကို ယူဆောင်သွားကြသည်။ အဆိုအတီးအက တို့ဖြင့် တပျော်တပါးပင်ဖြစ်သည်။ ကျောင်းရောက်လျှင် ဘုရား ကို ရေသပ္ပာယ်ကြသည်။ ဥပုသ်သီတင်း ဆောက်တည်ကြသည်။

သင်္ကြန်တွင်း၌ရခိုင်လှပျိုဖြူများကိုမဏ္ဍပ်တွင်းတွင် ပိတောက် ပန်းတဝေဝေနှင့်တွေ့ရသည်။ လွတ်လပ်စွာ ပြောဆိုခွင့် ရကြ သည်။ ရခိုင်ပြည် အချို့အရပ်ဒေသများ၌ သင်္ကြန်ကျသည့်နေ့မှ တလ ကိုးသီတင်း သင်္ကြန်ပြန်မတက်ဘဲ ရေပက်ကစားလေ့ရှိကြ သည်။

ရခိုင်သင်္ကြန် ရေပက်ကစားပုံမှာမဏ္ဍပ်အတွင်း၌လောင်းလေ့ ကြီးများကိုထားပြီး ရေဖြည့်ထားသည်။ မဏ္ဍပ်တွင်း၌ အင်္ကျီ လုံချည်ဆင်တူဝတ်ထားကြသော လှပျိုဖြူများသည် ရေကစား သူများကို စောင့်မျှော်နေကြသည်။ ကာလသားတို့သည် မိမိတို့ နီးစပ်ရာ အသင်းအဖွဲ့ပြု၍ အင်္ကျီ-လုံချည် ဆင်တူ၊ အတီးအမှုတ် တို့ဖြင့် ရေပက်ခံထွက်ကြသည်။ မဏ္ဍပ်တွင်း ရောက်သောအခါ မိမိတို့နှစ်သက်ရာ အမျိုးသမီးများနှင့် မျက်နှာချင်းဆိုင်ရသည်။ အမျိုးသမီးနှင့် အမျိုးသားကြားတွင် စည်းတားသည့် သဘော လက်တန်းကို ကားခြားထားသည်။ လက်တန်းမှ ကျော်လျက် လောင်းလေ့မှ ရေကိုခပ်နိုင်သည်။ လောင်းလေ့ဘက်တွင် အမျိုး သမီးများ စီတန်းရပ်နေသည်။

အကိုကာလသားတို့က မိမိတို့နှစ်သက်ရာ အမျိုးသမီးထံ "မရီး ရေထည့်ပါ"ဟု တောင်းရသည်။ မိန်းကလေးကျေလောင်းလေ့ထဲမှ ရေကိုယူ၍ အမျိုးသား၏ရေပက်ခွက်ထဲ ထည့်ပေးရသည်။ အမျိုး သားကစ,ပက်လျှင် အမျိုးသမီးကသည်း အားကြမခံ ပြန်ပက် သည်။ အမျိုးသားတဦးကို အမျိုးသမီးတဦးသာ ပက်ရသည်။ ဝိုင်း၍ မပက်ရပေ။ တဦးနှင့်တဦး ရေပက်နေစဉ် မျက်နှာလွှဲလျှင် သော်ငင်း၊ မျက်နှာငုံ့မိလျှင်သော်ငင်း အရှုံးပေးရသည်။ အမျိုး သားတို့သည် အချိန်ကို အညီအမျှပိုင်းခြား၍ အလှည့်ကျရေပက် ကစားကြသည်။ တဖွဲ့က ရေပက်နေလျှင် ကျန် တဖွဲ့က မဏ္ဍပ် အပြင်မှ စောင့်ရင်း အားပေးသည်။ မိမိတို့အလှည့်ကျမှ ဝင်၍ နေရာယူ ရေပက်ကစားသည်။ ရေပက်သူများသည် တေးသီချင်း များ တကျော်ကျော် အော်ဆို၍ တပျော်တပါး ရေပက်ကစား သည်။ မဏ္ဍပ်ကို ကြီးကြပ်အုပ်ချုပ်သူတို့က အချိန်ကို ကန့်သတ်၍ မပေးသည့်တိုင် အရင်ရောက်နှင့်သောအဖွဲ့သည် အချိန်ဆွဲမနေဘဲ အလိုက်သိစွာ နောက်တဖွဲ့အတွက် ရှောင်ပေးကြသည်။ ရေပက် နေစဉ်အတွင်း လောင်းလေ့ကြီးများတွင် ရေကုန်နေပါက ရေ ကစားသူများသည် ရေစင်တောင်း၍ မရသဖြင့် "အေ....မဏ္ဍပ် လူလဲမရှိ၊ လသာတို့-လသာတို့"ဟု သံပြိုင် အော်ဟစ်လေ့ ရှိကြ သည်။

သင်္ကြန်အတက်နေ့တွင် ပို၍စည်သည်။ နောက်ဆုံး ရက်ဖြစ် သဖြင့် အမျိုးသမီးရော-အမျိုးသားပါ ညှိုးချုပ်သည်အထိ သဲသဲမဲမဲ ရေပက်ကစားကြသည်။ ရခိုင်သင်္ကြန်တွင်း၌ အမျိုးသား (လူငယ်)တိုင်းလိုလို ရက်သောက်ကြသော်လည်း မိန်းကလေး များအား ရိုင်းပြစော်ကားခြင်း၊ ရန်ဖြစ်ခြင်း မပြုတတ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးစွာ စည်းကမ်းရှိရှိ ရေကစားကြသည်။ တဦးနှင့်တဦး နာကျင်စေရန် ရေပုန်းကြီးများ၊ ရေပိုက်များဖြင့် ရေပက်ခြင်း လုံးဝ မရှိပေ။

ရခိုင်သင်္ကြန်တွင် သီဆိုသော သံချပ်များမှာ သီဆိုရ လွယ်၍ နားဝင်ချိုသည်။ သံပြိုင်သီဆို၍ကောင်းသည်။ (ပိတောက်တွေ ရွှေရည်လူး တန်ခူးလ အခါဝယ်၊ သင်္ကြန်ရေက စိုသခေ-လေ၊ အတာရေ သွန်းကာ လောင်းမယ်၊ ကညာမေ ကျန်းမာကြောင်း ကွယ်၊ အတာရေက ကြည်လှပါတယ်၊ကညာမေက ဖီလှပါတယ်၊ စပယ်လေးက ဖြူဖြူ၊ အရွယ်လေးက တူသလေး-လေ့၊ စပယ်ဖြူ မှေးတယ်....မှေးတယ်၊ အရွယ်တူလေးရယ်....လေးရယ်....)စသည် ဖြင့် သီဆိုကြပုံကို ပြည်မ မြို့တော်ရန်ကုန်မှ သင်္ကြန်အဖွဲ့များကပင် **အတုယူခဲ့ကြသည်။**

ရခိုင်တိုင်း မာန်အောင်ကျွန်းတွင် သင်္ကြန်မတိုင်မီတရက်တွင် ဆရာ ဘုန်းတော်ကြီးများကို ကန်တော့ကြသည်။ သင်္ကြန်ရက် အတွင်း အိမ်တိုင်းလိုလို ရခိုင်မုံ့များ ကိုယ်တိုင် လုပ်ကြကာ တအိမ်နှင့်ကအိမ် ဝေငှကြသည်။ သင်္ကြန်ရက်အတွင်း ရခိုင်မုံ့ မျိုးစုံကို စားကြရသဖြင့် မုံ့မျိုးစုံသော လ ဟုပင် ခေါ်ဆိုကြ သည်။

× + ×

သင်္ကြန်ခေါ်ရိုး-ဆယ်နှစ်မျိုး

သင်္ကြန်လက်ရိုးကျမ်းအရ သင်္ကြန် ၁၂မျိုးကို အောက်တွင် ဖော်ပြလိုက်သည်။ ဤမှတပါး အခြား များစွာသော သင်္ကြန် အမျိုးအမည်များလည်း ရှိသည်။ ပညာရှိတို့ ဉာဏ်ကျယ်တိုင်း ချဲ့ခဲ့ခြင်း ဖြစ်၏။

ရောက်ဆဲမြန်မာသက္ကရာဇ်ကိုတည် ၂ခုနှုတ်၊၁၂ ခုဖြင့်စား....

၁	ကြင်းမူ -	ဇေယျသင်္ကြန်
၂	ကြင်းမူ-ဝိသာခါ	။
၃	ကြင်းမူ-ဇေဋ္ဌ	။
၄	ကြင်းမူ အာသဠှိ	။
၅	ကြင်းမူ-သရဝဏ်	။
၆	ကြင်းမူ-အဒ္ဒ	။
၇	ကြင်းမူ-အဿယုတ္တ	။
၈	ကြင်းမူ-ကြတ္တိကာ	။
၉	ကြင်းမူ-မိဂသီ	။
၁၀	ကြင်းမူ-ဖုဿ	။
၁၁	ကြင်းမူ-မာဃ	။
၁၂	ကြင်းမူ-ဖုဂ္ဂုဏ	။

သင်္ကြန်တွင်းမှာ ရှောင်ကြဉ်ရာ၊ ဆယ်ဖြာတရားစု

ရှေးပညာရှိတို့ သတ်မှတ်ခဲ့သော သင်္ကြန်ရက်အတွင်း ရှောင် ကြဉ်သင့်သော အကြောင်းဆယ်ပါး ဖြစ်သည်။ ဤဆယ်ပါးကို ရှောင်ကြဉ်ခြင်းအားဖြင့် ကြက်သရေမင်္ဂလာ တိုးပွားသည်။

ရှောင်ရန်

၁။ ရှဒ-ငိုကြေးပူဆွေးခြင်း။
၂။ မေထုန-မေထုန်သံဝါသ ပြုခြင်း။
၃။ မံသ-အသားဟင်းလျှာ စားသောက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

၄။ သူရာ-သေရည်သေရက် သောက်စားခြင်း။
၅။ ကေးခ-အမျက်ဒေါသထွက်ခြင်း။
၆။ ရူခိရ-သွေးဖောက်ခြင်း၊ သွေးထုတ်ခြင်း။
၇။ တေလိဓာ-ဆီ၊ ဆေးလိမ်းကျံခြင်း။
၈။ ရူဂ္ဂစ္ဆေဒ-သစ်ပင်များ ခုတ်လှဲခြင်း။
၉။ ကိဏ-ဝယ်ယူခြင်း၊ ကျီသွင်းခြင်း။
၁၀။ ဝိက္ကဏ-ရောင်းခြင်း၊ ဆိုင်ထွက်ခြင်း။

ရေလှူခြင်း၏ အကျိုး ၁၀ ပါး

တာကူးလ သင်္ကြန်ခါတွင် သက်ကြီး ဝါကြီးများကို ရေမိုးသန့်စင်၍ ရေပေးလှူခြင်း ပြုကြကြောင်း။နယုန်လတွင် ဗောဓိပင်ကို ရေစင်သွန်း၍ လှူဒါန်းကြကြောင်း ဖော်ပြခဲ့သည်။ထို့ကြောင့် ရေလှူခြင်း အကျိုး ၁၀ ပါးကိုလည်း မှတ်တမ်းပြုရန် လိုလာသည်။ အောက်တွင် ရေလှူခြင်း၏ အကျိုး ၁၀ ပါးကို ပါဠိ၊ မြန်မာ၊ လက်ဘက်ဖြင့် ဖော်ပြလိုက်သည်။ နှစ်သက်ရာ ယူနိုင်၏။

ဝိသုဒ္ဓံ၊ ကိတ္တိ၊ ယသံ၊သိဂ်ံ၊ ဝိဂတိပါသံ။
အာယု၊ ဝဏ္ဏံ၊ သုခံ၊ ဗလံ၊ ပဋိဘာနံ။

ဝိသုဒ္ဓ၊ သန့်ရှင်း စင်ကြယ်ခြင်း။ ကိတ္တိ၊ ဂုဏ်သတင်း ကျော်ကြားခြင်း။ ယသံ၊ အခြံအရံများခြင်း။ သိဂ်ံ၊ လျင်မြန်ပေါ့ပါးခြင်း။ဝိဂတိပါသံ၊ ဝတ်မှတ်ဆာလောင်ခြင်းမှ ကင်းခြင်း။ အာယု အသက်ရှည်ခြင်း။ ဝဏ္ဏံ၊အဆင်းလှခြင်း။ သုခံ၊ ချမ်းသာခြင်း။ ဗလံ၊ ခွန်အားကြီးခြင်း။ ပဋိဘာနံ၊ ဉာဏ်ပညာ ကြီးမားခြင်း။

(က) ကိတ္တိ သုဒ္ဓေါ၊ ခြေရံပေါ်။ လျင်ဆောမှတ်သိပ်ကွာ။
(ခ) သန့်ရှင်းဆင်းလှ၊ချမ်းသာရ၊ ဗလ-ဉာဏ်ပညာ။
ရေကိုလှူကြ၊ ကျိုးဆယ်ဝ၊ မုချရမည်သာ။
ဆုမတောင်းဘဲ။ကျိုးပြည့်မြဲ၊မှတ်စွဲကြလေပါ။

× × ×

ကဆုန်လပြည့်ဗုဒ္ဓနေ့

ကဆုန်လ၏ဝိသေသ ၁၆ ချက်ကိုဆယ့်နှစ်ရာသီပွဲ၊ပန်းနက္ခတ်တာရာနှင့် ရာသီရုပ်အခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်းတွင် ကဆုန်လတွင် ကျင်းပသော ဘောင်ရေသွန်းပွဲတော် အကြောင်းကို အကျယ်ဖွင့်၍ မှတ်တမ်းပြုမည်။

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ်ထားသည်။
ကဆုန်လတွင် အလောင်းတော် ဗျာဒိတ်ခံတော်မူသည်။
အလောင်းတော် ဖွားမြင်တော်မူသည်။
အလောင်းတော် ဘုရားဖြစ်တော်မူသည်။
မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်။

ဖွားမြင် ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန် လပြည့်ကြုံ။
ခေတ်လူတို့ ကိုးကွယ်မှုပြုသော ဂေါတမ မြတ်စွာဘုရားသာ
လျှင် ဤလ ဤရာသီတွင် ဖွားမြင်ခြင်း၊ ဘုရားအဖြစ်ကို ရရှေ့ခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်းမဟုတ်ပေ။ နှစ်ကျိပ် ရှစ်ဆူသော မြတ်စွာဘုရားတို့သည်လည်း ဖွားမြင်တော်မူသောလည်း ဘုရားအ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွင့်တော်မူသောလ၊ပရိနိဗ္ဗာန် ပြုတော်မူသောလပင် ဖြစ်လေသည်။

ဤသို့လျှင် ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင်တို့ဖွားမြင်ခြင်း၊ ဘုရားဖြစ်ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းတို့ကြောင့်နေ့ထူးနေ့မြတ်အဖြစ်ဖြင့်(ဗုဒ္ဓနေ့)ဟူ၍မှတ်ယူကြခြင်းဖြစ်လေသည်။

ဤလတွင် ထင်ရှားသောပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ ညောင်ရေသွန်းပွဲတော်မှာ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်ကို သွန်းလောင်းခြင်းပင် ဖြစ်သည်။ ထိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့လည်း အလှူဒါနပြုခြင်း၊ သီတင်း သီလ ဆောက်တည်ခြင်းများ ပြုကြသည်။

ကဆုန်လသည်မြန်မာပြည်၏ ရာသီဥတုအရ နေအလွန်ပူပြင်းသော လ ဖြစ်သည်။ သစ်ပင်များသည် ညှိုးလျော့သွေ့ခြောက်နေသည်။ မြတ်စွာဘုရားပွင့်ရာ ဗောဓိပင်သည်လည်း ညှိုးလျော့လျက် ရှိသည်။ ထို့ကြောင့် လန်းဆန်းစေခြင်းငှာ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်။ ဗောဓိပင်နှင့် အာနန္ဒာဗောဓိပင်ကို ရေစင် သွန်းလောင်းသော အလေ့အထမှာ မြတ်စွာဘုရားရှင် လက်ထက်ကပင် ဖြစ်သည်ဟု ဆိုသည်။ မျက်မှောက်ခေတ်တွင် ဤလ ဤရာသီ၌ မြန်မာပြည်အဂုန်း ဗောဓိညောင်ရေ သွန်းလောင်းကြလေသည်။

မြန်မာပြည်တွင် ညောင်ရေသွန်းလောင်းသော အလေ့အထမှာ ရှေးနှစ်ပေါင်းများစွာ မြန်မာဘုရင်တို့ လက်ထက်ကပင် စတင်ခဲ့ကြောင်း ခေတ်အဆက်ဆက်က မှတ်တမ်းတင်ရေးဖွဲ့ခဲ့သည့် ရတုရကန်၊တေးတပ်၊ လေးချိုး၊ လွမ်းချင်း စသော ရာသီတွဲများ

အနက် မဲဇာရောက် လက်ဝဲသုန္ဒရ အမတ်ကြီး၏ မဲဇာတောင်ခြေ ရတုပါ(ပွဲခါညောင်ဝ)ရ၊ သွန်းမြေပေတည်း၊ ရိုသေသင့်ခ၊ထိုးစဉ်လာဖြင့်(မဲဇာရပ်သူ)ဟူသော အပိုက်မှာ(ကဆုန်ညောင်ရေ သွန်းပွဲတော်)အတွက် ထင်ရှားသော အသီအဖွဲ့ပင် ဖြစ်သည်။

ညောင်ရေသွန်းပွဲတော်

မြန်မာပြည်အရပ်ရပ် ညောင်ရေသွန်းကြပုံမှာမျိုးစုံကွဲပြားခြားနားခြင်းမရှိပေ။ မိမိတို့ နိုးစပ်ရာ အမျိုးသမီး အမျိုးသားများ စုရုံးပေါင်းစုကြ၍ နီးရာ ဗောဓိပင် (သို့မဟုတ် ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားပုထိုးအနီးရှိ အဓိကရ ညောင်ပင်) သို့ စုရုံးသွားကြသည်။ အမျိုးသမီးများက ရေအိုးကိုယ်စီ ရွက်လျက် စီတန်းသွားကြပြီး အမျိုးသားများက အိုးစည်ဒိုးပတ်များဖြင့် ဆော်ဗျောက်တပါး သီဆိုကခုန်သွားကြသည်။ ဗောဓိပင်သို့ ရောက်ရှိ အလှည့်ကျ ညောင်ရေသွန်းကြသည်။

ညောင်ရေသွန်းပွဲတော်တွင် သာမန်သီဆိုကြ၊ ကခုန်ကြခြင်းအပြင် သရုပ်ဖော်ခြင်းလည်း ပြုကြသည်။ ဇာတ်ကွက်ဇာတ်လမ်းတင်၍ သရုပ်ဖော်ကြရာတွင် အထူးသဖြင့် ဗောဓိပင်နှင့်ရှေ့ပလွင်ကို မာရ်နတ်လုခန်းမှာ ထင်ရှား၍ မရိုးနိုင်သော ပြကွက်တခုဖြစ်လေသည်။

ထိုအခန်းကိုပြရာ၌ မြတ်စွာဘုရားရှေ့ပုံတော်ကို ရေးချယ်ပြီး မာရ်နတ်မင်း၊ မြေစောင့်နတ်၊ မာရ်နတ်စစ်သည် စသည်တို့နေရာ အရပ်သားများ သရုပ်ဆောင်ကြသည်။ မာရ်နတ်ကဗောဓိ

www.burmeseclassic.com

www.burmeseclassic.com

ပင်နှင့် ရွှေပလွှင်ကို သူ ပိုင်ဆိုင်ကြောင်း ရန်ထောင်လာသော အခါ ဝသုန္ဒေမြေစောင့်နတ်ကဘုရားအလောင်းတော်၏ဂုဏ်ထူး ဝိသေသများကို ဖော်ထုတ်ပြီး အလောင်းတော်နှင့်သာထိုက်တန်ကြောင်း ပြောကြားသည်။ အလောင်းတော်သည် ဘဝအဆက်ဆက် ပါရမီ ဖြည့်ဆည်းခဲ့၊ အလှူပြုခဲ့သည်မှာ အဘယ်မျှ များပြီး ဖြစ်ကြောင်းကို အလောင်းတော်ရေစက်သွန်းချခဲ့သဖြင့် သူ၏ ဆံပင်တွင် ရေစင်များ ကပ်ငြိနေသဖြင့် ညစ်ချေဟန် ပြသည်။ ဤတွင် တနေရာမှ ရေပိုက်ငယ်ဖြင့် လျှို့ဝှက် ဆက်သွယ်ပြီး မြေစောင့်နတ်၏ ဆံပင်(အတု)မှ ရေများ အဆက်မပြတ် စီးကျလာစေရာ ပွဲကြည့်ပရိသတ်တို့ မျှားစွာနှစ်သက်သည်။ မာရ်နတ်မင်းလည်း ရေတွင် မျောချ၍ ပြေးရဟန်ပြုသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရှိ ဗောဓိပင်ကို နှစ်စဉ်နှစ်တိုင်း အသင်းအဖွဲ့ပေါင်းစုံမှ ညောင်ရေသွန်းကြသည်မှာ အထူး စည်စားသည်။ အင်္ဂါလုံချည်ဆင်တူမျှားဝတ်ဆင်၍ အဆိုအတီးအကတို့ဖြင့် အဖွဲ့လိုက်ပါဝင်ကြသည်။ နံနက်မှ နေဝင်သည်အထိ အဆက်မပြတ် လခရောက်ရေသွန်း လှူဒါန်းကြသည်။ ဘုရားကုန်းတော်တွင် ပွဲကြည့်ပရိသတ်များ ကျိတ်ကျိတ်ဝုံး စည်ကားလှသည်။ ညောင်ရေသွန်းအဖွဲ့အမည်များမှာလည်း (ဖက်ဖူးရောင်အသင်း၊ စိမ်းရောင်စို့၊ ကြည်ပြာရောင်)စသည်တို့ ဖြစ်သည်။

နယုန်လမဟာသမယနေ့

ရှေးအခါက ဤလ ဤရာသီတွင် စာပြန်ပွဲကျင်းပကြသည်။ မြန်မာဘုရင်များလက်ထက်က ဘုရင်ကိုးကွယ်သော သာသနာတော်ဆရာတော်များ၏အမိန့်ဖြင့် ဆိုင်ရာဆိုင်ရာတို့မှ ကြီးမှူးကျင်းပကြသည်။ နယုန်လတွင် စာပြန်ပွဲ၊ ဝါဆိုလတွင် သာသနာ့ဘောင်ဝင်ကြသည့် ရဟန်းတက်ပွဲ ကျင်းပမြဲဖြစ်၍(စာပုလေ့ခင်း ပဋ္ဌင်းထောင်ခံ)ဟူ၍ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါနိန်အခါတွင်မူ နယုန်လပြည့်နေ့ကို (မဟာသမယနေ့)ဟူ၍ သတ်မှတ်ထားသည်။ မဟာသမယနေ့ဟု သတ်မှတ်ရခြင်းမှာ မြတ်စွာဘုရားသည် ဤနေ့ ဤအခါနိန်တွင် မဟာသမယတော်ကို ဟောတော်မူခဲ့ခြင်းကြောင့်ဖြစ်သည်။

[illegible]ာသမယ

(မဟာသမယသည် မြတ်သောအခါတော်) တနည်း (နတ်[illegible]ားအများဆုံး စုရုံးသောအခါတော်)ပင်ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် မဟာသမယသုတ်တော်ကို ကပိလ[illegible]ည်၊ မဟာဝုန်တောတွင် ဟောကြားတော်မူခဲ့ခြင်း ဖြစ်[illegible]။ ဟောကြားတော်မူရခြင်းအကြောင်းရင်းနှင့် နတ်ပြဟ[illegible]း စုရုံးလာရောက်ခြင်းအကြောင်းရင်းမှာ အောက်ပါအတိုင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကပိလဝတ်ပြည်နှင့်ကောလိယပြည်

ကပိလဝတ်ပြည်သည် မဇ္ဈိမဒေသတွင်တည်ရှိသည်။ရှေးအခါက **ကပိလဝတ်**ပြည်သည် မဇ္ဈိမဒေသပြည်ကြီးနှစ်ဆယ်တွင် အပါအဝင်ဖြစ်၍ တိုင်းကြီး ၁၆ တိုင်း ရှိသည့်အနက် သက္ကတိုင်းတွင် ပါဝင်လေသည်။

မဇ္ဈိမဒေသတွင် ဥက္ကာကရာဇ်မင်း နန်းစံစဉ် သားတော် သမီးတော်များကို ဟိမဝန္တာအရပ်သို့စေလွှတ်သည်။သားတော် သမီးတော်များက ကပိလ ရသေ့ကြီး၏ ကျောင်းသခ်ိမ်းအနီးရှိ ရောဟနီမြစ်၏ကမ်းဘေးတွင် တိုင်းပြည် တည်ထောင်၍ အခြေစိုက်နေထိုင်ကြသည်။ ထိုပြည်ကို (ကပိလဝတ်ပြည်)ဟူ၍ တွင်စေသည်။

ကပိလဝတ်ပြည်ကို တည်ထောင်သည်နှင့် တချိန်တည်းမှာပင် သာကီဝင်မင်းတို့သည် ရောဝတီမြစ်၏တဘက်ကမ်းတွင် ကောလိယပြည်ကို တည်ထောင်သည်။ သာကီဝင်တို့ ရေကစားရာ အရပ်တွင်လည်း ဒေဝဒဟပြည်ကို တည်ထောင်လေသည်။

မြတ်စွာဘုရားဖြစ်ပွင့်တော်မူစဉ်တွင် ခမည်းတော် သုဒ္ဓောဒနမင်းကြီးသည် ကပိလဝတ်ပြည်ကို စိုးမိုးအုပ်ချုပ်လေသည်။

> မဇ္ဈိမဒေသ (ပါဠိ) ဖြူစင်သော အကျင့် ရှိသူတို့ ဖြစ်ရာ အရပ်ဌာနဟူ၍ အဓိပ္ပာယ်ရရှိသည်။ အချို့က မဇ္ဈိမဒေသကို ဘုရားပွင့်ရာ အရပ်ဒေသဟု ပြန်ဆိုသည်။ အိန္ဒိယ ဘုရားပွင့်ရာ အရပ်ဒေသကို ရည်ညွှန်း ခေါ်ဆိုသဖြင့်ယူဆချက် နှစ်ရပ်စလုံး မှန်သည်။

ကပိလဝတ်ပြည်သား လယ်သမားများနှင့် ကောလိယပြည်သား လယ်သမားတို့သည် ရောဟဏီမြစ်ရေကို ဆည်မြောင်း တူးသွယ်၍ လယ်ယာစိုက်ပျိုးကြလေသည်။ဤသို့ မြစ်ရေကို သွယ်ယူသုံးစွဲကြရာမှ တခါတွင်နှိုးအချင်းများကြသည်။လယ်သမားများမှ တဆင့် ဘုရင်အချင်းချင်း အငြင်းပွားကြသည်။ ဆိုဇ်ရာသံဓာမနှိုင်းကြီး၊ ဝန်လေးတို့နှင့် ဖြေရှင်းသော်လည်း မပြေလည်ပေ။ ရေပြဿနာကို မင်းနှစ်ပါး လက်နက်စွဲကိုင်ဖြေရှင်းရန် စစ်ချီခဲ့ကြ၏။

မြတ်စွာဘုရားသည် သမာပတ်ဖြင့် မင်းနှစ်ပါး ရေပြဿနာဖြင့် စစ်ခင်းရန် ရင်ဆိုင်နေကြသည်ကို သိတော်မူသည်။ဆွေတော်မျိုးတော်အချင်းချင်းသတ်ဖြတ်ပျက်စီးအံ့သည်ကို မဟာကရုဏာသက်တော်မူသဖြင့် စျာန်ဖြင့် ကြွလာသည်။ ကောင်းကင်ထက် နှစ်ဖက်သောစစ်သည်တို့ အလယ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ဤတွင် နှစ်ဖက်သောစစ်သည်တို့ လက်နက်ချ၍ မြတ်စွာဘုရားကို ရှိခိုးဦးခိုက်ကြသည်။မြတ်စွာဘုရားသခင်လည်း ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးတရားများကို ဟောကြားတော်မူသည်။ စစ်မက် ပြေငြိမ်းပြီး ကပိလဝတ်ပြည်သား သာကီဝင်မင်းမျိုးမှ ၂၅၀၊ ကောလိယပြည်သား သာကီဝင်မင်းမျိုးမှ ၂၅၀၊ပေါင်း ၅၀၀တို့သည် ရဟန်းပြုကြသည်။ ထိုနေ့ကား နယုန်လပြည့်နေ့ ဖြစ်သည်။ ရဟန်းပြုပြီး မဟာဝုန်တောသို့ကြ၍ ကမ္မဋ္ဌာန်းတရား ပွားများရာ ရဟန်းတော်ငါးရာ ဖြစ်တော်မူကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားသခင်သည် ကပိလဝတ် နေပြည်တော်အနီးရှိ မဟာဝုန်တောတွင် သကီဝင်ရဟန္တာ ၈ ပါးရှိနှင့်အတူ စံနေတော်မူသည်။ ဤသို့ စံနေတော်မူစဉ် မြတ်စွာဘုရားနှင့်တကွ ရဟန္တာများကို ဖူးမျှော်ရန် စကြာဝဠာမှ နတ်ပြဟ္မာတို့ စုရုံးလာကြသည်။ နတ်ပြည်ခြောက်ထပ်၊ ပြဟ္မာတုံ့ နှစ်ဆယ် ရှိသည့်အနက် အရူပပြဟ္မာများမှအပ များစွာသောပြဟ္မာတို့ စုရုံးရောက်လာကြသည်။ ထိုနေ့ကား နယုန်လပြည့်နေ့ည ဖြစ်၍ တောပန်းရနံ့ တို့ဖြင့် မဟာဝုန်တောမှာ သာယာစိုပြေလျက်ရှိသည်။ နတ်ပြဟ္မာ အစုံအညီ စုရုံးရောက်ရှိချိန်တွင် သုဒ္ဓာဝါဒပြဟ္မာကြီး လေးပါးသည် မြတ်စွာဘုရားနှင့် ရဟန္တာ အရှင်မြတ်တို့ထံ ချဉ်းကပ်ပြီး တဦးသောပြဟ္မာကြီးက 'မဟာသမယောပဝနသို့' အစချီသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်မှာ 'ဤထူးမြတ်သော အခါတော်တွင် နတ်ပြဟ္မာ အပေါင်းတို့သည် အရှင် ဘုရားထံ ပူဇော်ဝပ်တွားရန် ရောက်ရှိပါသည်' ဟူ၍ ဖြစ်၏။ တဦးသော ပြဟ္မာကြီးကလည်း 'ယျကိ' စိ ဗုဒ္ဓ' သရဏာ'' အစချီသော ဂါထာ ဖြင့် 'မြတ်စွာဘုရားအား ယုံကြည်စွာ ဆည်းကပ် ကိုးကွယ်သော သူတို့သည်အပါယ်လေးပါးသို့မရောက်၊ နတ်ရွာသုဂတိသို့ရောက်ကြကုန်၏' ဟူ၍လျှောက်လေသည်။

ဤသို့ ပြဟ္မာများက လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ရဟန်းအရှင်မြတ်တို့အား 'ချစ်သားရဟန်းတို့၊ ၈ ပါဘုရားနှင့်တကွ ရဟန္တာအပေါင်းတို့အား ဖူးမျှော်ရန်အလို့ငှာ နတ်အပေါင်းတို့ စုဝေးရောက်လာကြကုန်ပြီ။ ချစ်သားတို့ လွန်ပြီးသော

ဘာလများက မျှားစွာသော ပူဇော်အထူးကို ခံထိုက်သော ဘုရားရှင်တို့ လက်ထက်တော်အခါကလည်း ဤသို့လျှင် နတ်အပေါင်းတို့ စုရုံးရောက်လာတတ်သည်သာဖြစ်သည်။ ချစ်သားတို့နောင်လာလတံ့သောအခါတွင်လည်း ပူဇော်ခြင်း အထူးကို ခံတော်မူထိုက်သည့် အတုမရှိသော ဘုရားရှင်တို့ ဖြစ်ပွင့်တော်မူကြပေဦးမည်။ ထိုဘုရားရှင်တို့၏လက်ထက်တွင်လည်း ဤသို့လျှင် နတ်အပေါင်းတို့ စုရုံးရောက်လာကြပြီး တရားတော်ကို နာယူကြဦးမည်သာဖြစ်သည်'' ဟု မိန့်တော်မူသည်။ မိန့်တော်မူပြီးနောက် နတ်ပြဟ္မာအပေါင်းတို့အား 'သိ၈လာကမနုကဿမီ' အစရှိသော ဂါထာဖြင့် မဟာသမယသုတ်ကို ဟောတော်မူသည်။

ထိုကဲ့သို့ မြတ်စွာဘုရားရှင်သည် နတ်ပြဟ္မာတို့စုရုံးစည်းဝေးသောကြောင့် နယုန်လပြည့်နေ့တွင် မဟာသမယသုတ်ကို ဟောတော်မူသောကြောင့် မဟာသမယ အခါတော်နေ့ဟူ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မဟာသမယသုတ်မှာ နတ်ပြဟ္မာအပေါင်းကို ရည်ရွယ်၍ ဟောခဲ့ခြင်းဖြစ်သည်။ နတ်ပြဟ္မာတို့သည် မဟာသမယသုတ်ကို နာကြားလိုသဖြင့် မဟာသမယသုတ် ရွတ်ဖတ်ရုအရုပ်မျှားသို့ လှည့်လည်ရှာဖွေသည်။ မဟာသမယသုတ် ရွတ်ဖတ်နေသည်နှင့် တွေ့လျှင် တရားနာယူကြသည်။ မဟာသမယသုတ်ကို ရွတ်လျှင် နတ်ပြဟ္မာတို့ ချစ်ကြသည်။ မဟာသမယသုတ် ရွတ်ရာသို့ တရားနာယူရန်နတ်ပြဟ္မာတို့စုရုံး လာရောက်ကြသဖြင့် တစ္ဆေ၊မြေဘုတ် ဘီလူး စသည်တို့ ရှောင်ရှားပေးရမည်။ ထို့ကြောင့် မကောင်းသော အန္တရာယ်မှ ကင်းဝေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုလပြည့်ခမ္မစကြာအခါတော်

၁။ မြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ရဟန်းတော်များ ဝါတွင်းသုံးလ ဝါဆို ဝါကပ်တော်မူသည်ကို အကြောင်းပြု၍ ဝါဆိုလဟု မည်တွင်သည်။

၂။ သက္ကရာဇ် ၁၀၃ ဝါဆိုလပြည့် စနေနေ့ညတွင်မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂိုဏ်းဦးအား ခမ္မစကြာ တရားတော်ကို ဟောကြားသဖြင့် ဝါဆိုလပြည့်နေ့ကို မွေ့စကြာ အခါတော်နေ့ဟူ၍ သတ်မှတ်ခြင်းဖြစ်သည်။

ဝါဆို-ဝါလ ဝိသေသ

ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားအလောင်းတော် သနွေယူတော်မူသည်။ ထိုနေ့မှာပင် တောထွက်တော်မူသည့်အပြင် ဘုရားအဖြစ်ကို ရတော်မူသည့်အခါတွင်လည်း တရားဦးဖြစ်သော ခမ္မစကြာတရားတော်ကို ဟောတော်မူသည်။ ထို့ကြောင့် 'သနွေ တောထွက်၊ခမ္မစက်၊ဟောမြှက်လ ဝါဆို' ဟူ၍ ဆိုစမှတ် ပြုခြင်းဖြစ်သည်။

ရဟန်းတော်များ ဝါဆိုတော်မူခြင်း

ဝါတွင်းကာလ၌ ရဟန်းတော်များ ဝါဆိုကြခြင်းမှာ မြတ်စွာဘုရား ပညတ်ခဲ့၍ ဖြစ်သည်။ မြတ်စွာဘုရားပညတ်တော်မူစဉ်က ရဟန်းတော်များ ဝါဆို ဝါကပ်ခြင်းမပြုကြပေ။

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာကီဝင် အနွယ်များ ဖြစ်ကြသော ရဟန်းတော်များသည် နွေ-မိုး-ဆောင်း ဥတု သုံးပါးလုံး ခရီးလှည့်လည် သွားလာနေကြသည်။ မိုးဥတု၌ တရုပ်မှ တရုပ်သို့ ဒေသစာရီလှည့်လည်ခြင်းပြုကြရာ ပြည်သူတို့ စိုက်ပျိုးထားသော ကောက်နှံသီးကင်းများကို ဖြတ်ကျော်နင်းနယ်သဖြင့် ပျက်စီးလေသည်။ ထိုအခါ ပြည်သူများက 'မိုးကာလတွင် အယူလဲမှားမိစ္ဆာတိတ္ထိများပင် ခရီးသွားလာခြင်းမပြုကြ။ တိရစ္ဆာန်ဌက်များသည်ပင်လျှင် အသိုက်ပြောင်းခြင်းမပြုကြ။ ကျွန်ုပ်တို့ ကိုးကွယ်သော ကာကီနွယ်ဘွား ရဟန်းတော်များကား အမျှားပြည်သူတို့ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို နင်းနယ်ဖျက်ဆီးလျက် နွေ-မိုး မရွှေ့ခင် ခရီးသွားကြလေသည်တကား'' စသည်အားဖြင့် အပြစ်တင်ကြလေသည်။

ဤအကြောင်းကို မြတ်စွာဘုရားသခင် ကြားသိတော်မူသော အခါ ရဟန်းတော်များအား ဝါတွင်း သုံးလ ကာလ ပတ်လုံး မိမိတို့၏ကျောင်းတိုက်အရံအတွင်း၌ ဝါဆို-ဝါကပ်ခြင်း ပြု၍ ရဟန်းတရားကို အားထုတ်နေကြရန်၊ ဝါကျိုး, ဝါပြတ်, ဝါမကပ်ဘဲ ညဉ့်အိပ်ညနေ ခရီးသွားသော ရဟန်းတော်များအား ဥက္ခဋ္ဌအာပတ်သင့်စေရန် အာဏာခမ္မစက် သိက္ခာပုဒ် ပညတ်တော်မူခဲ့သည်။ ထိုသည်မှစ၍ ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် တရက်နေ့တွင် ဝါဆိုခြင်းပြုသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဝါကပ်-ဝါဆိုခြင်း ပြီးဆုံးကျွတ်လွတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝါဆို-ဝါကပ်ခြင်း သဘောမှာ သတ်မှတ်ထားသော မိမိတို့၏ ကျောင်းတိုက်အဆောက်အဦ အရံအတားမှ အရပ် တပါးသို့ ညဉ့်အိပ်ညနေမသွားပါဟု ကတိပြုကြခြင်းပင် ဖြစ်သည်။ ဝါဆို အတွင်း ဝါပန်၍ ညဉ့်အိပ် ညဉ့်နေ(၇)ရက်မှကျော်၍ မသွားနိုင်ပေ။

ဝါဆိုခြင်းမျိုး မျိုးနှစ်ပါး

ရဟန်းတော်များ ဝါတွင်းသုံးလအတွင်း အရပ်တပါးသို့ မရွှေ့မပြောင်းရပေ။ ဝါဆိုရမည့် အချိန်ကာလကို နှစ်မျိုး နှစ်စား ပိုင်းခြားထားလေသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ပုရိမဝါ....ဝါဆိုလပြည့်ကျော် တရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါဆိုခြင်း။ ၎င်းကို ပထမဝါဟု ခေါ်ဆိုကြသည်။

၂။ မဇ္ဈိမဝါ.... ဝါခေါင်လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ။ ၎င်းကို ဒုတိယ ဝါဆိုဟု ခေါ်သည်။ ပထမ ဝါဆိုရန် အချိန်မမှီလျှင် ဒုတိယ ဝါဆိုနိုင်သည်။ ဝါဆိုလပြည့်ကျော် တရက်နေ့တွင် ဝါဆိုပန်းကပ်ခြင်းနှင့် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်လေ့ရှိကြသည်။

ဓမ္မစကြာအခါတော်နေ့

မြတ်စွာဘုရားအလောင်းတော်သည် ရှေထီးရှေနန်းကို စွန့်၍ ဝါဆိုလပြည့်နေ့တွင် တောထွက်တော်မူသည်။ ပဉ္စဝဂ္ဂါ ငါးဦး

ခြံရံကာ တရားကျင့်တော်မူသည်။ ဒုက္ခစရိယာ ခြောက်နှစ်တိုင် တိုင် ကျင့်တော်မူသော်လည်း ဘုရား မဖြစ်ပေ။ ထို့ကြောင့် မိမိ တပါးတည်း လမ်းခွဲကာ တရားဖြည့်ကျင့်တော်မူသည်။ သမ္ဗုဒ္ဓတရားတော်ကို ရရှိ၍ ဘုရားဖြစ်တော်မူသောအခါ "ငါဘုရား သိပြီးသော သစ္စာလေးပါးတရားတော်သည် နူးညံ့ သိမ်မွေ့ နက်နဲလွန်းသည်။ သတ္တဝါ၏ သဏ္ဌာန်ကား လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ထူပြောလှသည်။ ဤသတ္တဝါစုကို ငါဘုရား တရားဟောသော်လည်း အချည်းနှီးသာ ဖြစ်လိမ့်မည်။ တရား မဟောတဲ့ ဆိတ်ဆိတ်နေတော့မည်" ဟု ကြံရွယ်တော်မူလေသည်။ ရှေစိတ်တော် ရှင်ပျံခြင်းမရှိ၊ ဆုတ်နစ်တော်မူလေသည်။ ဤ အကြောင်းကို သဟံပတိပြဟ္မာမင်းက သိရှိသဖြင့် နတ်ပြည်မှ ဆင်းလတ်၍ ဘုရားရှင်ထံ ခစားသည်။

သဟံပတိပြဟ္မာမင်းသည် ဘုရားရှင်အား 'အရှင်ဘုရား၊ သတ္တဝါများကို ငဲ့ညှာသောအားဖြင့် အရှင်ဘုရား ပိုင်းခြားထင်ထင် သိမြင်တော်မူသောတရားတော်ကို ဟောတော်မူပါဘုရား' ဟူ၍ (နဿတိ ဝတဘောဘလောကော ဟူသော ဂါထာကို သုံးကြိမ် ရွတ်၍ လျှောက်ထားသည်။ လောကဌ် အရှင်ဘုရား၏ တရားတော်ကို နာယူထိုက်သူပေါင်း များစွာ ကျန်ရှိသေးသည်ဟု လျှောက်ထားလေသည်။ ဤတွင်မှ မြတ်စွာဘုရားလည်း တရား ဟောတော့အုံ့ဟု ကတိပြုလေသည်။

မြတ်စွာဘုရားသည် သစ္စာလေးပါး တရားထူး တရားဦးကို ဟောတော်မူရန် ဗုဒ္ဓဂါယာ ဗောဓိမဏ္ဍိုင်မှ ပဉ္စဝဂ္ဂါ ငါးဦးရှိရာ မိဂဒါဝုန်တောသို့ ကြွတော်မူလေသည်။ ခရီးလမ်းတွင် ဥပက

www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိသောတကာဘဉ်းနှင့် တွေ့သည်။ ဥပကမှာ ဘုရားရှင်၏ တရားတော်ကို နာကြားထိုက်သူ မဟုတ်သဖြင့် ဘုရားရှင်ကို ရှေးဦးစွာ ဖူးမြင်ရပါလျက် 'ငါ့ရှင် အဘယ်သူနည်း၊ အဘယ်ကို ရည်၍ ရဟန်းပြုပါသနည်း' စသည်ဖြင့် မေးမြန်း စုံစမ်းခြင်းသာ ပြုလေသည်။

မိဂဒါဝုန်တောသို့ ရောက်တော် မူသောအခါ ပဉ္စဝဂ္ဂီ ငါးဦးကို အမှူးထားလျက် မရေမတွက်နိုင်သော နတ်ပြဟ္မာတို့အား ဓမ္မစက္ကြာ တရားဦးကို ဟောကြားတော်မူလေသည်။ မြတ်စွာဘုရားသခင်သည် ခမ္ဘာ့ဇွန်ဘာပေါင်း ရှစ်သောင်း လေးထောင်မျှသော တရားတော်များကို ဟောကြားခဲ့ရာ ဤ ဓမ္မစက္ကြာ တရားတော်သည် ရှေးဦးပထမ ဟောကြားတော်မူသော တရားတော်ဖြစ်၍ အလွန်ထူးမြတ်သော တရားတော် ဖြစ်လေသည်။

ဓမ္မစက္ကြာမှာ (ဓမ္မစက္ကပဝတ္တန)ဟူသောပါဠိမှ ဆင်းသက်လာသည့် ဝေါဟာရ ဖြစ်သည်။

ဓမ္မ-သစ္စာလေးပါး အမှန်တရား။

စက္က-အဖန်ဖန်အထပ်ထပ် လှည့်တတ်သောစက်။

ပဝတ္တန-ဖြစ်ခြင်း။

ဓမ္မ-စက္က-ပဝတ္တန(ဓမ္မစက္ကြာ)၊သစ္စာလေးပါး အမှန်တရားကို စက်လှည့်၍ အဖန်ဖန် အထပ်ထပ် ဟောတော်မူခြင်း။

မြတ်စွာဘုရား၏ ဓမ္မစက္ကြာတရားတော်ကို နာကြားရသဖြင့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနံ၊ အဿဇိ တည်းဟူသော ပဉ္စဝဂ္ဂီငါးဦးနှင့်တကွ မျှားစွာသော နတ်ပြဟ္မာတို့ အကျွတ်

တရား ရရှိကြသည်။ ပဉ္စဝဂ္ဂီငါးဦးလည်း မြတ်စွာဘုရားထံတွင် ရဟန်းအဖြစ်ကို ပြုခွင့်ပန်ကြသည်။ မြတ်စွာဘုရား ခွင့်ပြုသဖြင့် ဟေတိကဘိက္ခုရဟန်းအဖြစ်ကို ရရှိကြသည်။ ဟေတိကဘိက္ခု- ရဟန်းဟူသည်မှာ ဘုရားရှင်က (ရဟန်းဖြစ်စေ)ဟု မိန့်တော်မူသဖြင့် ထိုကဲ့သို့ အစုံအလင်ဖြင့် ချက်ချင်း ရဟန်းအဖြစ်ကို ရခြင်းပင် ဖြစ်သည်။

ဤသို့ ပဉ္စဝဂ္ဂီငါးဦးအား အမှူးထား၍ ဓမ္မစက္ကြာတရားဦးကို ဟောကြားခြင်း၊ ပဉ္စဝဂ္ဂီငါးဦးအား ဟေတိကဘိက္ခု ရဟန်းဖြစ် ခေါ်ဆောင်တော်မူခြင်းမှာ ဤဝါဆိုလပြည့်နေ့ပင် ဖြစ်၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစက္ကြာ အခါတော်အဖြစ်ဖြင့် သတ်မှတ်ကြခြင်းဖြစ်သည်။ ဝါဆိုလတွင် ပဉ္စင်းခံ ရှင်ပြုခြင်းကို ရှေးအခါက ပြုခဲ့ကြခြင်း ဖြစ်သည်။

\+ × ×

မြတ်စွာဘုရားဝါဆိုတော်စဉ်

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ် ၅၁နေပေါင်း (၂၅)ဌာနတွင် ဝါတော် (၄၅)ဝါ ဆိုတော်မူခဲ့သည်။ သုတေသီ ဦးဆောက် အလျှဉ်းသင့်သဖြင့် ဝါတော်စဉ်များကို ဖော်ပြလိုက်သည်။

၁။ ဗာရာဏသီပြည်မိဂဒါဝုန်တောနန္ဒိယဝိဟာရ၌ပထမဝါ။

၂။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ပေါင်း သုံးဝါ။

www.burmeseclassic.com

www.burmeseclassic.com

၃။ ဝေသာလီပြည် မဟာဝုန်ကျောင်း၌ ပဋ္ဌမ ၀ါ။
၄။ ရာဇဂြိုဟ်ပြည် မကုဒုတောင် ချယားတော၌ ဆဋ္ဌမ ၀ါ။
၅။ တာ၀တိံသာ ပင်လယ်ကသစ်ပင်ရင်း၌ သတ္တမ ၀ါ။
၆။ ဘဂ္ဂတိုင်း သံသုမာရတောအုပ်၌ အဋ္ဌမ ၀ါ။
၇။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နဝမ ၀ါ။
၈။ ၎င်းပြည် ပလလဲတော အင်ကြင်းပင် အောက်၌ ဒသမ ၀ါ။
၉။ မြေဟွန်ဏ ၀ါမ နာလိကာရုံ ကျောင်းတော်၌ ကော ဒသမ ၀ါ။
၁၀။ ဝေရဉ္ဇာ ပုဏ္ဏားရွာ တမာပင်ရင်း၌ ဒွါဒသမ ၀ါ (၁၂-၀ါ)။
၁၁။ ဇာလိယတောင်၌ ၁၃-၀ါ၊ ၁၈-၀ါတကြိမ်၊ ၁၉-၀ါ တကြိမ်၊ ပေါင်း ၃-၀ါ။
၁၂။ သာ၀တ္ထိပြည် ဇေတ၀နိ်ကျောင်းတော်၌ ၁၄-၀ါ တကြိမ်၊ ၂၁-၀ါမှ ၄၄-၀ါထိ တကြိမ်၊ ပေါင်း ၂၅-၀ါ။
၁၃။ ကပ္ပိလ၀တ်ပြည်နိ်ဗြောဓာရုံကျောင်းတော်၌ သန္ဓရသမ ၁၅-၀ါ မြောက်။
၁၄။ အာဠ၀ီပြည် မဟာ၀ုန်တော၌ သောဠသမ ၁၆-၀ါ မြောက်။
၁၅။ ရာဇဂြိုဟ်ပြည် နလန္ဒရွာ သာရိပုဏ္ဏားမကြီးကျောင်း၌ သတ္တသရမ ၁၇-၀ါ မြောက်။
၁၆။ ၎င်းနယ် ဂိဇ္ဈကူဋ်တောင်၌ ဝိတိမ ၂၀-၀ါ မြောက်။
၁၇။ ၄၅-၀ါ မြောက် နောက်ဆုံး ဝေဠု၀ရွာ၌ ၀ါဆိုတော် မူလေသည်။

သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် အာဘိဓမ္မာအခါတော်နေ့

၁။ ရဟန်းတော်များ ၀ါတွင်း သုံးလ ပတ်လုံး ၀ါဆုံ၊ ၀ါကပ်တော်မူရာမှ ကျွတ်လတ် ပြီးဆုံးသော ကာလဖြစ်သည်။ မြတ်စွာဘုရားသခင် တာ၀တိံသာ နတ်တို့ရှေ့မှ လူ့ပြည်သို့ ပြန်လည် ကြွဆင်းလာသဖြင့် မီးရောင်စုံ ထွန်းညှိပူဇော်ကြသည်ကို အကြောင်းပြု၍ ဤလ,ဤအခါတွင် မီးပွဲသဘင် ကျင်းပကြခြင်း ဖြစ်သည်။

၂။ သီတင်းကျွတ်တွင် ရဟန်းတော်များသည် အချင်းချင်း ဖိတ်ကြားတောင်းပန်မှုပြုသည့်(ပ၀ါရဏာပွဲ)ပြုသည်။ လူပုဂ္ဂိုလ်များသည်လည်း သက်ကြီး ၀ါကြီးများကို ပူဇော်ခြင်း ပြုကြသည်။

၃။ မြတ်စွာဘုရားသည် ၀ါတွင်းသုံးလပတ်လုံး တာ၀တိံသာ နတ်ရွာတွင် 'အဘိဓမ္မာ'တရားတော်ကို ဟောကြားတော်မူသည်မှာ သီတင်းကျွတ်သည်အထိ ဖြစ်သည်။ ဤသည်ကို ရည်ရွယ်ပြီး သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟူ၍ သတ်မှတ်ခြင်း ဖြစ်သည်။

မီးပွဲသဘင် ဆင်ယင်ပူဇော်ခြင်း

မြတ်စွာဘုရား သခင်သည် ၆-၀ါ အလွန် ၇-၀ါ မြောက် ၀ါဆိုရောက်ဆဲတွင် သာ၀တ္ထိပြည် သရက်ဖြူ ပင်ရင်းဝယ် အယူ

www.burmeseclassic.com

www.burmeseclassic.com

မှားသူ မိစ္ဆာတတ္ထိမျှားကို ချွတ်ပယ် နှိမ်နင်းတော် မူပြီးနောက် နတ်ပြည်သို့ ဝါကပ်ရန် ကြွတော်မူလေသည်။နတ်ပြည်၌ ဝါကပ်ရခြင်းမှာ မယ်တော်မာယာဖြစ်ခဲ့ဘူးသော သန္တုဿိ နတ်သားကို အမှူးထား၍ အခြားနတ်ပြဟ္မာ အပေါင်းတို့အား အဘိဓမ္မာ တရားတော်ကို ဟောကြားရန် ဖြစ်လေသည်။ မြတ်စွာဘုရား သည် သရက်ဖြူပင်ရင်းမှ တာဝတိ သာနတ်ပြည် မဟာသုဒဿန မြို့ အရှေ့မြောက်အရပ်တွင် တည်ရှိသည့် မဟာဝန် ဥယျာဉ် အတွင်း တည်ရှိသော ပင်လယ်ကသစ်ပင်ရင်းမှ သိကြားမင်း၏ နေရာ ပဏ္ဍုကမ္ပလာ မြကျောက်ဖျာပေါ်သို့ ခြေလှမ်း နှစ်လှမ်း ဖြင့်သာ ကြွရောက်တော် မူလေသည်။ သရက်ဖြူ ပင်ရင်းတွင် လက်ဝဲ ခြေတော်ကို ရပ်တန့်တော်မူ၍၊ လက္ခ ခြေတော်ကို မြင့်မိုရ်တောင် တဝက်၌ တည်ရှိသော ယုဂန္ဓိရ် တောင်ထိပ်သို့ ကြွချီ နင်းချတော် မူလေသည်။ ရပ်တန့် ထားသော လက်ဝဲ ခြေတော်ကို မြှောက်ချီပြန်ကာ မြင့်မိုရ်တောင်ထိပ်တွင် တည်ရှိ သော နတ်ပြည်မှ သိကြားမင်း၏ ပဏ္ဍုကမ္ပကာ မြကျောက် ဖျာပေါ်သို့ ကြွရောက်တော် မူလေသည်။ ဤသို့ အားဖြင့် လူ့ပြည်မှယုဂန္ဓိရ်တောင်ထိပ်သို့ ခြေတော်တလှမ်းနင်းမှမြင်းမိုရ် တောင်ထိပ်ရှိ နတ်ပြည်သို့ ခြေတော်တလှမ်းအားဖြင့် ခြေတော် နှစ်လှမ်း၊ လူ့ပြည် သရက်ဖြူ ပင်ရင်းတွင် ခြေတော် တဖဝါး၊ ယုဂန္ဓိရ်တောင်ထိပ်တွင် တဖဝါးအားဖြင့် ခြေတော်သုံးဖဝါးရှိ သည်။ထို့ကြောင့် မြတ်စွာဘုရားသည် လူ့ပြည်မှ နတ်ပြည်သို့ ကြွ ရာ၌ ခြေတော်နှစ်လှမ်းနှင့် သုံးဖဝါးဖြင့် ရောက်တော်မူလေသည်။

မြတ်စွာဘုရားသည် လူ့ပြည်မှ ယုဂန္ဓိရ် တောင်ထိပ်သို့ တလှမ်းတည်းဖြင့် လှမ်းကြွရာ၌ ခြေတော်ကို ရှည်စေခြင်းဖြင့်

လှမ်းကြွခြင်း မဟုတ်ပါ။ မြတ်စွာဘုရား ခြေတော် ကြွမြှောက် လိုက်သည့်အခါ ယုဂန္ဓိရ်တောင်ထိပ်က ခြေတော်ရင်းသို့ တိမ်း ညွတ်လာခြင်း ဖြစ်လေသည်။ မြတ်စွာဘုရား အလိုတော်ရှိတိုင်း နင်းပြီးမှသာ မိမိ၏ နေမြဲအတိုင်း ပြန်ရှိလေသည်။

မြတ်စွာဘုရားသည် နတ်ပြည်တွင် ဝါတွင်းသုံးလ ကာလ ပတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူ၍ သီတင်း ကျွတ်လပြည့်နေ့တွင် လူ့ပြည်မှ သင်္ဃာနဂိုရ်ပြည်သို့ ကြွတော် မူခဲလသည်။

မြတ်စွာဘုရား တာဝတိ သာ နတ်ပြည်တွင် ဝါဆိုနေတော် မူစဉ် ဝါကျွတ်ကာလ၌ မူလနတ်ပြည်သို့ ကြွရာ သာဝတ္ထိမြို့ တော်သို့ပင် ပြန်ကြွလိမ့်မည်အထင်ဖြင့် လူအများသည် သာဝတ္ထိ မြို့တွင် စုရုံး စောင့်မျှော် နေကြသည်။ အရှင် မောဂ္ဂလန်သည် ဤအကြောင်းကို သိသဖြင့် နတ်ပြည်သို့ကြွကာ ဘုရားရှင်ကို ပြန်ကြွမည့် နေ့ရက်နှင့် နေရာကို လျှောက်ထား လေသည်။ မြတ်စွာဘုရားရှင်က သင်္ဃာနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့် နေ့တွင် ကြွဆင်းမည် ဖြစ်ကြောင်း အမိန့်ရှိသည်။ လူများစုဝေး နေရာ သာဝတ္ထိနှင့် သင်္ဃာနဂိုရ်ပြည်မှာ ယူဇနာ သုံးဆယ်မျှ ကွာဝေးသဖြင့် လူများ သင်္ဃာနဂိုရ်သို့လာရောက်ရန်ခဲယဉ်းမည် ဖြစ်ကြောင်း ရှင်မောဂ္ဂလန်က လျှောက်ထားရာ "ငါဘုရား၏ ဂုဏ်ကို အာရုံပြု၍လာလျှင် ယူဇနာ မည်မျှ ခြားခစကာမူ မပင်ပန်းဘဲ ရောက်နိုင်သည်"ဟု အမိန့်ရှိလေသည်။ရှင်မောဂ္ဂလန် လည်း လူ့ပြည်သို့ပြန်ကြွကာ လူအပေါင်းအား ကျေးဇူးခ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤသို့ဖြင့် မျှားစွာသော လူတို့သည် သက်သာနဂိုပြည်မှ မြတ်စွာဘုရားအား စောင့်ကြိုနေကြလေသည်။

မြတ်စွာဘုရားသည် ၆-၀ါလွန် ၇-၀ါမြောက်ကို နတ်ပြည်၌ ၀ါဆိုတော်မူ၍ သီတင်းကျွတ် လပြည့်နေ့ညတွင် လူ့ပြည် သက်သာနဂိုရိပ်သို့ နတ်ပြုပွဲမှ အမျှားခြံရံလျက် ကြွဆင်းတော်မူ လေသည်။ သက်သာနဂိုရိပ်ပြည်တွင် စုရုံးနေကြသော ရဟန်းရှင်လူ တို့သည် ၀မ်းမြောက် ၀မ်းသာဖြင့် ပန်းဆီမီးတို့ဖြင့် ပူဇော်ကြ လေသည်။ ဤသည်ကို ရည်ရွယ်၍ နှစ်စဉ်မပြတ် သီတင်းကျွတ် လပြည့် အခါတွင် မီးရောင်စုံမျှားထွန်းညှိ၍ မြတ်စွာဘုရားအား ရည်စူး ပူဇော်ကြခြင်း ဖြစ်လေသည်။

အုံ့ဘွယ်တဆယ့်ရှစ်ဖြာ

မြတ်စွာဘုရားသည် ရေမီးအစုံ တန်ခိုးပြတော်မူခြင်း၊ကောင်း ကင်မှ ကြွခြင်း စသည်အားဖြင့် အထက်တွင် ဖော်ပြခဲ့သည်။ ဤသို့ မြတ်စွာဘုရား၏ တန်ခိုးတော် အနန္တကို ဖော်ပြရာ၌ အချို့ လူငယ်တို့စိတ်၌ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားမိကြမည် ဖြစ် သည်။ ဘာသာရေး၌ အလေ့အလာ နည်းပါးသူတိုင်း ဤသို့ စိတ်နှစ်ခွဖြစ်ကြရမည်။ ထို့ကြောင့် မြတ်စွာဘုရား၏ အုံ့ဘွယ် တဆယ့်ရှစ်ဖြာတို့ အလျှင်းသင့်၍ ဖော်ပြလိုက်သည်။

၁။ သက်နီးတော်ကို ဖွပ်ဆိုးလျှော်နယ်ရမှု၊ နွမ်းရိမှုမရှိခြင်း။
၂။ ဆံတော် လက်နှစ်သစ် တည်နေခြင်း။

၃။ ပရိကွရာဆောင်ရာ၌ ကိုယ်တော်နှင့် လက်လေးသစ်ကွာ ခြင်း။
၄။ သပိတ်တော်ဆေးလျှင် လက်တော်စင်၍၊ လက်တော် ဆေးလျှင် သပိတ်တော်စင်ခြင်း။
၅။ ရောင်ခြည်တော်ခြောက်ပါးကို လွှတ်လျှင် အရပ်ဆယ် မျက်နှာသွန်ခြင်း။
၆။ ကိုယ်တော်၏ပုံတူကို အသိန်းအသန်း ဖန်ဆင်းနိုင်ခြင်း။
၇။ ခေတ်သုံးပါးတို့၌ အမိုက်အလင်းကို ဖန်ဆင်းနိုင်ခြင်း။
၈။ မှုံညင်းစေ့ခန့် ကြုတ်တွင်းသို့ ဝင်နိုင်ခြင်း။
၉။ ကိုယ်ကို အထက်ကောင်းကင်မှ လဝန်း ပေါ်သကဲ့သို့ မြင်နိုင်စေခြင်း။
၁၀။ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအသံသာ၌ဖြင့်ဟောတော် မူသော တရားကို ပရိသတ်အားလုံးကြားနိုင်စေခြင်း။
၁၁။ အာသယာနုသယ ဉာဏ်တော်ရှိခြင်း။
၁၂။ ကျွတ်မည့်သူကိုသိသည့် မဟာကရုဏာသမာပတ္တိဉာဏ် တော်ရှိခြင်း။
၁၃။ ဘယ်အခါမှန် ဘယ်အခါ ကျွတ်မည်စသည်ဖြင့် သိနိုင် သော ဣန္ဒြိယပရောပရိတ္တိ ဉာဏ်ရှိခြင်း။
၁၄။ သခ်္ခါရ။
၁၅။ ဝိကာရ။
၁၆။ လက္ခဏာ။
၁၇။ နိဗ္ဗာန်။
၁၈။ ပညတ်တို့၌ သိသောဉာဏ်ရှိခြင်း။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

ပဝါရဏာ ပွဲနှင့်သက်ကြီးပူဇော်ပွဲ

ပဝါရဏာပွဲ

ပဝါရဏာပွဲဆိုသည်မှာ ရဟန်းတော် အချင်းချင်း ဖိတ်ကြား တောင်းပန်တော်မူခြင်းပင်ဖြစ်သည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ကောသလတိုင်း ဇနပုဒ်၌ ဝါဆိုတော်မူသည့် ရဟန်းတော်များအချင်းချင်း မခေါ်မပြောဘဲ စကားမပြောကြ စာတမ်းဟုကတိကဝတ်ထား၍ နေကြခြင်းကိုအကြောင်းပြု၍ ပဝါရဏာပြုခြင်းကို ပညတ်တော်မူခဲ့လေသည်။

ပဝါရဏာ ပြုခြင်းကို တနှစ်လျှင်တကြိမ် သီတင်းလပြည့်နေ့တွင် သိမ်အတွင်း၌ ရဟန်းတော်များ စည်းဝေးဆောင်ရွက်တော်မူလေသည်။ ပဝါရဏာပွဲပြုရန် မြတ်စွာဘုရားပညတ်ခြင်းမှာ ရဟန်းတော်များ စိတ်ဝမ်းကွဲပြားမှုကို ဖြေဖျောက်ရန်၊ တဦးနှင့်တဦး အကျင့်သိက္ခာ စစ်ကြည်ခြင်းအတွက် သံသယရှင်းစေရန်၊ စည်းလုံးညီညွတ်မှု ရှိစေရန်ဖြစ်သည်။ အကျင့်သိက္ခာနှင့် စပ်လျဉ်း၍ သံဃာတော်အချင်းချင်း သံသယဖြစ်ခနလျှင် မြဲမြံထားဘဲ တပါးနှင့်တပါး ထုတ်ဖော်၍ ပွင့်ပွင့်လင်းလင်း ဝန်ခံလျက် ပြုပြင်ပါမည်ဟု ကတိပေးခြင်း ဖြစ်သည်။ ပဝါရဏာ ပြုရာတွင်သိက္ခာတော်(ဝါတော်)အလိုက် အစဉ်အတိုင်းပြုတော်မူလေသည်။ ပဝါရဏာပြုခြင်းသည် သံဃာ တပါးနှင့်တပါး (ငါ့ရှင်ကိုပန်ကြားပါသည်။ ငါ၌ အပြစ်ကို မြင်သည်ဖြစ်စေ၊

ကြားသည်ဖြစ်စေ၊ မသက်သာသည်ဖြစ်စေ၊ ငါ့အားသနားသည်ကို အကြောင်းပြု၍ ထုတ်ဖော်ပြောပါ။ အပြစ်ကို ငါမြင်လျှင် ကုစားပါမည်)ဟူ၍ ပန်ကြားခြင်းပင်ဖြစ်သည်။

ရဟန်းတော် အရေအတွက်ကိုလိုက်၍ ပဝါရဏာ ပြုခြင်းကို အောက်ပါအတိုင်း (၇)မျိုးခွဲခြား သတ်မှတ် ထားလေသည်။

၁။ သံဃပရ ပဝါရဏာ။ ငါးပါး၊ ၅-ပါးထက်များသော သံဃာတော်တို့ တသိမ်တည်း၌စုဝေး၍ပြုခြင်း။

၂။ ဂဏပဝါရဏာ။ ၂-ပါး၊ ၃-ပါး၊ ၄-ပါးအထိ တခုတည်းပြုသော ပဝါရဏာ။

၃။ ပုဂ္ဂလ ပဝါရဏာ။ အဖော်မရှိ တပါးတည်းပြုသော ပဝါရဏာ

၄။ တေဝါစိက ပဝါရဏာ။ ။ ၃ ကြိမ်၊ ၃ ခေါက်ဆိုရ၍ တပါခြင်းပြုသော ပဝါရဏာ။

၅။ ဒွေဝဒစိကပဝါရဏာ။ တစုံတခုသောအန္တရာယ်ကြောင့် ၃ ကြိမ်ဆိုရ၍မရ၊ ၂ ကြိမ်သာဆိုရ၍ပြုသောပဝါရဏာ။

၆။ ကေဝါစိက ပဝါရဏာ။ ။ထို့အတူတကြိမ်တခေါက်သာဆိုရ၍ပြုသော ပဝါရဏာ။

၇။ သမာနဝဿိကပဝါရဏာ။ ဝါစာ့ချင်းပေါင်းစု၍ ၅ ပါး တတွဲ၊ ဆယ်ပါးတတွဲစသည်ဖြင့်ဆိုရ၍ပြုသောပဝါရဏာ။

သက်ကြီးပူဇော်ပွဲ

သီတင်းဝါကျွတ်သည့်အခါ ရဟန်းတော်များ ပဝါရဏာပြု ဆောင်ရွက်ပြီး လူပုဂ္ဂိုလ်များသည်လည်း သက်ကြီး ဝါကြီးများကို

www.burmeseclassic.com

www.burmeseclassic.com

ပန်း၊ ဖယောင်း၊ ခဲဘွယ် စသည်တို့ဖြင့် ကန်တော့ ပူဇော်ခြင်ပြုကြသည်။ **ရပ်ကွက်အလိုက် အသင်းအဖွဲ့အလိုက်** စုပေါင်း၍ **သက်ကြီး** ပူဇော်ပွဲမျှား ကျင်းပကြသည်မှာ **မြန်မာ့ရိုးရာ** ယဉ်ကျေးမှု တရပ်ပင်ဖြစ်သည်။

အတိုဓမ္မာအခါတော်

မြတ်စွာဘုရားသည် အထက်ကပြဆိုခဲ့သည့်အတိုင်းနတ်ပြည်တွင် ၇ ဝါမြောက်ဝါဆိုတော်မူစဉ် ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာ တရားတော်ကို နတ်ဗြဟ္မာတို့အား ဟောကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင်မှ ပြီးဆုံးသည်။ ဤသည်ကို အကြောင်းပြု၍ သတင့်းကျွတ် လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟူ၍ သတ်မှတ်ခဲ့ခြင်း ဖြစ်လေသည်။

အဘိဓမ္မာ တရားဟူသည်မှာ မွန်မြတ် ခက်ခဲ နက်နဲသော တရားတော်ဖြစ်သည်။

အဘိအတိရေကော၊

ဓမ္မော၊ အဘိဓမ္မော၊

အဘိအတိရေကော၊ သုတ္တန်၊ ဝိနည်းတို့ထက် လွန်ကဲမွန်မြတ် ခက်ခဲနက်နဲသော ။ဓမ္မော၊တရားတော်တည်း။ အဘိဓမ္မာ၊သုတ္တန် ဝိနည်းတို့ထက် လွန်ကဲမွန်မြတ် ခက်ခဲ နက်နဲသောတရားတော်။

မယ်တော်မိနတ် ကျေးဇူးဆပ် ကျမ်းမြတ်အဘိဓမ္မာ

မယ်တော်မိနတ်သားကိုကျေးဇူးဆပ်သည့်အနေဖြင့်နတ်ဗြဟ္မာတို့အားဟောကြားခဲ့သော အဘိဓမ္မာတရားတော်မှာ(ဓမ္မသင်္ဂဏီ၊

ဝိဘင်း၊ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ကထာဝတ္ထု ယမိုက်၊ပဋ္ဌာန်းဟူ၍ (၇)ကျမ်းရှိလေသည်။ ထိုအဘိဓမ္မာ (၇)ကျမ်းတို့၏ ဝိသေသနှင့် နတ်ပြည်တွင် ဟောကြားသောအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ **ဓမ္မသင်္ဂဏီ**။ ။အဘိဓမ္မာ (၇)ကျမ်းတွင် ဤကျမ်းကို ရှေးဦးစွာ ဟောတော်မူလေသည်။ ၁၂ ရက်တိုင်တိုင် မပြတ်မလပ် ဟောတော်မူရသည်။ ကျမ်း ပြီးဆုံးသောအခါ အရေအာတက် (၇)ကုဋေမျှသော နတ်အပေါင်းတို့ ကျွတ်တမ်းဝင်သည်။

၂။ **ဝိဘင်း**။ ။ဤကျမ်းကို(၁၂)ရက် ဟောကြားသည်။ ၆ ကုဋေသောနတ်တို့ ကျွတ်တမ်းဝင်သည်။

၃။ **ဓာတုကထာ**။ ။ဤကျမ်းကို (၆)ရက် ဟောကြားသည်။ ၆ ကုဋေသောနတ်တို့ ကျွတ်တမ်းဝင်သည်။

၄။ **ပုဂ္ဂလပညတ်**။ ။(၇)ရက်ပတ်လုံး ဟောကြားသည်။ ၆ ကုဋေသောနတ်တို့ ကျွတ်တမ်းဝင်သည်။

၅။ **ကထာဝတ္ထု**။ ။(၈)ရက် ဟောကြားသည်။ နတ်ပေါင်း ၇ ကုဋေ ကျွတ်တမ်းဝင်သည်။

၆။ **ယမိုက်**။ ။ယမိုက် တကျမ်းတည်းတွင် (မူလယမိုက်၊ ခန္ဓယမိုက်၊ အာယတန ယမိုက်၊ဓာတုယမိုက်၊သစ္စယမိုက်၊ သင်္ခါရဓမ္မယမိုက်၊အပသယ ယမိုက်၊စိတ္တ ယမိုက်၊ဓမ္မယမိုက်၊ဣန္ဒြိယယမိုက်) ဟူ၍ ဆယ်ကျမ်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပုဒ်။ ။မူ၊ ခန်၊ အာ၊ ဓာ၊ သစ်၊ သခ်ါ၊ နုသယ၊ စိတ္တ၊ဓမ္မ၊ဣန္ဒြေ ဆယ်ထွေ ယမက။

ဤကျမ်းကို ရက်ပေါင်း (၂၀)တိုင်တိုင် ဟောကြားရာ ၈-ကုဋေမျှသော နတ်အပေါင်းတို့ ကျွတ်တမ်းဝင်သည်။

၇။ ပဋ္ဌာန်း။ ။ဤကျမ်းကြီးမှာ ခက်ခဲ နုက်နဲ သိမ်မွေ့သောကျမ်းကြီးဖြစ်သည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်ကို ရတော်မူသော်လည်း (နီလံ၊ ပီတ၊ လောဟိတ၊ သြဒါသ၊ မဇ္ဇေ့တ္တ၊ ပဘာသရ)ဟူသော ရောင်ခြည်ခြောက်သွယ် ထွက်တော်မမူပေ။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်တော်မူသည့် အခါတွင်မှ ရောင်ခြည်တော် ကွန့်မြူးတော်မူသည်။

သဏ္ဌသုခမမမ့် ၊ နှုးညံ့သိမ်မွေ့ နုက်နဲခက်ခဲသော ပဋ္ဌာန်းတရားတော်မြတ်ကို။ သမန္တသာ၊ သုံးသပ် ဆင်ခြင်တော်မူသော။ သတ္ထုနော၊မြတ်စွာဘုရား၏။သရိယဘော၊ကိုယ်တော်မှ။ဆဗ္ဗဏ္ဏရံ ဘွဲ့ယော၊ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်။နိဗ္ဗမိ ် သု၊ ကွန့်မြူးတော်မူကုန်၏။

ဤကျမ်းကြီးကို မြတ်စွာဘုရားသည် ၂၅-ရက်တိုင်တိုင် ဟောကြားတော်မူသည်။ ကုဋေ(၈၀)မျှသော နတ်အပေါင်းတို့ကျွတ်တမ်း၌ ဝင်သည်။

ဤသို့အားဖြင့် အဘိဓမ္မာ(၇)ကျမ်းကို ရက်ပေါင်း(၉၀)တိုင်တိုင် ဟောကြားရာ(၁၁၄)ကုဋေမျှသောနတ်တို့ ကျွတ်တမ်းဝင်ခဲ့လေသည်။ သို့ဖြစ်ရာ အဘယ်မျှ ခက်ခဲနက်နဲသောတရားတော်ဖြစ်သည်ကို အလွယ်ဖြင့် သိရှိနိုင်လေသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို လူ့ပြည်၌ဟော ကြားခြင်းမပြုသည်မှာ ရက်ပေါင်းကိုးဆယ်တိတိ မပြတ်မလပ် ဟောကြားသော တရားတော်ကို လူပုဂ္ဂိုလ်တို့သည် တခုတည်း သောဣရိယာပုထ်ဖြင့်(တတိုင်တည်းဖြင့်)နာယူရန်မဖြစ်နိုင်သော ကြောင့်ဖြစ်သည်။ နတ်တို့အနေနှင့်ကား လွယ်လွယ်ကူကူ နာယူနိုင်မည်ဖြစ်သည်။ နောက်တခုက်မှာ ရက်ပေါင်း(၉၀)ကို ရေတွက်ရာတွင် လူ့ပြည်မှရက်ဖြင့် ရေတွက်ခြင်းဖြစ်သည်။ လူ့ပြည်နှင့် နတ်ပြည်မှာ နေ့တာတူညီခြင်းမရှိပေ။ လူ့ပြည်တွင် နေ့တာ အလွန်တို၍ နတ်ပြည်ကနေ့တာရှည်သည်။(လူ့ပြည်တသက်၊နတ်ပြည်တရက်)ဟုဆိုရိုးပြုကြရာ ဤစကားသာ မှန်ခဲ့လျှင် လူ့ပြည်မှ ရက်ဖြင့် မြတ်စွာဘုရား နတ်ပြည်တွင် တဝါဆိုခြင်းမှာ နတ်ပြည်အနေဖြင့် တရက်မျှပင် မရှိဟု ဟူဆနိုင်သည်။

× × × ×

တန်ဆောင်တိုင်နက္ခတ်သဘင် ကထိန်ပွဲတော်

၁။ တန်ဆောင်မုန်းလသည် လ တကာတို့ထက် မြတ်သော အမြတ်ဆုံးလဟုဆိုသည်။ ကြယ်တို့ကာနက္ခတ်နှင့် ကျီးတာရာ နက္ခတ်သည် စန်းနှင့်ယှဉ်၍ ထွန်းသည်။

၂။ ဤလတွင် နက္ခတ်မီးသဘင်၊ တောင်ထိပ် မီးပွဲသဘင်၊ ကထိန်သင်္ကန်း၊ မသိုးသင်္ကန်းကပ်လှူခြင်း၊ ဆမ်းကြီးတင်ခြင်း၊ ကျီးမနိုးပွဲ ကျင်းပခြင်းပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလကို (မာသာနံ၊ သရဒေါသေဒ္ဓေ) ဟူ၍ ဝိသေသပြုသည်။ 'မာသာနံ၊လူတို့ ဝေါဟာရ ခေါ်ဆိုသော လပေါင်း ၁၂ လတို့တွင်။ သရဒေါ၊ ဆီးနှင်းမြူတိမ်ကင်းစင်သော တန်ဆောင်မုန်းလသည်။ သေဒ္ဓေ၊ ကြည်လင်ရှင်မြူး အထူးပင် နှစ်သက်အပ်သော လ,ထူးလမြတ်ပင်ဖြစ်၏'ဟူ၍ အနက်ပြန်ဆို ကြသည်။ လောကနီတိတွင် 'ရတုကာလာနံ၊ ရတုတကာတို့တွင်။ သရနံ၊တန်ဆောင်မုန်းလသည်။ ပဌာနံ၊ မြတ်၏'ဟူ၍ မှတ်ဘမ်း ပြုခဲ့သည်။

တန်ဆောင်မာသ

တန်ဆောင်မုန်းလကား ဆီးနှင်းဖြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးဝ၊ကင်းစင်ပသော ကြည်လင်မြေသည့် လထူးလမြတ်ပင် ဖြစ်သည်။ဤလ၏ လပြည့်နေ့ညတွင်ကောင်းကင်၌ လမင်းကြီး သည် မြူတိမ်ကင်းစင်ကာ အစွမ်းကုန်ရှန်းဘင့် လင်းသာနေသော ကြောင့် ကမ္ဘာဦးလူတို့ စိတ်နှလုံး အထူးရှင်မြူးကြသည်ဖြစ်၍ လထူးလမြတ်ဟူ၍ ပညတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဤလတွင် ကောင်းကင်၌ နက္ခတ်တာရာ အစုံအလင် ကွန်မြူးသည်။ကြတ္တိကာ နက္ခတ်ပေါ်ထွန်းသော လဖြစ်သည်။ဤလ ဤရာသီတွင်နက္ခတ် မီးသဘင်ပွဲ၊ တောင်ထိပ်သဘင်ပွဲ၊ ကိုထိန်ပွဲ၊ မသိုးသင်္ကန်း၊ ကြာသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းကြီးတင်နှင့် ကျီးမနိုးပွဲများ ကျင်းပသည်။

နက္ခတ်မီးပွဲနှင့်တောင်ထိပ်သဘင်ပွဲ

ကြတ္တိကာနက္ခတ်သည် လူသိများသော ဖြောက်ဆိပ်ကြယ် ပင်ဖြစ်သည်။ ကြတ္တိကာနက္ခတ်ကို(ဒဟနိ)အမည်ရှိသော မီးနတ်

သားစောင့်သည်ဟုရာဇမတ္တဏ္ဍကျမ်း(ဗေဒင်ကျမ်းတွင်)ဆိုသည်။ မြတ်စွာဘုရား ဖြစ်ပွင့်တော်မမူမီ နှစ်ပေါင်းများစွာကလူတို့သည် ဤလ ဤရာသီတွင် မီးနတ်ဖြစ်သော ကြတ္တိကာနက္ခတ်ကိုပူဇော် ကြသည်။ ယနေ့ထိ တန်ဆောင်တိုင် မီးထွန်းပွဲများ ကျင်းပခြင်း မှာ ကြတ္တိကာနက္ခတ်ကို မီးဖြင့်ပူဇော်သော နက္ခတ်ပွဲသဘင်ပင် ဖြစ်သည်။ မြတ်စွာဘုရားသည် နက္ခတ္တဇာတ်တွင် ကောင်းကင် ၌ရှိသော နက္ခတ်တာရာတို့သည် လူသတ္တဝါတို့ကို ကောင်းကျိုး ဆိုးကျိုးပေးသည်မဟုတ်ပေ။ ပူဇော်ရန်လည်း မလိုအပ်ပေဟု ဟောခဲ့သည်။ထိုကြောင့် နက္ခတ်ကို ပူဇော်သော ဤတန်ဆောင် တိုင် မီးထွန်းပွဲကို ဌေကုန် အချိန်ကုန်ခံ၍ ကျင်းပ နေခြင်းအား ဖြင့် အကျိုးထူးမည်မဟုတ်ပေ။

၁၃၁၅-ခုနှစ် (၆-၁၁-၅၇)ထုတ် ဗမာ့ခေတ် တန်ဆောင် တိုင် အထူးထုတ်တွင် (ဘကြီးမောင်) အမည်ခံ ဆောင်းပါးရှင် တဦးကမူ မြန်မာပြည်၏ တန်ဆောင်မုန်း လပြည့်နေ့သည် မြတ် စွာဘုရားပွင့်ရာ အိန္ဒိယ၌ သီတင်းကျွတ် လပြည့်နေ့နှင့် ကိုက်ညီ ကြောင်း။ မြတ်စွာဘုရား တာဝတိံသာမှ ကြွဆင်းလာသော အခါပင်ဖြစ်ကြောင်း။ ပုဗ္ဗကတ္တိက သီတင်းကျွတ်လ မြင့်မိုရ်မီး ပွဲကို မြန်မာပြည်၌ကျင်းပစဉ်က မိုးလေဝသ မကင်းတတ်သေး ကြောင်း။ တန်ဆောင်မုန်းလတွင် မိုးလေဝသ ကင်းစင်သဖြင့် ဒုတိယအကြိမ် မီးပူဇော်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း။ထို့ကြောင့် ဤတန်ဆောင်တိုင် မီးပွဲသဘင်သည် မြတ်စွာဘုရားကိုပင် ရည် ရွယ်၍ ပူဇော်ကြခြင်းဖြစ်ကြောင်း တင်ပြထားပေသည်။

ဤတန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်၌ အပြည့် ကြည်လင်သာယာသဖြင့်စတုမဟာရာဇ်နတ်တို့ပျော်ရာ တာဝတိံ

www.burmeseclassic.com

www.burmeseclassic.com

သားတော်၏ မြင်နိုင်လိမ့်မည်ဟု ရှေးလူတို့အထင်ရောက်ကာတောင်ထိပ်များသို့တက်၍ နတ်ပြည်ကိုမျှော်သည်။ တောင်ထိပ်တွင်လူစုလုံးပြစ်ရာမှ နှစ်သက်ဝမ်းမြောက်စွာ သီဆိုကခုန်ကြသည်။ ဤသို့ဖြင့် ဤလပြည့်နေ့တွင် တောင်ထိပ်ပွဲတော်ဟူ၍ ခေါ်တွင်မြဲ အစဉ်အလာဖြစ်သည်။ တောင်ထိပ်ပွဲတော်ဟူ၍ ခေါ်တွင်သည်။ အချို့က တောင်ထိပ်နက္ခတ်သဘင်ဟုခေါ်သည်။

ကထိန်ခင်းခြင်း

ကထိန်ဟူသော ဝေါဟာရသည် ကထိန ဟူသော ပါဠိမှ ဆင်းသက်လာခြင်းဖြစ်သည်။ မြန်မာ့ခိုင်ခံ့ခြင်းဟူ၍ အဓိပ္ပာယ်ရှိသည်။ ဝါဆိုဦးအခါ လျှုဒါန်းသော သင်္ကန်းများကို ဝါဆိုသင်္ကန်းဟုခေါ်တွင်သကဲ့သို့ ကထိန် ခင်းသည့်အခါ လှူသည့်သင်္ကန်းကို ကထိန်သင်္ကန်းဟူ၍ ခေါ်တွင်သည်။ ကထိန်ခင်းခြင်း ကထိန်သင်္ကန်း၊ ကထိန်၏ အကျိုးအာနိသင်၊ သင်္ကန်းချုပ်လုပ်ခြင်း၊ မသိုးသင်္ကန်း၊ ကြာသင်္ကန်း စသည်တို့မှ တခုစ နှစ်ခုစကို သိသူများသော်လည်း အားလုံးကို သိသူရှားသည်။ ထို့ကြောင့် ဤအကြောင်းအားလုံးကို အောက်တွင် တိုတိုနှင့်လိုရင်း သုတေသန ပြုလိုက်သည်။

သင်္ကန်းအနေအထား

ကထိန်ခင်းရန်အတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သော သင်္ကန်းမှာ သုံးထည်ရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သံဃာ၌ ဒုကုဋ္ဌခေါ် နှစ်ထပ်သင်္ကန်းကြီး။
၂။ ဥတ္တရသင်္ကေါ်။ ကိုယ်ဝတ်ကေသီ။
၃။ အန္တရဝါသကော။ ခါးဝတ်သင်းပိုင်။

သင်္ကန်းချုပ်လုပ်ထားပုံအနေအထားမှာ ချုပ်ရိုးအနားပတ်အိမ်၊ တလုပ်မြောင်းစသည်တို့ဖြင့် အကွက်ဖော်ထားလေသည်။ သင်္ကန်းကိုဖြတ်၍ကြည့်လျှင် ဖော်ထားသော အကွက်များကဲ့သို့ စိုက်ပျိုးရန်ထွန်ယက်ပြုပြင်ထားပြီးသော လယ်ကွင်း မျှားကဲ့သို့ တင့်တယ်လှသည်။ သင်္ကန်းတွင်းအကွက် ဖော်ထားခြင်း၏အကြောင်းရင်းမှာ ဤသို့ဖြစ်သည်။

အခါတပါး၌ မြတ်စွာဘုရားသခင်သည်အရှင်အနန္ဒာမထေရ်မြတ်နှင့် ဒေသစာရီ လှည့်လည်တော်မူသည်။ သာဝတ္ထိဝင်မင်းမျိုးလယ်သမားတို့၏ လယ်ယာများသို့ ရောက်တော်မူသော အခါ နှစ်ဘက္ကအကွက်ငန်းဖွဲ့၍ ကန်သင်းဖွဲ့၊ ရေမြောင်းသွယ်၊ကတွတ်ဆောက်ထားသော လယ်ကွက်များကို မြင်တော်မူခလေသည်။ စနစ်ဘက္ကပြုပြင်ထွန်ယက်ထားသော လယ်ကွက်များကို မြင်တော်မူခြင်းဖြင့် ဘုရားသခင် စိတ်တော် ကြည်နူးတော်မူလေသည်။ 'ဝတ်ရုံတော်မူသော သင်္ကန်းတွင် ဤသို့အကွက်အကန့် မြောင်းထား၍ ပြုပြင်က ကောင်းလေစွ'ဟု အကြံဖြစ်တော် မူသော ကြောင့် ချက်ချင်းပင် အာနန္ဒာအား 'ဤလယ်ကွက် မျှားကဲ့သို့ သင်္ကန်းကို ချုပ်လုပ်ရမည်'ဟူ၍ မိန့်တော်မူလေသည်။ ထိုလယ်ကွက်မျှားအတိုင်း အတိုင်းအထွာနှင့် ချုပ်လုပ်ရန် ဝိနည်းကြွာထုတ်ဆင့် ပညတ်တော်မူခဲ့လေသည်။ ထိုမှစ၍ ရဟန်းတော်

www.burmeseclassic.com

www.burmeseclassic.com

များ ဝတ်ရုံသော သက်နှံးများတွင် အကွက် အကန့်နှင့်ချုပ်ရိုး မြောင်းများဖြစ်ပေါ်လာရသည်။

မြတ်စွာဘုရားသည် လူသတ္တဝါတို့၏ ကျေးဇူးရှင် ဖြစ်သော လယ်သမားများအား အမှတ်ရစေခြင်းငှာ ရဟန်းတော်များ ဝတ်ရုံသည့် သက်နှံးတွင် လယ်သမားများ၏ လယ်ကွင်းအတိုင်း အကွက်အကန့်ချုပ်စေ၍ လယ်သမားများကို ဂုဏ်ပြုချီးပန့်ခြင်း ဖြစ်သည်ဟု ယုံကြည်ရလေသည်။ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဂုဏ်ပြုရသော လယ်သမားတို့၏ ကျေးဇူးကို သိရှိ၍ လယ်ယာလုပ်ငန်းကို စိတ်ဝင်စား အားပေးရန်လိုအပ်ပေသည်။

သက်နှံးသည်တံခွန်

ရဟန်းတော်များ ဝတ်ရုံသော သက်နှံးမှာ ပိတ်စကိုဆိုး၍ ချုပ်လုပ်ထားသော သစ်ခေါက်ဆိုးပိတ်စပင် ဖြစ်သည်။ ပိတ်စ ချင်းတူလျက် ဤသက်နှံးသည်ပို၍မထူးခြား၊ ရှိခိုးခြင်းငှာမထိုက်ဟု ခေတ်လူအများ ယူဆကြ၏။ ဤအကြောင်းနှင့်ပတ်လျှဉ်း၍ ဘုရားရှင် လက်ထက်တော်အခါက ရှင်ဥပါလိ မထေရ်ကြီးက မြတ်စွာဘုရားသခင်အား ဤသို့လျှောက်ထားခဲ့သည်။

"မြတ်သောအရှင်၊ အဝတ်ချင်း တူလျက် ဖန်ရည်ဆိုးသော အဝတ်ကို လူနတ် သတ္တဝါတို့အဘယ်ကြောင့် ပူဇော်ထိုက်ပါသနည်း"

မြတ်စွာဘုရားသခင်သည် ရှင်ပါလိ၏ အမေးကို တည်ငြိမ်သော အိန္ဒြေဖြင့် ဖြေတော်မူသည်။

"ချစ်သား ဥပါလိ
ပရိနိဗ္ဗာန်ပြုတော်မူပြီးသော
ရှေးရှေးဘုရားရှင် တို့သည်ဌင်း၊ ယခုပွင့်ဆဲ ဖြစ်သော ဘုရားရှင်တို့သည်ဌင်း၊ နောက်ပွင့်လတံ့သောဘုရားရှင် တို့သည်ဌင်း၊ ဤဖန်ရည်ဆိုးသော အဝတ်သက်နှံးဖြင့်သာ လျှင် ကိုယ်လေသာ အညစ်အကြေးကို စင်ကြယ်ခဲ့ကြကုန်သည်။ ယင်း ကြောင့် ဤဖန်ရည်ဆိုး သောသက်နှံးသည် ကိုယ်လေသာ အညစ်အကြေးကိုသန့်စင်ရာ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာအတွက် တံခွန်သဖွယ် ဖြစ်သည်။ ရှိခိုးထိုက်သည်သာ ဖြစ်သည်။
ချစ်သား ဥပါလိ

လမ်းဆုံ-လမ်းခွတို့၌ စွန့်ပစ်ထားသည့် အညစ်အကြေး လိမ်းကပ်နေသော သက်နှံးစတို့ကို တွေ့မြင်သည်ရှိသော် ရဟန်းတို့၏ တံခွန်ပါတကား ဟူ၍ အောင့်မေ့လျက်ရှိခိုးထိုက်သည်သာ ဖြစ်သည်"။

သက်နှံးချုပ်ရန်ချည်

ရဟန်းတော်များ သက်နှံးအဖြစ် ရက်လုပ်အပ်သော ချည်ချိုးမှာ ၆-ပါးကိုသာ ဘုရားမိန့်မှာ ခွင့်ပြုခဲ့သည်။

၁။ ခေါမ၊ ခေါမ-မည်သော လျှော်ချည် သက်နှံး။
၂။ ကပ္ပာသိကံ၊ ဝါချည်သက်နှံး။
၃။ ကောသေယျံ၊ ပိုးချည်သက်နှံး။

www.burmeseclassic.com

www.burmeseclassic.com

၄။ ကမ္ဘလံ၊သိုးမွေးချည် သက္ကလပ်သက်နှ်း။
၅။ သာဏီ၊ပိုက်ဆံလျှော်ချည် သက်နှ်း။
၆။ အင်္ဂ၊အထက်ပါချည်ငါးပါးဖြင့်ပြီးသော သက်နှ်း။

သက်နှ်းနှစ်မျိုး

ရဟန်းတော်များ ဝတ်ရုံနိုင်သည့် သက်နှ်းနှစ်ပါး။

၁။ ဂဟပတိစီဝရ = လူနတ်စသောဒါယကာတို့ပေးလှူသော သက်နှ်းမျိုး။

၂။ ပံ့သုကူလစီဝရ = ပံ့သုကူ ကောက်၍ ချုပ်လုပ်သော သက်နှ်းမျိုး။

ကထိန်ခင်းခြင်း

မြတ်စွာဘုရားရှင် လက်ထက်က ရဟန်းတော် များသည်၊ တပါးတပါးလျှင် သက်နှ်း (၃) ထည်ထက်ပိုမထားရပေ။ တခါသော်.... ပါဝေယျ တိုင်းသား ရဟန်းတော်များသည်၊သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပွဲမှီအောင် မြတ်စွာဘုရားရှင်ထံ ခရီးပြင်းကြွလာသည်။လမ်းတွင် မိုးမိသဖြင့် ရွှံ့နွံလမ်းသောသက်နှ်းတို့ဖြင့် ဘုရားရှင်ထံမှောက်သို့ ရောက်ရှိလာသည်။ ဤသို့ပင်ပန်းဆင်းရဲစွာ ရောက်ရှိလာကြသောပါဝေယျတိုင်းသား ရဟန်းများကိုအကြောင်းပြု၍ ကထိန်သက်နှ်းခင်းလှူခြင်းကိုခွင့်ပြုတော်မူလသည်။

ကထိန်သက်နှ်း အလှူခံသင့်သောရဟန်း၊ ကထိန်ခင်းပုံ၊ကထိန်၏ အကျိုးအာနိသင်များကို အောက်တွင် ရှင်းလင်းဖော်ပြလိုက်သည်။

ကထိန်ခင်းခွင့်ပြုသောသက်နှ်း(၃)ထည်

၁။ ဒုကူဋ္ဌခေါ် နှစ်ထပ်သက်နှ်းကြီး၊
၂။ ကိုယ်ဝတ်ကေသီ၊
၃။ ခါးဝတ်သင်းပိုင်၊

ကထိန်ခင်းရန် ကိစ္စရှစ်ပါး

၁။ ကထိန်သက်နှ်း အလှူခံခြင်း၊
၂။ ကထိန်ခံတိုက်သော ပုဂ္ဂိုလ်ကို သံဃာတော်တို့က စိစစ်ရွေးချယ်ခြင်း၊
၃။ ကထိန်းသက်နှ်း အလှူခံရန် ရွေးချယ်ခြင်း ခံရသူအား သိမ်တွင်း၌ ကထိန်သက်နှ်းကို ကမဝါဿုပ်ရှိပေးခြင်း၊
၄။ တိစီဝရိတ် အဓိဋ္ဌာန်တင် သက်နှ်းဟောင်းကို ပစ္စဒ္ဓိရ်ပြုအဓိဋ္ဌာန်ဖြင့် စွန့်ရခြင်း၊
၅။ ခင်းမည့် သက်နှ်းသစ်ကို ကပ္ပဗိန္ဒုထိုးခြင်း၊
၆။ သက်နှ်းအမည်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊
၇။ နှုတ်မြွက်၍ ခင်းခြင်း၊
၈။ သာဓုအနုမောဒနာ ပြုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

ကထိန်ခင်းမည့်ရဟန်း၌ ရှိအပ်သော အင်္ဂါရှစ်ပါး

အောက်ပါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှုသာ ကထိန်ခင်း အပ်သည်။

၁။ ပုဗ္ဗကရဏီဇာနာတိ = ရှေးဦးစွာ ပြုလုပ်ရမည့်ကိစ္စတို့ကို သတိပြုရခြင်း၊

၂။ ပစ္စုဒ္ဓါရံ = ပစ္စဒ္ဓိုရ်(အဓိဋ္ဌာန်ဖြင့် သင်္ကန်းဟောင်းကို စွန့်ခြင်း)ပြုတတ်ရခြင်း၊

၃။ အဓိဋ္ဌာန = အဓိဋ္ဌာန်တင်တတ်ခြင်း၊

၄။ အတ္ထာနုံ=ခင်းပုံခင်းနည်း သိထားရခြင်း၊

၅။ မာတိကံ=မာတိကာကို သိထားခြင်း၊

၆။ ပလိဗောဓိ=ကြောင့်ကြကို သိထားရခြင်း၊

၇။ ဥဒ္ဓါရံ=ကထိန်နှုတ်ပုံကို သိထားရခြင်း၊

၈။ အာနိသံသံ = အာနိသင်တို့ကို သိထားရခြင်း၊

ကထိန်အာနိသင်ငါးပါး

ကထိန်ခင်းရသော ရဟန်းသည် အောက်ပါ အကျိုးငါးပါးကို ရရှိမည်ဖြစ်သည်။ (ကထိန သိက္ခာပုဒ်မှ ကောက်နှုတ်သည်။

၁။ အနာမန္တိစာရ = ထင်ရှားသောရဟန်းကို မပန်းမှု၍ မြို့တွင်း ရွာတွင်း ဆွမ်းဖိတ်အိမ်သို့ သွားနိုင်ခြင်း၊

၂။ သမာဒါနစာရ = အဓိဋ္ဌာန်တင်ပြီး ဆောင်သော သင်္ကန်းကို မယူတဲ့သွားနိုင်,နေနိုင်ခြင်း။

၃။ ယာဝဒတ္ထစီဝရ = အလိုရှိတိုင်း သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားနိုင်ခြင်း။

၄။ ဂဏဘောဇန = ထမင်းစားကြွပါစသည်ဖြင့် မအပ်မှုရှိသော ဖိတ်ခြင်းရှိသော ဂဏဘောဇဉ်ကို စားနိုင်းခြင်း။

၅။ ကထိန်ခင်းသော ကျောင်းတိုက်၌ ကထိန်ခင်းပြီးနောက် တပေါင်း လပြည့်နေ့အတွင်း သံဃာအား လှူသော သင်္ကန်းလျှာပုဆိုးကိုဌင်း၊ သင်္ကန်းကိုဌင်း၊ကျောင်းတိုက်အတွင်းရှိ သာဓုအနုမောဒနာပြုသော ရဟန်းတို့သခ ရနိုင်ခြင်း။

ကထိန်သင်္ကန်းလှူသောအကျိုး

ရိုးရိုးသင်္ကန်း လှူခြင်းထက် ကထိန်သင်္ကန်းကို လှူခြင်းကပို၍ အကျိုးရှိကြောင်း၊ပို၍ ကုသိုလ်ရကြောင်းဆိုကြသည်။ ကျွမ်းဂန်ပိဋကတ်တို့၌ အထင်အရှားဖော်ပြထားသည်ကို မတွေ့ရပေ။ သထိန်သင်္ကန်းကို လှူသူသည် ယောကျ်ားဖြစ်လျှင် (ဧတိဘိက္ခု ရဟန်းလာလေ)ဟု မြတ်စွာဘုရားက ၇၂ တော်မူလျှင် တန်ခိုးဖြင့်ပြီးသော သင်္ကန်းကို ဝတ်ရုံရရှိသည်။ မိန်းမဖြစ်လျှင် အဘိုးအနုဋ္ဌတန်သောပစ္စည်းတန်ဆာကို ဝတ်ဆင်ရသည်ဟူ၍ကျမ်းဂန်များ၌တွေ့ရသည်။ကထိန်သင်္ကန်းကို အလှူခံသောရဟန်းတော်၌ ကထိန်အာနိသင်အကျိုးငါးပါးရှိဘိသို့ (သဒ္ဓိသံ၊ပါကံဇနေတို့) ဟူသောအကျိုးပေးသည်ဟူသော စကားနှင့်အညီ ကထိန်သင်္ကန်းလှူသူမှာလည်း အနှောင်အဖွဲ့ အတင်းအကြပ်မှ ကင်းလွတ်ခြင်း၊ အဝတ်အစား ပေါ်မျှားခြင်း၊ အဆိပ်အပင်းထည့်သော အစား

www.burmeseclassic.com

www.burmeseclassic.com

အစာတို့၏ဘေးမှ ကင်းခြင်း၊ မိမိပိုင်အဝတ်အစားများကို သူခိုးတို့ မယူနိုင်ခြင်း စသည် အကျိုးတရားများကို ရရှိနိုင်သည်။

မသိုးသက်နှိုး-ကြာသက်နှိုး

ကထိန်ခင်းအပ်သော အချိန်မှာ မိုးဥတု၏ နောက်ဆုံးလဖြစ်သော တန်ဆောင်မုန်းလဖြစ်သည်။ တန်ဆောင်မုန်းလဆန်းမှ လပြည့်နေ့အထိ ကထိန်ခင်းခြင်းကိုခွင့်ပြုခဲ့သည်။ရိုးရိုးသက်နှိုးကို အချိန်မရွေး လှူနိုင်သော်လည်း ကထိန်သက်နှိုးကို ဤလ တလ ထည်းတွင်သာ လှူနိုင်သည်။ သံဃဒါနဖြစ်၍ ကမ္မဝါဖြင့် ကထိန်ခံယူမည့် ရဟန်းတော်အား သိမ်အတွင်း၌ သံဃာတော်များက ပေးအပ်ခြင်း၊ သံဃာတော်များ၏ ခွင့်ပြုချက်အရကထိန်ခင်းရခြင်း၊ ထိုသို့ကထိန်ခင်းခြင်းကို သံဃာတော်များက သာဓုအနုမောဒနာပြုခြင်း၊ အနုမောဒနာပြုသော သံဃာတော်များနှင့် ကထိန်ခင်းသော ရဟန်းတော်မှာ မြတ်စွာဘုရား ပညတ်ခဲ့သော သိက္ခာပုဒ် အာပတ်မှ ငါးလတိတိကင်းလွတ်ခွင့် ရရှိခြင်းတို့မှာ ကထိန်၏ ဝိသေသများပင်ဖြစ်သည်။(**အသက်တွင်လည်းတပုဒ်စီ ခဲ့၍ ရှင်းခဲ့သည်။**)

ဤတန်ဆောင်မုန်းလ လပြည့်နေ့ညတွင် ရန်ကုန်မြို့ ရှေတိုဂုံစေတီတော်၌ မသိုးသက်နှိုး ရက်လုပ်လှူဒါန်းကြသည်။ မသိုးသက်နှိုးရက်ပြိုင်ပွဲကျင်းပသည်။ မြန်မာပြည်အရပ်ရပ်တွင်လည်း မသိုးသက်နှိုးရက်၍ လှူကြသည်။ မသိုးသက်နှိုး အကြောင်းကို သိမှတ်သင့်သည်။

မသိုးသက်နှိုး

ယခုခေတ်အခါတွင်သက်နှိုးများမှာ ချုပ်ဆိုးထားပြီး အထည်များဖြစ်ကြသည်။အလွယ်တကူ ဝယ်လှူနိုင်သည်။ ဘုရားရှင်လက်ထက်ကမူ ချုပ်ဆိုးပြီး အထည် မဟုတ်ပေ။ မချုပ်ဆိုးရသေးသော ပိတ်စများသာလျှင်ဖြစ်သည်။မချုပ်ဆိုးရသေးသော ပိတ်စ ပိတ်ပိုင်းများကိုသာသက်နှိုးအဖြစ်လှူကြသည်။ မချုပ်ဆိုးရသေးသဖြင့် စီဝဒုဿ (သက်နှိုးလျှာပုဆိုး)ဟူ၍ခေါ်သည်။ ကထိနိ အတွက်ဖြစ်က ကထိနဒုဿ (ကထိန်လျှာပုဆိုး)ဟူ၍ ခေါ်သည်။

ကထိန်အတွက် လှူဒါန်းသော ကထိန်လျှာပုဆိုးကို ကထိန်ခံ ကျောင်းသံဃာတော်များက ထိုနေ့ နေ့ချင်းပြီးချုပ်ဆိုရသည်။ ထိုနေ့တွင် အပြီးတိုင်ကထိန်ခင်းရသည်။ ၂ညမကျော်၊ညမကူးစေရ။ ထိုနေ့၌ပင် ကထိန်ခင်းသော ကထိန်လျှာသက်နှိုးကို (အနာဘိ ပဒေါသိကစီဝရ)မသိုးသက်နှိုးဟူ၍ ခေါ်သည်။ အကယ်၍ လှူသောနေ့၌ ချုပ်ဆိုး၍ မပြီးလျှင်ဖြစ်စေ၊ချုပ်ဆိုးပြီးလျက် ကထိန်မခင်းဖြစ်လျှင်ဖြစ်စေ ထိုသက်နှိုးလျှာသည် ညကျော်၍ ထမင်းသိုး ဟင်းသိုးများကဲ့သို့ ပုပ်လေသိုးလွှေသောကြောင့် (အတိုပဒေါသိက) သက်နှိုးသိုး ဟူ၍ ခေါ်တွင်စေသည်။ မသိုးသက်နှိုးအဖြစ်ဖြင့် ကထိန်မခင်းအပ်တော့ပေ။မသိုးသက်နှိုးနှင့် တဆက်တည်း ကြာသက်နှိုး အကြောင်းကိုလည်း ဖော်ပြလိုက်သည်။

ကြာသက်နှိုး

ဗုဒ္ဓဘာသာဝင်တို့၏ လက်ခံယုံကြည်ထားသော အယူအဆမှာ ဤကမ္ဘာကြီးသည်သုညကမ္ဘာ၊အသုညကမ္ဘာဟူ၍နှစ်မျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားမပွင့်သောကမ္ဘာကို သုညကမ္ဘာဟု ခေါ်၍ ဘုရားပွင့်သော ကမ္ဘာကို အသုညကမ္ဘာဟူ၍ခေါ်သည်။ အသုညကမ္ဘာကို ၈မျိုးခွဲပြန်သည်။

၁။ ဘုရားတဆူပွင့်သော ကမ္ဘာကို သာရဏကမ္ဘာ။
၂။ ဘုရားနှစ်ဆူပွင့်သော ။ မဏ္ဍကမ္ဘာ။
၃။ ဘုရားသုံးဆူပွင့်သော ။ ဝရကမ္ဘာ။
၄။ လေးဆူပွင့်သော ။ သာရမဏ္ဍကမ္ဘာ။
၅။ ၈မျိုးဆူပွင့်သော ။ ဘဒ္ဒကမ္ဘာ။

ယခုမျက်မှောက်ခေတ် ကျွန်ုပ်တို့၏ ကမ္ဘာကြီးမှာ ဘုရား၈မျိုးဆူပွင့်မည်ဖြစ်ပါသဖြင့် ဘဒ္ဒကမ္ဘာဟူ၍ခေါ်ဆိုသည်။ ကမ္ဘာ့ရေပြင်မှ ကမ္ဘာ့မြေပြင် အစကနဦးပေါ်ထွန်းစက ဘုရားရှင်တို့၏ သင်္ဘည္ဝတ္ထု ရွှေဥာဏ်တော်ကို ရယူတော်မူရာ ဌာနဖြစ်သော ဗောဓိပင်နှင့်ရွှေပလွင်နေရာအထွဋ်မှ စတင်ပေါ်ထွန်းမြဲဖြစ်သည်။ ကမ္ဘာပျက်သောအခါတွင်လည်း နောက်ဆုံးမှ ပျက်ရလေသည်။

ကမ္ဘာပေါ်ထွန်းစမြေအထွဋ်တွင် ကမ္ဘာ့နိယာမအစဉ်အလာ ကမ္ဘာ့တန်ဆာအားဖြင့် အောက်ပါတို့ တပါတည်းပေါ်ထွန်းသည်။

၁။ သာရဏကမ္ဘာဖြစ်က ပရိကွာရာရှစ်ပါးနှင့် ကြာရုံတရုံ။
၂။ မဏ္ဍကမ္ဘာဖြစ်က ။ ကြာရုံနှစ်ရုံ။
၃။ ဝရကမ္ဘာဖြစ်က ။ ကြာရုံသုံးရုံ။
၄။ သာရမဏ္ဍကမ္ဘာဖြစ်က ။ ကြာရုံလေးရုံ။

၅။ ဘဒ္ဒကမ္ဘာဖြစ်က ။ ကြာရုံ၈ခုရုံ။

သုညကမ္ဘာတွင် ကြာရုံတရုံမှ မပေါက်ပေ။

ဤကမ္ဘာဦး ကြာရုံများကိုထောက်၍ ဤကမ္ဘာတွင် ဘုရားအဆူ မည်မျှပွင့်မည်ကို သိရှိနိုင်သည်။ ဇမ္ဗူဒီပ၊ နိမိတ္တပင်ဖြစ်သည်။ ကြာရုံတရုံလျှင် ဘုရားတဆူ၊ နှစ်ရုံလျှင် နှစ်ဆူ စသည်ဖြင့် ပွင့်မည်ကို သုဒ္ဓ၀ါဒ ပြဟ္မာကြီးများက နိမိတ် ဖတ်ကြားလေသည်။ ကြာရုံတွင် ပါရှိသော ပရိကွာရာများကို ပြဟ္မာကြီးများက ယူဆောင်ကာ ၎င်းတို့ဘုံ၌ သိမ်းဆည်းထားကြသည်။ ဘုရားအလောင်းတော်များ ဘုရားဖြစ်ရန် တောထွက်ကျင့်ကြံသည့် အခါတွင်မှ လူဘုံသို့ဆင်း၍ ဆက်ကပ်လှူဒါန်းကြသည်။ အနော်မာ မြစ်ကမ်းတွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဃဋ္ဌိကာရပြဟ္မာကြီးက ဆက်ကပ်ခဲသော သက်နှံးပရိကွာရာမှာ ဘဒ္ဒကမ္ဘာဦးမှ လေးကြိမ်မြောက် ကြာရုံမှရသော (ကြာသက်နှံး)ပင် ဖြစ်လေသည်။ ဤ သက်နှံးတော်များသာလျှင် ကြာသက်နှံး အစစ်ဖြစ်လေသည်။ နောက်နောင် လူတို့ လှူဒါန်းကြသော ကြာသက်နှံးမှာ အတုမျှသာ ဖြစ်သည်။ ရှမ်းပြည်အေသအချို့တွင် ပဒုမ္မာကြာပင်မှ ကြာပန်းများ ယူ၍ ပိုးချည်များကဲ့သို့ အဆည်ရက်လုပ်ပြီး ကြာသက်နှံးအဖြင့်ဖြစ် လှူဒါန်းကြလေသည်။

ကထိန်သက်နှံး

ကထိန်ခင်းရန် ရည်စူး၍လှူသော သက်နှံးလျှာ ဖြစ်သည်။ ကထိန်ခင်းရာတွင် ကထိန်သက်နှံးကြီးဘစုံ့သို့မဟုတ် ကထည်သာ

www.burmeseclassic.com

www.burmeseclassic.com

လျှင် ရှိသည်။ နှစ်စုံသုံးစုံ မရှိအပ်ပေ။ ကျွန်သက်နန်းအရံမျှားကို ညှပ်သက်နန်းဟူ၍ ခေါ်သည်။ ကထိန်သက်နန်းသည် ပုဂ္ဂိုလ် တဦး တယောက်ကို ရည်ရွယ်၍ မလှူအပ်ပေ။ သံဃာများကို ရည်ရွယ် လှူဒါန်းရသည်။ သံဃာများက ကထိန်သက်နန်းကို အလှူခံသင့်သော သံဃာတပါးကို ရွေးချယ်ပေးသည်။

ပုံသုကူသက်နန်း

ပုံသုကူသက်နန်းဟူသည် သက်နန်းလှူလိုသူက တစုံတဦးအား ရည်ရွယ်ခြင်းမဟုတ်ဘဲ ရဟန်းတော်များ သွားလာရာလမ်း ကျောင်းအရံအတွင်း စသည်တို့၌ မြင်သာအောင် ချထားရသည်။ သက်နန်းကို တွေ့သော ပုဂ္ဂိုလ်တို့က ကောက်ယူသွားရသည်။ ပုံသုကူပစ်ခြင်းကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်စမှ ထိုနေ့တည်လုံး ပစ်လှူလေ့ရှိသည်။

ပုံသုကူအလှူသည် အလှူမရွေး ပုဂ္ဂိုလ်မရွေး လှူရသောဒါန ဖြစ်၍ အလွန်စင်ကြယ်သည်။ အလွန်ကြီးမြတ်ပြီး ကြီးကျယ်သည့် အကျိုးပေးသည်ဟု အယူရှိကြသည်။

မြတ်စွာဘုရား ပုံသုကူကောက်ယူခြင်း

မြတ်စွာဘုရားသည် ဘုရားအဖြစ်ကို ရရန် ပဉ္စဝဂ္ဂိ ၀ါးဦးကို မမေ့စကြောတရား ဟောတော်မူသည်။ ထိုနောက် ကျွတ်ထိုက်သူတို့ကို ရွှေဥာဏ်တော်ဖြင့် ရှုကြည့်ရာ ဘဒ္ဒ၀ဂ္ဂိညီနောင်သုံးကျိပ်နှင့် ဥရ၀ေလ ညီနောင် ရှင်တဟောင်ကို မြင်တော်မူခလသည်။ ထိုသူတို့ကိုချွတ်ရန် ဥရ၀ေလကဿပ၏နေရာအနီး မီးတင်းကုတ် တခု၌ သီတင်းသုံးနေတော်မူလေသည်။ ထိုစဉ် သေနနိဂုံးရွာမှ

ကျွန်မ မယ်ပုဏ္ဏသေဆုံးရာ လူသေကောင်ကို အ၀တ်ကြမ်း ပတ်ရစ်၍ စွန့်ပစ်ကြသည်။ ၀ါးရက်မြောက်တွင် ပုပ်ပွနေသော ရုပ်အလောင်းမှ ရစ်ပတ်ထားသော အ၀တ်ကြမ်းကို မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ပုံသုကူ ကောက်ယူတော်မူလေသည်။ ထိုနောက် ဆိုးရည်ဖြင့်ဆိုး၍ ကိုယ်တော်တိုင်ချုပ်လုပ်ပြီး သက်နန်းလျှာအဖြစ် ကိုယ်ယုံပြုတော်မူလေသည်။

မြတ်စွာဘုရားသည် လူသေကောင်တွင် ပတ်ရစ်ထားသည့် အ၀တ်ကြမ်းကို ကိုယ်တော်တိုင် ပုံသုကူ ကောက်ယူချုပ်လုပ် ၀တ်ရုံခြင်းမှာ နောင်လာနောက်သား ရဟန်းတော်များ လိုက်နာမှတ်သားရန် ဖြစ်သည်။ "ငါတို့၏ ဆရာသခင် မြတ်စွာဘုရားသည်ပင်လျှင် လူ့သေခကောင်မှ အ၀တ်ကိုယူ၍ သက်နန်းပြု ၀တ်ရုံသေးသည်။ ငါတို့လည်း ဂဟပတိစီ၀ရ ချုပ်လုပ်ကောင်းမွန်သော သက်နန်းကို မရလျှင်ရှိစေ၊ ဘုရား၏ ထိုး နှုလုံးမှလျက် ပုံသုကူ ကောက်ယူ၀တ်ရုံ၍ မင်္ဂတရားကို ရှာအံ့"ဟူ၍ စိတ်အကြံဖြစ်ရန် မာနကို ချိုးနှိမ်ရန် စိတ်အလျင်ကို ချုပ်ဘည်းရန် ဖြစ်သည်။

ဤသည်ကို မည်၍ ရဟန်းတော်များ ရဟန်းအဖြစ် သိမ်၀င်သည့်အခါ သိမ်အတွင်းဦးပင်လျှင် ရဟန်းလောင်းကို ဆုံးမရာတွင် မြဲဝဲအပ်သော တရားလေးပါး၊ မမြဲဝဲအပ်သောတရားလေးပါးကို ဖော်ပြရာတွင် "သင်သည် အသက်ထက်ဆုံး (၀၊)သာသနာတော်ထမ်း ရဟန်းအဖြစ်၌ နေသမျှကာလပတ်လုံး ပုံသုကူသက်နန်းကို အမှီပြု၍ ရဟန်းပြုအပ်၏။ ရွေးဘုန်းရွေးကံပါမူကား ဒါယကာတို့လှူသော သက်နန်းကို ၀တ်ရုံပါလော့"ဟူ၍ ဆုံးမညွှန်ကြားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံသုကူအပြား ဆယ်ပါး

ဝိနည်း ပရိဝါတွင် ရဟန်းတော်များ ပုံသုကူကောက်ယူ အပ်သော အဝတ်ဆယ်ပါးကို အောက်ပါအတိုင်း ပြဆိုထားသည်။

၁။ သောသာနိတံသုသာန်၌စွန့်ပစ်ထားသော အဝတ်ပုဆိုး။
၂။ ဥန္ဒုရခါယိတံ ကြွက်ကိုက် စွန့်ပစ်ထားသော အဝတ်။
၃။ ဥပဓိကခါယိတံ ခြစားရှိ စွန့်ပစ်ထားသော အဝတ်။
၄။ အဂ္ဂိဒဒ္ဓမီးလောင်မီးပေါက်၌ စွန့်ပစ်ထားသောအဝတ်။
၅။ ဂေါခါယိတံ နွားခဲစားရှိ စွန့်ပစ်သော အဝတ်။
၆။ အဇိကခါယိတံ ဆိတ်ခဲစားရှိ စွန့်ပစ်ထားသောအဝတ်။
၇။ အဘိသေယိတံ အဘိသိက်ပွဲ၌ စွန့်ပစ်ထားသောအဝတ်။
၈။ ထူပစီဝရံ စေအပုထိုး၌ လှူထားသော အဝတ်။
၉။ ပါပဏိကံ အိမ်စေးအနီး၌ စွန့်ပစ်ထားသော အဝတ်။
၁၀။ ဘတပဋိယာဘတံ သုသာန်လိုက်ပို့သူတို့ ပြန်သောအခါ အမင်္ဂလာဟု စွန့်ပစ်ထားသော အဝတ်။

ကျီးမနိုးပွဲ

တန်ဆောင်မုန်းတွင် ထွန်းပေါ်သော ကြတ္တိကာ နက္ခတ်ကို သူခိုးနက္ခတ်ဟု အချို့က အယူရှိကြသည်။ ထို့ကြောင့် တန်ဆောင်မုန်း လပြည့်နေ့ညတွင် ကျီးမနိုးပွဲ ပြုလုပ်ကြသည်။ လူငယ်လူရွယ်တို့ ပျော်မှုရှင်မှု ပြုကြခြင်းဖြစ်သည်။ ကျီးမနိုးပွဲ ဟူသည်မှာ နံနက်ကျီးမနိုးမီ အိမ်ရှင်မသိစေဘဲ ပန်းအိုး၊ စားပွဲ၊ တောင်း စသည် အုလွယ်တကူ တွေ့ရှိ ခြိမ်ခိုင်သော ပစ္စည်းများကို

ခိုးယူ၍ လမ်းဆုံလမ်းမတွင် စုပုံထားခြင်း၊ ဆိုင်းဘုတ်တခုနှင့်တခု လဲချိတ်ကြခြင်းစသည်အားဖြင့် ရယ်ရွှင်ဘွယ်ဖြစ်အောင် ဖန်တီးကြခြင်းဖြစ်သည်။ ဤအလေ့အထမှာ ပြုသင့်ပြုအပ်သော အလေ့အထမဟုတ်ပေ။ လူ့ဘောင်သစ်သို့ ချီတက်နေသောဤ ခေတ်တွင် လက်ခံပြုကျင့်ရန် လုံးဝသင့်လျော်သော အရာများမဟုတ်ကြပေ။

ဆေးပေါင်းခသော မဇလီ

ဤလတွင် နက္ခတ်တာရာများ စုံညီသဖြင့် မဇလီ ပင်တွင် ဆေးပေါင်းခသည်ဟု အယူရှိကြသည်။ တန်ဆောင်မှုန်းလပြည့်နေ့ညတွင် မဇလီဖူးများကိုဆွတ်ခူး၍ ပြုတ်သုပ်ပြီး အန္တရာယ်ကင်းစေခြင်းငှာ ပျော်ပျော်ပါးပါး ဝေငှစားကြသည်။ နက္ခတ်တာရာများစုံသော ဤလ၏ လပြည့်နေ့ညတွင် အခြား သစ်ပင်သစ်ရွက်တို့၌ ဆေးပေါင်း မခတဲ့ မဇလီတွင် အဘယ်ကြောင့် ဆေးပေါင်းခသည်ကို မှတ်တမ်းမှတ်ရာ အခိုင်အမာ မတွေ့ပေ။ သက်ကြီးစကားသက်ငယ်ကြားမျှသာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မဇလီဖူးမှာ အချိန်အခါမရွေး ဆေးဘက်ဝင်သော အစာ အာဟာရဖြစ်၍ ပြုတ်စား သုတ်စားသော်လည်း အန္တရာယ်မဖြစ်ပေ။

သိဝိမင်းနှင့်မယ်ဥမ္မာ

မြန်မာတို့၏ရိုးရာအစဉ်အလာတခုတွင် လှုပသောမိန်းကလေးကို ဥမ္မာဒန္တီနှင့် တင်စားနှိုင်းယှဉ်သကဲ့သို့ မိန်းကလေးတစုံတဦးကို ဗဲ့လန်း၍ အရှုံးအမူးဖြစ်ကြသူများကိုလည်း သိဝိမင်းနှင့် တင်စား

www.burmeseclassic.com

www.burmeseclassic.com

နှိုင်းယှဉ်ခေါ်ဆိုကြသည်။ ပဏ္ဏာသ နိပါတ်ဇာတ်တွင် အရိုင်ပြည့်ရှင်ဘုရင် သိဝိမင်းသည် တန်ဆောင်မုန်းလပြည့်ခန့် ညတွင် အခြွေအရံ အနည်းငယ်မျှဖြင့် နက္ခတ်သဘင်ပွဲ လှည့်လည် ရှုစားသည်။

စစ်သူကြီးအဘိပါရက၏ဇနီး

ဥမ္မာဒန္တီသည် ယခင်မိဘများကိုယ်တိုင် ဘုရင်ကိုမိဖုရားအဖြစ် ဆက်စဉ်ကပယ်ချသဖြင့် ဘုရင့်ကိုရန်ငြိုးထားသည်။ သိဝိမင်းသည် ဆင်တော်နှင့်လှည့်လည်လာစဉ်လေသာပြတင်းမှကိုယ်ထင်ပြသော ဥမ္မာဒန္တီကိုမြင်သည်။ ဥမ္မာဒန္တီက တမင် အမြင်ခံသည်။ ဘုရင်သည် ဥမ္မာဒန္တီကိုမြင်၍ တပ်မက်သောစိတ် ဖြစ်သည်။ ဥမ္မာဒန္တီ မှန်းသိသောအခါ ခရီးခေါက်၍ နန်းတော်သို့ ပြန်ကြသည်။ ဥမ္မာဒန္တီကို တပ်မက်သောစိတ်ဖြင့် ပင်ပန်းကြီးစွာ သောကကြီး ရင်ဝယ်ပွားရသည်။ နောင်သောအခါ အဘိပါရက စစ်သူကြီးက ဇနီးအဖြစ်ဆက်သသော်လည်း လက်ခံခြင်းမရှိ၊ သတိသံဝေဂရ၍ တောထွက်တော်မူသည်။

မူရင်းဇာတ်မှာ ဤမျှသာ ဖြစ်သော်လည်း သဘင်သည်တို့၏ သရုပ်ဖော်မှားယွင်းသဖြင့် သိဝိမင်းမှာ သွက်သွက်ခါ တဏှာရူးဖြစ်သည်။ သဘင်သည်တို့က ဇာတ်နာအောင် သရုပ်ဆောင်ကြသော်လည်း မသိနားမလည်သူတို့အတွက် မှားယွင်းသောအသိကို တမင်အကွက်ဆင်၍ ရိုက်သွင်းသကဲ့သို့ ရှိနေသည်။ သဘင်သည်တို့ ဖျက်၍ ပျက်ခဲ့ရသော ဇာတ်နိပါတ်ပေါင်း များစွာရှိသည်ကို သတိပြုကြပါကုန်။

အဇာတသတ်နှင့် တန်ဆောင်တိုင်

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် ဆရာဒေဝဒတ်၏ ညွှန်ကြားချက်ဖြင့် ဖခင်ကို ခြေဖဝါးဒဏ်ခံ ဆားခဲသိပ်၍ သတ်ခဲ့သည်။ ဖခင်ကို သတ်ခဲ့သော အဇာတသတ်သည် စိတ်ကြည်လင်ရှင်ပြခြင်းမရှိပေ။ တန်ဆောင်မုန်းလပြည့်နေ့ညတ၏ သာယာကြည်လင်ခြင်းကြောင့် အဇာတသတ်မင်းသည် တဒဂ်မျှ စိတ်ကြည်နူးနှစ်သိမ့်မှုမရှိပေ။ သို့သော် ဤကြည်လင်မှုကား ရာသက်ပန်မဖြစ်ပေ။ ထိုကြောင့် "ငါတို့၏စိတ်ကို ကြည်လင်စေမည့် သမဏာပြာဟ္မဏာကို အဘယ်အရပ်၌ ယနေ့ည ငါတို့ ဆည်းကပ်နိုင်ပါအုံနည်း" ဟု မိန့်တော်မူသည်။ ထိုစဉ် မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် သရက်ဥယျာဉ်တွင် သံဃာတော်(၁၂၅၀)တို့နှင့် နေတော်မူသည်။ ဤအကြောင်းကိုသိသော ဆေးဆရာ၊ ဇာဝကာသည် ဘုရင်ကိုလျှောက်၏။ ဇီဝက၏ လျှောက်ထားချက်အရ အဇာတသတ်မင်းသည် ညတွင်းချင်းပင် နန်းတော်သူ မောင်းမငါးရာကို ဆင်မ ယာဉ်သာ ငါးရာစီးစေလျက် မီးရှူးမီးတိုင်များကို ထွန်းညှိစေကာ မြတ်စွာဘုရားထံ ဖူးမျှော်ရန် ထွက်တော်မူသည်။

အဇာတသတ်မင်းသည် ဘုရားရှင်အား ဖူးမျှော် ပြီးနောက် အမေးပုစ္ဆာတို့ဖြင့် စူးစမ်းခြင်းပြုသည်။ ဘုရားရှင်လည်း သမညလ သုတ္တန်ကို ဟောတော်မူသည်။ အဇာတသတ်မင်းသည် ဘုရားရှင်အား အကြည်ညိုဆုံး ပုဂ္ဂိုလ်အဖြစ် ကိုးကွယ် ကြည်ညိုလေသည်။ အဇာတသတ်မင်းသည်အဖကိုသတ်ခဲ့သော ပီတုဃာတကံ ထိုက်သူဖြစ်သည်။ ဤကံသာထိုက်ခဲ့သူ မဟုတ်က ထိုမနောရာ၌ပင်

www.burmeseclassic.com

www.burmeseclassic.com

မင်ဥာဏ်ကို ရရှိနိုင်သည်ဟု မြတ်စွာဘုရားက ရဟန်းများကိုမိန့်ကြားသည်။ ထိုညကား တန်ဆောင်မုန်း လပြည့်ညပင်တည်း။

× × × ×

နတ္တော်လ စာဆိုတော်နေ့

နတ္တော်လတွင် ရှေးအခါက နတ်ကခေါ်သောနတ်ပွဲကိုကျင်းပကြသည်။ နတ်ဟူသည်မှာ နာထမှလာကြောင်း၊ ကိုးကွယ်ထိုက်သူဖြစ်ကြောင်းဟု အနက်ဖွင့်ကြသည်။ လင်ယောကျ်ားကို အိမ်ဦးနတ်ဟု တင်စားကြသည်။ နတ္တော်လတွင် ကျင်းပသောနတ်ပွဲမှာ ၃၇-မင်းနတ်ကို ပူဇော်ခြင်းဖြစ်သည်။ ၃၇-မင်းနတ်ဟု မှည့်ခေါ်ထားသောနတ်ဆိုသူများမှာစိတ်ကူးထဲမှအရုပ်များ/ဖြစ်ကြသည်။ ၃၇-မင်းသော ဤနတ်၊ ထိုနတ်များသည် လူစင်စစ်မှအစိမ်းသေ အသေဆိုးနှင့် သေခဲ့၍နတ်ဖြစ်သည်ဟု စိတ်ကူးယဉ်ထားခြင်းသာဖြစ်သည်။နတ်နှင့် ချောက်စား ကြသူတို့က ဖန်တီးထားသော အရုပ်များသာ ဖြစ်သည်။ ထိုသူ,ဤသူတို့ နတ်ဖြစ်ကြောင်းမည်သူကမှ ခိုင်လုံသော သာဓကကို မပြနိုင်ပေ၊ အကယ်၍ ၃၇-ဦးသာ နတ်များဖြစ်ခဲ့သည်ဟု ဆိုစေကာမူ ပူဇော် ပသ,နေရန်လိုအပ်သည်မဟုတ်ပေ။

ယခုခေတ်အခါတွင် နတ္တော်လဆန်း(၁)ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ အသိအမှတ်ပြုသည်။ မြန်မာပြည်အဝှမ်း စာပေဝါနာရှင်များက စာဆိုတော်နေ့ အထိမ်းအမှတ် ကျင်းပကြ

သည်။ အထက်မြန်မာနိုင်ငံ စာရေးဆရာများက မန္တလေးမြို့ကို ဗဟိုထား၍ရင်း၊ အောက်မြန်မာနိုင်ငံ စာရေးဆရာများက ရန်ကုန်မြို့ကို ဗဟိုထား၍ရင်း၊ စာဆိုတော်နေ့ကို နှစ်စဉ်မပြတ် ကျင်းပကြသည်။ ထိုနေ့တွင် စာရေးဆရာများ၊ စာပေဝါသနာရှင်များစုဝေးကာ သက်ကြီးရွယ်ကြီး စာရေးဆရာကြီးများကို ကန်တော့ခြင်း၊ ဩဝါဒခံယူခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်းများ ပြုကြသည်။

နတ္တော်လဆန်း(၁)ရက် စာဆိုတော်နေ့တွင် တော်လှန်ရေးကောင်စီအစိုးရ ပြန်ကြားရေးဌာနမှ အမျိုးသားစာပေ ဆုနှင်းသဘင်ကျင်းပသည်။ ယခင်နိုင်ငံရေး အစိုးရများ လက်ထက်က စာပေဗိမာန်မှဦးစီး၍ ဆုနှင်းသည်။ ယခုလောက် ကျယ်ပြန့်ခြင်းမရှိပေ။ အစိုးရပြန်ကြားရေးဌာနက အမျိုးသားစာပေများကို ဦးစီး၍ဆုနှင်းရာ၌ ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များကိုသာ ရွေးချယ်ခြင်းမဟုတ်ပေ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးသော စာမူများကိုပါ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြု၍ ရွေးချယ်ခြင်းဖြစ်လေသည်။

စာဆိုတော်နေ့ ပေါ်ပေါက်လာပုံ

ပထမ အကြိမ်မြောက် စာဆိုတော်နေ့ကို ၁၉၄၄ - ခုနှစ် (၁၃၀၆-ခုနှစ်၊ နတ္တော်လဆန်း ၁)ရက်နေ့တွင် ကျင်းပခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဖြစ်လေသည်။

စာဆိုတော်နေ့ကျင်းပရန် အကြံရသူများမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှပင် ဖြစ်သည်။ မြန်မာနိုင်ငံ စစ်မြေပြင်တွင် ဟာမိတ်လေယာဉ်များ သဲသဲမဲမဲပုံးချချိန် ဂျပန်များ အရေး

www.burmeseclassic.com

www.burmesecLassic.com

နိုမ့်၍ ရန်ကုန်မြို့သူ မြို့သားများ ကျီးလန့်စာစား ဖြစ်နေချိန်တွင် လူအများ စိတ်ဓာတ်ပျက်ပြားနေသည်ကို ဘယ်ပုံဘယ်နည်းအာရုံ ***ခံပြင်းသင့်ကြောင်း*** စာရေးဆရာအသင်း၏ အမှုဆောင်အစည်းအဝေးပွဲတခုတွင် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံတွင် ထိုစဉ်က ဇာတိသွေးဇာတိမာန် တက်ကြွစေရန် ပါတောင်မှုနှေ့၊ အမျိုးသားနေ့၊ ဦးဝိစာရနေ့တို့ကို ကျင်းပသည့်နည်းတူ အမျိုးသားစာပေ ပြန်လည်ထွန်းကားတိုးတက်ရေး၊ အမျိုးသားစိတ် ထက်သန်ရေးတို့အတွက် စာပေအတွက် နေ့ တနေ့ သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြသည်။ စာရေးဆရာအသင်းကြီးတခုတည်းက ကြီးမှူးကျင်းပမည့်အစား အစိုးရကပါ ပါဝင်ကူညီလျှင် ပိုမိုအောင်မြင်မည်ဟု ယူဆကြပြန်သဖြင့် ထိုစဉ်ကအစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့နှင့် ဆွေးနွေးကြသည်။ တရားဝင်ဆွေးနွေးပွဲကို ၁၃၀၆-ခုနှစ် ကဆုန်လဆုတ် ၂ ရက်နေ့တွင် ထိုခေတ်က ပညာရေးဝန်ကြီး ဦးလှမြင့် (ကွယ်လွန်ပြီး)၏ ရုံးခန်းတွင် ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲသို့ ဝန်ကြီးဦးလှမြင့်၊(ပညာရေးဝန်ကြီး)ဦးဖေမောင်တင်၊ ဦးဟောင်း၊ ဆရာဇော်ဂျီ၊ သူကြီးဂေဇက် ဦးခင်မောင်၊ စာရေးဆရာ အသင်း ဥက္ကဋ္ဌ ဦးသိန်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်(ကွယ်လွန်ပြီး)နှင့် ဦးဟိန် စသည်တို့ တက်ရောက်ကြသည်။ ဆရာ သခင်ကိုယ်တော်မှိုင်းမှာ မတက်ရောက်နိုင်ပေ။ စာတစောင်ပို့ လိုက်သည်။ စာတွင်အသွားအလာ လွယ်ကူစေရန် စိုစွတ်သော မိုးရာသီအချိန်ကို မရွေးမိစေရန် အကြံပေးရေးထားသည်။

စာပေအထိမ်းအမှတ် နေ့တနေ့ကို ကျင်းပရန်သဘောတူကြသည်။ ဘယ်နေ့ ကျင်းပမည်ကို ဆက်လက် စဉ်းစားကြသည်။

ဂျာနယ်ကျော် ဦးချစ်မောင်က ရှေးမြန်မာဘုရင်များ နတ္တော်လတွင် ဘွဲ့နှင်းသတင်းဆင်ယင်သည်ကို သတိရကာ နတ္တော်လဆန်း (၁)ရက်ကို ရွေးသင့်ကြောင်းအကြံပေးသည်။ ထိုစဉ်က သံတော်ဆင့်သတင်းစာ အယ်ဒီတာချုပ် ဦးသိန်းမောင်က ထောက်ခံခဲ့သည်။ ကန့်ကွက်သူမရှိသဖြင့် အတည်ပြုခဲ့သည်။

နတ္တော်လဆန်း (၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ပြီးနောက် စာဆိုတော်နေ့ ကျင်းပရေးဆောင်ရွက်ရန်အတွက် နာယကအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တခုကို ဖွဲ့ရန် သဘောတူကြသည်။ အမှုဆောင်အဖွဲ့တွင် ထိုစဉ်ကအမျိုးသားတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်က ဥက္ကဋ္ဌ၊ ဂျာနယ်ကျော် ဦးချစ်မောင်က ဆော်သြသူဖြစ်လာသည်။

ပထမ စာဆိုတော်

ပထမစာဆိုတော်နေ့ကျင်းပရေးကို ဆွေးနွေးဆောင်ရွက်ကြရာ ဦးပုညရေးခဲ့သည့် ဝိဇယကုမ္ဘာဇာတ်ကို ခေတ်နှင့်လျော်ညီအောင် အတန်အသင့်ပြုပြင်ပြီး စာရေးဆရာများ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ကပြရန်၊အသံလွှင့်ဌာနမှ ထိုနေ့ညနေပိုင်းတွင် အသံလွှင့်ရန် ဆုံးဖြတ်ကြသည်။ ၁၃၀၆-ခုနှစ် နတ္တော်လဆန်း (၁)ရက်နေ့တွင် ပထမစာဆိုတော်နေ့ကို ကျင်းပနိုင်ခဲ့သည်။ပထမစာဆိုတော်နေ့ ကျင်းပနိုင်ရေးအတွက် အစိုးရကဌေတသောင်းသောင် (ဂျပန်ငွေ) ထုတ်ပေးသည်။ ပုံကြား၊ စက်ဆောနှတ်ကြားမှ စာရေးဆရာတို့၏ပြဇာတ်ကို မြို့သူမြို့သားတို့ အယူးခံတင်ပြကြသည်။ ပွဲတောင်းသဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်

www.burmesecLassic.com

www.burmeseclassic.com

ကပြီးနောက် ရံပုံငွေအဖြစ်ဖြင့် မြို့င်ရုံတွင်ထပ်မံတပြသည်။ မြို့င်ရုံမှာ ယခုတိရစ္ဆာန်ရုံရှေ့ ကန်တော်ကြီးစောင်း ကွက်လပ်တွင် ဖြစ်သည်။ ထိုစဉ်က ၎င်းနေရာတွင် မြို့င်ရုံနှင့် ရန်ကုန်ရုပ်ရှင်ရုံရှိသည်။ ယခုကန်တော်ကြီး စိုက်ပျိုးရေးဥယျာဉ် ဗဟန်းဘက်မှဝင်ပေါက် နေရာတွင် နေသူရိန် ရုပ်ရှင်ရုံရှိသည်။ နေသူရိန်ရုံမှ မြို့င်ရုံအထိ ကြားတွင် ရုပ်ရှင်ရုံများရှိသည်။ ခိုင်ခိုင်မာမာမဟုတ်ပေ။ မြို့င်ရုံမှာ ပြဇာတ်ကသော ရုံဖြစ်သည်။

ဝိဇယကုမ္မာတွင် စာရေးဆရာ-ဆရာသုခ၏ ဝိဇယမင်းသား လုပ်၍ ဒေါ်တွေး(သီတာခင်ထွေးဟုထင်ရသည်)က မယ်ကုဝဏ် လုပ်သည်။ ဝိဇယကုမ္မာပြဇာတ်ကို ကပြရခြင်းမှာ မြန်မာတို့အပေါ် ဖက်ဆစ်စနစ်ဖြင့် အုပ်ချုပ်နေသော ဂျပန်များကို တော်လှန်ရန် သွေးထိုးပေးခြင်းပင်ဖြစ်သည်။ ပါးနှပ်သောဂျပန်များ၏ ဒေါ်ပွသည်ဟု သိရသည်။

ဒုတိယစာဆိုတော်

၁၃၀၈-ခုနှစ်တွင် ဒုတိယစာဆိုတော် ကျင်းပကြသည်။ ထိုအချိန်မှာ ဂျပန်များ မြန်မာ့မြေပေါ်မှထွက်ပြေးရပြီး အင်္ဂလိပ်များ ပြန်ဝင်သည့်အချိန်ဖြစ်သည်။ ဦးပေါ်ဦး ပြဇာတ်ကို ဟာသဝိဇ္ဇာ ဆရာ ဇဝနက ဦးပေါ်ဦးအဖြစ် သရုပ်ဆောင် တင်ဆက် ၏ပြခဲ့ကြသည်။

တတိယ စာဆိုတော်

၁၃၀၉-ခုနှစ်တွင် တတိယ စာဆိုတော်နေ့ကို ကျင်းပသည်။ လူကြိုက်များခဲ့သော "ဝိဇယကုမ္မာ"ကို အများဆန္ဒအရ ထပ်မံ

ကပြသည်။ ဝိဇယကုမ္မာအဖြစ်ဖြင့် ဆရာသုခ၊ မယ်ကုဝဏ် အဖြစ် ဒေါ်မေသန်း(အေဝမ်း)က သရုပ်ဆောင်သည်။ အမျိုးသား ခေါင်းဆောင် မြန်မာပညာရှိ ဆရာကြီး ဒီးဒုတ် ဦးဘချိုက အခန်းအနားဖွင့် မိန့်ခွန်းပြောကြားခဲ့သည်။ တတိယစာဆိုတော် နေ့မှ ရှစ်လအကြာ ၁၃၀၉ ခု ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ဆရာကြီး ဒီးဒုတ်ဦးဘချိုသည် ဗိုလ်ချုပ်အောင်ဆန်း စသော အမျိုးသား ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံရသည်။ (အာဇာနည်နေ့ရှု)။

စတုတ္ထစာဆိုတော်

၁၃၀၉ ခု နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပသည်။ ဗိုလ်ချုပ်ကျဆုံးပြီး လေးလအကြာတွင် ဖြစ်သည်။ ကန်တော်ကြီးစောင်းမြို့င်ရုံတွင် ခင်းကျင်းပြသသည်။ ယာယီအစိုးရ အဖွဲ့၏ အုပ်ချုပ်ချိန်ဖြစ်၍ ယာယီ ဝန်ကြီးချုပ် ဦးနု၏ ငွေ ၅၀၀ဝ (အစိုးရကိုယ်စား) စာရေးဆရာ အသင်းသို့ ထောက်ပံ့သည်။ ဝန်ကြီးချုပ်ကိုယ်တိုင် အခန်းအနားဖွင့် မိန့်ခွန်းပြောသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ဂါရဝ ပြုကြသည်။

ထိုနှစ်စာဆိုတော် သဘင်တပ်ဝဲကို အပိုင်းသုံးပိုင်းပိုင်း၍ ကပြသည်။

၁။ ပထမပိုင်း (မြဝတီမင်းကြီး သရုပ်ဖော်)
ဒဂုံဦးဘတင် မြဝတီမင်းကြီး ဦးစ။
ဆရာဟိန်၊ ငမှန်။

www.burmeseclassic.com

www.burmeseclassic.com

၂။ ဒုတိယပိုင်း(အနန္တသူရိယ မျက်ဖြေလက်ဘသရုပ်ဖော်)

ဒဂုံလွန်း အနန္တသူရိယ။
မဟာဆွေ(ကွယ်လွန်)ဒဂုန်ရွှေမျှား၊ ဦးစံလှ၊
ထွန်းတောသား စသည်တို့က ဝန်ကြီးများ။
ရွှေပိန်သောင်း(ကွယ်လွန်)နရပတိ။
ဒေါ်ခင်မျိုးချစ် ဝေဠုဝတီ။
သဇင်မြင့် (ယခု သဇင်မြင့်မဟုတ်) မြို့ဝန်။

၃။ တတိယပိုင်း(ခုံတော် မောင်ကျာတမ်း နှစ်လင်ပေါ်အမှု ဆုံးဖြတ်ခန်း)

ဆရာဇဝန၊ ခုံတော် မောင်ကျာတမ်း။
ဆရာသုခ၊ ဆရာတင် ရွှေနေမျှား။
ရွှေညာမောင်၊ ဗိုလ်ရန်နိုင်။
ရန်နိုင်စိန်၊ မောင်ပိုးဖြူ။
မေသန်း (အောဝမ်း)မဖေဘုန်။

နောက်ပိုင်း ကျင်းပသော စာဆိုတော်နေ့များ

လွတ်လပ်ရေးရပြီး ဤမှာဘက်ကျင်းပသော စာဆိုတော်နေ့များအကြောင်းကို စာမျက်နှာ၃၂၅ မှတ်တမ်း မတင်တော့ပါ။ ကျင်းပခဲ့ပြီး စာဆိုတော်နေ့များ အကြောင်းကို သုတေသီတို့ စာတစောင် ပေတဖွဲ့ ပြုသင့်ပါသည်။ယခု အထက်ပါ စာဆိုတော်နေ့များအကြောင်းကို မှတ်တမ်းတင်ရာတွင် လိုအပ်သောအချက်အလက်များကို အပြည့်အစုံမရတော့ပါ။ . မပျောက်မပျက်ရန် စာပေပညာရှင်တို့ စုပေါင်းထိန်းသိမ်းသင့်ပါသည်။

*လွတ်လပ်ရေးရပြီး ကျင်းပသော စာဆိုတော်နေ့များကို မှတ်မှတ်ရရ ၁၉၆၂ ခုနှစ် စာဆိုတော်နေ့အထိ ကဇာတ်-ပြဇာတ် တို့နှင့် နှစ်စဉ်မပျက် ကပြခဲ့သည်။ ဤမှာဘက်တွင် ကပြနိုင်ခြင်းမရှိတော့ပေ။ စာရေးဆရာအသင်းမှာလည်း စုစည်းမှု ထုံးဝမရှိဘဲ ဇရိုဖရဲဖြစ်နေပြီး ဖြစ်သည်။ စာရေးဆရာများ၏ စာပေအသင်းပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားစာပေညီညွတ်ရေး ဏော်မတီကသာ စာဆိုတော်နေ့ကို ဦးစီးကျင်းပခဲ့သည်။ စာရေးဆရာအသင်းမှ ပြဇာတ်-ကဇာတ် ခင်းကျင်းပြသ၍ စာဆိုတော်နေ့ ကျင်းပသော နောက်ဆုံး စာဆိုတော်နေ့ ပြဇာတ်အကြောင်းကို အကျဉ်းချုပ် မှတ်တမ်းတင်လိုက်သည်။

၁၉၆၃ ခုနှစ် စာဆိုတော်နေ့ဖြစ်သည်။ ထိုစဉ်ဈ မြို့တော်ခန်းမတွင်(အနန္တသူရိယ)ပြဇာတ်ကို တင်ဆက်သည်။ စာဆိုတော်နေ့အမှီ တင်ဆက်ခြင်းမဟုတ်ပေ။ အခြေအနေအရပ်ရပ်ကြောင့် စာဆိုတော်နေ့လွန်ပြီးမှ တင်ဆက်သည်။ ထိုစဉ်က မှတ်မိသမျှ သရုပ်ဆောင်သူများမှာ အောက်ပါအတိုင်းဖြစ်သည်။

အနန္တသူရိယအမတ်	ရန်ကုန်ဘဆွေ
နရပတိစည်သူ	မင်းအောင်
သက်တော်ရှည်	မောင်ကိုယု
ခယ်မတော်	တောကမိသန်း

အခြား ဇာတ်ဆောင်များစွာ ပါသည်။

ရန်ကုန်ဘဆွေမှာ ထိုစဉ်က အသင်း၏ ဥက္ကဋ္ဌဖြစ်ပြီး တောကမိသန်းဈ အတွင်းရေးမှူးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုပြဇာတ်၏ ထူးခြားချက်မှာ ပရိသတ်၏ အကြိုက်ကို တင်ပြခြင်းမဟုတ်ဘဲ ထိုခေတ် ထိုအခါကဆင်ယင်ထုံးဖွဲ့မှု၊စကားအသုံးအနှုန်း၊ လေယူလေသိမ်း အားလုံးကို ပုံတူသုတေသနပြု၍ တင်ဆက်ခြင်းဖြစ်သည်။အလှအပထက် သဘာဝကို ပို၍အလေးထားသည်။ ပြဇာတ်တခုလုံးတွင် (ဘုရင်ကို ဖြေဖျော်သော ကျောင်းသူကလေးများ၏ အကမ္မလွဲ၍) သရုပ်ဆောင်သူများမှာ ငယ်ငယ်ရွယ်ရွယ်တဦးမှ မပါရှိပေ။ အဖိုးအိုများသာ ဖြစ်သည်။ ထိုခေတ်၏ သရုပ်ဖော်အင်္ဂါဖားလျှား၊ မုတ်ဆိတ် ကျင်စွယ်ရှည် လျှားလျှားနှင့် ခါးကိုင်းကိုင်း၊ ဦးခေါင်းတုံတုံ၊ ဆံပင်၊ မျက်ခုံးမွေးဖြူဖြူတို့မှာ ရုတ်တရက်ကြည့်လျှင် ရယ်ဘွယ်ပင် ဖြစ်သည်။ သို့သော် သဘာဝကျကျ သရုပ်ဆောင်သွားသဖြင့် ပရိသတ်မှာ ပြုံးပင်မပြုံးနိုင်အောင် ကရုဏာသက်ရသည်။ ထိုမှ နောက်ပိုင်း စာရေးဆရာတို့၏ စည်းလုံးမှု အင်အားမှာ အထု အထည်နှင့် ပေါင်းပေါင်းစည်းစည်း မရှိလှတော့ပေ။ ပြဇာတ် ကဇာတ် တင်ဆက်ခြင်း မရှိတော့ပေ။ စုပေါင်းဆွေးနွေးခြင်း၊ ဟောပြောပွဲ ကျင်းပခြင်း၊ စာရေးဆရာကြီးများအား ကန်တော့ခြင်း စသော အခမ်းအနားလောက်သာ ကျင်းပနိုင်တော့သည်။

o o o

တပို့တွဲထမနဲ

ထမင်းနဲကိုထမနဲဟူ၍ရင်း ရေးကြသည်။ထမင်းနဲမှာ ကောက်ညှင်းနှင့်ပြုလုပ်သော ထမင်းတမျိုးပင် ဖြစ်သည်။ (နဲ)မှာ နယ်ခြင်း၊ အပြန်ပြန်မွှေနှောက်ခြင်း၊ ခဲ့အောင် ပြုလုပ်ခြင်းပင်ဖြစ်၍

သမင်းနဲသည် ကောက်ညှင်းထမင်းကို ခဲ့ကပ်အောင် နယ်ခြင်းပင်ဖြစ်သည်။ နှမ်းမနဲမှာ နှမ်းများသော မုံဟူ၍ ဆိုလိုဟန်ရှိသည်။ ခေတ်အခေါ်အဝေါ်အားဖြင့်(ထမနဲ)ဟူ၍ လွယ်လွယ်ပင် ခေါ်ဆိုကြသည်။ နောက်ဆုံး ဝေါဟာရကို နှစ်သက်သဖြင့် တပို့တွဲ သမနဲပွဲဟူ၍ ခေါင်းစဉ်တပ်လိုက်သည်။

တပို့တွဲလ၊ ကုံသိုကျ၊ မာဃထွန်းစမြ၊
ပေါက်လဲပင့်ကုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ။

ကောက်ညှင်းကို အပြန်ပြန်အလုန်လုန် ကော်မျှား၊ ပတ်စာများဖြစ်အောင် နုယ်ရသော ထမင်းနဲ သို့မဟုတ် ထမနဲကို အရပ်ဒေသလိုက်၍ ယာဂုဟုလည်း ခေါ်သည်။ ယာ-ဂု၊ မှာ- ပါ၌ဖြစ်၍ ဆန်ပြုတ်ဟု မြန်မာပြန်နိုင်သည်။

ထမနဲထိုးပွဲကို တပို့တွဲလဆန်းမှစ၍ လပြည့်နေ့အထိ မြန်မာပြည် အရပ်ရပ်တွင် ပြုလုပ်ကျင်းပကြသည်။ ရှေး မင်းအဆက်ဆက်မှ အမြို့မြို့အရွာရွာတွင် ခြိမ့်ခြိမ့်သဲကျင်းပကြသော ၁၂-လ ဘုရားပွဲ အဝင်အပါ(ရာသီပွဲ)တမျိုးပင် ဖြစ်သည်။ တပို့တွဲလမှာ ဘောက်ဦးပေါ်ချိန်ဖြစ်၍ ကောက်ညှင်းကို အုန်းသီး၊ ဂျင်း၊နှမ်း၊ မြေပဲနိုင်နိုင်ထည့်၍ နှမ်း၊ နှမ်းဆီရွဲ့ရွဲ့ဖြင့် ထိုးကြသည်။ ထမနဲတွင် သည့်သော ပစ္စည်းများမှာ အားလုံးအပူစာပင်ဖြစ်သည်။ ဤလ ဤရာသီတွင် လူတို့အတွက် လိုအပ်သောအဟာရဓာတ်စာတမျိုး ဖြစ်သည်။ ရာသီစာဖြစ်သည်ဟု ကျမ်းပြုဆရာတို့ ဆိုကြသည်။ ဤလ ဤရာသီတွင် ရာသီဥတုအလွန်၍ အဆီခြောက်ဓာတ်ခဲ့ဖြစ်ဖြင့် ဆီနိုင်သော အပူဓာတ်စာ ထမနဲကို စားသုံး၍ အပူ

www.burmeseclassic.com

www.burmeseclassic.com

ဘော်ရရှိပြီး အသားအရည်စိုပြေလာသည်။ဤလမ္ဘလန်၌ အခြားလမျှားတွင် စားသော် ဥပါဒ်မကင်းဟုဆိုကြသည်။ ထမနဲထိုးရာတွင် ပစ္စည်းအချိုးအဆမှန်သော် အရသာရှိသော အစားအစာဖြစ်လာသည်။ အချိန်အဆ မမှန်လျှင် အာခံတွင်း လျှာရင်းမမျက်ဘဲရှိတတ်သည်။ ထမနဲထိုးရာတွင် ထည့်သွင်းရမည့် နွားမ်း၊ မြေပဲ၊ အုန်းသီး၊ ကောက်ညှင်း စသည်တို့၏ အချိုးအဆကို အောက်ပါတေးထပ်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

ကုံရာသီမသ၊သဘာဝ ရှင်စွာ၊ထာဝရစဉ်လာ၊မျှားသူငါ
ခြိမ့်သဲ၊ ညာဇမ္ဗူ.သာခုခေါ်အောင်၊ ယာဂုတော်ကြိုဆောင်
သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ၊ လေးပြီသာထည့်မြဲ၊
ချိန်-ပိဿာလျှံ ကြည်ရှဲ့အောင်လို့၊နှမ်းဆီတို့ထည့်ပြန်၊မြေပဲဆံ
အင္ဒသုညငယ်နှင့်၊ဒွတ္တိ.သတံလဗီဇ်၊ အုန်းသီးစိပ်ကျပ်ဝီသံငယ်၊
လောနုတံချိန်သတ်နှင့်၊ဂျင်းနုဖတ်သိုးဂီမျှင်ရှေ့၊ သုံးကျပ်မသွေ
နှည်းစဉ်ဆက်သမုဆွေငယ်၊ ဥပဒေမော်ကွန်းပလေး။ ။

၁။ ကောက်ညှင်းဆန် လေးပြီ ရေစင်စင်ဆေး၊ ဆီတပိဿာ
ဂျင်းသုံးကျပ်သားနှင့် ဒယ်ဖြင့်ဆီသတ်၊ ကောက်ညှင်း
ထည့်နှပ်။

၂။ ယောက်မနှစ်လက်ဖြင့် ဖိမှချ၍ပွတ်ချေ၊ နယ်၊ ကောက်
ညှင်းကြေလျှင် မြေပဲ ၈၀-ကျပ်သား နှမ်း ၁၂-ကျပ်
သား၊ အုန်းသီးစိပ် ၂၀-ကျပ်သား၊ ဆား ၇-ကျပ်သား
ထည့်၍ နှံ.အောင်မွှေ ထမနဲ ဖြစ်သည်။

o o o

တပေါင်းဘုရားပွဲတော်

၁။ တပေါင်းလသည် ၁၂-လ၏ နောက်ဆုံးလ ဖြစ်သည်။ အသာအယာဆုံးသော လ, ဖြစ်သည်။

၂။ ကမ္ဘာဦးအစ နေ,လ,ပေါ်သော လဖြစ်သည်။ ကာဠ၊ ဒါယီအမတ် ဘုရားသခင်အား ဂါထာ ၆၀-ဖြင့်ပင့်၍ သားယာသော တောလမ်းခရီးမှ ဘုရားရှင်ကြွသော လဖြစ်သည်။ သဲပုံ စေတီဘုရားပွဲတော်နှင့် မျက်မှောက်ခေတ် ဘုရားပွဲများ ကျင်းပသည်။

လတကာထက်၊ နှိုင်းရာဘက်ရှောင်၊ လမျှားနောင်

တပေါင်းလ၏ သာယာတင့်တယ်ပုံကို ရှေးစာဆိုတို့ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်မှာ မရေတွက်နိုင်လောက်အောင်ပင် ဖြစ်သည်။ တပေါင်းလသည် တနှစ်တွင်ရှိသော လပေါင်း ၁၂-လ တို့၏ နောက်ဆုံးလဖြစ်သည်။ "တပေါင်းမိန်တုံ-သာရဂုံ ပွင့်ဌ ပိတောက်ဝင်း"ဟု စာဆိုတို့စပ်သီခဲ့သည်။ သရဖီပန်းလည်း ဖူးပွင့်သည်။ သစ်ရွက်ဟောင်းများ ဝါကျွံ နီယောင်းလျက် မြေသို့ သက်ပြီး၊ ရွက်သစ်ရွက်နုတို့ ဖူးသစ်စ အခါဖြစ်သည်။ တောတောင် ရာသီဥတု သာယာသဖြင့် ငှက်များသဘင်ကျင်းပသော သဖြစ်လည်း။ တပေါင်းလသည် လတကာတို့ထက် သာယာသော သဖြစ်သည်ဟု ဆိုသည်။ "ရသေ့သူတော်တိုင်မှ၊ ဥာဏ်မမှိုင်၊ ဗျာန်ယိုင်လျှောရသည်၊ ရာသီတွင်စာစီ၍ပြောရလျှင်၊ ဒကျာ၌ သာမြ"ဟု၍ ကဗျာ-ကဝိတို့ စာသီပြုခဲ့သည်။ တပေါင်းလ၏ သာ

www.burmeseclassic.com

www.burmeseclassic.com

ယာပုံကို မြတ်စွာဘုရားသည်ပင် ရတနာ၃သုတ်တွင် "နေ့၏ဆန်းစ တပေါင်းလတွင် တောအလုံးသည် ပွင့်သောသစ်ပင်များဖြင့် သာယာဘင့်တယ်လှသည်။ ထိုနည်းတူစွာပင် ဘုရားသခင်တို့၏ ဒိဗ္ဗာန် ရောက် ကြောင်း တ ရား သည် လည်း များ စွာ ကြည်နူး နှာပျော်ဘွယ် သာယာလှပေသည်"ဟု ချီးကျူး ဟောကြားခဲ့ လေသည်။

ကမ္ဘာဦးစ- နေ့လ,ပေါ်ခြင်း

တပေါင်းလသည် အပသျှပုဒ်မှ ပျက်ယွင်း၍ တပေါင်းလဖြစ် လာကြောင်း ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင် ဖော်ပြထား သည်။(တပံ-အာတပံ၊သြဂ္ဂ၁ဋ္ဌ-ဂ၁ဋ္ဌတိ တပေါင်း)ဟူ၍ ဝိဂြိုဟ် ပြုသည်။တပံအာတပံ၊ ပူပြင်းသောဥတုသို့၊ သြဂ၁ဋ္ဌော သက် လျက်၊ ဂ၁ဋ္ဌတိသွားတတ်၏။ဤတိတသွာ ထို့ကြောင့် တပေါင်း တပေါင်းမည်၏။ ပူပြင်းသော ဥတုသို့ ရွှေလျှောသွားသော လ ဟု ဆိုလိုသည်။

ကမ္ဘာဦးလူတို့သည် နေ့လ,နက္ခတ်တာရာ မရှိသဖြင့် ပထမ ၎င်းတို့၏ကိုယ်ရောင်ဖြင့် လင်းစေ၏။ ကိုယ်မှ အရောင်အ၀ါများ ကွယ်ပျောက်သောအခါ အမှောင်ပကတိ ဖြစ်၏။ "အလင်း ရောင်ရသော် ကောင်းလေစ"ဟု အလင်းကို တောင့်တကုန်၏။ လူတို့တောင့်တချက်အရ နေ့လ,နှင့်နက္ခတ်တာယာများ ထွက်ပြူ ပေါ်ထွန်းလာသည်။ ထိုနေ့လနှင့်တကွ,နက္ခတ်တာရာတို့ ပေါ် ထွန်းလာသော လ ကား ဤတပေါင်းလပြည့်နေ့ပင် ဖြစ်တော့ သည်။ ထို့ကြောင့် ဤ လ အခါကား ထူးမြတ်သော အခါပင် ဖြစ်သည်။

ကာဋ္ဌဒါယီနှင့် ဂါထာခြောက်ဆယ်

မြတ်စွာဘုရားသည် ဘုရားဖြစ် ပွင့်တော်မူပြီးနောက် မိဂဒါ ဝန်တောတွင် ပဉ္စ၀ဂ္ဂိုဝါးဦးကို တရားဟောတော်မူသည်။ ထို နောက် ရာဇဂြိုဟ်ပြည်သို့ လှည့်လည်၍ တရားဟောတော်မူဆဲ နေရာ၌ဌာနဖြစ်သော ခမည်းတော်ရှိရာ ကပိလ၀တ်သို့ မရောက်ရှိ ပေ။ ခမည်းတော် သုဒ္ဓောဓနမင်းကြီးသည် သားတော်ဘုရားရှင် ကို ပူးမျှော်လိုသောစိတ် ပြင်းပြစွာ ဖြစ်ပေါ်သဖြင့် အမတ်တဦး အခြံအရံတထောင်ဖြင့် ဘုရားရှင်ကို ပင့်ခဲ့ရန်လွှတ်သည်။ဘုရားပင့် သွားသောအမတ်နှင့် အခြံအရံများ ဘုရားရှင်၏တရားတော်ကို နာပြီး ရဟန္တာများဖြစ်ကုန်သည်။ ဘုရားရှင်ကိုကား ပင့်လျှောက် ခြင်းမပြုပေ။ နောက်ထပ်အမတ်တဦးကို အခြံအရံ တထောင်နှင့် လွှတ်ပြန်သည်။ ရှေးနည်းအတူပင်ဖြစ်သည်။ကိုးကြိမ် ကိုးယောက် အသီ လွှတ်သမျှအမတ်နှင့် အခြေအရံများ ရဟန္တာ ဖြစ်ကုန် သည်။ ဆယ်ကြိမ်မြောက် ဘုရားရှင်၏ ဘွားဘက်တော် ကာဋ္ဌ ဒါယီအမတ်ကို အခြံအရံတထောင်နှင့် လွှတ်သည်။ကာဋ္ဌဒါယီ သည်း ရဟန္တာဖြစ်ပြန်သည်။ သို့သော် "ဘုရားရှင်အား ပင့်ခေါ် ပါ"ဟူသော ကတိကိုကား မဖျက်ပေ။ အခါအခွင့်ကိုသာ စောင့်ဆိုင်းခဲ့သည်။

ဤအတွင်း သာယာသောတပေါင်းလသို့ ရောက်သောအခါ အခါအခွင့်ကို စောင့်မျှော်နေသော ကာဋ္ဌဒါယီသည် မြတ်စွာ ဘုရားရှင်အား ဂါထာခြောက်ဆယ်ဖြင့် တပေါင်းလ၏သာယာ ကို ချီးကျူးကာ ကပိလ၀တ်ပြည်သို့ ဘုရားရှင် ကြွရောက်ပါ ရန်အကြောင်း လျှောက်ထားလေသည်။ ကာဋ္ဌဒါယီ လျှောက်

www.burmeseclassic.com

www.burmeseclassic.com

ဘင်သောဂါထာပေါင်းမှာ ၆၄ ဂါထာဖြစ်သည်။ တိတိပပဖြင့် မှတ်ရလွယ်ကူစေရန် လေးခုကိုထုတ်၍ ဂါထာ ခြောက်ဆယ်ဟု အမည်တွင်သည်။

ကာဠဒါယီ ဘုရားရှင်အား တပေါင်းလ၏ သာယာပုံကို လျှောက်တင်သော နေ့ကား ဘိုးတော် အဘွန်မင်း ဖြိုကြွင်း သက္ကရာဇ် ၁၃၀ ခု တပေါင်းလပြည့် ကြာသပတေးနေ့ပင် ဖြစ်သည်။

မြတ်စွာဘုရားဘခင်သည် ကာဠဒါယီ၏ လျှောက်ထားချက်ကို နှစ်သက်တော်မူသဖြင့် တပေါင်းလပြည့်ကျော် တရက်နေ့တွင် မဂဓတိုင်းသား သံဃာတသောင်း၊ ကပိလဝတ်ပြည်သား သံဃာတသောင်း ပေါင်း သံဃာနှစ်သောင်း ခြံရံလျက်ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ်ရှိသော ကပိလဝတ်ပြည်သို့ တောလမ်းခရီးမှ ခြေလျင်ကြွတော်မူလေသည်။ တပေါင်းလ၏ တောတောင်ရေမြေ သာယာကြည်နူးခြင်းမှာ မြတ်စွာဘုရားနှင့်တကွ နောက်ပါ သံဃာတော်များအား စိတ်ကြည်နူးစေသည်။

ကာဠဒါယီမထေရ်သည် တောလမ်းခရီးမှ မြတ်စွာဘုရား ကြွရောက်တော်မူစဉ် ဆွမ်းအလှူခံ ကပိလဝတ်ပြည်ခမည်းတော် သုဒ္ဓောဓန မင်းကြီးထံ ကောင်းကင်ခရီးမှ နေ့စဉ်ဆွမ်းအလှူခံ ကြွတော်မူလေသည်။ ဘုရားရှင် ရောက်ရှိပြီး ခရီးစဉ်ကိုလည်း မင်းကြီးနှင့်တကွ ပြည်သူတို့အား ပြောကြားလေသည်။ ဤသို့အားဖြင့် ကာဠဒါယီ မထေရ်အား ဆွေတော် မျိုးတော်တို့ အထူးပင်ကြည်ညိုလေသည်။ ကာဠဒါယီသည် ဆွေတော် မျိုးတော်တို့ အကြည်ညိုဆုံးသော ကုလပွသာခက (တေဒဂ်ဘွဲ)ကို ရရှိလေသည်။

သေဒဂ်ဘွဲ့ဟူသည်မှာ ၎င်းထက် ဤအရာတွင် မည်သူမှ ပို၍ ဦးချိန်။ အထူးမရှိသော ဘွဲ့ပင်ဖြစ်သည်။ တနည်းအားဖြင့် အကြောင်းကိစ္စရပ် တခုအတွက် အတော်ဆုံး၊ အကောင်းဆုံး ဟူသော ဘွဲ့ထူးဘွဲ့မြတ်ပင်ဖြစ်သည်။

ဘုရားရှင်လက်ထက်က ဘေဒဂ် ဘွဲ့တံဆိပ်တော်ရ လူမိန်းမ ၁၁ ယောက်၊ တေဒဂ် ဘွဲ့တံဆိပ်တော်ရ လူးယောကျ်ား ၁၁ ယောက်ရှိခဲ့သည်။

ကာဠဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် တောလမ်းခရီးဖြင့် ဤသာယာသော တပေါင်းလတွင် ခမည်းတော်ရှိရာ ကပိလသို့ ကြွရောက်သည်။ ခမည်းတော်နှင့် ဘကွ ဆွေတော် မျိုးတော်တို့အား တရားရေအေးအမြိုက်ဆေးကို ပေးတော်မူသည်။ ဤသည်ကိုရည်ရွယ်၍ တပေါင်းလတွင် ပွဲတော်များ ကျင်းပခြင်းမရှိပေ။ ဤတပေါင်းလတွင် သပ်ပုံစေတီပွဲကိုသာ ချေးအခါက ကျင်းပပြီး ယခုအခါတွင် ဘုရားပွဲများကိုကျင်းပကြ သည်။

တပေါင်းလသာ၊ လတကာထက်၊ နှင်းရာဖက်ရှောင်၊ လမျှားနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာ ထွေ၊ ရေလည်းသာလှ၊ ဖြူလွ သောင်ပြင်၊ ငှက်ပေါင်းရှင်ခ၊ သဘင်အညီ၊ သဲစေတီဟု၊ မျှော်ခါ့ရှင်ပ၊ လှုဒါန်းကြ၏။ ။

သပ်ပုံစေတီသည် ယာယီ တည်ထားကိုးကွယ်သော ဘုရားကိုယ်ပွားစေတီပင် ဖြစ်သည်။ သပ်ပုံစေတီ တည်ရာတွင် ပထမ အောက်ခြေခံအဆင့်ငါးဆင့် တည်ဆောက်ရသည်။ ဤငါးဆင့်မှာ

www.burmeseclassic.com

www.burmeseclassic.com

ခြင့်မိုရ်တောင်တွင် အာလိန်ငါးခု အဆင့်ရှိသည်ကိုရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။ အာလိန်ငါးဆင့် တနည်း အဆင့်ငါးဆင့်ကို ရှေ့ပြား၊ ဒွေ့ပြား စသည်တို့ဖြင့် မိမိတို့တတ်နိုင်သည့် ပစ္စည်းဖြင့် ပြုလုပ်ကြသည်။ မျှားသောအားဖြင့် လွယ်လွယ်ကူကူ ငှက်ပျော့ဖက်ဖြင့် ပြုလုပ်ကြသည်။ အာလိန်ငါးဆင့်မှာ အနိမ့်အခြေ စေတီသဏ္ဌာန် လက်ျာရစ်ပတ်ထားရသည်။ ထိုနောက်မှ သန့်စင်သည့် သဲမျှား အပြည့်သိပ်ထည့်ရသည်။ တံခွန်ကုက္ကား စသည့် ပူဇော်ဘွယ်ရာမျှားဖြင့် ခြယ်လှယ်ပြုပြင်ထားပြီးမှ အနေကဇာတင်ကြသည်။ ဤသဲပုံစေတီကိုအကြောင်းပြု၍ အလှူဒါနပြုခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း ပြုကြသည်။

ရှေးအခါက သဲပုံစေတီတည်ခြင်းမှာ ကျေးလက်တောရွာတွင် နေထိုင်ကြသူမျှားသည် ရုပ်ဝေးမှ တန်ခိုးကြီးဘုရားသို့ သွားဆောက်ရန်မလွယ်ကူသဖြင့် မိမိတို့ဖာသာ တန်ခိုးကြီးစေတီ ပုထိုးမျှားကို ရည်ရွယ်၍ သဲပုံစေတီကိုးကွယ်ခြင်းပြုသည်မှ စသည်ဟု ယူဆနိုင်သည်။ ရှေးခေတ်က အလွန်ဝေးကွာလှသော ခရီးကို ညဉ့်အိပ်ညဉ့်နေသွားရန် လွယ်ကူသည်မဟုတ်ပေ။ ထိုကြောင့် ယာယီ သဲပုံစေတီတည်ထားကိုးကွယ်ဟန် တူသည်။

ဤခေတ်တွင် သဲပုံစေတီဘုရားပွဲဟူ၍မရှိသလောက်ဖြစ်သည်။ မြို့ကြီးပြကြီးမျှားမှာ တန်ခိုးကြီးဘုရားမျှား ပွဲတော်ကို ကျင်းပကြသည်။ ရှေးအခါက ရန်ကုန်မြို့ ရွှေတိုဏ်စေတီတော်ကြီး၏ တပေါင်းပွဲတော်မှာအလွန်စည်ကားပေသည်။ ပွဲတော်ရက်အတွင်း အနောက်ဖက်မုခ် သွေးဆေးကန်အနီး ကွက်လပ်တွင် ပြပွဲ ပြုင်ပွဲ

များကို အစိုးရကိုယ်တိုင် ကြီးမှူးကျင်းပလေသည်။ ယနေ့ ရွှေတိုဏ်ဘေါင်းပွဲမှာ စည်ကားခြင်း မရှိပေ။

ရွှေတိုဏ် တပေါင်းပွဲ စည်ကားခြင်းမရှိသည်မှာ ကမ္ဘာဘုရားကို တည်ထားပြီး ဂရုတစိုက် ပွဲတော် ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်ကျင်းပသောကြောင့် ဖြစ်သည်ဟု လူပေါင်းများစွာက ယူဆကြကြသည်။ ဤအယူအဆနှင့် ပတ်သက်၍ ကဗျာရှင်တဦး ရေးစပ်ခဲ့သည့် မှတ်တမ်းကဗျာလေးမှာမှတ်တမ်းတင်သင့်လောက်အောင် သရုပ်ပေါ်ထင်နေသည်။ နောင်လာ နောက်သားတို့ အမှတ်တရ ဖြစ်စိမ့်သောငှာ ဖော်ပြလိုက်သည်။ စာရေးသူသည် ဤကဗျာကို ကျက်မှတ်ခဲ့ရသည်မှာ နှစ်ကြာခဲ့သည်ဖြစ်၍ အချို့အပိုဒ်များမှာ မူရင်းကဗျာနှင့် ကွဲလွဲမည်ဖြစ်သည်။

ပျော်မျိုးရှင်စုံ၊ မြို့ရှန်ကုန်ဟု၊ တိုဏ်ရွှေထီး၊ စေတီကြီးပင်၊ ဘုမ္မီးယှဉ်ဖော်၊ ပြိုင်ဘက်ပေါ်၍ ပွဲတော်တပေါင်း၊ ဆိတ်ဆိတ်ငြောင်းခဲ့၊ မြို့ကြီးပြိုင်ပြိုင်၊ မြို့မဏ္ဍိုင်နှင့်၊ ရှစ်မိုင် ကွာဝေး၊ ကမ္ဘာကေား၊ သေးသေးသွယ်သွယ်၊ စေတီငယ်လည်း၊ ဂုဏ်ထယ်လျံမောက်၊ မင်းစိုးပေါက်၍၊ ချီးမြှောက်သူပေါ၊ ခြေရံပြောင်၊ ရက်ရောနိုင်ငြား၊ ဒွေအင်အားကြောင့်၊ ပွဲမျှားစုံညီ၊ လူလည်းစည်ပေ့၊ ဤသည့်စကား၊ လူကိုထားဘိ၊ ဘုရားသော်မှ၊ ဤလောကဝယ်၊ နေလှိုင်လှိုင်၊ မသုံးနိုင်က၊ တုပြိုင်လျှင်ရှိုး၊ ဤသည့်ထုံးကို၊ နှလုံးဝမ်းနှိုက်၊ စွဲယူပိုက်လော့။ ॥

× + ×

www.burmeseclassic.com

www.burmeseclassic.com

နေထူးနှစ်ရက်

မြန်မာလ တန်ခူးလမှတပေါင်းလအထိ ထူးခြားသောနေ့ကြီးရက်ကြီးများကို အထက်တွင် မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ မြန်မာလနှင့်တွဲ၍ သတ်မှတ်ထားသော အခြားနေ့ကြီးများမှာ (ပါတော်မူနေ့)နှင့် (အမျိုးသား အောင်ပွဲနေ့) နှစ်ရက်ကိုလည်း သိမှတ်ထားရန် လိုသည်။ ထို့ကြောင့် ထိုနှစ်ရက်၏ ကြောင်းရင်းကို ဖော်ပြလိုက်သည်။

× × ×

ပါတော်မူနေ့

၁။ မြန်မာပြည် ကုန်းဘောင်ခေတ် (၁၁) ဆက် မြောက်သီပေါမင်းသည် ဗြိတိသျှ အစိုးရထံ အညံ့ခံ၍ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရသဖြင့် ပါတော်မူနေ့ဟု ခေါ်တွင်သည်။

၂။ မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ်၊တန်ဆောင်မုန်းလဆုတ် (၇)ရက်၊ ခရစ် သက္ကရာဇ် ၁၈၈၅-ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် မွန်းတည့် ၃ နာရီ ၃၀ မိနစ်တွင် ပါတော်မူသည်။

သီပေါမင်း ပါတော်မူခြင်း အကြောင်းကိုရေးလျှင် ထိုသို့ပါတော်မမူမီ မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုပ်ထွေးမှု အခြေအနေ အရပ်ရပ်နှင့် အင်္ဂလိပ်မြန်မာ ဖြစ်ပွားခဲ့သော စစ်ပွဲများ အကြောင်းကို အကျဉ်းချုပ် ဖော်ပြရန်လိုသည်။ ဤအခန်းကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိခြင်းမှ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုနှင့်ဆက်လပ် ဖတ်ယူရန် ဖြစ်သည်။ ကုန်းဘောင်ခေတ် အင်္ဂလိပ်-မြန်မာစစ်ပွဲများ အကြောင်း အဖြစ်ဖြင့်လည်း လေ့လာနိုင်ရန် တိုတိုနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်သည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ

၁၈၂၄-ခုနှစ် ဘကြီးတော်မင်း လက်ထက်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ဖြစ်သည်။ စစ်ဖြစ်ရခြင်း အကြောင်းရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဘကြီးတော်သည် ၁၈၁၉-ခုနှစ်တွင် နန်းတက်သည်။ မိဖုရားမယ်နှုန့် အဒေါင်းပါတို့ သြဇာလွှမ်းသည်။ မယ်နုတို့လူစုသည်အရည်အချင်း ထက်မျက်သော်လည်း ပြင်ပကမ္ဘာအကြောင်း သတိမူခြင်း မရှိကြပေ။ မြန်မာ့အင်အားကို အထင်ကြီးနေသူများ ဖြစ်ကြသည်။

၂။ ဘကြီးတော်ဘုရား နန်းတက်စဉ်က မဏိပူရ မင်းသည် တက်ရောက်၍ လက်ဆောင်ပေးခြင်း မရှိပေ။ မြန်မာတို့က မထီလေးစား ပြုသည်ဟု ယူဆသည်။ နောင်ကြဉ်ရန် ဆုံးမအံ့ဟု မြန်မာတပ်မကြီး ချီတက် တိုက်ခိုက်ရေသည်။ မဏိပူရ ဘုရင်က ကချာဒေသတွင်းသို့ နောက်လိုက် နောက်ပါများနှင့် ဝင်ရောက်တိုက်ခိုက် သိမ်းယူသည်။ ကချာ ဘုရင်က အင်္ဂလိပ်နှင့်မြန်မာ နှစ်ဦးလုံးထံ

www.burmeseclassic.com

www.burmeseclassic.com

အကူအညီတောင်းသည်။ ဤတွင် အင်္ဂလိပ်က ကချာ နယ်နှင့် ဂျိန်းတိယနယ်များကို ၎င်းတို့ပိုင်သည်ဟု ကျေ ညာလိုက်ရာ မြန်မာတို့ စိတ်ခုသည်။

၃။ အရှေ့ အိန္ဒိယကုမ္ပဏီမှ တောလိုက် မုဆိုးများသည် ရခိုင် ဘက်မှ မြန်မာပိုင် နယ်မြေများသို့ ဝင်ရောက်လာကြရာ မြန်မာတို့က ဖမ်းဆီးသည်။ အင်္ဂလိပ်တို့သည် နတ်မြစ်ဝ ရှိ ရှင်မဖြူကျွန်း (ရှယ်ဂရီကျွန်း) ပေါ်တွင် အင်္ဂလိပ်စစ် တပ်တခု စခန်းချလာသည်။ မြန်မာတို့က ၁၈၂၃-ခုနှစ် စက်တင်ဘာလတွင် ထိုကျွန်းကို သိမ်းယူလိုက်သည်။ အိန္ဒိယ ဘုရင်ခံချုပ် လောဒ်-အင်(မ်)ဟတ် (LORD AMHERST) က ရှင်မဖြူကျွန်းအား ပြန်ပေးရန် တောင်းဆိုသည်။ နယ်စပ်ကိစ္စကိုဆောင်ရွက်ရန်ချုပ်နှင့် ရိုက်(စ်)တို့ နှစ်ဦးကို စေလွှတ်ခဲ့သည်။ မြန်မာတို့က အကြောင်းမပြန်သည့်ပြင် အင်္ဂလိပ် ကိုယ်စားလှယ် နှစ် ဦးကို ဖမ်းဆီးထားလိုက်သည်။ ကချာဒေသကိုလည်း ဝင်တိုက်ခိုက်သည်။ ထို့ကြောင့် လောဒ်အင်(မ်)ဟတ် သည် ၁၈၂၄-ခုနှစ် မတ်လ ၅ ရက်နေ့တွင် မြန်မာ နိုင်ငံကို စစ်ကျေညာလိုက်လေသည်။

တိုက်ပွဲများ

အင်္ဂလိပ်တို့ စစ်ကျေညာစဉ်က မြန်မာတပ်ကြီးသည် စစ်တ ကောင်းနှင့် ဘင်္ဂလားကို တိုက်ရန် အိန္ဒိယနယ်စပ်သို့ ရောက်နေ သည်။ နိုင်ငံအတွင်း အင်္ဂလိပ်ကိုတိုက်ရန် ဝန်ကြီးသုံးပါး ကွပ်ကဲ

သောစစ်တပ်ကြီးကို အလျင်အမြန် ဖွဲ့သည်။ ရခိုင်ဘက် ချီတက် သော မဟာဗန္ဓုလတပ်သည်(ရာမူး)အရပ်တွင်အင်္ဂလိပ်စစ်သား၊ ကုလားစစ်သားများနှင့် ရင်ဆိုင်တိုက်သည်။ ထိုစစ်ပွဲကို ပန်း၀ စစ်ပွဲဟု ခေါ်သည်။ အင်္ဂလိပ်ဖက်မှအကျနှာ၍မြန်မာတို့နိုင်သည်။ ပွဲဦးအောင်သော မြန်မာတပ်မကြီးသည် စစ်တကောင်းသို့ဆက်၍ ချီတက်ရန် စီစဉ်သည်။ အင်္ဂလိပ်တို့ ရန်ကုန် ဝင်မည့်အရေး စိတ်မအေးသဖြင့် စစ်တကောင်းသို့ ဆက်လက် မချီတက်ရန် နေပြည်တော်မှ တားသည်။

အင်္ဂလိပ်တို့သည် အာသံ၊ မဏိပူရ၊ စစ်တကောင်းတို့ကို တဖက်မှတိုက်၍ တဖက်မှ ရေကြောင်းချီကာ ဟံသာ၀တီနှင့် ရန်ကုန်ကို သိမ်းပိုက်ရန် ကြံရွယ်သည်။ ရန်ကုန်ကို ရလျှင်မြန်မာတို့ အည့်ခံ စစ်ပြေငြိမ်းလိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဥရောပ စစ်သည်များနှင့်အိန္ဒိယစစ်သည်များ တသောင်းဘထောင်ပါ၀င် သော စစ်တပ်ကြီးသည် အိန္ဒိယကမ်းခြေအသီးသီးမှ ထွက်လာပြီး အန်ဒမန်ကျွန်းစုဌ စုပေါင်းကြသည်။ စစ်ဗိုလ်ချုပ်အာချီတောလ် ကင်းဘယ်လ် (General Arcibald Cambel) ဦးဆောင်၍ ရေကြောင်းမှ ချီတက်လာသည်။ ၁၈၂၄ ခုနှစ်မတ်လ ၁၀-ရက် နေ့တွင် ရန်ကုန်ကို အလွယ်နှင့် သိမ်းယူသည်။ ရွှေတိုဂုံ ကုန်းမြင့် တွင် ကြိုဂံပုံ ခံတပ်တည်ဆောက်၍ အခိုင်အမာ နေကြသည်။ ဘပ်ထိပ်ဖျားမှာ ရွှေတိုဂုံကုန်းတော်ဖြစ်၏။ တပ်ခြေမှာရန်ကုန်မြစ် ဖြစ်လေသည်။ ထိုစဉ်က မြန်မာတို့၏ ကြိုတင်အစီအစဉ်အရ ရန်ကုန်မြို့တွင်းဌာလူများမရှိကြပေ။ ရွှေပြောင်းထားပြီးဖြစ်သည်။

အင်္ဂလိပ်စစ်ဘပ်ပျက်ရန် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ ဖိုးဖောင် များကို မျှောချကြသည်။ အင်္ဂလိပ်တို့သည် မြန်မာကို ဘပ်စီထား

www.burmeseclassic.com

www.burmeseclassic.com

ပေး ကြည့်မြင်တိုင်း၊ ကမာရွတ်ခံတပ်မျှားကို သိမ်းယူသည်။ အခြေအနေမလှသဖြင့် ရခိုင်ရောက် စစ်သူကြီး မဟာဗန္ဓုလ ဦးစီးသည့် မြန်မာတပ်ကို အင်းဝသို့ ပြန်ခေါ်သည်။ဗန္ဓုလအား သုဓမ္မ မဟာဗန္ဓုလတို့ ခါးမြှင့်၍ ရန်ကုန်သို့ခေါ်စေသည်။ မဟာဗန္ဓုလ ရန်ကုန်သို့ရောက်လျှင် ရှေတိဂုံကြည့်မြင်တိုင်တို့၌ တပ်စွဲထားသော အင်္ဂလိပ်တပ်ကို အပြင်းအထန် တိုက်သော်လည်း မရပေ။ စစ်သည် ခုနစ်ထောင်မျှကို စုရုံး၍ ဓနုဖြူသို့ ဆုတ်ခွာ၍ ဓနုဖြူခံတပ်မှ အခိုင်အမာခံနေသည်။

၁၈၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်ကင်းဘဲလ်က ကုန်းကြောင်း၊ ဗိုလ်ချုပ် ဘော့တွန်းက ရေကြောင်း ကွပ်ကဲ၍ ဓနုဖြူသို့ ချီသည်။ ဘော့တွန်းတပ်သည် ဓနုဖြူခံတပ်ကို တိုက်ရာ စစ်ရေးမလှဘဲ တပ်လန်လေသည်။ ဝေါသို့ ရောက်နေသော ကင်းဘဲလ်တပ်ကို အကူအညီတောင်းသည်။ ကင်းဘဲလ်တပ်သည် ဝေါမှ ဟသ်ဘတသို့ကူးလာပြီး ဓနုဖြူတွင် ဘော့တပ်နှင့်ပေါင်းပြီး တိုက်သည်။ ၂ရက်အကြာတွင် မဟာဗန္ဓုလ ဗုံးဆန်မှန်၍ ဓနုဖြူတွင် ကျလေသည်။

ဓနုဖြူကျလျှင် အင်္ဂလိပ်တို့ အတားအဆီးမရှိ ပြည်သို့ ချီသည်။ ပြည်တွင် မိုးခိုကြသည်။မြန်မာတို့စစ်အင်အားဖြည့်၍တိုက်သည်။ မအောင်ပေ။အင်္ဂလိပ်တို့ဆက်လက်ချီရာ နေပြည်တော်နှင့်(၄၅) မိုင်အကွာ ရန္တပိုသို့အရောက်တွင် မြန်မာတို့အည့်ခံ၍ စစ်ပြေငြိမ်းသည်။ ရန္တပိုစာချုပ်ကို ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်တွင် ချုပ်ဆိုသည်။

ရန္တပိုစာချုပ်အရ (ရခိုင်၊တနင်္သာရီ၊ အာသံတို့ကို မြန်မာတို့က အင်္ဂလိပ်တို့အား ပေးရသည်။ မဏိပူရ၊ ကချာ၊ ဂျိန်းတီယနယ်မျှားကို မြန်မာတို့က စွက်ဖက်ခြင်းမပြုရ၊ စစ်လျော်ကြေးငွေ ဘကုဋ္ဌေကို မြန်မာတို့က ပေးလျော်ရသည်။ အင်းဝတွင်အင်္ဂလိပ်ကိုယ်စားလှယ်ထားခွင့်ပြု၍ ကလကတ္တားတွင် မြန်မာသံထားရန် သဘောတူသည်။ ကူးသန်းရောင်းဝယ်ရေး သီးခြား စာချုပ်ချုပ်ဆိုရန် သဘောတူသည်။ သို့ပန်းမျှားနှင့် အလိုအလျောက် အင်္ဂလိပ်လက်အောက်ဝင်လာသူတို့ကို မြန်မာတို့က ဆုဇဝတ်ဘေးဒဏ် မပေးရန် သဘောတူသည်။ ယိုးဒယားနှင့် အင်္ဂလိပ်မဟာမိတ်ဖြစ်ကြောင်း မြန်မာတို့က အသိအမှတ် ပြုရန်နှင့် စစ်အတွင်း ဖမ်းဆီးထားသည့်သို့ပန်းမျှားလဲလှယ်ရန်)စသည်တို့ ဖြစ်သည်။ ဤစာချုပ်မှာ မြန်မာတို့ဘက်မှ အည့်ခံစာချုပ် သက်သက်မျှ ဖြစ်သည်။

ဤသို့ဖြင့် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲမှာ စစ်စတင်သည်မှ ၂-နှစ်အကြာတွင် မြန်မာတို့ အည့်ခံရခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။

ဒုတိယ အင်္ဂလိပ် မြန်မာစစ်ပွဲ ၁၈၅၂

ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် မြန်မာတို့ စစ်ရှုံးသဖြင့် ဘကြီးတော်မင်း စိတ်မငြိမ်မသက်ဖြစ်နေသည်။ စိတ္တဇဝေဒနာ စွဲသဖြင့် မိဖုရား မယ်နုနှင့် ၎င်း၏မောင် မင်းသားကြီးက ချယ်လှယ်သည်။ မယ်နုတို့သည် ပြင်ပဗဟုသုတ နည်းပါးသူမျှား ဖြစ်သည်။ အင်္ဂလိပ်တို့နှင့် သင့်တင့်အောင် ဆက်ဆံခြင်းမရှိပေ။ ဘကြီးတော်၏ညီတော် သာယာဝတီမင်းနှင့်စိတ်သဘောချင်းတို့ လွဲသည်။ ၁၈၃၇ ခုနှစ် ဖေဖော်ဝါရီလတွင် မယ်နုသည် သာယာ

www.burmeseclassic.com

www.burmeseclassic.com

ဝတီမင်းနှင့် သူ၏နောက်လိုက်များကိုဖမ်းဆီးရန် ကြိုးစားသည်။ သာယာဝတီမင်းက ရှေဘိုသို့ အလျင်အမြန်သွားကာ ထီးနန်းကို ၎င်းအား လွှဲအပ်ရန် အရေးဆိုသည်။အောင်မြင်သဖြင့် မယ်နှုန့်နှင့် ၎င်း၏မောင်တော် မင်းသားကြီးလူစုတို့ကို ကွပ်မျက် သုတ်သင်လေသည်။

၁၈၃၇ ခုနှစ်တွင် နန်းတက်သော သာယာဝတီမင်း လက်ထက်တွင် အင်္ဂလိပ်မြန်မာ ဆက်ဆံမှုမှာ ပြေလည်ခြင်း မရှိပေ။ ၁၈၄၀ ခုနှစ်တွင် ကပ္ပတိန်မက္ကလော့ မြန်မာပြည်မှပြန်သွားပြီးနောက် အင်္ဂလိပ်ကိုယ်စားလှယ်ဟူ၍ မရှိတော့ပေ။ ဤအတွင်း သာယာဝတီမင်းသည် စစ်တပ်ကြီးနှင့် ရန်ကုန်သို့ဆင်း၍ရှေ့တိုဂို ဘုရား ဖူးသည်။ အင်္ဂလိပ်တို့ သင်္ကာမကင်း၍ ဆက်ဆံမှု ပိုမို တင်းမာလာသည်။

၁၈၄၆ ခုနှစ်တွင် သာယာဝတီမင်း၏ သားတော်ကြီး ပုဂံမင်း နန်းတက်သည်။ ဤမင်းလက်ထက် အင်္ဂလိပ်မြန်မာ ဒုတိယအကြိမ်စစ်ဖြစ်ရလေသည်။ စစ်ဖြစ်ခြင်း အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သာယာဝတီမင်းလက်ထက်က ချုပ်ဆိုခဲ့သည့် ရန်ကုန်စာချုပ်ကို မြန်မာတို့က အသိအမှတ်ပြုသဖြင့် မေဂျာ ဘာနေ၊ ကာနယ်ဘင်ဆင်၊ ကပ္ပတိန်မက္ကလော့ စသောသံမှူးများအားလုံးပြန်၍ သံရုံးရုပ်သိမ်းလိုက်လေသည်၊ ၎င်းသံမှူးတို့က မြန်မာကို စစ်ပြုရန် ညွှန်ကြားသည်။

၂။ သာယာဝတီမင်း၊ ပုဂံမင်းတို့သည် လက်နက် လူသုစုဆောင်းခြင်းဖြင့် စစ်တပ်အင်အားကို ဖြည့်ဆည်းပြုပြင်သည်။ ဤသည်ကို အင်္ဂလိပ်တို့ အထင်လွဲမှာ စိုးရိမ်သည်။

၃။ အိန္ဒိယ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီသည် ၎င်းအုပ်ချုပ်သော အိန္ဒိယနယ်မြေ ပိုမို ခိုင်မာရေးအတွက် မြန်မာမင်းရှိနေက စိတ်မချနိုင်သဖြင့် မြန်မာနှင့်စစ်ဖြစ်ရန် လိုလားနေသည်။

၄။ ၁၈၅၁-ခုနှစ်တွင် တံသာဝတီ မြို့အုပ်မင်းကြီး ဦးအုပ် (မဟာမင်းလုခေါင်ကျော်)က အင်္ဂလိပ်ကပ္ပတိန် နှစ်ဦးဖြစ်သော (မောနတ်နှင့် ချန်ပီယံ သင်္ဘောမှကပ္ပတိန်)ကပ္ပတိန်ရှက်ပတ်နှင့် ကပ္ပတိန်လူးဝစ္စတို့အား လူသတ်မှု၊အလွဲသုံးစားပြုမှုဖြင့်ဒဏ်ရိုက်သည်။ ၎င်းတို့နှစ်ဦးက မြန်မာအစိုးရသည် သက်သက်မဲ့အမှုရှာ၍ မတရားဒဏ်ရိုက်သည်ဟု အိန္ဒိယ ဘုရင်ခံချုပ်ထံ တိုင်ကြားလေသည်။ အကွက်စောင့်နေသော လော့ဒ်ဒါလဟိုဇီသည် တင်းတင်းမာမာ အရေးဆိုရန်အတွက် ဇောက်မိုဒိုလမ်ဘတ် ဆိုသူအား စစ်သင်္ဘောသုံးစင်းဖြင့် စေလွှတ်လိုက်သည်။ ကပ္ပတိန်နှစ်ဦးကို မြန်မာက ငွေ ၁၇၀၅ ဒဏ်ရိုက်ရာ ကပ္ပတိန် နှစ်ဦးက ပိုပြောသဖြင့် ကော်မိုဒိုလမ်ဘတ်က ငွေ ၉၂၀၀ ပြန်ပေးရန် တောင်းဆိုသည်။ မြန်မာဘုရင်က ဟံသာဝတီမြို့ဝန်ကို နေပြည်တော်သို့ ပြန်ခေါ်၍ ရှေတောင်မြို့ဝန်ကို ရန်ကုန်ပြောင်းရွှေ့ခန့်ထားသည်။ အမှုသွား အမှုလာကို စုံစမ်းစစ်ဆေးစေသည်။လိုအပ်သလို ပြုပြင်ဆောင်ရွက်ရန် အမိန့်ချမှတ်သည်။ ရှေတောင်မြို့ဝန်ကြီး ရန်ကုန်သို့ ရောက်သည့်အခါ အပြေအလည် ပြောဆိုရန် ကော်မိုဒိုလမ်ဘတ်ထံ စာစေလွှတ်သည်။ ကော်မိုဒိုလမ်ဘတ်က ကမေရိုကန်ပြည်သား သာသနာပြု 'ကင်းကိတ်'နှင့် စစ်ဗိုလ်လေးဦးတို့ ခေလွှတ်သည်။ ကင်းကိတ်နှင့်အဖွဲ့သည် မြန်မာအရေးပိုင်ဝန်ကြီးအတွင်းသို့ မြင်းစီး၍ ဝင်မည်ပြုရာ မြန်မာအမှုထမ်းတို့က မြန်မာ

www.burmeseclassic.com

www.burmeseclassic.com

ထံးတမ်းစဉ်လာနှင့်မညီသဖြင့် ဟန့်တားသည်။ကော်မိုဒိုလမ်ဘတ်က ဤအပြုအမူများသည် အင်္ဂလိပ်တို့အား ရန်စခြင်းဖြစ်သည်ဟု လိုဆုအဓိပ္ပာယ်ကောက်ယူသည်။ ရန်ကုန်ဆိပ်ကမ်းကိုပိတ်ဆို့နေပြီး သင်္ဘောလုပ်ငန်းဌာနနှင့်ခံတပ်ကိုအမြောက်နှင့်ပစ်ခွင်းသည်။ တွေ့သမျှ မြန်မာသင်္ဘောများကို နှစ်မြုပ်ပြီး ထွက်သွားသည်။

ကော်မိုဒိုလမ်ဘတ် ပြန်သွား သည့် အခါ စစ်တိုက်ရန်အသင့်ဖြစ်နေသော လော့ဒ်ဒါလဟိုဇီသည် မြန်မာမင်းထံ ရာဇသံပေးလိုက်သည်။ရာဇသံမှာ ကပ္ပိတန်ရှက်ပတ်နှင့် ကပ္ပိတန်လူးဝစ္စတို့အား လျော်ကြေးပြန်ပေးရန်၊ ဟံသာဝတီ ဝန်ကြီးထံ ဝန်ချတောင်းပန်ရန်တို့ပါဝင်သည်။မြန်မာက အကြောင်းမပြန်သဖြင့် ၁၈၅၂-ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် အင်္ဂလိပ်ရေတပ်ဖြင့် ရန်ကုန်သို့ ချီစေသည်။အင်္ဂလိပ်-မြန်မာ ဒုတိယ စစ်ပွဲ စတင်သည်။

၁၈၅၂-ခုနှစ် ဒီဇင်္ဘာလတွင် ပဲခူးနှင့် မုတ္တမ ဒေသတို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ကြောင်း ကျေညာသည်။အောက်မြန်မာပြည်တဝှန်း အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခြင်းဖြင့် ဒုတိယ စစ်မီးငြိမ်းသည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ (၁၈၈၅)

ပုဂံမင်းလက်ထက်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားသည်။ပုဂံမင်း၏ညီတော် မင်းတုန်း မင်းသားသည် စစ်ကို မလိုလားပေ။ ထို့ကြောင့် ညီတော် ကနောင်မင်းသားနှင့် ရှေ့ဘိုသို့ ထွက်သွားပြီး ပုန်ကန်သည်။ ထီးနန်းကို ရသည်။ မင်းတုန်းမင်းလက်ထက် တိုင်းပြည်ရေးရာ ရှုပ်ထွေးသည်။ အထူးခြားဆုံးမှာ

သားတော်နှစ်ပါးဖြစ်သော မြင်ကွန်းနှင့် မြင်းခုံဘိုင် **မင်းသား**နှစ်ပါးပုန်ကန်၍ အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသား ကျရှုံးခြင်းနှင့် မင်းတုန်းမင်း၏ သားတော် သီပေါမင်း နန်းမတက်မီ မင်းညီမင်းသားများကို သုတ်သင်ပစ်ခြင်း ဖြစ်သည်။ကနောင်မင်း ကျဆုံးခြင်းမှာ မြန်မာ့သမိုင်းဇာတ်လမ်းကို တမျိုးတဖုံ ပြောင်းလဲစေသည်။ မင်းညီမင်းသား လေးဆယ်ကျော် အသတ်ခံရသည်မှာ သည်း မြန်မာ့သမိုင်းတွင် အမဲစက်အစွန်း အထင်းတခုဖြစ်သည်။ အင်္ဂလိပ်သံတို့၏ မှတ်တမ်းတွင် မင်းညီမင်းသားများကို လုပ်ကြံခြင်းမှာ အလွန်ရက်စက်သော ပြစ်မှုကျူးလွန်ခြင်းဖြစ်၍ လူရှိုင်းဘို့၏ အလုပ်ဖြစ်ကြောင်း၊ ရက်စက်သော မြန်မာလူရိုင်းဘုရင်ကို ဘာရှည်ထားခြင်းဌာသင့်မည်မဟုတ်ကြောင်းစသည်ဖြင့်မှတ်တမ်းရေးခဲ့ကြသည်။ ဤအကြောင်းအရာများမှာ သီပေါမင်းပါတော်မူပြီး မြန်မာတို့တိုင်းတပါးလက်အောက် ကျွန်သဘောက် မြန်မြန်ဖြစ်ခြင်း၏ အကြောင်းရင်းများဖြစ်သည်။ ထိုခေတ် ထိုအခါက မြန်မာနိုင်ငံ အတွင်းရေး အရှုပ် အထွေးများ၊ ပျေးရွာ့ကွက်များကို သမိုင်း အစောင်စောင်တွင် လေ့လာနိုင်သည်။ ယခုဘာတိယ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ရခြင်းနှင့် မြန်မာဘုရင်ကို ကြက်ဥက်ဖမ်းသကဲ့သို့ အလွယ်နှင့် ဖမ်းသွားခြင်းဖြင့် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲကို နိဂုံးချုပ်ခဲ့ခြင်းအကြောင်းကို ဖော်ပြလိုက်သည်။

သီပေါမင်းလက်ထက်(၁၈၈၅)ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယ အကြိမ် စစ်ဖြစ်ပွားသည်။စစ်ဖြစ်ရခြင်း အကြောင်းရင်းများမှာ

www.burmeseclassic.com

www.burmeseclassic.com

၁။ သီပေါမင်းသည် အရည်အချင်း ပြည့်စုံသူမဟုတ်ပေ။ မိဖုရားနှင့် တိုင်းတာမင်းကြီး မင်းတို့၏ အချိုးအပဖြင့် မင်းဖြစ်လာသည်။ သူ၏ နန်းသက်တလျှောက် အင်္ဂလိပ် သံ၊ဆက်ဆံရေးမှာ ပြေလည်ခြင်း မရှိပေ။

၂။ ပြင်သစ်သည် ထိုစဉ်က အင်ဒိုချိုင်းနား ကျွန်းဆွယ်ကို သိမ်းယူသည်။ မြန်မာနိုင်ငံ အထက်ပိုင်းကိုလည်း သိမ်းယူလိမ့်မည်ဟု အင်္ဂလိပ်တို့က စိုးရိမ်သည်။ အောက်ပိုင်းကိုမူ အင်္ဂလိပ်တို့ ပိုင်ပြီးဖြစ်၏။

၃။ မြန်မာပြည်တွင် နေထိုင်ကြသော အင်္ဂလိပ် အရာရှိကြီးငယ်တို့က မြန်မာပြည်အားလုံးကို တိုက်ခိုက် သိမ်းယူရန် တိုက်တွန်းကြသည်။

၄။ အရေးကြီးသော ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ သစ်ခိုးမှု ကိစ္စကြီး ပေါ်လာသည်။ ကုမ္ပဏီသည် မြန်မာ အစိုးရထံတွင် အခွန်ဆောင်ပြီး သစ်လုပ်ငန်း လုပ်နေသည်။ သစ်လုံးရေ ငါးသောင်းခိုးထုတ်သည်ကို မြန်မာတို့က အခိုင်အမာသိသဖြင့် ကုမ္ပဏီအား ငွေ(၂၃)သိန်း ဒဏ်ရိုက်သည်။ ကုမ္ပဏီက မကျေနပ်သဖြင့် အိန္ဒိယဘုရင်ခံချုပ်ထံတိုင်ကြားသည်။ အခွင့်ကောင်းစောင့်နေသော ဘုရင်ခံချုပ် (Lord Durferin) လော့ဒ် ဒပ် ဖရင်က ရာဇသံပို့သည်။ ရာဇသံတွင် အောက်ပါ ပြင်းထန်သော အချက်များပါရှိ၏။

(က) ဘုံဘေဘားမား ကုမ္ပဏီ၏သစ်ကိစ္စကိုအင်္ဂလိပ်အစိုးရ၏ ကိုယ်စားလှယ်လွှတ်၍ စုံစမ်းစေမည်။ ထိုကိုယ်စားလှယ် ရောက်ရှိမှသာ စစ်ဆေးရန်။

(ခ) အင်္ဂလိပ် ကိုယ်စားလှယ် ရောက်ရှိစဉ်အတွင်း မန္တလေး ဆိပ်ကမ်း၌ လုံခြုံရေးအတွက် စစ်သင်းဘောတစင်းနှင့် အစောင့်စစ်သားများ ထားခွင့်ပြုရန်။

(ဂ) အင်္ဂလိပ်ကိုယ်စားလှယ်များ မြန်မာမင်းထံ ဝင်သည့် အခါ ဒါးကိုင်ခွင့်၊ ဖနပ်စီးခွင့်ပြုရန်။

(ဃ) မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံမှု ကိစ္စများကို အင်္ဂလိပ်အစိုးရကသာ စီစဉ်ခန့်ခွဲရန်။

မြန်မာတို့သည် ကုမ္ပဏီအား ဒဏ်ရိုက်သည့်ကိစ္စကို လျှော်ပစ်လိုက်သည်။ ဤသို့ပြုခြင်းဖြင့် (ခ-ဂ)ပါ အချက်များအားလုံး ကြေလည်ပြီး ဖြစ်သည်။ နောက်ဆုံးအချက်များကိုကား လိုက်လျောရန် မဖြစ်ပေ။ တိုင်းတာမင်းကြီးနှင့် စုဖုယားလတ်တို့က စစ်တိုက်လိုသည်။ ကင်းဝန်မင်းကြီးက အပြေအလည် ဆွေးနွေးလိုသည်။ နောက်ဆုံး ကြားနေနိုင်ငံတခုက ဆုံးဖြတ်ပေးလျှင် လိုက်နာမည်ဖြစ်ကြောင်း မတင်မကျပြန်ကြားသည်။ အင်္ဂလိပ်တို့ မကျေနပ်သဖြင့် စစ်ချီလာသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ပါတော်မူခြင်း

ခရစ်သက္ကရာဇ် ၁၈၈၅-ခု၊ နိုဝင်ဘာ(၂၉)ရက်၊ မြန်မာသက္ကရာဇ်၁၂၄၇-ခုနှစ်၊တန်ဆောင်မုန်းလဆုတ်(၈)ရက်နေ့တွင် သီပေါမင်း ပါတော်မူကြောင်း မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ထားသည်။ အဘယ်ကဲ့သို့ ပါတော်မူသည်ကား စုံစုံစေ့စေ့ ဖော်ပြထားခြင်းမရှိပေ။ ယခု မြန်မာ့သမိုင်းပါ မှတ်တမ်းများ၊ သုတေသီဆောင်းပါးရှင်တို့၏ အဆိုအမိန့်များနှင့် သီပေါမင်းကို ဖမ်းယူခေါ်ဆောင်ရာ၌ ပြိတိသျှ တပ်ပေါင်းစုကို စီမံ အုပ်ချုပ်သော စစ်သေနာပတိ မေဂျာဂျင်နရယ်အိတ်(ချ်)အင်(နှ)ဒီပရင်းဒါးတတ်(စ်)၏ နေ့စဉ်မှတ်တမ်းများမှ ကောက်နှုတ် ညွှန်ပြ၍ ဖော်ပြလိုက်သည်။

အင်္ဂလိပ်ရေတပ် မန္တလေးဆိပ်ကမ်းရောက်စဉ်

တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲတွင် မြန်မာနိုင်ငံကို အပြီးပိုင်သိမ်းယူရာ၌ တပ်ပေါင်းစုကို စီမံအုပ်ချုပ်သူမှာ အိတ်(ချ်)အင်(နှ)ဒီပရင်းဒါးတတ်(စ်)ပင်ဖြစ်သည်။

ပြိတိသျှတပ်များသည် အင်း၀၊စစ်ကိုင်းနှင့် သပြေတန်းခံတပ်များတွင် မြန်မာတို့က အည့်ခံ လက်နက်ချ အစီအစဉ်များကို ခံယူပြီးနောက် ၁۸۸၅-ခုနှစ်၊နိုဝင်ဘာလ(၂۸)ရက်နေ့နံနက် (၁၀) နာရီတွင် မန္တလေးဆိပ်ကမ်းသို့ ရောက်သည်။ သူရိယ(The Sun) အမည်ရှိသင်္ဘောကြီးနှင့် အခြားသင်္ဘောများ ပါသည်။ စစ်

သေနာပတိချုပ် ပရင်းဒါးတတ်(စ်)သည်(ဓူ)အမည်ရှိသင်္ဘောဖြင့် လိုက်လာသည်။

အနီးစပ်ဆုံးအင်အားမှာ မှတ်တမ်းများအရ သင်္ဘော၂၄စင်း၊ တွဲသမ္မန် ၂၄၊ ဖောင်များ၊ အမြောက်ကြီး ၂၀၊ ဥရောပတိုက်သားအရာရှိ ၁၆၅၊ တိုင်းရင်းသားအရာရှိ ၁၄၀၊ အကြပ်တပ်သားနှင့် နောက်လိုက်နောက်ပါ တသောင်း ၈ါးထောင်ကျော်မျှ ရှိသည်။

ပြိတိသျှတပ်များ မန္တလေးဆိပ်ကမ်းသို့ ဆိုက်ကပ်သောအခါ နိုင်ငံခြားသံတမန်များ လာရောက်ပြီး စစ်သေနာပတိချုပ်နှင့် တွေ့ကြသည်။ မြန်မာလူထုမှာ ကမ်းလုံးညွှတ်မျှ ဝိုင်းအုံ ကြည့်ကြသည်။

နံနက်(၁၁)နာရီအထိ နန်းတော်မှ တဦးတယောက်မျှ လာရောက်တွေ့ဆုံခြင်း မရှိပေ။ထို့ကြောင့် ကာနယ်အီး၊ဘီ၊စလေဒင်လက်မှတ်ရေးထိုးကာ မြန်မာအစိုးရ(ဘုရင်)ဆိုင်ရာ ဝန်ကြီးထံ စာတစောင် ပေးပို့လိုက်သည်။ စာတွင် မန္တလေးဆိပ်ကမ်းသို့ ပြိတိသျှ တပ်မတော် ဆိုက်ရောက်ပြီဖြစ်ကြောင်း အင်းဝ၌ ၎င်းတို့ရှိစဉ်က သီပေါဘုရင်သည် မိမိကိုယ်တိုင်အည့်ခံ၍ မန္တလေးမြို့နှင့် နန်းတော်ကို ပေးအပ်မည်ဟု ကတိပြု သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြိတိသျှတို့၏ စစ်ဌာနချုပ် တည်ရာ အက်(စ်)အက်(စ်)ဓူဝံသင်္ဘောသို့ ဆောလျင်စွာ လာရောက်၍ ပြိတိသျှတပ်သားများမန္တလေးမြို့တွင်း၌ အမြန်ဆုံးနေရာချထားရေးကို ဆွေးနွေးလိုကြောင်း စသည်တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင်သံပေါမင်းအား ကြက်ငှက်သဖွယ် ဖမ်းရန်ဝိုင်းထားစဉ်

မြန်မာဘုရင်ထံမှ တစုံတရာအကြောင်းပြန်ကြားခြင်း မရှိပေ။

မန္တလေးမြို့ကို ဝိုင်းထားခြင်း

ထိုနေ့(၁၈၁၅ နိုဝင်ဘာ-၂၈)နေ့လယ် ၁-နာရီ ၃၀-မိနစ်တွင် ပြိတိသျှတပ်ပေါင်းစုစစ်သားများ- ကုန်းပေါ် ဆင်းသည်။ ၂-နာရီ တိတိတွင် မြို့တွင်းသို့ စစ်ကြောင်း သုံးခုကြောင်း ဖြန့်၍ ချီတက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေပုံပါ(၁-၂-၃-၄)တို့မှာ မန္တလေးနန်းတော် မြို့ရိုးတံခါး များ ဖြစ်သည်။ရင်းတို့အမည်များမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ စည်သာတံခါး။
၂။ လေးသိန်းတံခါး(မင်္ဂလာတံခါး)။
၃။ မန်းဦးတံခါး။
၄။ လွန်ကဲတံခါး။
၅။ ဦးထိပ်တံခါး(မင်္ဂလာတံခါး)
၆။ သောင်းညွှတ်တံခါး။
၇။ ကျွန်းလုံးယူတံခါး။
၈။ ကျောက်မိုးတံခါး(မင်္ဂလာတံခါး)။
၉။ ရန်နည်းတံခါး။
၁၀။ ကြေးမုံတံခါး(အာဌဝီတံခါး)(အမင်္ဂလာတံခါး)
၁၁။ စည်ရှည်တံခါး(မင်္ဂလာတံခါး)။
၁၂။ ထင်ရှားတံခါး။

(မင်္ဂလာတံခါးမှာ ဘုရင်ထွက်ဝင်ခြင်း ပြုသည်။အမင်္ဂလာ အာဌဝီတံခါးမှာ လူသေပို့သောတံခါးဖြစ်သည်။ သီပေမင်း ပါတော်မူစဉ်က အမင်္ဂလာဖြစ်သော အာဌဝီတံခါးမှထွက်ခွာ သွားရသည်ဟုဆိုသည်။

ဗြိတိသျှတပ်မဟာများ

တပ်မဟာ (၁)

ဗိုလ်မှူးချုပ် ဖောရ် အုပ်ချုပ်သည်။လိဗာပူးတပ်ဖွဲ့မှ စစ်သား နှစ်ရာ ပါဝင်သည်။အမှတ်(၂၁-၂၅)မဒရပ်ခြေလျင်တပ်ရင်းပါ

လိုက်ပါသည်။ လက်နက်အပြည့်အစုံဖြင့် ဘီလမ်း (၂၆-လမ်း) အတိုင်း ချီတက်သည်။ မြို့အရှေ့တောင်တံခါး (ကျွန်းလုံးယူတံ ခါး)နှင့် တောင်နှင့်အရှေ့ တံခါးများကို စောင့်ကြပ် ဝိုင်းရံ ထားသည်။

တပ်မဟာ (၂)

ဗိုလ်မှူးချုပ်ဝိုက်၊ ဗို့စီ၊စီ၊ဘီ အုပ်ချုပ်သည်။ အမှတ်(၁၂-၁၃)မဒရပ် ခြေလျင်တပ်ရင်း အမြောက်တပ်၊ ဖဲငါးပွင့်တပ်ခဲ့၊ အမှတ်(၂)ဟုန်တပ်ဖွဲ့တို့ လိုက်ပါချီတက်သည်။ စီ (၂၂)လမ်း တလျှောက်မှ ချီတက်သည်။ နန်းတော်၏ အရှေ့တံခါး၊ တောင် တံခါးများကို စောင့်ကြပ် ဝိုင်းရံထားသည်။

တပ်မဟာ (၃)

ဗိုလ်မှူးချုပ်နော်မန်အုပ်ချုပ်သည်။ အမှတ်(၁)ဝက်ဝံရေ ဦးဆုပ်ဆောင်းထားသော တပ်ဖွဲ့၊ ဟာဇရာ တောင်ပေါ်ပစ် အ မြောက်တပ်ဖွဲ့၊ မဒရပ်ရှေ့ဆောင်သောလမ်းတွင် အမှတ်တစ်တပ်ဖွဲ့ တို့ လိုက်ပါသည်။ဒီလမ်း(၁၉-လမ်း)တလျှောက်ချီတက်ပြီး နန်း ရှေ့ခိုးမြောက်မှ အရှေ့သို့ ချိုးရှ ပတ်ရစ်သည်။ အနောက်မြောက် ဘက်နှင့် အရှေ့ဘက်ရှိ တံခါးပေါက်များကို စောင့်ကြပ်ဝိုင်းရံ ထားသည်။

မြန်လည်ခုခံခြင်းအလျှင်းမရှိခဲ့။

ဗြိတိသျှတပ်များသည် စစ်အင်္ဂါအစုံအလင်ဖြင့် မြန်မာ့ဘုရင် ရှေ့မြေနန်းရာ နန်းတော်သို့ ဦးတိုက်ရှ ချီတက်လာသည်။ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com

များသည် ကမ်းညွှတ်မတတ် စုရုံးကြည့်ရှုကြသည်။ မည်သူ တစုံတဦးကမှ ခုခံခြင်းမရှိပေ။ ခုခံခြင်းမပြုကြခြင်းမှာ ရွှေနန်းတော်မှ ဘုရင့်အမိန့်ဖြင့် 'ခုခံခြင်းမပြုရ' ဟု ထုတ်ဆင့်ထားသောကြောင့် ဖြစ်သည်။ ဤအမိန့် ထုတ်ရခြင်းမှာလည်း ကင်းဝန်မင်းကြီး ဦးကောင်းကြောင့် ဖြစ်သည်။ စာင်းဝန်မင်းကြီးက ခုခံတိုက်ခိုက်ခြင်းမပြုရန် အတန်တန် တားခဲ့သည်။ အတန်တန် တားရခြင်းမှာလည်း မင်းပျော့ မင်းညံ့ သီပေါမင်းကိုနန်းချပြီး ဗြိတိသျှပိုင်နက်သို့ ထွက်ပြေးတိမ်းရှောင်နေရသော ညောင်ရမ်းကိုယ်တော်ကြီးအား နန်းအပ်ရန် ရည်ရွယ်၍ဖြစ်သည်။ ကင်းဝန်မင်းကြီးသည် သူလျှိုဖြင့် ဆက်၍ ညောင်ရမ်းကိုယ်တော်ကို နန်းအပ်ရန် စီစဉ်သည်။ ဗြိတိသျှတို့၏ သူရိယသတော်နှင့် ညောင်ရမ်း ကိုယ်တော်ကြီး လိုက်ပါလာရန် လျှို့ဝှက်အစီအစဉ်အရ ညောင်ရမ်းကိုယ်တော်ကြီးပါလာသည်ဟု ကင်းဝန်မင်းကြီးနှင့် သူ၏ လူစုများက ယုံကြည်သဖြင့် ခုခံခြင်းမပြုရန် စီစဉ်ခြင်းဖြစ်သည်။ နောင်အခါတွင်မှ အင်္ဂလိပ်တို့က စကားပြန် မှန်ဘသန်းဆိုသူကို ညောင်ရမ်းကိုယ်တော်ကြီးအဖြစ်ဖြင့် ခေါ်လာပြီး လှည့်စားခြင်းကို ခံရကြောင်းသိရသည်။ ထိုစဉ်က ညောင်ရမ်းမင်းသားကြီးပါလာသည်ဟု ယုံကြည်ကြသူများ၊ အင်္ဂလိပ်တို့ စစ်တိုက်ခြင်းသိမ်းယူခြင်းမဟုတ်ဘဲ သစ်ကိစ္စဆွေးနွေးရန်လာသည်ဟုယုံကြည်ကြသူများနှင့် အင်္ဂလိပ်တို့ကို မခုခံရဟု ထုတ်ဆင့်ထားသော ဘုရင့်အမိန့်ကို နာခံသူများ စသည်အားဖြင့်တွေ့ဝေနေကြသည့် အတွက်တစုံတဦးကမှ ခုခံခြင်းမပြုပေ။ ဤအကြောင်းအချက်များနှင့် တိုက်ဆိုင်ခြင်းမရှိပါက မြန်မာတို့သည် အသက်အသေခံ၍ ဇာတိသွေး ပြကြမည်သာဖြစ်သည်။

အည့်ခံရခြင်း

ဗြိတိသျှတို့သည် မန္တလေးမြို့ကို ဝိုင်းရံထားပြီးနောက် ကာနယ်စလေဒင်သည် သီပေါမင်းနှင့် တွေ့ဆုံသည်။ ညနေ ၅-နာရီထိုးဆွေးနွေးသည်။ စလေဒင်သည် စစ်သေနာပတိချုပ် ဒီပရင်းဒါးတတ်(စ်)ထံ "သီပေါမင်းသည် ၎င်းနှင့်တကွ တိုင်းပြည်ကို ခြင်းချက်မရှိ နှင်းအပ်မည်ဖြစ်ကြောင်း" အစီရင်ခံလေသည်။ ဗြိတိသျှတို့သည် ဗိုလ်မှူးချုပ် ပို့ဂ်အား, အမြောက်၊ သေနတ်၊စစ်သည်အပြည့်အစုံနှင့် နန်းတွင်း၌ အစောင့်ထားကာ ကျွန်တပ်ဖွဲ့အားလုံး ပြန်လည်ရုပ်သိမ်းသွားသည်။ နန်းတော်တွင်း၌ကား အငိုက်မိခံလိုက်ရသော မြန်မာဘုရင်နှင့် အမှူးအမတ်စာစုတို့သည် ဆောက်တည်ရာမရ ဖြစ်နေကြသည်။

၁၈၈၅-ခုနှစ် နိုဝင်ဘာလ(၂၉)

ဤနေ့တွင် ဗြိတိသျှရေတပ်မှ လက်ထောက်တပ်ရေးနှင့် စစ်ထောက်ချုပ်အိတ်(ချ)အမ်၊ ဘင်ဂုတ်(ဖ) လက်မှတ် ရေးထိုး၍ အမိန့်ပြန်တမ်းတစောင် ထုတ်ပြန်သည်။ ထိုပြန်တမ်းမှာ ဗြိတိသျှတို့ သိမ်းယူရရှိသော စစ်လက်နက်ပစ္စည်းများစာရင်း သီပေါမင်းကို ခေါ်ဆောင်ရာ၌ ဆောင်ရွက်ရမည့်အစီအစဉ်နှင့်တာဝန်အပ်နှင်းခြင်း အမိန့်တို့ဖြစ်လေသည်။ ထိုပြန်တမ်းအရ မြန်မာတို့ထံမှ သိမ်းယူရရှိသောအမြောက်၊ တလုံးထိုးသေနတ် စသည်များကို မြစ်ထဲ ပစ်ချခဲ့ကြောင်း သိရှိရသည်။

ပန်းကလေးတော့ညိုးရှာပြီ

၁၈၈၅-ခုနှစ် နိုဝင်ဘာ ၂၉-ရက်နံနက် ၁၀ နာရီ၁၅-မိနစ်တွင် ဗြိတိသျှတပ်ပေါင်းစုသည် ၎င်းတို့၏ စစ်ဌာနရှေ့ပ်တည်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com

သဘော်ဆိပ်မှ မြို့တွင်းသို့ စတင်ထွက်ခွာသည်။ နေ့ခင်း တနာရီတွင် နန်းတွင်းသို့ရောက်ပြီး နေရာယူပြီးဖြစ်သည်။ ထိုအချိန်၌ သီပေါဘုရင်သည် အခြေအရံ အနည်းငယ်နှင့် နန်းတွင်းတောင်ဘက် ပန်းဥယျာဉ်အနီးရှိ အဆောင်ငယ်တွင် စံနေသည်။ ကာနယ်စလေဒင် ဦးဆောင်သော ဗြိတိသျှ စစ်သည်တို့သည် ဘုရင်နှင့်တွေ့ပြီး ယခုပင် လိုက်ပါရန် ပြောသည်။ ဘုရင်နှင့် မိဖုယားတို့က တရက်နှစ်ရက်မျှ ဆိုင်းရန်ပြောကည်။ စစ်သေနာပတိချုပ်က ရက်ရှေ့ရွှေ့မဖြစ်ကြောင်း ချက်ချင်းလိုက်ပါရန် လိုကြောင်း ပြောသဖြင့် အလျင်အမြန် ပြင်ဆင်ကြသည်။

ခိုင်လုံသောအထောက်အထားများအရ သီပေါဘုရင်သည် ဤတောင်ဥယျာဉ်တွင် အဖမ်းခံရကာ ပါတော်မူကြောင်း သိရသည်။ ထိုနေရာတွင် အင်္ဂလိပ်တို့သည် အမြင့် ခြောက်ပေကျော် ဗျက်သုံးပေခန့် ကျောက်တိုင်တခု စိုက်ထူခဲ့သည်။ ကျောက်တိုင်ကြေးပြားတွင် အင်္ဂလိပ်စာလုံး ထွင်းထုလျက် (ဤနေရာတွင် သီပေါဘုရင်သည် ကိုယ်နှင့်တကွ တိုင်းပြည်ကိုပါအပ်နှင်းသည်) တဲ့ ကဗျည်းရေးထိုးခဲ့သည်။ထိုဆဗျည်းကျောက်စာတိုင်ကို မြန်မာတို့ လွတ်လပ်ရေးရသော ၁၉၄၈ ဧပြီ ၄ ရက် နံနက်တွင် ဘုတိုစာဖြင့်ထိုးရှိ ဖြိုလှဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

မြန်မာသမိုင်းဆရာတို့၏အဆိုအရ သီပေါဘုရင်သည် ပိတ်ဖြူအင်္ကျီ ပန်းရောင်ဖြူကွက်ပါသော ခေါင်းပေါင်းတို့ကို ဝတ်ဆင်ထားသည်။ စံနန်းတော်ရှေ့ပြင်သစ် ကော်ဇောပေါ်တွင်ထိုင်နေသည်။ ဝန်ကြီးများ မှူးမတ်များ လက္ခါဘက်တွင် ခစားလျက်ရှိသည်။ အင်္ဂလိပ်စစ်သားများသည် လက္ခါဘက် အတောင်သုံး

ဆယ်တွင် မလှုပ်မရှက် စိတန်းနေကြသည်။ အင်္ဂလိပ်စစ်ဗိုလ်ထေး ဘုရင်မင်းမြတ်အား သဘော်ပေါ်သို့ လိုက်ပါရန် လျှောက်ထားသည်။ဘုရင်သည်အလွန်စိတ်လက်မရှင်ပျသောမျက်နှာဖြင့် 'မင်းကြီး ကျွန်ုပ်တို့ ရန်သူလက်ရောက်မှန်းမသိရောက်ချေပြီ။ မင်းကြီးတို့နဲ့ နောက်တဖန် ပြန်တွေ့ကြရဦးမည်လော'ဟု မိန့်တော်မူပြီးမှ "ငါ့ကိုယ်တော်နောက်သို့ မည်သူလိုက်ကြမည်နည်း"ဟုမေးတော်မူသည်။ တိုင်းတာမင်းကြီးက လိုက်ပါမည်ဟု လျှောက်သည်။ ကင်းဝန်မင်းကြီးမှာ တခွန်းမှ တင်လျှောက်ခြင်းမပြုဘဲ ဦးခေါင်းငိုက်စိုက်ကျနေသည်။ မင်းတရားသည် ကင်းဝန်မင်းကြီးကိုအတန်ငယ်စိုက်ကြည့်ပြီး "မင်းကြီးလိုက်မည်လား"ဟုမေးသည်။ဤဘုရင်မှ ကင်းဝန်မင်းကြီးက လိုက်ပါမည်ဟု လျှောက်သည်ဟုသိရ၏။ သို့သော် ကင်းဝန်မင်းကြီးမှာ လိုက်ပါ၍ မသွားခဲ့ပေ။

သီပေါမင်းသည် အခြေအရံများနှင့် မြေနန်းတော်မှ မြို့ရိုးအပြင်ဘက်ထိခြေလျင်လိုက်ပါလေသည်။မြို့ရိုးအပြင်ဘက်ရောက်မှ အသင့် စီစဉ်ထားသော ဘီရိ လှည်းနှစ်စီးပေါ် တက်သည်။ မိဖုယားက ကျန်တစီးဖြင့် လိုက်ပါသည်။ကျန်အခြေအရံများမှာ ဝေါများဖြင့်ဝင်း၊ ခြေလျင်ဖြင့်ဝင်း လိုက်ပါခဲ့ကြသည်။

ညနေ ၃ နာရီ ၃၀ မိနစ်တွင် ထွက်တော်မူနှန်းကခွာရသော ပါတော်မူ အစီအစဉ် စသည်။ အစီအစဉ်မှာ အမှတ် ၁၃ မရဒပ်ခြေလျင်တပ်ရင်းက ရှေ့ဆုံးမှ ဦးဆောင်သည်။ ၎င်းနောက်မှ အမှတ်(၉)ဖဲငါးပွင့်တပ်၊ ၎င်းနောက် ဘုရင့် အမြောက်တပ်၊ ထိုနောက်မှ ဘုရင်နှင့် မိဖုယားတို့ကို ထီးဖြူရှစ်စင်း အုပ်မိုးလျက် ထိုက်ပါစေသည်။ ဘုရင်နှင့် မိဖုယား ရထားလှည်းကို သေနတ်

www.burmeseclassic.com

www.burmeseclassic.com

လုံ့စွမ်တပ် အင်္ဂလိပ် စစ်သည်တို့ ဝန်းရံ လိုက်ပါစေသည်။ ၎င်းနောက် ဘင်ခရာတပ်ဖွဲ့၊ ထိုနေ့ဆက်မှ အင်္ဂလိပ်ဘုရင့်ဝက်ဝံရေ ဦးထုပ်ဆောင်းတပ်များ လိုက်ပါသည်။

မြန်မာလူထုသည်လမ်းဘေးဝဲယာမှ တိုးဝှေ့ကြည့်ရှုကြသည်။ အင်္ဂလိပ်စစ်သေနာပတိ၏ မှတ်တမ်းတွင် သီပေါမင်းအား ပြန်လည်လုယူရန် တစုံတဦးကမှ ကြိုးစားခြင်းမရှိဟု ဖော်ပြထားသည်။ ရင်တွင်း၌ နစ်ဆို့လျက် မျက်ရည်တတွေတွေ ယိုစီးလျက်မှ အားမတန် မာန်လျှော့ကြခြင်း ဖြစ်သည်။

အင်္ဂလိပ်ဘင်ခရာတီးဝိုင်းမှ အချက်ကျကျ အဆက်မပြတ်တီးမှုတ်၍ ချီတက်သွားကြသည်။ မြင်းသည်တော် စစ်သားများ၊ ခြေလျင်စစ်သည်များ၊ လက်နက်အပြည့်အစုံ၊ ယူနီဖောင်းပြောင်လက်လက်ဖြင့် ညီညီညာညာ ချီတက်သွားသော အင်္ဂလိပ် တပ်မတော်သည် မြန်မာတို့၏ စိတ်အင်အားကို ညှိုးလျော့ရန် ဆုတ်နယ်သဲကဲ့သို့ ဖြစ်စေသည်။ အထင်ကြီးစေမှုကို ဖန်တီးထားသကဲ့သို့ ဖြစ်သည်။ ထိုခေတ်က မြန်မာတို့သည် စိတ်နှလုံး ကြေကွဲခြင်းမှတပါး အခြားဘာမှ မတတ်နိုင်ခဲ့ကြပေ။ ဘုရင်နှင့်မိဖုယား၊ ဝန်ကြီး၊ဝန်လေးတို့သည် ညှိုးနွမ်းသောစိတ်နှလုံးဖြင့် လမ်းဝဲယာများမှ ပြည်သူလူထုကို မျက်ရည်ဖြင့် စိုစွတ်သော မျက်ဝန်းဖြင့် နောက်ဆုံး နှုတ်ဆက်သွားကြသည်။

ထိုနေ့က အင်္ဂလိပ်ဘင်ခရာအဖွဲ့မှ တီးသော သီချင်းမှာ 'ပန်းကလေးတော့ ညှိုးရှာပြီ' ဟူ၍ပင် ဖြစ်သည်။

ထိုနေ့ညနေ ၅-နာရီ ၁၅-မိနစ်တွင် ဘုရင်နှင့် မိဖုယားသည် ဂေါဝိန်ဆိပ်ကမ်းရှိ(သူရိယသင်္ဘော)ပေါ် သို့ရောက်သည်။ သူရိယသည် ဘုရင်နှင့် အပေါင်းပါများ ရောက်လျှင်ရောက်ချင်း ရေ

လယ်သို့ ခုတ်မောင်း၍ ကျောက်ချရပ်နားသည်။ နောက်တနေ့နံနက်တွင် တပ်သားနှစ်ရာကျော်ပါသော အင်္ဂလိပ် အက်စကော့သင်္ဘောဖြင့် ကာနယ် လီမက်ဇူရီးယားခေါင်းဆောင် စောင့်ကြပ်လျက် သူရိယသင်္ဘော ရန်ကုန်သို့ ခုတ်မောင်းသည်။ ထိုမှ တဆင့် အိန္ဒိယ ရတနာဂီရိသို့ ပါတော်မူလေသည်။

ဤသို့ဖြင့် မြန်မာတို့သည် သူကျန် လုံးလုံး ဖြစ်ခဲ့ရလေသတည်း။

အာဇာဝီတံခါးမှ ပါတော်မူသလော

ပါတော်မူအကြောင်း ဖွဲ့ထားသော တေးသီချင်းများနှင့် အချို့ဆောင်းပါးများတွင် သီပေါဘုရင်သည် အမင်္ဂလာတံခါး ဖြစ်သော အာဇာဝီတံခါးမှ လိုက်ပါတော်မူရလေသည်ဟုဖော်ပြကြသည်။ ခိုင်လုံသော မှတ်တမ်းများကိုကား မတွေ့ရှိရပေ။ အာဇာဝီတံခါးမှာသူသေများကို သုသန်ထုတ်ရာတံခါးဖြစ်သည်။ မန္တလေးမြို့တော်ခေတ်အခါတွင် ဤတံခါးကို (ကြေးမုံတံခါး) ဟု ခေါ်သည်။ အမရပူရခေတ်ကသာအာဇာဝီတံခါးဟုခေါ်ခြင်း ဖြစ်သည်။

လူသေထုတ်သော အမင်္ဂလာ အာဇာဝီတံခါးမှ သီပေါဘုရင် ပါတော်မူခြင်းနှင့်စပ်လျဉ်း၍ သုတေသီတဦး၏ ရှင်းလင်းပြောပြချက် အယူအဆမှာ မှတ်သားဘွယ်ရာပင် ဖြစ်သည်။ ၎င်းက မန္တလေးနန်းတွင်းသားတဦးထံမှ သိရကြောင်းဆိုသည်။ ဖြစ်နိုင်မဖြစ်နိုင်ကို ချင့်ချိန်နိုင်ကြရန် ဖော်ပြလိုက်သည်။

အဇာဝီတံခါး(ကြေးမုံတံခါး)မှထွက်လျှင် ယခု သင်္ဘောဂါတ် နေရာတွင် ထိုခေတ်က အင်္ဂလိပ်သံတဲ့ ရှိသည်။ သံတဲ့မှ အတန်ယ

www.burmeseclassic.com

www.burmeseclassic.com

လွန်လျှင် ဘုရင့်ဆွေတော်မျိုးတော်များ မြှုပ်နှံသော သင်းချိုင်း ရှိသည်။ သင်းချိုင်းအနီးတွင်သင်းချိုင်းစောင့်ရှိသည်။သင်းချိုင်း အစောင့်သည် ဥယျာဉ်ပြုရ၍ အသီးအနှံများကို စိုက်ပျိုးသည်။ ထိုသင်းချိုင်း ဥယျာဉ်မှ ထွက်သော အသီးအနှံများကို ရောင်းရသောငွေများကို သီးသန့်ထားရသည်။ အင်္ဂလိပ်စသော နိုင်ငံခြားသံမျှားကို ဧည့်ခံခြင်းချီးမြှင့်ခြင်းပြုသည့်အခါ ထိုသင်းချိုင်း ဥယျာဉ်မှရသော ဘဏ္ဍာငွေဖြင့် ဧည့်ခံကျွေးမွေး ချီးမြှင့်သည်။ နိုင်ငံခြားသံမျှားကို ဝင်ခွင့်ထွက်ခိုင့်ပြုရာ၌လည်း ထိုအမင်္ဂလာတံခါးမှ ဝင်ထွက်ခွင့်ပြုသည်။ဤတို့အားဖြင့် မြန်မာဘုရင်သည် အင်္ဂလိပ် သံတို့အား သင်းချိုင်း အနီး သံတဲ ထားစေခြင်း၊ သင်းချိုင်းဥယျာဉ်မှ ဘဏ္ဍာငွေဖြင့် ကျွေးမွေးခြင်း၊ သူသေထုတ်ရာတံခါး၀မှ၀င်ခွင့်ထွက်ခွင့်ပြုခြင်းဖြင့် နှိမ်သည်ဟုအင်္ဂလိပ်တို့က ယူဆိုသည်။ ထို့ကြောင့် မြန်မာဘုရင်အားဖမ်းယူသွားရာ၌ လက်စားချေသောအားဖြင့် သူသေထုတ်ရာ အမင်္ဂလာ အာဌဝီတံခါးမှ ထုတ်ယူသွားခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သီပေါဘုရင်ပါတော်မူခြင်းဖြင့် မြန်မာတို့ တိုင်းတပါးလက်အောက် ကျွန်သဘောက်ဖြစ်ခဲ့ချေပြီ။ ထီးကျိုး စည်ပေါက် အမျိုးပင်ပျောက်လုနီးပါး ကျွန်ဆက် ရှည်ကြာခဲ့ချေပြီ။ ပြည်တွင်းရှိ သူတမျိုးငါတမုဲ့ ဝါဒကွဲပြား အယူအဆလွဲမှားသဖြင့် လမ်းမှားသို့ ရောက်ခဲ့ဘူးချေပြီ။

(အမျိုးသား အောင်ပွဲ တော်လှန်ရေး၊ လွတ်လပ်ရေး အကြောင်းတို့ကို ဆက်လက်ဖတ်ရှုပါ။)

အမျိုးသားအောင်ပွဲ

နယ်ချဲ့အင်္ဂလိပ် လက်အောက် ကျွန်သဘောက် ဘဝမှ လွတ်မြောက်ရန် ရုန်းကန်မှု၏အစ ကျောင်းသားသပိတ်ကြီးမှ စတင်ပေါ်ထွန်းလာသောနေ့ ဖြစ်သည်။ မြန်မာအမျိုးသားတို့၏ နား မျက်စိကို ဖွင့်စေလျက် ဇာတိသေး ဇာတိမန် နိုးကြွစေခဲ့သော အမျိုးသားတို့၏ စည်းရုံးနိုးကြားမှုအောင်ပွဲတရပ်ပင် ဖြစ်ပေသည်။

အမျိုးသားနေ့သည် ပထမအကြိမ်မြောက် ကျောင်းသားသပိတ်ကြီးမှ ပေါက်ဖွားလာသော လွတ်လပ်ရေး အတွက်ကြိုးပမ်းမှုတရပ်ဖြစ်သည်။ ဗြိတိသျှလက်ထက်တွင် ကျောင်းသားသပိတ် သုံးကြိမ် မှောက်ခဲ့သည်။

၁၉၂၀-ခုနှစ် ပထမကျောင်းသားသပိတ် ၏ ပထမ အကြိမ် ကျောင်းသားသပိတ်မှ အမျိုးသားနေ့ ထွက်ပေါ်လာသည်။

ဒုတိယ ကျောင်းသားသပိယ (၁၉၃၆)ခုနှစ်။

တတိယကျောင်းသားသပိတ် (၁၉၃၈)ခုနှစ်။

ဤသုံးကြိမ်သော ကျောင်းသားသပိတ်တွင် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာစေသော ပထမအကြိမ် ကျောင်းသားသပိတ်အကြောင်းကို ရှင်းလင်းဖော်ပြလိုက်သည်။

အင်္ဂလိပ်အစိုးရသည် ၁၉၂၀-ခုနှစ်၊ ဒီဇင်္ဘာလ(၁)ရက်နေ့တွင် ရန်ကုန် တက္ကသိုလ် ဥပပဒသစ်တရပ်ကို အတည်ပြုကြောင်းထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာပြည်၌ သီသန့်တက္ကသိုလ်တခု

www.burmeseclassic.com

ဖွင့်လှစ်ရန် ရည်ရွယ်ချက်ဖြင့် ဤဥပဒေကို ရေးဆွဲခြင်းဖြစ်သည်။ ယခင်က အိန္ဒိယလက်အောက်ခံ ကလကတ္တားတက္ကသိုလ် ဖြစ်ခဲ့သည်။ ထိုတက္ကသိုလ်ဥပဒေသစ်မှာ မြန်မာလူမျိုးများ တက္ကသိုလ်ပညာရပ်ကို မသင်ယူနိုင်ရန် ဟန့်တားထားခြင်း ဖြစ်သည်။ ဥပဒေပါအချက်များကိုမှာ အောက်ပါတို့ဖြစ်သည်။

၁။ တက္ကသိုလ်ပညာကို ကျောင်းအိပ် ကျောင်းစား နေသူများသာ သင်ယူခွင့်ပြုရန်။(ဤအချက်မှာ ငွေကြေး တတ်နိုင်သူများသာ တက္ကသိုလ်ပညာ သင်ယူနိုင်စေသည်)။

၂။ တက္ကသိုလ်ဝင်တန်း သို့မဟုတ် ဟိုက်စကူးဖိုင်နယ် H.S.F အောင်မြင်ပြီးသည့်တိုင် တက္ကသိုလ်ပညာကို မသင်ယူနိုင် Preliminray Class ခေါ်နှင့် H.S.F အကြား အတန်းတတန်းတက်ပြီးမှ တက္ကသိုလ် ဝင်ခွင့်ပြုရန်။

၃။ အခြား အချက် အလက် များမှာ တက္ကသိုလ် ကျောင်းသားဦးရေကို ကန့်သတ်ခြင်း၊ အင်္ဂလိပ်စာကို ထူးချွန်သူများမှသာ သင်ယူခွင့် ပြုခြင်း။ ဥပစာ (အိုင် အေ) အောက်တန်း ရောက်စ ကျောင်းသားများသည် အင်္ဂလိပ်စာ သက်သက်ကို တန့်သင်ယူရန်နှင့် တက္ကသိုလ်စာမေးပွဲများ တွင် ရေးဖြေအပြင် နှုတ်မေးခွန်းများကိုလည်း ဖြေဆိုစေခြင်း စသည်တို့ဖြစ်သည်။ ဤ ချုတ်ချယ်သော ဥပဒေကို ပြုပြင်ရန် ဂျီစီဘီအေခေါ်

ထိုခေတ်နိုင်ငံရေး အသင်းအဖွဲ့ကြီးက တောင်းဆိုမေတ္တာရပ်သော်လည်း လက်ထောက်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က အမှုမထားပေ။ ထို့ကြောင့် ဥပဒေအတည်ပြုပြီး နောက်တနှစ် (၁၉၂၀-ဒီဇင်ဘာ ၂)ရက်နေ့တွင် တက္ကသိုလ် ကျောင်းသား(၁၁)ဦးတို့သည် ရှေတိုးရင်ပြင်တွင် ဥပဒေကိုတိုက်ဖျက်ရန် ဆွေးနွေးကြသည်။ ထိုကျောင်းသား (၁၁)ဦးမှာ အောက်ပါတို့ ဖြစ်ကြသည်။

၁။ ကိုဘဦး B.A. အထက်တန်း
၂။ ကိုညိပိတ် B.S.C. အထက်တန်း(နောင် တရားလွှတ်တော် မော်ကွန်းထိန်း)
၃။ ကိုဘရှင် B.S.C အ ထက် တန်း (နောင် အင်းစိန် စက်မှုလက်မှု ကျောင်းဆရာ)
၄။ ကိုအေး B.A. အဆိုက်တန်း(နောင်ယစ်မျိုးဝန်)
၅။ ကိုဘိုးကွန်း B.S.C. အထက်တန်း(နောင် ပြည်သူ့ရဲဘော်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးဖိုးကွန်း)
၆။ ကိုဖေသိန်း I.A. အထက်တန်း
၇။ ကိုလှတင် B.A. အထက်တန်း
၈။ ကိုဘရှင် I.A. အထက်တန်း
၉။ ကိုထွန်း I.A. အထက်တန်း
၁၀။ ကိုအောင်ဒင် I.A. အောက်တန်း(ပင်စင်ရုံးအုပ်)
၁၁။ ကိုဘခင် I.A. အထက်တန်း(မန္တလေးအမှတ် ၂ အစိုးရအထက်တန်း ကျောင်းအုပ်ဆရာကြီး)

www.burmeseclassic.com

www.burmeseclassic.com

ထို(၁၁)ဦးကျောင်းသားစည်းဝေးပွဲမှ(၁)ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် မြန်မာနိုင်ငံ လက်ထောက်ဘုရင်ခံ ရန်ကုန်ကောလိပ်သို့ လာပြီး မြန်မာပြည် သီးခြား ရန်ကုန် ယူနီဗာစီတီဖွင့်မည်။ထို အခါ ကျောင်းနှစ်ကျောင်းရှိ ကျောင်းသားများ စာအုပ်များကို ပိုက်၍ သပိတ်မှောက်ထွက်ခွာရန်၊ (၂)ရန်ကုန်တက္ကသိုလ် ဥပဒေ(၀၊)မြန်မာများ တက္ကသိုလ်ပညာ သင်ကြားရေးအတွက် မဖြစ်နိုင်လောက်အောင် ချုပ်ချယ်ထားသည့်အချက်များကို ပြုပြင်ပေးရန် အင်္ဂလိပ်ဗြိုလ်ချုပ်ကရက်အစိုးရကို အရေးဆိုရန်၊ (၃)တောင်းဆိုသောအချက်များ မရမချင်း ကျောင်းပြန်၍ မတက်ရန် ဟူသောအချက်များကို ဆုံးဖြတ်ကြသည်။ ကိုဘဦးအား ဆော်သြသူအဖြစ် ရွေးချယ်၍ ကျောင်းသား ၂၆-ဦး ပါသော ကော်မီတီတရပ်ကို ရွေးချယ်ဖွဲ့စည်းလိုက်သည်။

၂၆-ဦး ကော်မီတီစည်းဝေးပွဲကို ဒီဇင်ဘာလ(၅)ရက်နေ့တွင် ကိုဘဦးအိမ်၌ ကျင်းပဆွေးနွေးကြသည်။ဒီဇင်ဘာ(၇)ရက်နေ့တွင် သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သော်လည်း အခြေအနေအရ ထိုနေ့ ဒီဇင်ဘာ (၅) ရက်နေ့တွင် သပိတ် မှောက်ခဲ့လေသည်။ ထို ဆုံးဖြတ်ချက်အရ ၁၉၂၀-ခုနှစ် ဒီဇင်ဘာလ (၅)ရက်၊၁၂၀၂ ခုနှစ် တန်ဆောင်မုန်းလဆုပ် (၁၀)ရက်နေ့တွင် ရန်ကုန် ကောလိပ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသား ၅၀၀ ကျော်တို့ စတင်သပိတ်မှောက်လေသည်။ဗဟန်းရပ် ရှေကျင်ကျောင်းတိုက်ရှိ ဇရပ်များတွင် သပိတ်မှောက်ကျောင်းသားများ စခန်းချလေသည်။

ထိုခေတ် ထိုအခါက ကျောင်းသားသပိတ်သည် သီပေါမင်း ပါတော်မူပြီးနောက် သူကျွန်ဘဝတွင် ရှေးဦးစွာနယ်ချဲ့အစိုးရကို

ဆန့်ကျင်ခြင်းဖြစ်သည်။ ဝန်ထောက်လောင်း၊အရေးပိုင်လောင်း၊ ကောလိပ်ကျောင်းသားများက ကိုယ်ကျိုးကိုစွန့်၍ နယ်ချဲ့အစိုးရ ပြဋ္ဌာန်းသော ဥပဒေကိုဆန့်ကျင်ပြလိုက်သောအခါ ပြည်သူများ နှိုးကြားလာလေသည်။ ဦးခေါင်းထောင်လာလေသည်။အင်္ဂလိပ်အစိုးရကိုယ်တိုင် တုန်လှုပ်ခြောက်ချားခဲ့လေသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်ဘုရင်ခံချုပ်ထံ ၁၄ ရက်တပတ် အစီရင်ခံစာတင်သွင်းရာတွင် ရန်ကုန်တအည်ရီလ် သပိတ်မှောက်သည့် အရေးကို ထိထိရောက်ရောက် အရေးယူနှိမ်နင်းခြင်းမပြုလျှင် မြန်မာပြည်ကို လက်လွှတ်ရလိမ့်မည်ဟု ဖော်ပြထားလေသည်။

တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီး တပတ်အကြာတွင် ကျောင်းသား သပိတ်ကြီးသည် မြန်မာပြည်အရပ်ရပ်သို့ ပြန့်နှံ့ခဲ့လေသည်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသားအားလုံး သပိတ်မှောက်လိုက်ကြသည်။ ဘုရင်ခံကရက်ဒေါက်သည် အင်္ဂလိပ်ကုန်သည်ကြီးများ ညစာ စားပွဲ၌ ကျောင်းသားများ သပိတ်မှောက်သည့် အရေးကို သူ၏ လက်နက်တိုက်အတွင်းရှိ လက်နက်အားလုံးဖြင့် နှိမ်နင်းမည်။ ဗြိတိသျှ ဝပ်စေမည်ဟု ကြုံးဝါးလေသည်။

ဘုရင်ခံက မည်သို့ပင် ကြုံးဝါးသည်ဖြစ်စေ ကျောင်းသားများကား တုန်လှုပ်ခြင်း အလျဉ်းမရှိပေ။ ထိုနှစ်ဒီဇင်ဘာလ ၁၉ ရက်တွင် မော်ကွန်းထိန်းထံမှတဆင့် ရန်ကုန်ဈေးကွက်သိုလ်အဓိပတိ လက်ထောက်ဘုရင်ခံသို့ တက္ကသိုလ် ဥပဒေများကို အမြန်ဆုံး ပြင်ဆင်ပေးရန် တောင်းဆိုချက် စာတစောင် ပေးလိုက်သည်။ စာတွင် အောက်ပါအချက်များ အကြောင်းပြ ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၀။ ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသား အားလုံး သည် ကျောင်းအိပ် ကျောင်းစားအဖြစ် နေမှသာ တက္ကသိုလ်ပညာ သင်ယူခွင့်ပြုမည်ဟူသော အချက်မှာ ဆင်းရဲသား ကျောင်းသားများ ပညာသင်ယူခွင့် မရှိ ရန် တမင်ဖန်တီးသကဲ့သို့ ဖြစ်သည်။

၂။ အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတခုခုတွင် ထူးချွန်မှု ရှိမှသာ တက္ကသိုလ်ဝင်ခွင့် ရရှိမည်ဟူသောအချက်မှာ အင်္ဂလိပ်ဘာသာကို တိုင်းရင်းဘာသာ အဖြစ် အသုံးမပြုသော မြန်မာနှင့် အိန္ဒိယတိုင်းရင်းသားများ အတွက် အခက်အခဲ ဖြစ်စေပါသည်။

၃။ (Prelimanary Class) အကြိုသင်တန်း တနှစ်ထား ရှိခြင်းဖြင့် စရိတ်စက ပိုမို ကုန်ကျစေပါသည်။

၄။ နှုတ်ဖြေစာမေးပွဲ စစ်မေးရန် မလိုအပ်ဟုယူဆပါသည်။

၅။ တက္ကသိုလ်ကောင်စီနှင့် ပါမောက္ခများအဖွဲ့တွင်လူတန်းစားပေါင်းစုံ ပါဝင်ရန် လိုအပ်ပါသည်။ ဖွဲ့စည်းပုံကို ပြင်ဆင်စေလိုသည်။ တက္ကသိုလ်ကောင်စီတွင် ကျောင်းသားကိုယ်စားလှယ် ပါဝင်သင့်ပါသည်။

၆။ ဒုတိယ အဓိပတိ ကိုယ်စား အဓိပတိနှင့် တက္ကသိုလ် ပါမောက္ခများကို အဓိပတိတဦးတည်းက ခန့်အပ်ခြင်း မှာဒီမိုကရေစီဘောင်နှင့်မည်ပါ။ ပါမောက္ခအဖွဲ့ကသာ အဓိပတိကို ရွေးကောက် တင်မြှောက်သင့်ပါသည်။

၇။ တက္ကသိုလ်စာမေးပွဲတွင် ပြင်ပနှင့် အလွတ်ပညာသင် ကျောင်းသားများအား ဖြေဆိုခွင့် ပြုစေလိုပါသည်။

၈။ ဥပဒေ သင်တန်းသားများကို နံနက်ပိုင်း တက်ရောက် သင်ကြားနိုင်ရန် စီစဉ်ပေးစေလိုသည်။

ဤတင်ပြချက်များ၊ နှစ်နာချက်များကို စဉ်းစားပြီး ပြေလည်အောင် မဖြေရှင်းသမျှ ကာလပတ်လုံး ကျောင်းသား များကျောင်းပြန်တက်မည်မဟုတ်ပါ။

မှတ်ချက်။ ။ပေးစာတွင် အချက် ၁၅ ချက်ပါရှိသည်။ အခြားအချက်များကိုရှာဖွေမတွေ့ရှိသေးပါ) ပေးစာတွင်သပိတ် မှောက်ကျောင်းသားများကိုယ်စား ဆော်သြရေးမှူး (အတွင်း ရေးမှူး) ကိုဘဦးလက်မှတ် ရေးထိုးသည်။

မြန်မာကို အထင်သေးသော လက်ထောက် ဘုရင်ခံသည် ကျောင်းသားများ၏ တောင်းဆိုချက်ကို လုံး၀ မစဉ်းလိုပေ။ မစဉ်းစားတဲလည်း မနေသာပေ။ ထို့ကြောင့် ဘုရင်ခံသည် မော်လမြိုင်မှ ၀တ်လုံတွဲရ ရွှေနေဦးချစ်လှနှင့် ပုဂ္ဂိုလ်သုံးလေးဦး တို့ကို လက်မှတ်ရေးထိုးစေကာ တက္ကသိုလ်ဥပဒေကို ပြုပြင်ပေးရန် အစီရင်ခံစေသည်။ အချက်အလက်များမှာ ကျောင်းသားများ တောင်းဆိုသည့်အတိုင်းပင်ဖြစ်သည်။ ဤသို့ တိတ်တဆိတ်စီစဉ် ခြင်းမှာ ဘုရင်ခံသည် ကျောင်းသားများ သပိတ်မှောက် တောင်းဆိုချက်ဖြင့် ပေးခြင်းမဟုတ်ဘဲ မော်လမြိုင် ဦးချစ်လှတို့၏ မေတ္တာရပ်ခံချက်ကြောင့်ပေးသည်ဟူ၍အမည်ခံလိုသောကြောင့် ဖြစ်သည်။ သို့သော် ဤအစီအစဉ်မှာ အကြောင်း အမျိုးမျိုး ကြောင့် ပျက်ယွင်းခဲ့သည်။

အစိုးရနှင့် ကျောင်းသား သပိတ်မှာ ပိုမိုတင်းမာလာသည်။ ထို့ကြောင့် ကျောင်းသားများက ၁၉၂၁ ဇန်နဝါရီလ ၁၄ရက်

www.burmeseclassic.com

www.burmeseclassic.com

နေ့မှစ၍ အစိုးရက လျှော့ပေးသည်ဖြစ်စေ၊ လျှော့မပေးသည်ဖြစ်စေ ရန်ကုန်တက္ကသိုလ်နှင့် လက်အောက်ခံကောလိပ်ကျောင်းများကို လုံးဝပြန်တက်တော့မည်မဟုတ်ကြောင်း တိုင်းပြည်သို့ ကျေးဇူးလေးသည်။ မြန်မာပြည် အနှံ့အပြား သပိတ်မှောက်လျက်ရှိသော ၇-တန်း၊ ၈-တန်း၊ ၉-တန်း၊ ၁၀-တန်းကျောင်းသားများသည်လည်း အစိုးရ အထောက်အပံ့ခံ ကျောင်းများကို သပိတ်မှောက်လိုက်လေသည်။

ကျောင်းသားများ၏ ရဲရဲတောက် ရာသက်ပန် သပိတ်ကို မြန်မာပြည် တဝှန်းလုံးရှိ ရဟန်းရှင်လူများ လှိုက်လှိုက် လဲလဲ ထောက်ခံလေသည်။တပြည်လုံးနိုးကြားခဲ့သည်။ သပိတ်မှောက်ကျောင်းသားများအတွက် ပညာရေးကောင်စီဖွဲ့ကာ တပြည်လုံးတွင်အမျိုးသားကျောင်းများတည်ထောင်ဖွင့်လှစ်ခဲ့သည်။အမျိုးသားပညာရေးကောင်စီ ဥက္ကဋ္ဌမှာ အမ်အေ ဦးအေးမောင်ကြီးဖြစ်သည်။ အတွင်းရေးမှူးအဖြစ် ဦးအုန်းခိုင်က ဆောင်ရွက်သည်။ အတွင်းရေးမှူး မကျန်းမာသဖြင့် ယခုရန်ကုန်တက္ကသိုလ် ပါမောက္ခဟောင်း ဒေါက်တာ ထင်အောင်က အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်လေသည်။

အမျိုးသား ပညာရေးကောင်စီမှ အမျိုးသား တက္ကသိုလ်ကျောင်းအုပ်ကြီးကို ၁၉၂၁-ခုနှစ်၊ သြဂုတ်လအတွင်း၌ဖွင့်လှစ်ခဲ့သည်။အမျိုးသားတက္ကသိုလ်ကျောင်းမှာ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ကြီးပင်ဖြစ်သည်။အမျိုးသားတက္ကသိုလ်ဖွင့်ခဲ့သည့်နေ့က ပထမ မဟာပဏ္ဍိတ ဆရာတော်ဦးကောသလ္ဂ ဆရာတော်ဘုရားက ငါးပါးသီလပေးရှိ အခြားသံဃာတော်များက မဟာ

ပရိတ်တော်များ ရွတ်ဖတ်သရဇျယ်ခဲ့သည်။ ထိုကျောင်းဖွင့်ပွဲတွင် ကောင်စီဥက္ကဋ္ဌ ဦးမောင်ကြီး(M.A)ကနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထိုစဉ်က အမျိုးသား တက္ကသိုလ်ကျောင်းတွင် သင်ပြခဲ့သော ဆရာများအနက် မြန်မာစာပရော်ဖက်ဆာ ဆရာကြီးသခင်ကိုယ်မှိုင်းနှင့် ဒီးဒုတ် ဦးဘချိုတို့လည်း ပါဝင်ခဲ့သည်။ အမျိုးသားတက္ကသိုလ်ကြီးကို စနစ်တကျ စီမံအုပ်ချုပ်ဖွင့်လှစ်ခဲ့သော်လည်း ငွေရေးကြေးရေး အကြပ်အတည်းနှင့် အစိုးရ၏ အားပေးမှုကိုလည်း မရရှိသဖြင့် နှစ်များ မကြာမီ ပိတ်ခဲ့ရလေသည်။

အင်္ဂလိပ် အစိုးရသည် ၁၉၂၄-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အက် ဥပဒေ အချို့ကို လိုက်လျော ပြင်ဆင် ပေးခဲ့လေသည်။ ဤပထမ ကျောင်းသားသပိတ်သည် အမျိုးသား တက္ကသိုလ်နှင့် တပြည်လုံးတွင် အမျိုးသား အလယ်တန်း၊အထက်တန်းကျောင်းများကို တည်ထောင် ပေးနိုင်သည်သာမက ပြည်သူလူထုနှင့် ကျောင်းသားထုအတွင်း မျိုးချစ်စိတ်များ ပြင်းပြလာသည်။ အမျိုးသားလွတ်မြောက်ရေးအတွက် စည်းလုံးလာကြလေသည်။

၁۹၂၂-ခုနှစ်၊ နိုဝင်ဘာလ ၂၁-ရက်နေ့တွင် ဒိုင်အာခီ အမတ်ရွေးပွဲကျင်းပသည်။ဂျီစီဘီအေ အသင်းမှ ခေါင်းဆောင် ၂၁-ဦးထွက်၍ အရွေးခံသည်။ ကျန်ခေါင်းဆောင်များ တနိုင်ငံလုံးတွင် ဒိုင်အာခီ အမတ် ရွေးပွဲကို သပိတ်မှောက်ခဲ့သည်။ အမတ်ရွေးပွဲအပြီးတွင် အမျိုးသားပညာရေးကောင်စီဥက္ကဋ္ဌဝတ်လုံ(အ)ဦးမောင်ကြီး ဗဟုသုတ ဖြစ်လာသည်။ နေရှင်နယ် အမျိုးသားကျောင်းများကို အစိုးရက အထောက်အပံ့ ပေးလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အထောက်အပံ့မယူဘဲ ကိုယ့်အား ကိုယ်ကိုးသော အမျိုးသားကျောင်းများက ပိုမို မျှားပြားလေသည်။

၁၉၂၁-ခု အောက်တိုဘာလတွင် အမျိုးသား ပေါင်းချုပ် ဂျီ-စီ-ဘီ-အေ ကွန်ဖရင့်ကို မန္တလေးတွင် ကျင်းပသည်။ မြန်မာပြည် အရပ်ရပ်မှ ကိုယ်စားလှယ်များ တက်ရောက်သည်။ ထိုကွန်ဖရင့်ကြီးတွင် မြန်မာနိုင်ငံ စီးပွားရေး၊ ပညာရေး၊ လွတ်လပ်ရေး၊ ညီညွတ်ရေး စသည်များကိုဆွေးနွေးအဆိုပြုကြသည်။ ထိုကွန်ဖရင့်တွင် အမျိုးသားတို့၏ အထိမ်းအမှတ်နေ့ တနေ့(အမျိုးသားနေ့) သက်မှတ်ရန် ဆွေးနွေးကြသည်။ သူရိယ သတင်းစာမှ ဦးတုတ်ကြီးက သီပေါမင်း ပါတော်မူနေ့ကို အမျိုးသားနေ့ဟု သတ်မှတ်ရန် အဆိုတင်သွင်းသည်။ ပျဉ်းမနားမှ ဦးဒွေးက ဦးဥတ္တမ ထောင်ကျသောနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အဆိုတင်သွင်းသည်။ ဤတွင် တက္ကသိုလ် သပိတ်မှောက်ကျောင်းသားများ၏ ကိုယ်စားလှယ် ကိုမြင့် (နောင်သောအခါ နေရှင်နယ် ဦးမြင့်)က သီပေါမင်းပါတော်မူနေ့၊ ဦးဥတ္တမ ထောင်ကျသည့် နေ့သည် မင်္ဂလာရှိသော နေ့မဟုတ်။ အမျိုးသားတို့၏ စိတ်ကို တက်ကြွရာ၌ ပြင်းထန်မှုမရှိ။ မြန်မာတို့ အနိုင်မဟုတ်။ အရှုံးသာ ဖြစ်သည်။ အမျိုးသားနေ့ သတ်မှတ်ရန် မသင့်ပါ။ ၁၉၂၀-ပြည့်နှစ်ကျောင်းသား သပိတ်ကြီးသာလျှင် တမျိုးသားလုံး စည်းရုံးမှု၊ ဇာတိမန်တက်ကြွမှုကို ဖြစ်စေသည်။ အရှုံးမဟုတ်၊ အနိုင်သာ ဖြစ်သည်။ ယို့ခကြောင့် ကျောင်းသားများ သပိတ်မှောက်ခဲ့သော ၁၉၂၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀-ရက်နေ့ကို(နေရှင်နယ်နေ့ National Day) အဖြစ်ဖြင့် သတ်မှတ်ရန် အဆိုတင်လေသည်။

ထိုကွန်ဖရင့်၌ ပြီးပြတ်ခြင်းမရှိပေ။ ကွန်ဖရင့်ပြီး၍ အမှုဆောင်လူကြီး ၃၅-ဦး ရန်ကုန်သို့ ပြန်ရောက်သည်တွင်မှ ကျောင်းသားများသပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့အဖြစ်ဖြင့်သတ်မှတ်ကြလေသည်။ အဆိုတင်သူ ကိုမြင့်ကိုလည်း နေရှင်နယ် ဦးမြင့်ဟူ၍ တိုင်းပြည်မှ ဂုဏ်ပြုခဲ့သည်။ ဤသို့နှင့် နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားနေ့အထိမ်းအမှတ်ကို ကျင်းပခြင်းဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်တွင်မှ အစိုးရက National Day)ကို ဂေဇက်ဝင် ရုံးပိတ်ရက် အဖြစ်ဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်လေသည်။

(နောက်ဆက်တွဲ- နိုင်ငံရေး အဖွဲ့အစည်းများတွင် လေ့လာပါ)

× × × ×

ခရစ်သက္ကရာဇ်ဖြင့်

အမှတ်အသားပြုသော အထိမ်း အမှတ် နေ့ကြီးများ

မြန်မာပြည်တွင် နှစ်စဉ်ကျင်းပသော အထိမ်းအမှတ်နေ့ကြီးများကို ကျင်းပရာ၌ မြန်မာ လ၊ရက်ဖြင့် အမှတ်အသားပြုသော နေ့ထူး နေ့မြတ်ကြီးများ ရှိသကဲ့သို့ ခရစ်သက္ကရာဇ် လ၊ရက်တို့ဖြင့် သတ်မှတ်ထားသော အထိမ်းအမှတ် နေ့ထူးနေ့မြတ် များလည်း ရှိလေသည်။ အချို့ နေ့ကြီးများကို အစိုးရကိုယ်တိုင် ပြန်တမ်းဝင် ရုံးပိတ်ရက်အဖြစ်ဖြင့် အသိအမှတ်ပြုပြီး အထိမ်းအမှတ်ပွဲကျင်းပသည်။ အချို့နေ့များကိုကား ပြန်တမ်းဝင် ရုံးပိတ်ရက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ခြင်း မပြုပေ။ ယခု အောက်ပါ အထိမ်းအမှတ် နေ့ကြီးများ ဖြစ်ပေါ်လာပုံအကြောင်းကိုအပြည့်အစုံ မှတ်တမ်းတင်မည် ဖြစ်သည်။ အထိမ်းအမှတ် နေ့ကြီးများကိုလည်း လစဉ်အလိုက် ဖော်ပြထားသည်။

၁။	လွတ်လပ်ရေးနေ့....	ဇန်နဝါရီလ(၄)
၂။	ပြည်ထောင်စုနေ့....	ဖေဖော်ဝါရီလ(၁၂)
၃။	တောင်သူလယ်သမားနေ့....	မတ်လ(၂)
၄။	တပ်မတော်နေ့(တော်လှန်ရေးနေ့)....	မတ်လ(၂၇)
၅။	အလုပ်သမားနေ့....	မေလ(၁)
၆။	ကမ္ဘာ့အိုလံပစ်နေ့	ဇွန်လ(၂၃)
၇။	ကမ္ဘာ့သမဝါယမနေ့	....ဇူလိုင်ပထမစနေနေ့
၈။	အာဇာနည်နေ့	ဇူလိုင်(၁၉)
၉။	ဟီရိုရှီးမားနေ့	သြဂုတ်လ(၁၆)
၁၀။	ကမ္ဘာ့တိရစ္ဆာန်များဘေးမဲ့နေ့၊	အောက်တိုဘာလ(၄)
၁၁။	ကမ္ဘာ့ကုလသမဂ္ဂနေ့	အောက်တိုဘာလ(၂၄)
၁၂။	ခရစ္စမတ်နေ့	....ဒီဇင်ဘာလ(၂၅)

\+ + +

လွတ်လပ်ရေးနေ့

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတို့လွတ်လပ်ရေးရသည်။ အချုပ်အချာအာဏာပိုင် နိုင်ငံဖြစ်လာသည်။ ဤသို့ ပြန်လည်လွတ်လပ်ရေးရလာသည့်အတွက် သီပေါဘုရင်ပါတော်မူ

သော ၁၈၈၅ ခုနှစ် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်အထိ နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်းမြန်မာတို့သည်နည်းအမျိုးမျိုး ဖြင့် နယ်ချဲ့ကိုတော်လှန်ခဲ့သည်။ လွတ်လပ်ရေးရရှိရန်တိုက်ပွဲစဉ်သ မိုင်းတလျှောက် အသက်ပေါင်းများစွာ သေးမြေကျခဲ့သည်။ နောက်ဆုံး ၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၉-ရက် ဗိုလ်ချုပ်အောင် ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ သေးမြေကျသည် အထိဖြစ်လေသည်။ ခေတ်အဆက်ဆက်တွင် မြန်မာတို့ လွတ်လပ် ရေးကြိုးပမ်းခဲ့ပုံများမှာ မြန်မာ့သမိုင်းတွင် ထွန်းပြောင်နေပြီးဖြစ် သည်။ လွတ်လပ်ရေးရခြင်းအကြောင်းကိုမှတ်ဘမ်းတင်ရာ၌လွတ် လပ်ရေးရရှိရန်အတွက်ကြိုးပမ်းခဲ့ကြသည့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်ကိုလည်း မော်ကွန်းတင်ရမည်ဖြစ်သည်။ လွတ်လပ်ရေး သမိုင်းစဉ်သည် နှစ်ပေါင်း ခြောက်ဆယ်ကျော်အတွင်း ခေတ်အ ဆက်ဆက်မင်းအလီလီတွင် အသက်ပေါင်းများစွာစတေး၍လွတ် လပ်ရေးကိုအရယူခြင်းဖြစ်ရာ အကြောင်းအရာအဖြစ်အပျက်များ မှာများပြားလွန်းလှသည်။ များပြားလွန်းသော ထိုအကြောင်းအ ရာများကို အပြည့်စုံဆုံး၊အတိုဆုံးဖြစ်အောင် ခေါင်းစဉ်များခွဲ၍ တိတိကျကျ မှတ်တမ်းတင် ဖော်ပြလိုက်သည်။ များစွာသော စာ အုပ်စာတမ်းတို့မှ သုတေသီတို့၏ မှတ်တမ်းများကို အဖြစ်နိုင်ဆုံး ညှိနှိုင်းဖော်ပြခြင်းဖြစ်သည်။ အချို့အကြောင်းအရာများကို ပိုမို လေးနက်တိကျစေခြင်းငှာ ဆောင်းပါးရှင်သုတေသီတို့ ရေးသား တင်ပြခဲ့သည့် မူရင်းဆောင်းပါးအတိုင်း ဖော်ပြလိုက်ပါသည်။ ထိုသို့ ဖော်ပြလျှင် ဆောင်းပါးရှင်၏အမည်၊ထုတ်ဝေခဲ့သော စာ နယ်ဇင်းအမည် စသည်တို့ကို အတိအကျ ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၈၈၅ခုနှစ်၊နိုဝင်ဘာ ၂၈ ရက်တွင်သီပေါမင်းရတနာဂီရိသို့ ပါတော်မူသည်။ သီပေါမင်းပါတော်မူသည်မှစ၍ သူ့ကျွန်မခံလိုသောမြန်မာတို့သည် နည်းအမျိုးမျိုးဖြင့် နယ်ချဲ့ကိုဆန့်ကျင်ခဲ့လေသည်။လူပုဂ္ဂိုလ်များသာမကဦးဥတ္တမ၊ဦးဝိစာရကဲ့သို့သောရဟန်းတော်များပင်နယ်ချဲ့ကိုဆန့်ကျင်ခဲ့လေသည်။လွတ်လပ်ရေးတိုက်ပွဲသမိုင်းတလျှောက်တော်လှန်ပုန်ကန်မှုကြီးများကို ဦးဆောင်သည့် ခေါင်းဆောင်ကြီးများအနက် ထင်ရှားသောခေါင်းဆောင်ကြီးများမှာ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ဝန်းသိုစော်ဘွား (ဝန်းသိုနယ်) ရှေဘိုနယ်မှ ထိပ်တင်မှတ်၊ဇီးပင်ကြီးမှ မြင်းစိုင်းမင်းသား၊ ကျောက်ဆည်နယ်မှဗိုလ်သာကြန်၊ပုဂံနယ်မှ ဗိုလ်ချို၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ဝဲလောင် ဗိုလ်ရန်ညွှန့်၊မင်းထုန်းနယ်မှဗိုလ်ရွှဲ၊ ကျွန်းခင်းကြီးမှဗိုလ်လှရှေ၊နတ်မောက်နယ်မှ ဗိုလ်မင်းရောင် (ဗိုလ်ချုပ်အောင်ဆန်း၏ဘိုးအေ)၊ မုံရွာနယ်မှ ဦးဝိစာရနှင့် သာယာဝတီနယ်မှ ဆရာစံ စသည်တို့ဖြစ်သည်။လူစုလူဝေးဖြင့် အာဏာဖီဆန်တွန်းလှန်ရာ၌ ထင်ရှားသောအဖြစ်အပျက်များမှာ ကျောင်းသားသပိတ်၊ ဆရာစံအရေးတော်ပုံ၊ ရေနံမြေအရေးတော်ပုံ၊ လယ်သမားအရေးတော်ပုံတို့ဖြစ်သည်။ အရေးတော်ပုံများမှ နိုင်ငံရေးလှုပ်ရှားမှုအရှိန်ရကာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောရဲဘော်သုံးကျိပ် ဂျပန်ပြည်သွားသည်ထိ လွတ်လပ်ရေးပန်းတိုင်သို့ နှစ်ရှည်လများ ချီတက်လာရှိခြင်း ဖြစ်လေသည်။

၁။နိုင်ငံရေးလှုပ်ရှားတိုးတက်သောနှစ်များ(၁၉၀၀မှ၁၉၂၀)

နိုင်ငံရေးလှုပ်ရှားမှုများတွင် ရှေးဦးပထမ ပေါ်ထွန်းလာ

သောအစည်းအရုံးမှာ ဘာသာရေးကို အခြေတည်ထားသော (Y.M.B.A.) ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းပင်ဖြစ်သည်။ Y.M.B.A.(Young Men Buddhist Association) ၁၉၀၆- ခုနှစ်တွင် စတင်တည်ထောင်သည်။ ဦးမေအောင်၊ ဆာမောင်ကြီး၊ဦးသိန်းမောင်၊ ဦးဘဖေ၊ ဦးဘထွန်း၊ ဦးဘရင်တို့ ဖြစ်သည်။ (ပထမ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကို ၁၉၀၄-ခုနှစ်တွင် ဖွဲ့စည်းသည်။ ၁၉၀၆-ခုနှစ်တွင် ဝိုင်-အမ်-ဘီ-အေ ဟူ၍ မည်ခေါ်သည်။ ယနေ့တိုင် ဤအသင်း တည်ဆဲပင်ဖြစ်သည်။ ရန်ကုန်ပုဇွန်တောင်တွင် အသင်းတိုက် တည်ရှိသည်။) ဝိုင်-အမ်-ဘီအေသည် ဘာသာရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုဆောင်ရွက်ခဲ့သည်။

တနိုင်ငံလုံး လှုပ်ရှားတက်ကြွမှုကို မဖန်တီးနိုင်ခဲ့ပေ။ ၁၉၁၇ ခုနှစ်တွင် အိန္ဒိယကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမည်ဟု ကတိပြုလာသောအခါ (Y.M.B.A.)အသင်း ဦးခေါင်း ထောင်လာသည်။ အိန္ဒိယကဲ့သို့ မြန်မာပြည်လည်း ကိုယ်ပိုင် အုပ်ချုပ်ရေးလိုလားသည်။ (Y.M.B.A.)အသင်းသည် အမျိုးသား နိုးကြားမှုများကို လှုံ့ဆော်ခဲ့သည်။အသင်း၏ လှုံ့ဆော်မှုဖြင့် (ဘုရားယင်ပြင်တော်တွင် မည်သည့်အင်္ဂလိပ်မျှ ဖနပ်မစီးရ)ဟု တားမြစ်ခဲ့လေသည်။ ၁၉၂၀-ပြည့်နှစ်သို့ရောက်သောအခါ ဝိုင်-အမ်-ဘီအေ အသင်းသည် မြန်မာ့အသင်းချုပ် (G.C.B.A)ဟူ၍ အသွင်ပြောင်းလိုက်သည်။ ဂျီ-စီ-ဘီ-အေ ကား မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပေါ်ပေါက်လာသော နိုင်ငံရေးအစည်းအရုံးကြီးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၂။ ပထမကျောင်းသားသပိတ်နှင့်ဒိုင်အာခီ

နယ်ချဲ့အင်္ဂလိပ်ထံ အပ်နှင်းဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ပထမဆုံးအကြိမ် မြန်မာတို့၏ အမျိုးသားစိတ်ဓာတ်ကို နှိုးဆွလှုံ့ဆော်ပေးသည်မှာ ၁၉၂၀-ပြည့်နှစ်၊ ပထမကျောင်းသားသပိတ်ကြီးပင် ဖြစ်သည်။ ဤအကြောင်းအပြည့်အစုံကို အမျိုးသားနေ့(National Day)တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ကျောင်းသားသပိတ်နောက်ပိုင်း တဆက်တည်းလှုပ်ရှားလာသည့် လှုပ်ရှားမှုများတွင် ဂျီ-စီ-ဘီ-အေ အသင်း၏ အင်္ဂလိပ်ကုန်ပစ္စည်းနှင့် အင်္ဂလိပ် အမှုအရာ များကို သပိတ်မှောက်၍ (ဝံသာနု)လုပ်ငန်း စတင်ခြင်းသည် ထိရောက်သော တိုက်ခိုက်မှုပင် ဖြစ်ပေသည်။

၁၉၂၀-ပြည့်နှစ် ပြည်မြို့တွင် ကျင်းပသော ရှစ်ကြိမ်မြောက် ဝိုင်-အမ်-ဘီ-အေ ကောင်စီချုပ် ပြည်လုံးကျွတ် ညီလာခံမှ မြန်မာ အသင်းချုပ် ဂျီ-စီ-ဘီ အေ အဖြစ် အသွင်ကူးပြောင်းလာခြင်းဖြစ်သည်။G.C.B.A. (General of Council Buddhist Association.)

ဝံသာနုလုပ်ငန်းမှ ပြည်တွင်းဖြစ် မြန်မာ အဝတ်အထည်များကို အသုံးပြု အားပေးခြင်း၊ မြန်မာဒေလ့ထုံးစံများကို ဖော်ထုတ်ခြင်း၊အင်္ဂလိပ်ကုန်ပစ္စည်းများကို သပိတ်မှောက်ခြင်းတို့ ဖြစ်ရာ မြန်မာပြည်တဝှန်းလုံးသို့ပြန့်နှံ့ခဲ့လေသည်။စျေးဆိုင်များသည် (ဝံသာနု)ဟူသော စာတမ်းကို ခေါင်းစည်းတင် ကမ္ဘည်းထိုး

ပြသည်။ ဝံသာနု ဦးချစ်လှိုင် (မော်လမြိုင်)သည် ထိုခေတ်က အကျော်ကြားဆုံးသော ဝံသာနု ခေါင်းဆောင် ဖြစ်လေသည်။ နောင်နှောင်းလူတို့သည် ဝံသာနုခေတ်ဟူ၍ တင်စား ခေါ်ကြသည်။ ဝံသာနုခေတ်ဟူ၍ပင် သမိုင်းထိုး ကမ္ဘည်းတင်ခဲ့ရသည်။ ဤအတွင်း အင်္ဂလိပ်သည် အိန္ဒိယကို တိုးတက်သော အုပ်ချုပ်ရေးပေးလိုက်ရာ ဂျီ-စီ-ဘီ-အေ အသင်းကြီး ပြင်းပြင်းထန်ထန် လှုပ်ရှားလာသည်။ ဝတ်လုံတော်ရ ဦးပု၊ ဦးဘဖေ၊ ဦးထွန်းရှိန်တို့ကို ခေါင်းဆောင်စေလျက် (ဖေ-ပု-ရှိန်) အဖွဲ့ကို အင်္ဂလန်သို့ စေလွှတ်ခဲ့သည်။ အင်္ဂလန်တွင် အရေးဆိုသည်။ ထို့ကြောင့် မြန်မာပြည်သည် (ဒိုင်အာခီ)ခေါ် နှစ်ဖက်စပ် အုပ်ချုပ်ရေးကို ရရှိလာသည်။ (ဂျီ-စီ-ဘီ-အေ ဝံသာနု အသင်းဟူ၍ ထိုစဉ်က ခေါ်သည်။ အရှိန်အဝါ ဩဇာ ကြီးခဲ့သည်။ ကျေးရွာ ဝံသာနု အသင်းများ ပေါ်လာသည်။ အစိုးရသည် ကျေးရွာအထိ ပြန့်နှံ့နေသော ဂျီ-စီ-ဘီ-အေ ၏ ဝံသာနု လုပ်ငန်းကို ဟန့်တားရန် အစိုးရကို ဆန့်ကျင်သည်ဟု သံသယရှိသူတိုင်းကို ဖမ်းဆီး ချုပ်နှောင်သော ရိုးလတ် အက်ဥပဒေနှင့် ထာဝရပြစ်မှု ကျူးလွန်ခြင်းဆိုင်ရာ ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။)

Dyarchy ဒိုင်အာခီ အုပ်ချုပ်ရေးမှာအုပ်ချုပ်မှုအခွင့်အာဏာကို ဗြိတိသျှအစိုးရနှင့် မြန်မာတိုင်းရင်းသားတို့ ခွဲဝေခြင်းပင် ဖြစ်သည်။ သို့သော် ဗြိတိသျှအစိုးရ၏ ဘုရင်ခံချုပ်က အချုပ်အချာ ဖြစ်ပြီး ၎င်း၏လက်အောက်တွင် ဥပဒေပြုကောင်စီတခု ထားရှိမည်ဖြစ်သည်။ အစိုးရဌာန အချို့ကို မြန်မာတို့က ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များကို မင်းတိုင်ပင် အမတ်ဟု

www.burmeseclassic.com

www.burmeseclassic.com

ခေါ်သည်။ မင်းတိုင်ပင်အမတ်များမှာ ၁၀၃-ဦးရှိပြီး မြန်မာ့တို့ ရွှေးကောက် တင်မြှောက်သော အမတ် ၅၈-ဦး၊ ဘုရင်ခံက ခန့်ထားသူ ၂၄-ဦးနှင့် အခြား လူမျိုးစုများ ၂၁-ဦး ဖြစ်လေသည်။

ဒိုင်အာခီ အုပ်ချုပ်ရေးကို နိုင်ငံရေး ခေါင်းဆောင် အားလုံးက လက်ခံသည်မဟုတ်ပေ။ လက်ခံသင့် လက်မခံသင့် ငြင်းခုံကြရာမှ ဂျီ-စီ-ဘီ-အေ အသင်း ထက်ခြမ်း ကွဲခဲ့သည်။ ဦးဘဖေ ခေါင်းဆောင်သော (၂၁) ဦးတို့က ဒိုင်အာခီကို လက်ခံ၍ ဦးချစ်လှိုင် ခေါင်းဆောင်သော ဝံသာနုအဖွဲ့က သပိတ်မှောက်ခဲ့လေသည်။ ဒိုင်အာခီခေတ် ပထမပိုင်းတွင် အစိုးရအဖွဲ့၌ မြန်မာများထဲမှ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ခဲ့လေသည်။

ဆာမောင်ခင်	....	ပြည်ထဲရေးဝန်ကြီး
မစ္စတာတိတ်	....	ဘဏ္ဍာရေးဝန်ကြီး
အမ်အေမောင်ကြီး	....	ပညာရေးဝန်ကြီး
ဆာဂျေအေမောင်ကြီး	....	သစ်တောရေးဝန်ကြီး

ဆာဂျေအေမောင်ကြီးမှာ သစ်တောရေးဝန်ကြီးမှ ဟိုက်ကုတ်တရားသူကြီး၊ ထိုနောက် ဘုရင်ခံ၏ မင်းတိုင်ပင်အမတ် ၁၉၃၀ ပြည့်နှစ်တွင် ခေတ္တ ဘုရင်ခံဖြစ်လာသည်။ ဒိုင်အာခီဥပဒေပြုလွှတ်တော် အမတ် သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ သုံးနှစ် တကြိမ် ရွှေးကောက်ပွဲ ကျင်းပရသည်။

၁၉၂၄ ခုနှစ်တွင် မန္တလေးဌာ ဆရာတော် ဦးဥတ္တမကြို့ဆိုပွဲကို ဝံသာနုများ ကျင်းပသည်။ စီတန်းလှည့်လည်သည်။ ထိုအချိန်တွင် ၂၁-ဦးနှင့် အခြား ညီညွတ်ရေး အဖွဲ့ဝင်များ အစည်းအဝေး

ကျင်းပခိုက်ဖြစ်ရာ ပဋ္ဌိပက္ခ မဖြစ်ရန် ပုလိပ်က ခပ်ကြမ်းကြမ်း တားသည်မှ ရိုက်ပွဲ ဖြစ်ပွားရာ ရဟန်းတော်တပါး ပျံလွန်တော်မူသည်။

ဦးဥတ္တမသည် ဝံသာနုရဟန်းတော်ဖြစ်၍ ဘုရားတဆူမျှတန်ခိုးကြီးခဲ့သည်။ ပုဒ်မ ၁၂၄(က)ဖြင့် ဘရားစွဲခံခဲ့ရသည်။ ရန်ကုန် ဗန္ဓုလပန်းခြံတွင် အရေးပိုင် အမိန့်ကို ဖီဆန်၍ လူထုစည်းဝေးပွဲ ကျင်းပသဖြင့် ဂေါ်ရာပုလိပ်တို့က ဒုတ်နှင့်ရိုက်လူစုခွဲခဲ့သည်။

၃။ သာယာဝတီ ဆရာစံ ပုန်ကန်ခြင်း

ပြိတိသျှအရင်းရှင်ကြီးများပိုင် စတီးဘရားသားကုမ္ပဏီ၊ဘလုပ်ဘရားသားကုမ္ပဏီ၊အင်္ဂလိုဘားမားကုမ္ပဏီနှင့် အယ်လာမင်ကုမ္ပဏီကြီးလေးခုသည် ၁၉၂၁ ခုနှစ် (ကျောင်းသား ပထမ သပိတ်မှောက်ပြီး တနှစ်ကြာ)တွင် စုပေါင်း၍ (ဘူလင်ဂျာပူးလ်)ခေါ် ဆန်စပါး လက်ဝါးကြီးအုပ် ကုမ္ပဏီသစ်တခု ဖွဲ့စည်းခဲ့လေသည်။ ဓနရှင်ကုမ္ပဏီသည်စပါးစျေးကိုနှိမ်ချ၍ တောင်သူလယ်သမားတို့၏ စားဝတ်နေရေးကို ချယ်လှယ်လာသည်။ တင်းတရာလျှင် ၅၅ စျေးအထိ နိမ့်ကျခဲ့သည်။ မြန်မာတို့စီးပွားရေးအလွန်အမင်း ကြပ်တည်းလာသဖြင့် နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးစိတ် ပိုမိုလာသည်။ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် စိတ်ထက်သန်ကြသည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်က ပြည်သူလူထု နှိုးကြားခဲ့ပြီးဖြစ်ရာ ဓနရှင်ကုမ္ပဏီက ဖိနှိပ်လာသောအခါ နှိုးကြားသောစိတ်များတက်ကြွလာသည်။ တနိုင်ငံလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်။ ဤအတွင်း မြန်မာ့သမိုင်းတွင် အာဇာနည် သူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် မှတ်တမ်းတင်ထားရမည့် ဆရာစံပုန်ကန့်မှုကြီး ပေါက်ပွားလာလေသည်။

ဆရာစံသည် ရှေ့ဘိုခရိုင်၊ ဒီပဲရင်းမြို့နယ်-သရက်ကန်အရှေ့ရွာ ဇာတိ၊တောင်သူကြီးဦးကျေးနှင့်ဒေါ်ဖက်တို့၏ပဉ္စမမြောက်သားဖြစ်သည်။ ငယ်မည်မှာ ရာကျော် ဖြစ်သည်။ ဆရာစံ၊ စံရှား၊ ရာကျော်၊ ဦးညာဏ၊ဆရာမြိုင်ဟူ၍ ၈ မည်ရသူဖြစ်သည်။ငယ်စဉ်က မွေးရပ်ဇာတိ သရက်ကန် အရှေ့ရွာနှင့် အနောက်အကြားရှိ ဦးသူရိယ အုတ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အသက် ၂၀ ကျော်တွင် နီးချေားဖျာနှင့်ထန်းခေါက်တောင်းရောင်းရန်ဟူ ဆိုကာ ရွာမှထွက်ခဲ့သည်။ ဖြူးမြို့နယ် ၈ ခေါင်းအင်း ရွာသို့ ရောက်သောအခါ ဒေါ်ကေဆိုသူနှင့် အကြောင်းပါသည်။

သာယာဝတီခရိုင်သို့ ဆရာစံရောက်လာသောအခါ တောင်သူလယ်သမားတို့သည်စပါးစျေးကျဆင်း၍စီးပွားရေးကပ်ဆိုက်ခြင်း သဿမေ အခွန်အကောက်ခံရခြင်း စသော ဖိနှိပ်ချုတ်ချယ်မှုအမျိုးမျိုးကို ခံနေရသည်။အစိုးရက(၁၉၂၉-၁၉၃၀)စိုက်ပျိုးရေးအတွက်တခရိုင်လုံးမှ ဂ၃ ၉၅ ကျပ်သာထုတ်ချေးသာဖြင့်လုံလောက်ခြင်းမရှိပေ။ဤအကြေးများကို လယ်သမားတို့ ပြေလည်အောင်မပေးဆပ်နိုင်ကြပေ။

ဆရာစံသည် ဝံသာနု အမျိုးသား ခေါင်းဆောင် ဘဦးဖြစ်သည်။ ဂျီ-စီ-ဘီ-အေ အသင်း၏ အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးဖြစ်သည်။မြန်မာပြည်အရပ်ရပ်တွင်ဖြစ်ပွားနေသောလူအခွန်သဿမေအခွန်ပြဿနာ၊ လယ်ယာကြေးမြီပြဿနာ၊ သစ်ဝါးလွတ်လပ်စွာခုတ်ထွင်မှုပိတ်ပင်သောပြဿနာများကို ဂျီ-စီ-ဘီ-အေ

ဌာနချုပ်မှ တာဝန်ပေးချက်အရ ဆရာစံ စုံစမ်းလေသည်။ဆရာစံသည် သာယာဝတီ၊ ဖျာပုံ၊ပြည်၊ကသာ၊ရွှေဘို၊ မုံရွာ၊ သရက်နှင့် အင်းစိန်ခရိုင်များအတွင်းရှိ မြို့ရွာများသို့ လှည့်လည်၍ စုံစမ်းလေသည်။ လူခွန်နှင့်သဿမေ အခွန်ကောက်ခံရေးတွင်နယ်ဘက်စစ်ဘက် အရာရှိများနှိုင်ထက်စီးနင်းပြုမှုပုံများ စာတွဲတတွဲစီဖြင့် မှတ်တမ်းတင်သည်။ သက်သေ ၈ ယောက် ခြောက်ယောက်အထိ စစ်ဆေးသည်။ စာတွဲပေါင်း(၁၇၀)မျှရရှိသောအခါ ဌာနချုပ်သို့ အစီရင်ခံလေသည်။ ဆရာစံ၏ အစီရင်ခံစာတွင်အပိုင်းနှစ်ပိုင်းပါလေသည်။ပထမပိုင်းမှာ သူစုံစမ်းရရှိသော လက်ရှိအခြေအနေကိုတင်ပြခြင်းဖြစ်၍ ဒုတိယအပိုင်းမှာ မည်သို့ပြုလုပ်သင့်ကြောင်း အကြံပေးခြင်းဖြစ်လေသည်။

ဆရာစံ၏ စစ်ဆေးလေ့လာ ချက်များမှာနယ်ဘက် စစ်ဘက်မှ အရာရှိတို့ ကျူးကျော်စော်ကားမှုတွင် သက်သေအထင်အရှားရှိကြောင်း လူခွန်ကောက်ကြရာတွင် တရားဥပဒေနှင့် မညီသော ကျူးကျော်မှုများကို သက်ဆိုင်ရာ အမှုထမ်း၊ ဆရာထမ်းများ ကျူးလွန်ခဲ့ကြောင်းကို စာမျက်နှာ သုံးရာကျော်ရှိ အစီရင်ခံစာဖြင့်ဖော်ပြထားခြင်းဖြစ်သည်။ ဆရာစံ၏ အကြံပေးချက်များ မှာ(၁)လူခွန်နှင့်သဿမေအခွန်များအတင်းကောက်ခံမှုကိုတည်တည်ကြည်ကြည်ခုခံကာကွယ်ရန်။ (၂)လယ်သမား အိမ်ထောင်စုများအား ဝါးနှင့်သစ်ကို အခမဲ့ ခုတ်ယူသုံးစွဲခွင့်ပြုရန်နှင့်ထိုသို့ ခုတ်ခွင့်မပြုလျှင် သစ်တောဥပဒေများကို အကြမ်းမဖက်ဘဲ ခုခံတိုက်ဖျက်ရန်ပင်ဖြစ်သည်။

ဂျီ-စီ-ဘီ-အေ ဌာနချုပ်သည် ဆရာစံ၏ အကြံပေးချက်ကို လက်မခံချေ။ ထိုကြောင့် ဆရာစံသည် ဂျီ-စီ-ဘီ-အေ အသင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

လုံးဝအဆက်ဖြတ်လိုက်သည်။ အနုနည်းနှင့် ဆန့်ကျင်မည့်အစား အကြမ်းနည်းနှင့် ဆန့်ကျင်ရန်ဆုံးဖြတ်သည်။ လက်နက် လူသူ စုဆောင်းသည်။ ဂျဒွန်တပ်ဖွဲ့ကို ဖွဲ့သည်။ ဂဇုန်တပ်ဖွဲ့မျာ(က)ဂဇုန် (ခ) ဂဇုန်ဟူ၍ ခွဲခြားထားပြီး လက်မောင်း တွင် ဂဇုန်ရုပ်ဆေးထိုးသည်။(က) ဂဇုန်မှာ ရှေတုန်းမှ တိုက်ပွဲဝင် ရသူများဖြစ်ပြီး၊(ခ) ဂဇုန်မှာ နောက်ပိုင်းမှ ရိကွာပို့သူများဖြစ် ကြသည်။ ၁၉၃၀-ပြည်နှစ်တွင် အင်္ဂလိပ်ဘုရင်ခံဆာချားအင်းနစ် ခွင့်ယူသွားသောအခါ ဆာဂျေအေ မောင်ကြီးခေတ္တ ဘုရင်ခံ ဖြစ်လာသည်။ မြန်မာထဲမှ ဘုရင်ခံ ဖြစ်လာသဖြင့် တောင်သူ လယ်သမားများ ဖာသက်ရှုချောင်အံ့ဟုထင်ကြသည်။ သို့သော် အစိုးရသည် အလျှော့မပေးချေ။ နိုင်ငံရေးသမား ဂျီ-စီ-ဘီ-အေ အသင်းဝင်များကို နှိပ်ကွပ်ခြင်း၊ သေနတ်နှင့်ပစ်ခြင်း၊ ထောင်ချ ခြင်း၊ အခွန်မပေးဆောင်သော လယ်သမားတို့၏ အိမ် ပစ္စည်း၊ ခြံများ၊ လှည်း နွား စသည်များကို သိမ်းယူခြင်းဖြင့် အကြမ်း ဖက်လာလေသည်။

၁၉၃၀-ပြည်နှစ်၊ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်ခေတ္တဘုရင်ခံ သာယာဝတီမြို့သို့ရောက်သည်။ဘုရင်ခံရောက်ရှိသဖြင့် ဒါဘာပွဲ ကျင်းပရာ အစိုးရအမှုထမ်းများ၊ ကျေးရွာသူကြီးများ အစုံအညီ တွက်ရောက်ကြသည်။ အခွန်တော် ကိစ္စနှင့်ပတ်သက်၍ဘုရင်ခံက ထူးထူးခြားခြားမြှင်ကြားလိမ့်မည်ဟု မျှော်လင့်ကြသည်။ အခွန် တော်ကိစ္စဘုရင်ခံ၏ မြှင်ကြားချက်ကို နားထောင် လိုကြသော ဝံသာနု အသင်းဝင် ဂဇုန်တပ်ဗိုလ်များသည်ပရိသတ်အတွင်း အ မှတ်မထင်ဖြင့် ရောက်နေကြသည်။ဘုရင်ခံ၏ ဒါဘာပွဲ မိန့်ခွန်း

မြှင်ကြားသောအခါ အခွန်တော်ကိစ္စနှင့်စပ်လျဉ်း၍ ၎င်းအနေ ဖြင့် ဘာမှမဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း တိတိလင်း လင်း မိန့်ကြားလိုက်လေသည်။

ဘုရင်ခံ၏မိန့်ခွန်းကို ကြားသိရသော လယ်သမား ခေါင်း ဆောင်များ စိတ်မချမ်းမသာဖြင့် ပြန်သွားရသည်။ တော်လှန်ပုန်ကန်ရန်အတွက် အစစအရာရာ စီစဉ်ပြီးဖြစ်သော ဆရာစံသည် ၁၉၃၀ ပြည့်နှစ်ဒီဇင်ဘာလ(၂၃)(၁၂၉၂ ခုနှစ်ပြာသိုလဆန်း ၅ ရက်)နေ့ နံနက် ၇ နာရီမှစ၍ စတင်တိုက်ခိုက်ရန် အမိန့် ပေးခဲ့သလသည်။ထိုနေ့မှစ၍ သာယာဝတီဆရာစံသူပုန် စတင်ပုန် ကန်ခဲ့ခြင်းဖြစ်လေသည်။

ဆရာစံ၏လယ်သမားသူပုန်များမှာ မျှားမကြာမီ မြန်မာပြည် တွင်းလုံးသို့ ကူးစက်ပြန့်နှံ့ခဲ့သလသည်။ ဆရာစံကို ဖမ်းပေးသူ အား ဆုငွေငါးထောင်ပေးမည်ဟုအစိုးရကကြညာခဲ့သလသည်။

ဆရာစံ၏ ဂဇုန်တပ်ဖွဲ့များသည် အစိုးရနှင့် အကြိမ်ကြိမ် တိုက်ပွဲဝင်ခဲ့သည်။ လက်နက်အင်အား ငွေအင်အား မမျှခြင်းနှင့် အရပ်ရပ် အခြေအနေများကြောင့် သူပုန်ဘက်မှ အခရေးနိမ့်စပြု လာသည်။ ဆရာစံရှမ်းပြည်ဘက်သို့ ထွက်ပြေးတိမ်းရှောင် ခဲ့ရ သည်။ နယ်ခြားအစိုးရသည် သူပုန်များကို နောင်ကြဉ်အောင်ပြင်း ပြင်းထန်ထန် နှိမ်နင်းသည်။ တိုက်ပွဲမှ အသေမိသော သူပုန်တို့၏ ဦးခေါင်းများကို ဖြတ်ယူလျက် လူအများမြင်သာအောင်ပြသည် အထိ ရက်စက် ပြခဲ့ကြသည်။

ဆရာစံသည် အဖော် ၁၇ ဦးနှင့် ထွက်ပြေးတိမ်းရှောင်နေစဉ် ၁၉၃၁ ခုနှစ် သြဂုတ်လ ၂ ရက်နေ့၌ သုံးဆယ်နယ် ကုလားကွဲ ဒိုင် ဟိုခိုနောင် ကွမ်းရွာအနီး တောထဲတွင်ခြေ၌ ညောင်စူးသော

www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ဆုဖြင့် အဖမ်းခံရလေသည်။(သာယာဝတီ သုံးဆယ်မဟုတ်ပေ။ ရှမ်းပြည် နောင်ချိုနယ်တွင် ဖြစ်သည်) ဆရာစံအား သြဂုတ်လ ၄-ရက်နေ့တွင် သီပေါသို့ခေါ်ဆောင်လာခဲ့ရာသီခေါ ဘူတာတွင် လူထုသုံးထောင်ခန့် စုရုံးကြိုဆိုနေကြသည်။ဆရာစံကို မြင်သောအခါ မျက်ရည်မဆည်နိုင်အောင်ဖြစ်ကြသည်။ သီခေါ တွင် ၁၀ ရက်ချုပ်ထားပြီးသာယာဝတီသို့ မီးရထားဖြင့်ပို့သည်။

အစိုးရသည် လက်နက်အင်အားဖြင့် ဖိ၍တိုက်သည်။ စာရွက်စာတမ်းဖြင့် ဝါဒဖြန့်သည်။ သူပုန်အများ လက်နက်ချခဲ့သည်။

အထူးဖွဲ့ထားသော ခုံရုံးမှ ဆရာစံအား ၁၉၃၁ ခုနှစ်တွင် စတင်စစ်ဆေးသည်။(၁၂၉၃ ဝါခေါင်လဆန်း ၂ရက်စနေနေ့) အစိုးရဘက်မှ အချက်(၁၄)ချက် ဖော်ပြ၍ပုန်ကန်မှုဖြင့် စွဲချက်တင်သည်။၁၉၃၁ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့တွင် အထူးခုံရုံးမှစီရင်ချက်ချသည်။ အတိုချုပ်မှာ နိုင်ငံ ဘုရင်မင်းမြတ်အား ပုန်ကန်ကြောင်း ထင်ရှားသဖြင့် မသေမချင်း လည်ပင်း ကြိုးစွပ်သတ်ရမည်ပင် ဖြစ်လေသည်။

ဆရာစံဘက်မှ လိုက်ပါသော ဒေါက်တာဘာမော်၊ ဦးဘာဟန်၊ ဦးထွန်းအောင်ကျော် သာယာဝတီ ဦးမြ၊ ဥပဒေပြု အမတ် ဦးမောင်ကြီး စသည်တို့ကာ တရားလွှတ်တော်သို့ အယူခံဝင်သည်။ လွှတ်တော်မှ အယူခံပယ်သည်။ ဤသို့ဖြင့် ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် စနေနေ့နံနက်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မျိုးချစ် သူပုန်ဆရာစံအား သာယာဝတီ ထောင်အတွင်းရှိ ကြိုးစင်တွင်လည်ပင်းကြိုးတပ်၍ အသေသတ်ခဲ့လေသည်။

ဤသို့ဖြင့် ဆရာစံဦးဆောင်သော လယ်သမား သူပုန်တို့သည် နယ်ချဲ့ကို တွန်းလှန်ရင်းမှ အသက်ဆုံးခဲ့ကြလေသည်။ တိုင်းပြည်

ပြန်လည်လွှတ်လပ်ရေးရမှုအတွက် အသက်-သွေး-ချွေး တို့ဖြင့် ရွှေဆောင်လမ်းပြခဲ့လေသည်။ တိုက်ရင်း ခိုက်ရင်းလည်း ကျဆုံးကြသည်။ နယ်ချဲ့တို့ ဖမ်းဆီး၍ အပြစ်ပေးခြင်းကိုလည်း ခံခဲ့ကြရသည်။ သူပုန်ထသည်မှ ချုပ်ငြိမ်းရသည်အထိ သုံးနှစ် အတွင်း နယ်ချဲ့အစိုးရက အပြစ်ပေးခဲ့သည့်စာရင်းကို ကြည့်ခြင်းဖြင့် ထိုခေတ်၏ အခြေအနေကို ရိပ်စားနိုင်သည်။

သုံးနှစ်အတွင်း အပြစ်ပေးခံခဲ့ကြရသော မျိုးချစ် သူပုန်များ

ခုနှစ်	အတည်ပြု ကြိုးဒဏ်	ကြိုးဒဏ်ခံရသူ	တသက်တကျွန်း
၁၉၃၀	၇၆	၇၆	၂၃၀
၁၉၃၀-၃၁	၁၂၃	၁၁၄	၁၀၆
၁၉၃၁-၃၂	၁၅၀	၁၁၂	၄၀၆
ပေါင်း....	၃၅၅	၃၁၂	၀၉၀

ဤစာရင်း ဇယားအရ ကြိုးပေးခံရသူပေါင်း(၃၁၂)ဦးနှင့် တသက်တကျွန်းဒဏ် ခံရသူပေါင်းမှာ (၀၉၀) ဖြစ်ကြောင်း သိရသည်။ အတည်ပြုကြိုးဒဏ်(၃၅၅)ဦးမှ (၃၁၂)ဦးသာ ကြိုးမိန့်ဖြင့် အသက်ဆုံးရှုံးခဲ့ရာ ကျန်လူများသည် ကြိုးဒဏ်မှ တသက်တကျွန်းဒဏ် ခံခဲ့ကြရသည်။ ကွင်းလုံးကျွတ်လွှတ်သူ မရှိသလောက်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၂၀-ခုနှစ် ကျောင်းသားသပိတ်နှင့် ၁၉၃၀-ခုနှစ် ဆရာစံ သူပုန်တို့သည် မြန်မာနိုင်ငံ ပြန်လည်လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရန်မြန်မာအမျိုးသားများကို-တပ်လှန့်နှိုးခဲ့ခြင်းဖြစ်သည်။

၄။ ခွဲရေး-တွဲရေးနှင့်အုပ်ချုပ်ရေးသစ်(၁၉၃၂-၃၅)

ဆရာစံ သူပုန်ထသော အချိန်မှာ မြန်မာနိုင်ငံကို ဒိုင်အာခီစနစ်ဖြင့် အုပ်ချုပ်သောအချိန်ဖြစ်သည်။ ဗြိတိသျှ အစိုးရသည် ဒိုင်အာခီ အုပ်ချုပ်ရေး၏ အကျိုးသက်ရောက်မှုကို စုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့တခုကို အိန္ဒိယသို့ စေလွှတ်ခဲ့သည်။ ကော်မရှင်သည် အိန္ဒိယကို ကိုယ်ပိုင် အုပ်ချုပ်ရေးစနစ် ပေးနိုင်ရေးအတွက် ထောက်ခံချက်ပေးရန်ဖြစ်သည်။ ကော်မရှင်သည် အိန္ဒိယနှင့် မြန်မာခွဲလိုက်ရန် ဗြိတိသျှအစိုးရသို့ အစီရင်ခံလေသည်။ ဤတွင် နိုင်ငံရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ စိတ်သဘောထား ကွဲပြားလာကြသည်။ မြန်မာနိုင်ငံကို အိန္ဒိယနှင့် ခွဲလိုသူတစု တွဲလိုသူတစု ဖြစ်လေသည်။ထိုခေတ်ကား ခွဲရေး-တွဲရေးခေတ်ပင်တည်း။

တွဲရေး-ခွဲရေးနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရသည် မျက်နှာစုံညီ ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များကို ခေါ်ယူသည်။ ၁၉၃၁-ခုနှစ် နိုဝင်ဘာလအတွင်း မျက်နှာစုံညီ ဆွေးနွေးရန်အတွက် ဒေါက်တာသိန်းမောင်၊ဦးမောင်မောင်အုံးခိုင်၊ ဦးဘအေးတို့ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် ၂၄-ဦး လန်ဒန်သို့ သွားသည်။ မျက်နှာစုံညီ ဆွေးနွေးပွဲကို ထိုနှစ် နိုဝင်ဘာလ ၂၇-ရက်တွင် လန်ဒန်မြို့အထက်လွှတ်တော် အဆောက်အဦး အိမ်ရှေ့မင်း ဝေလမင်းသားက ဖွင့်လှစ်သည်။

ကိုယ်စားလှယ်အဖွဲ့များ ပြန်လာပြီးနောက် ၁၉၃၂ ခုနှစ်တွင် မြန်မာပြည်တွင် ရွေးကောက်ပွဲ ကျင်းပသည်။ တွဲရေးကို သာ သဘောကျသောအဖွဲ့မှ အနိုင်ရရှိသော်လည်း အင်အားတောင့်တင်းခြင်းမရှိပေ။ ၁၉၃၄ ခုနှစ်တွင် ဒေါက်တာဘာမော်သည် တွဲရေးခွဲရေးအဖွဲ့သို့ပြောင်း၍ ဦးဘဖေနှင့် ပေါင်းပြီး(ညွှန့်ပေါင်းအစိုးရ)ကို ဖွဲ့စည်းခဲ့ခဲ့လေသည်။ ၁၉၃၅ ခုနှစ်မြန်မာနိုင်ငံ အုပ်ချုပ်ရေးသစ် ရလေ၏။ အုပ်ချုပ်ရေးသစ် ရပြီးနောက် တနှစ် ၁၉၃၆ တွင် တက္ကသိုလ်ကျောင်းသားများ ဒုတိယ အကြိမ် သပိတ်မှောက်ရာ ညွှန့်ပေါင်း အစိုးရ ရုပ်အလောင်းကို မီးရှို့ ဆန္ဒပြခဲ့ကြလေသည်။

၅။ ဒုတိယကျောင်းသားသပိတ်နှင့်သခင်အဖွဲ့(၁၉၃၀-၃၆)

၁၉၃၀-ခုနှစ် မေလ ၂ ရက်တွင် ရန်ကုန်သဘော်ဘ အလုပ်ကြမ်းသမား ကုလားများ လုပ်ခနည်း၍ မကြေနပ်သဖြင့် သပိတ်မှောက်သည်။ အင်္ဂလိပ်အလုပ်ရှင်များသည် မြန်မာလူမျိုးကို ခေါ်၍ အလုပ်ခိုင်းသည်။ ဤတွင် သပိတ်မှောက် ဂေါ်ရာ ကုလားများက မြန်မာ အလုပ်သမားများကို မကြေနပ်ဖြစ်ကာ ဝိုင်းဝန်းရိုက်သတ်ကြသည်။ မြန်မာတို့ကလည်း ပြန်လည်ရိုက်သည်။ တဆက်တည်း ဗမာကျူလယာ ကုလားများ ရိုက်ပွဲဖြစ်သည်။ ကုလားက ဗမာမဲမဲမြင်လျှင် ရိုက်သည်။သတ်သည်။ ဗမာကလည်း ကုလားမဲမဲမြင်တိုင်း ရိုက်သည်။

ကုလားဗမာရိုက်ပွဲတွင် ဒဏ်ရာရရှိသူ သေဆုံးသူ မြန်မာများကို သတိရနေစေရန် အထိမ်းအမှတ် 'တို့ဗမာစာတမ်း' ကျောင်ကိုမျိုးချင်လူငယ်တစုကရေး၍ထုတ်ဝေဖြန့်ချိလာသည်(တို့ဗမာ)

www.burmeseclassic.com

www.burmeseclassic.com

အစည်းအရုံးကြီးကိုလည်း တည်ထောင်လိုက်ကြသည်။ စတင်တည်ထောင်သူမှာ သခင်ဘသောင်းဖြစ်ပြီး ဌာနချုပ်ကို ၎င်း၏အိမ် ၃၃ ရေတာရှည်လမ်း၊ ဗဟန်းတွင် ဖွင့်လှစ်သည်။ ဤတို့ဗမာ အစည်းအရုံးသည် ' သခင်များကို မွေးထုတ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု စသည်တို့သည် သခင်အောင်ဆန်း၊ သခင်နု အမည်ဖြင့် ဤအသင်းကြီးမှ မွေးဖွားခဲ့သည်။ "သခင်မျိုးဟော့ ဒို့ဗမာ၊ အရေးတော်ပုံ အောင်ပြီ" ဟူသော ကြေးကြော်သံများ တနိုင်ငံလုံး လျှံစေခဲ့သည်။

သခင်ဟူသည်မှာ ဗမာပင်ဖြစ်သည်။ ကျွန်မျိုးမဟုတ်။ ကိုယ့်နိုင်ငံကိုယ်အုပ်ချုပ်ခဲ့သော သခင်များဖြင့်၏။ ထိုကြောင့် ၎င်းတို့အမည်ရှေ့မှ မောင်-ဦး-ဒေါ- တို့ကို ဖျက်ကာ သခင်၊ သခင်မ ဟူသော ဝိသေသကို ထည့်၍ ခေါ်စေသည်။ ထိုခေတ်က သခင်များကို နယ်ချဲ့အစိုးရသည် အကြောင်းအမျိုးမျိုးပြု၍ ထောင်ထဲသွင်းခဲ့သဖြင့် "သခင်ပေါက်စ- ထောင်ခြောက်လ" ဟူ၍ ခေါ်စမှတ်ပြုကြလေသည်။

မြန်မာတို့သည် တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်စပြုလာပြီး နိုးကြားစ ပြုလာပြီးဖြစ်သည်။ တနိုင်ငံလုံးရှိ ကျောင်းသားများသည် "ကျွန်ပညာအလိုမရှိ" ဟု အော်လာကြသည်။ ၁၉၃၅-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ ကိုနု (ဦးနု)၊ အတွင်းရေးမှူးအဖြစ် ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့ရွေးကောက်တင်မြှောက်ခံရသည်။ မြန်မာ့သမိုင်းတွင်ကဗျည်းတင်ကျန်ရစ်ခဲ့စေမည့်ထိုအမျိုးသားခေါင်းဆောင်ကြီးများအား ထိုစဉ်က မြန်မာပြည် ပြန်လည်လွတ်လပ်ရေးအတွက် သားကောင်းရတနာကြီးများ ဟူ၍ ထိုစဉ်က မည်သူ

တဦးတယောက်မှ မထင်ခဲ့ကြပေ။ ၎င်းတို့နှင့်အတူ ဦးသန့်၊ ဦးသီဟန်၊ မစ္စတာ အမ်-အေ ရာရှစ်၊ ဦးထွန်းအုံ စသည်တို့လည်း သမဂ္ဂအမှုဆောင်များ ဖြစ်ခဲ့ကြသည်။

ကျောင်းသား သမဂ္ဂသည် တက္ကသိုလ် အာဏာပိုင်များကို တိုက်ပွဲဝင်သည်။ မြန်မာတမျိုးသားလုံးအတွက် နိုးကြားလှုပ်ရှားလျက်ရှိသည်။ ဥက္ကဋ္ဌ ကိုနုက တက္ကသိုလ် အုပ်ချုပ်ရေး - အဖွဲ့ကို ပြင်းထန်စွာ ဝေဘန်သဖြင့်ကျောင်းမှ အထုတ်ခံရသည်။ ကျောင်းသားအာဘော်ဖြစ်သော အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းကိုလည်း အိုဝေမဂ္ဂဇင်းတွင် 'ခွေးသရမ်းကြီး လွတ်နေသည်' ဟူသော ဆောင်းပါးဖြင့် ပြန်တမ်းဝင် အရာရှိတဦးအား ထိပါး တိုက်ခိုက် ရေးသားသည့် ဆောင်းပါးရှင် အမည်ကို ဖော်ထုတ်ပေးရန် ငြင်းဆန်မှုဖြင့် ကျောင်းမှ ထုတ်ပစ်သည်။ ကျောင်းသား သမဂ္ဂသည် တက္ကသိုလ် ဓမ္မာရုံတွင် စည်းဝေးကျင်းပပြီးနောက် ၁၉၃၆ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် သပိတ်မှောက်လိုက်သည်။ ဤကား တက္ကသိုလ် ကျောင်းသား သမဂ္ဂ၏ ဒုတိယအကြိမ် သပိတ်ကြီးပင်ဖြစ်သည်။ ပထမသပိတ်နှင့် အချိန်ကာလ ၁၆ နှစ်ကွာခြားသည်။ တပြည်လုံး လှုပ်ရှားမှု အရှိန်ပြင်းလာချေပြီ။ (ခွေးသရမ်းကြီးလွတ်နေသည် ဆောင်းပါးကို ရေးသူမှာ အိုးဝေ ဦးညိုမြဖြစ်သည်ဟု သိရှိရသည်။)

၆။ ထောင့်သုံးရာပြည့် အရေးတော်ပုံ ရေနံမြေသပိတ် (၁၉၃၈-၄၅)

တက္ကသိုလ်ကျောင်းသား သမဂ္ဂတွင် ကိုနု ကိုအောင်ဆန်း ကျောင်းထုတ်ခံရပြီးနောက် ဥက္ကဋ္ဌ ကိုဘဟိန်း(ကွယ်လွန်ပြီး)နှင့်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူး ဦးဗဆွေ (ဖဆပလ ဦးဗဆွေ)တို့တက်လာသည်။ ထိုအတွင်း (၉၁)ဌာနအုပ်ချုပ်ရေး စတင်လာသည်။(၉၁)ဌာနအုပ်ချုပ်ရေး ဟူသည်မှာ နိုင်ငံအုပ်ချုပ်ရေးတွင် မြန်မာတို့အနေဖြင့် ဌာန(၉၁) ဌာနကို အုပ်ချုပ်ခွင့်ရသော ပါလီမန်အုပ်ချုပ်ရေးပင်ဖြစ်သည်။ ပါလီမန်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဟူ၍ လွှတ်တော် နှစ်ရပ်ရှိသည်။ နိုင်ငံမှ အောက်လွှတ်တော်အတွက် အမတ် (၁၃၂) ဦး ရွေးကောက်တင်မြှောက်နိုင်သည်။အထက်လွှတ်တော်တွင် အောက်လွှတ်တော် အမတ်များမှ (၁၈)ဦးနှင့် ဗြိတိသျှ ရွေးချယ်သော အမတ် (၁၈)ဦး- ပေါင်း (၃၆)ဦး ပါဝင်မည်။ လွှတ်တော်နှစ်ရပ်အတွက် ဝန်ကြီး(၁၀)ဦးပါဝင်သော (ကက်ဘိနက်) အစိုးရအဖွဲ့ရှိမည်ဖြစ်သည်။၁၉၃၆-ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရာ(သခင်ပါတီ ၁၊ပွင့်ဆိုင် ၂၁-ဦးပါတီ ခေါ်းမပါတီ ကိုယ့်မင်းကိုယ့်ချင်းပါတီ ဖေဘီယံ Fabian) တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဦးဘဖေ ခေါင်းဆောင်သော ၁၊ပွင့်ဆိုင် ပါတီက အနိုင်ရခဲ့သည်။ သို့သော်-လုံလောက်သော ထောက်ခံသူ အမတ် ဦးရေ မရသဖြင့် အစိုးရအဖွဲ့မဖွဲ့နိုင်ခဲ့ပေ။ဒေါက်တာ ဘမော် ခေါင်းဆောင်သော ခေါ်းမပါတီခေါ် ဆင်းရဲသားပါတီ တက်လာသည်။ ဒေါက်တာ ဘမော် ပထမဆုံး နန်းရင်းဝန်ဖြစ်သာသည်။ ၂ နှစ် တိုင်တိုင် အာဏာရခဲ့သည်။ထောင့်သုံးရာပြည့်အရေးတော်ပုံ(၁၉၃၀)နှင့် ကြုံကြိုက်ခဲ့သဖြင့် ပြည်သူလူထုက အကြည်ညိုမဲ့လာသည်။

ဤသို့ အမျိုးသား ခေါင်းဆောင် နိုင်ငံရေးသမားများ အကွဲကွဲအပြားပြားဖြစ်နေစဉ် နိုင်ငံခြားအရင်းရှင်များ၏ ဖိနှိပ်

ချုပ်ချယ်မှုမှာ ပိုမိုပြင်းထန်လာလေသည်။ မြန်မာပြည် အလယ်ပိုင်း ရေနံချောင်း ချောက်စသည့် ရေနံမြေဒေသသည် ဗြိတိသျှ အရင်းရှင်လက်အောက်တွင် ရှိနေသည်။နှစ်စဉ်ရေနံ ၈ လံပေါင်းသန်းသုံးရာကျော်ထွက်သည်။ဓနရှင်ကုမ္ပဏီတို့က အစွမ်းကုန်ချယ်လှယ်နိုင်ရန် ဗြိတိသျှအစိုးရက အကာအကွယ်ပေးထားလေသည်။ လစာ တလသုံးထောင်မှ တသောင်းထိ ရရှိသော်လည်း မြန်မာ အလုပ်သမားမှာမူ တလ ၁၃ ($ ဆယ့်သုံးကျပ်) မျှသာ ရရှိသည်။ မျက်နှာဖြူအရာရှိတို့က တိုက်၊အိမ်၊ အိမ်ထောင်ပရိဘောဂ အိမ်စေ၊ မော်တော်ကား စသည်တို့ကို အခမဲ့ ရရှိ၍ဇိမ်ခံနေကြစဉ် မြန်မာ အလုပ်သမားကြီးများသည် ဆယ်ပေပတ်လည် မျှသော အလုပ်သမား တန်းလျားတွင် ဖြစ်သလို နေရရှာသည်။ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကို ခံရရှာသော ရေနံမြေ လုပ်သားကြီးများသည် မိမိတို့၏ နစ်နာချက်များကို တင်ပြ တောင်းဆိုလေသည်။ (၁၈)လတိုင်တိုင် တောင်းဆိုသော်လည်း ဓနရှင်ကုမ္ပဏီက ငဲ့ညှာလိုက်လျော့ခြင်းမရှိပေ။ ထို့ကြောင့် ၁၉၃၈-ခုနှစ် နိုဝင်ဘာလ (၁၀)ရက်နေ့ထွင် ချောက်ရေနံမြေမှ စတင်၍ သပိတ်မှောက်တိုက်ပွဲဝင်သည်။ ထိုနှစ်ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် ရေနံချောင်းမှ အလုပ်သမားများ ချောက်တွင် ပေါင်းဆုံကာ ချောက်မြို့မှ ရန်ကုန်သို့ ခြေလျင် ချီတက်လာလေသည်။မိုင်လေးရာရှည်သော ခရီးလမ်းကို ပင်ပင်ပန်းပန်း ခြေလျင်ချီတက်လာသည့်သပိတ်တပ်ကြီးကို ပြည်သူလူထုက လှိုက်လှဲစွာအားပေးထောက်ခံခဲ့ကလေသည်။ လမ်းခရီးတလျှောက်တွင် ပုဒ်မ ၁၀၇ ထုတ်ဆင့်ကာ ခေါင်းဆောင်များကို ဖမ်းဆီးရာ တရိုးမဲ့ တဗိုလ်တက်စံနှစ်ဖြင့် လုပ်သားခေါင်းဆောင်များ ဖြေဆောင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ပဲခူးနယ်သာယာဝတီနယ်မှ လယ်သမား၊ တပ်ကြီးမှာ လည်း ရေနံမြေ သပိတ်ကြီးနှင့် ပူးပေါင်းရန် ရန်ကုန်သို့ခြီတက် ခဲ့လေသည်။

ဤအတွင်း တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ဥက္ကဋ္ဌ ကိုဗဟိန်း နှင့် အတွင်းရေးမှူး ကိုဗဆွေတို့သည် မခေ့ကျေးမြို့တွင် ရေနံမြေ သပိတ်တပ်ကို တရားဟောသည်။ ကိုဗဟိန်းက 'မြင်းခွာတချက် ပေါက်လျှင်၊ မီးတချက်တောက်ရမည်'ဟု တရားဟောရာ သပိတ် သမားများကို ဆူပူရန် လှုံ့ဆော်ခဲပးသည်ဟု အကြောင်းပြာဘာ ဖမ်းဆီးခဲ့လေသည်။ ကျောင်းသားများ အနယ်နယ်အရပ်ရပ်မှ ၎င်းတို့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ပြန်လွှတ်ရန်နှင့် ရေနံမြေ သပိတ်ကို ထောက်ခံကြောင်းတို့ကို ဆန္ဒပြခဲ့လေသည်။ ကျောင်း သားများ သပိတ်မှောက်ပြန်သည်။ တတိယအကြိမ် သပိတ်ကြီး ဖြစ်သည်။

ရေနံမြေ သပိတ်ကြီး ခြီတက်လာသည်ကို ထောက်ခံသဖြင့် ကျောင်းသားများ အဖမ်းခံရသည်ကို အကြောင်းပြု၍ ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀-ရက်တွင်အတွင်းဝန်ရုံးကိုကျောင်းသား များ ဝိုင်း၍ဆန္ဒပြရာ နယ်ခ်ျလက်ပါးစေတို့ စစ်မြင်းနှင့် တိုက်၊ နံပတ်တုတ်နှင့်ရိုက်၍ လူစုခဲ့သဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့သည်။ ကျောင်းသူ ကျောင်းသား နှစ်ရာကျော် ဒဏ်ရာရသည်။ဗိုလ်အောင်ကျော် စျာပနကို မကြုံ ဘူးအောင် ပြည်သူလူထုတို့ ဝိုင်းဝန်းပို့ဆောင်ပေးခဲ့ခြင်းဖြင့်နယ် ချဲ့ဆန့်ကျင်သော စိတ်ဓာတ် မည်မျှပြင်းထန်သည်ကို သက်သေ ထူခဲ့လေသည်။ကျောင်းသားတို့သည် မြန်မာပြည် အနှံ့အပြား

ဒေါက်တာဘာမော်၏ ညွှန်ပေါင်းအစိုးရ မသာချုပ်များ၊ စီတန်း လှည့်လည်ပွဲများဖြင့် ဆန္ဒပြပွဲ ကျင်းပရာ အင်္ဂလိပ် အရေးပိုင်၏ အမိန့်ဖြင့် သေနတ်နှင့်ပစ်၊ တုတ်နှင့်ရိုက်လူစုခဲ့သည်။ ရဟန်းရှင်လူ ၁၇ ဦး သေးမြေကျခဲ့သည်။

ဤအဖြစ်အပျက်များ မတိုင်မီ ၁၉၃၀ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် မော်လမြိုင်မှ ဝီရျှေဖီ၏ စာအုပ်ကို အကြောင်းပြု၍ ကုလားဗမာ ရိုက်ပွဲ ဖြစ်ခဲ့သည်။ ဘဘသာ သာသနာကို စော် ကားမှုမှ စတင်သော ရိုက်ပွဲ ဖြစ်သည်။

ဤသို့ဖြင့် ၁၃၀၀(ထောင့်သုံးရာပြည့်) အရေးတော်ပုံကြီး ပိုမိုကြီးမားလာသည်။ ဤအရေးတော်ပုံကြောင့်ပင် ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဒေါက်တာဘာမော်၏ညွှန်ပေါင်းအစိုးရ ပြုတ်ကျလေတော့သည်။ ဦးပု ပါတီနှင့် ဦးစော မျိုးချစ်ပါတီ ပူးပေါင်း၍ အစိုးရသစ် ဖွဲ့စည်းလိုက်သည်။ ဂဠုန် ဦးစောဟူ၍ အမည်တွင်သည်။နောင်တွင်ဦးစောသည် မြန်မာ ခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသား ခေါင်းဆောင်ကြီး များကို လုပ်ကြံသတ်ဖြတ်ခဲ့သူ အဖြစ်ဖြင့် ကြိုးပေးခံခဲ့ရသည်။ မြန်မာ့သမိုင်းတွင် အမည်ဆိုးဖြင့် မှတ်တမ်းတင် ကျန်ရစ်ခဲ့လေ သည်။

၂။ ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ရဲဘော်သုံးကျိပ်

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလဘွင် ဒေါက်တာဘာမော်၏ ညွှန်ပေါင်းအစိုးရ ပြုတ်ကျပြီး ဦးပုအစိုးရ တက်လာပြန်သည်။ ၁၉၄၁ ခုနှစ်တွင် ဦးပုအစိုးရ ပြုတ်ကျပြီး ဦးစောအစိုးရ တက်

www.burmeseclassic.com

www.burmeseclassic.com

လာပြန်သည်။ ဤသို့ အခြေအနေ ရှုပ်ထွေးနေစဉ်မှာပင် ဒို့ဗမာ အစည်းအရုံး ထက်ခြမ်းကွဲသည်။ သခင်ကိုယ်တော်မှိုင်း ကြီးမှူး သော တို့ဗမာ အစည်းအရုံးနှင့် သခင်ထွန်းအုပ် ကြီးမှူးသော တို့ဗမာအစည်းအရုံး ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်း အုပ်စုတွင် သခင်နု၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်းတို့ ပါဝင်ကြပြီး လက်ဝဲ၀ါဒကို လက်ခံယုံကြည်သူများ ဖြစ်သည်။သခင်ထွန်းအုပ်၏ အုပ်စုက ဒီမိုကရက်တစ် ဆိုရှယ်လစ်ကို လက်ခံသူများဖြစ်ကြသည်။သခင်အောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)မှာ ဆရာမှိုင်း၏ တို့ဗမာ အစည်းအရုံးတွင် အတွင်းရေးမှူး ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် ကျောင်းသားဘဝမှ သခင်ဘွဲ့ ခံယူလာ သော သခင်အောင်ဆန်း၊ သခင်နုနှင့် သခင်သန်းထွန်း စသော သခင်အုပ်စုသည် ဆင်းရဲသားပါတီ ခေါင်းဆောင် ဒေါက်တာ ဘမော်နှင့် ပူးပေါင်းကာ (ဗမာ့ထွက်ရပ်ဂိုဏ်း)ဟု အမည်ခံကာ နိုင်ငံရေးလှုပ်ရှားမှုများကို ဖန်တည်းလာကြသည်။ ဤအတွင်း စကော့ဘေး အနောက်ဖက်တန်း နဂါးနီစာအုပ်ဆိုင် အပေါ်ထပ်တွင် ဌာနချုပ် ထားကာ ကွန်မြူနစ်ပါတီ လျှို့ဝှက်အသင်းတခုကို ဖွဲ့စည်းသည်။ အိန္ဒိယပြည် ၄မှဂ၊ မြို့တွင် ကျင်းပသော နေရှင်နယ် ကွန်ဂရက်ပါတီ ကွန်ဖရင့်သို့ ဒို့ဗမာ အစည်းအရုံး ကိုယ်စားလည်အဖြစ်ဖြင့် သခင်သုံးဦး တက်ရောက်သည်။ ကွန်ဖရင့်သို့ တက်ရန်ဟုအကြောင်းပြသော်လည်း အမှန်မှာ ကွန်မြူနစ်ပါတီနှင့်ဆက်သွယ်ရန် ဖြစ်သည်။ကိုယ်စားလှယ်များ ပြန်ရောက်လာသောအခါ သခင်အောင်ဆန်းသည် ဗမာပြည် အရပ်ရပ်သို့ လှည့်လည်၍ နယ်ချဲ့ဆန့်ကျင်ရေးတရားများကို ဟောလေ့ရှိသည်။ ဟာသ်ဘမ္ပြိတွင် ဟောရာ၌ အစိုးရကို ထိပါးသော ဟောပြော

ချက်များ ပါသည်ဟု အကြောင်းပြကာ ဟာသ်ဘတရုတလတ်ဝန်တ သခင်အောင်ဆန်းကိုဖမ်းဆီးရန်အတွက် ဆုငွေ ၅ကျပ် ကြေငြာ၍ ဝရမ်းထုတ်လေသည်။ဆုငွေ ၅ကျပ်မှာ တမင်စော်ကားခြင်း ဖြစ်၍ တနိုင်ငံလုံးက မခံမရပ်နိုင် ဖြစ်ခဲ့သည်။ သခင်အောင်ဆန်းသည် ဝရမ်းကို တိမ်းရှောင်နေရသည်။ကြောက်၍မဟုတ်။အဖမ်းခံနေခြင်းဖြင့် အချိန်မဖြုန်းလိုရှိ ဖြစ်သည်။

သခင်အောင်ဆန်းသည် ထွက်ပြေးတိမ်းရှောင်နေရာမှ တရုပ်ကွန်မြူနစ်များနှင့် ဆက်သွယ် အကူအညီယူရန် ဆုံးဖြတ်သည်။ တရုပ်ပြည်သို့သွားပြီး တရုပ်နီဥက္ကဋ္ဌ မော်စီတုန်းနှင့်တွေ့ရန် စီစဉ်သည်။ သဲလျင် အလုပ်သမား အတွင်းရေးမှူး သခင်လှမြိုင် (နောင်ဗိုလ်ရန်အောင်)နှင့်အတူ ၁၉၄၀ပြည့်နှစ် သြဂုတ်လ ၈ရက် (မြန်မာသက္ကရာဇ် ၁၂၉၂)တွင် နော်ဝေပိုင် (ဟိုင်လီး)အမည်ရှိ သင်္ဘောဖြင့် တရုပ်ပြည်သို့ ရွှေ့ဖျက်ထွက်ခွာသည်။ထိုသို့ တိတ်တဆိတ် လျှို့ဝှက်ထွက်ခွာနိုင်ရန်အတွက် သခင်လှဖေ(ဗိုလ်လက္ခ)က လုံးဝ တာဝန်ယူစီစဉ်ပေးရသည်။ သခင်လှဖေသည် ရန်ကုန် ၁၉ လမ်းမှ တက္ကစီ အင့ှားထောင်စားသူ ကိုကျော်ခင်ဆိုသူ၏ အကူအညီဖြင့် ဂေါ်ရာပုလိပ်များ အထပ်ထပ် စောင့်နေသည့် ကြားမှ ကိုယ်လွတ်ရွန်းရခြင်း ဖြစ်သည်။ သခင်အောင်ဆန်းတို့သည် ၁၉ လမ်းထိပ်မှ ခြောက်မူးတန် အက်ဗျိတထည်နှင့် ငါးမူးတန် အောင်းဘီတထည်ကျစီ ဝယ်ဝတ် ရှုပ်ဖျက် ထွက်ခွာသွားကြခြင်း ဖြစ်သည်။

သခင်အောင်ဆန်းတို့သည် တရုပ်တယောက်ကို အဖော်ပြု၍ ရန်ကုန်မှ အေမွိုင်(Amoy)မြို့သို့ ထွက်လာခြင်း ဖြစ်သည်။ ဟန်ခွိုင်မှတဆင့် တရုပ်ပြည်သို့ ခရီးဆက်ရန် ဖြစ်သည်။ ဟန်ခွိုင်သို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ အတူပါလာသော တရုပ်သည် သခင်အောင်ဆန်းတို့ထံမှ ပါသမျှငွေကို လိမ်လည်ယူပြီး ထွက်ပြေးသွားလေသည်။အသိမိတ်ဆွေမရှိ၊ မိမိဒေသလည်း မဟုတ်သဖြင့် သခင်အောင်ဆန်းနှင့်သခင်လှမြိုင်မှာ အေမှိုင်တွင် သောင်တင်လေ၏။ ထိုစဉ်က တရုပ်နီ ကွန်မြူနစ်ပါတီသည် ယခု ပြည်မကြီးနှင့် ဆိုဗီယက် ရုရှား နိုင်ငံအကြားတွင် တည်ရှိ၍ တရုပ်ကွန်မြူနစ်တို့၏ မြို့တော်မှာ ယေနမ်မြို့ဖြစ်သည်။သခင်အောင်ဆန်းသည် ယေနမ်အထိသွားရမည်ဖြစ်ရာ ဟန်ကိုင်တွင် သောင်တင်ကျန်နေသဖြင့် မကြံတတ်အောင် ဖြစ်နေသည်။ ဤအတွင်း ဂျပန်စစ်တပ်သည် ဟန်ကိုင်ကိုသိမ်းလိုက်ရာ ပုန်းလျှိုးနေရလေသည်။ နောက်ဆုံးတွင် ဂျပန်တို့ပိုက်စိပ်တိုက်ရှာသဖြင့် သခင်အောင်ဆန်းနှင့်သခင်လှမြိုင်တို့ကိုဖမ်းမိလေသည်။ ခေတ္တမျှအဖမ်းခံရပြီး ဂျပန်ကင်ပေတိုင်တို့ စစ်မေးသဖြင့် သခင်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးအတွက် စွန့်စားထွက်လာကြောင်း၊ မည်သည့်လူမျိုး၏ အကူအညီဖြစ်စေ ယူလိုကြောင်း ပြောသဖြင့် ဂျပန်ဗိုလ်မှူးသည် ဂျပန်နိုင်ငံရှိ စစ်ရုံးချုပ်သို့ အစီရင်ခံလေသည်။ ဂျပန်စစ်ရုံးမှ တာဝန်ပေးချက်အရ ဂျပန်ဗိုလ်မှူး ကာနယ် ဇူဇု (နောင်အခါ ဗိုလ်မှူးကြီး ကာနယ် မိုးဘမီဟူ၍ဝင်း၊ ဗမာ့တပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြီး ဟူ၍ဝင်း တွင်သည်)က သခင်အောင်ဆန်းနှင့် သခင်လှမြိုင်ကို ဖော်မိုဆာကျွန်းသို့ ပို့ရန် အကြောင်းကြားသည်။ ဖော်မိုဆာတွင် သဘောတူကြပြီးမှ သခင်အောင်ဆန်းတို့ ဂျပန်ပြည်သို့ ရောက်ခြင်း ဖြစ်လေသည်။ ဂျပန်တို့ ရောက်သောအခါ ဗိုလ်မိုးကြီး အိမ်တွင် တည်းခိုရ၍ အိုမှားဒါးနှင့် အိုတိုဒါးဟူ၍ အမည်ပြောင်းကာ ရုပ်ဖျောက်နေကြသည်။

(မှတ်ချက်။ ။ဂျပန်က ဗြိတိသျှ မဟာမိတ်တို့ကို စစ်ကျေညာခြင်းမပြုလေးသဖြင့်ရင်း၊ မြန်မာပြည်ရှိ သခင်များကို ဂျပန်သို့ ခေါ်ယူ၍ စစ်ပညာသင်ပေးရန် လိုအပ်သေးသဖြင့်ရင်း လျှို့ဝှက်ရုပ်ဖျောက်နေကြခြင်း ဖြစ်သည်။ဗိုလ်မိုးကြီးမှာအင်္ဂလိပ်ဟူသောစက

ထီးရိုးကို မိုးကြီးပစ်မည်ဟူသော အတိတ်ဖြင့် မှည့်ခေါ်ခြင်း ဖြစ်သည်။)

၁၉၄၁-ခုနှစ်၊ ဧပြီလတွင် သခင်အောင်ဆန်းသည် တရုပ်အမျိုးသားအဝတ်အစားဖြင့် သွားတုတ်၍ မြန်မာလူငယ်များကို ဂျပန်ပြည်သို့ ခေါ်ယူရန် ပြန်ရောက်လာသည်။ဗြိတိသျှအစိုးရက ဂျပန်သဘော်ဘနှင့် သခင်အောင်ဆန်း လိုက်ပါလာမည်ကို သတင်းရရှိသဖြင့် ရန်ကုန်ဆိပ်ကမ်းတွင် အစောင့်အကြပ် ချထားသည်။ သခင်အောင်ဆန်းက ပုသိမ်မြို့တွင်ဆင်း၍ ရန်ကုန်သို့လာပြီးသခင်လူငယ်များကို ခေါ်ယူ၍ ထိုနှစ်ဇွန်လတွင် ဂျပန်ပြည်သို့ ပြန်လေသည်။

ဂျပန်ပြည်သို့ တသုတ်ပြီးတသုတ် ရောက်ရှိလာသော မြန်မာမျိုးချစ်လူငယ် သုံးကျိပ်တို့သည် ဂျပန်ပြည်တွင် ၆ လကြာ စစ်ပညာသင်ယူကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ(၇)ရက်နေ့တွင် ဂျပန်သည် မဟာမိတ်ကို စစ်ကျေညာလေသည်။ ဂျပန်သည် ယိုးဒယားနိုင်ငံကိုဖြတ်၍ မြန်မာပြည်တွင်းသို့ စစ်ကြောင်း သုံးကြောင်း ဖြန့်ဝင်လေသည်။ သခင်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ယိုးဒယားနိုင်ငံ၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းလေသည်။ ယိုးဒယားပြည် ဘန်ကောက်မြို့ရှိမြန်မာမျိုး

www.burmeseclassic.com

www.burmeseclassic.com

ချစ် မျက်စိကုဆရာကြီးဦးဖေ၏နေအိမ်တွင် လက်မောင်းသွေးကို ငွေဖလားထဲ ဖောက်ထည့်ပြီး ထိုသွေးကို သောက်လျက် မြန်မာ့လွတ်လပ်ရေးအတွက် အသက်နှင့်လဲ၍ ဆောင်ရွက်ရန်သွေးစည်းခဲ့ကြလေသည်။

ရဲဘော်သုံးကျိပ်တို့သည် မြန်မာပြည်တွင်းသို့ ဂျပန်အား ခေါ်ဆောင်၍ ချီတက်ခဲ့ကြသည်။ ရဲဘော်သုံးကျိပ်မှာ အောက်ပါတို့ ဖြစ်ကြသည်။

၁။ သခင်အောင်ဆန်း(ဗိုလ်တေဇ)(ဗိုလ်ချုပ်အောင်ဆန်း) လူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးသည်။
၂။ သခင်ရှမောင်(ဗိုလ်နေဝင်း)ဗိုလ်ချုပ်ကြီးနေဝင်း။
၃။ သခင်လှဖေ(ဗိုလ်လက္ခ)
၄။ သခင်အောင်သန်း(ဗိုလ်စကြာ)
၅။ ကိုလှမောင်(ဗိုလ်ဇေယျ)
၆။ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)
၇။ သခင်လှမြင့်(ဗိုလ်ရှိန်အောင်)
၈။ ကိုရွှေ(ဗိုလ်ကျော်ဇော)
၉။ သခင်စံလှိုင်(ဗိုလ်မှူးအောင်)
၁၀။ ကိုဆောင်း(ဗိုလ်ထိန်ဝင်း)အင်္ဂလိပ်အဝင်သေဆုံးသည်။
၁၁။ သခင်အောင်သိန်း(ဗိုလ်ရဲထွဋ်)
၁၂။ သခင်ထွန်းရွှေ(ဗိုလ်လင်းယုန်)
၁၃။ သခင်ဘကျမ် (ဗိုလ်လရောင်)
၁၄။ သခင်တင်အေး(ဗိုလ်ဖုန်းမြင့်)
၁၅။ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ)

၁၆။ သခင်သန်းတင်(ဗိုလ်သန်းတင်)ဇင်းမယ်တွင်ကျဆုံးသည်။
၁၇။ သခင်စိုး(ဗိုလ်မြင့်အောင်)အင်္ဂလိပ်အဝင်သတ်သေသည်။
၁၈။ သခင်ထွန်းအုပ်(သခင်ထွန်းအုပ်)
၁၉။ သခင်စံမြ(ဗိုလ်တောက်ထိန်)
၂၀။ ကိုလှ(ဗိုလ်မင်းရောင်)
၂၁။ သခင်စောလှင်(ဗိုလ်မင်းခေါင်)
၂၂။ သခင်ကျော်စိန်(ဗိုလ်မိုးညို)
၂၃။ သခင်သစ်(ဗိုလ်စောနောင်)
၂၄။ သခင် ခင်မောင်ဦး(ဗိုလ်တာရာ)
၂၅။ သဒင်ထွန်းလှိုင်(ဗိုလ်ဗလ)
၂၆။ သခင်သန်းညွှန့်(ဗိုလ်ဇင်ယော်)
၂၇။ သခင်အေးမောင် (ဗိုလ်မိုး)တိုက်ကြီးခ္ဍ ကျဆုံးသည်။
၂၈။ သခင်မောင်မောင်(ဗိုလ်ညာဏ) ဖာပွန်တိုက်ပွဲ၌ ကျဆုံးသည်။
၂၉။ သခင်ငွေ(ဗိုလ်စောမောင်)
၃၀။ သခင်သန်းတင် (ဗိုလ်မြဒင်)ဟိုင်နန်းကျွန်းတွင် သေဆုံးသည်။

ရဲဘော်သုံးကျိပ် ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်(B.I.A.) နှင့် ဂျပန်များသည် ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်သူအင်္ဂလိပ်များကို ချေမှုန်းလျက် ရန်ကုန်မြို့သို့ ရောက်ရှိလေသည်။

(B.I.A. မှ B.D.A.) ဖြစ်ပေါ်လာပုံများ၊ တိုက်ပွဲများ၊ ဖက်ဆစ်ဂျပန်ကို တော်လှန်ပုံများကို တော်လှန်ရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်းတွင် ဖော်ပြမည်။

www.burmeseclassic.com

www.burmeseclassic.com

၈။ စစ်အတွင်းကာလ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ မြန်မာပြည်သည် စစ်မြေပြင်နှစ်ကြိမ်ဖြစ်ခဲ့ရသည်။ ပထမ ဂျပန်အဝင်တက်ကြိမ်နှင့်ဒုတိယ ဂျပန်ကို ပြန်လည်မောင်းထုတ်စဉ် တကြိမ် ဖြစ်သည်။

ဂျပန်များ ဗမာနိုင်ငံကို ရောက်ရှိသည့်အခါ ဂျပန် စစ်သေနာပတိချုပ်က ဒေါက်တာဘမော်ကို ပြင်ဆင်မှုကော်မိတီဥက္ကဋ္ဌအဖြစ် ခန့်ထားသည်။ ထိုနောက်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းရာ ဒေါက်တာဘမော်သည် နိုင်ငံတော် အဓိပတိ ဖြစ်လာသည်။ ၁၉၄၃ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က မြန်မာနိုင်ငံသည် အချုပ်အချာ အာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံ ဖြစ်ကြောင်း ကျေညာလေသည်။

(လွတ်လပ်ပြီ လွတ်လပ်ပြီ၊ ဒို့ပြည်လွတ်လပ်ပြီ၊
အောင်သပြေကို ဆွတ်ကာတည်၊ ငါတို့ ကိုင်ဆောင်မည်)

ဟူသော တေးများ မြန်မာတပြည်လုံး လျှံ ခဲ့သည်။ သို့သော် ထိုလွတ်လပ်ရေးသည် အတုမျှသာဖြစ်ပြီး ဂျပန်တို့၏ ဖက်ဆစ်ဘီလူးရုပ် မကြာမီ ပေါ်လာသဖြင့် နိုင်ငံမှ မောင်းထုတ်ရပြန်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ်က စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ ထိုနောက် ၁၉၄၃ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ စစ်ဗိုလ်ချုပ်အဖြစ်ဖြင့် ဂျပန်တို့က ခန့်အပ်သည်။

ဂျပန်ခေတ် အစိုးရအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁။	နန်းရင်းဝန်	ဒေါက်တာဘမော်။
၂။	ဒုတိယနန်းရင်းဝန်	သခင်မြ။
၃။	ကာကွယ်ရေးဝန်ကြီး	ဗိုလ်ချုပ်အောင်ဆန်း-(သခင်အောင်ဆန်း)
၄။	နိုင်ငံခြားရေးဝန်ကြီး	သခင်နု။
၅။	ပြည်ထဲရေးဝန်ကြီး	ဦးဘဝင်း။
၆။	ဘဏ္ဍာရေးဝန်ကြီး	ဦးသိန်းမောင်။
၇။	လယ်ယာစိုက်ပျိုးရေးဝန်ကြီး	သခင်သန်းတွန်း-(တောခို)

ဂျပန်သည် ဖက်ဆစ်စနစ်ကို ဆိုးရွားစွာ ကျင့်သုံးလာ၏။ ထို့ကြောင့် ဂျပန်ကို ပြန်လည်တော်လှန်ရန် မဟာမိတ်နှင့်ဆက်သွယ်ရပြန်သည်။ အစစအရာရာ စီစဉ်ပြီးနောက် ၁၉၄၅-ခုနှစ် မတ်လ ၂၇-ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့လေသည်။ ဗမာ့တပ်မတော်၏ပြင်းထန်သော ထိုးစစ်ကြောင့် ပြေလ ၂၃ရက်တွင် ဂျပန်တို့ ရန်ကုန်မှ ဆုတ်ခွာရလေသည်။ ဗြိတိသျှတို့ သိမ်းပိုက်ပြီးသောအခါ မြန်မာနိုင်ငံကို 'ခေဂျာဂျင်နရယ်ရန့်' အားခေတ္တခန့်ထားသည်။ နောင်သောအခါ ဒေါ်မန်စမစ် ခေါင်းဆောင်သော စစ်အုပ်ချုပ်ရေးအဖွဲ့က အုပ်ချုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၉။ ဖ-ဆ-ပ-လ

ဗြိတိသျှ အစိုးရသည် ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကျေညာချက်တစောင် ထုတ်ပြန်လေသည်။ ထိုကျေညာချက်စာတမ်းမှာ မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို ဟန့်တားလိုက်ခြင်းပင်ဖြစ်သည်။ ထိုကျေညာချက်စာတမ်းတွင် ၁၉၄၈ ခုနှစ်ကာလအထိ ဘုရင်ခံက အုပ်ချုပ်မည်ဖြစ်ပြီး နောင်သောအခါတွင် ဓနသဟာယအတွင်းမှာပင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို (ပြည်မ)အားပေးမည်။ ပြည်နယ်များကိုမူ ချန်လှပ်ထားမည်ဟု ပါရှိလေသည်။

၁၉၄၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ ကျင်းပသော နေသူရိန် အစည်းအဝေးကြီးမှ ဗြိတိသျှတို့၏ မြန်မာပြည်အုပ်ချုပ်ရေးစာတမ်းကို အပြင်းအထန် ကန့်ကွက် အဖြေပေးလိုက်သည်။ ထိုအစည်းအဝေးမှပင် အဖွဲ့ပေါင်းစုံပါဝင်သော ဖ-ဆ-ပ-လ(ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်မြောက်ရေး) အဖွဲ့ကို (ဖ-ဆ-ပ-လ) ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးဟူ၍ ပြောင်းလဲခဲ့လေသည်။ ထိုအစည်းအဝေးမှ-

၀။ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးကို အမြန်ဆုံး ရပ်သိမ်းပေးရန်။

၂။ မြန်မာများလိုလားသောအုပ်ချုပ်ရေးကိုဆောလျင်စွာ ပေးရန်။

၃။ အရွယ်ရောက်သူတိုင်းမဲဆန္ဒပေးနိုင်သောရွေးကောက်ပွဲ မျိုးကို ကျင်းပပေးရန်။

၄။ အတ္တလန္တိတ်ချာတာအရ အချုပ်အချာ အာဏာပိုင်လုံး၀ လွတ်လပ်ရေးကို ပေးအပ်ရန်တို့ကို တခဲနက် တောင်းဆိုလိုက်လေသည်။

ထိုစဉ်က ဘုရင်ခံဖြစ်သော 'ဆာဒေါ်မန်စမစ်'သည် ဗိုလ်ချုပ်တို့၏တောင်းဆိုချက်ကို အလေးအနက် မထားပေ။ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် မူလကျေညာပါစာတမ်းအတိုင်းတင်းကြပ်သော အုပ်ချုပ်ရေးကို စသည်။ အုပ်ချုပ်ရေးတွင် ကောင်စီဝင် ၁၅ ဦးရှိမည်ဖြစ်ရာ 'ဖဆပလ'က (၁၁)နေရာ တောင်းသည်။ ဘုရင်ခံက(၇)နေရာပေးသဖြင့် ဖ-ဆ-ပ-လ ကငြင်းခဲ့သည်။ ဘုရင်ခံချုပ်သည် ဆာပေါ်ထွန်းကို ခေါင်းဆောင်စေ၍ ဖ-ဆ-ပ-လ မပါသော ကောင်စီသစ်ကို ဖွဲ့စည်းလိုက်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖ-ဆ-ပ-လ အဖွဲ့သည် အစိုးရကို အတိုက်အခံလုပ်ရန် ပြင်ဆင်လာလေတော့သည်(ရရင်ရ မရရင်ချ မယ်)ဟူသော ကြေးကြော်သံများ ပွက်ပွက်လျှံလာသည်။ တပြည်လုံး၏ လုပ်ငန်းအားလုံးတွင် ကိုယ်စားလှယ်ရှိသော ဖ-ဆ-ပ-လ သည် အစိုးရနှင့် ပခုံးချင်းယှဉ်နိုင်ခဲ့လေသည်။

ဒေါ်မန်စမစ်သည် မကျန်းမာသဖြင့် ၁၉၄၆ ခုနှစ်တွင် ရာထူးမှနုတ်ထွက်သဖြင့် 'ဆာဟူးဘတ်ရန်စ်' ဘုရင်ခံဖြစ်လာသည်။ နိုင်ငံရေးလှုပ်ရှားမှုများကား ပိုမိုပြင်းထန်ခဲ့လေသည်။

ယခု ရဲဟုခေါ်သော ထိုစဉ်က ပုလိပ် အဖွဲ့သည် လစာနည်းပါးသဖြင့် သပိတ်မှောက်လေသည်။ ပုလိပ်သပိတ်နှင့် တချိန်တည်း ဖ-ဆ-ပ-လ အဖွဲ့၏ ရှေ့ဆောင်မှုဖြင့် စာတိုက်နှင့်ကြေးနန်းဌာန၊ နိုင်ငံခြား ကုန်တိုက်ကြီးများမှ အလုပ်သမားများ၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ သပိတ်မှောက်ခဲ့ကြလေသည်။

www.burmeseclassic.com

ခရိုင်တိုင်း မြို့ရွာတိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းခဲ့သော ပြည်သူ့ရဲဘော်များက အတိုအလင်း အင်အားပြကြပြီး သပိတ်မှောက် လုပ်သားများကို ကူညီခဲ့လေသည်။ 'ဆာဟူးဘတ်ရန့်စ်' သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်စေ့စပ်ရလေသည်။ဆာပေါ်ထွန်း ပြုတ်ကျပြီး ဗိုလ်ချုပ်အောင်ဆန်း ဝန်ကြီးချုပ်အဖြစ်ဦးစီးသော ဖ-ဆ-ပ-လ တက်လာသည်။

အာဏာရခဲ့ပြီးနောက် ဝန်ကြီးချုပ်ဖြစ်ပြီးသော်လည်း ဗိုလ်ချုပ်စာား ကျွန်ုပ်ခြင်းမရှိ၊ လွတ်လပ်ရေးကို ချက်ချင်းပေးရမည်ဟု သာ တောင်းဆိုလေသည်။ ဗြိတိသျှအစိုးရတို့ မနေသာတော့ပေ။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် လွတ်လပ်ရေး ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်သို့ ဖိတ်လိုက်ရလေသည်။ ဖိတ်ခေါ်ချက်ကို လက်ခံ၍ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွတ်၊ ဦးဘဖေ၊ ဦးကျော်ငြိမ်း၊ ဦးစောနှင့် သခင်ဗစိန်တို့ ပါဝင်သော မြန်မာအဖွဲ့ လန်ဒန်သို့သွားရောက်သည်။ ထိုစဉ်က နန်းရင်းဝန် 'မစ္စတာအက်တလီ'နှင့် ဆွေးနွေး သဘောတူညီကြပြီး 'အောင်ဆန်းအက်တလီ'စာချုပ်ကို လက်မှတ်ရေးထိုးလေသည်။ ထိုစာချုပ်အရ ရွေးကောက်ပွဲကျင်းပရေး၊ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး၊ မြန်မာပြည် တောင်တန်းသားများကို ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ပေးရေးနှင့် ကုလသမဂ္ဂ နိုင်ငံပေါင်းစုံအဖွဲ့များတွင် ပါဝင်နိုင်ရေးတို့ကို ရရှိမည်ဖြစ်သည်။

၁၀။ ဆုံးရှုံးခြင်းနှင့်လွတ်လပ်ခြင်း (၁၉၄၇-၄၈)

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည် တောင်ပိုင်း ပင်လုံမြို့၌ တောင်တန်းသားတို့၏ ကိုယ်စားလှယ်များပါဝင်သော ညီလာခံတရပ်ကို ကျင်းပသည်။ ပင်လုံညီလာခံမှ ပြည်ထောင်စုနေ့ဖြစ်လာသည်။

ပင်လုံညီလာခံကို အောင်ဆန်းအက်တလီ စာချုပ်ပါတောင်တန်းသားများကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးရေးဟူသော အချက်အရ ကျင်းပခြင်းဖြစ်သည်။ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရှင်းရှင်းတွင်းတွင်း ရိုးရိုးသားသားပြောခဲ့သည်။ တောင်တန်းသားအားလုံးနှင့် သဘောတူညီကာ စာချုပ်တခုပြုလုပ်၍ လက်မှတ် ရေးထိုးကြသည်။ ထိုညီလာခံ ပြီးခဲ့ပြီးနောက် ၁၉၄၇-ခုနှစ် ဧပြီလတွင် ရွေးကောက်ပွဲ ကျင်းပရာ ဖဆပလ အဖွဲ့ဝင် ပြည်သူ့ရဲဘော်များနှင့် ဆိုရှယ်လစ်များ အများဆုံး အရွေးခံရလေသည်။ အင်အား အကြီးဆုံးသော ဖဆပလ သည် အထွေထွေညီလာခံကြီး တရပ်ကို ကျင်းပပြီးနောက် ထိုနှစ် ဇွန်လတွင်တိုင်းပြည်ပြုလွှတ်တော်ကို စတင်ကျင်းပသည်။ ဥက္ကဋ္ဌမှာ သခင်နုဖြစ်သည်။

ဤသို့ ခေါင်းဆောင်ကြီးများ လွတ်လပ်ရေးအတွက် မနားမနေကြိုးစားနေဆဲတွင် နယ်ချဲ့ပယောဂ မကင်းသော ဝမ်းနည်းကြေကွဲဘွယ် ဆုံးရှုံးမှုဖြစ်ရပ်ကြီးတခုနှင့် ကြုံကြိုက်ရလေသည်။

၁၉၄၇ ဇူလိုင်လ ၁၉-ရက်

ထိုနေ့နံနက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများအတွင်းဝန်ရုံးတွင် အစည်းအဝေးတရပ် ကျင်းပသည်။

လွန်ခဲ့သည့် (၇ လ) ၁၉၄၆-ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်သို့ အတူ လိုက်ပါခဲ့သော နိုင်ငံရေးခေါင်းဆောင် ဦးစောသည် ရက်စက် ယုတ်တန်းသော

www.burmeseclassic.com

အကြံကို ကြံစည်လေပြီ။ သူသည်နယ်ချဲ့ပယောဂပူးဝင်နေသဖြင့် အမှားအမှန်ကို ဝေခွဲရဟန်မတူ။ သူ၏ ယုတ်မာရက်စက်သော အစီအစဉ်ဖြင့် ဗိုလ်ချုပ်နှင့်တကွ အမျိုးသား ခေါင်းဆောင်ကြီးများကို စည်းဝေးခန်းမအတွင်း၌ပင် လုပ်ကြံသတ်ဖြတ်လိုက်လေသည်။ ခေါင်းဆောင်ကြီးများ သေးမြေကျခဲ့လေပြီ။ ခေတ်အဆက်ဆက် အနစ်နာခံ ဒုက္ခဆင်းရဲခံ၍ လွတ်လပ်ရေး အတွက် ဦးဆောင်ခဲ့ကြသော အမျိုးသား ခေါင်းဆောင်ကြီးများ ဆုံးရှုံးရပေပြီ။

ဤသို့ဖြင့်

ကုန်းဘောင်ခေတ် ချုပ်ငြိမ်းလုနီးမြန်မာဘုရင်တို့ လက်ထက်တွင် အင်္ဂလိပ်နှင့်စစ်သုံးကြိမ်ဖြစ်ခဲ့ရသည်။ စစ်တကြိမ် ရှုံးတိုင်း၊ မြန်မာတို့အသားဖဲ့ ၍ဖဲ့ ၍ပေးခဲ့ရသည်။ သီပေါဘုရင်ပါတော်မူပြီးနောက် ဤအမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးသည် အထိ မြန်မာတို့သည်

မိမိတို့နိုင်ငံ မိမိတို့လူမျိုး

ပြန်လည်လွတ်လပ်ရေးအတွက်

နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင်တဖိုလ်ကျတဖိုလ်တက်စနစ်ဖြင့် အသက်ပေါင်းများစွာစတေး၍ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ ပြန်လည် လွတ်လပ်ရန် အတွက် မြန်မာ့သားကောင်းရတနာ သမီးကောင်းရတနာများ စွာတို့သည် စစ်မြေ၌ အသက်ဆုံးရှုံးခဲ့ကြသည်။ ဗြိတိသျှတို့၏ ဗိုနှိပ်ချုတ်ချယ်မှု ညှဉ်းပန်းမှု အမျိုးမျိုးဖြင့် အသက်ဆုံးရှုံးခဲ့ကြ

သည်။ ဖက်ဆစ်ဂျပန်တို့၏ ဖက်ဆစ်ဝါဒ ညှဉ်းပန်းရက်စက်မှု အောက်တွင် မချိမဆန့် အသက်ဆုံးခဲ့ကြသည်။

ဤသို့ဖြင့်

အသက်ပေါင်း များစွာပေးရ၍ ရယူခဲ့ရသော လွတ်လပ်ရေးကား ၁၉၄၇-ခုနှစ် အောက်တိုဘာလ ၁၇-ရက်နေ့တွင်လန်ဒန်၌ 'နု-အက်တလီ စာချုပ်' ချုပ်ဆိုပြီးနောက်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄-ရက်နေ့ နံနက် ၄ နာရီ မိနစ်နှစ်ဆယ်တိတိတွင် လုံးဝ အချုပ်အချာအာဏာပိုင်လွတ်လပ်သော နိုင်ငံအဖြစ်ဖြင့် မြန်မာတို့ လက်တွင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်လေသည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်ကို အောက်တွင် ခုနှစ် သက္ကရာဇ်ဖြင့် စီစဉ်ဖော်ပြလိုက်သည်။ အထက်ပါဆောင်းပါး မှတ်တမ်းရှည်ကို ဖတ်ရှုပြီး၍ ဤသက္ကရာဇ်စဉ်ကို ကြည့်ရှုလျှင် အလွယ်နှင့်မှတ်မိနိုင်မည်ဖြစ်သည်။ သက္ကရာဇ်များကို ခရစ်နှင့် မြန်မာတွဲပြထားသည်။

၁။ ၁၈၂၄-၂၆ (၁၁၈၅-၈၇) ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲပြီးသည်။ တနင်္သာရီနှင့် ရခိုင် အင်္ဂလိပ်လက် ကျရောက်သည်။

၂။ ၁၈၅၂ (၁၂၁၃) ဒုတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲပြီးသည်။ အောက်မြန်မာပြည်၊ အင်္ဂလိပ်လက်သို့ ကျရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၃။ ၁၈၈၁-၈၂ (၁၂၄၂-၄၃) တောင်သူလယ်သမား များ ကြေးမြီစတင် တင်ရှိသည်။

၄။ ၁၈၈၅(၁၂၄၆-၄၇) တတိယ အင်္ဂလိပ် မြန်မာစစ်ပွဲ ဖြစ်ပွားပြီး သီပေါမင်းပါတော်မူသည်။

၅။ ၁၉၀၈ Y.M.B.A ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ကြီးကို စတင်တည်ထောင်သည်။

၆။ ၁၉၁၄-၁၈(၁၂၇၅-၇၉)ပထမ ကမ္ဘာစစ် ဖြစ်၍ဆန်စပါးဈေးကောင်းသည်။

၇။ ၁၉၂၀ ဒီဇင်ဘာလ(၅)ရက် ၁၂၈၂ တန်ဆောင်မုန်းလဆုတ်(၈)ရက် ပထမ ကျောင်းသား သပိတ်မှောက်သည်။ အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။

၈။ ၁၉၂၀-Y.M.B.A အသင်းကြီးမှ G.C.B.A. အသင်းခေါ် မြန်မာအသင်းပေါင်းချုပ် ဖွဲ့သည်။ ဝံသာနုခေတ် အစပျိုးသည်။

၉။ ၁၉၂၁(၁၂၈၂-၈၃) ပြိတိသျှ အရင်းရှင်တို့ ပူးပေါင်းဖွဲ့စည်းထားသော(ဘူလင်လင်ဂျာပူးလ်) ကုမ္ပဏီ၏ ချယ်လှယ်မှုကြောင့် ဆန်စပါးဈေးကျဆင်းသည်။

၁၀။ ၁၉၂၃-၃၆ ဒိုင်အာခီ DYARCHY အုပ်ချုပ်ရေး ခေတ်ဖြစ်သည်။

၁၁။ ၁၉၂၅(၁၂၈၆-၈၇) အစိုးရကို အသိအမှတ်ပြုရေး၊ အခွန်မပေးရေးစသော လူတန်းစား တိုက်ပွဲများ ပြင်းထန်သည်။

၁၂။ ၁၉၂၇ (၁၂၈၈-၈၉) ဆရာတော် ဦးဥတ္တမသည် (လိပ်အခွံခွာရောဂါ)တွင် လှည့်လည် ဟောပြောသည်။

၁၃။ ၁၉၂၈ (၁၂၈၉-၉၀) ဂျီ-စီ-ဘီ-**အေ၏ တာဝန်ပေး** ချက်အရ ဆရာစံသည် ခရိုင်အသီးသီးသို့ သွားရှုပြတိသျှ အစိုးရ၏ အမေမှအခွန်ကောက်သည့်ကိစ္စကို စုံစမ်းသည်။

၁၄။ ၁၉၃၀ မေလ ၂ (၁၂၉၂ ကဆုန်လကွယ်) ကုလားဗမာ ပထမ ရိုက်ပွဲဖြစ်သည်။ ၎င်းနှစ် ဒုတိယမာ အစည်းအရုံး စတင်ဖွဲ့စည်းသည်။ မြန်မာထဲမှ ဆာ ဂျေ အေ မောင်ကြီး ခေတ္တ ဘုရင်ခံချုပ် ဖြစ်သည်။

၁၅။ ၁၉၃၀ ဒီဇင်္ဘာ(၂၁) ဆရာစံ သူပုန်ထသည်။

၁၆။ ၂-၈-၃၁ (၁၂၉၃၊ ဒုတိယ ဝါဆိုလဆုတ် ၄)ဆရာစံ အား ရှမ်းပုလိပ်များ ဖမ်းမိသည်။

၁၇။ ၁၈-၈-၃၁ (၁၂၉၃၊ ဝါခေါင်လဆန်း ၅) ဆရာစံ အား အထူးခုံရုံးတွင် တရားစွဲသည်။

၁၈။ ၂၈-၈-၃၁-(၁၂၉၃၊ ဝါခေါင်လပြည့်) သာယာဝတီ ခုံရုံးမှ ဆရာစံအား သေဒဏ် အမိန့်ချသည်။

၁၉။ ၂၉-၁၀-၃၁၊(၁၂၉၃၊ သီတင်းကျွတ်လဆုပ် ၃)တရား လွှတ်တော်မှ ဆရာစံ၏ သေဒဏ်ကို အတည်ပြုသည်။

၂၀။ ၂၈-၁၁-၃၁၊ (၁၂၉၃၊ တန်ဆောင်မုန်းလဆုပ် ၄) ဆရာစံအား သာယာဝတီထောင်တွင် ကြီးစင်တင်၍ သတ်သည်။

၂၁။ ၁၉၃၁၊ နိုဝင်္ဘာ ခွဲရေး-တွဲရေးကိစ္စ မျက်နှာစုံညီ ဆွေးနွေးရန် မြန်မာ ကိုယ်စားလှယ် ၂၄ ဦး လန်ဒန် သွားသည်။ ၂၈-၁၁-၃၁ တွင် လန်ဒန်၌ မျက်နှာစုံညီ ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၂။ ၁၉၃၃၊ ဒို့ဗမာအစည်းအရုံးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဖွဲ့သည်။
(ဒို့ဗမာအစည်းအရုံး မှတ်တမ်းအဆိုအရ ဤအသင်းကို ၁၉၃၀ တွင် စတင်ဖွဲ့စည်းကြောင်း သိရသည်။ စာပေပိမာန်ထုတ် နှစ်ဂါးဆယ် ကမ္ဘာ့ရေးရာ ဒုတိယတွဲတွင် ၁၉၃၃ ၌ စတင်ဖွဲ့စည်းသည်ဟု ဆိုသည်။)

၂၃။ ၁၉၃၄၊ ဒို့ဗမာအစည်းအရုံး၏ ပထမ အကြိမ်မြောက် ညီလာခံသဘင်ကို ရေနံချောင်းမြို့တွင် ကျင်းပသည်။

၂၄။ ၁၉၃၅၊ ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂတွင် ကိုနုနှင့် ကိုအောင်ဆန်း ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး တင်မြှောက်ခံရသည်။

၂၅။ ၂၅-၂-၃၆ ရန်ကုန်တက္ကသိုလ် ဒုတိယ သပိတ် မှောက်သည်။

၂၆။ ၁-၄-၃၇ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ကာ အုပ်ချုပ်ရေးသစ် (၉၁ ဌာန အုပ်ချုပ်ရေး)ပေးသည်။
ကျောင်းမှ အထုတ်ခံထားရသောကိုနုနှင့်ကိုအောင်ဆန်းတို့ သခင်နု၊ သခင်အောင်ဆန်းအမည်ဖြင့် နိုင်ငံရေးဆောင်ရွက်သည်။

၂၇။ ၂၀-၇-၃၈ မော်လမြိုင် ရွှေဖီကိစ္စဖြင့် ကုလား ဗမာ ရိုက်ပွဲဖြစ်သည်။ ပုလိပ်တို့ နံပတ်ဒုတ်နှင့်ရိုက်၍ လူစုခွဲသည်။

၂၈။ ၃၀-၁၁-၃၈ ရေနံမြေသပိတ်ကြီး စတင်သည်။ ချောက်မြို့မှ ရေနံမြေ သပိတ်တပ်ကြီးများ ရန်ကုန်သို့ ခြေလျင်

ချီတက်သည်။ ထောင့်သုံးရာပြည့် အရေးတော်ပုံ စာတင်သည်။ မကွေးမြို့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖမ်းခံရသည်။

၂၉။ ၂၀-၁၂-၃၈ ကျောင်းပေါင်းစုံမှ ကျောင်းသားထုကြီး အတွင်းဝန်ရုံးကို ဝိုင်းချီဆန္ဒပြသဖြင့် စစ်တပ်ကမြင်းနှင့် တိုက်၊ဒုတ်နှင့်ရိုက်လူစုခွဲသည်။ကျောင်းသားနှစ်ရာကျော် ဒဏ်ရာရရှိ ကျောင်းသား အောင်ကျော် ကျဆုံးသည်။

၃၀။ (၁၉၃၈)ကျောင်းသားများ သွေးမြေ ကျသဖြင့် မခံမရပ်နိုင်ဖြစ်ကာ မန္တလေးတွင် ရဟန်းပျိုအဖွဲ့နှင့်ပြည်သူ လူထု ပူးပေါင်းဆန္ဒပြသည်။ ထုတ်ဆင့်ထားသော ပုဒ်မ ၁၄၄ ကို ဖီဆန်၍ လှည့်လည် ဆန္ဒပြသဖြင့် ပုလိပ်နှင့် စစ်တပ်က သေနတ်နှင့်ပစ် လူစုခွဲသည်။ အာဇာနည် ၁၇ ဦး ကျဆုံးသည်။

၃၁။ ၁၉၃၉ ဖေဖော်ဝါရီ ဒေါက်တာဘမော်အစိုးရ ပြုတ်ကျ၍ ဦးပုနှင့်ဦးစော ပူးပေါင်းထားသော အစိုးရသစ် တက်လာသည်။

၃၂။ (၈၊၈၊၄၀) သခင် အောင်ဆန်း၊ သခင် လှမြင့်တို့ တရုပ်ပြည်သို့ လျှိုဝှက် ထွက်ခွာသွားသည်။ တရုပ်မှ ဂျပန်သို့ ရောက်သည်။ ထိုနှစ်ဩဂုတ်လ ၁၃ ရက်နေ့တွင် သင်္ဘောပေါ်ရောက်သည်။ ၁၄ ရက်နေ့တွင် ထွက်ခွာသွားသည်ဟူ၍လည်း ဆိုကြသည်။

၃၃။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလတွင် သခင်အောင်ဆန်း ဗမာပြည်သို့ တိတ်တဆိတ်ရောက်လာသည်။ မျိုးချစ်လူငယ်များကို လျှိုဝှက်ခေါ်ဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

၃၄။ ၁၁-၁၂-၄၁ မြန်မာပြည် ပထမဦးဆုံးအကြိမ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခံရသည်။

၃၅။ ၂၃-၁၂-၄၁ ရန်ကုန်မြို့ ဗုံးကြဲခံရသည်။ လူ(၆၀၀) ကျော် သေဆုံးသည်။

၃၆။ ၂၆-၁၂-၄၁ ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A.) ကို ယိုးဒယားပြည် ဘန်ကောက်မြို့တွင် စတင်ဖွဲ့စည်းသည်။

၃၇။ ၁၉၄၂ ရဲဘော်သုံးကျိပ် ဦးဆောင်၍ ဂျပန်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသည်။

၃၈။ ၈-၃-၄၂ ဗမာ့တပ်မတော် ဘီ အိုင် အေ နှင့် ဂျပန်များ ရန်ကုန်မြို့ကို သိမ်းသည်။

၃၉။ ၁-၈-၄၂ ဗမာ့တပ်မတော် ဘီ အိုင် အေ မှ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီ ဒီ အေ) အဖြစ်ပြောင်းလဲဖွဲ့စည်း၏။

၄၀။ ၁-၈-၄၃ နိုင်ငံတော် အဓိပတိ ဒေါက်တာဘာမော်က မြန်မာနိုင်ငံကို လွတ်လပ်ရေးရကြောင်း ကျေညာသည်။ ထိုလွတ်လပ်ရေးမှာ တန်ဘိုးရှိသော လွတ်လပ်ရေးမဟုတ်ပေ။

၄၁။ ၁-၉-၄၃ ဗိုလ်ချုပ်အောင်ဆန်းအား အထက်မြန်မာနိုင်ငံ စစ်ဗိုလ်ချုပ်အဖြစ် ဂျပန်တို့ ခန့်သည်။

၄၂။ ၂၇-၃-၄၅ ဖက်ဆစ်ဂျပန်ကို တော်လှန်သည်။

၄၃။ ၂၃-၄-၄၅ ဂျပန်တို့ ရန်ကုန်မှ ဆုတ်ခွာသည်။

၄၄။ ၃-၅-၄၅ ဗြိတိသျှတို့ ရန်ကုန်ပြန်ဝင်သည်။ ကက်စ်ဘီ တိုင်း စစ်အုပ်ချုပ်ရေး စတင်သည်။

၄၅။ ၁၇-၅-၄၅ ဗြိတိသျှအစိုးရက မြန်မာပြည်အား ၁၉၄၈ ခုနှစ်ထိ အုပ်ချုပ်ရေးသစ်ကို ရပ်ဆိုင်းပြီး ဘုရင်ခံက အုပ်ချုပ်မည်ဖြစ်ကြောင်း စက္ကူဖြူ ကျေညာစာတန်းကို ထုတ်ပြန်သည်။

၄၆။ ၁၉-၈-၄၅ ခု ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော နေသူရိန် စည်းဝေးပွဲကျင်းပသည်။ ဗြိတိသျှ၏ စက္ကူဖြူကျေညာစာတမ်းကို ဆန့်ကျင်သည်။ (ဖ-ဆ-ပ-လ) ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဖွဲ့သည်။

၄၇။ ၁၆-၁၀-၄၅ ဒေါ်မန်စမစ် ဘုရင်ခံဖြစ်၍ စက္ကူဖြူကျေညာစာတမ်းပါ အုပ်ချုပ်ရေး စတင်သည်။

၄၈။ ၁၉၄၆ ဒေါ်မန်စမစ် မကျန်းမာ၍ ရာထူးမှ နုတ်ထွက်သည်။ 'ဆာဟူးဘတ်ရန့်' ဘုရင်ခံ ဖြစ်လာသည်။ ပုလိပ်သပိတ်နှင့် မှုထမ်းပေါင်းစုံသပိတ်ကြီး ပေါ်ပေါက်လာလေသည်။

၄၉။ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်သော (ဖ-ဆ-ပ-လ)ယာယီအစိုးရ တက်သည်။

၅၀။ ဗြိတိသျှ ဝန်ကြီး မစ္စတာအက်တလီ၏ ဘိတ်ခေါ်ချက်အရ မြန်မာပြည်လွတ်လပ်ရေး ဆွေးနွေးရန်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွတ်၊ ဦးဘဖေ၊ ဦးကျော်ငြိမ်း၊ ဦးစော၊ သခင်ဘစိန်တို့ လန်ဒန်သို့သွားသည်။

၅၁။ ၂၇-၁-၄၇ လန်ဒန်တွင် ဗမာ့လွတ်လပ်ရေးအတွက် 'အောင်ဆန်း အက်တလီ' စာချုပ် ချုပ်ဆိုသည်။

၅၂။ ၇-၂-၄۷ ပင်လုံတွင် တိုင်းရင်းသား ညီညွတ်ရေး ညီလာခံ ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com

၅၃။ ၁၉၄၇ ပြေးလွှတ်တော်အမတ် ရွေးကောက်ပွဲ ကျင်းပသည်။ (ဖဆပလ) အဖွဲ့ဝင် ပြည်သူ့ရဲတော်များနှင့် ဆိုရှယ်လစ်များ အများဆုံး ရွေးကောက်ခံရသည်။

၅၄။ ၁၉-၇-၄၇ လူမသမာတို့ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ ကျဆုံးရသည်။

၅၅။ ၁၇-၁၀-၄၇ အင်္ဂလန်တွင်(နုအက်တလီ)စာချုပ် ချုပ်ဆိုသည်။

၅၆။ ၄-၁-၄၈ မြန်မာပြည်တွင် လွတ်လပ်ရေး ရရှိသည်။

o o o

လွတ်လပ်ရေး အောင်ပွဲ
အခမ်းအနား

မှတ်ချက်။ ။(အောက်ပါ မှတ်တမ်းမှာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိစဉ်က လွတ်လပ်ရေး အောင်ပွဲအခမ်းအနား မည်သို့ ကျင်းပသည်ကို ယခု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ကိုယ်တိုင် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ စာပေဗိမာန်ထုတ် ဦးသန့်ရေး 'ပြည်တော်သာ ခရီးစဉ်' စာအုပ်တွင် ဤဆောင်းပါးကို တွေ့ရှိနိုင်မည်ဖြစ်သည်။)

မြန်မာနိုင်ငံတော် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားတွင် ပါဝင်ဆင်နွှဲရန်အတွက် နံနက် ၄ နာရီအချိန်တွင် တိုင်းပြည်ပြု

လွတ်တော်မျက်နှာစာ [illegible] ပြက်ခင်းဌ နိုင်ငံ
တော် ယာယီသမတကြီ[illegible] ကိုယ်ရံတော်ဗိုလ်
များဖြစ်ကြသော [illegible] ကာနယ်ထင်စီ၊ ထို့ပြင်
အတွင်းခန့် ဦးရွှေဘော်၊ အမ်မတော်ဝန် ဦးစံဖေတို့နှင့်အတူ ကြွ
ရောက်လာပြီးသည့်နောက် ယာယီဝန်ကြီးချုပ်၊ယာယီပါလီမန်၊
တိုင်းပြုပြည်ပြုလွတ်တော်ဥက္ကဋ္ဌ- ယာယီဝန်ကြီးများနှင့် ဟိုက်
ကုတ်လွတ်တော် တရားဝန်ကြီးချုပ်၊ မဟာမင်းကြီးများ၊နိုင်ငံ
များ အထူး သံတမန်များ၊ ဖဆပလ အမှုဆောင်လူကြီးများ
ယာယီပါလီမန်(တိုင်းပြည်ပြုလွတ်တော်)အမတ်များ၊နိုင်ငံတော်
ကာကွယ်ရေးအဖွဲ့ အကြီးအကဲများ၊ယာယီပါလီမန် (တိုင်းပြည်
ပြုလွတ်တော်) အရာရှိများ၊ တိုင်းမင်းကြီးများ၊ ရာထူးဝန် အဖွဲ့
ဥက္ကဋ္ဌနှင့် ရာထူးဝန်များ၊အစိုးရဌာန ၊အကြီးအကဲများ၊ အတွင်း
ဝန်များ၊ ဒေသန္တရအဖွဲ့ကိုယ်စားလှယ်များ၊ ရွှေနေစ္ခရုပ်ဆိုင်ရာ
ကိုယ်စားလှယ်များ၊ ကုန်သည်ကြီး အသင်းလေးသင်းမှ ကိုယ်
စားလှယ်များ၊ နေပြည်တော် ရာဇဝတ် တရားသူကြီးများ
ကျော်ဇောကိတ္တိရှိသော အခြားညွှန်ကြားသည်များ ရောက်ရှိ စုရုံး
လျက်ရှိကြသည်။

လွတ်တော်၏မျက်နှာစာ အရှေ့ဘက်တွင် ယာယီပါလီမန်
(တိုင်းပြုပြည်ပြုလွတ်တော်)အမတ်များ၊ လွတ်တော် ဆင်ဝင်ရှေ့
တွင် ယာယီအစိုးရ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်
ဆင်ဝင်အောက်တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ၊ ဆင်ဝင်၏ဝဲယာ
တွင် နိုင်ငံခြားကိုယ်စားလှယ်တော်များနှင့် အစိုးရ အရာရှိကြီး
ငယ်များနှင့်လူမျိုးပေါင်းစုံကိုယ်စားလှယ် ညွှန်ကြားသည်တော်များ
အား အသီးသီးနေရာချထား၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် စည်တော်ယွန်းလျက်ရှိ၏။

လှတ်တော်မျက်နှာစာ၏ အရှေ့ဖက် ဒေါင့်တွင် ဗမာ့တပ်မတော်၊ မျက်နှာစာရှေ့တွင် ဗမာ့ရေတပ် ဗမာ့လေတပ်၊သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ ဗမာနိုင်ငံတော် လက်နက်ကိုင် ပုလိပ်အဖွဲ့များကို အသီးသီး နေရာချပေးထားလေသည်။

နိုင်ငံတော်ယာယီသမတကြီးသည် အဆောင် အယောင်နှင့် လှတ်တော်ဆင်ဝင်ရှေ့သို့ ထွက်လာသည်တွင် စည်တော်သံရပ်စဲသွားလေသည်။

သမတကြီးသည် ပိုးအဖြူရောင် ရှေချည်ထိုး ပေါင်းကို ဆင်ယင်လျက် စကားဝါနုရောင် ရှေချည်ထိုး ပူဆိုးတောင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ခန့်ခန့်ညားညား ဆင်မြန်းထား၏။

ယာယီအစိုးရ ဝန်ကြီးချုပ်သခင်နုမှာကား ခေါင်းပေါင်းပန်းရောင်၊ မန္တလေးတောင်ရှည်ပန်းရောင်၊ ပိုးရင်ဖုံး အင်္ကျီအဖြူတို့ကို ဝတ်ဆင်ထားလေသည်။

ရေတပ်၊ ကုန်းတပ်မှ စစ်ဗိုလ်ကြီးများက ရွှေဆောင်၍ သမတကြီးသည် ဗမာ့တပ်မတော်၊ဗမာ့ရေတပ်၊ ဗမာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်နှင့် ဗမာ့လက်နက်ကိုင် ပုလိပ်အဖွဲ့များကို တတပ်ပြီး တတပ်လှည့်လည် ရှုစားလေသည်။ ထိုအချိန်တွင် ကရင် အမျိုးသားတပ်က ဘင်ခရာတီးမှုတ်လေသည်။

ပါလီမန် လှတ်တော်ရှေရှိ အလံတိုင်ပေါ်မှ ဖြိုတီသျှတို့၏ ယူနီယံဂျက်အလံမှာ နံနက်ခင်းအချိန်တသုန်သုန်တိုက်ခိုက်လျက်ရှိသောဆောင်းလေကြောင့် တဖျတ်ဖျတ် လှုပ်ရှားလျက် ရှိလေသည်။

နံနက် ၄-နာရီ ၁၉-မိနစ် အချိန်တွင်ကြွေရောက် လာသော ပရိတ်သတ်အားလုံး ငြိမ်သက်စွာ နေကြရန်မီးရောင်ပြ၍အချက်ပေးလိုက်သည်။

အလံတိုင်အရှေ့ဘက်နှင့် အနောက်ဘက်တွင် အသီးသီးရပ်နေကြသော ဗာမင်ဟမ် စစ်သင်္ဘောမှ အရာရှိနှစ်ဦးနှင့်ဗမာ့ရေတပ်မှ ဗမာအမျိုးသားရေတပ်အရာရှိနှစ်ဦးတို့သည် အခါတော်ကြားအမြောက်သံကို နားစွင့်လျက်ရှိကြ၏။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိအချိန်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော ဗာမင်ဟမ် စစ်သင်္ဘောကြီးမှ အခါတော်ကြားအမြောက်များ ပစ်ဖောက်လိုက်သည်နှင့် တပြိုင်နက်ဘင်ခရာအဖွဲ့က ထုံးစံအတိုင်း တီးမှုတ်၍ ဖြိုတီသျှ ရေတပ်ဗိုလိဘဉီးက ဖြိုတီသျှယူနီယံဂျက်အလံကို တဖြည်းဖြည်း ဆွဲချလေသည်။ ထိုအချိန်တွင် အင်္ဂလိပ် ဘုရားရှိခိုးဓဏ္ဍာင်း များမှ ခေါင်းလောင်းသံများ၊သင်္ဘောဥဩဆွဲသံများ၊ သေနတ်ဖောက်သံ မီးအိုးဗျောက်အိုးသံများ တမ္ဘိုလုံးခြိမ့်ခြိမ့်အုန်းမျှဆူညံသွားလေသည်။ မီးကျည် မီးပန်းများလည်း ကောင်းကင်တွင် ရှုမငြီးအောင် ထိန်လင်းနေပေတော့သည်။

ဖြိုတီသျှ ယူနီယံဂျက် အလံကို ချသည်နှင့်တပြိုင်နက် ဗမာ့ရေတပ်မှ အရာရှိစောချစ်စိန်၏ လက်တွင်းမှ ပြည်ထောင်စုဗမာ့အလံတော်ကြီးသည် ထိုးထွက်လျက် တိုင်ထိပ်သို့ တဖြည်းဖြည်းတက်သွားလေသည်၊ ထိုအချိန်တွင် စစ်တီးဝိုင်းမှ အမျိုးသားသီချင်းသံသည် မင်္ဂလာအပေါင်းနှင့် ငြိမ့်ငြိမ့်လေးလေး ပေါ်ထွက်လာလေသည်။ အလံတော်ကြီးသည်တိုင်ထိပ်သို့ရောက်ပြည်

www.burmeseclassic.com

www.burmeseclassic.com

နှင့်တပ်ပြိုင်နက် ပုဏ္ဏားတော်များသည် ခရေသင်းများကို တီးမှုတ်ကာ ဆိုင်ရာအသင်းအဖွဲ့အသီးသီးနှင့် မင်းပရိသတ်အပေါင်းတို့သည် အလံတော်ကို အလေးပြုကြ၏။ စည်တော် သည်လည်း ယွန်းလျက်ရှိ၏။

ထိုနောက် နံနက် ၄-နာရီ ၄၀ မိနစ် အချိန်တွင်အထက်ဖော်ပြပါ ပရိသတ်အပေါင်းတို့သည် အစီအစဉ် အတိုင်း ယာယီပါလီမန်(တိုင်းပြည်ပြု လွှတ်တော်) ခန်းမကြီးထဲတွင် စုရုံးကြလေသည်။

ပရိသတ် စုံညီရောက်ရှိလာပြီးသည့်နောက် ၄ နာရီ ၄၅ မိနစ်အချိန်တွင် နိုင်ငံတော်သမတကြီး စောရှေသိုက်သည် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုယာယီပါလီမန်(တိုင်းပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြတ်နှင့်အတူ လွှတ်တော်ခန်းမကြီးသို့ ဝင်လာရာ ပရိသတ်အပေါင်းတို့ကမတ်တတ်ရပ်၍ အလေးပြုကြ၏။

လွှတ်တော်ခန်းမကြီးတွင်ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွကျွန်းသူးသော ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံကြီးများမှာလည်း 'ငါတို့ချထားသော လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်လေစ' ဟူ၍ ကောင်းချီးထောမနာပြုလျက် ပရိသတ်များအား ကြည့်နေသကဲ့သို့ရှိ၏။ လွှတ်တော်ခန်းမကြီး အတွင်း၌ မြန်မာရွှေပြားရှင်ကုမ္ပဏီများကဂင်း နိုင်ငံခြား ရွှေပြားရှင်ကုမ္ပဏီများကဂင်း လျှပ်စစ်လက်သကဲ့သို့ တဖျတ်ဖျတ်နှင့် ရိုက်ကူးကြ၏။

သမတကြီးစင်မြင့်ပေါ်တွင်နေရာယူပြီးနောက် သမတရာထူးကို လက်ခံသိမ်းပိုက်ကြောင်း ကျေညာလိုက်လေသည်။ ထိုခနာတ္တိ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

အတည်ဖြစ်ကြောင်း ကျေညာလိုက်ရာ တခဲနက် သြဘာပေးကြလေသည်။

တို့နောက် လွှတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် အသက်စွန့်လွှတ်သွားကြရရှာသော သူတို့အား သတိရသော အထိမ်းအမှတ်ဖြင့် ၂ မိနစ် ငြိမ်သက်နေကြ၏။ ထိုနောက် နိုင်ငံတော် ဝန်ကြီးချုပ် သခင်နုသည် အောင်စေသတည်း အစချီသော လွှတ်လပ်ရေး ကျေညာစာတမ်းကို ဖတ်ပြီး ဦးကျော်မြင့်ကလေး တိုင်ပေးသော နိုင်ငံတော်သီချင်းကို စုရုံးရောက်ရှိလာကြသော ပရိသတ်အပေါင်းတို့က သီဆိုကြလေသည်။

နိုင်ငံတော်သီချင်းဆိုအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ်သည် ရာထူးဆိုင်ရာကျမ်းသစ္စာနှင့် လျှို့ဝှက်ရန် ကျမ်းသစ္စာများကို ကျိန်ဆို လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမတကြီးက ဝန်ကြီးချုပ် သခင်နုအား ဌာနဆိုင်ရာ တံဆိပ်တော်ကို အပ်နှင်း လေသည်။

ဝန်ကြီးချုပ်က လွှတ်လပ်ရေးမိန့်ခွန်းစကားကိုမြွက်ကြား၏။ ပြီး၏။

(ထိုစဉ်က တိုင်ထိပ်မှ ချလိုက်သောအင်္ဂလိပ်ယူနီဂျက်အလံကို သုတေသီတဦးက သိမ်းဆည်းခဲ့ရာ ရခိုင်တိုင်းတွင် ရောက်ရှိနေသည်ဟု သိရသည်။ ထိုနေ့နံနက်၊ လွှင့်တင်ခဲ့သော နိုင်ငံတော်အလံကိုကား မည်သည့်အရပ်တွင်ရှိသည်ဟု မသိရသေးပေ။ ဤအလံနှစ်ခုမှာ သမိုင်းဝင်ဖြစ်၍ ပြတိုက်တွင် အမှတ်တရ သိမ်းဆည်းထားရမည့် အလံတော်ဖြစ်လေသည်။ သမိုင်းဝင်ပစ္စည်းကို တနီ

www.burmeseclassic.com

www.burmeseclassic.com

ဖိုးထားသော နိုင်ငံမျိုးတွင် ဤသို့သောအလံတော်နှစ်ခု၏ တန်ဖိုးကို ဆုံးဖြတ်ရန် ခဲယဉ်းသည်။(စာရေးသူ)

+ × ×

အောက်ပါကာတွန်းရုပ်ပုံများနှင့်ဆောင်းပါးရှင်မှာ ၁၉၅၆ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေး အထူးထုတ်ထွန်းနေစဉ်သတင်းစာမှ အထူးသတင်းထောက်၏ ရေးသားတင်ပြချက်မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ခြင်းဖြစ်သည်၊ မြန်မာနိုင်ငံ၏ အနှစ်လေးဆယ် အတွင်း အပြောင်းအလဲများကို မျက်မြင်ကိုယ်တွေ့ ပီဗီပြင်ပြင် ကွက်ကွက်ကွင်းကွင်းပေါ် အောင် ရေးသားတင်ပြထားခြင်းဖြစ်သည်။ စာရေးသူသည် စာနယ်ဇင်းမျိုးမှ ဆောင်းပါးများကို ဖြတ်ယူသိမ်းဆည်းထားသည်ဖြစ်ရာ ပိုမိုခိုင်မြဲရန်နှင့် နှောင်းလူတို့ အစဉ်အမြဲ လေ့လာနိုင်ရန် မူအတိုင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။ နိုင်ငံရေး တခြောင်းဆွဲ ပန်းချီကွက်ဆိုသည်မှာ တခြောင်းဆွဲ ပန်းချီသဘော နိုင်ငံရေး မြင်ကွင်းများကို တင်ပြခြင်းဖြစ်ကြောင်း ဆောင်းပါးရှင်က နိဒါန်းပျိုးထားလေသည်။ ကာတွန်းသရုပ်ဖော်သူမှာ ဦးဖေသိန်းဖြစ်သည်။

နှစ်လေးဆယ်မြင်ခဲ့ရသော

နိုင်ငံရေးတခြောင်းဆွဲပန်းချီကွက်

ရေးသူ-အထူးသတင်းထောက်

ကာတွန်း-ဦးဖေသိန်း

ဤနိုင်ငံရေးပန်းချီကွက်ကလေးများကို ရေးသည့်အခါ ကိုယ်မြင်ခဲ့ရသောကဏ္ဍမှစပါ၍ ထောင်း အတိုရုဇာခေါ်ကာ မစနိုင်ပါ။

နောက်ဆုံး ကုန်းဘောင်ခေတ်မင်းဆက် သီပေါမင်းပါတော်မူပြီး ၂၉ နှစ်(၁၉၁၅)ခုနှစ်မှစ၍ ရေးပါမည်။ ဤဝန်းကျင်သို့ မတော်တဆ ရောက်ရခြင်းမဟုတ်ပါ။ ကျွန်တော့်အဖေ၏ အသိဉာဏ်ကြောင့် မန္တလေးဗုဒ္ဓဘာသာကျောင်းမှနေ၍ ဤလောကသို့ ခပ်ရေးရေးကလေး မြင့်ခဲ့ရခြင်းဖြစ်ပါသည်။

မန္တလေးမြို့၌ တိုင်တားဝင်း ရှိခဲ့သည်ဟူ၍သိရသည်၊ တခါမှ မရောက်ဘူးသော နေပြည်တော်တိုင်တားဝင်းမှ ကုက္ကုိပင်ကြီးကိုဗဟိုပြု၍နေခဲ့သည်၊ ကွယ်လွန်လေပြီးသော ဦးထွန်းရှိန်၏ခေတ်ထဲသို့ရောက်ခဲ့သည်။(တိုင်တားဝင်း၏ ရှုခင်းယနေ့ပျက်ပြီ။)

× × ×

နိုင်ငံရေးအမြင်နှင့်မြင်မိသည်။ အသက်ရှင်နေသော မြန်မာတို့၏ ကံကြမ္မာကို တဦးတည်း၏ လက်ဝယ်သို့ အပ်နှင်းထားသော ခေတ်ကို အသက်ဦးဆံပိုင်ခေတ် ဟူ၍ခေါ်သည်။ ဘယ်လိုပင်ရေးရေး ဘယ်လိုပင်ဆိုဆို အရှင်နှစ်ပါးကိုလွမ်းသည်ဟူသောအသံကို ဟိုခေတ်ကကြားခဲ့ရသည်။ ပြော် နိုင်ငံရေးဟာ ချစ်မှုမုန်းမှုပေါ်မှာ တည်သကိုး။ ဒါကြောင့် အခြေအနေကြီးကို အတင်းပြောင်းကြသည်ဟု ဟိုတုန်းက မတွေးတောမိချေ။

နိုင်ငံရေးစပြီ

နိုင်ငံရေးစမှန်း ကျွန်တော်မမြင်ခဲ့ချေ။ ထိုခေတ်က နိုင်ငံရေးတစိုတ်တဒေသကို ဗဟုသုတရှာဖွေရန်အလို့ငှာ အသင်းဖွဲ့ကြသည်။ ထိုအသင်းဝင်များ ဖြစ်ကြသော ကျောက်စာဝန် မစ္စတာ တော်စိန်ခို၊ တာရာဦးညွှန့်တို့ ကို မြင်ဘူးခဲ့သည်။ နိုင်ငံရေးသမားကွဲကြရာမှ ဗဟုကြီးဟု နောက်ပြောင်၍ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောင်ပေါ် ပိုးခေါင်းပေါင်း ပုဆိုးရှည်နှင့် တာရာဦးညွှန့်ကို ဤစာရေးရင်း မျက်စိမှိတ်၍ကြည့်ရာ ဤသို့မြင်သည်။

မန္တလေး
တာရာသတင်းစာ
အယ်ဒီတာ
ဦးညွှန့်၏ပုံ

မြင်သမျှကို အထင်ကြီးရသောဘဝ သည်ပြေပျော်စရာအကောင်းဆုံးပါတကား။ အစည်းအဝေးများတွင် ရေးဖတ်မိန့်ခွန်းကို ဖတ်ကြသည်။ မသာများတွင် ကခုန်ခြင်းမှာမသင့်ကြောင်းကို ဦးညွှန့်သည် ဖတ်ပြသည်။ အရပ်သုံး စကားတွေ့မပါ ချေ။စကားလုံးတွေ့သည် ခန့်ညားလှ၏။ သို့သော် လူတွေ့စိတ်တွင် ဘယ်လောက် များစွဲလန်းသလဲမသိခဲ့ပါ။

× × +

ဟိုခေတ်ကလူငယ်

လူငယ်မှာ အားတခုရှိသည်။ ချစ်စရာရှိလျှင် ဤအချစ်ကို အမြတ်တနိုးထားတတ်သည်။ ချစ်သူကိုမရလျှင် သတ်သေလေ့ရှိသည်။ ဤလူငယ်တို့၏စိတ်သည် နိုင်ငံရေးတွင် စိတ်ဝင်စားမိသည့် အခါ ဒိုင်နမိုတလုံးထက် အားကြီးသည်။ ဟိုခေတ်က ဝိုင် အမ်ဘီ အေ တည်ထောင်သူတို့သည် လူငယ်များဖြစ်ကြသည်။

ထိုခေတ်က သတင်းစာမဖတ်တတ်ကြသေးချေ။ ဗုံဒွဘာသာ ကျောင်းကြီးကို ရောက်ခြင်းသည်ကား ဂုဏ်ရှိလှသည်ဟု ထင်ခဲ့သည်။ အင်္ဂလိပ်ဘာသာအားဖြင့် အလိုရှိသည်ကို (Wanted) ဟူ၍ရေးသည်။ဤလောက်ကစ၍ ရန်ကုန်ဂေဇက်ကို ဖတ်မိသည်။ ဆရာကြီးဦးထွန်းရှိန်သည် ပုဆိုးရှည်နှင့် လမ်းလျှောက်နေသည်။

ဝိုင်-အမ်-ဘီ-အေ အသင်းတွင် သူစိတ်ဝင်စားသည်။ဆရာကြီး၏ အသက် ၂၇ နှစ်လောက်ရှိသေးသည်။ နိုင်ငံရေးသဘောတရား ဟူ၍မျှားရှိသလား ကျွန်တော်မသိခဲ့ပါ။ မသိခဲ့ခြင်းသည် လပ်ထူးကြီးတခုဟု ကျွန်တော်စာရေးရင်းယူဆမိသည်။

× + ×

ဦးထွန်းရှိန်၏ အချစ်တော်ထဲမှာ ကျွန်တော်တယောက်ပါခဲ့သည်။ သက္ကလပ်အင်္ကျီကြယ်သီးအကုန်တပ်၊ ရှပ်အင်္ကျီလည်သားဖြူဖြူ(ကောင်လာမဟုတ်) ပုဆိုးရှည်လက်ပေါင်းခေါင်းပေါင်းကိုပေါင်းသည်။ နှုတ်ခမ်းမွေးရေးရေးကိုပါထားသည်။ဆရာကြီးသည် ယခုခေတ်၏ဟန်ဖြင့်(သူ၏)ဆိုသောစကားကိုသုံးလို ဖေ-ပု-ရှိန်သည်။ ဆရာကြီးကိုရိုသေ၍(သူ)ဆိုသောစကားကို တွင် ပါ မသုံးတော့ပါ။ ဆရာကြီး(ပုလဲသခင်)အိမ်သို့လိုက်ခဲ့ သော ဆ ဟုခေါ်သည်။ဒေါ့ကတ်ရထားခေတ်ဟူ၍ဤခေတ်က ရာ ကြီး ဦး ခေါ်ကြသည်။အသံစီစီနှင့် ဦးကျော်ရန်၏ အသံကို ထွန်း ရှိန် နေရာတိုင်းမှာကြားရသည်။ မန္တလေး ရှေ့တချောင်းအနီး ရောမ တိုက်ကြီးတတိုက်၏ ဝင်းထဲသို့ရောက်ကြသည်။ အင်္ဂလိပ်သတင်းစာတွေ့မြင်ရသည်။(မဂ္ဂနက်)ခေါ် သတင်းစာဖတ်ရသည်။မြင်းမူ မောင်သန့် သူပုန်ကိုရေးသားထားသည်မျှလောက်ကို ကျွန်တော် ဖတ်ရသည်။ ယနေ့ သမန်ကာလျှံ ကာ လုပ်နေသည်ဟု ထင်ရ ဆမျှသည် တနေ့နေ့ ရာဇဝင်ဖြစ်မှာ သေချာသည်။ ဟိုခေတ်က ကျွန်တော်တို့တတွေ အိန္ဒိသားတွေဖြစ်မှန်းကိုမသိခဲ့။ ၆ပ၊ ၃၂ ဥပဒေအရ၊ စတက်ကျ။တရီအင်ဒီးယန်းသာ ဖြစ်သည်သို့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်မသိခဲ့ပါ။ အိန္ဒိယအင်ပါယာထဲမှာ သူမျှား၏ ပြည်နယ်လိုနေတို့လောက်ပင်လျှင် ရည်ရွယ်ချက်ပစ်ကွင်း တခုအဖြစ် ချမှတ်ခဲ့ကြသည်။

ရန်ကုန်ကို ကျွန်တော် မရောက်ဖူးသေးချေ။ ဦးမေအောင် ဦးဘဖေဆိုသော အသံတွေကို ဆရာကြီးကပြောသည်။

အော် ကလေးတွေအရူးဘဲဆိုကြသည်။ ပတမ ကမ္ဘာစစ်ကြီး ဂျာမနီတို့၏ ဘုရင်တဆူဖြစ်သော ကိုင်ဇာစီယီယန် နိုင်ပါစေလို့ ဆုတောင်းကြသည်။ ဆရာဇင်က မဟာမိတ်နိုင်မည်ဟူ၍ ပြောသည်။

ဦးထွန်းရှိန်က တိုင်းပြည်က ကိုယ်စားလှယ် တင်မြှောက်ခြင်းကို အီလက်ရှင်းဟု ခေါ်သည်။ ဒုတိယ ဘုရင်ခံ၏ အကြိုက်ကို ရွေးလျှင်(နော်မိုနေရှင်း) ခေါ်သည်ဟု ကျွန်တော်တို့ကို ပြောသည်။ ကျွန်တော် စိတ်မဝင်စားခဲ့ပါ။ အငြိမ့်တွေကို ကြည့်ကြ၊ သီချင်းကျက်ကြရခြင်းကား သိပ်ပျော်စရာကောင်းသည်။

× + ×

မြန်မာတို့၏ တူရိယာအကြောင်းမရေးလိုပါ။ ရေးလျှင်ရှည်လျားသွားပေမည်။ အစည်းအဝေးတွင် စကားပြောရာ အစအဆုံး အင်္ဂလိပ်လိုရေး၍ ဖတ်ကြသည်။ နားလည်သူကတရာမှာ တယောက်ရှိမည်မထင်။ ကြွားကြတာဘဲထင်ပါ၎ဟုယူဆမိသည်။ စိန်ပီတာကျောင်း ဦးအုန်းသွင်၊ ဝတ်လုံ ဦးစုတို့ ရေးဖတ်မိန့်ခွန်းပေးကြသည်။ ယနေ့ တိုင်းထွာပုံနှင့် တိုင်းထွာ ရလျှင် အတော်နိမ့်သည်။ သို့သော် ဟိုတုန်းက ကျွန်တော်သည် သူတို့ အင်္ဂလိပ်စာကို အကဲမဖြတ်နိုင်ခဲ့ပါ။

× × ×

ဘာကြောင့်မှန်းမသိ။ ကျွန်တော် စိတ်မချမ်းသာစရာတခု တွေ့ခဲ့သည်။ ဟိုအခါက မစ္စတာ ဆင်းသည် ပညာဝန် ဖြစ်ခဲ့သည်။

နာမည်ကို မဖော်ရက်ပါ၊ ကျွန်တော်၏ အတန်းပြ ဆရာသည် မစ္စတာ ဆင်းမ်ကို ရှိခိုးပြီး အင်္ဂလိပ်လိုပြောသည်။ ဆရာကြီး ပညာဝန်ကိုရှိခိုးနေပုံ ဦးထွန်းရှိန်သည် ရှိမခိုးသည့်အပြင် ဆရာကြီး ကပင် တင်းစားတင်စီးပြောသည်။ ရှိမခိုးခြင်းပင် သတ္တိကိုးဟု အောက်မေ့ခဲ့သည်။

ပညာရေးလောကတွင် ရှိခိုးရလျှင် ပြင်ပတွင် ဘယ်လောက်ဆိုးမည်ကို တွေးတော၍ ကြည့်နိုင်ကြသည်။ အင်္ဂလိပ်က ရှိခိုးခိုင်းဟန်မတူ။ ရှေးမင်းညီမင်းသားများကို ဘုရားထူး ရှိခိုးရသလို လုပ်ကြဟန်တူပါသည်။

အစိုးရအမှုထမ်းရန် စဉ်းစားသည့်အခါ ပင်ပန်းမှာမကြောက်ခဲ့ပါ။ ရှိခိုးရမှာကို ကြောက်ကြသည်။ နိုင်ငံရေး စိတ်ဟူ၍ ခေါ်ရမည်လားမသိ။ ဤစိတ်မျိုးဝင်စားသည်။

× × × ×

ကုလားတွေလွှမ်းမိုးခဲ့သောမြို့

ဤခေတ်တွင်ကုလားဆိုသောစကားမှာ အထင်အမြင်လွဲစေသော စကားဟူ၍ဆိုကြသည်။ ရှေးပုဏ္ဏားဖြူ ပုဏ္ဏားညိုဟူ၍ရင်း၊ ကုလားဖြူ ကုလားညိုဟူ၍ရင်း၊ ဆုဇဝင်တွင် ရေးခဲ့ကြသည်။ ဟိုအခါက သုံးနှန်းသော စကားအရ သုံးရလျှင် ရန်ကုန်သည် ကုလားမြို့ကြီး ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီဟူ၍ဆိုလျှင် ယနေ့ပင် စိတ်ဆိုးကြသေးသည်။ (ဟေ့ ကောင်တွေ ကုလားတပ်နှင့် မန္တလေးသွားသိမ်းလိုက်)ဟု လန်ဒန်မြို့စာနေ၍ မှာသဖြင့် ရသောမြန်မာပြည်နယ်ကလေးဟူ၍ မြန်မာပြည်ကို သဘောထားကြသည်။

နိုင်ငံရေးစိတ်ရှိ၍သာ ဤအတွေးမျိုး ကျွန်တော်၏ စိတ်တွင် ဝင်လာသည်။ငါသည် ဥပဒေအရ ကုလားပါတကားဟု မည်သူမှ မဆိုကြသေးချေ။ မြန်မာနိုင်ငံသည် ထိုအခါက အိန္ဒိယပြည်နယ်မှန်းမသိကြချေ။ ဆိုင်းဘုတ် တပ်ရာတွင် သခင် အင်တိုနီစထဖြင့် ရေး၍ထားကြသည်။

နိုင်ငံရေးစိတ်နှင့် အကင်းကွာဆုံးတွင် ကျွန်တော်နေသည်။ မြို့အုပ်ဟူသောဟိတ်သည် ရှေး ပဒေသရာဇ် မင်းတပါးလောက် ထင်ကြသည်။

\+ + +

အခွန် အတုတ် ပေးသကဲ့သို့ လပ်ကို ပေးကြရသည်။ အောက်ဆုံးအလွှာ၌ ငွေမစားမင်း မရှိဟု ယူဆကြသည်။

ဤရန်ကုန်မြို့သို့ကျွန်တော်ရောက်ခဲ့သည်။ တောတွင် ခံစားရသော ဒုက္ခတွေက ကျနော့် အား နိုင်ငံရေးကမြို့အုပ် ရေး၏ အရသာကို ရှိစေရန် စေခိုင်း နေရော့ ကြီးတဦး၏ သလားမသိ။

နေပုံ ကလကတ္တား ယူနီဘာစိတီနှင့် ဆက်ထားသော ရန်ကုန်ကောလိပ်ကျောင်းရှိ အင်္ဂလိပ်လူမျိုး ပရော်ဖက်စာတွေ၏ ဗဟိုတွင်ရောက်ခဲ့သည်။ ကုလားစကားမတတ်ချင်လူအ ဖြစ်ခဲ့ရသည်။ကုလားစကားတတ်ရသည်။အင်္ဂလိပ်စကားကို

နှုတ်ကမထွက်ရဲ၍ ဒမ်(မ်)အက်စ်(လ်)ဟူသောစကား Damnit ဆစ၍ ကျင့်မိသည်။

o o o

စွန့်ရဲသူတို့၏အသံ

နိုင်ငံရေးကို လိုက်စားပါရစေဟူ၍ ဆုတောင်းသော်လည်း ဖြစ်နိုင်မည်မထင်။ သူများအလျင်သို့ သူများအလျင်နာတတ် သူတွေ့သည် နိုင်ငံရေးကို လိုက်စားကြဟန် မတူကြပေ။ ထိုအခါက အသက် ၃၅နှစ်တွင် အိုင်အေတွင်နေသူ တဦးကို မြင်ရသည်။ တက်ကြားကြွကြွရှိလှသော ကောလိပ် ကျောင်းသားတို့ စေ့းကောင်းလှသည်။ စေ့းကောင်းတုန်းတွင် ကျနော်တို့ပါ ဝင်ခဲ့သည်။

ဒီမိုကရေစီ၏ 'အဓိပ္ပာယ်' ခေါ်စာအုပ် မဟာတ္တမဂန္ဓီ၏ အတ္ထုပ္ပတ္တိ၊ဦးရွှေကျူး ထုတ်သော မြန်မာ့ အလင်း မဂ္ဂဇင်း၊ ဆင်ဗိန်းသတင်း (အိုင်ယာလန်ပြည်) ဒေါက်တာဆွန်ယက်ဆင်၏ အတ္ထုပ္ပတ္တိ၊ လွှိုက်ဂျော့၏ မိန့်ရန်ကုန်ကောလိပ် ခွန်းတွေ့ကိုဖတ်ကြသည်။ အမေရိကန် သာကျောင်းသားတဦး သနာပြု ကျောင်းသား တို့သည် ထိုအခါက အတော်ပင်လူပါးဝသည်။ ဤစာရေးနေစဉ် ကျ၊ ၃ ကျ စနစ်ကို ကြားရသည်။ ထိုအခါက ၇နှစ် ကျနေသူတို့နှင့် နေခဲ့ရ၏။

အရှင်ဥတ္တမသည် အမေရိကန်မှပြန်လာပြီး (ငါနေဒါ ကျင်းကျပ်လွန်းလို့) ဟူ၍ စတင်ပြောဆိုသည်။ ထို ကိုယ်တော်ကို ကျနော်မမြင်ဘူးချေ။

o o o

www.burmeseclassic.com

www.burmeseclassic.com

သွားချင်လှသည်

ထိုခေတ်တွင် မြန်မာက အင်္ဂလိပ်စာဖြင့် ဆောင်းပါးရေးတတ်လျှင်- အုံ့တပါးဖြစ်ကြသည်။ဆူးလေဘုရားလမ်း နံပတ် ၁၁ ကိုရွှေဇံအောင်၏ သား ကိုခင်မောင်ကြီးနှင့် အတူ သွားကြည့်သည်။ အရှင်ဥတ္တမသည်(ဝိုင်-အမ်-ဘီ-အေ)အခန်းတွင် သီတင်းသုံးနေသည်။ ဘိလပ်ပြန်ဝတ်လုံဖြစ်ဘို့မှာ မြန်မာတို့၏အမြင့်ဆုံးမှန်းဆချက်ပင်ဖြစ်သကိုးဟူ၍ကျွန်တော်ငဲ့ခဲ့သည်။ ဦးဥတ္တမသည် ပက်ပက်စက်စက် ပြောလွန်း၍ ပွဲကျခဲ့သည်။ "ဘိလပ်သွားပြီးခွေးလည်ပတ်ကြီးတွေ ပတ်ပြန်လာတယ်" စသည်ဖြင့် ပြောလေ့ရှိသည်။ ထိုအခါက စူးအက်တူးမြောင်းဖောက်ရာမှ အကြောင်းပြု၍ ၈ပါးစေ့းကောင်းခဲ့သည်။ ဌေ၏တန်ပိုးမြင့်ခဲ့သည်။

သတင်းစာတွေ

နိုင်ငံရေးသမားတွေကို ခေါင်းခေါက်ပြီး အတင်းပြောသော ပတ်ဝန်းကျင်တွင် ကျွန်တော်ရောက်ခဲ့သည်။ ရန်ကုန် ကောလိပ် (အိုင်အိုဂျီတီ)အသင်းတွင် ကျွန်တော်ပါဝင်ခဲ့သည်။ "ဘားမား အော်ဗဇားဗား" ခေါ် တပတ်တကြိမ်ထုတ် သတင်းစာမှာ ရောင်း၍ကောင်းသည်။ နယူးဘားမားသတင်းစာတစောင်ပေါ် လာပြန်သည်။ဤသတင်းစာလောကမှနေ၍ ကျောင်းသားတွေ၏ ဦးနှောက်တွင် လမိုင်းစိတ်သွင်းပေးဟန်တူသည်။

ရှေးက အယ်ဒီတာ တဦးသည် ပုဆိုးရှည်ဝတ်၍ အစည်းအဝေး တက်လေ့ရှိသည်။ ညနေတွင် လမ်းမတော် တရပ်ဆိုင်သို့ သွား၍ လေပန်းကြသည်။

ရှေးအယ်ဒီတာ

လေမှုန်တိုင်း

ဘယ်က စ၍ လေမှုန်တိုင်း တိုက်ခတ်သည်ကို ကျွန်တော် မမှန်းတတ်ချေ။ ၁၉၂၀ ပြည့်နှစ် သပိတ်လေမှုန်တိုင်း တိုက်ခတ်ရာတွင် ကျွန်တော် တဦးပါသွားသည်။ဘီအယ်လ် အောင်မြင်လိုသူ 'ကျွန်တော်တဦးသည် နိုင်ငံရေးသမားဖြစ်မှန်းမသိဖြစ်ရပြီး မိဖနှစ်ပါး မရှိခြင်းကြောင့် သာ၍ လွင့်လေသည်လား မသိချေ။ ယနေ့ မေ့ပျောက်နေသော သတင်းစာအကြောင်းကို မရေးတဲ့ နိုင်ငံရေး ရေစီးကြောင်းပြောင်းပုံကိုသာ ဖိ၍ရေးသားပါရစေ။

နိုင်ငံရေးသတင်းထောက်ဖြစ်ပြီ

သတင်းစာလောကသို့ ကျွန်တော်ဝင်သည်။ စာအုပ်တွေကို ဘယ်လို ကိုးကားရမည်ကို ဆရာဦးခင်မောင်က သင်ပြီး အခါမှာ (မော်လီ-မင်းတိုး) ပြုပြင်ပြောင်းလဲရေးအဆင့်တွင်သာ သောင်ဘင်ခဲ့သည်။ ရန်ကုန်သို့ လော့ဒ်မင်းဟိုး လာမည်ဆို၍ (မင်းတိုး-မင်းရှင်)ဟော်တယ်ကြီး ရန်ကုန်မြို့ ဟယ်လ်ပင်လမ်းတွင် ပေါ်ခဲ့သည်။ မြင်းပွဲတွတ်ကို မစ္စတာဘေး ဤမှာနေသည်။ ထိုနေရာတို့ ရောက်ရာ"အမယ်လေး ကြီးကျယ်လိုက်တာ" ဟူ၍ ရှုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒု-ဘုရင်ခံ၏ လက်ထက်တော် အစည်းအဝေးကို ဆင်မဆန်လမ်း ဖရီးမေ့ဆင်း ခန်းမတွင် ကျင်းပသည်။

ကျွန်တော် တကြိမ်ပင် ဤလူ ၁၂-ယောက်လောက် တက်သော လက်ထက်တော် ငယ်ကလေးကို ရောက်ခဲ့ရသည်။ မစ္စတာ ကွားဒရတ်စ်သည် ၆၅ နှစ်အရွယ် ရှိ သတင်းထောက်ဖြစ်သည်။ သူနှင့်အတူ သတင်းယူခဲ့ရသည်။

ဒု-ဘုရင်ခံ၏ လွှတ်တော်ပုံ

ရာဇဝင်ကို ရေးခြင်းမဟုတ်။ တကြောင်းဆွဲပန်းချီမျိုးဖြစ်၍ လျှောကားထစ်သဘွယ် ဖြစ်လာပုံကို ရေးသားတော့မည်။

၁။ မော်လီမင်းတိုး ပြုပြင်ပြောင်းလဲရေး။

၂။ ဒိုင်အာခီ။

၃။ ၁၉၃၅-ခုနှစ်၊ ၇-နိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေ ၉၁-ဌာန အုပ်ချုပ်ရေး။

၄။ အိန္ဒိယနှင့် ခဲပြီ။

ဤအဆင့်တွေစပ်ကြားတွင် တဝဲလယ်လယ် ကျွန်တော်သည် နေခဲ့ရသည်။

မှတ်မိသရွေ့

၁၉၁၉-ခုနှစ်လောက်တွင်ရန်ကုန်ကျုံးကြီးလမ်းတနေရာတွင် ဝတ်လုံ ဦးဘဦးကဉ္ဇာဒေါ်ဖြစ်ထား၍ ဝတ်လုံ ဦးထွန်းက အင်္ဂလိပ် ဘာသာဖြင့် စကားပြောသည်။ ဦးမှန်ဆိုသူ တယောက်ကိုတွေ့ရသည်။ ဦးဘဦးကား သမတဖြစ်ခဲ့၍ ဦးထွန်းကား ယခု ဝတ်လုံ ဖြစ်ပြီး ကိုမှန်မှာ ယခု ဦးဝိသုဒ္ဓ ဘွဲ့တော်နှင့် ဆရာတော်တပါး ဖြစ်နေသည်။ ယခုဖြစ်ပုံကိုကြည့်လျှင် အတော်ပင် နိုင်ငံရေး အလှမ်းကျယ်သည်။

ပထမဦးစွာမြင်ရသောအစည်းအဝေး

၁၉၂၁ ခု၊ နိုဝင်ဘာလလောက် အချိန်သည် သပိတ်တွေ့လက်ပမ်းကျခဲ့သည့်အချိန်ပင်ဖြစ်သည်။ အသက်ငယ်ငယ်တွင် (ဖိုးစ္ဓ) တယောက်ကျနေ်ာ်ဖြစ်ကာ မန္တလေး နဝမအကြိမ် ဂျီ-စီ-ဘီ-အေ သို့ ကျနော် ဝင်ရောက်ခဲ့သည်။

ထိုအခါ ကျနော်သည် သတင်းထောက် မဖြစ်သေးချေ။ ပန်းချီကွက်သဘောရေးသားသည်မှာအစီအစဉ်လွဲသွားပါသည်။

မန္တလေးမျက်ပါးရပ်(ဂျီ-စီ-ဘီ-အေ)မဏ္ဍပ်တွင် ဘုန်းတော်ကြီးတပါး ဟောနေသည်ကို ဤသို့မြင်မိသည်။

ဒီပဲရင်းဝန်ထောက်ကြီး ဦးမြကချယ် ယာမင်ဖြစ်သည်။

နိုင်ငံခြားကုန်တွေကို သပိတ်မှောက်ရမည် ဟူ၍သာ ဘက်မှ အဟောကောင်းသူတို့က ဖိ၍ပြောကြသည်။

အင်္ဂလိပ်စကားတတ်သူတွေသည်ဤ နဝမ ဂျီ-စီ-ဘီ-အေ တွင် ကျဆုံးခဲ့ကြသည်။ သူတို့သည်သော အသွင်မြင်ရပုံ ကိုထွေးလောက်ပင် လေယူလေသိမ်း မကောင်းချေ။

www.burmeseclassic.com

www.burmeseclassic.com

စီပီ ဦးခင်မောင်တို့သည် ထိုခေတ်က မှန်စီ ရှေချတွေ့ထဲတွင် တဦးပါဝင်ခဲ့သည်။ ထိုခေတ်ကို ဝံသာနုခေတ်ဟူ၍ ယနေ့ခေါ်ဝေါ်ကြသည်။

ဟိုတုံးကနိုင်ငံရေးသမားတွေ

ဖေ-ပု-ရှိန်ခေတ်သည် အတော်ကောင်းသော ခေတ်ပင်ဖြစ်သည်။ နိုင်ငံရေးသမားတွေသည် ဆူးလေဘုရားလမ်း နံပတ်၁၁ တွင် ဘီလီယက်ထိုးကြသည်။

ဝိုင်အမ်ဘီအေတွင် နိုင်ငံရေးသမားတွေ ဘီလီယက်ထိုးနေပုံ

အိန္ဒိယနှင့် တန်းတူနေရန်မှာ သူတို့၏ နိုင်ငံရေး ပစ်ကွင်းကြီးတခုပင်ဖြစ်သည်။ နာမည်တွေကား မျှားလှပေသည်။ မော်လမြိုင် ဦးထွန်းဝင်း၊ ဦးချစ်လှတို့ သတိရမိတော့သည်။

ကွဲသမျှမှန်ခဲ့သည်။

နှစ် ၄၀ ပြန်၍တွေးရာဝယ်အပေါ်ကစီး၍ ညီညွတ်သမျှမှားခဲ့သည်။ ဘုန်းကြီးကျောင်းဝင်းအတွင်း ဘိနပ်မစီးရန်။ ရှိမခိုးရန်၌ပင် ဝိုင်အမ်ဘီအေတွင်း ကွဲခဲ့သည်။ ဤသို့မှ လူတို့၏ ပိုင်ခွင့်ကို မပြေရဲလျှင် (ရှိခိုး) စနစ်ကိုဖြုတ်နိုင်ရန် အတော်ပင် ခဲယဉ်းပေမည်။

တော်လှန်ရေးဆိုသော စကားမှာ ၁၉၂၃ ခုနှစ်လောက်တွင် မမေ့မေးခေါ်။

လာမည့် ပြုပြင်ပြောင်းလဲရေး စာရင်းတွင် ပါဝင်နိုင်ဘို့ကို တွေးတောကြသည်။

စုန့်လှတ်သောစိတ်မှာ အိန္ဒိယနိုင်ငံရှိကွယ်လွန်သူစိအာရ်ဒတ်ခ်နှင့် မဟာတ္တမဂန္ဓီတို့ကသာသည်။

ဂျီ-စီ-ဘီ-အေမှာ အားပါးတရကွဲကြသည်။

ဂျီ-စီ-ဘီ-အေ မကွဲမီက ဆိုလျှင် နဝမအကြိမ် ဂျီ-စီ-ဘီ-အေက ၂၁ ဦးကို ထုတ်ပစ်သော အစည်းအဝေးဂျူဘလီတွင် ကျင်းပစဉ်ကရင်း၊ ရင်းနှောက် ပေါင်းတည်မြို့တွင် လှိုင်-ပု-ကျော် ဂျီ-စီ-ဘီ-အေ ကွန်ဖရင့်ကြီးဘူးဂျီ-စီ-ဘီ-အေ ရင့် အစည်းအဝေး ကျင်းပစဉ်က ရင်း၊ မဏ္ဍာပ်ကြီးပုံ တောင်ငူမြို့တွင် ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ ကွန်ဖရင့် ကျင်းပစဉ်ကရင်း၊ ကိုယ်တိုင်တက်ရောက်ခဲ့သည်။

မင်းဘူးမြို့ ဂျီ-စီ-ဘီ-အေ ကွန်ဖရင့်တွင် လွတ်လပ်ရေးမှ တပြားမှ မလျော့သော အဆိုကို ဆုံးဖြတ်ကြသည်။ ဆရာစံနှင့်ကျွန်တော်သည် ဤအစည်းအဝေးတွင် အတော်ခင်မင်ခဲ့သည်။

ကွဲခဲ့သည့်အစိတ်အပိုင်းကို ဤစာရေးနေသည့် အချိန်မှပြန်၍ ကြားသည့်အခါ တောင်သူလယ်သမားတို့၏ အုံကြွမှုတခုဟူ၍ ယူဆမိသည်။ ထိုအခါ ကျွန်တော်သည် 'ရိုက်တာ' ကြေးနန်းသတင်းထောက်ဖြစ်ခဲ့၍ ကိုယ့်ကိုကိုယ် အတော် အထင်ကြီးခဲ့သည်။ ဆရာစံသည် ကြိုးပေးခံရသည့်တိုင်အောင် သူကိုယ်တိုင် သိမသွားသော အချက်တွေများလှသည်။

သူ၏ စာအုပ်လက္ခဏာမှ ကျွမ်းကိုရောင်းရင်ရှေနှင့် ကျွန်တော်နိုင်ငံရေးစာအုပ်ခတွဝယ်ခဲ့သည်။ ဝဏ္ဏစ် ဂျဝါဟာလာ နေရှေ(ရှရှနှင့် ကျွန်ုပ်အမြင်)ခေါ် စာအုပ်မှ စာအုပ်စာရင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာရင်းကို သခင်ဘသောင်းထံမှရသည်ဟုထင်သည်။ မျှော်သောအားဖြင့် ကားလ်မတ်ဝါဒအကြောင်းကို ရေးသော စာအုပ်တွေကို ဝယ်ခဲ့သည်။

တင်းမာမှုပြတ်သည့်အခါ

ဤနေရာတွင် ဂျီ-စီ-ဘီ-အေ ကွဲပုံကို အကျယ်မရေးလိုတော့ချေ။ အကွဲတွေများလွန်းသဖြင့်ညီညွတ်ရေးအဖွဲ့ဖွဲ့ခဲ့၏။ မန္တလေးဗဟိုအမျိုးသားကျောင်းတွင်ညီညွတ်ရေး အစည်းအဝေး ကျင်းပရာပြင်ပမှဆန္ဒပြသူတို့ကို တားဆီးရာမှ ပုလိပ်က သေနတ်နှင့်ပစ်ခဲ့ရသည်။ ဦးထွန်းအောင်ကျော်၊ စီပီ-ခင်မောင်တို့သည် [illegible] ဖြစ်ကြရသည်။ ဤအစည်းအဝေးသို့ ကွယ်လွန်သူ ဦးပုက [illegible] တက်ရောက်ခဲ့သည်။

နိုင်ငံရေးမိုင်တိုင်

ဆရာစံ၏ သူပုန် ဒို့ဗမာ အစည်းအရုံးနှင့် မြေလျှင်ကြီးရိုက်ဟည်းတုန်ခိုလှုပ်ပုံတို့သည်တပြိုင်တည်း မွေးပေးလေသလား မသိချေ။ သူပုန်မှုတွေကို သာယာဝတီတွင်စစ်ဆေးပုံ၊ ဖျာပုံမြို့တွင်စစ်ဆေးပုံတို့ကို စိတ်မှာစဲ့နေသည်။

ပထမမှစစ်ကြီးအတွင်းက (၁) ဘာသာ။ (၂) သာသနာ။ (၃) ပညာဟူသော လေသံပေးရှိ နိုင်ငံခြားကုန်တွေကိုသပိတ်မှောက်ပုံမှာ ပြင်းထန်လာရာ ဒို့ဗမာ အစည်းအရုံးခေတ်၌ (လာမည့်ဘေးကို ပြေးရှိတွေ့ပါ၊ ဗမာစာသည်ဒို့စာ၊ ဒါဒို့ပြေ၊ ဒါဒို့မြေ)ဟူသောအသံကြီးသည် ပေါ်ထွက်လာသည်။ ဟော ဒို့ဗမာဟု ဒို့ဗမာသီချင်းကိုမွေးရှိ ထုတ်ခဲ့သည်။ ယနေ့အမျိုး အော်သော သားသီချင်း ဖြစ်လေပြီ။

သခင်တဉီး

သူတို့တတွေနိုင်ငံရေးဟောပြောမှုနှင့်စပ်လျဉ်းရှိထောင်ထဲသို့ သွင်းခြင်းကိုခံကြရသည်။

စိန်လက်စွပ်၊စိန်ကျယ်သီးတွေတဝင်းဝင်းနှင့် လွှတ်တော်အမတ် အချို့သည် လွှတ်တော်တက်ကြသည်။ အခွင့်အရေးကျားကွက် ကစားပွဲတွင် ကစားကြရာ ချွတ်ချော်ရာမှ ဒေါက်တာဘာမော်အနိုင်ရပုံ၊ ဝတ်လုံဦးပု၊ ဦးစောတို့ အနိုင်ရပုံ နယ်ချဲ့ခေတ် ခေတ်ကိုပြည်ဖုံးကားချတော့သည်၊ယနေ့ ထောင်ထဲသို့ပစ်ဝင်ကြပုံသတင်းစာဖတ်သူတွေသိကြပြီးဖြစ်သည်။

သာယာဝတီ သူပုန်ထသောနှစ်သည် နိုင်ငံရေး မိုင်တိုင်တခုပင်ဖြစ်သည်။ စစ်ရိပ်စစ်ငွေ့ကို ကြိုတင်မြင်၍ နိုင်ငံရေး ကျားကွက် ကစားကြပြီ။

သခင်အောင်ဆန်း

၁၉၃၆-ခုနှစ်က တက္ကသိုလ် သပိတ်မှောက်သည့်မှာ ကာလအားဖြင့် တိုတောင်းလှသော်လည်း အတွေး အခေါ်မြင့်သည့်အပိုင်းမှ လူငယ်တွေက လက်နက်ကိုင်မှ ဖြစ်မည်ဟု ယုံကြည်ခဲ့ကြလေသည်။

သခင်အောင်ဆန်းနှင့် ရေကျော် ဒို့ဗမာအစည်းအရုံး၌ ဘကြိမ်သာတွေ့သည်။ ထိုနောက်ရဲဘော်၃ ကျိပ်နှင့် နိုင်ငံခြားသို့ သွားကြသည်။

သုတပဒေသာ ၁၄၅

www.burmeseclassic.com

www.burmeseclassic.com

ဒုံးပေကတ်သတ်အကျဆုံး အသွင်ကို မြင်ရသည့် သခင် အောင်ဆန်းသည် ရှုပ်အင်္ကျီ မပါဘဲသက္ကလပ် အင်္ကျီဝတ်ပုံကို သတိရသည်။ စွန့်လွှတ်ဘို့ကို ရည်စူးသူ တို့သည် စည်းစိမ်ကို မမြင်ပါတကား။

ဗိုလ်ချုပ်အောင်ဆန်းကိုရေကျော်တွင်မြင်ရပုံ

နိုင်ငံရေး ရေကြောင်းတွေ မျှားလှသည်။ တကြောင်းဆွဲပန်းချီတွင် အကုန်မပါနိုင်ချေ။

ဂျပန်ဆန့်ကျင်ရေး တရားဟောကြသည်။ (ဖေဘီးယန်း)ပါ တိုအဟောဆုံးဖြစ်သည်။

ဝါဒဖြန့်စာအုပ်တွေမျှားလှသည်။

စာတတ်သူတွေ ခေတ်ကောင်းသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီ။ ရပ်ကွက်တကွက်လုံးတွင် တနေ့ရာမှနေ၍ လောက်လေးနှင့် ပစ်ရာမှ ကျသော လောက်စာလုံးသံ ကြားရသည်အထိ ကျွန်တော်သည် ရန်ကုန်တွင် နေခဲ့ရသည်။

ဗုံးကျ၍ သေသော အလောင်းကို ကျွန်တော်မြင်ရ၏။

ဩော်.... ကမ္ဘာစစ်....ကမ္ဘာစစ်- တိုးတက်သည်ကား ဆို၏။ ရက်စက်လှချေတကား။

ခူးဒါးဟူသော အသံဖြင့် ပါးရိုက်ရင်း ၃ နှစ် ၃ မိုး ဤနိုင်ငံတွင် ကုန်ခဲ့လေပြီ။ ဘီအိုင်အေတွေနှင့် နေခဲ့ဘူးပါသည်။ မျက်ရေစက်လက်နှင့် လွတ်လပ်ပြီဟု အော်ခဲ့လေပြီ။ ဤအခန်းကို ပြည်ဖုံးကားချကြပါစို့။

o o o

ကမ္ဘာ၏ခေတ်ပြောင်းပြန်ပြီ

ဂျပန်ခေတ်ရှိ ဗမာ့ တပ်မတော်က စ၍ တော်လှန်ရန် ပြည်လမ်းအနီးယနေ့ကပ္ပလီ ကွက်သစ်နေရာတွင်ပြင်ဆင်နေကြသည်ကို ကျွန်တော်မြင်ခဲ့သည် အရှေ့ဘက်ပလက်ဖေါင်းပေါ်မှ ကျွန်တော် ရပ်၍ ကြည့်ခဲ့သည်။

အနုမြူပေါ်တက်ကဲ့ပုံ

အနုမြူပေါ်သော အချိန်သည် ရာဇဝင်ဆရာတွေအဖို့နာမည်ပေးရသောနေ့ပင်ဖြစ်၏။ကျောက်ခေတ်၊သံခေတ်စသဖြင့်ရာဇဝင်ရေးသကဲ့သို့ အနုမြူခေတ်ဟူ၍ ယနေ့ရေးကြရပေပြီ။

အမေရေမြင်လှဲပါအုံး

လွတ်လပ်ရေးဟူသော ဆီမီးတန်ဆောင်ကိုကျွန်တော်တို့သည် သီချင်းဖွဲ့ခဲ့သီဆို၍ တမ်းတခဲ့ကြ၏။ အမေရေ လွတ်လပ်ရေးရပြီဟူ၍ ငိုယိုတမ်းတခဲ့ကြ၏။

အပြောင်းအလဲကြီးကို တော်လှန်ရေးဟူသော စကားဖြင့် တန်ဆာဆင်၍ ကျွန်တော်တို့သည် ရေးခဲ့ကြ၏။

အချုပ်အချာ အာဏာကြီးရပြီဟူ၍ နိုင်ငံရေးကျမ်း အကိုးအကားနှင့် ကျွန်တော်တို့က ပြောခဲ့ကြ၏။ ပြောနေလျက်ပင်ရှိသေး၏။

အကုန်လုံးတချီတည်းကိုက်စား၏

လွတ်လပ်သောတိုင်းပြည်တို့၏ ရာဇဝင်များကို လွတ်လပ်စွာ ဖတ်နိုင်ကြ၏။ နှစ် ၁၀၀၀ မျှ အသက်ကြီးသော ဂရိတ်ကြီးဟန်သည် လူမှုပိုင်ခွင့် တိုက်ပွဲဆင်ယင်ရင်း စက်မှုလက်မှု နိုင်ငံဖြစ်ခဲ့၏

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးစာရိတ္တမှာသူတို့မြေပေါ်၌အတော်ကောင်း၏၊နှစ် ၂၀၀ မျှ အသက်ကြီးသော အမေရိကန်မှာ ဓနရှင်စနစ် ထိပ်တန်းသို့ ရောက်၍ အတော်ဝင့်ဝင့်မားမားနေနိုင်၏။ နှစ်ပေါင်း ၄၀ မျှ သာ ပြည်သူ့အာဏာရသော ဆိုဗီယက် ရုရှသည် အနုမြူဗုံးလုပ်နိုင်သည်ဟု ယနေ့ကြွားနိုင်၏။

အသက်ဦးဆံပိုင် ဘုရင်တို့သည် ဥရောပ၌ ဖန်ဆင်းသော ဘုရားသခင်ထံမှ အာဏာရသည်ဟုဆိုကာ လူတို့ကို ဖိနှိပ်ရာတွင် ဘုရင် စနစ်ကျဆုံးခဲ့ရ၏။

မြန်မာဘုရင်တို့မှာ သူ့ဘုန်းသူ့ကံဟူသော ဆောင်ပုဒ်နှင့် အသက်ဦးဆံပိုင်စနစ်ကို သုံးခဲ့ကြ၏။ တိုင်းပြည်၏ အသံမှာဆိတ်သုဉ်းခဲ့၏။

မြန်မာတိုင်းရင်းသား အချင်းချင်း လွတ်လပ်ရေး ရသည့်အခါ မည်သူက ညှိ၍ မည်သူ့ကနေ့ပ်ဆည်ကို မရေးလို ချေ တပြိုင်တည်းထ၍ တပြိုင်တည်း လုပ်ကိုင်လာသူ တဦးဖြစ်၍ အထင် ဟင်းခွက်တွေများသော သေးမြူမှုံ ရှိတတ်ပေသည်၊ လာမည် တစားပွဲလုံးကိုမျှိချပုံ ခေတ်က ဝေဘန်နိုင်ကြပါစေသတည်း။

သို့သော် လွတ်လပ်ရေး ဟင်းခွက်ဟူသ ရွှေ့ ကိုပန်းတန်ပြားထပ်နေသော ကြက်သွန်ကြော်ကလေးပါမကျန်ပါးစပ်ကြီးကိုဟ၍ တချီတည်းနှင့်ဟပ်လိုကြ၏။ အစာမကြေရ ကားတအော့အော့နှင့်အန်နေသော အရွယ် အစာနင်ရ၍အန်နေပုံ ကိုဤစာရေးရင်းပြေးရ၍မြင်မိ၏။

တဦးနှင့်တဦး ကင်းကွာခဲ့သော နိုင်ငံရေး အတိုက်အခံသမားတို့၏ စိတ်တွင် ပဒေသရာဇ်ပလွှင်၏နံဘေးတွင် ဖက်ဆစ် ဌက်ကြီးတောင်ဒါးကြီးတခချောင်း ထောင်၍ ထားသည်ဟု တရေးရေးမြင်ကြကုန်၏။

စွန့်လွှတ်၍ ပြည်ထောင်စု မြန်မာနိုင်ငံကို ထိန်းသိမ်းသော ဆန္ဒများ ပြင်းထန်၍လာသည်။

အတိုက်အခံတွေ့ပေါ်ပြီ

တိုင်းပြည်ကြီးအမြင်အားဖြင့် ပဒေသရာဇ်ကို မုန်းတီးသူတွေ တရားမျှတရေးကို တမ်းတသူတွေ၊တကယ်ငြိမ်းချမ်းရေးလိုသူတွေ လူ၏ လုပ်ပိုင်ခွင့်ကိုခံစားလိုသူတွေသည် အမျိုးသားတပ်ပေါင်းစုပါဝင်သော အတိုက်အခံပေါင်းစုံပါဝင်သော မဟာမိတ်အဖွဲ့ဟူ၍ ဖွဲ့စည်းကြရန်တွက်နေကြ၏။

ဤသို့ ကျွန်တော်မြင်၏။

နိုင်ငံခြားရေး၌

နိုင်ငံခြားရေးရာ၌မူကား မယ်မြန်မာသည် ရင်ရှားနှင့် သနပ်ခါးသွေးနေ၏။ မည်သူတို့ချောင်း၍ ကြည့်နေကြသနည်း။ အချုပ်အချာအာဏာပိုင်မှုကိုများ ထိပါးလာမည်လော စသည်ဖြင့် တိုင်းရင်းသားတို့သည် စိုးရိမ်မကင်း ဖြစ်နေကြ၏။

မယ်မြန်မာသနပ်ခါးသွေးနေသည်ကို ချောင်း၍ ကြည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ဟော-ဗမာတို့င်းရင်းသားတွေ ဘယ်လဲ ဟူသော ပြတ်တောင်းတောင်း စကား မျိုးဖြင့် တကြောင်းဆွဲပန်းချီ ရေးခြစ်သည့်ပမာ ဤဆောင်းပါးဖြင့် ရေးသား တင်ဆက်လိုက်ပါ၏။

လုံခြုံရေး စိတ်ချကြရမည့် ငြိမ်းချမ်းရေး ရနိုင်ကြပါစေ သတည်း....။

ပြည်ထောင်စုနေ့

၁၉၄၅-ခုနှစ် သြဂုတ်လ (၁၉) ရက်နေ့တွင် ကျင်းပသော နေသူရိန်စည်းဝေးပွဲမှ တခဲနက် တောင်းဆိုချက်အရ ဗြိတိသျှ အစိုးရသည် လွတ်လပ်ရေး အတွက် ဆွေးနွေးရန် မြန်မာ ကိုယ်စားလှယ်များကို ဖိတ်ခေါ်သည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်များ ၁၉၄၆-ဒီဇင်္ဘာ တွင်လန်ဒန်သို့သွား၍ နန်းရင်းဝန်အက်တလီနှင့် ဆွေးနွေးလေ သည်။ ဤသို့ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးနေစဉ်တွင် မြန်မာပြည်တွင်း၌ လွတ်လပ်ရေးအတွက်လှုပ်ရှားမှုအမျိုးမျိုးဖြင့် လွတ်လပ်ရေး ရလိုကြောင်း ဆန္ဒပြနေကြသည်။

မြန်မာပြည်ကို လွတ်လပ်ရေး မပေး မဖြစ်၍ ပေးရလျှင် အင်္ဂလိပ်သည် ရှမ်းပြည်စသော တောင်တန်းဒေသများကို လွတ် လပ်ရေးမပေးဘဲ ဆုပ်ကိုင်ထားလိုသည်။ ၁၉၄၅-ခုနှစ် အင်္ဂလိပ် အစိုးရ၏ မြန်မာပြည်ဆိုင်ရာ အတွင်းဝန် အေမာရီသည် အိန္ဒိယ တွင် ရှိသော မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်ထံ အစီရင်ခံစာ တစောင်ပေးသည်။ ထိုအစီရင်ခံစာတွင်"မြန်မာပြည်ကိုပြန်လည် သိမ်းပိုက်ပြီး လွတ်လပ်ရေးပေးမည့် အခြေအနေသို့ရောက်သည့် အခါ ဗြိတိသျှ အစိုးရ၏ ကာကွယ်ရေး၊ စီးပွားရေးဘက်မှ ကြည့်လျှင် တောင်တန်း ဒေသကို ဗြိတိသျှ လက်အောက်မှ အနှစ်သုံးဆယ်မျှ ထားမှ သင့်မည်ဖြစ်ကြောင်း ထင်ရှားသည်။ တောင်တန်းဒေသကို ဗြိတိသျှတို့က ထိန်းသိမ်းထားရန် အထူး လိုအပ်ပါသည်"ဟူသောအချက်များပါရှိသည်။ ဗြိတိသျှတို့သည် အတွင်းဝန် အေမာရီ ကဲ့သို့ပင် စိတ်သဘောထား ရှိသူများ ဖြစ်ကြသည်။

ထိုကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် ဘိလပ်၌ ဆွေးနွေးစဉ်တွင်ပင် နောက်ပိုင်းမှ တောင်တန်းနှင့် ပြည်မသွေးခွဲရန် ကြံစည်နေသည်။ နှုးညှတ်လှယ်သော စော်ဘွား အချို့ကို သွေးခွဲ ဆွဲဆောင်လေသည်။ နယ်ချဲ့လက်ပါးစေတို့၏ စကားကို နားထောင်မိသော စော်ဘွားအချို့သည် ဗြိတိသျှ နန်းရင်းဝန် အက်တလီထံ အောက်ပါ အဓိပ္ပာယ် ပါရှိသော ကြေးနန်းစာတစောင်ရိုက်လိုက်သည်။

"ယခု ရောက်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်တို့ ရှမ်းပြည် စော်ဘွားများ၏ ကိုယ်စားလှယ် မဟုတ်ပါ၊ တောင်တန်းနယ်များ ကိစ္စကို ဆွေးနွေးခွင့် ရှိပါလျှင် ကျွန်ုပ်တို့ စော်ဘွားများအား သီးသန့်ဖိတ် ခေါ် ဆွေးနွေးစေလိုပါသည်"

www.burmeseclassic.com

www.burmeseclassic.com

အက်တလီသည် ကြေးနန်းစာကို ရရှိ၏။ ဗိုလ်ချုပ်အား ကြေးနန်းကိုပြလျက် "ဘယ်လိုလဲဦးအောင်ဆန်း" ဟုပြုံးပြုံးနှင့် ခန့်သည်။အခြေအနေအားလုံးကို အစအဆုံး သိသားပြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကား ထူးထူးထွေထွေ အဖြေမပေးခဲ့ပေ။

ဤအတွင်းကျန်ရစ်သော ဖဆပလ ခေါင်း ဆောင် တို့၏ ကြိုးပမ်းမှုဖြင့် စော်ဘွားများကြေးနန်းရိုက်ပြီး နောက်တနေ့တွင် တောင်ကြီးမြို့၌ လူထုစည်းဝေးပွဲ အင်အားပြပွဲကိုကျင်းပသည်။ ထိုအစည်းအဝေးပွဲကြီးမှ ဆုံးဖြတ်ချက်များကို အက်တလီထံ ကြေးနန်းရိုက်ပို့ လိုက်သည်။ ကြေးနန်းမှာ (တောင်တန်းဒေသ များသည် မြန်မာတို့နှင့် အတူ လွတ်လပ်ရေး ရလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့၏ လိုလားချက်ကို လေးလေးနက်နက် ထောက်ခံပါသည်)ဟူ၍ဖြစ်သည်။

နန်းရင်းဝန်အက်တလီဘည် ကြေးနန်းနှစ်စောင်ကြောင့် တွေ ဝေခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသမပါသော လွတ်လပ်ရေးသည် မြန်မာနိုင်ငံအတွက် အဓိပ္ပာယ်ရှိသော လွတ် လပ်ရေးမဟုတ်ဟု အကြောင်းပြကာ တောင်တန်းဒေသကိုမြန်မာ ပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန် တောင်းဆိုလေသည်။

ဗြိတိသျှတို့သည် အလျှော့မပေးပေ။ ပရိယာယ်ဖြင့် တောင် တန်းဒေသသားတို့၏ ဆန္ဒကို ရယူလိုကြောင်း ပြောလာသည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ်၊ ဇန္နဝါရီ ၂၇ရက်နေ့တွင်ချုပ်ဆိုသော (အောင်ဆန်း အက်တလီ)စာချုပ်တွင် (တောင်တန်းဒေသမျှား က ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူပါက ပြည်မကြီးရော

တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန်၊ တောင်တန်း ဒေသသားများပါဝင်သော ကွန်ဖရင့်အစည်းအဝေးမှ ဆုံးဖြတ် ချက်အရ တောင်တန်းဒေသသားတို့၏ ထုတ်ဖော် ပြောပြချက် အရ ဗြိတိသျှနှင့် မြန်မာ အစိုးရတို့က ၎င်းတို့၏ ဆန္ဒနှင့်လိုက် လျောညီစွာ ဆောင်ရွက်ရန်) ဟူသော စာတမ်းကို ထည့်သွင်း ခဲ့လေသည်။ ဗြိတိသျှတို့၏ ရည်ရွယ်ချက်မှာ တောင်တန်းသား များကို မြန်မာနှင့် မတွဲမိရန် သွေးခဲ့ပြီးနောက် (တောင်တန်း ဒေသကို)အပိုင်စီးထားရန်ပင်ဖြစ်သည်။ မြန်မာ ခေါင်းဆောင် ကြီးများအနေဖြင့် ထိုရည်ရွယ်ချက်ကို ချေဖျက်ရန် ကြိုးလေး သော ပြဿနာကြီးဖြစ်လာသည်။

၁၉၄၇ ခုနှစ် ဖေဖေါ်ဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာလေသည်။

ဗိုလ်ချုပ်ရောက်လျှင်ရောက်ချင်း ပြည်နယ် ပြည်မ ညီညွတ် ရေးကို အပြင်းအထန် ကြိုးစားလေသည်။ ထိုစဉ်က ဗြိတိသျှ အစိုးရ၏ လူယုံတော်ဓနသဟာယ ဒုတိယ အတွင်းဝန် မစ္စတာ ဘော်တွန်ဗလီအစရှိသည်တို့ကလည်း ပြည်နယ် ပြည်မ ခွဲရေးကို အစွမ်းကုန်ကြိုးစားလေသည်။ တောင်တန်းသားတို့နားယောင်ပြီး ညီညွတ်ရေးပျက်ပြားရန် ကြိုးစားလေသည်။

ဗိုလ်ချုပ်အောင်ဆန်း လန့်ဒန်သို့မသွားမီ ၁၉၄၆ဇန္နဝါရီလ အတွင်းက ရန်ကုန်မြို့ ရွှေတိုဂုံ ကုန်းတော် အလယ်ပစ္စယံတွင် ဖဆပလ ညီလာခံတခုကို ကျင်းပသည်။ ထိုညီလာခံမှ (မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တိုင်းရင်းသားအားလုံး လက်တွဲ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ရန်။ အတူတကွ လွတ်လပ်သော ပြည်ထောင်စု ထူထောင်ရန်) တို့ကို ဆုံးဖြတ်ခဲ့လေသည်။ ထိုဆုံ ဖြတ်ချက်အရ ၁၉၄၆ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့ ခေါင်းဆောင် သခင်နု၊ ဦးဘချမ်း၊ မန်းဘခိုင်တို့သည်ပင်လုံမြို့တွင်ကျင်းပသောစော်ဘွား ညီလာခံသို့ တက်ရောက် စည်းရုံးခဲ့သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်မသွားမီကပင် ပြည်နယ် ပြည်မ စည်းရုံး ညီညွတ်မှု အသင့်အတင့်ရှိခဲ့ပြီးဖြစ်သည်။ ထိုနှစ်နိုဝင်ဘာလမှစ၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တောင်တန်းဒေသများသို့ လှည့်လည်၍ စည်းရုံးခဲ့သည်။ ၁၉၄၆၊ ဒီဇင်္ဘာ ၂၅ ရက်နေ့တွင် တောင်ကြီးလူထုစည်းဝေးပွဲ၌ ဟောပြောခဲ့သော ဗိုလ်ချုပ်၏ သေးရင်းသားရင်း ရင်းရင်းခြာခြာရှိရမည် ဟူသော ဟောပြောချက်သည် ညီညွတ်ရေးအတွက် ထိရောက်ခဲ့၏။

ဗြိတိသျှတို့သည် မြန်မာပြည်မကို မလွဲမသွေ လွတ်လပ်ရေးပေးမည်။ တောင်တန်း ဒေသကိုမူ ၎င်းတို့ မြန်မာနှင့် ပူးတွဲ လွတ်လပ်လိုသောဆန္ဒရှိမှ လွတ်လပ်ရေးပေးမည်ဟူသည့် သဘောမျိုးပါဝင်သော အချက် တရပ်ကို အောင်ဆန်း အက်တလီ စာချုပ်တွင်ထည့်သွင်းခဲ့သည်။ မြန်မာတို့ ဆန္ဒမူ တောင်တန်းဒေသကို ခြွင်းချန်ပြီး လွတ်လပ်ရေးကိုမယူလို။ ထို့ကြောင့်ပြည်မနှင့် တောင်တန်း ဒေသ ညီညွတ်ရေး အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်ကာ ရှမ်းပြည် တောင်ပိုင်းနှင့် မြောက်ပိုင်း ဗဟိုအချက်ကျကျတွင်ရှိသော ပင်လုံမြို့တွင်(ပင်လုံညီလာခံ) ကြီးကို ကျင်းပလေသည်။ မြန်မာပြည်မမှ ဖဆပလ ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွတ်၊ ဗိုလ်

ခင်မောင်ကလေး၊ ရှမ်းပြည်နယ်ကိုယ်စားလှယ်အဖြစ် ညောင်ရွှေ စော်ဘွားစပ်ရွှေသိုက်နှင့်မိုင်းပွန်စော်ဘွား၊ကချင်ပြည်နယ်အတွက် ဆားမားဒူးဝါးဆင်ဝါးနောင်၊ ဦးဝမ်းကိုဟော စသော ခေါင်းဆောင်များတက်ရောက်သည်။ ထိုပင်လုံညီလာခံသို့ နာဂခရိုင်မှ ကိုယ်စားလှယ်များ မတက်ရောက်နိုင်ခဲ့ပေ။

ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင် ဆွေးနွေးသော ထိုညီလာခံတွင်(တောင်တန်းဒေသရှိ တိုင်းရင်းသားလူမျိုးများသည် မြန်မာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာ ရရှိမည်ဖြစ်ကြောင်း။ မြန်မာ လူမျိုးများ ရရှိခံစားရမည့် အကျိုးခံစားခွင့်နှင့်အညီ ရှမ်း၊ ချင်း၊ ကချင်၊ကရင် စသော တိုင်းရင်းသား လူမျိုးစုများလည်း ရရှိခံစားရမည် ဖြစ်ကြောင်း)စသည်တို့ကို အပြေအလည်ဆွေးနွေးကြသည်။

နယ်ခြားယောဂ၏ ပူးဝင်မှုကြောင့် ဖေဖော်ဝါရီလ ၁၀ရက်နေ့ထိ ဆွေးနွေးပွဲမှာ ပြီးပြတ်ခြင်းမရှိပေ။ ရှမ်းစော်ဘွားများ ခေါင်းချင်းရိုက်နေသည်။ နောက်တနေ့ ဖေဖော်ဝါရီလ ၁၁ရက်တွင် စော်ဘွားအချို့တို့၏ လိုလားချက်တောင်းခံလွှာ ဗိုလ်ချုပ်ထံရောက်ရှိလာသည်။ တိုက်ရိုက်ပေးခြင်း မဟုတ်ဘဲ ဒိုမီနီယံ အတွင်းဝန် ဘော်တွန်ဗလီထံမှ တဆင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ထိုနေ့တွင် ကရုဏာဒေါသောဖြင့် ဗိုလ်ချုပ်သည် သူ၏ သဘောထားကို ရှင်းရှင်းဘင်းဘင်းပြောချလိုက်သည်။ ဗိုလ်ချုပ်သည် တောင်တန်းဒေသနှင့် ပြည်မကြီးညီညီညွတ်ညွတ် ပူးပေါင်းကြရန် အကျယ်တဝင့်မိန့်ကြားပြီးနောက် (ခင်ဗျားတို့ တောင်တန်း ဒေသကို မြန်မာနှင့်အတူ လွတ်လပ်စေချင်တယ်။ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ့ မဖြစ်စေချင်ဘူး။ ကျုပ်တို့ရဲ့ကျွန်လဲ မဖြစ်စေချင်ဘူး)ဟူ၍ ပြတ်ပြတ်သားသားပြောကြားခဲ့လေသည်။ ဗိုလ်ချုပ်၏စေတနာ ကို လေးစားယုံကြည်သော တောင်တန်းဒေသ ခေါင်းဆောင် ကြီးများသည် တောင်တန်းဒေသများ ပြည်မကြီးနှင့် ပူးပေါင်း ရန် သဘောတူခဲ့လေသည်။

ဤသို့ဖြင့်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ဆယ်နာရီ တွင် တောင်တန်းဒေသနှင့် ပြည်မကြီး သွေးစည်း ညီညွတ်ရေး ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြလေသည်။ ကိုယ်စား လှယ် ၂၁ ဦးသည် ဓနသဟာယ ဒုတိယ အတွင်းဝန် မစ္စတာ ဘော်တွန်ဗလီစသော ဖြိတိသျှကိုယ်စားလှယ်တို့၏ ရှေ့မှောက် မှာပင် လက်မှတ်ရေးထိုးခြင်းဖြင့် ပြည်ထောင်စုဘွား တိုင်းရင်း သားတို့သွေးစည်း ညီညွတ်ခဲ့ကြလေသည်။

ထိုနေ့သည် မြန်မာ့သမိုင်းတွင် ပြည်ထောင်စုသားများ သွေး စည်း ညီညွတ်သော ပြည်ထောင်စုနေ့ အဖြစ်ဖြင့် မော်ကွန်တင် ကျွန်ရစ်ပြီးဖြစ်လေသည်။ ထိုဖေဖော်ဝါရီလ ၁၂ ရက် ရောက် တိုင်း ရောက်တိုင်း ပြည်ထောင်စုနေ့ နှစ်လည် အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပမြဲဖြစ်သည်။

ပြည်ထောင်စုသားတို့သွေးစည်းညီညွတ်သော အထိမ်းအမှတ် ပင်လုံစာချုပ်ကို ချုပ်ဆိုသော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို "ပြည်ထောင်စုနေ့"ဟူ၍ သတ်မှတ်ခဲ့သည်။ အစိုးရ ပြန်တမ်း ဝင်ရုံးပိတ်ရက်ဖြစ်သည်။ ၁၉၄၈-၄၉ ခုနှစ်၊ ပြည်ထောင်စု နေ့ကိုပင်လုံမြို့တွင်ကျင်းပပြီး ၁၉၅၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပသည်။ ပြည်ထောင်စုနေ့သဘင် ကျင်းပသည့်အခါ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ကယား၊နာဂ၊ဆလုံ စသော ပြည်ထောင်စု သားများ၊ ပြည်နယ်အသီးသီးမှ ညွှန်ကြားရေးတော်များ တက်ရောက် ကြလေသည်။ ညွှန်ကြားရေးတော်များသည် ၎င်းတို့၏ ရိုးရာ ယဉ် ကျေးမှု အကများဖြင့် ဖြေဖျော်ကြသည်။ ၁၉၅၅ ခုမှ စ၍ ပြည်ထောင်စုနေ့ စတင်ဖြစ်ပေါ်ရာ ပင်လုံမြို့မှ ပြည်ထောင်စုနေ့ ကျင်းပရာ ရန်ကုန်မြို့ထိ နိုင်ငံတော်အလံကို လက်ဆင့်ကမ်းသယ် ယူကြလေသည်။ ပြည်ထောင်စုနေ့အမှီ ပြည်နယ်များ၊ မြို့ရွာများ ကိုအဆင့်ဆင့်ဖြတ်၍လက်ဆင့်ကမ်းသယ်ယူကြခြင်းဖြစ်လေသည်။

ဗိုလ်ချုပ်နေဝင်း ဦးစီးသော တော်လှန်ရေးကောင်စီ အစိုးရ တက်လာသောအခါ ပြည်ထောင်စုနေ့ကို ရန်ကုန် တမြို့တည်း ကျင်းပခြင်းမပြုတော့ပေ။ မန္တလေး၊တောင်ကြီး၊ဘားအံ၊ ပင်လုံ စသော တိုင်း ခရိုင် ပြည်နယ် မြို့ကြီးများသို့ အလှည့်ကျပြောင်း ရွှေ့ကျင်းပသည်။ ပင်လုံမြို့မှ အလံတော်ကို ပြည်ထောင်စုနေ့ ကျင်းပရာသို့ လက်ဆင့်ကမ်း သယ်ဆောင်လေသည်။ ပြည်နယ် ပြည်မ ခေါင်းဆောင်များ စုပေါင်း၍ နိုင်ငံ၏ တိုးတက်ရာ တိုး တက်ကြောင်းကို စုပေါင်းဆွေးနွေးကြလေသည်။ ပိုမိုလေးနက် အကျိုးသက်ရောက်သော ပြည်ထောင်စု နေ့သဘင် အဖြစ်ဖြင့် ကျင်းပခဲ့လေသည်။ တိုင်းရင်းသားများ သွေးစည်းညီညွတ်မှုပိုမို ခိုင်မြဲစေရန် ကျင်းပခြင်းဖြစ်လေသည်။

× + ×

www.burmeseclassic.com

www.burmeseclassic.com



တောင်သူလယ်သမားနေ့

တောင်သူလယ်သမားနေ့ကို ယခင်က နှစ်စဉ် ဇန်နဝါရီလ (၁)ရက်နေ့တွင် ကျင်းပသည်။ တော်လှန်ရေးကောင်စီ အစိုးရ တက်လာသောအခါ မတ်လ ၂ ရက်နေ့တွင် ကျင်းပသည်။ တောင်သူလယ်သမားနေ့သည် ဆရာစံ ဦးစီးသော တောင်သူ လယ်သမားများ၏ နယ်ချဲ့တော်လှန်ခြင်းကို ဂုဏ်ပြုသောအား ဖြင့်ကျင်းပခြင်းဖြစ်သည်။တော်လှန်ရေးအစိုးရသည် ပျက်စီး ယိုယွင်းနေသော နိုင်ငံ၏အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းသော အားဖြင့် တော်လှန်ရေး ဆင်နွှဲခဲ့သည်။ ယနေ့ လူမှုတော်လှန် ရေးကိုလည်း ဆင်နွှဲနေသည်။ နယ်ချဲ့ကိုတော်လှန်သော တောင် သူလယ်သမားများနှင့် ပျက်စီးယိုယွင်းနေသော စနစ်ကို တော် လှန်သည့် တော်လှန်ရေး အစိုးရ၏ တော်လှန်ရေး လမ်းစဉ်မှာ မှန်မြတ်သော လမ်းစဉ်များဖြစ်ကြသည်။ သဘောအားဖြင့် တူညီသည်။ ထို့ကြောင့် တော်လှန်ရေး ကောင်စီ စတင်ပေါ် ထွန်းသော မတ်လ(၂)ရက်နေ့ကို တောင်သူလယ်သမားနေ့ဟူ၍ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

တောင်သူလယ်သမားနေ့ ပေါ်ပေါက်လာရခြင်းအကြောင်း ရင်းမှာ ၁၉၃၀ ပြည့်နှစ် ဆရာစံသူပုန်မှ စတင်ရခြင်း ဖြစ်သည်။ ဆရာစံ၏ လယ်သမား သူပုန်အကြောင်းကို လွတ်လပ်ရေးနေ့ အကြောင်း (လွတ်လပ်ရေးကြိုးပမ်းမှုများ) တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယခုကျန်နေသော အချက်များနှင့် နယ်ချဲ့တို့၏ဖိနှိပ် မှုများကို တွန်းလှန်ခဲ့သည့် တိုက်ပွဲစဉ်များကိုဖော်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်။

ထိုစဉ်က စပါးစျေးမှာ တင်းတရာလျှင် ၄၀ ကျပ်သာရှိသည်။ မြေခွန်၊ လယ်ခွန်၊ လူခွန်များဖြင့် ဝိုင်းဝိုင်းလည်နေသော လယ်သမားတို့သည် ချစ်တီးကုလားများထံမှ အတိုးကြီးနှင့် ငွေချေးရသည်။ အရင်းပေါ် တိုးဆင့်လာသဖြင့် ကြွေးမှာ ဆပ်၍ မကျေနိုင်ပေ။ နောက်ဆုံး ကြွေးမပေးနိုင်သောအခါ ချစ်တီးကုလားက တရားစွဲသည်။ ထိုစဉ်က တရားရုံး ဟူသည်မှာလည်း နယ်ခြဲအစိုးရ၏ လက်ကိုင်ဖြစ်၍ မြန်မာဆိုလျှင် မလျှပ်နိုင်အောင် ဖိနှိပ်သော နယ်ခြဲသည် ချစ်တီးကို အသာပေးသည်။ တရားနိုင်သော ချစ်တီးသည် မြန်မာ့လယ်သမား၏ ခြံ၊အိမ်၊ စပါးပုတ်ပါ မကျန်သိမ်းသည်။ မောင်းတဒုဒုနှင့် လေလံတင်သည်။ အိမ်ရှင် လယ်သမားမိသားစုမှာ အိုးစုတဲ ခွက်စုတ် ဖျာစုတ်လေးများကို ယူကာ မိမိတို့၏ နေအိမ်မှ မျက်ရည်စက်လက်ဖြင့် ဆင်းပြေးရသည်။ ဝိုင်း၍ကြည့်နေသော လယ်သမားများ စုတ်သတ် တက်ခေါက်သည်မှတပါး ဘာမှ မတတ်နိုင်ပေ။ မြို့ပေါ်မှ ငွေရှင် မြန်မာအချို့က ကြွေးဖြင့် အသိမ်းခံရသော လယ်သမား၏ အိုးအိမ် ပစ္စည်းများကို လေလံဆွဲလေသည်။

စပါးစျေးသည် တင်းတရာ ၄၀ ဖြစ်ရာ စပါးတတင်း၏တန်ဘိုးမှာ ခြောက်ပဲ၊ ငါးပဲမျှသာဖြစ်သည်။ ထို့ကြောင့် 'စပါးတတောင်းငါးပဲ၊ ကုလားခေါင်း ဒါးဝဲ' ဟူ၍ ထိုစဉ်က လူတိုင်းတေးလုပ်၍ ဆိုခဲ့သည်။

အစိုးရ၏အမှုထမ်း နယ်ခြဲလက်ပါးစေများသည် တောင်သူ လယ်သမားများထံမှ လယ်ခွန်၊ ယာခွန်၊ လူခွန်နှင့် အမတော်

ကြေး စသည်တို့ကို တောင်းယူရာ၌ တရားမျှတမှု၊ ငဲ့ညှာမှု လုံးဝ မရှိပေ။ ဤအခြေအနေ အရပ်ရပ်တို့ကြောင့် သာယာဝတီနယ်မှ ဆရာစံ သူပုန်ထခဲ့ခြင်း ဖြစ်သည်။

ဆရာစံ၏ သူပုန်တပ်ဖွဲ့မှာ အားမတန်၍ မာန်လျော့ခဲ့ရသည်။ ၁၉၃၁ ခုနှစ် သြဂုတ်လ ၂ရက်နေ့တွင် ဆရာစံမှာ ထွက်ပြေးတိမ်းရှောင်နေစဉ် ရှမ်းပြည် နောင်ချိုနယ် ဟိုခိုနှင့် ကုန်းကြီးရွာ အကြား တခုသော လျှိုကြီးအတွင်းတွင် ဖမ်းဆီးခံရလေသည်။ ဖမ်းဆီးခံရစဉ်က ဆရာစံ၏ ခြေတွင် ငြောင့်စူးသော ဒဏ်ရာနှင့် ဖြစ်သည်။

ဆရာစံအား ၁၉၃၀ပြည့်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သေဒဏ် အပြစ်ပေးသည်။ ထိုစဉ်က အသက်(၅၅)နှစ်ရှိပေပြီ။

ဆရာစံအား သေဒဏ်အပြစ်မပေးမီ တရားစစ်ဆေးစဉ်ချက်တင်ရာတွင် ဆရာစံ၏ ပြန်လည် ထုချေချက်မှာ ရဲရဲတောက်၊င် ဖြစ်သည်။ သူသည် သူပုန်မထပါဟု ဘူးမကွယ်။ ဗြိတိသျှ အစိုးရ၏ နယ်ဘက်၊စစ်ဘက်အရာရှိတို့က ရွာကိုညှဉ်း၊မုဒိမ်းကျင့်၊သာသနာ စော်ကားသဖြင့် သူပုန်ထသည်ဟု ထုချေသည်။

၁၉၃၁ ခုနှစ် သြဂုတ်လ(၁၉)ရက်နေ့တွင် ဆရာစံအား စတင် စစ်ဆေးသည်။ ဆရာစံ၏ အမှုကို သာယာဝတီ၌ ခုံရုံးဖွဲ့၍ စစ်ဆေးသည်။ တရားရုံးမှ ခေါင်းဆောင်များမှာ သဘာပတိ တရားဝန်ကြီး မစ္စတာ ကန်းလစ်၊ မစ္စတာဝုန့်ဉီးဘဉီးတို့ ဖြစ်သည်။ တရားသူကြီး သုံးဦးအနက်မှ ဦးဘဉီးမှာ မြန်မာပြည် လွတ်လပ်ရေး ရလာသောအခါ သမတဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာစံဘက်မှ ရွှေနေခြောက်ယောက်လိုက်၍ ခုခံ ဏာကွယ်သည်။ ဦးတင်၊ ဦးမောင်ကြီးနှင့် ဦးမြ(သခင်မြ)တို့ကို အစိုးရက ဌားပေးသည်။ ဒေါက်တာ ဘမော်၊ ဦးထွန်းအောင်ကျော်နှင့် သာယာဝတီ ဦးပုတို့က စေတနာ သက်သက်ဖြင့် ကူညီခြင်းဖြစ်သည်။ အစိုးရရွှေနေမှာ မစ္စတာ ဟဲ့ဗော့ ဖြစ်သည်။

ပထမနေ့တွင် အစိုးရသက်သေများကို စတင် စစ်ဆေးသည်။ အစိုးရသက်သေများမှာ ဆရာစံ၏ မိတ်ဆွေ ဦးဘိုးအောင်နှင့် မောင်စိန်ထွန်း၊ မောင်ချို၊ မောင်သန်း၊ မောင်ဖုန်းတို့ ဖြစ်ကြသည်။ အစိုးရသက်သေများကို စစ်မေးပြီးတိုင်း တရားဝန်ကြီး ဦးဘဦးက "မေးစရာရှိရင် မေးပါ"ဟု ဆရာစံကို ပြောသည်။ ဆရာစံက တခွန်းမျှ မမေးပေ။

ဒုတိယနေ့တွင် အစိုးရရွှေနေက ဆရာစံကို အအချက်လက် ပေါင်း(၁၄)ချက်ဖြင့် စွဲချက်တင်သည်။ သူ၏ စွဲချက်များမှာ ဆရာစံ မည်ကဲ့သို့ လူစုပုန်ကန်သည်ကို အသေးစိတ် ဖော်ပြခြင်းဖြစ်သည်။အချက်(၁၄)ချက်ကိုတင်ပြပြီးသောအခါ(ဤအချက်များကြောင့် ဆရာစံသည် ပြည်ပိုင် အစိုးရအာပေါ် အရှိအသေ ကင်းမဲ့ရန် ပြုလုပ်ခြင်း၊ တိုင်းပြည် ပုန်ကန်အောင် ဆောင်ရွက်ခြင်း၊ လူ-ဌေ-လက်နက်ပါမကျန် စုဆောင်းခြင်း တို့ကြောင့် အိန္ဒိယ ရာဇသတ်ကျင့်ထုံးပုမဒ်မ ၁၂၀-၁၂၁ ကနှင့် ၁၂၂အရ ကြားလွှန်သူဖြစ်ကြောင်း)ဖြင့် နိုဂုံးချုပ်လိုက်လေသည်။

ဆရာစံသည် အစိုးရဘက်မှ စွပ်စွဲချက်ကို ထုချေချက်စာတမ်းရေးတင်သည်။ ဆရာစံသည် ပုန်ကန်ခြင်းမပြုပါဟုမဆို။ အစိုးရ အရာရှိတို့က မတရားသဖြင့် ကျင့်ကြံ၍သာ သူပုန်ထခြင်းဖြစ်သည်ဟု ထုချေသည်။ဆရာစံ၏ထုချေချက်တွင် အခွန်တော်အချိန်မကျ

ရောက်မီ သူကြီးက အခွန်တော်ဟောက်ခံခြင်း၊ အစိုးရအမှုထမ်း အရာရှိများနှင့်စစ်ပုလိပ်တို့က ရွာသူရွာသားတို့အားအနိုင်အထက် မတရားပြုမူခြင်း၊ ရွာသူတို့အား မုဒိမ်းကျင့်ခြင်း၊ ဗုဒ္ဓရှင်၏ စေတီပုထိုး၊ ဆင်းတုတော်များကို အထင်အရှား အမျိုးမျိုး စော်ကားခြင်းတို့အနက် ရုပ်ပွားတော်တို့ကို သေနတ်နှင့်ပစ်၊ တုတ်နှင့်ရိုက်၊ ကန်ကျောက်ပြီး "မင်းတို့ ဘုရားတောင်မှ ဒို့လက်တွင်းမှာ အပြစ်ဒဏ် ပေးခြင်းကို ခံရသည်"ဟု စော်ကားခြင်း၊ အိမ်ထောင်ပရိဘောဂနှင့် အစားအစာများကို ဖျက်ဆီးခြင်း၊ သက်ကြီးရွယ်အို၊ မိန်းမ ယောကျ်ား၊ ကလေးသူငယ်ပါမရှောင် ရမ်းကားစော်ကားခြင်း စသော အချက်များ ပါရှိလေသည်။

ဆရာစံ၏အရေးတော်ပုံ(၁၉၃၀)ဒီဇင်ဘာလ ၂၂မှ(၁၉၃၁) အောက်တိုဘာလ ၃၁ ထိ တိုက်ပွဲတွင် ဒဏ်ရာရသူ၊ ကျဆုံးသူ ဂဏန်းတပ်သားပေါင်းသုံးထောင်ကျော်သည်ဟု နယ်ခွဲအစိုးရ၏ ပြန်တမ်းတွင် ဖော်ပြထားသည်။ အရေးတော်ပုံ ကာလ အတွင်း သာယာဝတီ၊ ပြည်၊ အင်းစိန်၊ ဖျာပုံ၊ သရက်၊ဟသံတ စသော နယ်များမှ နယ်ခွဲအစိုးရက တောင်သူလယ်သမား နှစ်ထောင်ခန့်ကို ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ နယ်ခွဲ စစ်တပ်များ၏ လက်ချက်ဖြင့် ရွာပေါင်းများစွာ မီးရှို့ ဖျက်ဆီးခြင်း ခံရသည်။ မိန်းမပျိုများ အစော်ကားခံခဲ့ရသည်။

တောင်သူလယ်သမား အရေးတော်ပုံမှတ်တမ်းချုပ်

၁။ နယ်ခွဲ အရင်းရှင်များနှင့်အရင်းရှင်အစိုးရ၏ဖိနှိပ်ခွဲတိုက်ချယ်မှုကြောင့် တောင်သူလယ်သမားများ လယ်မြေ လက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ကြေးမြီတင်လာသည်။ လယ်ယာသီးစားခ ကြီးမြင့်လာသည်။ ဤအတွင်း စပါးစျေး အလွန်အမင်း ကျဆင်းလာသဖြင့် မွဲပြာကျလာသည်။ နယ်ခဲ့ အစိုးရအမှုထမ်းများ၏ ပြည်သူများ အပေါ် ကျူးကျော်စော်ကားမှု၊ မတရားပြုကျင့်မှုများနှင့်အခွန် အတင်းအကြပ် ကောက်မှုများကြောင့် နောက်ဆုံး ဆရာစံ ဦးဆောင်သော လယ်သမားများ လက်နက်စွဲကိုင်၍ သူပုန်ထခဲ့ ခြင်း ဖြစ်သည်။

၂။ ၁၉၃၀ ပြည့်နှစ် ဒီဇင်္ဘာ ၂၊၁ ၂၉ ၂ပြာသိုလဆန်း(၂) ရက်နေ့မှ စတင်၍ တောင်လှန် ပုန်ကန်သည်။ လက်နက် အင်အား တောင့်တင်းမှုလုံးဝမရှိ။သာယာဝတီနယ်မှ ကျေးရွာများဖြစ်ကြ သော ဇီမ်ဇာ၊အင်းကောက်၊ရေတိုက်၊ဖားရွှေကျော်၊ဆည်နှစ်ခွ စသည့် ကျေးရွာများမှ တောင်သူ လယ်သမားများ တုတ် ဓား၊ ဒူးလေး၊ ဝါးချွန်၊ ကောက်ဆွ၊ လှန် စသည့် ရရာလက်နက်များ ဆွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်သည်။ မြန်မာ လယ်သမားကြီးတို့၏ သတ္တိကား ချီးကျူးလေးစားဘွယ်ပင်ဖြစ်သည်။

၃။ ဆရာစံ ဦးစီးသော လယ်သမား သူပုန်များနှင့်နယ်ခဲ့ အင်္ဂလိပ်တို့ အဆင့်ဆင့် အကြိမ်ကြိမ် ဖြစ်ပွားခဲ့သော တိုက်ပွဲများမှ အရေးကြီးသော တိုက်ပွဲများအကြောင်းကို အောက်တွင် မှတ် တမ်းတင် ဖော်ပြလိုက်သည်။

(က) ၂၂-၁၂-၃၀ ဂဠုန်တပ်သားများ သာယာဝတီထောင် စီးရန်ချီတက်လာစဉ် ဇီမ်ဇာသူကြီးနှင့် စမ်းတွင်းရွာအနီး တွေ့ရှိ၍ တိုက်ခိုက်ကြသည်။ ဇီမ်ဇာသူကြီး ကျဆုံးသည်။

(ခ) ၂၃-၁၂-၃၀ ဖားရွှေကျော်တွင် ပထမဆုံး တိုက်ပွဲ ဖြစ် သည်။ အစိုးရ ပုလိပ်အဖွဲ့ စခန်းချရာ လယ်တဲကိုဝိုင်း၍ တိုက်သည်။ ဦးမောင်ကလေး ခေါင်းဆောင်သော ပုလိပ် အဖွဲ့ ဆုတ်ခွာထွက်ပြေးရသည်။

(ဂ) ၂၄-၁၂-၃၀ ဝဲရွာတွင် တိုက်ပွဲဖြစ်ပွားသည်။ သစ်တော အင်ဂျင်နီယာ မစ္စတာ ဖီးကလပ် ကျဆုံးသည်။

(ဃ) ၂၅-၁၂-၃၀ ဖားရွှေကျော်တွင် ဒုတိယအကြိမ် တိုက်ပွဲ ဖြစ်ပွားသည်။ ရာဇဝတ်ဝန် ဦးမောင်ကလေး ကျဆုံး သည် (ပန်ချာပီတပ် ထွက်ပြေးသည်။။)

(င) ၃၀-၁၂-၃၀ ဖားရွှေကျော်တွင် တတိယတိုက်ပွဲဖြစ်ပွား သည် ဂဠုန်တပ်သားများ အကျအဆုံး များသဖြင့် ဆုတ်ခွာခဲ့ရသည်။

(စ) ၃၁-၁၂-၃၀ အလံတောင်တွင် တိုက်ပွဲ ဖြစ်ပွားသည်။ အစိုးရ စစ်တပ်က အလံတောင်ကို သိမ်းပိုက်မိသဖြင့် ဆရာစံတို့ ဆုတ်ခွာရသည်။

(ဆ) ၇-၁-၃၁ ဦးအောင်လှ ခေါင်းဆောင်သော ဂဠုန်တပ် နှင့် အရေးပိုင် မစ္စတာ တရက်တို့ ခေါင်းဆောင်သော စစ်ပုလိပ်-နယ်ပုလိပ်များနှင့် ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ထန်းတောရွာအနီးတွင် တိုက်ပွဲ ဖြစ်ပွားသည်။

(ဇ) ၁၀-၄-၃၁ သရက်ခရိုင် ကမ္မမြို့နယ် ခြောက်ပင်ရွာတွင် သူကြီးများ စည်းဝေးရာ ဂဠုန်တပ်ဖွဲ့များ ဝင်၍ တိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com

(ဃ) ၁၃-၄-၃၁ ရာဇဝတ်ဝန်ကြီး မစ္စတာ အေစီစမစ် ပုလိပ်အဖွဲ့နှင့် သရက်ခရိုင် ထုံးရှာအနီးတွင် တိုက်ပွဲ ဖြစ်ပွားသည်။ ရာဇဝတ်ဝန်ကြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိသည်။

(ည) ၄-၅-၃၁ ပြည်ခရိုင် ဝက်ထီးကန်အနီး မြို့မရှာတွင် ရာဇဝတ်ဝန်ကြီး မစ္စတာ ဩစတင်အဖွဲ့ကို ဂဠုန်တပ်သားများ ဝိုင်းဝန်း တိုက်ခိုက်သည်။ ရာဇဝတ် ဝန်ကြီးနှင့် ပုလိပ် ခုနစ်ဦး ကျဆုံးသည်။ ထိုနေရာတွင် အင်္ဂလိပ်အစိုးရက ကျေဇာ်တိုင် စိုက်ထူခဲ့သည်။

(ဋ) ၁၀-၅-၃၁ ဟသ်ာတမြို့နယ် ဂတ်ဝင်းအတွင်း ပန်ချာပီ တပ်ကို ဂဠုန်တပ်မှ ဝင်ရောက်တိုက်ခိုက်သည်။ ပန်ချာပီ စစ်သားများ ဒဏ်ရာရသည်။

(ဌ) ၁၅-၅-၃၁ ဟသ်ာတခရိုင် လယ်တီ စာဖြူစုတွင် ပုလိပ်ကင်းစခန်းကို ဂဠုန်တပ်ဖွဲ့မှ ဝင်ရောက် တိုက်ခိုက်သည်။

ဆရာစံ၏ လယ်သမားသူပုန်များ လှုပ်ရှားခဲ့သော နယ်များမှာ သင်ယာဝတီ၊ ဖျာပုံ၊ ဟသ်ာတ၊ အင်းစိန်၊ ပြည်၊ ပဲခူး၊ သရက်ခရိုင်နှင့် ရှမ်းပြည် နောင်ချိုနယ်တွင် ဖြစ်သည်။ အရေးတော်ပုံအတွင်း နယ်ချဲ့အစိုးရက ပြည်တွင်းရှိ စစ်အင်အားနှင့် မလုံလောက်သဖြင့် အိန္ဒိယမှ စစ်ဘက်ကို အကူအညီ ခေါ်ယူခဲ့သည်။ စုစုပေါင်း အစိုးရဘက်မှ စစ်သားနှင့် ပုလိပ်(၁၁၇၄၀) အသုံးပြု တိုက်ခဲ့သည်။ အစိုးဘက်မှ(၇၈)ယောက် ကျဆုံးပြီး (၉၆)ဦး ဒဏ်ရာရသည်။ လယ်သမား သူပုန်တို့ဘက်မှ တိုက်ပွဲ

ကျသူ တထောင်ကျော်၊ ဒဏ်ရာရပြီး သေဆုံးသူ ကိုးရာ၊ ပေါင်းနှစ်ထောင်မျှ ကျဆုံးကြောင်း ၁၉၃၁ ခုနှစ် စက်တင်ဘာလ တရက်နေ့ ဥပဒေပြု လွှတ်တော်တွင် ပြည်ထဲရေးဝန်ကြီးက ဖြေသည်။

၄။ အရေးတော်ပုံတွင် လယ်သမားတို့ဘက်မှ အရေးနိမ့်ခဲ့သည်။ ဤသို့ အရေးနိမ့်ရခြင်း၏ အဓိက အကြောင်းရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) လက်နက်အင်အား ညီမျှခြင်းမရှိဘဲ ခိုင်ခံ့သော တပ်မတော်ကြီးအဖြစ် တည်ထောင်နိုင်ခြင်း မရှိခြင်း။

(ခ) ဝါဒရေးအားဖြင့် ခေတ်မှီသော သဘောတရားမရှိခဲ့ခြင်း။

(ဂ) နိုင်ငံရေးပါတီ တခုခုက ဦးဆောင်ခြင်း မရှိခဲ့ခြင်း။

(ဃ) ပြည်သူတရပ်လုံး စည်းရုံးနိုင်မှု မရှိခြင်း။

၅။ ဤသို့ဖြင့် ဆရာစံ၏တောင်သူလယ်သမားအရေးတော်ပုံ အရေးနိမ့်ခဲ့ရသည်။ အသက်ပေါင်း များစွာ ဆုံးရှုံးခဲ့ကြသည်။ သို့သော် ဆရာစံ တောင်သူ လယ်သမား အရေးတော်ပုံ၏ ရှေ့ဆောင်လမ်းပြမှုကြောင့် တိုင်းသူပြည်သားများ နိုးကြားခဲ့သည်။ ထိုအရေးတော်ပုံမှ ခေတ်အဆက်ဆက် ကျော်လွှားပြီးနောက် တော်လှန်ရေး ကောင်စီနှင့် တော်လှန်ရေးအစိုးရ၏ ဆောင်ရွက်မှုကြောင့် တောင်သူလယ်သမားတို့၏ လယ်ယာစနစ်မှာ ပြောင်းလဲခဲ့ပြီးဖြစ်သည်။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး ဥပဒေ၊ သီးစားချထားရေး ဥပဒေများ ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ ဤဥပဒေအရ တောင်သူလယ်သမားများ ပါဝင်သည့်

www.burmeseclassic.com

www.burmeseclassic.com

မြေယာ ကော်မီတီများ၏ သီးစားချထားပိုင်ခွင့်၊ လက်ငုတ်လက်မလွတ်အောင် ထိန်းသိမ်းနိုင်ခွင့်များကိုရရှိပြီးဖြစ်သည်။ ၁၉၆၄ ခုနှစ် စိုက်ပျိုးတကေလျှင် စိုက်ပျိုးရေးဘဏ်မှ ဂ-ကျပ်မှ ၂၅-ကျပ် အထိ တိုးမြှင့်ရရှိသည်။ကုဋေ ငါးဆယ်အထိ အစိုးရက ထုတ်ချေးသည်။ ကျေးရွာ (လလသသ)နှင့် ကျေးရွာ အသင်းဆိုင်များ ဖွင့်ပေးခဲ့သည်။ (လလသသ ပေါင်း ၁၀၀၀၆၊ ဆိုင်ပေါင်း ၉၁၁၀) လယ်သမားတဦးသည် ကျပ်နှစ်ရာဘိုးအကြွေးအတိုးမဲ့ ဝယ်ယူနိုင်သည်။ လယ်ထွန်စက်ပေါင်း သုံးထောင်ကျော်ဖြင့် ထွန်ယက်နိုင်အောင် စီစဉ်ပေးခဲ့သည်။ ဆည်မြောင်း တာတမံများ တိုးချဲ့ရေး၊ စပါးကြို့တင်ဝယ်ယူရေးတို့ကိုစီစဉ်ပေးခဲ့သည်။ ဤသို့အားဖြင့် လယ်သမားတို့ အခွင့်အရေးများကို စီစဉ်ပေးခဲ့ပြီးဖြစ်သည်။

တောင်သူလယ်သမားနေ့ကို ယခင်အစိုးရများ လက်ထက်ကလည်း ကျင်းပခဲ့သည်။ သို့သော် ထိုစဉ်က ကျင်းပပုံမှာ လူထုစည်းဝေးပွဲလုပ်ပြီးခေါင်းဆောင်များကတရားဟောခြင်းသာဖြစ်သည် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်တွင် ထိုကဲ့သို့မဟုတ်ပေ။ တောင်သူလယ်သမားနေ့ မရောက်မီ လယ်သမား ခေါင်းဆောင်ကိုယ်စားလှယ်ကြီးများကိုပင့်ဖိတ်၍ဆွေးနွေးပွဲများကျင်းပသည်။ လယ်သမား ကိုယ်စားလှယ်တော်ကြီးများက ၎င်းတို့၏ဆန္ဒကိုပွင့်ပွင့်လင်းလင်း တင်ပြသည်။ဌာနဆိုင်ရာ တာဝန်ခံများက လယ်သမားဦးကြီးများ၏တင်ပြချက်များကိုလေ့လာမှတ်သားပြီးတာဝန်ယူဆောင်ရွက်ပေးရသည်။ တောင်သူလယ်သမားနေ့ကိုလည်းနှစ်စဉ်နေရာဌာနရှေ့ပြောင်းကျင်းပသည်။ဤသို့အားဖြင့်မျက်မှောက်

ခေတ်နှစ်စဉ်ကျင်းပသောတောင်သူလယ်သမားနေ့မှာ တောင်သူလယ်သမားများအတွက် အမှန်တကယ် အကျိုးသက်ရောက်သော အထိမ်းအမှတ်နေ့ကြီးတနေ့ ဖြစ်ခဲ့လေသည်။

× × ×

တော်လှန်ရေးနေ့

နှင့်

တပ်မတော်နေ့

တော်လှန်ရေးသဘောတရား

သတ္တဝါတို့ မိုတင်းနေထိုင်သော ဤကမ္ဘာလောကကြီးရှိ သက်ရှိ သက်မဲ့ သတ္တဝါအရာဝတ္ထုအားလုံးသည် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပျက်နေကြသည်။ ထိုသို့ ပြောင်းလဲဖြစ်ပျက်နေသည်ကို မတည်မြဲခြင်း(သင်္ခါ)ရဟု ခေါ်သည်။ ဤသို့ပြောင်းလဲဖြစ်ပေါ်နေသည့် လောကကို သင်္ခါရလောကဟုခေါ်သည်။

သက်ရှိ သက်မဲ့ အရာဝတ္ထုတို့သည် သဘာဝအလျောက် တဖြည်းဖြည်း တစတစပြောင်းလဲလျက်ရှိ၏။ ပြောင်းလဲပုံမှာ ဆင့်ကဲ ဆင့်ကဲ ဖြစ်သည်။ ထိုသို့တစတစ ပြောင်းလဲခြင်းကို အီဗောလူးရှင်း(Evolution)ဟုခေါ်သည်။ဤသို့တစတစ ပြောင်းလဲခြင်းမဟုတ်ဘဲ တမုဟုတ်ခြင်း ပြောင်းမှုမျိုးလည်း ရှိသည်။ ထိုတမုဟုတ်ခြင်း ပြောင်းလဲမှုမျိုးကို(Revolution)ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သက်ရှိသက်မဲ့တို့သည် အထက်ဆိုခဲ့ပြီးသော နည်းမျိုးဖြင့် ပြောင်းလဲလျက်ရှိကြသကဲ့သို့လူ့ဘောင်လောက၏ ပြောင်းလဲမှု မျှားလည်း ရှိကြသည်။ထိုပြောင်းလဲမှုမျှားကို လူမှုပြောင်းလဲရေး ဟု ခေါ်ဆိုကြသည်။ လူမှုပြောင်းလဲရေးကို တစတစ ပြောင်းလဲခြင်း (Evolution)နှင့်တမုဟုတ်ခြင်း ပြောင်းလဲမှုRevolution ဟူ၍ နှစ်ပိုင်း ပိုင်းခြားနိုင်သည်။ တမုဟုတ်ခြင်း ပြောင်းလဲမှုမှာ သဘာဝအလျောက် တဖြည်းဖြည်းပြောင်းလဲမှုမျိုးမဟုတ်၊အခြေအနေအရပ်ရပ်ကြောင့် လူတို့က ဖန်တီး ဆောင်ရွက်ရသော ပြောင်းလဲမှုမျိုး ဖြစ်သည်။ ထိုတမုဟုတ်ခြင်း ပြောင်းလဲမှု (Revolution)ကား မူလရှိပြီးသော အစဉ်အလာမျှားကို ဖယ်ရှားတွန်းလှန်ပစ်ရသည့်တော်လှန်ရေးပင် ဖြစ်သည်။

တော်လှန်ရေးနှစ်မျိုး

တော်လှန်ရေးကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။နိုင်ငံရေးသဘော တော်လှန်ရေးနှင့် လူမှုရေးသဘော တော်လှန်ရေးပင် ဖြစ်သည်။ နိုင်ငံရေးသဘော တော်လှန်ရေး ဟူသည်မှာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ရေးအသွင်အပြင်ကို အကြမ်းဖက်၍ဝင်း၊ ညင်သာသော ချုပ်ကိုင်မှုဖြင့်ဝင်း တမုဟုတ်ခြင်း ပြောင်းလဲပစ်သည့် တော်လှန်ရေးပင် ဖြစ်သည်။ နိုင်ငံရေးတော်လှန်မှုမှာ မိမိလက်ဝယ်သို့အာဏာရရှိရေးအတွက် အကြမ်းဖက်တန် ဖက်ရသောတော်လှန်ရေးမျိုးဖြစ်သည်။ အုပ်ချုပ်မှုတစုံတခု အောက်မှ ရုန်းကန်သော တော်လှန်ရေးမှာလည်း နိုင်ငံရေး သဘော တော်လှန်ရေးတွင် အကျုံးဝင်သည်။ လူဟောင်း စီးနှစ်ဟောင်းကို လူသစ် စနစ်သစ်ဖြင့် အစားထိုးခြင်းပင် ဖြစ်သည်။

လူမှုရေးသဘောတော်လှန်ရေးမှာ လူ့လောကတွင် လူနေမှုစနစ်၊တွေးခေါ်မြော်မြင်ရေး သဘောတရား၊ စီးပွားရေး စသည် လူမှုရေးရာအားလုံးကို တော်လှန်ခြင်းဖြစ်သည်။အတွေးအခေါ် အယူအဆမှစ၍ ပြုပြင်ပြောင်းလဲခြင်း ဖြစ်သည်။ လူမှုရေးတော်လှန်မှုမှာ တခါတရံ၌ အကြမ်းဖက်၍ ဆောင်ရွက်ရသော်လည်း စိတ်ဓာတ်စစ်ဆင်ရေးသဘော ပါရှိသဖြင့် နူးညံ့ညင်သာသော တော်လှန်ရေးဖြစ်သည်။ လူတို့လက်ခံယုံကြည် ကျင့်သုံးနှင့်သော တွေးခေါ်မြော်မြင်မှု သဘောတရားများကို ပြုပြင်ပြောင်းလဲခြင်းမှာ လွယ်ကူသောကိစ္စတရပ်မဟုတ်ပေ။ တော်လှန်ရေး နှစ်ရပ်တွင် နိုင်ငံရေးသဘောတော်လှန်ရေးမှာ အောင်မြင်မှု များသော်လည်း လူမှုရေးသဘော တော်လှန်ရေးမှာ အောင်မြင်ခြင်း အရေအတွက် မများလှပေ။

မြန်မာနိုင်ငံ တော်လှန်ရေး

ဤလောကတွင် လူသည် လူဟူ၍ စတင်ပေါ်လာသည်မှ စ၍ အစဉ်အဆက် တော်လှန်နေသော တော်လှန်ရေးသမားကြီးများ ဖြစ်ကြသည်။ သက်ရှိသတ္တဝါအားလုံးတွင် လူသည်သာ တော်လှန်ရေးသမားစစ်စစ် ဖြစ်ချေသည်။လူသည် ရှေးဦးစွာ သဘာဝကို တော်လှန်သည်။ ပူခြင်း၊ အေးခြင်းတည်းဟူသောရာသီဥတု၏ ဒဏ်ကို အဝတ်ဝတ်ဆင်ခြင်း၊ အမိုးအကာပြု၍ နေထိုင်ခြင်းဖြင့် တော်လှန်သည်။ အစားအစာအတွက် သဘာဝ အလျောက် သီးပင်ပင်သော အသီးအပင်ကို အဆင်သင့်ဆွတ်ယူ၍ မစားပဲ၊ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်၍စားကြသည်။ ယနေ့ နောက်သုံးအဆင့် လူတို့၏ သဘာဝတော်လှန်ရေးအောင်မြင်မှုမျှားမှာ ရေထု

www.burmeseclassic.com

www.burmeseclassic.com

တွင်ငင်း၊ လေထုတွင်ငင်း အကာအဆီး အဘာမရှိ သွားလာ နိုင်သည်အထိ ဖြစ်သည်။ ၄ င်္ဂ်စသော တိရစ္ဆာန်များကား လူကဲ့သို့ သဘာဝကို တော်လှန်နိုင်ခြင်း မရှိခဲ့ပေ။ဤသည်မှာ လူနေမှု စနစ်အရ သဘာဝကို တော်လှန်ခြင်း ဖြစ်သည်။

လူသည် အားကြီးသူကို အားနည်းသူက ညှဉ်းပန်းချုပ်ကိုင် တတ်သောသတ္တဝါဖြစ်သည်။ အားနည်းသူဖြစ်စေကာမူ အားကြီးသူများကို အကြိမ်ကြိမ်အဖန်ဖန် တော်လှန်သောသတ္တဝါ လည်း ဖြစ်သည်။

မြန်မာတို့သည် သမိုင်းအစမှ စ၍ ခေတ်အဆက်ဆက်တွင် စနစ်အမျိုးမျိုး၊ သဘောတရားအမျိုးမျိုးကို သူ့ခေတ်နှင့် သူ့အခါ တော်လှန်ခဲ့ကြပြီး ဖြစ်သည်။ ပြုပြင်ပြောင်းလဲခဲ့ကြဘူးပြီ လည်းဖြစ်သည်။

ဤစာအုပ်တွင် ဝိသေသပြု၍ ဖော်ပြလိုသော တော်လှန်ရေး မှာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တော်လှန်ခဲ့သော နိုင်ငံရေးသဘောတော်လှန်ရေးနှင့် လွတ်လပ်ရေး ရပြီးနောက် ယနေ့ဆင်နွဲ့နေသော လူမှုတော်လှန်ရေးပင်ဖြစ်သည်။ နိုင်ငံရေး သဘော တော်လှန်ရေးကို (လွတ်လပ်ရေးနေ့) အကြောင်းတွင် အတန်အသင့် ဖော်ပြခဲ့ပြီး ဖြစ်သည်။ယခု ပိုလိုချုပ်အောင်ဆန်း ဂျပန်ပြည်သွားသည်မှ စတင်၍ တင်ပြလိုသည်။ အချို့အချက် အလက်များမှာ လွတ်လပ်ရေးနေ့အကြောင်းတွင်ပါဝင်ပြီးဖြစ်၍ ထပ်မံဖော်ပြမည်မဟုတ်ပါ။

တပ်မတော်နေ့

မြန်မာ့တပ်မတော်သည် တော်လှန်ရေးနှင့်အတူ ဖွားမြင်လာ သော ပြည်သူ့တပ်မတော်ဖြစ်သည်။ တပ်မတော်တွင် တောင်

လယ်သမား၊ လုပ်သားပြည်သူများ၏ သားသမီးများ ပါဝင်၍ အမှုထမ်းနေကြသည်။ ပြည်သူ့သားသမီးများဖြင့် ဖွဲ့စည်းထား သော တပ်မတော်သည် ပြည်သူ့ လွတ်လပ်ရေးအတွက် စတင် တော်လှန်ရင်းမှ ဖွားမြင်လာသော ပြည်သူ့သားရတနာဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့ စည်းရုံး တိုက်ပွဲဝင်ခဲ့သော တော်လှန်ရေး နေ့ကို တပ်မတော်နေ့ဟူ၍ ယနေ့ ခေါ်တွင်စေသည်။ ဖက်ဆစ် ဂျပန်ကို စတင်တော်လှန်သော မတ်လ(၂၇) တော်လှန်ရေး နေ့တွင် (တပ်မတော်နေ့)ကို ကျင်းပသည်။

နယ်ချဲ့ကိုမောင်းထုတ်ခြင်း

သီပေါမင်း ပါတော်မူပြီးနောက် မြန်မာနိုင်ငံသည် အင်္ဂလိပ် လက်အောက်သို့ကျရောက်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်သည် မြန်မာ တို့ကို စီးပွားရေး၊ နိုင်ငံရေး၊ လူမျိုးရေးအဖက်ဖက်မှ ဖိနှိပ် ချုပ်ကိုင် ခဲ့သည်။ မြန်မာပြည်တွင်းမှထွက်သော ကောက်ပဲသီးနှံများ နှင့် သယံဇာတပစ္စည်းများကို ချယ်လှယ်ခဲ့ခြင်းဖြင့် အကျိုးစီးပွား များစွာဖြစ်ထွန်းခဲ့ကြသည်။ မြန်မာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ရခိုင် သော တိုင်းရင်းသား လူမျိုးအချင်းချင်း သွေးကွဲရေးကို ဖန် တီးခဲ့သည်။ဤနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် မြန်မာတို့ သည် အကြိမ်ကြိမ်အဖန်ဖန် ကြိုးစားခဲ့သည်။ အထင်အရှားဆုံး အကြောင်းအရာကြီးများမှာ ကျွောင်းသားသပိတ်၊ဆရာစံသူပုန်၊ လုံခြုံမြေသပိတ်နှင့် နောက်ဆုံး ရဲတောင်သုံးကျိပ် ဦးဆောင်သော မာ့တပ်မတော်မှ တော်လှန်ရေးတို့ပင်ဖြစ်သည်။

မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ခဲ့သည်။ထိုနောက် ဗဟိုဆစ်ဂျပန်ကို တော်လှန်ပြန်သည်။ ဤတော်လှန်ရေး နှစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com

မှာ ဆက်စပ်လျက်ရှိသည်။ နယ်ခြေကို ခေတ်အဆက်ဆက်တွင် မြန်မာတို့ အနုနည်းဖြင့်ရင်း၊ အကြမ်းနည်းဖြင့်ရင်း တော်လှန်ခဲ့ပုံကို (လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ)တွင် အတန်အသင့် ပြည့်ပြည့်စုံစုံဖော်ပြခဲ့ပြီးဖြစ်သည်။

၁၉၄၀ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်း ဂျပန်ပြည်သို့ တိတ်တဆိတ်ထွက်ခွာသွားသည်။ ၎င်းနှစ် ဩဂုတ်လ ၁၄ ရက်တွင် ထွက်ခွာခြင်းဖြစ်သည်ဟူ၍လည်း မှတ်တမ်းတင်ကြသည်။ ဩဂုတ်လ ၈ ရက်နေ့က ပိုမိုမှန်ကန်လိမ့်မည်။

၁၉၄၁ ခုနှစ် ဇန်နဝါရီလတွင် သခင်အောင်ဆန်း မြန်မာပြည်သို့ပြန်လာသည်။ ကြိုတင် သတင်း ရရှိထားသော အင်္ဂလိပ်အစိုးရက ရန်ကုန်ဆိပ်ကမ်းမှစောင့်၍ဖမ်းသည်။ သခင် အောင်ဆန်းက ပုသိမ်တွင် ဆင်းပြီး ရန်ကုန်သို့တက်လာသည်။ (မြေပုံကိုကြည့်ပါ)။

သခင်အောင်ဆန်းတို့သည် ဂျပန်မှတဆင့် ဂျပန်ပိုင်ဖော်မိုဆာကျွန်းအနီးရှိ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူကြသည်။ ၆ လ ကြာ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ-အိုင်-အေ)သည် ၁၉၄၁ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ယိုးဒယားပြည်ဘန်ကောက်မြို့၌ဖွဲ့သည်။ ဘီ-အိုင်-အေ မပေါ်မီက ဗမာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ရန်(မိန်ဘာမီကံ)အဖွဲ့ကို ဂျပန်မြန်မာပူးပေါင်း၍ (ဂျပန်ပြည်တွင်)ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခု ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဂျပန်



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီး ကာနယ်စူဇူကီးကြီးမှူး၍ ကြည်းတပ်၊ရေတပ်မှ ဂျပန်ဗိုလ်ကြီးများ စုပေါင်း ဆွေးနွေးကြသည်။ ဗမာ့ လွတ်လပ်ရေး အစီအစဉ်ကိုရေးဆွဲသည်။ ပြင်ဆင်မှုကော်မတီဖွဲ့ပြီး ထိုကော်မီတီ ကိုလျှို့ဝှက်ထားသည်။(နမ်ပိုကီကိုဂျီး-ချိုဆာကိုင်း)အရှေ့တောင် အာရှစီးပွားရေးလုပ်ငန်းစုံစမ်းရေးအဖွဲ့ဟူ၍အမည်ပေးထားသည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ တရက်နေ့တွင်မှ(မိနာမီကံ) ဟူ၍ ဂျပန်တိုကျိုမြို့ရှိ စစ်ဗဟိုဌာနချုပ်တွင် ပွဲစည်းခဲ့ခြင်း ဖြစ်သည်။

မိနာမီကံအဖွဲ့၏ ဆောင်ရွက်ရန် ကိစ္စများတွင် မြန်မာပြည်ရှိ ဒို့ဗမာ အစည်းအရုံးနှင့် ဆက်သွယ်ရန်၊ ဒို့ဗမာ အစည်းအရုံး ဝင် သခင်များကို ဂျပန်ပြည်သို့တိတ်တဆိတ်ခေါ်ယူရန် စသည် တို့ဖြစ်သည်။ မိနာမီကံအဖွဲ့ကို ဂျပန်စစ်တပ်မဟာဝါ စစ်ဦးစီးဌာန ချုပ်မှ တိုက်ရိုက်အုပ်ချုပ်သည်။ ရဲဘော်သုံးကျိပ် ဟိုင်နန်ကျန်း တွင် စစ်ပညာသင်နေစဉ် ဤအဖွဲ့က ထိပ်တန်းလျှို့ဝှက် ဆောင်ရွက်ဘွယ်ကိစ္စများသို့ ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ တွင် ယိုးဒယားသို့ရောက်နေ ပြီဖြစ်သော ရဲဘော်သုံးကျိပ်ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ် မတော် ဘီ အိုင် အေ ကိုဖွဲ့သည်။ ဘီ အိုင် အေ ဦးဆောင်၍ မြန်မာပြည်သို့ ယိုးဒယားမှ စစ်ကြောင်းသုံးကြောင်းဖြန့်၍ ချီတက်လာလေသည်။(မြေပုံကိုကြည့်ပါ)

ဖက်ဆစ်တော်လှန်ရေး

ဂျပန်သည် မြန်မာပြည်ရောက်ပြီး မကြာမီပင် ဖက်ဆစ်စနစ် ကိုကျင့်သုံးသည်။ဖက်ဆစ်စနစ်ဟူသည်မှာ ရက်စက် ကြမ်းကြုတ်



ရဲဘော်သုံးကျိပ် မြန်မာပြည်၏ ခရီးစဉ်

www.burmeseclassic.com

www.burmeseclassic.com

သော အဓမ္မစနစ်ဖြစ်သည်။ ဂျပန်တို့သည်မြန်မာပြည်တွင် ဖက်ဆစ်စနစ်ကို အဘယ်မျှ ဆိုးဆိုးရွားရွား ယုတ်ယုတ်မာမာ ကျင့်သုံးခဲ့သည်ကို ဖော်ပြရလျှင် မယုံကြည်နိုင်အောင်ပင်ဖြစ်သည်။ မြန်မာ့တော်လှန်ရေး သရုပ်ပြ ဇာတ်ကားများတွင် ဖက်ဆစ်ဂျပန်တို့၏ ရက်စက်ယုတ်မာမှု အနည်းအကျဉ်းကို ဖော်ပြရာ ထိုခေတ်ကို မမြင်သော လူငယ်တို့ဏ မယုံကြည်ကြပေ။ 'သဘာဝမကျ လူလူချင်း ဤမျှရက်စက်မည်မဟုတ်' ဟု ခေတ်နှင့်ယှဉ်၍ တွေးခေါ်ကြသည်။

နယ်ချဲ့အင်္ဂလိပ် စစ်ပုလိပ်များသည် မြန်မာရုပ်ပွားတော်များကို သေနတ်နှင့်ပစ်၍ စော်ကားခဲ့သည်။ ဖက်ဆစ်ဂျပန်တို့ကား ရုပ်ပွားတော်များကို ထင်သလိုပြုမူစော်ကားသည့်အပြင် မြန်မာဘုန်းတော်ကြီးများကိုပင် ပါးရိုက်ခဲ့ကြသည်။

ဂျပန်ခေတ်အခါက မြန်မာပြည် အနယ်နယ်အရပ်ရပ်တို့တွင် ပါးရိုက်သံမိုးမှန်ခဲ့သည်။ မြန်မာအမျိုးသမီးတို့ ဖက်ဆစ်ဂျပန်၏ ကျင့်ကြံစော်ကားခြင်းကို ခံရသည်။ လူအရှင်လတ်လတ်ကို ရေနွေးလောင်းခြင်း၊ နေပူလှန်းခြင်း၊ လက်သဲခွ ခွာခြင်း၊ ပါးစပ်မှသွားများကို တချောင်းစီ နှုတ်ပစ်ခြင်း၊ ထုတ်တွင် ဇောက်ထိုးဆွဲခြင်း စသည်တို့မှာ ဖက်ဆစ်တို့၏ မရေတွက်နိုင်သော ညှဉ်းပန်းနှိပ်စက်မှုများမှ တစိတ်တဒေသားလျှင်ဖြစ်သည်။ ဖက်ဆစ်ဂျပန်တို့ ချေးတပ်ဆွဲ၍ မော်လမြိုင်နယ် သံဖြူဇရပ်တွင် ရထားလမ်းဖောက်စေခဲ့ရာ လူပေါင်းများစွာ အစာငတ်ခံ၍ဝင်း၊ ရောဂါကြောင့်ဝင်း သေဆုံးခဲ့ကြသည်။ မသေ၍ ပြန်လာသော သံဖြူဇရပ်ပြန်တို့မှာလည်း လူရုပ်နှင့်မတူအောင် ပုံပန်းပျက်နေကြပြီဖြစ်သည်။

ဂျပန်ခေတ်၏ဆင်းရဲမွဲတေပုံမှာလည်း စာဖွဲ့၍မကုန်နိုင်အောင် ဖြစ်သည်။ ဂုံနီအိတ်ကို လုံချည်ချုပ်ဝတ်ရပြီး လူတိုင်းလိုလို ဝဲစွဲ၍ သန်းကိုက်ခံရသည်အထိ ဖြစ်လေသည်။

ဤသို့ဖြင့် ဖက်ဆစ်စနစ်ကို ကာမ်းကုန်အောင်ပြုကျင့်လာသော ဂျပန်တို့ကို မြန်မာများ ခါးခါးသီးသီးမုန်းတီးလာသည်။ မြန်မာတမျိုးသားလုံးက ဖက်ဆပ်ဂျပန်ကို တော်လှန်ရန် ဝန်မလေးခဲ့ပေ။

ဂျပန်သည် မြန်မာနိုင်ငံတွင် သုံးနှစ် သုံးမိုး အုပ်စိုးခဲ့သည်။ ဘန်ကောက်တွင် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်ဘီ-အိုင်-အေကို ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဘီဒီအေ ဗမာ့ကာကွယ်ရေးတပ်မတော်ဟူ၍ ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

ဘီ-ဒီ-အေမှ ရဲတော်အချုပ်နှင့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်အချို့သည် ဂျပန်ကို တော်လှန်ရန် စိတ်အား တက်ကြွလှန်းသဖြင့် ချက်ချင်းတော်လှန်လိုကြသည်။ ဗိုလ်ချုပ်က အချိန်စောသေးသဖြင့် အုပ်ဆိုင်းထားလေသည်။

၁၉၄၅ ခုနှစ်၊ မတ်လ(၂၆)ရက်။

ထိုနေ့နံနက်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့ကာကွယ်ရေးတပ်မတော်သည် ရန်သူများကို တိုက်ခိုက်ရန် ရန်ကုန်မှ မြန်မာပြည်အရပ်ရပ်သို့ စစ်ထွက်သည်။ ထိုစဉ်က ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဂျပန်များနှင့်လက်တွဲပြီး ရန်သူ အင်္ဂလိပ်နှင့် သူ၏ မဟာမိတ်တပ်များကို တိုက်ခိုက်ချေမှုန်းရန် စစ်ထွက်သည့်အနေဖြင့် ချီတက်ကြခြင်း ဖြစ်သည်။ အင်္ဂလိပ်ကို

www.burmeseclassic.com

www.burmeseclassic.com

တိုက်ရန်ဟု အမည်ခံထားသော်လည်း အမှန်မှာ 'ဂျပန်ကိုတိုက်ရန်' ဖြစ်လေသည်။အချိန်မကျရောက်သေးသဖြင့် ပရိယာယ်ဆင်ခြင်း ဖြစ်သည်။

ဂျပန်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့ကာကွယ်ရေးတပ်မတော်အပေါ်မယုံတဝက်ယုံတဝက်ဖြစ်နေသည်။ထို့ကြောင့် စစ်ချီသော အခမ်းအနားတွင် ဗိုလ်ချုပ် ဘာတွေ ပြောမည်ကို ဂရုစိုက်နေသည်။

စစ်ထွက်မည့်နံနက်တွင် ရွှေတိဂုံစေတီ အနောက်ဘက် ကွက်လပ်(ယခုတော်လှန်ရေးပန်းခြံနေရာ)ကြီးတွင် တပ်သားများ စုရုံးကြသည်။ ရန်ကုန်လူထုသည် တပ်မတော်ကြီး အင်္ဂလိပ် တိုက်ရန် ချီတက်မည်ဟု သိထားကြသည်။ နိုင်ငံရေးသမား နယ်ပယ်နှင့် နီးစပ်သော လူမျိုးစုကမူ ဂျပန်ကိုတော်လှန်ရန် ချီတက်မည်ဖြစ်ကြောင်း သိထားကြသည်။ လူပေါင်းများစွာ အဖြစ်မှန်ကို သိထားပါလျက် ဂျပန်တို့ကို တစုံတဦးကမျှ ဖွင့်ဟ ပြောကြားခြင်း မပြုခဲ့ကြခြင်းမှာ ထိုစဉ်က မြန်မာတို့ ဖက်ဆစ်ဂျပန်ကို မည်မျှ ရွံမုန်းကြောင်း၊ တော်လှန်ရေးအတွက် အဘယ်မျှ သွေးစည်းညီညွတ်ကြကြောင်း ထင်ရှားပေသည်။

နံနက်(၈)နာရီတွင် ဗမာ့ကာကွယ်ရေးတပ်မတော်သားများ စုံညီစုရုံးမိကြသည်။တပ်မတော်သားများအား ဗိုလ်ချုပ်အောင်ဆန်းက စစ်ထွက်မိန့်ခွန်းမြွက်ကြားသည်။ဗိုလ်ချုပ်မိန့်ခွန်းမှာ တို့တို့ ရှင်းရှင်းနှင့် ရဲရဲတောက်ပင် ဖြစ်သည်။ဗိုလ်ချုပ်က 'မြန်မာ့ရန်သူ စစ်စစ်ကို တိုက်ရမည်ဖြစ်ကြောင်း၊ရန်သူကိုတိုက်ရန် ကြောက်ရွံ့နေသူ များနေနိုင်ခဲ့ကြောင်း၊ မြန်မာ့ရန်သူများကို အစွမ်းကုန်

တိုက်ကြစေလိုကြောင်း၊ မိမိလည်း တိုက်မည်ဖြစ်ကြောင်း' တို့ကို အတိုဆုံးမိန့်ကြားခဲ့သည်။ ကြားရသော တပ်မတော်သားများ၊ ရဟန်းရှင်လူများသည် ကျေးဘတ်ဝင်စိမ့်၍ ဖိတ်ဖိတ်လျှံ မျှပိတိဟုန်ကြွခဲ့ကြသည်။

တပ်မတော်သားများသည် ရွှေတိဂုံစေတီတော်ကြီးကိုပတ်၍ ချီတက်သွားကြသည်။အခမ်းအနားကို လာရောက်ကြည့်ရှုသော ပြည်သူလူထုက ပန်းသပြေများ ကမ်းဆက်၍ သောင်းသောင်းဖျဖျ သြဘာပေးကြသည်။စည်တော်ယွန်းသည်၊ ပရိသတ်တို့သည် မိုးဖျားထိမျှ စိတ်တက်ကြွကြသည်။ စစ်ထွက်အခမ်းအနားကျင်းပပြီး နောက်တနေ့တွင် ကာကွယ်ရေးတပ်မတော်ကြီး စစ်ထွက်သွားလေသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်သည် တိုင်းကြီး (၇)တိုင်းခဲ့၍ ကိုယ်ရောင်ဖျောက်လိုက်ကြသည်။ထိုနှစ် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှစ၍ ဖက်ဆစ်ဂျပန်ကို တပြိုင်တည်းတော်လှန်ခဲ့လေသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်အမည်ကိုလည်း မြန်မာ့တပ်မတော်ဟူ၍ ခေါ်တွင်စေခဲ့သည်။

ဗမာ့ကာကွယ်ရေးတပ်မတော်သားများ ကိုယ်ဖျောက်ထွက်ခွာကြရာ၌ တိုင်းအမှတ် (၄) တပ်မတော်သားများ ပဲခူးမြို့မှ ကိုယ်ရောင်ဖျောက်ကြပုံမှာ စိတ်ဝင်စားဘွယ်ပင် ဖြစ်သည်။

ပဲခူးတိုင်း တိုင်းအမှတ်(၄)မှ ဗမာ့ကာကွယ်ရေးတပ်မတော်သားများသည် ပဲခူးမြို့တွင် ဂျပန်နှင့်အတူ ရှိနေသည်။ မတ်လ ၂၇ ရက်တွင် စတင်တော်လှန်ရမည်ကို ညွှန်ကြားခဲ့ကာ ရရှိပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ရဲဘော်များသည် ဂျပန်ကို မတ်လ ၂၉ ရက်နေ့တွင် စစ်ချီမည်ဖြစ်ကြောင်း၊ သယ်ယူ ပို့ဆောင်ရေးအတွက် ဂျပန်မီးရထားရုံပိုင်နှင့်တွေ့၍ ပျဉ်းမနားသို့ တပ်များပို့ရန် မတ်လ ၂၉ ရက်တွင် ရထားလိုကြောင်း ပြောသည်။ ရထားပေးနိုင်ရန် အခြေအနေမရှိသော ဂျပန်ရုံပိုင်ကလည်း မျက်လုံးပြူးနေသည်။

တပ်မတော်သားများသည် မတ်လ ၂၉ ရက်နေ့ စစ်မထွက်မီ မတ်လ (၂၀)ရက်နေ့ညတွင် နှုတ်ဆက်ညစာစားပွဲ တည်ခင်းရန် ဂျပန်အရာရှိများနှင့် မြို့မိမြို့ဖများကို ဖိတ်သည်။ ပဲခူးမြို့ဟင်္သာကုန်း ပုလိပ်ကျောင်းကြီး၌ ညစာစားပွဲ တည်ခင်းရန် အစစအရာရာ စီစဉ်သည်။ ထိုနေ့မဘိုင်မီဘွင် ရှေ့နံ့သာ ကျောင်းဝင်းအတွင်း၌ အငြိမ့်ဇာတ်ဆိုင်းဝိုင်းများကို ညစဉ်တီးမှုတ် ကပြ ဖြေဖျော်သည်။ ဗမာ့တပ်သားများ စစ်ထွက်မည်ဖြစ်၍ တပ်မတော်သားများအတွက် ဖြေဖျော်သည်ဟု လှည့်ထားသည်။ ဂျပန်နှင့် မြို့နေလူထု ဇာတ်အငြိမ့်တွင် အာရုံပြုနေစဉ် ဗမာ့ကာကွယ်ရေး တပ်မတော်သားတသုတ် ထွက်ခွာသွားကြလေသည်။ မတ်လ ၂၆ ရက်ရောက်သောအခါ အပြီးအပိုင် ထွက်သွားကြပြီဖြစ်သည်။ အငြိမ့်ဇာတ်ပွဲများကိုကား ညစဉ်မပြတ်ကစေဆဲပင် ဖြစ်သည်။ဤကဲ့သို့ ဗမာ့တပ်မတော်သားများသည် ဖက်ဆစ်ဂျပန်တို့ လုံးဝမရိပ်မိစေဘဲ နည်းပရိယာယ် အမျိုးမျိုးဖြင့် ကိုယ်ဖျောက်ခဲ့ကြသည်။ သတ်မှတ် ထားလော မတ်လ (၂၇)တွင် ဖက်ဆစ်ဂျပန်ကို စတင် တော်လှန်ခဲ့လေသည်။

ဖက်ဆစ် ဂျပန်တို့ကို တော်လှန်ရာ၌ တပြည်ထောင်လုံးရှိ တိုင်းရင်းသားအားလုံး ဝိုင်းဝန်းတော်လှန်ခဲ့ခြင်းဖြစ်သည်။ တပြည်လုံး ဝိုင်းဝန်း တော်လှန်ခြင်းဖြစ်သော်လည်း အခက်အခဲပေါင်းများစွာကို ကျော်ဖြတ် ဖြေရှင်းရသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးရသည်။ ဂျပန်တို့သည် ဗမာ့တပ်မတော်သားများ မဟာမိတ်တို့နှင့် ပူးပေါင်း၍ ၎င်းတို့ကို တန်ပြန် တော်လှန်ခြင်းကို သိလျှင်သိချင်း ယမ်းပုံမီးကျ ဒေါသအမျက် ထိန်းမရ သိမ်းမရ ဖြစ်တော့သည်။ တော်လှန်ရေးတွင် ပါဝင်သည်ဟု ထင်သူများ ဆွေမျိုးသားချင်းများကို ဖမ်းဆီး ညှဉ်းပန်းသည်။ သတ်ဖြတ်သည်။မြောင်းမြဘက်တွင် တော်လှန်ရေးတပ်သားများကိုဖမ်းဆီး သတ်ဖြတ်၍ တကျင်းထဲတွင် လေးဆယ်ကျော်မျှမြှုပ်နှံခဲ့သည်။ အလားတူပင် မြန်မာပြည် အနယ်နယ်အရပ်ရပ် ဂျပန်တို့လူသတ်ပွဲ ဆင်နွှဲခဲ့လေသည်။

တော်လှန်ရေး စတင်သော ၂၇-၃-၄၅ မှ ၎င်းနှစ် ဩဂုတ်လ အထိ ဖက်ဆစ်ဂျပန်တို့နှင့်တိုက်ခိုက်ရာတွင် ဗမာ့တပ်မတော်ဘက်နှင့် ရန်သူဘက်မှ ကျဆုံးသည့် စာရင်းများကို တပ်မတော် စစ်ဌာနချုပ်မှ ကောက်ယူ၍ မှတ်တမ်းတင်ခဲ့သည်။ ဤမှတ်ထမ်းကို လေ့လာခြင်းအားဖြင့် ဖက်ဆစ်ဂျပန် တော်လှန်ရေး ကာလ၏ အခြေအနေ တစိတ်ဘဒေသကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ မှတ်တမ်းမှာ အပြည့်အစုံ မဟုတ်ပါ။

ဗမာ့မျိုးချစ်တပ်မတော်

(၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ ဩဂုတ်လ အထိ)

ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွင်း တိုက်ခဲ့သော တိုင်းအသီးသီးမှ တိုက်ပွဲစာရင်း။

www.burmeseclassic.com

www.burmeseclassic.com

၁။ ဗိုလ်မှူးဇေယျ ဦးစီးသော စစ်ဌာနခွဲပြု၊ တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားသည်။ ရန်သူ့အင်အား ၁၄၀ ရှိ၍ ၇၀ ကျဆုံးပြီး ၁၀ ဦး ဒဏ်ရာရသည်။ စစ်သုံ့ပန်းလေးဦး ဖမ်းမိသည်။ တပ်မတော်ဘက်မှ တဦးကျဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသည်။ ရန်သူ့ဘက်မှ ရိုင်ဖယ် ၃၀၊ လှုံ့စွပ် ၃၊ ခြောက်လုံးပြူး တလက်၊ ပစ္စတိုသုံးလက်၊ ဓားရှည်သုံးခု၊ တောင်မီဂန်းတခု၊ ကျည်ဆန် ၆၀ နှင့် အမြောက်ကြီး တလက် သိမ်းပိုက် ရရှိသည်။

၂။ ဗိုလ်မောင်ကလေးနှင့် ဗိုလ်ဗလ ဦးစီးသော တပ်ရင်း ၇ တိုက်ပွဲ ၁၈ ပွဲ ရင်ဆိုင်တိုက်ခဲ့ရသည်။ ရန်သူအင်အား ၂၃၀၂ ရှိပြီး ၁၉၂ ကျဆုံး၍ ၁၅၃ ဒဏ်ရာရသည်။ စစ်သုံ့ပန်း ၃ ဦး ဖမ်းမိသည်။ တပ်မမတော်ဘက်မှ ၄ ဦးကျဆုံး၍ ၇ ဦး ဒဏ်ရာရရှိသည်။ ရန်သူ့ဘက်မှ ရိုင်ဖယ် ၃၃၊ ၎င်းကျည်ဆန် ၁၁၃၆၊ လှုံ့စွပ် ၅၊ လက်ပစ်ဗုံး ၁၅၊ ခြောက်လုံးပြူး ၂ တို့ကို သိမ်းပိုက် ရရှိသည်။

၃။ ဗိုလ်မြင့်အောင်နှင့် ဗိုလ်အောင်မြင့် ဦးစီးသော စက်အမြောက်တပ်ရင်း၊ တိုက်ပွဲ ၉ ပွဲ ဆင်နွှဲခဲ့သည်။ ရန်သူဘက်မှ အင်အား ၃၀၀၆ ရှိ၍ ၄၇ ဦးကျဆုံးပြီး ၃ ဦး ဒဏ်ရာရသည်။ တပ်မတော်ဘက်မှ ၆ ဦးကျဆုံးပြီး ၂ ဦး ဒဏ်ရာရရှိသည်။ ရန်သူ့ဘက်မှ ရိုင်ဖယ်သုံးလက် သိမ်းပိုက်ရရှိသည်။

၄။ ဗိုလ်မှူးအောင် (မင်းလှစည်သူ) ဦးစီးသော တိုင်း ၁၊ တိုက်ပွဲပေါင်း ၇၃ ကြိမ် တိုက်ခဲ့သည်။ ရန်သူဘက်မှ အင်အား ၆၅၇၆၊ ကျဆုံးသူ ၁၀၇၇၊ ဒဏ်ရာရသူ ၁၅၅၊ စစ်သုံ့ပန်း ၉၇ ဖမ်းမိသည်။ တပ်မတော်ဘက်မှ ၃၂ ဦး ကျဆုံး၍ ၂၄ ဒဏ်ရာ ရရှိသည်။

၅။ ဗိုလ်မှူးကျော်ဇော ဦးစီးသော တိုင်း၄၊ တိုက်ပွဲပေါင်း ၁၀၉ ကြိမ်တိုက်ခဲ့သည်။ ရန်သူ့ဘက်မှ အင်အား ၁၄၁၂၀၊ အကျအဆုံး ၂၂၇၅၊ ဒဏ်ရာရရှိသူ ၉၄၁၊ စစ်သုံ့ပန်းအဖြစ် ဖမ်းမိသောဦးရေ ၁၉၊ တပ်မတော်ဘက်မှ ကျဆုံးသူ ၃၉၊ ဒဏ်ရာရရှိသူ ၅၂၊ ရန်သူ့ဘက်မှ ရိုင်ဖယ် ၁၄၉၊ ၎င်းကျည်ဆန် ၈၉၆၄၊ လှုံ့စွပ် ၅၁၊ လက်ပစ်ဗုံး ၁၆၈၊ ခြောက်လုံးပူး ၂၊ ပစ္စတို ၁၀၊ မော်တော်ကား ၄၊ အမြောက်ကြီး ၁၊ စတင်းဂန်း ၃၁ ဖမ်းမိ ရရှိသည်။

၆။ ဗိုလ်မှူ ရဲထွဋ် ဦးစီးသော၁တိုင်း ၆၊ တိုက်ပွဲပေါင်း ၃၀ တိုက်ခဲ့သည်။ ရန်သူ့ဘက်မှ အင်အား ၅၀၀၀၊ အကျအဆုံး ၁၂၇၆၊ ဒဏ်ရာရသူ ၅၂၇၊ ဖမ်းမိသူ ၂၉၊ တပ်မတော်ဘက်မှ ကျဆုံးသူ ၂၄၊ ဒဏ်ရာရသူ ၁၅၊ ရန်သူ့ဘက်မှ ဖမ်းမိသော ပစ္စည်းများမှာ ရိုင်ဖယ် ၇၆၇၊ ၎င်းကျည်ဆန်၁၅၀၊ လှုံ့စွပ် ၂၊ လက်ပစ်ဗုံး၁၀၉၇၊ ပစ္စတို ၃၇၊ ဓားရှည် ၁၊ ဘရင်းဂန်း ၁၁၊ စက်ကလေး ၅၆၊ စိန်ပြောင်း ၅၊ စစ်မြင်းသုံးကောင်၊ဂျပန်စက်ကြီး ၄ လက်တို့ ဖြစ်သည်။

၇။ ဗိုလ်မှူးအောင်ဦးစီးသော တိုင်း ၇၊ တိုက်ပွဲပေါင်း ၂၁ ရင်ဆိုင်တိုက်ခဲ့သည်။ ရန်သူ့ဘက်မှ အင်အား ၈၀၀၀၊ ကျဆုံးသူ ၃၀၂၂၊ ဒဏ်ရာရသူ ၂၈၃၊ ဖမ်းမိသော သုံ့ပန်း ၅၀၊ တပ်မတော်ဘက်မှ ကျဆုံးသူ ၆၂၊ ဒဏ်ရာရသူ ၂၆၊ ဖမ်းမိသော လက်နက်ပစ္စည်းများမှာ ရိုင်ဖယ် ၃၆၁၊ ၎င်းကျည်ဆန် ၃၅၇၀၊ လှုံ့စွပ် ၉၀၉၊ လက်ပစ်ဗုံး ၉၇၊ မှန်ပြောင်း ၆၊ ခြောက်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com

၄၄၊ ဓားရှည် ၂၃၊ ဘရင်းဂန်း ၅၊ စက်ကလေး ၁၀၊ ၎င်းကျည်ဆန် ၁၅၀၀၊ စိန်ပြောင်း ၁၀၊ ၎င်းကျည် ၂၁၀၊ တော်မီဂန်း ၅၊ စစ်မြင်း နှစ်ကောင်၊ စစ်ဆင် လေးကောင်၊ ဂျပန် စက်ကြီး ၄ လက်တို့ ဖြစ်သည်။

ဂ။ ဗိုလ်မှူးအောင်ကြီး ဦးစီးသော မြစ်ဝကျွန်းပေါ်တိုင်းရင်ဆိုင်ခဲ့ရသော တိုက်ပွဲ၁၂ပါင်း ၃၁၊ ရန်သူဘက်မှ အင်အား ဂ၂၀၀၊ အကျအဆုံး ၅၅၃၊ ဒဏ်ရာရသူ ၂၀၁၊ စစ်သုံ့ပန်းတဦး ဖမ်းမိသည်။ တပ်မတော်ဘက်မှ ၁၀ ဦးကျဆုံး၍ ၁၄ ဦး ဒဏ်ရာရသည်။ ဖမ်းဆီးရမိသော စစ်လက်နက် ပစ္စည်းများမှာ ရိုင်ဖယ် ၁၄၊ ၎င်းကျည် ၁၁၃၀၊ လက်ပစ်ဗုံး ၁၊ ခြောက်လုံးပြူး ၁၊ စက်ကလေး ၁၊ စိန်ပြောင်း ၁၊ အင်္ဂလိပ်ရိုင်ဖယ် ၄၊ ၎င်းကျည်ဆန် ၅၀၀ တို့ဖြစ်သည်။

၉။ ဗိုလ်မှူးဗထူးနှင့်ဗိုလ်အာဇာ၁ဝကဦးစီးသော ရမည်းသင်းတိုင်း၊ ရန်သူနှင့် ၃၇ ကြိမ် ရင်ဆိုင်တိုက်သည်။ ရန်သူဘက်မှ အင်အား ဂ၁ဂ၁၊ ကျဆုံးသူ ၃၁၃၊ ဒဏ်ရာရသူ ၃၁၊ သုံ့ပန်းအဖြစ် ရမိသူ ၂၊ တပ်မတော်ဘက်မှ ကျဆုံးသူ၁၇၊ ဒဏ်ရာရသူ၅၂၊ သိမ်းဆည်းရမိသော စစ်လက်နက်ပစ္စည်းများမှာ ဓားရှည် ၁၊ ဘရင်းဂန်း ၂၊ စိန်ပြောင်း၁၊ မော်တော်ကား နှစ်စီးဖြစ်သည်။

စာရင်းချုပ်သော–

၁။ ရင်ဆိုင်တိုက်ပွဲ	၄၁၀
၂။ ရန်သူဘက်မှ အင်အား	၅၅ဝ၂
၃။ ရန်သူဘက်မှကျဆုံးသူ	၈၈၂
၄။ ရန်သူဘက်မှဒဏ်ရာရသူ	၂၃၀၄
၅။ ဖမ်းဆီးရမိသောသုံ့ပန်းများ	၂၀၅
၆။ တပ်မတော်ဘက်မှအကျအဆုံး	၂၀၃
၇။ တပ်မတော်ဘက်မှဒဏ်ရာရသူ	၂၄ဂ

၈။ ဖမ်းဆီးရမိသောစစ်လက်နက်ပစ္စည်းများ

(က) ဂျပန်ရိုင်ဖယ် ၁၃ဂ၇ ကျည်ဆန် ၄ဂ၂၅၀
(ခ) လှံစွပ်ပေါင်း ၉ဂ၀ လက်ပစ်ဗုံး ၁၃ဂ၈
မှန်ပြောင်း ၆ ခု
(ဂ) ခြောက်လုံးပူး ၅၀၊ ပစ္စတို ၅၀၊ ဓားရှည် ၂၀၊ ဘရင်းဂန်း ၁၀၊ စက်ကလေး ၉၆၊ ၎င်းကျည် ၁၅၀၀၊ စိန်ပြောင်း ၁ဂ၊ ၎င်းကျည်ဆန် ၂၁၀၊ တော်မီဂန်း ၅၊ စစ်မြင်း ၅ ကောင်၊ စစ်ဆင် ၄ ကောင်၊ မော်တော်ကား ၇ စင်း၊ တော်မီဂန်းကျည်ဆန် ၆၀၊ အင်္ဂလိပ်ရိုင်ဖယ် ၄၊ ဂျပန်စက်ကြီး ၉၊ ကျည်ဆန် ၂၉၁၀၀၊ အမြောက်ကြီး ၃၊ ၎င်းကျည်ဆန် ၁၁ ၂၀၊ စတင်းဂန်း ၃ ၁လက်တို့ ဖြစ်သည်။

လက်နက်ဆွဲကိုင်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သော ပြည်သူ့တော်လှန်ရေးကြီးကား ၁၉၄၅ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဂျပန်တို့ ဆုတ်ခွာသွားသဖြင့် ပြီးဆုံးလုနီးပါး ဖြစ်ခဲ့သည်။ ထိုနှစ်မေလတွင် ဗြိတိသျှတို့ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိပြီးဖြင့် ဖက်ဆစ်တော်လှန်ရေး ပြီးဆုံးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့တပ်မတော်သည် ပြည်သူတို့၏ လွတ်လပ်ရေးကို စတင်ကြိုးပမ်းရာမှ စတင်ပေါ်လာသော တပ်မတော်ဖြစ်သည်။ ဘီအိုင်အေမှ ဘီ-ဒီ-အေ၊ ၎င်းမှ ယနေ့တပ်မတော်ဖြစ်လာသည်။ တပ်မတော်သည် ပြည်သူနှင့်အတူ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်ကို တော်လှန်သော ဤမတ်လ ၂၇ တော်လှန်ရေးနေ့သည် တပ်မတော်နေ့ပင်ဖြစ်တော့သည်။

ခေတ်ပြောင်းတော်လှန်ရေး

ယနေ့မြန်မာပြည်သူတို့ဆင်နွှဲနေသောတော်လှန်ရေးမှာခေတ်ပြောင်းတော်လှန်ရေးပင်ဖြစ်သည်။ တော်လှန်ရေးဟူသောစကားဝေါဟာရကို ရှင်းခဲ့ပြီးဖြစ်သည်။ ယခု(ခေတ်)ဟူသောဝေါဟာရကို ရှင်းရန်လိုသည်။

(ခေတ်)ဟူသော ဝေါဟာရသည် (ခေတ္တ)ဟူသော ပါဠိမှ ပျက်ယွင်းလာသည့် စကားရပ်ဖြစ်သည်။ ခေတ်၏ အဓိပ္ပာယ်မှာ အချိန်ကာလအပိုင်းအခြားပင်ဖြစ်သည်။ အကြင် အချိန်အခါတခုတွင် လူတို့သည် ကျောက်ဖြင့်ပြီးသော အဆောက်အဦကျောက်ဂူတွင် နေ၏။ ကျောက်လက်နက်ပစ္စည်းများကို အသုံးပြုကြ၏။ အရာရာတွင် ကျောက်ဖြင့်ပြီးသော ပစ္စည်းကိုသာသုံး၏။ ထိုအခါကာလကို ကျောက်ခေတ်ဟူ၍ခေါ်သည်။ အကြင်အချိန်အခါတခုတွင် လူတို့သည် သိပ္ပံပညာကို တဖက်ဏမ်းခတ် တတ်သိကြ။ သိပ္ပံပညာဖြင့် အရာရာတွင် အရာရာတိုင်းကို ဖန်တီး၏။ ထိုအချိန်အခါကာလကို သိပ္ပံခေတ်ဟူ၍ ခေါ်တွင်စေသည်။

ခေတ်တခုတွင် လူတို့ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် တွေးခေါ်မြော်မြင်မှု သဘောတရားရေးရာများ

သည် ထိုခေတ်မှလူတို့ကို အကျိုးမပြုအန္တရာယ်ပေးသည်ဟုဆိုခဲ့။ ထိုလူတို့အတွက် အကျိုးမပြုသော ထိုခေတ်ဆိုးကို ပြောင်းလဲပစ်ရာသည်။ ထိုကဲ့သို့ခေတ်ကို ပြောင်းလဲပြုပြင်ရာ၌ တဖြည်းဖြည်းတစစ ပြုပြင်ပြောင်းလဲခြင်းမျိုး (Evolution) မဟုတ်ဘဲ ရုတ်တရက်ချက်ချင်း ပြုပြင်ပြောင်းလဲသည်ဖြစ်၍(Revolution) တော်လှန်ရေးသဘောဖြင့် ပြောင်းလဲရလေသည်။ ထို့ကြောင့်လူတို့အတွက်အကျိုးမပြုသောခေတ်ကို ပြောင်းလဲခြင်းမှာ လူမှုတော်လှန်ရေးတရပ်ပင်ဖြစ်၍ ခေတ်ပြောင်းတော်လှန်ရေးဟူ၍ ခေါ်တွင်စေသည်။

ခေတ်ပြောင်းတော်လှန်ရေးကို လူမှုတော်လှန်ရေးဟူ၍လည်း ခေါ်နိုင်သည်။ ခေတ်ပြောင်း တော်လှန်ရေးတွင် လူတို့၏တွေးခေါ်မြော်မြင်မှုသဘောတရား၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ပညာရေးစသည့် နိုင်ငံရေးရာ၊ လူမှုရေးရာ အားလုံးကို ပြုပြင်ပြောင်းလဲရသည်။ ထိုသို့နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည်တို့ကို ပြောင်းလဲရာ၌ ထိုပြုပြင်ရေး ဝါဒီတို့သည် အာဏာမဲ့ဖြစ်ခဲ့လျှင် ရှေးဦးစွာ နိုင်ငံရေးသဘောပါသော (နိုင်ငံရေးတော်လှန်မှု)ကိုဆင်နွှဲရသည်။ တိုင်းပြည်အတွက် ဆောင်ရွက်ပိုင်ခွင့် (အာဏာ)ကိုရယူရာသည်။ အာဏာကိုရရှိပြီးမှ တိုင်းပြည်နှင့်လူမျိုးစုများအတွက် အကျိုးသက်ရောက်စေမည့်ဝါဒလမ်းစဉ်ကို ချမှတ်ဆောင်ရွက်ရလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရသည်မှ ၁၉၆၂ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ထိ နိုင်ငံကိုပါလီမန်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့သည်။ မြန်မာပြည်မှကျင့်သုံးခဲ့သော ပါလီမန်ဒီမိုကရေစီမှာ သဘောအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကောင်းမွန်သော စနစ်တခုဖြစ်သည်။ လက်တွေ့မှာကား ထိုသို့မဟုတ်ပေ။ကိုယ်ကျင့်တရားပျက်ယွင်းနေသောနိုင်ငံရေးသမားတစုနှင့် ဓနရှင်တို့အကျိုးအတွက်သာ အကူအပံ့ဖြစ်စေပြီး အများပြည်ဘို့အတွက် အနှစ်သာရကင်းမဲ့သော စနစ်ဆိုးတရပ်ဖြစ်နေသည်။ ပါလီမန်ဒီမိုကရေစီ၏ ယိုယွင်းမှုမှာ ၁၉၆၂ ခုနှစ်တွင်ပြည်ထောင်စုကြီး အစိတ်စိတ်အမှုန့်မှာပြိုကွဲတော့မည့်အခြေအနေထိဆိုးရွားလာလေသည်။ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မတ်မတ် ထိန်းမတ်ရန်အတွက် နည်းလမ်းရှာဖွေ၍မရ၊ စုစည်း၍ မရသည့်အထိ ဖြစ်လေသည်။ ပြည်ထောင်စုကြီး ပြိုကွဲခဲ့ပါလျှင် မြန်မာနှင့်တကွ တိုင်းရင်းသားလူမျိုးစုများအတွက် တွေးဝံ့ဘွယ်မရှိသော အခြေအနေဆိုးများနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။ ဤကဲ့သို့ အမြော်အမြင်ရှိသော ပြည်ထောင်စုသားတိုင်း ရင်ထိတ်နေရသော အချိန်ကာလတွင် ပြည်ထောင်စုကြီးပြိုကွဲပျက်စီးမည့်အန္တရာယ်မှ အချိန်မီထိန်းသိမ်းလိုက်နိုင်လေသည်။ ယိုယွင်းသော အခြေအနေ အရပ်ရပ်ကို အချိန်မီထိန်းသိမ်းခဲ့သူမှာ အခြားသူကားမဟုတ်၊ဤပြည်ထောင်စုကြီးကို နယ်ချဲ့လက်အောက်မှ၎င်း၊ ဖက်ဆစ်လက်အောက်မှ၎င်း ရင်ကိုမြေကတုတ်လုပ်၍ ပြည်သူလူထုနှင့်အတူ တိုက်ခိုက်ရယူပေးခဲ့သည့် မြန်မာ့တပ်မတော်သားများပင် ဖြစ်သည်။ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးကိုဦးစီးသူမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သကဲ့သို့ ဤယိုယွင်းသော အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်း၍ ခေတ်ပြောင်း တော်လှန်ရေးဆင်နွှဲရာတွင်ဦးစီးသူမှာ

ထိုစဉ်က ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ တော်လှန်ရေးဆင်နွှဲခဲ့သူ ရဲတော်သုံးကျိပ်ဝင် ဗိုလ်ချုပ်ကြီးနေဝင်းပင်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသော တပ်မတော်သည် ယိုယွင်းနေသော အခြေအနေအရပ်ရပ်ကို ၁၉၆၂-ခုနှစ်တွင် ထိန်းသိမ်းခဲ့သည်။ တော်လှန်ရေးကောင်စီတရပ်ကို ဖွဲ့စည်းသည်။ ထိုတော်လှန်ရေးကောင်စီမှ "တော်လှန်ရေးအစိုးရ" အဖွဲ့ကိုဖွဲ့စည်းကာ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင် ဆင်နွှဲနေသည်။ ပါလီမန်ဒီမိုကရေစီစနစ်ကိုအကြွင်းမဲ့ပယ်ဖျက်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတရပ်ကိုလည်း ဖွဲ့စည်း၍ ပြည်သူလူထုကို စနစ်တကျ ရှေ့ဆောင်နေသည်။

ယနေ့ ဆင်နွှဲနေသော ခေတ်ပြောင်း တော်ယှဉ်ရေးတွင် တော်လှန်ရေးကောင်စီ အစိုးရနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ချမှတ်ထားသော (နိုင်ငံတော်ဖွဲ့စည်းရေးနှင့် အသွင်ကူးပြောင်းရေး)တို့မှာ ခေတ်ပြောင်း တော်လှန်ရေး အတွက် အရေးကြီးဆုံး ကဏ္ဍဘရပ်ပင်ဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် တော်လှန်ရေးကောင်စီမှ ချမှတ်ထားသော မူဝါဒတွင် နိုင်ငံတော် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အောင်မြင်စွာ ထူထောင်နိုင်ရန်အတွက် ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်ကို ဖွဲ့စည်း တည်ထောင်ရမည် ဟူ၍ အတိအလင်း ဖော်ပြထားလေသည်။ တဖန် ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံတော် ဟူသော စကားရပ်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်ဆိုသည်မှာ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အခြေခံသော၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သော ဒီမိုကရေစီ နိုင်ငံတော်မျိုးဖြစ်သည် ဟူ၍ ရှင်းလင်း ထားလေသည်။ တော်လှန်ရေးကောင်စီအစိုးရသည် ယာယီအားဖြင့်သာ ရွေးဆောင်သွားမည်ဖြစ်သည်။ အနာဂတ်တွင် ရွေးဆောင်သွားရမည့် ပုဂ္ဂိုလ်များသည် မည်သူများဖြစ်ကြသည်ကို အောက်ပါအတိုင်း ရှင်းပြထားလေသည်။

> ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းရှေ့ဆောင်သွားရမည့်သူများမှာ အဓိကအားဖြင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ ဖြစ်ကြ၍ လူလတ်တန်းစားများနှင့် အများကောင်းစားရေးကိုတည်တည်ကြည်ကြည် သစ္စာရှိရှိ လုပ်ဆောင်ကြမည့် သူများလည်း ပါဝင်လက်တွဲလျက် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

တော်လှန်ရေးကောင်စီသည် မြန်မာနိုင်ငံ၏ ကာလဒေသနှင့် ပြောင်းလဲနေသော အခြေလဲနေအရ မြန်မာနိုင်ငံကို မည်သို့ ဆောင်ရွက်သင့်ကြောင်း ယုံကြည်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

> ဤမြန်မာနိုင်ငံတွင် ယနေ့ထိ တွေ့ကြုံခဲ့ရသော 'ပါလီမန် ဒီမိုကရေစီ' မျိုးဖြင့် ဆိုလျှင် ပြည်သူ

တို့ မြော်မှန်း အပ်သော ဆိုရှယ်လစ် လောကသို့ စိတ်ချလက်ချ ရောက်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဆိုရှယ်လစ် စီးပွားရေးစနစ် ထူထောင်ရေးကို အထောက် အကူ ပြုသော ဒီမိုကရေစီမျိုးကိုသာလျှင် မြန်မာနိုင်ငံ၏ ကာလဒေသနှင့် ပြောင်းလဲနေသော အခြေအနေများအလျောက် ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်တော်လှန်ရေးကောင်စီက လေးနက်စွာယုံကြည်ပေသည်။

တော်လှန်ရေးကောင်စီသည် နိုင်ငံတော် ဖွဲ့စည်းရေးအတွက် အထက်ပါအတိုင်း ခံယူယုံကြည်ထားသည်။ အသွင်ကူးပြောင်းရေးအတွက် ခံယူချက်တွင် အောက်ပါအချက်များပါဝင်သည်။

> အသွင်ကူးပြောင်းရေးလုပ်ငန်းများကို
> (က) အတွေးအခေါ် ပြောင်းလဲရေး
> (ခ) အုပ်ချုပ်ရေး
> (ဂ) တပ်မတော်
> (ဃ) စီးပွားရေး-ဟူ၍ အပိုင်းများခွဲထားလေသည်။

အတွေးအခေါ် ပြောင်းလဲရေးတွင် လူများ၏မှားယွင်းသော အတွေးအခေါ်များကို ဦးစွာပထမ ပြောင်းလဲရန်လိုကြောင်း၊ တကိုယ်ကောင်းဆန်သော လိမ်စားခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အလုပ်မလုပ်ဘဲ အချောင်စားလိုသော စိတ်များကို ပယ်ချောက်စေရမည်ဖြစ်ကြောင်း၊ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ကိုးပြီးပကာသနဖုံးလွှမ်းသော အယောင်ဆောင်များကို ဖယ်ရှား၍ ယဉ်ကျေးမှု အစဉ်အလာများအရ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်တို့ကိုဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိ ဗျူရိုကရေစီ အုပ်ချုပ်ရေးကို ပယ်ဖျက်ပြီး ဆိုရှယ်လစ် ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားတပ်ဆင်မည်ဖြစ်ကြောင်းဖော်ပြထားသည်။

တပ်မတော်နှင့်ပတ်သက်၍ လက်ရှိဘပ်မတော်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်မည့် အမျိုးသားတပ်မတော်အဖြစ် ချီတက်စေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စီးပွားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် စီးပွားရေးအရ ခေတ်နောက်ကျနေသေးသောလက်မှုလယ်ယာနိုင်ငံဖြစ်ကြောင်း ဆိုရှယ်လစ်စီးပွားရေးကို ထူထောင်နိုင်ရန်အတွက် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားကို တိုးတက်ကြီးမားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

တော်လှန်ရေးကောင်စီ၏ ခံယူချက်မှာ ဤမျှသာမဟုတ်သေးပေ။ လူမျိုးစု အရေးနှင့် လူမှုရေးများနှင့် စပ်လျဉ်း၍လည်း ခံယူချက် ခိုင်ခိုင်မာမာ ချမှတ်ထားသည်။ လူမျိုးစုအရေးနှင့်စပ်လျဉ်းသည့်ခံယူချက်မှာ ၁၉၄၆-ခုနှစ် ဇန္နဝါရီလ ၂၀-ရက်ရှေတိ ဂုံစေတီအလယ်ပစ္စယံ ဖ-ဆ-ပ-လ ညီလာခံသာဘင်တွင် မိန့်ကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပါအတိုင်း တသွေမတိမ်းလေးနက်စွာ ခံယူထားသည်။ လူမျိုးစုများနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

> လူမျိုးစုဆိုသည်မှာ သုခ-ဒုက္ခ **အတူခံစားကြ၍**
> **နီးနီးစပ်စပ်**အကျိုးချင်း**သယ်ပြီးချွေးနှစ်ပရိစ္ဆေဒ**
> ရှည်လျားစွာတမျိုးတစားတည်းပင်ဟု စိတ်ထား
> ရှိသူတို့ကို တစုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်း
> သာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်
> ဘာသာတရား၊ ပြောဆိုသည့် ဘာသာတို့ကို အ
> ရေးထားရမည် ဖြစ်သော်လည်း၊စင်စစ်မှာ အေး
> အတူ ပူအမျှ ကောင်းတူ ဆိုးဘက် ပူးပေါင်း
> လျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင်
> ဝံသာနု ရက္ခိတ တရားသည် တည်ရှိနေပေသည်။

တော်လှန်ရေးကောင်စီသည် လူမှုရေးအပိုင်းတွင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု၊ဘာသာရေးဟူ၍ ခွဲခြားပြီး ပညာရေးတွင် 'အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူမဖြစ်သော လက်ရှိပညာရေးစနစ်ကို ပြုပြင် ပြောင်းလဲသွားရမည်။' အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြု၍ စာရိတ္တမြင့်မားမှု အခြေခံ ပညာရေးစနစ်သစ်ကို ထူထောင်သွားမည်။ အထူးသဖြင့် သိပ္ပံပညာကို ဦးစားပေးမည်' စသဖြင့် ဖော်ပြထားသည်။ ဘာသာရေးနှင့် ပတ်သက်၍လည်း ဘာသာတိုင်း၏ လွတ်လပ်စွာကိုးကွယ်ခွင့်ကို အသိအမှတ်ပြုသည်ဟု ခံယူထားသည်။ ကျန်းမာရေးနှင့် ယဉ်ကျေးမှုစသော အခြားလူမှုရေးရာ ကိစ္စရပ်တို့ကိုလည်း ဆိုရှယ်လစ် စီးပွားရေးစနစ်ကြီး အောင်မြင်လာသည်နှင့်အမျှ တိုးတက် ထွန်းကားလာရမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ဤသို့ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်၍ တော်လှန်ရေးကောင်စီက ဦးဆောင်လျက် ခေတ်ပြောင်းတော်လှန်ရေးကြီးကိုဆင်နွှဲသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အရပ်ရပ်ရှိ လူသားတို့၏ လူနေမှုစနစ် ပြိုပြင် ပြောင်းလဲမှုမှာ အချိန်ရှိသရွေ့ မိနစ်တိုင်း၊ စက္ကန့်တိုင်း အဟုန်ပြင်းစွာ ဖြင့် ပြိုပြင်ပြောင်းလဲနေကြသည်ဖြစ်၏။ ခေတ်ပြောင်း တော်လှန်ရေးများကို တဆင့်ပြီးတဆင့် ဆင်နွှဲနေကြသည်ဖြစ်၏။ ပြည်နယ်ပြည်မ မကျန် ပြည်တောင်စုဘုရား တိုင်းရင်းသားတို့သည် လူ့ဘောင်သစ်တရပ်ကိုတည်ဆောက်နေကြပြီးဖြစ်သည်။ ကမ္ဘာနှင့် အညီ အဟုန်ပြင်းစွာ ပြိုပြင်ပြောင်းလဲရမည်ဖြစ်သည်။

လူတိုင်းသည် ခေတ်ပြောင်းတော်လှန်ရေးကြီးတွင် မိမိတို့ပိုင်နိုင်ရာမှ ပါဝင်ဆင်နွှဲရမည်သာ ဖြစ်သည်။

(နောက်ဆက်တွဲ နိုင်ငံရေး အဖွဲ့အစည်းများတွင် တော်လှန်ရေးဟူသော ဝေါဟာရကို အပြည့်အစုံ ရှင်းလင်းထားသည်။)

ကမ္ဘာ့အလုပ်သမားနေ့(မေဒေး)

မေဒေး

မေဒေးသည် နှစ်စဉ်မေလ တရက်နေ့တွင်ကျင်းပသော ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သည်။ မေလ တရက်နေ့တွင် ကျင်းပသော ကြောင့် မေဒေး(မေလနေ့)ဟူ၍ ခေါ်တွင်ကြခြင်းဖြစ်သည်။ မေဒေးသည် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သော်လည်း မေဒေးကို ကမ္ဘာ့အလုပ်သမားနေ့ဟု သတ်မှတ်ခြင်းမပြုခင်က မေဒေးသည် အင်္ဂလိပ်လူမျိုးတို့၏ (မေယာ)နတ်သမီးပွဲဖြစ်ခဲ့သည်။

အင်္ဂလိပ်လူမျိုးတို့သည် နွေဦးပေါက်ပထမလဖြစ်သော မေလ၏ပထမနေ့တွင် နွေဦးစောင့်သော မေယာ နတ်သမီးကို ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲကို ကျင်းပလေသည်။ နတ်သမီး ဂုဏ်ပြုပွဲ မေဒေးသဘင်မှာ ထိုနေ့တွင် ပန်းများ လှည့်လည်ခူးယူပြီး နွေဦးအလှမယ်များ ရွေးသည်။ မြက်ခင်းပြင်တွင် တိုင်မျှားစိုက်ထူ၍ ဖဲကြိုး ပန်း စသည်တို့ဖြင့် လှပအောင် မွမ်းမံကြသည်။ ထိုနောက် အလှအပ စီရင်ထားသော မြက်ခင်းပြင်တွင် ကခုန်ကြသည်။

ယခုအခါတွင်မူ အင်္ဂလိပ်တို့၏ မေယာနတ်သမီး ဂုဏ်ပြုပွဲ မေဒေးသဘင်မရှိတော့ပေ။ ကမ္ဘာ့အလုပ်သမားတို့၏ မေဒေး အဖြစ်သာ ဆင်ယင်ကျင်းပကြလေသည်။

မေဒေးအစ

ယနေ့ကမ္ဘာ့လူထုက အမေရိကန်ကို ဓနရှင်နိုင်ငံဟု သိထားကြသည်။ ယနေ့ ကမ္ဘာ့ အုပ်စုံကြီးနှစ်ခုတွင် အမေရိကန်ကို ဓနရှင် ဝါဒ လက်ကိုင်ထားသော လက္ခါအုပ်စု၏ ခေါင်းဆောင်ဟု သိထားကြ၏။ မေဒေး(အလုပ်သမား)နေ့သည် ကမ္ဘာ့ အလုပ်သမားတို့ အောင်ပွဲခံသောနေ့ပင်ဖြစ်သည်။ ကမ္ဘာ့ အလုပ်သမားနေ့(မေဒေး)သည် ဓနရှင်နိုင်ငံမှ စတင်ဖြစ်ပေါ်လာသည်ဟု ကြားသိရသောအခါ အံ့သြဘွယ်ပင် ဖြစ်သည်ဟု အချို့က ဆိုကြမည်ဖြစ်သည်။

အမေရိကန်၏သမိုင်းကို ပြန်ကြည့်လျှင် အမေရိကန်ပြည်သည် ၁၈၅၇ ခုနှစ်က စီးပွားရေးကပ် ဆိုက်ခဲ့သော နိုင်ငံဖြစ်သည်။ ၁၈၆၁ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်သည်။ စီးပွားရေးပျက်ကပ်နှင့် ပြည်တွင်းစစ်သည် လေးနှစ်သာကွာခြားသည်။ လူပေါင်း

www.burmeseclassic.com

www.burmeseclassic.com

များစွာ အလုပ်လက်မဲ့ ဖြစ်ခြင်းနှင့်အတူ ဝတ်မှတ်ခြင်း၊လူနေမှု စနစ် နိမ့်ကျခြင်းတို့လည်း လိုက်ပါလာသည်။

ထိုအချိန်သို့ မရောက်မီ ၁၈၀၆ ခုနှစ်လောက်မှစတင်၍ အလုပ်ရှင်တို့သည် အလုပ်သမားများကို တနေ့လျှင် ၁၉ နာရီမှ နာရီ၂၀ အထိ ခိုင်းခဲ့ကြလေသည်။ နေထွက်မှနေဝင် တိရစ္ဆာန်များသဘွယ် အလုပ်လုပ်ကြရလေသည်။ ၁၉၄၀ ပြည့်နှစ်မတိုလ ၃၀ ရက်နေ့တွင် အမေရိကန်ပြည်နယ် အစိုးရက၊ အလုပ်ချိန်ကို တနေ့လျှင် ဆယ်နာရီသာ လုပ်ရမည်ဟု အမိန့် ကန့်သတ်ခဲ့လေသည်။

အလုပ်သမားတို့သည်၁၈၅ဝပြည့်နှစ်လောက်မှစ၍တနေ့လျှင် အလုပ်ချိန်(၈)နာရီ သတ်မှတ်ပေးရန် ကြေးကြော်ခဲ့လေသည်။ ၁၈၆၃ ခုနှစ် ဒီဇင်ဘာလတွင် ဒေသဆိုင်ရာ ကုန်သွယ်မှု၂၈ခု ကို အကြောင်းပြု၍ အလုပ်သမားယူနီယံ ၇၉ ခု ပေါ်လာသည်။ မကြာမီပင် ကုန်သွယ်မှုအဖွဲ့ ၆ ခု ဖွဲ့ပြီး အလုပ်သမားယူနီယံ ၃၀၀ ကို ဖွဲ့စည်းလိုက်သည်။ ၁၈၈၄ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အမေရိကန် အလုပ်သမားညီလာခံကြီး ကျင်းပသည်။ ထိုညီလာခံမှ အလုပ်ချိန်ကို တနေ့ ၈ နာရီ သတ်မှတ်ပေးရန်အတွက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။ နောက်တနှစ် ၁၈၈၅ ခုနှစ်တွင် အမေရိကန် အလုပ်သမားတို့သည် အလုပ်ချိန်တိုက်ပွဲအတွက် ပြင်းပြင်းထန်ထန် စီစဉ်နေကြသည်။ ထိုအချိန် ထိုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံမှ သီပေါဘုရင်ကို ဖမ်းသွားလေသည်။

၁၈၈၆ ခု မေလတရက်နေ့တွင် အမေရိကန် အလုပ်သမားများ ဆန္ဒပြသပိတ်မှောက်ကြသည်။ ဆန္ဒပြသူများ

ကြသည်။ တရားပွဲများကျင်းပကြသည်။ အလုပ်ရုံ၊စက်ရုံအားလုံး မီးခိုးတိတ်ခဲ့သည်။ အလုပ်သမားအဖွဲ့ဝင် လုပ်သားပေါင်းတသိန်းကိုးသောင်း သပိတ်မှောက်ခဲ့ကြသည်။ အလုပ်ရှင်တို့က အလုပ်သမားများကို သွေးခဲ့သောအားဖြင့် လုပ်သားထု လေးထောင်ကျော်ကို အလုပ်ချိန် ၈ နာရီ သတ်မှတ်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ တချိန်တည်းမှာပင် ချီကာဂိုမြို့မှ လုပ်သားပေါင်း ရှစ်သောင်း သပိတ်မှောက် ဆန္ဒပြသည်။ စုစုပေါင်း ၆ သိန်းကျော်မျှသော အလုပ်သမားများ မေလတရက်တွင် ဆန္ဒပြ သပိတ်မှောက်ခဲ့ကြလေသည်။

ဤသို့ ၁၈၈၆ ခုနှစ် မေလတရက်နေ့တွင် အမေရိကန်ပြည် အလုပ်သမားတို့ ဆန္ဒပြသည့်နေ့မှာပင် မြန်မာပြည်ကို ရှမ်းပြည်မှ လွဲ၍ ဗြိတိသျှတို့က သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း မြန်မာပြည်ကို တာဝန်ခံအုပ်ချုပ်သူ မဟာမင်းကြီး ဆာချားလ်ဘားနင်ကကမ္ဘာသို့ ကျေညာခဲ့လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်ဖြစ်၏။

အလုပ်သမားတို့၏ မေဒေးတောင်းဆိုချက်သည် မျှတသော တောင်းဆိုချက်ဖြစ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့လေသည်။ အလုပ်သမားတို့၏(၈ နာရီလုပ်၊၈ နာရီနား၊၈ နာရီပျော်)ဟူသောကြေးကြော်သံများ ကမ္ဘာတွင်ပဲ့တင်ထပ်ခဲ့သည်။ ထိုနှစ်မလ ၃ ရက်နေ့တွင် ချီကာဂိုမြို့တွင် ကျင်းပသော ဆန္ဒပြပွဲကို ပုလိပ်က အကြမ်းဖက်နှိမ်နင်းသဖြင့် အလုပ်သမားတို့ သွေးမြေကျခဲ့သည်။ နောက်ဆုံး အလုပ်သမားများအောင်ပွဲခံကြသည်။ အလုပ်သမားတို့၏ အလုပ်ချိန်ကို တနေ့လျှင် ရှစ်နာရီ ကန့်သတ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မေလ တရက် အမေရိကန်အလုပ်သမား အရေးတော် ပေါ်ပေါက်ပြီး သုံးနှစ်အကြာ ၁၈၈၉ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့တွင်ကမ္ဘာ့အလုပ်သမားအသင်းချုပ်၏ ဒုတိယညီလာခံကို ကျင်းပသည်။ ထိုညီလာခံမှ အမေရိကန်အလုပ်သမားတို့ တိုက်ပွဲတွင်ဝင် သွေးမြေကျခဲ့သော မေလတရက်ကို ကမ္ဘာ့ အလုပ်သမားနေ့အဖြစ်ဖြင့် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ၁၈၉၀ ပြည့်နှစ် မေလတရက်နေ့မှစ၍ ကမ္ဘာ့အလုပ်သမားနေ့ (မေဒေး)ကို ကမ္ဘာအရပ်ရပ်တွင် ကျင်းပခဲ့လေသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားနေ့(မေဒေး)ကို ၁၉၃၀ခုနှစ် မေလတရက်နေ့မှစ၍ ရေနံမြေ သပိတ်မှောက် လုပ်သားကြီးများက စတင်ကျင်းပခဲ့လေသည်။ ရေနံချောင်းမြို့လယ်ပေါ် ကျောင်း တန်ဆောင်းအတွင်းတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ မှ ၄၅ ထိ မြန်မာနိုင်ငံတွင် မေဒေးနေ့ကို မကျင်းပနိုင်ခဲ့ပေ။ ၁၉၄၆ မှ ပြန်လည် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အလုပ်သမားတိုက်ပွဲများ

မြန်မာနိုင်ငံ အလုပ်သမားတိုက်ပွဲ၏ ထင်ရှားသောမှတ်တိုင်မှာ ရေနံမြေဒေသပင်ဖြစ်သည်။ အရင်းရှင် ဘီအိုစီကုမ္ပဏီ လက်အောက် ဖိနှိပ်ချုတ်ချယ်မှု အမျိုးမျိုးကို ခံနေရသော ရေနံမြေ လုပ်သားကြီးများ အဆင့်ဆင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ရေနံမြေ တပ်သားကြီးများနှင့် မြန်မာပြည်အရပ်ရပ်မှ လုပ်သားထုတို့၏ တိုက်ပွဲအဆင့်ဆင့်ကို အောက်ပါအတိုင်း မှတ်တမ်းတင်နိုင်သည်။

၁။ ၁၉၁၈-၁၉၂ ရေနံချောင်း ရေနံမြေတွင် ဘီ-အိုး-စီ အမှုထမ်း စာရေး ၂၀၀ ကျော်တို့သည် ၎င်းတို့ရသင့်ရထိုက်သော နှစ်တိုးလစာ မှန်မှန်ရရှိရေးနှင့် လစာမပျက် ခွင့်ရက် ရရေးအတွက် သပိတ်မှောက်ကြသည်။

၂။ ၁၉၂၀-၂၁ သံလျင် ဘီ-အိုး-စီ ရေနံချက်အလုပ်သမား ၈၀၀ခန့် လုပ်ခတိုးပေးရေးအတွက် သပိတ်မှောက်သည်။

၃။ ၁၉၂၃ မတ်လ ၁၃ ရေနံချောင်းနှင့် ချောက် ရေနံမြေ လုပ်သား နှစ်ထောင်ကျော် သပိတ်မှောက်ကြသည်။ စာရေးများပါ ပါဝင်သည်။ လိုလားချက် ရရှိခဲ့သည်။

၄။ ၁၉၂၄-၃၀ ရန်ကုန်ဆိပ်ကမ်းလုပ်သားများ၊ ရောဝတီ ဖလိုတီလာ မီးသင်္ဘောလုပ်သားများ၊ လံခြားဆွဲသမားများ၊ ရေနံချောင်း ဘီ-အိုး-စီ လုပ်သားများ ဆက်တိုက် သပိတ်မှောက် တိုက်ပွဲဝင်ကြသည်။

၅။ ၁၉၃၀၊ ရေနံချောင်း၊ ချောက်မှ ရေနံမြေ လုပ်သားများ မိမိတို့လိုလားချက်ကို ၁၈ လတိုင်တိုင် တောင်းခံသော်လည်း မရရှိသဖြင့် ထိုနှစ်နိုဝင်ဘာ ၃၀ ရက်တွင် သပိတ်မှောက်၍ ရန်ကုန်သို့ခါတက်သည်။ မိုင် ၄၀၀ ခရီးကို ခြေလျင်ခါတက်သည်။ ရေနံမြေသပိတ်နှင့်အတူ ပဲခူး၊ သာယာဝတီခရိုင်များမှ တောင်သူလယ်သမား လုပ်သားကြီးများ ဆန္ဒပြခါတက်သည်။

၆။ ၁၉၄၆စက်တင်ဘာ၊ ပြည်လုံးကျွတ် ပုလိပ်သပိတ်မှောက်သည်။ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး မှုထမ်း

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းစုံနှင့် မီးရထားမှုထမ်းပေါင်းစုံ သပိတ်မှောက်သည်။ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် ဗြိတိသျှ အစိုးရ၏ စက္ကူဖြူ စီမံကိန်းကို ဆန့်ကျင်သည့် သဘောပါဝင်သည်။

၇။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၆၊ ကုမ္ပဏီပေါင်းစုံ အမှုထမ်းများ သပိတ်မှောက်သည်။

၈။ ၁၉၄၉ ဖေဖော်ဝါရီလ ၇၊ လူလျှော့ခြင်း၊ လစာဖြတ်ခြင်းတို့ကို မကျေနပ်၍ ပြည်လုံးကျွတ်အမှုထမ်းပေါင်းစုံ အထွေထွေသပိတ်ကြီး မှောက်ခဲ့သည်။ ဖ-ဆ-ပ-လ အစိုးရလက်ထက်တွင် ဖြစ်၏။

မြန်မာနိုင်ငံနှင့် မေဒေး

မြန်မာနိုင်ငံတွင် မေဒေး(အလုပ်သမား)နေ့ကို ၁၉၃၈ ခုနှစ် မေလ ၁ ရက်နေ့မှ စတင်ကျင်းပသည်။ ရေနံမြေသပိတ်မှောက် လုပ်သားကြီးများက စတင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်မတိုင်မီ မြန်မာနိုင်ငံတွင် နှစ်စဉ်မပျက် ကျင်းပသော ကမ္ဘာအလုပ်သမားနေ့(မေဒေး)မှာ လုပ်သားပြည်သူတို့အတွက် အကျိုးသက်ရောက်ခဲ့သည်။ နယ်ချဲ့ ဗြိတိသျှ လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြသော မြန်မာများတို့ စုံစည်းတွန်းလှန်သော ဆန္ဒပြသည့်နေ့ ဖြစ်ခဲ့သည်။ အမျိုးသားတို့ စည်းရုံးမှုခိုင်မြဲစေရန် ပေါင်းစည်းသောနေ့ ဖြစ်ခဲ့သည်။

စစ်ပြီးခေတ် ၁၉၄၆-၄၇-၄၈ ခုနှစ်များတွင် ကျင်းပသော အလုပ်သမားနေ့ မေဒေးသဘင်များမှာလည်း လုပ်သားပြည်သူများအတွက် အကျိုးသက်ရောက်စေခဲ့သည်။ လွတ်လပ်ရေးရပြီး နိုင်ငံရေးသမားများ အားကောလုကြသည့် ပါလီမန်ဒီမိုကရေစီ ခေတ်အခါတွင်ကား မေဒေးသဘင်သည် လုပ်သားပြည်သူများ အတွက် အကျိုးသက်ရောက်မှုကို ပေးဆောင်နိုင်ခြင်း မရှိတော့ပေ။ ကွဲပြဲနေသော နိုင်ငံရေးအသင်းအဖွဲ့များက မေးဒေးသဘင်ကို ကိုယ့်အစုနှင့်ကိုယ် လူစုခွဲ၍ ကျင်းပကြသည်။ တဦးအပြစ်ကိုတဦးဖော်၍ ကလော်ကြသည်။ အလုပ်သမားကြီးများကို သွေးခွဲကြသည်။

မေဒေးသဘင် ကျင်းပပုံမှာလည်း သတ်မှတ်ထားသောနေရာသို့ အလုပ်သမားကြီးများကို လာရောက်စုရုံးစေပြီး နိုင်ငံရေးသမား ခေါင်းဆောင်ကြီးများက တရားဟော မိန့်ကြားတော်မူခြင်းမျှသာဖြစ်သည်။ လုပ်သားပြည်သူများအတွက် အကျိုးသက်ရောက်စေမည့် စိတ်ဝင်စားဘွယ်သော စီစဉ်ဆောင်ရွက်မှုများ လုံးဝမပါရှိပေ။

၁၉၆၂-ခုနှစ်၊ မတ်လ ၂ရက်နေ့တွင် လုပ်သားပြည်သူများ၏ အကျိုးကို သည်ပိုးဆောင်ရွက်ရန်အတွက် ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသော တော်လှန်ရေးကောင်စီအစိုးရ တက်လာသည်။ထိုနှစ် ဧပြီလ ၃၀ရက်နေ့ဘုင် မြန်မာနိုင်ငံကို မြန်မာ့ ဆိုရှယ်လစ်စနစ်လမ်းစဉ်ဖြင့် ဆိုရှယ်လစ် လူ့ဘောင်သစ် ထူထောင်မည် ဖြစ်ကြောင်း ကျေညာခဲ့လေသည်။ထိုသည်မှ ဤမှာဘက်ကျင်းပလာသော အလုပ်သမားတို့၏ အောင်ပွဲမေဒေးသဘင်သည် လုပ်သားပြည်တို့ အတွက် အကျိုးသက်ရောက်စေသော အောင်ပွဲဘရပ် ဖြစ်ခဲ့လေသည်။

တော်လှန်ရေးကောင်စီအစိုးရသည် အလုပ်သမားနေ့ မေဒေးသဘင်ကိုကျင်းပရာ၌ ယခင် နည်းဟောင်း စနစ်ဟောင်းကြီး

www.burmeseclassic.com

[illegible] ရှာဖွေခြင်း မပျက်ပေ။ ဌာနဆိုင်ရာ တာဝန်ခံများနှင့် အလုပ်သမား ခေါင်းဆောင်များ ပူးပေါင်းစီစဉ်သည်။ အလုပ်သမားနေ့သို့ မကျရောက်မီ အလုပ်သမားနေ့ကျင်းပမည့်နေရာသို့ လုပ်သားခေါင်းဆောင် ကိုယ်စားလှယ်များကို ပင့်ဖိတ်လျက်ကြိုတင် ဆွေးနွေးပွဲများ ကျင်းပကြသည်။ ဆွေးနွေးပွဲကို နှီးနှောဖလှယ်ပွဲဟူ၍ အမည်တွင်စေသည်။ လုပ်သား ကိုယ်စားလှယ်များ၏ နှီးနှောဖလှယ်ပွဲတွင် လုပ်သားပြည်သူတို့ အကျိုးကို ရည်ရွယ်၍ အကြောင်းအရာများကို ထုတ်နှုတ်ကာ ခေါင်းစဉ်များခွဲလျက် ဆွေးနွေးကြသည်။ ဆွေးနွေးပွဲ၊ သို့မဟုတ် နှီးနှောဖလှယ်ပွဲမှာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ရင်ဖွင့်ဆွေးနွေးသော နှီးနှောပွဲဖြစ်သည်။ ထိုနှီးနှောပွဲတွင် အလုပ်သမားများ၏ မျက်မှောက်နှင့် နောင်ရေးအတွက် ပြဿနာအရပ်ရပ်ကို တင်ပြဆွေးနွေးကြသည်။ အဆိုပြု၍ ဆုံးဖြတ်တန် ဆုံးဖြတ်ကြ၏။

ဌာနဆိုင်ရာ ပုဂ္ဂိုလ်များကလည်း လုပ်သားကြီးများ၏ ဆွေးနွေး တင်ပြချက်များကို မှတ်သားကာပြန်လည်ဖြေကြားခြင်း၊ သင့်လျော်သလို စီစဉ်ပေးခြင်းဖြင့် လိုအပ်သလိုအရေးယူဆောင်ရွက်ပေးလေသည်။ မေလတရက်တွင် လူထုစည်းဝေးပွဲ ကျင်းပကာ ဌာနဆိုင်ရာ ခေါင်းဆောင်များက မိန့်ခွန်း မြွက်ကြားသည်။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် မိန့်ခွန်းမြွက်ကြားသည်။ အလုပ်သမား ခေါင်းဆောင်ကြီးများကလည်း လုပ်သားထုတရပ်လုံးသို့ တင်သွင်းဆုံးဖြတ်ရမည့် ကိစ္စများကို ထိုခန့်နှိုက် (မေဒေး)တွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းတို့ကို ပြုလုပ်သည်။ လုပ်သား စည်းဝေးပွဲကြီးပြီးဆုံး၍ လူစုခွဲခြင်းဖြင့် မေဒေးသဘင်ကို နိဂုံးချုပ်လေသည်။

အလုပ်သမား နှီးနှောဖလှယ်ပွဲ၏ ထူးခြားချက် တရပ်မှာ အလုပ်သမား နှီးနှောဖလှယ်ပွဲကို ဦးစီးဆောင်ရွက်သူ သဘာဝတိုအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့ စသည်များမှာ အလုပ်သမားကြီးများကိုယ်တိုင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ခံများသည် အလုပ်သမား ကိုယ်စားလှယ်ကြီးများ၏ တင်ပြချက်များကို အခြား ကိုယ်စားလှယ်များနည်းတူ လေ့လာကြသည်။ တခါတရံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ကိုယ်တိုင် ဆွေးနွေးပွဲသို့ လာရောက်၍ လုပ်သားကြီးများ၏ တင်ပြချက်များကို လေ့လာသည်။

အလုပ်သမားကြီးများသည် မေဒေးသဘင်တွင် မိမိတို့ ရပိုင်ခွင့်ကို ဆွေးနွေးတင်ပြ တောင်းဆိုကြသည်။ ကုန်ထုတ်အား ပိုမိုတိုးတက်အောင် မည်သို့ဆောင်ရွက်ရမည်တို့ကိုလည်း ဆွေးနွေးကြသည်။ ဆုံးဖြတ်ကြသည်။

ဤသို့ဖြင့် ပြည်သူတို့အား အကျိုးပြုသော အောင်ပွဲတရပ် ဖြစ်ခဲ့သည်။

× × ×

ကမ္ဘာ့ခရီးလင်းပစ်နေ့

တခုကိုတခု ချိတ်ဆွဲထားသည့် စက်ဝိုင်း ခြောက်ခု ပါသော အားကစား အမှတ်အသား တံဆိပ်ကိုမြင်လျှင် အားကစား ဝါသနာအိုးတို့သည် အိုလင်းပစ်ဟူသော အမည်ကို ချက်ချင်းပင် အမှတ်ရမည်ဖြစ်သည်။ သံကွင်းသဏ္ဌာန် တခုနှင့်တခု ချိတ်ဆွဲထားသော စက်ဝိုင်းချိတ်ကွင်း အမှတ်အသားမှာ အားကစားတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com

အမှတ်အသားဖြစ်သည်။ အိုလင်းပစ်၏ တံဆိပ်မှာ မီးထွန်းညှိ တောက်လောင်နေသော မီးတုံတ်တခုဖြစ်လေသည်။

ကမ္ဘာအရပ်ရပ် အားကစားသမားများသည် နှစ်စဉ်ဇွန်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့အိုလင်းပစ်နေ့အဖြစ် -အထိမ်းအမှတ်ပြု ကျင်းပကြသည်။အိုလင်းပစ်နေ့သည် နိုင်ငံအသီးသီးမှအားကစား ဝါသနာအိုးများအတွက် အမှတ်တရ နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။ အိုလင်းပစ် အထိမ်းအမှတ်နေ့ကို မြန်မာနိုင်ငံတွင် အထိုက်အလျောက် အသိအမှတ်ပြု ကျင်းပသော်လည်း ထိုနေ့ကို အများပြည်သူ ရုံးပိတ်ရက်ဟူ၍ သတ်မှတ်ခြင်းကား မပြုပေ။

ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာခန့်က ဂရိပြည်တွင် အိုလင်းပီးယားဟူသော ရွာကလေးတရွာရှိသည်။ ထိုရွာကလေးအနီးတွင် ကွင်းပြင်ကြီးရှိရာ ဂရိလူမျိုးတို့သည် ထိုအိုလင်းပီးယားရွာအနီးရှိ ကွင်းပြင်တွင် လေးနှစ်တကြိမ် ဇူ-နတ်မင်းကြီးကို ပူဇော်သော သဘင်တခုကို ကျင်းပလေ့ရှိသည်။ဇူ-နတ်မင်းကြီး၏ ရုပ်တုတခုကို ဂရိနိုင်ငံ ပင်လိုပွန်နီဆပ်ကျန်းဆွယ်၊ အိုလင်းပီးယားမြို့တွင် ဘီစီ-၇၇၈ ခုနှစ်က ထင်ရှင်းသောရုပ်တုဆရာကြီးဖီးဒီးယက်က ထုလုပ်ခဲ့သည်။ ရုပ်တု၏အမြင့်မှာ ပေ ၆၀ ခန့်ရှိပြီး ဆင်စွယ် ရွှေတို့ဖြင့် ထုလုပ်ထားသည်ဟုဆိုသည်။ဤဇူ-နတ်မင်းကြီး၏ ရုပ်တုမှာ သိပ်ခေတ်မတိုင်မီက တမ္ဘာ့အံ့ဘွယ် ခုနစ်သွယ်တွင် အပါအဝင် ဖြစ်လေသည်။

ဂရိတို့သည် လေးနှစ်တကြိမ် ဇူ-နတ်မင်းကြီးကို ပူဇော်ပွဲကျင်းပဆုံ၌ မြေပြန့် အပြေးပြိုခဲ့ပွဲများကို ထည့်သွင်းကျင်းပလေသည်။ အိုလင်းပီးယားရွာအနီး ကျင်းပသောကြောင့် အိုလင်းပစ်ကစား

ပွဲဟူ၍ ခေါ်တွင်စေသည်။ အိုလင်းပစ် အပြေးပြိုင်ပွဲတွင် အနိုင်ရရှိသော လူစွမ်းကောင်းများအား ဂရိလူမျိုးတို့ အထွတ်အမြတ်ပြုသော သံလွင်ပင်မှ သံလွင်ရွက်ဖြင့် ပြုလုပ်သော သရဖူကို ဦးခေါင်းတွင် ဆင်ပေးရ၏ ချီးကျူးကြလေသည်။

ဇူ-နတ်မင်းကိုပူဇော်သောပွဲတွင် အပြေးပြိုင်ပွဲကို ထည့်သွင်းရာမှာ ဖြစ်ပေါ်လာသော အိုလင်းပစ်ပြိုင်ပွဲများတွင် ရှေးဦးကျင်းပစဉ်က မြေပြန့် အပြေးပြိုင်ပွဲများသာ ပါရှိသည်။ နောင်သောအခါတွင်မူကား အပြေး ပြိုင်ပွဲသာမက သံပြားပစ်ခြင်း၊ လှံတံ အဝေးပစ်ခြင်း၊ နပမ်းသတ်ခြင်း၊ အလျား အမြင့်ခုံခြင်း စသည်တို့ ပါဝင်လာသည်။ယခုနေ့ကျင်းပသော အိုလင်းပစ် ပြိုင်ပွဲများတွင်ကား ခေတ်နှင့်အညီ သိပ္ပံနည်းကျသော အားကစားပြိုင်ပွဲများစွာ ပါဝင်လေသည်။ ကမ္ဘာတဝှန်းလုံး ပါဝင်ယှဉ်ပြိုင်စေသော ကမ္ဘာ့အိုလင်းပစ်ပွဲတော်အပြင် အိမ်နီးနားချင်း နိုင်ငံအချင်းချင်း တိုက်ကြီးတတိုက်တည်းတွင် ပါဝင်သော နိုင်ငံအချင်းချင်း စသည်ဖြင့် နီးစပ်သော နိုင်ငံအများစုပေါင်းပြုလုပ်သည့် အိုလင်းပစ်ပြိုင်ပွဲများကိုလည်း ကျင်းပကြသည်။

အိုလင်းပစ်ပြိုင်ပွဲများကို ဘီစီ ၇၇၆ ခုနှစ်မှ အေဒီ ၄၉၄ ခုနှစ်ထိ လေးနှစ်တကြိမ် မှန်မှန်ကျင်းပလေသည်။ အေဒီ ၃၉၄ ခုနှစ်မှစ၍ နှစ်ပေါင်း ထောင့်ငါးရာမျှ ၁၈၉၄ ခုနှစ်အထိ အိုလင်းပစ်ပွဲများ တိမ်မြုပ်ခဲ့လေသည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကမျှ ကျင်းပခြင်းမပြုဘဲ "အိုလင်းပစ်ပွဲ"ဟူသည်မှာ လူသမိုင်းတွင် ဖတ်တွေ့နိုင်သော မှတ်ဘွယ်တင် အကြောင်းအရာတခုမျှသာဖြစ်သည်ဟူ၍ သဘောထားခဲ့လေသည်။ သိရှိသူ နည်းပါးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၈၉၄ ခုနှစ်သို့ရောက်သောအခါ အိုလင်းပစ် ကစားပွဲများကို ဆက်လက်ကျင်းပခြင်းဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ကျန်းမာရေးအတွက် များစွာ အကျိုးရှိမည်ကို ယုံကြည်သူတဦးပေါ်ပေါက်လာသည်။ ထိုသူမှာ ပြင်သစ်လူမျိုး မီးရဲဒါကူဘာတင်ဆိုသူဖြစ်လေသည်။ ဘာတင်သည် ရှေးဂရိတို့၏ အားကစားလုပ်ငန်းများကို ခေတ်သစ်ပညာ သင်ကြားရေးတွင် ထည့်သွင်းဖော်ထုတ်လျှင် များစွာ အဖိုးတန် အကျိုးရှိမည်ကို ယုံကြည်သည်။ ဘာတင်သည် သူ၏ ယုံကြည်ချက်များကို နိုင်ငံတကာရှိ အားကစားလိုက်စားသူ ခေါင်းဆောင်များထံ အကြောင်းကြားပေးခဲ့လေသည်။ စုပေါင်းဂုစားယှဉ်ပြိုင်မှုလုပ်ငန်း ရှုပ်လုံးပေါ်လာစေရန် တိုက်တွန်းကြိုးပမ်းသည်။ သူ၏ ကြိုးပမ်းမှုကြောင့် ထိုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့အိုလင်းပစ် အသင်းကြီးပေါ်ပေါက်လာလေသည်။ အိုလင်းပစ် အားကစားပြိုင်ပွဲများကိုလည်း လေးနှစ်တကြိမ် ကျင်းပနိုင်ခဲ့လေသည်။

ပထမအကြိမ် အိုလင်းပစ် ကစားပွဲကြီးကို ၁၈၉၆ ခုနှစ်တွင် ကျင်းပခဲ့သည်။ နေရာမှာ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့် ငါးရာခန့်က ဂရိတို့ကျင်းပခဲ့သောကွင်းပြင်ကြီးတွင်ပင်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ လာရောက် ယှဉ်ပြိုင်ကြသည့်။ ထိုနောက် လေးနှစ်လျှင် တကြိမ်ကျ ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ အလှည့်ကျ လှည့်လည်၍ ကျင်းပခဲ့လေသည်။ ၁၉၅၂ ခုနှစ်အထိ ၄ နှစ်တကြိမ် ကမ္ဘာ့လှည့် ကျင်းပသော ကမ္ဘာ့အိုလင်းပစ် အားကစားပြိုင်ပွဲများ ကျင်းပရာ နိုင်ငံနှင့်မြို့များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ၁၉၀၀ .... ပြင်သစ်နိုင်ငံ ပါရီမြို့။
၂။ ၁၉၀၄ .... အမေရိကန်စိန့်လူဝီမြို့။
၃။ ၁၉၀၈ .... ဗြိတိန်ပြည် လန်ဒန်မြို့။
၄။ ၁၉၁၂ .... စတောဟုန်းမြို့။
၅။ ၁၉၁၆ .... ဂျာမနီပြည် ဘာလင်မြို့။ (ဘာလင်၌ ကျင်းပရန် ဆုံးဖြတ်ပြီးမှ စစ်အာဘင်း ဖြစ်၍ မကျင်းပနိုင်ခဲ့ပေ။ စစ်ပြီးသောအခါ လေးနှစ် တကြိမ် ပင် ဆက်လက် ကျင်းပသည်။)
၆။ ၁၉၂၀ .... အန္တာတွင်မြို့။
၇။ ၁၉၂၄ .... ပါရီမြို့(ပြင်သစ်)။
၈။ ၁၉၂၈ .... အန်မဲစတာဒမ်မြို့။
၉။ ၁၉၃၂ .... လော့စ်အိန်ဂျယ်မြို့။
၁၀။ ၁၉၃၆ .... ဘာလင်မြို့(ဂျာမနီ)။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၀ ဂျပန်တွင် ကျင်းပရမည့်ပွဲနှင့် ၁၉၄၄ ဖင်လန်တွင် ကျင်းပရမည့် ပွဲများကို မကျင်းပနိုင်ခဲ့ပေ။ ဒုတိယ ကမ္ဘာစစ်ကြီး ဤမှာဘက် ၁၉၄၈ ခုနှစ်မှစ၍ လန်ဒန်၊ ၁၉၅၂ ခုနှစ်တွင် ဖင်လန်နိုင်ငံ အိုလင်ပစကီးမြို့ စသည်တို့၌ ကျင်းပခဲ့လေသည်။ ယနေ့ထိ လေးနှစ်ဘကြိမ် ဆက်လက် ကျင်းပနေသည်။

ဤသို့ဖြင့် ဂရိလူမျိုးတို့ စတင်ကျင်းပခဲ့သော အိုးလင်းပစ် အားကစားပြိုင်ပွဲကြီးကို မီရဲဒါကူဘာတင်၏ စတင် ကြိုးစားချက်အရ ယနေ့ထိဆက်လက်ကျင်းပနေသည်။ကမ္ဘာ့ အိုလင်းပစ်အားကစားကြီးကိုစတင်ဖွဲ့စည်းသည့် ဇွန်လ ၂၃ ရက် အိုလင်းပစ်နေ့ဟူ၍ သတ်မှတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့သမဝါယမနေ့

ကမ္ဘာ့သမဝါယမနေ့ (Co-operative Day)ကို ကမ္ဘာ့ သမဝါယမ အဖွဲ့ချုပ်ကြီး (အိုင်-စီ-အို)(The Internaional Co-operative Alliance)၏ ညွှန်ကြားချက်ဖြင့် ကမ္ဘာ အရပ်ရပ်တွင် ကျင်းပလေသည်။ ကမ္ဘာ့သမဝါယမနေ့ကို ကျင်းပရန် အတွက် ကမ္ဘာပေါ်တွင် ကမ္ဘာ့သမဝါယမနေ့ဟူ၍ ပထမဆုံး အကြိမ်ကျင်းပခဲ့သော ၁၉၂၃ ခုနှစ်၊ ဇူလိုင်လ ပထမ စနေနေ့တွင်ကျမ်းကမ္ဘာ့ သမဝါယမနေ့ကို ကျင်းပခဲ့သည်။ ၁၉၅၀ပြည့်နှစ်တွင် ကမ္ဘာ့သမဝါယမ အဖွဲ့ချုပ်ကြီးက ကမ္ဘာ့သမဝါယမနေ့ကို စက်တင်ဘာလ ဒုတိယစနေနေ့တွင် ကျင်းပရန် ရွှေ့ပြောင်းသတ်မှတ် ပေးခဲ့လေသည်။ သို့သော်လည်း ကမ္ဘာအရပ်ရပ်မှ သမဝါယမ အသင်းများသည် မိမိတို့နိုင်ငံ၏ ရာသီဥတု လုပ်ငန်းဆောင်တာအခြေအနေအရ သင့်လျော်သောနေ့များတွင် ကမ္ဘာ့သမဝါယမနေ့ကို ကျင်းပနိုင်ရန် ခွင့်ပြုခဲ့လေသည်။ ဤသို့ဖြင့် ကမ္ဘာ့သမဝါယမနေ့ကို နှစ်စဉ် ဇူလိုင် ပထမပတ် စနေနေ့တွင် ကျင်းပရာမှ စက်တင်ဘာလ ဒုတိယပတ် စနေနေ့သို့ ပြောင်းရွှေ့ထားပြီးဖြစ်သော်လည်း အခြေအနေကိုလိုက်၍ သင့်ရာ နေ့တခုခုတွင် ကျင်းပနိုင်သော အထိမ်းအမှတ်နေ့ကြီးဖြစ်ခဲ့လေသည်။

သမဝါယမဟူသောစကားမှာ(Co-operative)ကို ဘာသာပြန်ထားခြင်း ဖြစ်သည်။ (သမ-ညီမျှစွာ၊ ဝါယမ- အင်အားစိုက်ထုတ် ဆောင်ရွက်ခြင်း)ဖြစ်သည်။ ညီမျှစွာအင်အားစိုက်ထုတ်ခြင်းဟူသည် ညီမျှသော အချိုးကျအရင်းအနှီးဖြင့် စုပေါင်း

၍ ညီညီမျှမျှ ဝိုင်းဝန်းဆောင်ရွက်ကာ ရရှိလာသောအကျိုးကို လည်း အချိုးကျ အရင်းအနှီးအလျောက် ညီမျှစွာ ခံစားကြရခြင်းပင် ဖြစ်သည်။ ကမ္ဘာ့ သမဝါယမအဖွဲ့ချုပ်၏ ရည်ရွယ်ချက်မှာ လူတဦးတယောက် ကောင်းစားရေးထက် လူအများကောင်းစားရေးကို ရှေးရှုခြင်းပင် ဖြစ်သည်။

ကမ္ဘာ့သမဝါယမ အဖွဲ့ချုပ်ကို ၁၉၃၀ ပြည့်နှစ် နိုင်ငံပေါင်း ၄၁ မှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၁၁၇ ဖွဲ့ စုပေါင်း ဖွဲ့စည်းခဲ့လေသည်။ ထိုစဉ်က မြန်မာပြည်တွင် သမဝါယမစနစ် မပေါ်ထွန်းသေးပေ။

သမဝါယမနေ့ ထထိမ်းအမှတ် ကျင်းပခြင်းဖြင့် သမဝါယမ အသင်းဝင်များ တဦးနှင့်တဦး ခင်မင်ရင်နှီးခြင်း၊ သမဝါယမ လုပ်ငန်း တိုးတက်အောင် အကြံအစည်များ နှီးနှောဖလှယ်နိုင်ခြင်းစသော အကျိုးများ ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၃၈ မှ စတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က အသင်းသုံးသင်းမျှသာ ရှိသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ပိုင်းလောက်တွင် သမဝါယမ အသင်းများ ပွားများလာသည်။ စစ်ပြီးခေတ် လွတ်လပ်ရေး ရပြီးနောက်တွင် ရပ်ကွက်သမဝါယမအသင်းများ ဖွဲ့သည်အထိများ ပြားလာသည်။ သို့သော် ရိုးရိုး သားသားနှင့် မွန်မွန်ကန်ကန် ဆောင်ရွက်သော အသင်းများက နည်းပါး၍ စားဖားကြီးများ အုပ်စားသည့်အသင်းက များလေသည်။ သမဝါယမအသင်းများ အပေါ် လူထုက ယုံကြည်မှု နည်းပါးလာသည်။ သမဝါယမကို သားဝမယားဝဟု၍ အမည်ဆိုးများ ပေးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် ပုဂ္ဂလိက လုပ်ငန်းများကို ပြည်သူ့ပိုင် ပြုလုပ်ခဲ့သည်။ ယခုအခါ ကျေးရွာ သမဝါယမ အသင်းများသာ ကျန်ရှိလေသည်။

× × × +

အာဇာနည်နေ့

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တပြည်လုံးစည်းစည်းရုံးရုံး မြင့် ပေါင်းစု ကြိုးစားနေကြစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အမျိုးသားခေါင်းဆောင်ကြီးများ မသမာ လူသတ်သမား တို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။ မြန်မာ့သမိုင်းတွင် မြန်မာ တို့၏ စည်းရုံးမှုအင်အား အခိုင်အမာဆုံးအချိန်တွင် ပြည်သူလူ ထု အကြည်ညိုဆုံးအားအထားဆုံး အမျိုးသား ခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသွေး မြေကျခဲ့ရသည်မှာ မေ့ရက်နိုင်ဘွယ်ရာမရှိပေ။ ရဟန်းရှင်လူပြည် သူအများ ရင်တွင်းလှိုက်ကြေ၊ မျက်ရအစ မသိမ်းနိုင်အောင် အပူ မီး တောက်လောင်ခဲ့ကြရလေသည်။ ပြည်သူအများ အားကိုးချစ် ကြည်ညိုသောခေါင်းဆောင်ကြီးများကို ရက်ရက်စက်စက်ပြုရက် ကြလေသည်ဟု ရင်ထုမနာ ဖြစ်ခဲ့ကြရသည်။ ခေါင်းဆောင်ကြီး များ သွေးမြေကျခဲ့ကြရသည်ကို ယနေ့တိုင် ပြည်သူတို့ မမေ့ ကြပေ။ ပူဆွေး တသလျက်ပင်ရှိသည်။ ခေါင်းဆောင်ကြီးများ

ကောင်းရာ သုဂတိ လားပါစေခြင်းငှာ ဗုဒ္ဓဘာသာတို့၏ ထုံး တမ်းစဉ်လာအတိုင်း ကုသိုလ်ဒါနပြု၍ အမျှ ပေးဝေကြသည်။ ဤသို့ဖြင့် နှစ်စဉ်မပျက် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် နေ့ရက်တွင် အမှတ်တရနေ့ ကျင်းပကြသည်။ အမျိုးသားခေါင်း ဆောင် အာဇာနည်နေ့ဟူ၍ ဝိသေသပြုခဲ့ကြသည်။

၁၉-ဇူလိုင် မမေ့နိုင်

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ ၁၉-ရက်။
မြန်မာ သက္ကရာဇ် ၁၃၀၉-ခု၊ ဝါခေါင်လဆန်း (၂)ရက်၊ စနေနေ့။

ထိုစဉ်က မြန်မာပြည်သည် ဗြိတိသျှလက်အောက်တွင်ရှိသည်။ လန်ဒန်တွင် ချုပ်ဆိုခဲ့သော အောင်ဆန်း အက်တလီ စာချုပ် အရ မြန်မာပြည် မကြာမီလွတ်လပ်တော့မည်ဖြစ်သည်။ လွတ်လပ် ရေး မပေးမီ အချိန်အတွင်း ဗြိတိသျှ တုရင်ခံချုပ် ဆာရစ်ဂျီနာ ဒေါ်မန်စမစ် ခေါင်းဆောင်သော မြန်မာဝန်ကြီးများ ပါဝင် သော အဖွဲ့က တိုင်းပြည်ကို အုပ်ချုပ်နေသည်။ ထိုဘုရင်ခံချုပ်နှင့် ဝန်ကြီးများ အဖွဲ့ကို (Government's Executve Cuoncil) ဟု အမည်ပေးထားသည်။ အောင်ဆန်း အက်တလီ စာချုပ် ချုပ်ဆိုပြီး ဤမှာဘက်တွင် ဒေါ်မန်စမစ်သည် ဝန်ကြီးများ စည်းဝေးပွဲသို့ တက်ရောက်ခြင်းမရှိတော့ပေ။ ဗိုလ်ချုပ်ကသာ ခေါင်းဆောင်၍ စည်းဝေးပွဲ သဘာပတိအဖြစ်ဖြင့် ဆောင်ရွက် သည်။

ထိုနေ့ ဇူလိုင် (၁၉)ရက် စနေနေ့တွင် ရန်ကုန်မြို့ အတွင်းဝန် များ ရုံးဟောင်း၌ ဝန်ကြီးများ အစည်းအဝေး ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်းက သဘာဝပတိအဖြစ်ဖြင့် ဆောင်ရွက်သည်။ ဓာတ်ဘိနက် (ဝန်ကြီးများအဖွဲ့) အဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ ဒီးဒုတ် ဦးဘချို၊ ဦးဘဝင်း၊ ဦးရာဇတ်၊ သခင်မြ၊ မိုင်းပွန်စော်ဘွား၊ မန်းဘခိုင်၊ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ် ဦးမြတို့ /အစုံအညီ တက်ရောက်ကြသည်။ ထိုနေ့က စည်းဝေးပွဲဘုင် နိုင်ငံခြားသို့ ရောက်နေသော ဝန်ကြီး ဦးကျော်ငြိမ်း၊ ဦးဝမ်ကိုဟော၊ စောစံဘိုးသင်း၊ဆမားဒူးဝ ၊ားဆင်ဝ ၊ားနောင်တို့ မတက်ရောက်ကြပေ။

ဗိုလ်ချုပ်တို့ စည်းဝေးသော ခန်းမကြီးမှာ ဝင်ပေါက် သုံးပေါက်ရှိသော အခန်းကျယ်ကြီးဖြစ်လေသည်။ အခန်းတွင်း၌ စာပွဲရှည်ကြီး သုံးခုကို ဂ-ငယ်ပုံသဏ္ဌာန် ခင်းကျင်း ဆင်ယင်ထားသည်။ ဗိုလ်ချုပ်သည် ထိပ်ဆုံး စာပွဲရှည်၏ အလယ် တည့်တည့် သူ၏သီးသန့်နေရာတွင် ထိုင်သည်။ လက်ဝဲဘက် စာပွဲရှည်တွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ မိုင်းပွန်စော်ဘွားနှင့် ပျော်ဘွယ် ဦးမြတို့ ယှဉ်၍ထိုင်ကြသည်။ လက်ျာဘက် စာပွဲတွင်မူ သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ ထိုင်ကြသည်။

အစည်းအဝေး ခန်းမ၏ လက်ျာဘက်တွင် အပါးတော်မြို့ ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)၏ အခန်းနှင့် လက်ဝဲဘက်တွင် အတွင်းဝန် ဦးရှေဘော်၏ အခန်းရှိလေသည်။ဗိုလ်ထွန်းလှသည် ဗိုလ်ချုပ် စည်းဝေးခန်းမ သီးသန့်နေရာတွင် ထိုင်ပြီးသည့် အခါတွင်မှ သူ၏ အလုပ်ခန်းသို့ ထွက်ခဲ့သည်။ ယနေ့နံနက် ,ဗိုလ်ချုပ် နေအိမ် တာဝ ါလိန်းမှ ဗိုလ်ချုပ်နှင့် အတူ လိုက်ပါလာပြီး ဗိုလ်ချုပ်ရှေ့မှ အတွင်းဝန်ရုံးအပေ ါ်သို့ အရင်တက်လာသူ ဖြစ်သည်။သူသည် တပါးတော်မြို့ပီပီ ဗိုလ်ချုပ်သွားရာသို့ တကောက်

ကောက် လိုက်နေသူ ဖြစ်သည်။ ယခု ဤကက်ဘိနက် အစည်းအဝေးကို ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန်ဖြစ်သော်လည်း ဗိုလ်ချုပ်၏ အမိန့်အရ ဤစနေနေ့သို့ ဗိုလ်ထွန်းလှကိုယ်တိုင်ပင် ရှေ့ပြောင်း ကျင်းပစေခြင်း ဖြစ်သည်။

ဦးရှေဘော်သည် လိုအပ်သော စာရွက်စာတမ်းများကို စီစဉ်ပေးရန် ဗိုလ်ချုပ်အနီးတွင် ရှိနေသည်။

နံနက် ၁၀-နာရီ ၁၅-မိနစ်တွင် အစည်းအဝေး စ၏။

ထိုနေ့နံနက် ရန်ကုန်မြို့၏ ရာသီဥတုမှာ မိုးတဖွဲဖွဲနှင့် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်သည်။ညိုသော မိုးသည် ဝုန်းကနဲ ရွာချလိုက်တော့မည်ကဲ့သို့ရှိသည်။ တခ ါတရံ တဖွဲဖွဲစေ့နေရာမှ ခပ်သဲသဲလေးရွာချလိုက်သည်။ခပ်သဲသဲရွာရာမှ တဖြည်းဖြည်းတဖွဲဖွဲရွာလာပြန်သည်။ ဤသို့ဖြင့် မိုးတစိပ်စိပ်တွင် ရန်ကုန်လူထုသည် လမ်းကြီးလမ်းငယ် အသွယ်သွယ်၌ ဥဒဟို သွားလာလှုပ်ရှားနေကြသည်။ မကြာမီ ကျရောက်လာမည့် ကြမ္မာဆိုးကြီးသည် မိုးသားတိမ်လိပ်များနှင့် အတူ ရန်ကုန်မြို့ကြီးကို လွှမ်းခြုံအုပ်စိုးစပြုနေပြီကိုကား မည်သူ တဦးတယောက်ကမျှ ရိပ်မိခြင်းမရှိပေ။

ဤအတွင်း လူငါးယောက်စီးနင်းလိုက်ပါလာသော နံပတ် အေ-စီ-၁၀၁၄(AC 1814)ကျစ်ကားတစီးသည် အတွင်းဝန်ရုံးကြီးအတွင်းသို့ချီးဝင်လာသည်။ ကျစ်ကားပေ ါ်တွင် ၁၂-နံပတ် တပ်မတော်တံဆိပ်များတပ်ဆင်၍ စစ်ယူနီဖောင်းအပြည့်အစုံဝတ်ဆင်ထားသူများ လိုက်ပါလာကြသည်။ စစ်ယူနီဖောင်း အပြည့်အစုံ ဝတ်ထားကြသော်လည်း တပ်ဆင်ထားသော တံဆိပ်အနေအထား ဝတ်ဆင်ပုံတို့မှာ ပုံမကျလှပေ။ စီးလာသော ဖိနပ်များ

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း **စစ်ဖိနပ်** မဟုတ်။ ကင်းဘတ်အဖြူ စီးထားသည်။ တယောက်က ကားမောင်းရ၍ ကျန်လေးယောက်တွင် သုံးယောက်က တော်မီသေနတ်ကိုယ်စီကိုင်လျက် တဦးက စတင်းသေနတ်ကို ကိုင်ဆောင်ထားသည်။ ရုတ်တရက်ကြည့်လျှင် ဤသူများသည် အရေးတကြီးကိစ္စဖြင့် အလျင်စလို ရောက်လာသော **စစ်ဘက်မှ** ရဲဘော်များ ဖြစ်ကြသည်ဟု ထင်ရ၏။ သို့သော် ဤသူများသည် ယနေ့နံနက် ၈-နာရီခန့်က လုပ်ကြံမှုကြီးအတွက် အစစအရာရာ ပြင်ဆင်ခဲ့ကြပြီးဖြစ်သည့် လူသတ်သမား များဖြစ်ကြသည်။ သူတို့သည် ဂဠုန်ဦးစော၏ ခိုင်းစေချက်နှင့် ဦးစော၏ နေအိမ်ခြံဝင်းမှ မကြာသေးမီက ထွက်လာကြသူများ ဖြစ်ကြသည်။ အင်းလျားကန်စောင်းတွင် မေးတင်နေသော ဦးစော၏ အေဒီလမ်း ခြံအမှတ် ၄-အိမ်မှ မြို့တွင်း အတွင်းဝန်ရုံးကြီးသို့ အလျင်အမြန် မောင်းနှင်လာကြသူများ ဖြစ်ကြသည်။

စစ်ဘက်ရဲဘော်များအသွင်ဆောင်လာကြသူများမှာ ဦးစော၏ လူယုံတော်တပည့်များ ဖြစ်ကြသည့် သက်နှင်း၊ မောင်စိုး၊ ရန်ကြီးအောင်၊ စိန်ကြီးနှင့် သုခတို့ ဖြစ်ကြသည်။

ဂျစ်ကားကလေးသည် အတွင်းဝန်ရုံးသို့ ရောက်သောအခါ အရှိန်လျှော့၍ ရပ်လိုက်သည်။ ကားစက်ကိုကား မရပ်ဘဲထားသည်။ မောင်စိုး၊သက်နှင်း၊ရန်ကြီးအောင်နှင့်စိန်ကြီးတို့ဌဦးသည် ကားရပ်လျှင်ရပ်ချင်း ကားပေါ်မှ ခပ်သွက်သွက်ကလေး ဆင်းလိုက်ကြ၏။ ကားမောင်းသူ သုခသည် ဂျစ်ကားကလေးကို အတွင်းဝန်ရုံးဝင်းထွက်ပေါက်သို့ ခေါင်းလှည့်လျက် စက်မရပ်ဘဲ စောင့်နေသည်။ သေနတ် ကိုယ်စီနှင့် လူသတ်သမားတို့သည် လှေခါးတလျှောက်မှ သွက်သွက်လေး လှမ်းတက်သွားကြသည်။

နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်။

ခေါင်းဆောင်ကြီးများ စည်းဝေးပွဲ စတင်သည်မှာ ၁၅မိနစ် ကျော်ကျော်မျှ ရှိပေပြီ။

အစီအစဉ်အရ လမ်းပန်းဆက်သွယ်ရေး ကိစ္စများကို ဆွေးနွေးရန် အလှည့်ကျရောက်လာသည်။ လမ်းပန်း အဆောက်ဦးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ဝန်ကြီး ဦးဘကျမ်းသည်ထိုနေ့က အအေးပပ်ပြီး နေမကောင်းပေ။ နေမကောင်းရက်မှ သတင်းထူးတခုကို ပြောရန်အတွက် အင်္ဂျီ အထပ်ထပ်ဝတ်လျက် အစည်းအဝေး တက်လာခြင်းဖြစ်သည်။ သူရရှိသော သတင်းထူးသည် ကားအခြားမဟုတ်။ လွန်ခဲ့သည့် ဇွန်လအတွင်းက ဗိုလ်တခုထောင် (စီ-အို-ဒီ)စစ်ပစ္စည်း သိုလှောင်ရေးတပ်ဖွဲ့မှ စတင်းဂန်း အလက်နှစ်ရာနှင့် ကျည်ဆန်များပျောက်ဆုံးခဲ့ရာတွင် ဖောက်ထွင်းခိုးယူခံရခြင်း မဟုတ်ဘဲ စက်ဖက်အရာရှိများ၏ လက်မှတ်တံဆိပ်အတုဖြင့် ပိပိရိရိ လိမ်ထုတ်သွားခြင်းဖြစ်နေသည်။ ထိုလက်နက်များ လိမ်ထုတ်သွားသည့်ကိစ္စကို သတင်းစာများတွင် ဖော်ပြပြီး ဖြစ်သော်လည်း တရားခံလက်သယ်ကို ယခုထိ မမိသေးဘဲ ဖြစ်ရာထိုတရားခံမှာ အခြားသူမဟုတ်ဘဲ ဦးစောသာလျှင်ဖြစ်သည်ဟူသော သတင်းထူးပင် ဖြစ်သည်။ ဝန်ကြီးဦးဘကျမ်းသည် လက်နက် လိမ်ထုတ်သည့် ကိစ္စကို ပြည်သူလူထုကပင် သတင်းစာမှ တဆင့် သိရှိပြီးဖြစ်ရာ ထိုသို့ လိမ်ထုတ်သွားသူမှာ ဦးစော ဖြစ်နေသည်ကို သတင်းရရှိသဖြင့် အစည်းအဝေးတွင် တင်ပြရန် မကျန်းမာလျက်မှ ရောက်လာခြင်း ဖြစ်သည်။

ယခု အစီအစဉ်အရ လမ်းပန်းဆက်သွယ်ရေးကိစ္စကို ဆွေးနွေးကြမည်ဖြစ်၍ ဦးဘကျမ်းသည် သူ၏သတင်းကို ဤကိစ္စပြီးမှ ပြော

www.burmeseclassic.com

ရန် ဆုံးဖြတ်လိုက်သည်။ သူ၏ လမ်းပန်းဆက်သွယ်ရေး ဌာနမှ ဒုတိယ အတွင်းဝန် အိုင်စီအက်စ် ဦးအုန်းမောင် ရောက်လာပြီး လက္ခါဘက် စာပွဲထိပ် သခင်မြတောဘုရင် ဝင်ထိုင်လိုက်သည်။ ဤအခိုက်အတန့်မှာပင် အစည်းအဝေး၏ မျက်နှာစာရှိ တံခါးမကြီးမှ လူသတ်သမားများ ဘွားကနဲပေါ်လာသည်။ ခေါင်းဆောင်ကြီးများသည် ၁၂ နံပတ် တပ်မတော်တံဆိပ်ကို တပ်၍ ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားသော လူသတ်သမားများကို အရေးကြီးသောကိစ္စရှိ၍ ဗိုလ်ချုပ်ထံ တိုက်ရိုက်အစီရင်ခံရန် ရောက်ရှိလာသည့် ရဲဘော်များဖြစ်ကြသည်ဟု ရှိုးသားစွာ ယုံကြည်ကြသည်။ လူသတ်သမားများသည် ဂ ငယ်ပုံသဏ္ဌာန်စီစဉ်ထားသော စာပွဲသုံးခု၏ အတွင်းဘက် အလယ်သို့ တန်းတန်းမတ်မတ် တန်းစီဝင်လာကြသည်။ ရှေ့ဆုံးမှ ဝင်လာသူသည် ခေါင်းဆောင်ကြီးများ မင်သက်ရှိ၍ ငြိမ်နေစဉ်မှာပင် "ဟိတ်" ဟူ၍ အသံကျယ်ကျယ် တခွန်းအော်ပြီး အသင့် ပါလာသော တော်မီဂန်းဖြင့် ဗိုလ်ချုပ်ကို စတင် ပစ်ခတ်လိုက်သည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှထလိုက်၏။ တစုံတခုကို လှမ်း၍ပြောပြီး လက်ကာပြသည်။ ဗိုလ်ချုပ်နှုတ်မှ စကားသံ သဲသဲကွဲကွဲထွက်ပေါ်၍မလာမီ အဆက်မပြတ် ပစ်လိုက်သော သေနတ်သံများ ထွက်ပေါ်လာသည်။ ဗိုလ်ချုပ်သည် ကုလားထိုင်ရော လူပါ နောက်သို့လန်ကျသွားသည်။

အဆက်မပြတ် ပစ်ခတ်လိုက်သောသေနတ်သံနှင့်အတူ ခေါင်းဆောင်ကြီးများ ကြမ်းပြင်သို့ အတုံးအရုံး လဲကျသွားသည်။ ဝန်ကြီး ဦးဘချမ်း၊ ပျော်ဘွယ် ဦးမြ၊ ဦးအောင်ဇံဝေနှင့်

အတွင်းဝန် ဦးရွှေဘော်မှတပါး ကျွန် ခေါင်းဆောင်ကြီးများ လူသတ် လက်ချက်ဖြင့် သေးမြေကျရရှာသည်။

လူသတ်သမားများ စတင်ပစ်ခတ်သည်နှင့်တပြိုင်နက် ဝန်ကြီး ဦးဘချမ်းသည် သူ၏အနီးတွင် ထိုင်နေသည့် ဦးအောင်ဇံဝေ၏ လက်ကို အောက်ဆွဲ၍ ကြမ်းပြင်သို့ ဆွဲချလိုက်သည်။ သူတို့နှစ်ဦး သေဘေးမှ လွတ်ခဲ့ကြသည်။ ဦးဘချမ်းတွင် သေနတ်နှစ်ချက် ရှပ်မှန်သေးသည်။ အတွင်းဝန် ဦးရွှေဘော်နှင့် ပျော်ဘွယ် ဦးမြ နှစ်ဦးကမူ သူတို့နှင့်နီးသော ပြတင်းပေါက်မှ အပြင်သို့ခုန်ဆင်းထွက်ပြေးသဖြင့် လွတ်မြောက်ခဲ့သည်။

လူသတ်သမားများသည် ပထမစာပွဲဝိုင်းအလယ်မှ မတ်တတ်ရပ် ပစ်ကြသည်။ ထိုနောက် ဒူးထောက်လျက် မူဆိုးထိုင် ထိုင်၍ ပစ်သည်။ ပစ်၍ အားရမှ အခန်းပြင်သို့ထွက်ပြီး အပေါ်ထပ်မှ ဆင်းပြေးကြသည်။ လူသတ်သမားများ တဟုန်ထိုးပြေးဆွဲသွားနေစဉ် ဗိုလ်ထွန်းလှ အခန်းတွင်းမှ သေနတ်သံကြားသဖြင့် ပြေးထွက်လာသော ဗိုလ်သန်းဝင်းနှင့် ရင်ဆိုင်တွေ့ကြသည်။ "ဟေ့ မဆိုင်သူ မကပ်နဲ့ကွာ" ဟု အော်ပြီး ပြေးဆင်းသွားကြသည်။ ထိုအခိုက် လှေခါးထိပ်မှ ဦးရာဇတ်၏ သက်တော်စောင့် ကိုထွေး ပြေးထွက်လာရာ လူသတ်သမားမျှားက စတင်းဂန်းဖြင့် ဝှေ့ယမ်းလိုက်သည်။ ကိုထွေး နေရာတွင်ပင် ခွေလဲသွားသည်။

လူသတ်သမားများသည် သူတို့၏ ဂျစ်ကား ကလေးပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာကြသည်။ ရုတ်တရက် /စက်နှိုး၍ မရသည်မှတပါး အခက်အခဲမရှိ၊ အတွင်းဝန်ရုံးကြီးအတွင်းမှ ပြန်ထွက်သွားနိုင်ကြသည်။ ထိုအချိန်၌ လူသတ် သမားတို့၏ လက်ချက်ဖြင့် ခေါင်းဆောင်ကြီးမျှား၏ စည်းဝေးခန်းမကြီး

www.burmeseclassic.com

www.burmeseclassic.com

ရွှေနေ အဖ ဦးဖား၊ အမိ ဒေါ ဒေါစုတို့မှ မကွေးခရိုင်နတ်မောက်မြို့တွင် ၁၉၁၅ ခုနှစ်ခန့ ဖော်ဝါရီလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်တပေါင်းလဆန်းတရက် စနေနေ့တွင် မေးပိုလ်ချုပ်အောင်ဆန်း ဖွားသည်။ ငယ်မည် မောင်ထိန်လင်းမှ အကိုဖြစ်သူ အောင်သန်းနှင့်အညီ အောင်ဆန်း ဟူ၍ ခေါ်တွင်ခဲ့သည်။ အသက် ၇ နှစ်အရွယ်တွင် နတ်မောက်မြို့ဆရာတော် ဦးသောဘိတကျောင်းတွင် ပညာသင်သည်။ အင်္ဂလိပ်စာ သင်ခွင့်မရသဖြင့် သုံးရက်တိုင်တိုင် အစာမစားဘဲ မိဘများကို ဆန္ဒပြခဲ့သည်။ အသက် ၁၄ နှစ်တွင် ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်သည်။ ၁၉၃၂ ခုနှစ် အသက် ၁၈ နှစ်တွင် တက္ကသိုလ်သို့ရောက်ခဲ့သည်။ စကားပြောဘုကျ၍ ဖြစ်သလိုနေတတ်သည်။ ကျောင်းသားများက ဂွစာအဖြစ် အသိအမှတ်ပြုထားသည်။ ၁၉၃၄ ခုနှစ်ဥပစာတန်းကိုအောင်သည်။ နောက်တနှစ်တွင် တက္ကသိုလ်သမဂ္ဂအမှုဆောင်အဖြစ် ရွေးကောက်ပွဲဝင်သည်။ ထိုပေပေ၊ဘုကျကျနှင့် လူသိနည်းသူဖြစ်၍ ရွေးကောက်ပွဲတွင် ရှုံးသည်။ ဆက်လက်ကြိုးစားရာ နောက်တနှစ်တွင် အရွေးခံရသည်။ ဝိဇ္ဇာအထက်တန်း ရောက်သောအခါ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ဦးစီး ထုတ်ဝေသော အိုးဒဲ့ မဂ္ဂဇင်း၏ တာဝန်ခံ စာတည်းဖြစ်လာသည်။

www.burmeseclassic.com

သည် သွေးအိုင်ထွန်းလျက် ရှိပေပြီ။ ခေါင်းဆောင်ကြီးများသည် ကြမ်းပြင်တွင် မရှုရက် မမြင်ရက် တုံးလုံးပက်လက် ကျဆုံးနေကြရှာချေပြီ။ အခန်းတခုလုံး သွေးခြင်းခြင်းလျှံ'နေသည်။ ယမ်းငွေ့များ ဝေနေသည်။

ထိုနေ့ ထိုအချိန်ကား ၁၉၄၇ ခုနှစ်၊ဇူလိုင်လ၁၉ရက်စနေနေ့၊ နံနက် ဆယ်နာရီနှင့် မိနစ် သုံးဆယ်ကျော် အချိန်ပင်တည်း။

မှတ်ချက်။ ။အတ္တ ၂၁၊ အမှတ်(၁၀)ခုနှစ်မပါ၊ နိုဝင်ဘာထုတ် ဒဂုန်မဂ္ဂဇင်း မြဝတ်လွှာ၏ 'လုပ်ကြံမှု' ကဲ့ယ်တွေ့ဆောင်းပါးတွင် လုပ်ကြံမှုတွင်အသုံးပြုသော ဂျစ်ကားနံပတ်မှာ RB. 9831 ဖြစ်ကြောင်း ခတ်ပုံနှင့်တကွ ဖော်ပြထားသည်။

ကျဆုံးခဲ့ရရှာသော အာဇာနည်ကြီးများ

လူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော ခေါင်းဆောင်ကြီးများမှာ ၇ ဦးဖြစ်သည်။ ခေါင်းဆောင်ကြီးများနှင့် အတူ လမ်း အဆောက်အဦနှင့် ပြန်လည်ထူထောင်ရေး ဌာနမှ အတွင်းဝန် ဦးအုန်းမောင်နှင့် အပါးတော်မြ ရဲဘော်ထွေးတို့လည်း ကျဆုံးခဲ့သည်။ ရန်သူ၏ လက်ချက်ဖြင့် ကျဆုံးခဲ့သူ စုစုပေါင်းကိုးဦးဖြစ်သည်။

ကျဆုံးခဲ့သော ခေါင်းဆောင်ကြီးများမှာ ဗိုလ်ချုပ် အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ဦးဘဝင်း၊သခင်မြ၊ဦးရာဇတ်၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး၊ စပ်စံထွန်းတို့ ဖြစ်ကြသည်။ခေါင်းခဆောင်ကြီးများ၏အတ္ထုပ္ပတ္တိ အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

၁၉၃၅ ခုနှစ်တွင် ဗိုလ်ချုပ်ကျော်ဇင်ကို ဦးနေဝင်းအတူ ကျောင်းမှ ထုတ်ခံရသည်။ ထိုနှစ်ဩဂုတ်လ ၁၄ ရက်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ပြည်သို့ ထွက်ခွာသွားသည်။ (အချို့မှတ်တမ်းတွင် ဩဂုတ်လ ၈ ရက်ဟု ဆိုသည်။) ဗိုလ်ချုပ်ဂျပန်ပြည်မှ ပြန်လာသည်မှ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုသည်အထိကို လွတ်လပ်ရေးနေ့ အကြောင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။)

လုပ်ကြံခံရစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည်။ ဝန်ကြီးများအဖွဲ့၏ ဒုတိယသဘာပတိ ဖြစ်သည်။ လူသတ်သမားများက ဗိုလ်ချုပ်ကို မဲ့၍ ပစ်ခဲ့သဖြင့် သေနတ်ဒဏ်ရာ ၁၃ ချက် ရရှိကာ နေရာတွင်ပင် ကံကုန်ရှာသည်။ ကျဆုံးစဉ်က အသက် ၃၃ နှစ်မျှသာ ရှိသည်။ ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အခါ နိုင်ငံရေးအလုပ်မှထွက်ပြီး အေးအေးဆေးဆေး စာရေးဆရာလုပ်ရန် ကြံရွယ်ထားသူ ဖြစ်သည်။ ဇနီးဒေါ်ခင်ကြည်၊ (အိန္ဒိယပြည်ဆိုင်ရာ မြန်မာသံအမတ်ဟောင်း) သား အောင်ဆန်းဦး၊ သမီးအောင်ဆန်းစုကြည်တို့ ကျန်ရစ်သည်။

ဒီးဒုတ် ဦးဘချို

မြောင်းမြို့တွင် အဘ ဦးဘိုးစော၊ အမိ ဒေါ်မြစ်တို့မှ ၁၂၅၅ ခုနှစ် ဧပြီဆုန်လ ဆန်း ၁၀ ရက်နေ့တွင် မွေးဖွားသည်။ ငယ်စဉ်တာ မြောင်းမြ ဆရာ ဦးမောင်မောင် ကျောင်းတွင် ပညာသင်သည်။ ၁၄ နှစ်သား အရွယ်တွင် သတ္တမတန်း စကောလာ

၁၉၃၅ ခုနှစ်တွင် သမဂ္ဂဥက္ကဋ္ဌ ဦးနေဝင်းအတူ ကျောင်းမှ အထုတ်ခံရသည်။ အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော (ခွေးသရမ်းကြီးလွတ်နေသည်) ဆောင်းပါးရေးသားသူကိုမဖော်ထုတ်၍ ကျောင်းထုတ်ခံရခြင်း ဖြစ်သည်။ နောက်တနှစ်တွင် ကျောင်းသားထုကြီး သပိတ်မှောက်သည်။ ရှေ့တိုဂုံ ကုန်းတော်ပေါ်တွင် သုံးလမျှ ကြာသည်။ ၁၉၃၆-၃၇ တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် ရွေးချယ်ခြင်း ခံရလေသည်။ နောင်တနှစ် ၁၉၃၇-၃၈ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးကို ဦးဆောင်ခဲ့သည်။ ဆောင့်သုံးရာပြည့် အရေးတော်ပုံနှစ် ဖြစ်သည်။ ဗိုလ်အောင်ကျော်ကျဆုံးခဲ့သည်။ (လွတ်လပ်ရေး ကြိုးပမ်းမှုတွင်ကြည့်ပါ)။

၁၉၃၈ ခုနှစ်တွင် ဝိဇ္ဇာ(ဘီအေ)အောင်သည်။ ဥပဒေတန်း(ဘီအယ်လ်)ကို ဆက်၍လေ့လာနေစဉ် တက္ကသိုလ်အုပ်ချုပ်မှုအဖွဲ့တွင် တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ ကိုယ်စားလှယ် အဖြစ် ပါဝင်ခဲ့သည်။ အင်္ဂလိပ်အစိုးရက ဝန်ထောက်ရာထူးဖြင့် ချီးမြှင့်ခဲ့သော်လည်း မရခဲ့ပေ။ ၁၉၃၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် ကျောင်းမှထွက်သည်။ ကျောင်းသားသမဂ္ဂမှနုတ်ထွက်သည်။ သခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သော ဒို့ဗမာအစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။ သခင်ဘွဲ့ခံပြီး သခင်အောင်ဆန်းဖြစ်လာသည်။ နိုင်ငံရေးနယ်သို့ခြေစုံ ပစ်ဝင်သည်။ သူနှင့်အတူ ကိုနုလည်း ပါလာပြီး သခင်နု အမည်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှစ် အောင်ပြီး စိန်ပေါ်ကျောင်းတွင် ဆက်လက် သင်ယူသည်။ ပညာ ထူးချွန်၍ ရှစ်တန်းစာမေးပွဲအောင်မြင်ပြီး ဆယ်တန်းသို့ တန်းကျော်တက်ခွင့်ရသူ ဖြစ်သည်။ ဆယ်တန်းကို စကောလား ရှစ်ဖြင့်အောင်သည်။ အသက် ၂၀ တွင် ဘီအေ အထက်တန်း (ဝိဇ္ဇာ)အထက်တန်းသို့ ရောက်ပြီး မျက်စိမကောင်းသဖြင့် စာမေးပွဲမဖြေခဲ့ရပေ။ ကောလိပ်မှထွက်ပြီး ပေါင်းတည်တွင် ကျောင်းဆရာဝင်လုပ်သည်။ စာပေဝါသနာရင့်သန်သူ ဖြစ်၍ နောက်ကွယ်ချောင်ကပ်၊ တောက်တဲ့မောင် စသော ကလောင်အမည်များဖြင့်စာနယ်ဇင်းများတွင်ရေးခဲ့သည်။ ၁၉၂၀ပြည့်နှစ် ကျောင်းသားသပိတ်တွင် ပညာမှူ စစ်ဆေးရေးဌာနတွင် ဆောင်ရွက်၍ နေရာမှန့်တက်ထွက်ပြီး အမျိုးသားကောလိပ်တွင် ဆက်လက် ဆောင်ရွက်သည်။

အမျိုးသားစိတ်ရင့်သန်သူဖြစ်၍ အမျိုးသားဝတ်စုံကို အမြဲ ဝတ်ဆင်ပြီး သေသည်အထိ ဆံပင်ရှည်ထားခဲ့သည်။ ဒီးဒုတ် ဂျာနယ်ကို ဦးစီးထုတ်ဝေရာမှ ဒီးဒုတ် ဦးဘချို့ဟူ၍ လူသိများခဲ့ သည်။ သတင်းစာဆရာ၊ စာရေးဆရာအဖြစ် လူချစ် လူခင်များ သည်သားမက ဂီတပညာရှင်တဦးအဖြစ်လည်း ထင်ရှားသူ ဖြစ် သည်။ လူချစ် လူခင်များသည်။ တပည့်တပန်းများသည်။ ဗိုလ် ချုပ်အောင်ဆန်း၏ အားကိုးယုံကြည်မှုကိုခံရသော ဆရာကြီး ဖြစ်သည်။ ဂျပန်မဝင်မီကပင် ဂျပန်တို့၏ ဖက်ဆစ်ဝါဒကို ဒီးဒုတ်ဂျာနယ်မှ ဖော်ထုတ်ခဲ့သဖြင့် ဂျပန်ဝင်သောအခါ သတ် ပစ်ရန် ကြံစည်ခြင်းခံခဲ့ရသည်။ တပည့်များ၏ကာကွယ်မှုကြောင့် ချမ်းသာရာ ရခဲ့သည်။ နိုင်ငံရေးထဲသို့ ဝင်လာရာတွင်အမတ်ရာထူး

ဝန်ကြီးရာထူးကို မျှော်မှန်း၍မဟုတ်ပေ။ဗိုလ်ချုပ်အောင်ဆန်းကဲ့ သို့သော ထက်သန်ထူးချွန်သည့် လူငယ်များ မတိမ်းမစောင်းရ လေအောင် ထိန်းမတ်ပေးရန်အတွက် ဝင်လာခဲ့ခြင်းဖြစ်သည်။

လုပ်ကြံခံရစဉ်က ဆရာကြီးသည်သေနတ်ဒဏ်ရာ၅ချက်တိတိရ ရှိခဲ့သည်။ ချက်ချင်းကွယ်လွန်ခြင်းမရှိဘဲသတိလစ်နေသည်။ဆေး ရုံကြီးတွင် ခဲ့စိတ်ပြီး ဦးနှောက်အတွင်းဝင်နေသော ကျည်ဆန်ကို ပြန်၍ထုတ်ရာမှ ကွယ်လွန်ခြင်းဖြစ်သည်။ အခင်းပွားသောနေ့ မွန်းလွဲ ၁နာရီ ၃၇ မိနစ်တိတိတွင် ခဲ့စိတ်ကုသရာ ၁ နာရီနှင့် မိနစ် ၄၀တွင် ကွယ်လွန်လေသည်။ စတင်ခဲ့စိတ်သည်မှ သုံးမိနစ် သာသာတွင် ကွယ်လွန်သည်။ ကွယ်လွန်သည့်အချိန်တွင် အသက် ၅၅ နှစ်ရှိပြီးဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အကို အရင်း ဖြစ်သည်။ နတ်မောက်မြို့တွင် အဘရွှေနေ ဦးဖား၊ အမိဒေါ်စုတို့မှ မွေးဖွားခဲ့သည်။ (မွေးသက္ကရာဇ် အတိအကျကို မှတ်တမ်း များတွင် မတွေ့ရသေးပေ) ရန်ကုန် ဦးဘဝင်း တက္ကသိုလ်မှ ဘီ-အက်စ်-စီ ကို ဓာတုဗေဒ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီးနောက် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းတွင် ကျောင်းအုပ် ဆရာကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုး ပမ်းမှုတွင် လိုအပ်သလို ကူညီခဲ့သည်။ ဖဆပလ၏ယာယီ(ကြား ကာလ) အစိုးရအဖွဲ့တွင် ဝန်ကြီး ဦးဘဖေနေရာတွင် လူးသန်း

www.burmeseclassic.com

www.burmeseclassic.com

ရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးအဖြစ်ဖြင့် ဆောင်ရွက်နေစဉ် လုပ်ကြံခံရခြင်းဖြစ်သည်။ သေနတ်ဒဏ်ရာ ရှစ်ချက်တိတိ ရရှိပြီး နေရာတွင်ပင်ပဲ့ချင်းပြီး ကွယ်လွန်သွားရှာသူ ဖြစ်သည်။

(ဇနီးဒေါ်ခင်စောနှင့် သားသမီးခြောက်ယောက် ကျန်ရစ်သည်။)

ပြည်ခရိုင် ထုံးဘိုမြို့ သစ်ကုန်သည်ဦးဘိုးချန်း အမိ ဒေါ်သက်လယ်တို့၏ သားဖြစ်သည်။ ငယ်စဉ်က ပြည်မြို့ အစိုးရ အ ထက် တန်း ကျောင်း သာယာဝတီ အစိုးရအထက်တန်း ကျောင်းတို့ သခင်မြ တွင် ပညာသင်ကြားပြီး ရန်ကုန်မြို့ စိန်ဂျန်း ကျောင်းမှ ဆယ်တန်းအောင်သည်၊ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူ၍ ဘီ-အက်စ်-စီ ဘီ-အယ်လ် ဘွဲ့များကို ရရှိသည်။ ဘီ - အက်စ် - စီ အောင်ပြီးမှ ဘီ-အယ်လ်ကို နေရှင်နယ် ကျောင်းတွင် ကျောင်းအုပ်ကြီး လုပ်နေရာမှ အောင်မြင်ခြင်းဖြစ်သည်။

စိတ်သဘော နူးညံ့ပျော့ပျောင်း၍ စဉ်းစားဉာဏ်ရင့်သန်သူ ဖြစ်သည်။ ၁၉၂၀ - ၂၁ ခုနှစ်၊ ဝံသာနုသပိတ်တွင် ရန်ကုန် တက္ကသိုလ် ကျောင်းသား ခေါင်းဆောင် အဖြစ် ဆောင်ရွက်ပါဝင်ခဲ့လေသည်။ ကျောင်းမှ ထွက်ပြီးနောက် အမျိုးသား ကျောင်းဆရာ၊ ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဒေါက်တာဘမော်လက်ထက်တွင် သာယာဝတီနယ်မှ ရွေးကောက်ပွဲဝင်ခဲ့ရာ အရွေးခံခဲ့ရသည်။ ပထမဆုံး အရွေးခံရသော သခင်အမတ်သုံးဦးတွင် တဦးအပါအဝင်ဖြစ်လေသည်။ ထိုခေတ်တွင် ကျောင်းသား အရေးတော်ပုံ'ဖြစ်၍ ဗိုလ်အောင်ကျော်ကျဆုံးခဲ့သည်။ ပြုရိုကရက်အစိုးရကို မကျေနပ်သောအနေဖြင့် မင်းတိုင်ပင်အမတ်အဖြစ်မှ နှုတ်ထွက်သည်။ ကြားရွေးကောက်ပဲ့ တခု ကျင်းပရာတွင် ပြန်လည်အရွေးခံရသည်။ သခင်မြသည် ပြုရိုကရက်အစိုးရကို မကျေနပ်သောအားဖြင့်လစာငွေတပြားမှ မယူခဲ့ပေ။ ဂျပန်အပြေး အင်္ဂလိပ်မျှားပြန်ဝင်လာပြီး ခေါ်ပေးသည့်တိုင်အောင် လက်ခံခြင်းမပြုပေ။

ဦးစော အစိုးရလက်ထက်(၁၉၃၇-ခုနှစ်ခန့်) တွင် ဒို့ဗမာ အစည်းအရုံးကြီးလှုပ်ရှားခဲ့ရာသခင်မြသည်တောင်သူလယ်သမား ရေးရာ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈-၃၉ခုနှစ် ဒုတိယကမ္ဘာစစ်စတင်စ လောက်တွင် အင်္ဂလိပ်အစိုးရသည်မြန်မာနိုင်ငံရေးသမား ရှေ့တန်း ခေါင်းဆောင်များကို ဖမ်းဆီးရန် ကြိုးစားလာသည်။ ထိုအချိန်တွင် ဘုရင်ခံဆာဒေါ်မန်စမစ်သည် သခင်မြကို အိမ်တော်သို့ခေါ်၍ ဂျာမနီဟစ်တလာဝါဒကို ဆွေးနွေးသည်။ သခင်မြက ဟစ်တလာ၏ ဖက်ဆစ်ဆန်မှုကို ၎င်းအနေနှင့်လက်မခံနိုင်ကြောင်းပြောပြသည်။ ဘုရင်ခံသည် သခင်မြအား ဌာနတခုခုကို လက်ခံရန်တိုက်တွန်းသည်။ "မြန်လွန်းပါသည် စဉ်းစားပါရစေ" ဟုဖြေပြီးပြန်လာသည်။ တမတ်မျှကြာသော အခါ ဘုရင်ခံ၏ အမိန့်ဖြင့် သခင်မြကို ဖမ်းသည်။ ဘုရင်ခံ၏ အကြံကို ကြိုတင်ရိပ်မိသော သခင်မြနှင့် သခင်ဘချိုတို့သည် ယိုးဒယားနယ်စပ်သို့ရှောရှု၍ထွက်ပြေးတိမ်းရှောင်နှင့်ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သခင်မြတို့သည် မြိတ်နယ်မှ ယိုးဒယားနယ်စပ်သို့ သွားရာ အုန်းသီးကျွန်း အရောက်တွင် ဒမြတစုနှင့် တွေ့သည်။ ဒမြများက ဖမ်းဆီးသတ်မည်ပြုရာ ထားဝယ်နယ်မှ သခင်တစုက တွေ့ရှိပြီး ကယ်ဆယ်လိုက်ရသည်။အုန်းသီးကျွန်းမှယိုးဒယားပြည် ဘန်ကောက်မြို့သို့ ရောက်သည်။ ဘန်ကောက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် တွေ့ပြီး ဗမာ့လွတ်လပ်ရေး တပ်မတော် ဘီ-အိုင်-အေ ကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ဘန်ကောက်မှ ဂျပန်မဝင်ခင် မော်လမြိုင်ကိုဖြတ်ပြီး ရန်ကုန်သို့ပြန်ခဲ့သည်။

ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့တွင် သခင်မြသည် နိုင်ငံခြားရေးနှင့် ဒုတိယ နန်းရင်းဝန်ရာထူးကို လက်ခံခဲ့လေသည်။ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရန် လျှို့ဝှက် ကြံစည်ကြသည့် အခါတွင် သခင်မြ၏ နေအိမ်သည် လျှို့ဝှက် ဌာနချုပ် ဖြစ်လာသည်။ ဗိုလ်ချုပ်နှင့်အတူ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ကို တိတ်တဆိတ်ဖွဲ့စည်းခဲ့သည်။ တော်လှန်ရေးမူကို ချမှတ်ရာတွင် ဂျပန်၏ လူယုံတော် အလိုတော်ရိအုပ်စုနှင့် တော်လှန်ရေးအစုနှစ်စုကိုခွဲလိုက်ရာ သခင်မြသည် အလိုတော်ရိအစုတွင် ပါဝင်ခဲ့လေသည်။ဂျပန်မျှားယုံကြည်လာအောင် ဟန်ဆောင်ခဲ့ရသည်။ ဤသို့ဖြင့်နိုင်ငံရေးနည်းပရိယာယ်ကို ကျင်လျင်စွာ အသုံးပြုခဲ့လေသည်။

၁၉၄၅-ခုနှစ်၊မတ်လ ၁၆-ရက်တွင်ဗိုလ်ချုပ်တို့သည်စစ်ထွက်မည့် အခမ်းအနားကို ယခုတော်လှန်ရေးပန်းခြံတွင် ကျင်းပသည်။ ဗိုလ်ချုပ်နှင့် ရဲဘော်များသည် ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ရန် စစ်ထွက်ခြင်းဖြစ်၏။ သို့သော် ဂျပန်များ မရိပ်မိစေဘဲ ပြိတိသျှနယ်ခြားကို တိုက်ရန်ဟု ပရိယာယ် သုံးခဲ့ရသည်။ သခင်မြသည် ဂျပန်ကြီးကြီးမာစတာမျှားနှင့် အလိုတော်ရှိ ဟန်ဆောင်ရသည်။ တဟဲဟဲလုပ်နေရသည်။ ထိုစဉ်က ဂျပန်သည် နည်းနည်းကလေး ရိပ်မိမည်ဆိုပါက သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း စသော ရှေ့တန်း ခေါင်းဆောင်များသည် ဖက်ဆစ် ဂျပန်၏ လက်တွင်းသို့ အသက်ဆုံးရှုံးရမည် မလွဲပေ။ မြန်မာ့လွတ်လပ်ရေးသမိုင်းသည်လည်း တမျိုးတဖုံ ပြောင်းလဲခဲ့မည်ဖြစ်သည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေး စတင်သောအချိန်တွင် သခင်မြသည်ဂျပန်အလိုတော်ရိအဖြစ်ပိပိရိရိဟန်ဆောင်နေရဆဲဖြစ်သည်။ ဂျပန်များ ဖမ်းမိလာသော တော်လှန်ရေး ရဲဘော်များကို သေဘေးမှ ကယ်တင်နိုင်ခဲ့သည်။ ထိုစဉ်က ကြည့်မြင်တိုင် ဘော်လုံးကွင်းတွင် ပိတ်လှောင်ထားသော တော်လှန်ရေး ရဲဘော် တရာကျော်ကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။ ဤသို့ ကယ်တင်နိုင်ရန်လည်း ဗိုလ်ချုပ်၊သခင်မြ စသော ခေါင်းဆောင်ကြီးများသည် စစ်ပရိယာယ် အသွယ်သွယ်သုံး၍ ကြိုတင်စီစဉ်ခဲ့ခြင်း ဖြစ်ချေသည်။ ခေါင်းဆောင်ကြီးများကား မြန်မာ့လွတ်လပ်ရေး အတွက် အဖက်ဖက်မှ လိုလေသေး မရှိအောင်ရှေ့ဆောင်ခဲ့သည်။ ကျေးဇူးရှင်များပေတည်း။

ဂျပန်မျှား ရန်ကုန်မှ ဆုတ်ခွာသွားစဉ်က ဂျပန်အလိုတော်ရိများ အနေဖြင့် သခင်မြ၊သခင်နု၊ ဒေါက်တာဘမော်၊သခင်လွန်းမောင်၊ သခင်စံဝေ၊ ဦးထွန်းအောင်၊ ဗန္ဓုလ ဦးစိန်၊ ဦးလှဖ၊ (နောင်အခါ ကေအင်ဒီအို ခေါင်-ဆောင်)တို့ လိုက်ပါသွားကြလေသည်။

မော်လမြိုင်၊မုဒုံအထိ ဖြစ်သည်။ မုဒုံတွင် သခင်နု၊ သခင်မြတို့သည် အဖမ်းခံထားရသော တော်လှန်ရေးသမားများ၏ အသက်

www.burmeseclassic.com

www.burmeseclassic.com

ကို ကယ်တင်ရသည်။ ဂျပန်မျိုး လက်နက်ချကြောင်း ကမ္ဘာကို ကျေညာသည့်အခါတွင်မှ သခင်မြတို့ ရန်ကုန်ပြန်ခဲ့ကြသည်။

ဗြိတိသျှ မဟာမိတ်တို့ ဗမာပြည် ပြန်ရောက်ပြီး ဤမှာဘက် လွတ်လပ်ရေး တိုက်ပွဲများတွင် သခင်မြ ပါဝင်ခဲ့ဆည်သာ ဖြစ်သည်။ နေရာပေါင်း များစွာပင် သခင်မြ၏ အကြံဉာဏ်ကို ဗိုလ်ချုပ်ယူခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ဖွဲ့စည်းအုပ်ချုပ်မည့် အခြေခံဥပဒေကို ဗိုလ်ချုပ်၏ နေအိမ်တွင် ဗိုလ်ချုပ်နှင့်အတူ ညပေါင်းများစွာ စီစဉ် ရေးဆွဲကြသည်။ ၁၉၄၆ ခုနှစ် အထွေထွေသပိတ်၏ဒဏ်ကို မခံနိုင်သော အင်္ဂလိပ် ဘုရင်ခံသည် ဗိုလ်ချုပ်ကို ခေါ်ယူတိုင်ပင်သည်။ ဗိုလ်ချုပ်သည် ဘုရင်ခံအိမ်မှ ပြန်လာပြီး ချက်ချင်း အစည်းအဝေးခေါ်၍ တိုင်ပင်ရာ သခင်မြ၏ အကြံဉာဏ်များကို အလေးအနက်ထား စဉ်စားကြသည်။နောက်ဆုံး ဘုရင်ခံ ဦးစည်းဖွဲ့စည်းသော ယာယီ ဖ-ဆ-ပ-လ အစိုးရကို လက်ခံ ဖွဲ့စည်းရန် ဆုံးဖြတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ မန်းဘခိုင်တို့ သပိတ်ပြဿနာ များကို နယ်လှည့် ဖြေရှင်းပေးရသည်။ ;အစိုးရ ဖွဲ့ပြီးသောအခါ သခင်မြသည် ပြည်ထဲရေးနှင့် တရားရေးဌာန ဝန်ကြီးဖြစ်လာ သည်။

အခင်းဖြစ်ပွားမည့်နေ့ နံနက်က သခင်မြသည်နေအိမ်မှအထွက် ကား တံခါးကို ဖွင့်ရာလေ့ကားအုတ်ခုံနှင့်တိုက်မိနေသဖြင့်အလွယ် နှင့် ဖွင့်မရပေ။ဇနီး ဒေါ်ခင်ညွန့်က "ကိုမြ ခဏပြန်တက်ပါအုံး လား"ဟု လှမ်းပြောသည်ကို "ပြန်တက်လို့ မဖြစ်ဘူးကွယ်၊ ဗိုလ် ချုပ်တို့ စောင့်နေတော့မယ်၊ဒီနေ့ အရေးကြီးတဲ့ အစည်းအဝေး

ရှိတယ်ကွယ့်"ဟူ၍ ပြုံးပြုံးဖြင့် ဖြေသည်။ ဇနီး ဒေါ်ခင်ညွန့် အဖို့ ထိုစကား ထိုအပြုံးအမူသည် ဘဝတာအတွက် နောက်ဆုံး နှုတ်ဆက်ခြင်းဖြစ်သည်ကို ထိုစဉ်က မရိပ်မိရှာခဲ့ပေ။

သခင်မြသည် လုပ်ကြံခံရစဉ်တာ အသက် ၄၃ နှစ်ရှိပြီး ဖြစ် သည်။ တော်မီဂန်း ကျည်ဆန် တခုသည် လက်ျာနံပါးမှ ဝင်၍ လက်ဝဲနံပါးမှ ဖောက်ထွက်ပြီး အဆုတ်ကို မှေ့သွားသည်။ ဤ ဒဏ်ရာ တချက်တည်းဖြင့်ပင် နေရာတွင်ပင် ကျဆုံးရရှာခြင်း ဖြစ် သည်။

သခင်မြ၏ဇနီး ဒေါ်ခင်ညွန့်တွင် သားသမီး မရှိပေ။

ဦးရာဇာတ်

ဦးရာဇာတ်သည် မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး အဖြစ်ဖြင့် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ တပည့်တပန်း ပေါများသည်။ လူအများက 'ဆရာကြီး'ဟူ၍ ခေါ်ကြသည်။ မွတ်ဆလင် အစ္စလာမ် ဘာသာဝင်ဖြစ်သော်လည်း မြန်မာ ပါဠိဘာသာရပ်ကို လိုက်စား၍ ကျွမ်းကျင် သူ ဖြစ်သည်။သာသနာရေးကို အားပေးသည်။

ဆရာကြီးသည် သူ၏ကျောင်းဆရာသက်တမ်း တလျှောက် တွင် ပညာရေးတော်လှန်မှုများကို ပြောင်မြောက်စွာ ဖန်တီးခဲ့ သူဖြစ်သည်။ဆရာကြီး၏ကျောင်းသည် အခြားကျောင်းများနှင့် မတူ၊ ပညာသင်ကြားမှု သက်သက်ကိုသာမဟုတ်။ အမျိုးသား ပညာရေး၊ ဇာတိမာန်တက်ကြွရေး၊ အမျိုးသားစိတ်ဓာတ် မွေး

www.burmeseclassic.com

www.burmeseclassic.com

မြူရေး၊ စစ်စိတ်စစ်မာန် တက်ကြွရေး၊ နယ်ချဲ့ ဆန့်ကျင်ရေးစိတ် ဓာတ်များကိုပါ သွင်းပေးခဲ့သူ ဖြစ်သည်။

ဆရာကြီး၏ ကျောင်းတွင် ရဲညွှန့်တပ် ဖွဲ့ထားသည်။ အသက်ငယ်ရွယ်သူများအား ရဲညွှန့်တပ်သို့ ဝင်စေပြီး စစ်ပညာကို သင်ပေးသည်။ စစ်ပညာဆရာမှာ စစ်ပြန်ဦးဘတင် ဆိုသူဖြစ်သည်။ အဟောကောင်း အပြောကောင်းဖြစ်လာစေရန် စကားရည်လုပ်ခဲ့ကျင်းပပေးသည်။ ဆရာကြီး၏ တပည့်များထဲမှ ကျော်ကြားသော နိုင်ငံရေးခေါင်းဆောင်များ၊ ဗိုလ်မှူးကြီးများထွက်ပေါ်လာခဲ့သည်။မြန်မာပြည်အထက်ပိုင်း၌ ဆရာကြီး၏ တပည့်များမှာ လက်ညှိုးထိုးမလွဲပင် ဖြစ်သည်။ထိုစဉ်က ရဟန်းတော်များကို ပညာသင်ကြားခွင့် ပြုသည်မှာလည်း ဆရာကြီး၏ ကျောင်းတခုတည်းသာ ရှိသည်။

၁၉၄၆ ခုနှစ်ခန့်တွင် ဆရာကြီးသည် မန္တလေး ခရိုင်တွင် ဖဆပလ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်နေသည်။ ထိုစဉ်က မန္တလေးထောင်တွင် အကျဉ်းခံနေရသော အလံနီခေါင်းဆောင် သခင်ရန်ချေ ဆိုသူသည် ထောင်ခေါင်မိုးပေါ်တက်ပြီး အစိုးရနှင့် မန္တလေးခရိုင် ဖဆပလ လူကြီးများကို နာမည် ထုတ်ဖော်၍ ဆဲသည်။ ဆရာကြီး ဦးရာဇာတ်၏အမည်ကိုမူ ချန်လှပ်ထားခဲ့၏။ နောင်အခါ၌ သခင်ရန်ချေအား ခရိုင်ဥက္ကဋ္ဌ ဦးရာဇာတ်အမည်ကို ဘာကြောင့်ချန်ထားကြောင်းမေးရာ "ဟ ဆရာကြီးကို ဘယ်ထည့်ဆဲလို့ ဖြစ်မလဲ။ဆရာကြီးက တော်လှန်ရေး စိတ်ဓာတ်တွေကို မွေးပေးခဲ့တာ"ဟု ဖြေလေသည်။

လုပ်ကြံခံရစဉ်က ဆရာကြီးမှာ ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးဖြစ်သည်။ အမည်ရင်း(Mr.Abdul Razak) မစ္စတာ အဗ္ဗဒုရာဇတ် ဖြစ်သည်။ လူသတ်သမားများ၏လက်ချက်ဖြင့် ဒဏ်ရာဒဏ်ချက်ရရှိပြီး နေရာတွင်ပင်ကျဆုံးသည်။အစ္စလာမ်ဘာသာဝင်ဖြစ်၍ ထုံးစံအရ တာမွေ အစ္စလာမ် သင်းချိုင်းတွင် အုတ်ဂူသွင်း၍ သင်္ဂြိုဟ်သည်။

(ဆရာကြီးတွင် ဇနီးဒေါ်ခင်ခင်နှင့် သားသမီး သုံးယောက်ဖြစ်သော ကိုတင်မြင့်၊ မခင်ခင်စိန်၊ မောင်လှကြည်တို့ ကျန်ရစ်သည်။)

မန်းဘခိုင်သည် ကရင် အမျိုးသားခေါင်းဆောင်ကြီးဖြစ်သည်။ ကရင်အမျိုးသားထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အယုံကြည်ဆုံး အားအကိုးရဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။

မန်းဘခိုင်သည် ဟသ်ဘတနယ် ယုံသလင်း

မန်းဘခိုင် ရွှာသူကြီး နမန်းပေကုန်းနှင့် ဒေါ်ပို့တို့မှ ၁၂၆၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့က ဖွားမြင်သော ပဉ္စမမြောက် သားရတနာဖြစ်သည်။ဟသ်ဘတမြို့ အေ.ဘီ-အမ် ကျောင်းတွင် ငယ်စဉ်က ပညာသင်ကြားခဲ့သည်။ကျောင်းမှ ထွက်ပြီး ရန်ကုန်မြို့ အေစကောဘုမ္ဘဏီတွင် စာရေးကြီးအဖြစ် လုပ်ခဲ့ဘူးသည်။ ၁၉၃၆-ခုနှစ်တွင် မအူပင်ခရိုင်၌ မန်းရှေဘနှင့် ယှဉ်ပြိုင်၍ မင်းတိုင်ပင်အမတ် အရွေးခံသည်။ မအောင်မြင်ပေ။ ကြားရွေးကောက်ပွဲတခုတွင်မှ အရွေးခံရသည်။၁၉၃၈-ခုနှစ်တွင် ပဲခူးသူ ဒေါ်သိန်းမေနှင့် ဖူးစာမျှသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်တွင် မန်းဘခိုင်သည် ပုဇွန်တောင် အေးတံတား အနီးတွင် ဌက်ပျောဆိုင်ဖွင့်နေသည်။ သူ၏ ဌက်ပျောဆိုင်လေး ဗုံးထဲပါသွားသဖြင့် မေ့ဇာတိယုံသလင်းသို့ပြန်သည်။ ဂျပန်ကို တော်လှန်ရာတွင် ယုံသလင်းရွာသည် တော်လှန်ရေး ဌာနချုပ် ဖြစ်လာသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဂျပန်ကို ရှပ်ရှပ်ချွန်ချွန် ထိထိရောက်ရောက် တိုက်ခိုက်နိုင်ခဲ့သဖြင့် ဗိုလ်ချုပ်၏ ယုံကြည်ကိုးစားမှုကို ခံရသည်။

ဂျပန်လက်နက်ချပြီး မကြာမီ သူ ရန်ကုန်သို့ပြန်လာသည်။ ဌက်ပျောဆိုင်လေးကိုပြန်တည်ရန်ကြိုးစားသည်။ ဤတွင်ဗိုလ်ချုပ် အောင်ဆန်းနှင့် သခင်မြတ္တိုက မပြီးဆုံးသေးသော လွတ်လပ်ရေး တိုက်ပွဲတွင် ပါဝင်ရန်ခေါ်သဖြင့် ၁၉၄၅-ခုနှစ် ဖဆပလ ညီညွတ်ရေးတပ်ပေါင်းစုတွင် ပါဝင်လာရသည်။ ၁၉၄၆-ခုနှစ်တွင် ဖဆပလ ဖွဲ့စည်းရေး တာဝန်ခံအဖြစ် နယ်ထွက် တရားဟောသည်။ ဤတွင် အထေ့ထေ့သပိတ်ကြီးနှင့်တိုက်ဆိုင်နေသဖြင့် ဖျာပုံ ပုလိပ်သပိတ်စခန်းတွင် မိန့်ခွန်းပြောသည်။ တဆက်တည်း လူထုဘရားပွဲကို ကျင်းပရာ မန်းဘခိုင်၏ ဟောပြောချက်မှာ ရိုးသားပွင့်လင်းသဖြင့် လူထုနှစ်သက် လက်ခံခဲ့သည်။ သူသည် လွတ်လပ်ရေးရအောင် ဆောင်ရွက်ရာတွင် သေမည်ကိုမကြောက်ဟု ဆိုခဲ့သည်။ "ဌက်ပျောအူ ကြိုက်သော ကရင်နှင့် မုန့်ဟင်းခါး စားလျှင် ဌက်ပျောဖတ်ကလေးထည့်ပါဟုဆိုသော ဗမာတို့သည် ဌက်ပျောအူ ကြိုက်ချင်းအတူတူ ကရင် ဗမာ ညီအကိုပါဘဲ" ဟူသော ဟောပြောချက်များမှာ ပရိသတ် တသောသောပွဲကျခဲ့သည်။ ကရင် ဗမာ ချစ်ကြည်ရင်းနှီးရေးအတွက် ထိရောက်အောင်မြင်ခဲ့သည်။

ဖ-ဆ-ပ-လ(ယာယီ)အစိုးရဖွဲ့သည့်အခါ မန်းဘခိုင်ကို စက်မှုလက်မှုနှင့် အလုပ်သမားဌာန ဝန်ကြီး အဖြစ် ခန့်လိုက်သည်။ နယ်ထွက်နေသော မန်းဘခိုင်ထံ အမြန် ပြန်လာရန်နှင့် ဝန်ကြီးခန့်လိုက်ကြောင်း၊ သံကြိုးရိုက်လိုက်သည်။ မန်းဘခိုင်သည် သံကြိုးစာကိုဖတ်ရင်း ပြုံးလျက် ဝိုင်းဖွဲ့စကားပြောနေသော လူကြီးများအား "သခွားရှင် တောင်သူကြီးမင်းဖြစ်ဆိုတာလိုဘဲ ကျနော်လဲ နေရင်းထိုင်ရင်း ဌက်ပျောရွဲကနေပီး ဝန်ကြီးတော့ဖြစ်လာပြီ" ဟု ပြောလိုက်သည်။

ထိုနေ့က မန်းဘခိုင်သည် နေမကောင်း၍ ဇနီးကတားလျှက်မှ အစည်းအဝေး တက်လာခြင်း ဖြစ်သည်။ သူသည် ဗိုလ်ချုပ်၏ လက္ခာဘက် စားပွဲရှည်ကြီး အစွန်ဆုံးတွင် ထိုင်သည်။ လူသတ်သမားတို့ ဝင်ရောက်ခဲ့ရာ ဝင်ပေါက်နှင့် အနီးဆုံးတွင် ထိုင်နေသူ ဖြစ်သည်။ ထို့ကြောင့် လူသတ်သမားတို့၏ ကျည်ဆန်များသည် သူ၏ ကျောကို မြင်မကောင်းအောင် ဖောက်ထွင်းခဲ့ခြင်း ဖြစ်သည်။ ဒဏ်ရာ ၁၅ ချက်တိတိရရှိပြီး နေရာတွင်ပင် ကျဆုံးခဲ့သည်။ အသဲတခုလုံး ကြေမွခဲ့လေသည်။ ကျဆုံးသော ခေါင်းဆောင်များတွင် ဒဏ်ရာအများဆုံး ရရှိသူဖြစ်သည်။

မိုင်းပွန်စော်ဘွားကြီး ဟူ၍ လူသိများသော်လည်း အမည် အပြည့်အစုံမှာ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းဖြစ်သည်။ အဖ မိုင်းပွန်စော်ဘွားကြီး စပ်ခွန်ထီးနှင့် အမိစော်ဘွားကတော် နန်းစိန်ဥတို့မှ ၁၂၆၉-ခုနှစ် နယုန် မိုင်းပွန်စော်ဘွား လဆုတ်၅-ရက်နေ့တွင် မွေးဖွားသည်။ အသက်

www.burmeseclassic.com

၅ နှစ်တွင် တရားရေးဌာန စာရေးကြီး ဦးစံဖေဆိုသူထံမှ မြန်မာနှင့် အင်္ဂလိပ်စာကို ၂-နှစ် သင်ကြားခဲ့သည်။ ၇-နှစ်ရွယ်မှ စ၍ တောင်ကြီး စော်ဘွား သားမြေးများကျောင်းတွင် သတ္တမတန်း ထိသင်ယူခဲ့သည်။ မန္တလေးဗဟပ်ကျောင်းတက်ခဲ့ပြီး ဆပ်ကျောင်း မူဆင်းသောအခါ ဗန်းမော်မြို့တွင် အလုပ်သင်ဝန်ထောက်အဖြစ် ဖြင့်အမှုထမ်းခဲ့ဘူးသည်။ ၁၉၂၀-ပြည့်နှစ်တွင် ဖခင်အရိုက်အရာကို ဆက်ခံကာ၊ မိုင်ပွန်စော်ဘွား ဘွဲ့ခံယူသည်။ ၁၂၉၄ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး စပ်ခင်မောင်၏ သမီး စပ်ခင်သောင်းနှင့် လက်ထပ်ခဲ့သည်။ ၁၉၄၆-ခုနှစ်တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ဆက်သွယ်ပြီး တောင်တန်းသားနှင့် မြေပြန့် ပြည်မသားများ စည်းရုံးညီညွတ်ရေးအတွက် ကြိုးစားလေသည်။ ၁၉၄၇-ခုနှစ် ပင်လုံညီလာခံတွင် ပြည်ထောင်စု တိုင်းရင်းသား ညီညွတ်ရေး သမိုင်းဝင် ပင်လုံစာချုပ်ကြီးတွင်ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့သူ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလ ယာယီ အစိုးရလက်ထက်တွင် တောင်တန်းရေးရာ ဒေသရေးဌာန ဝန်ကြီးအဖြစ် တိုင်းပြည်အကျိုး ထမ်းဆောင်ရင်း လူသတ်သမား လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်းဖြစ်သည်။ ဦးခေါင်းတွင် ဒဏ်ရာ နှစ်ချက် ရရှိပြီး သတိကောင်းစွာရသေးသည်။ နောက်တနေ့ ဇူလိုင် ၂၀-မွန်းတည့်တွင်မှ ကွယ်လွန်ခြင်း ဖြစ်လေသည်။

(မိုင်းပွန်စော်ဘွားကြီး၏ ကြင်ယာတော် စပ်ခင်သောင်းမှာ ၁၉၄၅-ခုနှစ်ကပင် ကွယ်လွန်သည်။ သားသမီး ၈ ဦးယောက်ဖြစ်သော သမီးကြီး စပ်သုနန္ဒာ၊ သားကြီး စုပ်ဆေးဟုမ်၊ သားလတ်

ပ်ကိုင်ဖ၊ သမီးစပ်မြင့်ကြည်၊ သားငယ်စပ်သောင်းတင်သို့ ကျန်ခဲ့ပါ။)

လူသတ်သမားများ လက်ချက်ဖြင့် ခေါင်းဆောင်ကြီးများနှင့် အတူ သွေးမြေကျခဲ့ရသော အတွင်းဝန် ဦးအုန်း အတွင်းဝန် မောင်နှင့် ဦးရာဇတ်၏ သက်ကြီ-စီ-အက်စ် တော်စောင့် ကိုထွေးမှာ လူ သက်တော်စောင့် ဦးအုန်းမောင် သတ် သမားများ သတ်ရန် ကိုထွေးကြံစည်သော စာရင်းတွင် မပါပေ။ ထိုနေ့က လမ်းပန်းဆက်သွယ်ရေးကိစ္စကို ဆွေးနွေးရန်ရှိရာ လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာန အတွင်းဝန် ဦးအုန်းမောင်သည် အစည်းအဝေး ခန်းမကြီးထဲသို့ ဝင်ရောက်လာပြီး ထိုအပ်လျှင်တင်ပြရန် သွေ့ဌာနဆိုင်ရာ ဖိုင်တွဲများကို စီစဉ်ပြင်ဆင်နေသည်။ သူ၁င်လခပြီး သုံးမိနစ်လောက်အကြာတွင် လူသတ်သမားများ ဝင်ရောက်ပစ်ခတ်သဖြင့် နေရာတွင်ပင် ပျံချင်းပြီးသေဆုံးရရှာသည်။

သက်တော်စောင့် ကိုထွေးမှာ ထိုစဉ်က အသက်ဘဏ္ဍာမျှသာ ကျန်ရှိသေးသည်။ ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်ဖြစ်သည်။ ခေါင်းဆောင်ကြီးများ စည်းဝေးခန်းမတွင် စိတ်ရှိသက်ရှိ အားရအောင်ပစ်ပြီးမှ ပြေးထွက်လာကြသော လူသတ်သမားများနှင့် ပက်ပင်း တိုးမိသဖြင့် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။ လူသတ်သမားများက သေနတ်ရမ်းသွားခြင်းဖြစ်သည်။ ဒဏ်ရာ လေးချက်တိတိ ရရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းဝန် အိုင်-စီ-အက်စ် ဦးအုန်းမောင်တွင်ဇနီး ဒေါ်သိန်းကြွယ်နှင့် သားသုံးရောက်ကျွန်ရစ်သည်။

သက်တော်စောင့်ကိုခွထုံးတွင် အဖ-ဦးကိုကိုကလေး(စိုက်ပျိုးရေး ဝန်ထောက်၊ အင်ဂျင်နီယာအငြိမ်းစား) အမိ ဒေါ်မင်းရီ၊ အကို ဦးအောင်သန်း၊ဦးသာချို၊ဦးသာမောင်နှင့်တမတယောက် ကျွန်ရစ်သည်။

(မှတ်ချက်။ ။ကျွဆုံးသောခေါင်းဆောင်ကြီးများအတွက် ကရုဏာကြေး တသိန်း ကျန်ရစ်သူ မိသားစုများကို အစိုးရက ချီးမြှင့်သည်။ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့်ကိုထွေးအတွက်မူ တသောင်းစီသာလျှင် ကရုဏာကြေး ပေးခဲ့သည်ဟု သိရှိရသည်။)

လူသတ်သမားများ၏ဇာတ်[illegible]ခန်း

လူသတ်သမားများဖြစ်ကြသော စိန်ကြီး၊ မောင်စိုး၊ ရန်ကြီးအောင်နှင့် သက်နှင်းတို့သည် ခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက် ဂျစ်ကားရှိရာသို့ ခပ်သွက်သွက်လေး ပြေးဆင်းလာကြသည်။ ဂျစ်ကားပေါ်ရောက်သည့်အခါ အဆင်သင့်နှိုးထားသောစက်မှာ ရပ်နေပြီဖြစ်သည်။ ကားမောင်းသူ သုခသည် စက်နှိုး၏။ မရသဖြင့် ဤဂျစ်ကား အကြောင်းကို သိပြီးဖြစ်သော စိန်ကြီးက သုခကိုဘေးဖယ်ကာ ကားစက်ကိုနှိုးသည်။ အလွယ်နှင့်ရသဖြင့် ပြန်ဖယ်ပေးပြီး သုခကိုပင်မောင်းစေသည်။ လမ်းတွင် သုခမောင်းသည်မှာ နှေးသည်ဟု ဆိုကာ စိန်ကြီး

ကိုယ်တိုင် မောင်းသည်။ အင်းလျားကန်စောင်းရှိ အော-ဒီလမ်း ခြံအမှတ် ၄ ဦးစော၏ နေအိမ်သို့ ပြန်ရောက်ကြသည်။ အပြန်အလှန်"အောင်ပြီ အောင်ပြီ'ဟူ၍ ဟစ်ကြွေးကြသည်။ သူတို့၏ ဆရာ အကြံပက်စက်သော ဦးစောက သူ၏ တပည့်များနည်းတူ "အောင်ပြီ အောင်ပြီ"ဟူ၍ပြန်လှန် အော်ခဲ့သည်။ သို့သော် သူတို့အောင်မြင်ခြင်းကား သူတို့၏ အသက်ကိုပါ ချေယူသွားသည်သာမက မြန်မာနိုင်ငံ၏ သမိုင်း စာမျက်နှာများတွင် ရက်စက်သော လုပ်ကြံမှုကြီးနှင့်အတူ ယုတ်မာ ကောက်ကျစ် စဉ်းလဲသော သူတို့၏ မိုက်ကန်းစွာသော အမျိုးသားသစ္စာဖောက်များ အဖြစ် စွန်းထေးလျက်ရှိပေသည်။ ဤရက်စက်ယုတ်မာသော မသမာမှု အစွန်းအထေးကို သမိုင်း၏ ဖြစ်ရပ်များမှ ဘယ်သော အခါမျှ ပယ်ဖျက်၍ ရမည်မဟုတ်ပေ။ပြည်သူတို့၏ စိတ်နှလုံးတွင် ယနေ့တိုင် နာကျည်းလျက်ပင် ရှိချေသည်။

ဦးစောတပည့် လူသတ်သမားတို့သည် လုပ်ကြံမှုကြီး အဘယ်သို့ ထမြောက် အောင်မြင်ခဲ့ကြောင်းကို စမြုပ်ပြန်ကြပြီးနောက် လူစုခွဲလိုက်ကြသည်။ လူသတ်သမားများသည် ဦးစော၏ ခြံဝင်းအတွင်း သူတို့အတွက် သီးသန့် ဆောက်လုပ်ထားသော အိမ်ငယ်လေးများသို့ ထွက်သွားကြပြီး တရေးတမော အိပ်ကြသည်။ ညနေ သုံးနာရီခန့်တွင်ကား စစ်ဖက် ရဲဘက်မှ ညှပ်ဝိုင်းလျက် လူသတ်သမားတစု ဖမ်းဆီးရမိလိုက်သည်။ လူသတ်သမားများနှင့်အတူ စစ်ဘက်မှလိမ်ထုတ်ယူခဲ့သော စာတင်းဂန်းသေနတ်များ၊ ကျည်ဆန်များ၊ လုပ်ကြံမှု သက်သေခံ စစ်ယူနီဖောင်း၊ ဦးတုပ်၊ တံဆိပ် စသည် အားလုံးကိုလည်း ဖမ်းဆီးရမိသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြံမှု တရားခံများကို ဖမ်းဆီးမိကြောင်း ပြည်သူလူထုသို့ ကျေညာသည်။ ဤကြောင်းစုံ သိပြီးသော ပြည်သူလူထုသည် ဒေါသကို မချုပ်တည်းနိုင်တဲ့ တရားခံများအား သတ်ပစ်လိုကြသည်။တရားခံများသည် လူသားများဖြစ်ကြသည်ဟူ၍ မထင်မှတ်တော့ သလောက်ပင် မုန်းတီးရှံ့ရှာကြလေသည်။

ထိုစဉ်က မြန်မာပြည်သည် လွတ်လပ်ပြီးနိုင်ငံတခုမဟုတ်သေးပေ။ ဗြိတိသျှလက်အောက်တွင် ရှိနေသည်။ ထို့ကြောင့် ဗြိတိသျှဘုရင်ခံချုပ်ဒေါ်မန်စမစ်သည် ကြီးကျယ်သော အမှုကြီးအတွက် ထိထိရောက်ရောက် မျှမျှတတ စစ်ဆေးနိုင်ရန်အထူးဆုဇဝတ်ခုံရုံးတခုကို ဖွဲ့ပေးသည်။ ခုံရုံးမဖွဲ့မီ ခုံရုံးဖွဲ့ရန်အတွက် (အထူးဆုဇဝတ်မှုများ ဆိုင်ရာ ခုံအဖွဲ့ အက် ဥပဒေ) တရပ်ကို ၁၉၄၇ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းပေးလိုက်သည်။ ထိုဥပဒေအရ အထူးခုံရုံးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ခုံသဘာပတိ အဖြစ် ဟိုက်ကုတ်တရား၀န်ကြီး ဦးကျော်မြင့်က ဆောင်ရွက်၍ဦးအောင်သာကျော်နှင့် ဦးစီဘူးတို့က အဖွဲ့ဝင်များအဖြစ်ဖြင့် ပါ၀င်ဆောင်ရွက်လေသည်။

ပြစ်မှုကျူးလွန်ထားသူ တယောက်အား တစုံတဦးက တရားစွဲဆိုခြင်း မပြုလျှင် အစိုးရက တရားစွဲဆိုရသည်။အစိုးရက တရားစွဲဆိုသည့်အခါ အစိုးရသည် တရားလိုနေရာမှ ဝင်ရသည်ဖြစ်၍ အစိုးရနှင့် တရားခံဖြစ်ပွားသော မှုခင်းဖြစ်သည်ဟူ၍ တရားရုံးတွင် မှတ်တမ်းတင်ရသည်။ဤအစဉ်အလာအတိုင်း ယခုအမှုတွင် ထိုစဉ်ကအစိုးရဖြစ်သော ဗြိတိသျှအစိုးရဘုရင်က တရားစွဲဆိုခြင်းဖြစ်သည်။ထို့ကြောင့် ဦးစော၏ လုပ်ကြံမှုကြီးကိုဘုရင်မင်းမြတ်

နှင့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်ခေါ် စိန်ကြီးခေါ် လှအောင်၊ ရန်ကြီးအောင်ခေါ် လှထွန်း၊ သုခ၊ ခင်မောင်၊ မောင်နီခေါ် အနီနှင့် မှန်ကြီးခေါ် မောင်မှန်တို့ ဖြစ်ပွားသော အမှုဟူ၍ မှတ်တမ်းတင် အမှုဖွင့်လေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်ကြံမှုကြီး ဖြစ်ပွားသည်။တရားခံများကို နေ့ချင်း ဖမ်းမိသည်။အခင်းဖြစ်ပွားပြီး သုံးလပြည့်ရန် ဆယ်တရက်အလို ၁၉၄၇ ခုနှစ်၊အောက်တိုဘာ ၇ ရက်တွင်မှ အမှုကို စတင် စစ်ဆေးသည်။ အင်းစိန်ထောင် အတွင်း တရားရုံးတွင် စစ်ဆေးခြင်း ဖြစ်သည်။

ပထမ စတင်စစ်ဆေးသောထိုနေ့ကဦးစောသည်ဘန်ကောက် လုံချည် အစိမ်း၊ပိုးရှပ်အဖြူ၊ တိုက်ပုံအပြူ၊ နေကာမျက်မှန်စိမ်းနှင့် ဖြစ်သည်။ ခေတ်ပုံရိုက်သော သတင်းထောက်များကိုပင်ဟန်လုပ်၍ ပြုံးပြီးချေသေးသည်။

ထိုနေ့တွင် ဦးစောက ဘိလပ်မှ ရွှေနေများမလာသေးရ၍ရက် ရွှေဆိုင်းပေးရန် လျှောက်ထားသည်။ တရားရုံးမှ ရွှေနေများ ရောက်မည့်ရက်ကိုတွက်၍ ၁၉၄၇ ခုနှစ်၊အောက်တိုဘာ ၁၅ရက်သို့ ရွှေဆိုင်းလိုက်သည်။ ချိန်းဆိုသောနေ့ (၁၅-၁၀-၄၇) နံနက်ဆယ်နာရီတွင် အမှုကိုစတင်စစ်ဆေးသည်။ အစိုးရရွှေနေချုပ်ကြီးက အမှုကို စတင်လျှောက်တင်သည်။ ရန်ကုန်ပုလိပ်မင်းကြီး ဦးချိန်ကလည်း အခင်းဖြစ်ပွားသည့်နေ့က တရားခံများကိုသတင်းအရ မည်သို့ဖမ်းဆီးရမိပုံကို လျှောက်ဘင်သည်။ ပြီးလျှင် အမှုကို အောက်တိုဘာ ၁၆ ရက် (နောက်တနေ့)သို့ ရွှေဆိုင်းသည်။ နောက်တနေ့တွင် ဝန်ကြီး ဦးဘချမ်း၊ ဝန်ကြီး ဦးအောင်ဇံဝေ၊

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အပါးတော်မြဲ ဦးထွန်းလှတို့ ထွက်ဆိုသည်။ ပြီးလျှင် အမှုကို ရက်ချိန်းပေးသည်။

၁၉၄၇-ခုနှစ် , အောက်တိုဘာ ၁၉

ဤနေ့တွင် လုပ်ကြံမှုကြီးကို စစ်ဆေးရာ စတုတ္ထမြောက်နေ့ ဖြစ်သည်။ ထိုနေ့တွင် လုပ်ကြံမှု၏ တရားခံများမှာ ဖော်ကောင် (Approved) ဘဏ္ဍန် ဖြောင့်ဆိုချက်ပေးသောနေ့ ဖြစ်သည်။

ဘဏ္ဍန်ဖြောင့်ချက်ပေးမည့်နေ့မတိုင်မီတွင် ဦးစောနှင့် သူ၏ တပည့် တရားခံများ စိတ်ဝမ်းကွဲကြပြီး ဖြစ်သည်။ ဦးစောက သူ့အတွက် မစ္စတာ ဗတားနီးစ် (Mr. Vertannes) အမည်ရှိ ရှေနေ တဦးအပြင် အင်္ဂလန်မှ (Mr. Curtis Bennet) မစ္စတာ ဏားတစ်ဘန်းနက်အမည်ရှိ ရှေနေတဦးကို ငှားသည်။ သူ၏ တပည့်ကျောင်းများအတွက်မူ ရန်ကုန်မှ ရှေနေများကိုပင် ငှားမပေးဘဲ၊ သာယာဝတီနှင့် အုတ်ဖိုမြို့များမှ ဦးစံဝင်းနှင့် ဦးသိန်းမောင်အမည်ရှိ ရှေနေနှစ်ဦးကို ငှားပေးသည်။ တကိုယ်ကောင်းဆန်သော သူတို့၏ဆရာ ဦးစောအား တပည့်များ နာကျည်းစေခဲ့သည်။

ထို့ကြောင့် ခင်မောင်ရင်၊ စိန်ကြီး၊ မောင်နီနှင့် သုခတို့သည် သူတို့အတွက် ရှေနေငှားပေးရန် မလိုကြောင်း ပြောလာသည်။ ထို့ကြောင့်လည်း ထိုနေ့ဏ တရားခံများကို ရုံးထုတ်ရာတွင် ရှေနေ မငှားသော လူတစုကို တသုတ်၊ ရှေနေငှားသော ဦးစော၊ သက်နှင်း၊ မောင်စိုး- မှန်ကြီး၊ ရန်ကြီးအောင် တို့ကို တသုတ် ထုတ်လာကြသည်။ ထိုနေ့က ဦးစောသည် မန်ကျည်းစေ့ ရောင် မန္တလေးလုံချည် အဖြူကွက်ကဲ့၊ ရှပ် အညိုဖျော့ဖျော့ မျက်မှန်စိမ်းတို့ကို ဝတ်ဆင်ခဲ့သော်လည်း ရယ်ပြုံးနိုင်ခြင်းကား မရှိတော့ပေ။ သက်နှင်းနှင့် မောင်းစိုးတို့မှာ စိပ်ပုတီးစိပ်လျက် နှုတ်မှ တဖွဖွ လုပ်နေသည်။ ကြောင်တောင်တောင်ဖြစ်နေပေပြီ။

ထိုနေ့က ပထမအတွဲနံ့ဝန် ဦးတင်အုန်းကို စတင်စစ်ဆေးသည်။ ဦးတင်အုန်းက သူ၏ကိုယ်တော် လူသတ်သမားများ တက်လာပုံကို အစစ်ခံသည်။ ထိုနောက် ဦးတင်အုန်းနှင့် ထိုနေ့က အတူထိုင်နေရာမှ စစ်ဘိနပ်သံကြား၍ လှည့်ကြည့်သည် ဆိုသော မောင်အောင်ကို သက်သေအဖြစ် စစ်ဆေးသည်။ ထိုနောက်တွင်မှ ဖော်ကောင်ဘဏ္ဍန်ကို စစ်ဆေးရန် ခေါ်ထုတ်လာသည်။

ဖော်ကောင် ဘဏ္ဍန်အား စစ်မေးမည်ပြုရာ ဦးစောက သူ၏ ရှေနေ ဘီလပ်မှ ရောက်မလာသေးသဖြင့် အရေးကြီးသော သက်သေ ဘဏ္ဍန်ကို မစစ်မေးရန် ကန့်ကွက်သည်။ ခုံအဖွဲ့ဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်က ဦးစောအလိုကို အမြဲ လိုက်ခဲ့ကြောင်း၊ ဘီလပ်မှ ဝတ်လုံကြီး ရောက်တာပါတာ ထပ်မံမေးခွန်းထုတ်နိုင်ပါကြောင်း၊ ထုံးစံအရ အရေးကြီးသော တရားခံကို အရင် စစ်မေးရမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းတာ ဘဏ္ဍန်ကို စစ်မေးသည်။

ဘဏ္ဍန်သည် မည်သူ့အားမျှမကြည့်ဘဲ ဖျတ်လတ်သွက်လက်စွာ ဝင်လာသည်။ နေကာမျက်မှန်တပ်ထား၏။ ကျမ်းကို ကိုင်၍ သစ္စာဆိုပြီးနောက် ဖြောင့်ချက်ပေးလေသည်။

သူ၏ ဖြောင့်ချက်များမှာ ဂင္ဘုန်ဦးစော ခေါင်းဆောင်ကြီးများကို မည်သို့လုပ်ကြံ သတ်ဖြတ်ကြောင်းကို အစအဆုံး ဘီတီကျကျ ထွက်ဆိုချက်များပင် ဖြစ်သည်။ သူ ဦးစောအိမ် ရောက်

www.burmeseclassic.com

လာပုံ၊ ဦးစောတွင် လက်သပ်မွေးထားသော တပည့်လူငယ်များစွာရှိပုံ၊ ဦးစောက အတိုက်အခံခေါင်းဆောင်ကို သတ်လိုက်လျှင် လမ်းရှင်းသွားမှာဘဲဟူ၍ ပြောပုံ စသည်များကို ထွက်ဆိုသည်။

"ကျွန်တော်ပြန်တော့ ဇူလိုင်လ ၁၈ ရက်နေ့ ဆက်ဆက်လာခဲ့ဘို့ ဦးစောဏ မှာပါတယ်။ မှာတဲ့အတိုင်းလဲ အဲဒီနေ့ အရောက်အိုးသည်ကုန်းက ဂျစ်ကားနဲ့ လာခဲ့ပါတယ်။ ဒီရောက်တော့ ဦးစောက နောက်တနေ့ ဇူလိုင် ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်တို့ကို လုပ်ကြံဘို့အစီအစဉ်ပြောပါတယ်။"

"၁၉ ရက်နေ့မှာ ကျွန်တော်၊ ခင်မောင်ရင်၊ မှန်ကြီး၊ မောင်နီတို့ကစတေရှင် ဝက်ဂွန်းကားနဲ့ ကြိုတင်ပြီးသွားပါတယ်။ ၄၁ လမ်းနဲ့ ဒါလဟိုဇီလမ်းထောင့်မှာ မော်တော်ကား ရပ်ပီး ဝန်ကြီး အစည်းအဝေး ရှိမရှိ ခင်မောင်ရင်က စုံစမ်းပါတယ်။ ရှိကြောင်း အသေအချာသိတော့မှ ခင်မောင်ရင်က ဦးစောထံ 'ပစ်စာတင်ရင်ရပြီ'လို့ တယ်လီဖုန်း ဆက်ပါတယ်။ ကျွန်တော်က သခင်နုကို လုပ်ကြံဘို့ မှာလိုက်တဲ့အတိုင်း လှတ်တော်ထဲမှာ သခင်နုကို သွားကြည့်ပါတယ်။ မတွေ့တာနဲ့ မော်တော်ကား ရှိရာကို ပြန်လာပြီး စောင့်နေပါတယ်"

"ဟော လာပြီ လာပြီလို့ ခင်မောင်ရင်ကပြောလို့ ကြည့်လိုက်တော့ ဂျစ်ကားကလေး တစီး စစ်ယူနီဖောင်းနဲ့ လူတွေတင်ပြီး ဝင်သွားတာ မြင်လိုက်တယ်။ မကြာခင်ဘဲ ဝေါကနဲ ဝေါကနဲ စက်သေနတ်ဆွဲသံ ကြားပြီးနောက် ဂျစ်ကားကလေးဟာ မှန်မှန်ဘဲ ပြန်ထွက်လာပါတယ်။"

"ကျွန်တော်တို့ ပြန်လာတော့ မှန်ကြီး ပါမလာပါ။ အိမ်ရောက်တော့ ဦးစောက "အောင်ပြီ အောင်ပြီ"လို့ ကြိုးဝါးပါတယ်။ ကျွန်တော်ဏလဲ(New Calender)ခေတ်သစ်စပြီလို့ အော်ပါတယ်။ ဦးစောက အင်္ဂလိပ်လို သခင်နုကော လို့ မေးပါတယ်။ ကျွန်တော်က မတွေ့ခဲ့ဘူးလို့ ပြန်ပြောပါတယ်"

တရားခုံရုံးတွင် အမှုကို ဆက်လက်၍ ကြားနာစစ်ဆေးသည်။ ဦးစောတို့ဘက်မှ သက်သေပေါင်း ၁၃၁ ဦးကို သက်သေပြ၍ ကာကွယ်ခဲ့သည်။ တရားရုံးတော်က ၇၈ ဦးကိုသာ စစ်ဆေးခဲ့သည်။

ဦးစောသည် သူ့ကိုယ်သူ အလွတ်ရှုန်းသည်။ သူသည် နိုင်ငံရေးသမားဖြစ်သည်။ တပည့်တပန်းများသည်။ လူပေါင်းများစွာ အိမ်တွင်း ထွက်ဝင် သွားလာကြသည်။ ဘယ်သူဘယ်နေ့က ရောက်သည်။ ဘယ်သူပြန်သည်။ ဘယ်သူဘာလုပ်သည်ကိုသူမသိ။ သူသည် ဗိုလ်ချုပ်တို့ကိုလုပ်ကြံသတ်ဖြတ်ရန် ဘယ်တုန်းကမှ မကြံရွယ်။ လုပ်ကြံကြသည်ကိုလည်းမသိ။ သူ၏တပည့်များ သူ၏ ဂျစ်ကားနှင့် သူ၏ အိမ်ခြံထဲမှ ထွက်သွားသည်ကို လုံးဝမသိပါ။ သူတို့သတောနှင့် သူတို့ ပြုမူခြင်းဖြစ်၍ သူနှင့် သက်ဆိုင်ခြင်း မရှိပါဟု ထုချေသည်။

ဦးစောသည် ဒေါက်တာဘမော်နှင့် သခင်ဗစိန်တို့ကို သူ၏ဘက်မှ သက်သေအဖြစ် တင်ပြ၏။ ဒေါက်တာဘမော်နှင့် သခင်ဗစိန်က ဦးစောသည် ဗိုလ်ချုပ်တို့ကို လုပ်ကြံရာ၌ မည်သည့်နည်းနှင့်မှ ပါဝင်မည် မဟုတ်ကြောင်း ထွက်ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာလုပ်သူ ဦးစောက ကိုယ်လွတ် ရွန်းသောအခါ တပည့်များသည်လည်း အမှန်အတိုင်း နီးနီး ထွက်ဆိုလာကြသည်။ အမှုမှာ စစ်ဆေးရင်းထွက်ဆိုရင်းဖြင့် အမှန်အတိုင်း ပေါ်လာတော့သည်။ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် နောက်ဆုံး စီရင်ချက် ချလိုက်သည်။

စီရင်ချက်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်။ ခုံရုံးသဘာပတိကိုယ်တိုင် စီရင်ချက်များကို ဖတ်ကြားသည်။တနာရီကျော်မျှ ဖတ်ကြားရသော စီရင်ချက်၏ အချုပ်ဆိုလိုရင်းတား—

> ရာဇသတ်ပုဒ်မ ၃၀၂(၁)(ခ)အပိုဒ်၃၄အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် တရားခံများ ဖြစ်ကြသော သက်နှင်း၊ မောင်စိုး၊ စိန်ကြီးနှင့်ရန်ကြီးအောင်တို့အား မသေမချင်း လည်ပင်းကြိုးကွင်းတပ်၍ သတ်စေ။ အလားတူ တရားခံများ ဖြစ်ကြသော ဦးစော၊ သုခ၊ ခင်မောင်၊ မှုန်ကြီးနှင့် မောင်နီတို့အားလည်း ပုဒ်မ ၃၀၂(၁)(ခ)အပိုဒ် ၁၀၉ အရ ဖြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေစား သေစေ။

တရားရုံးတော်၏ စီရင်ချက်အရ ဖော်ကောင် ကိုဘညွန့်မှ တပါး ကျန်တရားခံ ကိုးဦးစလုံးကို ကြိုးပေးသတ်ရန် အမိန့်ချခဲ့လေသည်။ ၇ ရက်အတွင်း အယူခံလိုက အယူခံလွှာ တင်သွင်းနိုင်သဖြင့် တရားခံများသည် တရားလွှတ်တော်သို့ အယူခံလွှာ တင်သွင်းသည်။ တရားလွှတ်တော်မှ အယူခံလွှာကို ပယ်ချပြီး အထိုးခုံရုံး၏ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုစေသည်။

တရားခံများတရားလွှတ်တော်သို့ အယူခံနေစဉ်မှာပင် မြန်မာပြည်သည် လွတ်လပ်ရေး ရခဲ့ပြီး ဖြစ်သည်။ နိုင်ငံတော် သမတ၊ နိုင်ငံတော် ဝန်ကြီးချုပ်တို့ဖြင့် တင့်တင့်တယ်တယ် ထယ်ထယ် ဝါ၀ါ ဂုဏ်ဝင်နေပြီဖြစ်သည်။ ဦးစောသည်နိုင်ငံတော်သမတကြီး ထံ သေဒဏ်မှ လွတ်မြောက်ရန် အသနားခံသည်။ ကြံ့ရွယ်ချက် မအောင်မြင်ခဲ့ပေ။ တရားခံများထဲမှ မောင်နီ၊သုခနှင့် ခင်မောင်ရင်တို့ သုံးဦးတည်းသာ သေဒဏ်မှ လွတ်ငြိမ်းခွင့် ရပြီး တသက်တကျွန်းအဖြစ် ပြောင်းလဲ အပြစ်ပေးခံရသည်။

ဤသို့ဖြင့်....

၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့ နံနက်တွင် လုပ်ကြံမှုကြီး၏ တရာခံများ ဖြစ်ကြသော ဦးစော၊သက်နှင်း၊ မောင်စိုးနှင့်မှုန်ကြီးတို့အား အင်းစိန်ထောင်ကြီးတွင်ဝင်း၊ ရန်ကြီးအောင်နှင့် စိန်ကြီးတို့အား ရန်ကုန်ထောင်ကြီးတွင်ဝင်း ကြိုပေး၍ အဆုံးစီရင်လိုက်လေသတည်း။

ဂဠုန်ဦးစော

ဦးစောသည် ကျောင်းသင်ပညာ ၅ တန်းမျှသာ တတ်သူဖြစ်သည်။ သို့သော် သူသည် မြန်မာပြည်တွင် နန်းရင်းဝန် ဖြစ်ခဲ့သည်အထိ အကြံကြီးသူ၊ ကြိုးစားခဲ့သူ ဖြစ်သည်။ သူသည်ကိုယ်ကျိုးရှာ နိုင်ငံရေးသမား ဖြစ်သော်လည်း မြန်မာ့ လွတ်လပ်ရေးဇာတ်ခုံတွင် အခန်းတော်တော်များများမှ ကခဲ့သူဖြစ်ချေသည်။ အကယ်၍ ဗိုလ်ချုပ်တို့အား ပက်မက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် နံပတ်တစ်တရားခံဘဦးသာ မဟုတ်ခဲ့ပါလျှင် သူ၏အမည်သည် မြန်မာ့သမိုင်းတွင် ဤမျှညှိုးနွမ်းလိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

အတန်းပညာ ၅ တန်းမျှ **သင်ယူခဲ့ပါလျက် အင်္ဂလိပ်စကား**ကို ဒေါက်တာဘာမော်နှင့် ယှဉ်ပြိုင်ပြောနိုင်သည်အထိ တတ်ကျွမ်းအောင် သူကြိုးစားခဲ့သည်။ ဤမျှ မိမိဘဝကို မိမိ ကြိုးစား မြှင့်တင်ခဲ့သော ဦးစောသည် သာမန်လူတို့ထက် အကြံအစည်ကောင်းမည်၊ **အကြံကြီး**မည်၊ ကြိုးစားလိမ့်မည်၊ **အမြင်ကျယ်**လိမ့်မည် ဟူ၍ ယုံကြည်ရ၏။ ခေတ်အဆက်ဆက်တွင်လည်း သူသည် နိမ့်တုံမြင့်တုံဖြင့် ဘဝကို စုန်ချီတလှည့် ဆန့်ချီတခါ ဖြတ်သန်း**လာခဲ့ပြီးဖြစ်သည်။ သူ၏** အခြေအနေ **အတွေ့အကြုံ**များ အရ သူသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော **အမျိုးသား ခေါင်း**ဆောင်ကြီးကို **ရက်ရက်**စက်စက် လုပ်ကြံ သတ်ဖြတ်ခဲ့သည်အထိ မိုက်တွင်းနက်လိမ့်မည်ဟု ယုံကြည်နိုင်ဘွယ်ရာ မရှိပေ။ **သို့ပါ**လျက် သူသည် **ရက်**စက်သော လုပ်ကြံမှုကြီးကို **အမှန်**တကယ် ဦးစီးခဲ့သူ ဖြစ်သည်။ဤလုပ်ကြံမှုတွင် သူသည် နံပတ်တစ်တရားခံ **အမှန်**စင်စစ် ဖြစ်ခဲ့သည်။ ဤ၌ စဉ်းစားဘွယ်ရာ **အချက်**အလက်များ ပေါ်လာသည်။

၁။ သူသည် သာမန်**အဆင့်**မှ **အမြင့်**ဆုံးသို့ **လှမ်း**နိုင်ခဲ့ခြင်းမှာ **အသိ**ဉာဏ်ကျယ်ကျယ်ဖြင့် **တကယ်** တော် **သိ**၍ **မဟုတ်**။ **တကယ်ကြိုးစား**၍ **မဟုတ်**။ **သူ့**ခေတ်နှင့်**သူ့** **အခါ** ကံ**ကောင်း** ထောက်**မ**၍ **ကြီ**းကျယ်**သော**လူ**ကြီ**း**သူ**ကြီ**းတဦး ဖြစ်**လာ**ခြင်းပင်**လော**။

၂။ **သူ**သည် **သူ**၏ ဘဝ**အတွေ့**အ**ကြုံ**နှင့် **အ**သိ**တ**ရား **အ**ရ ဗိုလ်ချုပ်တို့ကို **လု**ပ်**ကြံ**ရန် **မ**ထိုက်**ကြော**င်းကို **အ**မှန်**တ**ကယ် **သ**ိ**ရှိ**ယုံ**ကြ**ည်ခဲ့၏။ **သို့**သော် **တ**စုံ**တ**ခု**သော** **မ**သ**မ**ာ**သူ** **တ**ဦး**တ**ယော**ကက** **အ**နော**က်**မှ **ပ**င့်**ကော**် **အ**ား**ပေ**းနေ**။** **ထို**့**ကြော**င့် **သူ**သည် **ဤ**မျှ **ယု**တ်**တ**န်း**သော** ပြစ်**မ**ှု**ကြီ**း**ကို** **ကျ**ူ**း**လွန်**ခြ**င်း**ပ**င်**လော**။

၃။ **သို့**တည်း**မ**ဟုတ် **ဗို**လ်**ချ**ုပ်**အ**ပေါ် **မ**ပြေ**နိ**ုင်**သော** **နာ**ကျည်း**မ**ှုဖြင့် **တ**ဖက်**သ**တ် **ရ**နှ**ိ**ုင်း**ဖ**ွဲ့**ခ**ဲ့**ခ**ြင်း**ပ**င်**လော**။

ထို**သို**့**မ**ဟုတ် **အ**ခြား**အ**ကြော**င**်း**အ**ရာ **တ**စုံ**တ**ခု**ကြော**င့် **ဖ**ြစ်**လေ**မည်**လော**။ **ဤ**မေး**ခ**ွန်း**မ**ျား**ကို** **မ**ျက်**မ**ှော**ခ**ေတ် **မ**ည်**သ**ူ **တ**ဦး**တ**ယော**တ**်**ကမ**ှ **တ**ိ**တ**ိ**ကျ**ကျ **အ**ဖြေ**ပေ**းနိ**ုင**်**မ**ည် **မ**ဟုတ်**ပေ**။ **တ**နေ့**နေ**့ **တ**ချိန်**ချ**ိန်**တ**ွင်**မ**ူ **စ**ိတ်**ဝ**င်**စ**ား**ဘ**ွယ်**သော** **အ**ထော**ခ**် **အ**ထား **သ**ဲလွန်**စ**လေ**းမ**ျား **ပ**ေါ်**ထ**ွက်**လာ**ပေ**လ**ိမ့်**ဦ**း**မ**ည် **ဟ**ူ**၍** **ယ**ူ**ဆ**ရ**ပ**ေ**သ**ည်။ **ယ**နေ့**အ**ထိ **အ**မျ**ား**စု**က** **လ**က်**ခ**ံ**ထ**ား**သော** ဖြစ်**ရ**ပ်**မ**ျား**မ**ှာ **မ**ူ**ကာ**း။

ဦ**း** စော**သ**ည် **သ**ူ**၏**ကြိ**ုး**စား**မ**ှုဖြင့်**အ**ော**ခ**်**တ**န်း**ရ**ွှေ**နေ** **စ**ာ**မ**ေ**း**ပွဲ**ကို** **အ**ော**ခ**်**မ**ြင်**ခ**ဲ့**သ**ူ ဖြစ်**သ**ည်။ **သ**ူ**ရ**ွှေ**နေ**စာ**မ**ေ**း**ပွဲ ဖြေ**ဆ**ို **အ**ော**ခ**်**မ**ြင်**ခ**ဲ့**သ**ော ၁၉၂၇ **ခ**ုနှ**စ**်**သ**ည် **အ**ော**ခ**်**တ**န်း**ရ**ွှေ**နေ** **စ**ာ **မ**ေ**း**ပွဲ**ခ**ဖြ**ခ**ွင့်**ပ**ြု**သ**ော **နော**ာ**ခ**်**ဆ**ုံ**း**နှ**စ**်**ဖ**ြစ်**သ**ည်။ **ဦ**း**စော**ရ**ွှေ**နေ** **စ**ာ **မ**ေ**း**ပွဲ**အ**ော**ခ**်**သ**ော**နှ**စ**်**တ**ွင် **ဗ**ိုလ်**ချ**ုပ်**အ**ော**ခ**်**ဆ**န်**း**သည် **အ**သ**ခ**် (**၁**၁)**နှ**စ်**အ**ရ**ွ**ယ် **နေ**ရ**ာ**င်**နယ**်**ကော**င်**သ**ား**မ**ျ**သ**ာ **ရ**ှိ**သ**ေ**း**သည်။

ဗြိ**တ**ိ**သ**ျ**ခ**ေတ်**နိ**ုင်**ငံ**ရေ**း**နယ်**ပ**ယ်**တ**ွင် **ဦ**း**စော**သည် **တ**ဆင့်**မ**ှ **တ**ဆင့် **ခ**ုနှ**စ**်**ရ**င်း**လ**ွှ**ာ**ရင်း **အ**ရေ**း**ပါ**သ**ော **အ**ခ**ိ**က **ဇ**ာ**တ**်**ကော**င်**အ**ဖြ**စ**်**သ**ို့ **ရ**ောက်**ရ**ှိ**လ**ာ**သ**ူ**ဖ**ြစ်**သ**ည်။ **ပ**ထ**မ**သ**ူ**သည် **ဝ**ံ**သ**ာ**နု**အ**ဖ**ွဲ့ **တ**ွင် **ဝ**င်**ရ**ောက် **လ**ှ**ပ**်**ရ**ှာ**သ**ည်။ **ဝ**ံ**သ**ာ**နု**အ**ဖ**ွဲ့**မ**ှာ **ဂ**ျ**ီ**-**စ**ီ-**ဘ**ီ-**အ**ေ **အ**သင်း**ကြီ**း**မ**ှ **မ**ေ**ဖ**ွား**လ**ိုက်**သော** **အ**ဖ**ွ**ဲ့**တ**ခု**ဖ**ြစ်**ကြော**င်း**လ**ွှ**တ**်**လ**ပ်**ရေ**း **ကြ**ိ**ုး**ပ**မ**်**း**မ**ှ**မ**ျ**ား**တ**ွင် **ဖ**ော်**ပ**ြ**ခ**ဲ့**ပ**ြီ**း** **ဖ**ြစ်**သ**ည်။ **တ**ပြည်**လ**ုံ**း** **ဝ**ံ**သ**ာ**နု**အ**ဝ**တ်**ဝ**တ်**၊**ဝ**ံ**သ**ာ**နု**စ**တ**ာ**ား**ပ**ြော**၍** **ဝ**ံ**သ**ာ**နု**ပ**ရ**ည**ာ**ား**ကို** **ဆ**ို**င**်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တင်ရောင်းနေသော ဝံသာနုမျက်နှာပန်းပွင့်ချိန်ဖြစ်သည်။ ဝံသာနုထက်ခြမ်းကွဲသောအခါ ဦးစောသည် ၂၁-ဦးဘက်သို့လိုက်ပါခဲ့သည်။ ၁၉၃၇-ခုနှစ် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲတွင် သာယာဝတီတောင်ပိုင်းမှ ဝင်ရောက် အရွေးခံပြီး မင်းတိုင်ပင် အမတ်ဖြစ်လာသည်။ ၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာလ ၂၀-ရက်နေ့တွင် ကျောင်းသားသပိတ်မှောက်သည်။ ထိုနှစ်မှာပင် ဦးစောသည် သူပိုင် မျိုးချစ်ပါတီကို တည်ထောင်ခဲ့သည်။ သူ၏ မျိုးချစ်ပါတီ လက်အောက်တွင် ဂဠုန်တပ်ဖွဲ့များကို ဖွဲ့သည်။ ဂဠုန်တပ်ဖွဲ့များ၏ အကြီးအမှူးဖြစ်သူ ဦးစောသည် သ္ဘကိုယ်သူ ဂဠုန်စစ်သူကြီး ဂဠုန်ဦးစောဟူ၍ အမည်ပေးလိုက်သည်။ ဤသည်မှ ဂဠုန်ဦးစော၊ ထိုနောက် ဂဠုန်စောဖြစ်လာသည်။

၁၉၃၀-ပြည့် ဒီဇင်ဘာလ ၂၁-ရက် ဆရာစံ သူပုန်ထခဲ့၏။ ဆရာစံအား ဂဠုန်ဆရာစံဟူ၍ ခေါ်ကြသည်။ ဆရာစံ၏ လယ်သမား ဂဠုန်တပ်ဖွဲ့ မီးငြိမ်းအေးစ ရှစ်နှစ်အကြာ ၁၉၃၈-ခုနှစ်တွင် ဦးစောက သ္ဘကိုယ်သူ ဂဠုန်ဦးစော(ဂဠုန်စော)ဟူ၍ မှည့်ခေါ်လာစေခြင်းမှာ ဆရာစံကို ချစ်ကြည်ညိုသော တောင်သူလယ်သမားများ သ္ဘာကိုယ်သို့ အာရုံပြောင်းလာစေရန် စီစဉ်ခြင်းဖြစ်ဟန်တူသည်။ တနည်းအားဖြင့် ဂဠုန်ဆရာစံကဲ့သို့ ဂဠုန်ဦးစောလည်း အမျိုးချစ်ကြောင်း သတ္တိရှိကြောင်း ပြလိုဟန်ဟီးရိုးလုပ်လိုဟန်ရှိလေသည်။ မည်သို့ပင်ဆိုစေကာမူ ဦးစောသည် သူ၏ ကိုယ်ကျိုးအတွက် သူထင်ပေါ် ကျော်ကြားစေခြင်းဌာ ဂဠုန်ဘွဲ့ကို ခံယူသည်ဟူ၍ သူ၏ သမိုင်းတလျှောက် လှုပ်ရှားမှုများကို ထောက်၍ ပြောနိုင်ပေသည်။ သို့သော် ဂဠုန်ဆရာစံ၏ လယ်သမားသူပုန်ကို အစိုးရက ဖိုခွင်းပြီး ရှစ်နှစ်အကြာတွင်

ဂဠုန်ဘွဲ့ကို ခံယူလိုက်သော သူ၏ ဆောင်ရွက်မှုမှာ အပေါ်ယံအားဖြင့် ကြည့်လျှင် ချီးကျူးအားကြဘွယ်ပင် ဖြစ်တော့သည်။ ထိုခေတ်က နိုင်ငံရေးသမားများနှင့် ပြည်သူလူထုသည် သူ့အား အထင်ကြီးကြမည်မလွဲပေ။ ထို့ကြောင့်လည်း ၁၉၃၉-ဖေဖော်ဝါရီတွင် ဒေါက်တာ ဘမော် အစိုးရပြုတ်-ဦးပုအစိုးရတက်လာပြီးနောက် ဦးစော အစိုးရတက်လာခြင်းဖြစ်သည်။

ဂဠုန်ဦးစောသည် ဂဠုန်ဘွဲ့ကို ခံယူထားသော်လည်း စင်စစ်မှာ ဂဠုန်ဆရာစံနှင့် မည်သို့မှ အဆက်အသွယ် မရှိပေ။ ဆရာစံမှာ ဂဠုန်ဘွဲ့ကို နောက်ယောင်ခံယူသည့် သဘောမျှသာ ရှိလေသည်။

မြန်မာပြည်၌ ဦးစောအစိုးရတက်လာသည့်အချိန်၊ နန်းရင်းဝန်ကြီး ဦးစောဟူ၍ ဟိုးဟိုးကျော်နေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ပြည်တွင် နယ်ချဲ့ကို တော်လှန်ရန်အတွက် စစ်ပညာသင်ယူနေပေပြီ။ မြန်မာပြည်ကို တိုးတက်သျှတ်လက်မှ ပြန်လည်တိုက်ယူရန် ပြင်ဆင်ပေပြီ။

ဦးစော နန်းရင်းဝန်ဖြစ်ပြီး သုံးလအကြာတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့သည် ယိုးဒယားပြည် ဘန်ကောက်မြို့၌ ဘီ-အိုင်-အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းလိုက်လေသည်။

နန်းရင်းဝန်ဦးစောသည် ဗြိတိသျှနန်းရင်းဝန် မစ္စတာ ချာချီနှင့် မြန်မာနိုင်ငံအရေးအခင်းများကို ဆွေးနွေးရန် ၁၉၄၁-ခုနှစ် နိုဝင်ဘာတွင် အင်္ဂလန်သို့သွားခဲ့သည်။ ချာချီနှင့် ဆွေးနွေးရာတွင် မှာ ကျေနပ်ဘွယ်မရှိဟု ထုတ်ဖော်ပြောကြားပြီးနောက်လန်ဒန်မှ

www.burmeseclassic.com

www.burmeseclassic.com

ပြန်လာရာ လမ်းခရီးဌ ၁၉၄၂-ခုနှစ် ဇန္နဝါရီလ၁၈-ရက်နေ့တွင် အဖမ်းခံရသည်။ သူသည်စစ်ကြီးပြီးသော ၁၉၄၆-ခုနှစ် ဇန္နဝါရီတွင်မှ မြန်မာပြည်သို့ပြန်လည်ရောက်လာသည်။ သူမြန်မာပြည်သို့ ပြန်လည်ရောက်ရှိသောအခါ၌ သူတွေ့တူးသော ကျောင်းသားခေါင်းဆောင် သခင်အောင်ဆန်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေပေပြီ။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖ-ဆ-ပ-လအလုံတော်အောက်တွင် မြန်မာပြည်သူတရပ်လုံး အသင်းအဖွဲ့ အားလုံး စည်းစည်းလုံးလုံး ရှိနေပေပြီ။

နန်းရင်းဝန်ကြီးတဦးအနေဖြင့် နိုင်ငံမှထွက်ခွာသွားပြီး မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ အခြေအနေမျှားမှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနေပေပြီ။

သူသည် လက်ရှိအခြေအနေတွင် မည်သို့ စခန်းသွားရမည်ကို အကဲခတ်နေသည်။ အရပ်အခြည်ကို စောင့်ကြည့်နေသည်။ ဤအတွင်း ၁၉၄၆-ခုနှစ် စက်တင်ဘာလ ၂၁-ရက်နေ့တွင် ဦးစောသေနတ်ပစ်ခံရသည်။ မော်တော်ကားဖြင့် ထွက်လာစဉ် တစုံတဦး၏ သေနတ်ဖြင့် ချောင်းပစ်လိုက်ခြင်း ဖြစ်လေသည်။ မျက်လုံးတဖက်တွင် ဒဏ်ရာရသည်။

သူသည် အကြံလျှော့သူမဟုတ်။ မြန်မာ့နိုင်ငံရေးလောကတွင် ပြန်လည်ခြေကုပ်မိရန် ကြိုးစားသည်။ ထို့ကြောင့် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဝန်ကြီးတဦးဖြစ်လာသည်။ ၁၉၄၇-ခုနှစ် ဇန်နဝါရီလတွင် ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှနှင့် ဆွေးနွေးရန် ဗိုလ်ချုပ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့သွားသည်။ ထိုအဖွဲ့တွင် ဦးစော ပါဝင်လေသည်။

လွတ်လပ်ရေးအတွက် အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုသောအခါ ဦးစောနှင့် သခင်ဗစိန်က မကျေနပ်၍ လက်မှတ်မထိုးခဲ့ပေ။

မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသောအခါ ဦးစောတစခန်းထသည်။ သို့သော် သူ၏လက်တဆုပ်စာမျှသော မျိုးချစ်ပါတီလေးသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဖ-ဆ-ပ-လ အဖွဲ့နှင့် ယှဉ်ပြိုင်ရသည်မှာ ပိုးစုန်းကြူးနှင့်ဖိုးရွှေလက္ခဏာသို့ အကွာကြီး ကွာနေလေသည်။ လူထုကိုစည်းရုံးရန်မဖြစ်နိုင်တော့ကြောင်း သူသိလာသောအခါ ကြံရာမရဖြစ်သည်။ အကြံကုန်သည့်နောက် လမ်းဆုံးသို့ လိုက်ရန် သူဆုံးဖြတ်ခဲ့ဟန်တူသည်။

သူသည် ပထမ လက်နက်စု၏။ သူ့အိမ်သို့ အမြဲလိုလိုဝင်ထွက်သွားလာနေသောအင်္ဂလိပ်စစ်ဗိုလ် (Major Moore) မေဂျာမိုး၊ (Major Young) မေဂျာယန်း နှင့် (Captain Vavian) တို့ထံမှ လက်နက်များကို တိတ်တဆိတ် ခိုးဝယ်ခဲ့သည်။ အမေရိကန်ရိုင်ဖယ်တလက်၊ တော်မီဂန်း၄-လက်၊ ခြောက်လုံးပြူးနှစ်လက်လူ၂ပစ္စတို တလက်နှင့် ခဲယမ်းမီးကျောက်များကို ရရှိခဲ့သည်။ နောက်ဆုံး ဘီ-အိုး-ဒီမှ ဘရင်းဂန်း အလက် ၂၀၀ ကျော်နှင့်ကျည်ဆန် အလုံအလောက်ကို ရရှိသည်အထိ ဖြစ်လေသည်။

ဦးစောသည် ဗိုလ်ချုပ်တို့ကို မလုပ်ကြံမီ သုံးလခန့်က ဖရေဇာလမ်းနှင့် စပတ်လမ်းရှိ သူ၏ မျိုးချစ်ပါတီ၌ သတင်းစာဆရာ အစည်းအဝေး ကျင်းပခဲ့သည်။ ထိုသတင်းစာ ရှင်းလင်းပွဲတွင် သူ့အား ရန်သူများက လုပ်ကြံရန် အမြဲကြံစည်နေကြောင်း၊ တခါကလည်း ကြံစည်ခဲ့ဘူးပြီး ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဆော ထိုကဲ့သို့ ပြောခဲ့သည်မှာ သူ့ကိုယ်သူ ကြိုတင်ကာ ကာကွယ်ခြင်းဖြစ်ကြောင်း နောင်သောအခါ ထင်ရှားခဲ့လေသည်။ သူသည် မျိုးချစ်ပါတီဝင် လူငယ် သုံးဆယ်ခန့်ကို အိမ်ခြံဝင်းအတွင်း မေးထားသည်။ လူသတ်လက်နက်ပစ္စည်းများ လက်ဝယ်ရောက်ရှိလာသည့်အခါတွင်မူ လုပ်ကြံမှုကြီးအတွက် အသေးစိတ်ပြင်ဆင်တော့သည်။ သူ၏တပည့် ဘညွန့်က ကိုယ်တိုင် ခုံရုံးတွင် ထွက်ဆိုခဲ့သကဲ့သို့ အတိုက်အခံ နိုင်ငံရေးသမားများကို ရှင်းလင်းရန် အစွမ်းကုန် ပြင်ဆင်ခဲ့သည်။ သူ၏ အတိုက်အခံ နိုင်ငံရေးသမားဆိုသူများကား ဂ်ဆိုးရှာသော ဗိုလ်ချုပ် အမှူးပြုသည့် ခေါင်းဆောင်ကြီးများပင် ဖြစ်တော့သည်။

× × × ×

ဟီရိုရှီးမားနေ့

ကမ္ဘာ့သမိုင်းတွင် ပထမဦးဆုံး အနုမြူဗုံး ကြဲချခြင်းခံရသော နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ ဂျပန်ပြည် ဟီးရိုရှီးမားမြို့နှင့် နဂါးစကီးမြို့ကို အမေရိကန်တို့က အနုမြူဗုံးတလုံးစီ ကြဲချခြင်းဖြင့် ဒုတိယကမ္ဘာစစ်တွင် အနိုင်ယူခဲ့သည်။ အနုမြူဗုံး၏ ကြောက်မက်ဘွယ်ရာ မြင်ကွင်းများသည် ဟီးရိုရှီးမားနှင့် နဂါးစကီးတွင် ယနေ့တိုင် ရှိနေကြသေးသည်။ ဂျပန်ပြည်သူများသည် အနုမြူဗုံးကြဲချခြင်းခံရသောနေ့ကို ယနေ့တိုင်မမေ့ကြသေးပေ။ မေ့၍ မရနိုင်အောင်လည်း အနိဋ္ဌာရုံများက သတိပေးသကဲ့သို့ ရှိနေကြသည်။

ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင် ဟီရိုရှီးမားမြို့ အနုမြူဗုံးကြဲခံရသည့်နေ့ကို အမှတ် ရသောအားဖြင့် (ဟီးရိုရှီးမားနေ့) ဟူ၍ ကျင်းပကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ စစ်လက်နက် ဖျက်သိမ်းရေးအတွက် ဆန္ဒပြသောနေ့ပင် ဖြစ်သည်။ စစ်၏ ကြောက်မက်ဘွယ်ရာ အခြင်းအရာများကိုသက်သေပြု၍ ငြိမ်းချမ်းရေးဆန္ဒပြသောနေ့ပင် ဖြစ်လေသည်။

မြန်မာပြည်တွင်ဟီးရိုရှီးမားနေ့ကျရောက်သောအခါ အသင်းအဖွဲ့အချို့က ဦးစီးရ၍ ဟောပြောပွဲများကျင်းပသည်။ သတင်းစာကြီးများက ဟီးရိုရှီးမားနေ့အကြောင်း ပါဝင်သည့်ဆောင်းပါးများကို ထည့်သွင်းဖော်ပြကြသည်။

ဟီရိုရှီးမားနေ့

ဟီးရိုရှီးမားသည် အိုတာမြစ်မှ ဖြာထွက်နေသော မြစ်လက်တက်နှစ်ခုအကြားရှိ ကျွန်းခြောက်ကျွန်းပေါ်တွင် တည်ထားသည်။ ယပ်တောင်ပုံသဏ္ဌာန်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက လူဦးရေအများဆုံး သုံးသိန်းကျော်အထိ ရှိခဲ့သည်။ ရန်သူတို့၏ ဗုံးဒဏ်ကြောင့် မြို့လူထုများ တောနယ်သို့ ထွက်ပြေး တိမ်းရှောင်ကြသဖြင့် လူဦးရေနှစ်သိန်းကျော်ကျော်မျှ အမြဲနေထိုင်ခဲ့ကြလေသည်။

၁၉၄၅-ခုနှစ်။ ဩဂုတ်လ ၆ ရက်နေ့နံနက် ၂ နာရီ ၄၅ မိနစ်

အမေရိကန်ဘီ ၂၉-အမျိုးအစား ဗုံးကြဲလေယာဉ်ကြီးတစင်းသည်၊ တီနီယံကျွန်းမှ ပျံတက်လေသည်။ ထိုခေတ်ကစက်ခေါင်းလေးလုံးတပ် ဘီ ၂၉-အမျိုးအစား လေယာဉ်သည် အကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ လေယာဉ်ကြီး၏ အမည်မှာ (အီနိုလာဂေး)ဟူ၍ဖြစ်သည်။အမေရိကန်ဒုဗိုလ်မှူးကြီး(ပေါ်လ်တစ်ဘက်)ဆိုသူ မောင်းနှင်လေသည်။သူသည်၁၉၄၅ ခုနှစ် ဇူလိုင် ၂၆ ရက်နေ့ အမေရိကန် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၏ ဆုံးဖြတ်ချက်အရ၊အမိန့်ပေးချက်အရ ဟီရိုရှီးမားမြို့ကို အနုမြူဗုံးကြဲချရန် ရွေးချယ်ခြင်းဖြစ်သည်။အီနိုလာဂေးလေယာဉ်ကြီးနောက်မှဘီ-၂၉- လေယာဉ်နှစ်စင်းသည် သတင်းစုဆောင်းရန်အတွက် လိုက်ပါလာကြသည်။

နံနက် ၇-နာရီ ၂၁ မိနစ်

ရွှေမှ သွားနှင့်သော ကင်းထောက်သည် ဟီရိုရှီးမားမြို့ပေါ်မှ ဖြတ်၍ ပျံသည်။ မိုးလေဝသ ရာသီဥတု အခြေအနေကို တိုင်းတာပြီး အနုမြူဗုံးကြဲချမည့်(အီနိုလာဂေး)သို့ရာသီဥတု ကောင်းမွန်ကြောင်း သတင်းပို့လိုက်သည်။ ဟီရိုရှီးမား မြို့သူ မြို့သားများသည် လေကြောင်းအချက်ပြ ဥဩဆွဲသဖြင့် ဗုံးခိုကျဉ်းများသို့ ပြေးဝင်ပုန်းခိုကြသည်။ ဗုံးချခြင်းမရှိသဖြင့်ဘေးရန် မရှိကြောင်း ဥဩဆွဲသည်။ မြို့သူမြို့သားများ လမ်းမပေါ်သို့ ဥဒဟိုရောက်လာပြီး သွားလာ လှုပ်ရှားနေကြပြန်သည်။ သူတို့သည် အမှန်တကယ် ဗုံးကြဲမည့်လေယာဉ်ကြီး ရောက်လာသောအခါတွင် ဗုံးခိုကျဉ်းသို့ မပြေးနိုင်ကြတော့ပေ။

နံနက် ၈ နာရီ ၁၅ မိနစ်

အီနိုလာဂေးသည် ပေပေါင်း သုံးထောင်းတထောင်အမြင့်မှ ပျံလျက်ဟီရိုရှီးမားမြို့ပေါ်သို့ ရောက်ရှိလာသည်။ အီနိုလာဂေး၏ ခေါင်းဆောင် ဗိုလ်မှူးပေါ်လိတစ်ဘက်သည် အနုမြူဗုံးကိုဖြုတ်ချရန်အချက်ပေးလိုက်သည်။ဗုံးကိုဖြုတ်ချသည့် ခလုတ်ကို ထိန်းသောအမှုထမ်းသည် ဗုံးဖြုတ်ခလုတ်ကို နှိပ်ချလိုက်သည်။ ဒုံးပျံနှင့်တူသော အနုမြူဗုံးသည် ဟီရိုရှီးမားမြို့ပေါ်သို့ ပြုတ်ကျသွားသည်။ပေငါးရာခန့် ကျဆင်းသွားသောအခါ လေထီးပွင့်လာ၏။ လေထီးဖြင့် ကျဆင်းလာသော အနုမြူဗုံးကြီးကို ဟီရိုရှီးမားမြို့သူမြို့သားများ အထူးအဆန်းအဖြစ်ဖြင့် စောင့်ကြည့်ကြသည်။ အီနိုလာဂေးသည် ဗုံးချပြီးနောက် ပြန်လှည့်သွားသည်။

မြေပြင်မှ ပေထောင့်ငါးရာခန့် အရောက်တွင် အနုမြူဗုံးကြီး ပေါက်ကွဲတော့သည်။ လဟာပြင်တွင် ပေါက်ကွဲခြင်းဖြစ်သည်။ နေ၏ အလင်းရောင်ထက် အဆပေါင်းတရာမျှလင်းသောအလင်းရောင်တခု ဝင်းကနဲ လက်ပြီးနောက် မည်သည့်အခါကမျှမကြားဘူးသောအသံကြီးတခု မြည်ဟည်းခြင်းဖြင့်အနုမြူဗုံးကြီးပေါက်ကွဲခဲ့လေသည်။

အနုမြူဗုံးပေါက်ကွဲသည်နှင့်တပြိုင်နက် ဟီရိုရှီးမားမြို့အထက်ရှိ ကောင်းကင်သည် မိုင်နှစ်ရာ့ငါးဆယ်ခန့် အချင်းရှိသော မီးကျီခဲကြီး ဖုံးသွားသည်။ ချက်ချင်းပင် အနုမြူ ပြာမျှားအဆောက်အဦးအတိုအစမျှား အခိုးအငွေ့များသည် ကောင်းကင်ယံတွင် မှိုပွင့်ကြီးသဏ္ဌာန် မိုင်ပေါင်း မျှားစွာ ထိုးတက်သွားသည်။

ဗုံး၏ အရှိန်ကြောင့် သုံးပေ ပတ်လည်တွင် ပေါင်ခုနှစ်ဆယ် ဖိအားထိခံနိုင်သော တိုက်အိမ်အားလုံး ပြိုပျက်ကုန်သည်။ တိုက်ငါးလုံးသာ ကျန်ရစ်သည်။ဘူဘာရုံကြီးအတွင်း မီးရထားတွဲ ၇၇ တွဲရှိရာ ၂၇ တွဲမှာ တခါတည်းမြောက်တက်သွားသည်။ပြစ်လက်

www.burmeseclassic.com

www.burmeseclassic.com

တက် ၇ ခုကိုပေါင်းကူးထားသော တံတားမှ ကွန်ဏရိလမ်းကြီး သည် အချပ်လိုက် ကွာ၍ လွင့်စဉ်သွားသည်။ အဆောက်အဦ ၆၀၂၀ မှာ ပြားပြားဝပ်ပျက်စီး၍ ၃၇၅၀ မှာ သုံးမရအောင် ပျက်စီးခဲ့သည်။

ဝင်းကနဲတချက်လက်လိုက်သော ရောင်ခြည်နှင့်အတူ အပူဇွေ့ လေလှိုင်းကြီးလိုက်ပါလာလေသည်။ပူပြင်းသော အပူရှိန်မှာ စင်တီဂရိတ် အပူရှိန်ဒီဂရီ တသန်းမျှရှိသည်ဟု ခန့်မှန်းကြသည်။ ဗုံးပေါက်ကွဲရာ ဗဟိုချက်နှင့် ကိုက်လေးရာ အကွာအဝေးတွင်ရှိ လရောင်းပြားမှာ အရေပျော်ပြီး သင်းချိုင်းမှ နှမ်းပတ်ကျောက်တိုင်နှင့်တသားတည်းဖြစ်သွားသည်။တယ်လီဖုံးတိုင်များ မီးသွေး အတိဖြစ်သည်။ သုံးဖာလုံအကွာရှိ ရှုံ့စေးဖြင့် ပြုလုပ်ထားသည့် အုတ်ကြွင်းများ အရည်ပျော်သွားသည်။

အနုမြူဗုံး၏ အရှိန်ကြောင့် ဟီရိုရှီးမားမြို့ လဟာပြင်သည် လဟာနယ်ဖြစ်သွားသည်။ အဖက်ဖက်မှ လေထုသည် လဟာနယ်သို့ အစားဖြည့် တိုက်ခိုက်လာသည်။ ထို့ကြောင့် ဗုံးကြဲပြီး မကြာမီမှာပင် တနာရီ ၄၀-မျှသော လေမုန်တိုင်းကြီး တိုက်ခိုက်လာသည်။ မြို့၏ နေရာအနှံ့အပြား မီးများတောက်လောင်နေသည်။လေကလည်း တဟူးဟူးတိုက်သည်။ အပူရှိန်နှင့် အနုမြူပြာ များမှာ နေရာအနှံ့အပြား လွင့်စဉ်နေကြသည်။ ကောင်းကင် တခုလုံး မဲမှောင်လျက် နေလုံးပျောက်နေသည်။

ထိုနေ့က အပူလောင်၍ သေဆုံးရသူ၊ အဆောက်အဦပိတ်၍သေ ဆုံးသူပေါင်း ခြောက်သောင်းလေးထောင်မှာ ချက်ချင်းသေဆုံး ခဲ့သည်။ လူပေါင်း ခုနစ်သောင်း နှစ်ထောင် ဒဏ်ရာရရှိခဲ့သည်။ (စာရင်းတခုအရ ၇၈,၁၅၀ သေဆုံးပြီး ၃၇,၄၂၅ ဒဏ်ရာရ

သည်ဟူ သိရ၏) ဆေးရုံ ၄၅-ရုံအနက် ၃-ရုံသာ ကျန်ရစ်သည်။ သူနာပြုဆရာ ၁၇၈၀ ရှိသည့်အနက် ၁၆၅၄ မှာ အသေဆုံးနှင့် သေဆုံးခဲ့ရသည်။ဤသို့ဖြင့် အပူရှိန်၊ အသံအား၊ ဖိအားတို့ကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည့်အပြင် မသေ၍ကျန်ရစ်ခဲ့သော ဒဏ်ရာရသူများမှာလည်း လူစဉ်မမှီတော့ပေ။ ထိုနေ့က အပူဟပ် ခံရသော မိန်းမ-ယောကျ်ားပေါင်းများစွာသည် ခန္ဓာကိုယ်တွင် အဝတ်ဟူ၍ မရှိတော့ပေ။ အရေခွံ များ ကွာကျလျက် သွေး ဖြိုင်ဖြိုင် ကျနေသည်။ ခန္ဓာကိုယ်ပေါ်တွင် စုပ်ကျယ်၊ အောက်ခံ ဘောင်းဘီအရာများ ပုံနှိပ်ထားသကဲ့သို့ကျန်ရစ်သည်။ ဟီရိုရှီးမား ဗုံးခွဲပြီး သုံးရက်အကြာတွင် နဂါးစကီးမြို့ကို အနုမြူဗုံးကြဲပြန် သည်။

အနုမြူ၏ ကြောက်မက်ဖွယ်ရာမှာ သက်ရှိလူသားများကိုသာ ချက်ချင်းငရဲခန်းသို့ပို့ သည်မဟုတ်သေး။သတ္တဝါတို့သန္ဓေမျိုးစေ့ ကိုပါ ပျက်ပြားစေသည်။အနုမြူဓာတ်တွင် ပါရှိသော ရေဒီအိုး ရှင်း ဓာတ်ငွေ့ကြောင့်လူသတ္တဝါတို့၏ ဖို-မမျိုးစေ့ ကိုပျက်စီးစေ သည်။ အချိုးအစား မမှန်သော ခြေ,လက် တဘက် တိုရှည် ဦးခေါင်းကြီးသေး၊သွားမပါ၊မျက်လုံးသေးခြင်း၊ကြီးခြင်းစသည် တို့ဖြစ်ပေါ်လာနိုင်သည်။အနုမြူပြာမှုန့်များသည်လည်းကမ္ဘာကို ပတ်ဝန်းရုံသီဥတုကို ဆိုးရွားပြောင်းလဲစေမည်ဖြစ်သည်။

အနုမြူဗုံး၏ ငရဲခန်းမှာ စာဖွဲ့၍ မကုန်အောင်ပင် ဖြစ်သည်။ ယနေ့အနုမြူဗုံးထက် အဆရာထောင်မက ပြင်းထန်သော ဟိုက်ဒရိုဂျင်ဗုံးများ ပေါ်နေပြီဖြစ်သည်။ ဤလူသတ် လက်နက်ဆန်း များသည် လူသားတို့၏ ငြိမ်းချမ်းရေးတို့ ခြိမ်းခြောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်ကြောင့်ကြကင်းစွာ နေနိုင်ရေးအတွက် အနှောင့် အရှက် ဖြစ်နေ၏။ ထို့ကြောင့် ဤအန္တရာယ်ဆိုးများမှ ကင်းဝေးရန် လူသားတို့၏ ငြိမ်းချမ်းရေးအတွက် ကမ္ဘာအရပ်ရပ်တွင် ဩဂုတ်လ ၆-ရက်ရောက်တိုင်း ဟီရိုရှီးမားနေ့ကို ကျင်းပခြင်းဖြစ်သည်။

× × + ×

ကမ္ဘာ့တိရစ္ဆာန်များ ဘေးမဲ့နေ့

ကမ္ဘာ့တိရစ္ဆာန်များ ဘေးမဲ့နေ့ကို နှစ်စဉ်အောက်တိုဘာလ ၄-ရက်နေ့တွင် ကျင်းပလေသည်။ ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင်ထိုနေ့ကို တိရစ္ဆာန်များဘေးမဲ့နေ့ဟူ၍ အမှတ်ပြုကာအထိမ်းအမှတ်နေ့ကို ကျင်းပလေသည်။ ထိုနေ့တွင် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ ပင်ပန်းကြီးစွာ ခိုင်းစေခြင်း မပြုရပေ။

ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် တိရစ္ဆာန်ညှဉ်းပန်းမှုကာကွယ်စောင့်ရှောက်ရေး အသင်းများ ရှိလေသည်။ နိုင်ငံတိုင်းတွင် တိရစ္ဆာန်များညှဉ်းပန်းမှု ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ အကြင်နာမဲ့စွာ၊ ပင်ပန်းကြီးစွာခိုင်းစေမှုပြုခြင်းကို မည်သူဘဉီးတယောက်ကမျှ မပြုလုပ်နိုင်ပေ။ ပြုလုပ်ခဲ့လျှင် ဥပဒေအရတရားစွဲဆိုနိုင်ပေသည်။

တိရစ္ဆာန်များ ညှဉ်းပန်းမှုမှ ကာကွယ်ရေး အသင်းကြီးကို ၁၈၂၄ ခုနှစ်တွင် အင်္ဂလန်ပြည်၌ စတင် ဖွဲ့စည်း လေသည်။ ထိုနောက် ၁၈၃၉ ခုနှစ် စကေဘာလန်ပြည်၊ ၁၈၆၆ ခုနှစ်တွင် အမေရိကန်ပြည်၌ဖွဲ့စည်းလေသည်။ ထိုနောက် ကမ္ဘာအနှံ့အပြား

ဖွဲ့စည်းကြလေသည်။ ဤအသင်းများ၏ ဆောင်ရွက် မှုကြောင့် တမ္ဘာ့တိရစ္ဆာန်များ ဘေးမဲ့နေ့ ပေါ်လာခြင်းဖြစ်လေသည်။

မြန်မာပြည်တွင် တိရစ္ဆာန်များ ညှဉ်းပန်းမှု ကာကွယ်စောင့်ရှောက်ရေးအသင်း (S.P.C.A)ကို ဖွဲ့၍ တိရစ္ဆာန်ဆေးကုဌာနကို ရန်ကုန်မြို့ ဗဟန်း ကန်တော်ကြီးစောင်းတွင် ဖွင့်လှစ်ထားလေသည်။ တိရစ္ဆာန်များဘေးမဲ့နေ့တွင် အလံလေးများရောင်းခြင်းဖြင့် ရံပုံငွေရှာသည်။ မြန်မာပြည်တွင် ထိုလုပ်ငန်းကို လူများစိတ်ဝင်စားမှုနည်းသည်။ တိရစ္ဆာန်ဆေးရုံမှာလည်း ပစ္စည်းရှိသူတို့ အလှမွေးထားသော ခွေးကြောင်များကို ဆေးကုပေးရသည့် သမည လုပ်ငန်းလောက်ကိုသာ လုပ်နေရပေသည်။ ကျယ် ကျယ် ပြန့်ပြန့်မရှိလှပေ။

× × ×

ကမ္ဘာ့ကုလသမဂ္ဂနေ့

၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၄-ရက်နေ့တွင် နိုင်ငံပေါင်း ၅၁-နိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးလျက် ကုလသင်္ဂ အဖွဲ့ကြီးကိုစတင်ဖွဲ့စည်း ခဲ့သည်။ ထိုမှစ၍ နှစ်စဉ် အောက်တိုဘာ ၂၄ ရက် ရောက်တိုင်း ကုလသမဂ္ဂ အထိမ်းအမှတ်နေ့ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ၁၉၄၁-ခုနှစ်၊ ဇွန်လတွင်နိုင်ငံပေါင်း ၉-နိုင်ငံမှ စစ်ပြေး အစိုးရများ လန်ဒန်မြို့ရှိ ဘိန့်ဂျိမ်းနန်းတော်တွင် တွေ့ဆုံကြသည်။ ကမ္ဘာစစ် ဖြစ်စေသည့် အခြေခံ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းများကို ဖြိုဖျက်ရန်၊ တနည်းအားဖြင့် ကမ္ဘာကြီး ထာဝစဉ် ငြိမ်းချမ်းနေရန်အတွက် မည်သို့ ဆောင်ရွက်သင့်သည်ကို ဆွေးနွေးကြသည်။ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့၏ ငြိမ်းချမ်း သာယာသော ဘဝသစ်ကို ဖန်တီးပေးရန် နည်းလမ်းရှာဖွေကြသည်။ ထိုနောက် စိန်ဂျိမ်းနန်းတော်မှ ကျေးဇူ စာတမ်းတစောင်ကို ကမ္ဘာသို့ ထုတ်ပြန်ကျေးဇူးခဲ့လေသည်။ ဤကျေးဇူ စာတမ်းကား ကမ္ဘာ့ ကုလသဂ္ဂကြီးပေါ်ပေါက်လာရန် အတွက် ရှေ့ပြေး အောင်မြင်မှုပင် ဖြစ်သည်။

၁၉၄၁-ခုနှစ်၊ သြဂုတ်လသို့ရောက်ပြန်သောအခါ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း တနေရာတွင် ဗြိတိသျှ ဝန်ကြီးချုပ် မစ္စတာ ချာချီနှင့်အမေရိကန်သမတရှစ်ဗဲ့ တို့ လျှို့ဝှက်ဆွေးနွေးကြသည်။ နိုင်ငံနှစ်နိုင်ငံမှ ခေါင်းဆောင်ကြီး နှစ်ဦးတည်း သမုဒ္ဒရာအတွင်း သင်္ဘောဝမ်း ခန်းမတွင်လျှို့ဝှက်ဆွေးနွေးပြီးနောက် ကုလသမဂ္ဂ အဖွဲ့ကြီး၏ အခြေခံ ရည်ရွယ်ချက်များ ပါဝင်သော အတ္တလန္တိတ် ကျေးဇူ စာတမ်းတစောင်ကို ထုတ်ပြန်ခဲ့လေသည်။ ဤအတ္တလန္တိတ်ကျေးဇူးစာတမ်းသည်ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ထွန်းလာရေးအတွက် ပိုမိုနီးစပ်သော အထောက်အကူဖြစ်ခဲ့သည်။ ထိုနှစ် စက်တင်္ဘာလ ၂၄ ရက်သို့ ရောက်သောအခါ ဂျာမနီကို ဝိုင်းဝန်း တိုက်ခိုက် သိမ်းပိုက်ထားသော မဟာမိတ်နိုင်ငံ ၉-နိုင်ငံသည် အတ္တလန္တိတ်ကျေးဇူးစာတမ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးခဲ့ကြလေသည်။

၁၉၄၂-ခုနှစ်၊ ဒီဇင်္ဘာလ ၂၅-တွင် ထိုစဉ်က ကြီးလေးကြီးဟု ကျော်ကြားနေသော အမေရိကန်၊ ဗြိတိန်၊ ရုရှားနှင့် တရုတ်တို့၏ ခေါင်းဆောင်၍ နိုင်ငံပေါင်း ၂၆ နိုင်ငံတို့သည် စစ်အောင်နိုင်

ရေးအတွက် တဦးကို တဦးက ကူညီရန် သီးခြား ငြိမ်းချမ်းရေး စာချုပ် မချုပ်ဆိုကြရန် အချက်အလက်များ ပါဝင်သော "နိုင်ငံပေါင်းစုံ ကျေးဇူးစာတမ်းကြီး" တစောင်ကို ရေးဆွဲ လက်မှတ်ရေးထိုးကြလေသည်။ ၁၉၄၃-ခုနှစ်၊ နိုဝင်ဘာ ၁-ရက်တွင် ကြီးလေးကြီးမှ ကိုယ်စားလှယ်များသည် မော်စကိုတွင် ဆွေးနွေးပွဲတရပ် ကျင်းပသည်။ ထိုဆွေးနွေးပွဲမှ ငြိမ်းချမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတရပ် ရှိအပ်ကြောင်းများ ပါဝင်သည့် "မော်စကို ကျေးဇူ စာတမ်း" တစောင်ကို ထုတ်ပြန်ကျေးဇူးခဲ့လေသည်။

၁၉၄၄-ခုနှစ်၊ သြဂုတ်လ ၂၁-မှ အောက်တိုဘာလ ၇-ရက်ထိ ကြီးလေးကြီးသည် ဝါရှင်တန်မြို့တော် ဒမ်ဘာတန် အဆောက်အဦတွင် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖွဲ့စည်းရန်အတွက် အသေးစိတ် အချက်အလက်များကို ဆွေးနွေး လျှာထားကြသည်။ လျှာထားပြီး အချက်အလက်များကို ထပ်မံ ဆွေးနွေးကြသည်။

၁၉၄၅-ခုနှစ်၊ ဖေဖော်ဝါရီလ ရောက်သောအခါ ကရိုင်းမီးယားနယ်၊ ယော်လတာမြို့တွင် ဗြိတိသျှ ဝန်ကြီးချုပ် ချာချီ၊ အမေရိကန် သမတကြီး ရှစ်ဗဲ့ ဆိုဗီယက် ခေါင်းဆောင်ကြီး စတာလင်တို့ တွေ့ဆုံ ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲမှာ နိုင်ငံပေါင်းစုံ ကျေးဇူးစာတမ်းကြီးကို လက်မှတ် ရေးထိုးခဲ့သည်။ ၂၆-နိုင်ငံမှ ကိုယ်စားလှယ်များသာမက ဂျာပန်နှင့် ဂျာမနီကို တိုက်ခိုက်နေသော အခြားနိုင်ငံများပါ ပါဝင်သော စည်းဝေးပွဲ တရပ်ကို ၁၉၄၅- ဧပြီ ၂၅-ရက်တွင် ကျင်းပရန် သဘောတူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၅-ခုနှစ်၊ ဧပြီ ၂၅-တွင် အမေရိကန်ပြည် ဆန်ဖရန်စစ္စကို၌ နိုင်ငံပေါင်းစုံကိုယ်စားလှယ်များပါဝင်သော စည်းဝေးပွဲကြီး တရပ်ကို ကျင်းပလေသည်။ ထိုညီလာခံမှ ဩမ္ဘာ့ ကုလသမဂ္ဂ စာချုပ်ကို တညီတညွတ်တည်း သဘောတူခဲ့သည်။ နောက်တနေ့တွင် နိုင်ငံပေါင်း ၅၀-မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး ကြလေသည်။

ဤသို့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူသားတို့၏ လုံခြုံရေးကို ဆောင်ရွက်ရေး၊ ညီမျှသော အခွင့်အရေးနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရေး၊ ပြည်ထောင်စုအချင်းချင်း ချစ်ကြည်ရေးစသည့် ရည်ရွယ်ချက်များ ပါရှိသော ကမ္ဘာ့ကုလသဂ္ဂ အဖွဲ့ကို ၁၉၄၅-ခုနှစ် အောက်တိုဘာလ ၂၄-ရက်တွင် နိုင်ငံပေါင်း ၅၁-နိုင်ငံ ပါဝင်လျက် အောင်မြင်စွာ လက်မှတ်ရေးထိုး ဖွဲ့စည်းလိုက်ကြသည်။ မြန်မာနိုင်ငံသည် ထိုစဉ်က မပါဝင်နိုင်သေးသဖြင့် လွတ်လပ်ရေး ရသည့် အခါတွင်မှ ပါဝင်ခဲ့လေသည်။ မြန်မာနိုင်ငံသည် အမှတ်စဉ်(၅၈)မြောက် ကုလသမဂ္ဂဝင် နိုင်ငံတနိုင်ငံဖြစ်သည်။ ယနေ့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း တရာကျော် ဖြစ်နေပြီဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးများ

ကုလသမဂ္ဂ အဆောက်အဦကို အမေရိကန်ပြည် နယူးယောက်မြို့တွင် ထားရှိသည်။ ကုလသမဂ္ဂအဆောက်အဦမှာ အထပ်ပေါင်း ၃၉-ထပ် ရှိသည်။ ကုလသမဂ္ဂတွင် အထေထေလွတ်တော်၊ လုံခြုံရေး ကောင်စီ၊ စီးပွားရေးနှင့် လူမှုရေးအဖွဲ့၊ နိုင်ငံများ ထိန်းသိမ်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ တရားရေးရုံးတော်၊ အတွင်းရေးမှူးရုံး စသည်အားဖြင့် ၄ဘနပေါင်း မျှားစွာ ခွဲခြားထားသည်။ အထူးအဖွဲ့များအဖြစ်ဖြင့် အပြည်ပြည်ဆိုင်ရာ အစည်းအရုံးများ၊ ရိုက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ နိုင်ငံပေါင်းစုံ သိပ္ပံပညာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၊ ကမ္ဘာ့ငွေကြေးဆိုင်ရာ ရံပုံငွေအဖွဲ့၊ ကမ္ဘာ့ ကူးသန်းရောင်းဝယ်ရေးအဖွဲ့ စသည်အားဖြင့် အဖွဲ့ပေါင်းများစွာ ခွဲခြားဖွဲ့စည်းထားသည်။ ကုလသမဂ္ဂ၏လုပ်ငန်းဆောင်တာ အားလုံးကို တာဝန်ယူ ဆောင်ရွက်ရန် ကုလသမဂ္ဂ အဖွဲ့ကြီး၏ အုပ်ချုပ်ရေးအရာရှိ အတွင်းရေးမှူးချုပ်ကို ရွေးချယ် ခန့်ထားသည်။ လုံခြုံရေး ကောင်စီ၏ ထောက်ခံချက်အရ အထေထေ လွတ်တော်က အတွင်းရေးမှူးချုပ်ကို ခန့်ထားလေသည်။

၁။ ပထမ အတွင်းရေးမှူးချုပ်မှာ နော်ဝေးနိုင်ငံမှ မစ္စတာ ထရဗီလီး ဖြစ်သည်။ ကိုးရိုးယားစစ်နှင့် ပတ်သက်၍ ဆောင်ရွက်ပုံကို ဆိုဗီယက်က မကျေနပ်၍ အပြင်းအထန် ကန့်ကွက်သဖြင့် သုံးနှစ်မပြည့်မီ ရာထူးမှနှုတ်ထွက်ရသည်။

၂။ ဒုတိယ အတွင်းရေးမှူးချုပ်မှာ ဆွီဒင်နိုင်ငံမှ မစ္စတာ ဒက်ဟမ်းမားရှိုးဖြစ်၏။ ၁၉၆၁ စက်တင်ဘာ ၁၇ ရက်နေ့တွင် ဒုတိယ ငါးနှစ်သက်တမ်းအတွင်း လေယာဉ်ပျက်ကျ၍ သေဆုံးသည်။ ကွန်ဂိုသို့အသွား ၁၉၆၁ ခုနှစ်အတွင်း သေဆုံးခြင်း ဖြစ်သည်။

၃။ တတိယ အတွင်းရေးမှူးချုပ်မှာ မြန်မာနိုင်ငံမှ ဦးသန့် ဖြစ်သည်။ ၁၉၆၁ ခုနှစ် နိုဝင်ဘာလမှစ၍ အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ရေးမှူးချုပ်အဖြစ် ဆောင်ရွက်သည်။ အတွင်းရေးမှူး ချုပ်၏ ရာထူးမှာ ၁၃၆၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ဦးသန့်၏ အတွင်းရေးမှူး ချုပ် သက်တမ်း ကုန်ဆုံးသည်။ ကမ္ဘာ့နိုင်ငံအားလုံးက ဦးသန့်အား နောက်တရစ် ၁ နှစ်သက်တမ်းအတွင်းတွင် အတွင်းရေးမှူးချုပ်အဖြစ်ဖြင့် ဆောင်ရွက်ရန် မေတ္တာ ရပ်ခံကြသည်။ ဆန္ဒပေးကြသည်။ ဦးသန့်က ၁၃၆၆ ခုနှစ် စက်တာဘာလ ၁ ရက်နေ့တွင် အတွင်းရေးမှူး ချုပ်အဖြစ်ဖြင့် နောက်ထပ် ၁ နှစ် ဆောင်ရွက်ရန် ငြင်းပယ်သော ကျေးဇူးစာတမ်းတစောင် ထုတ်ပြန်သည်။ ၎င်းလ ဗီယက်နမ်ပြဿနာကို ကုလသမဂ္ဂအဖွဲ့ကြီး က မည်သို့မျှ ကူညီဆောင်ရွက်ပေးနိုင်စွမ်းမရှိ၍ ရာထူးမှ နှုတ်ထွက်ရန် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း လုံခြုံရေး ကောင်စီသို့ အကြောင်းကြားစာတွင် ဖော်ပြထားလေ သည်။ (ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ မေတ္တာရပ်ခံ ချက်အရ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာ၀န် နောက်ထပ် ၁ နှစ်ကို ဦးသန့်လက်ခံလိုက်သည်။ ဦးသန့် တွင် ဆက်လက်ဖတ်ရှုပါ)

ကုသလမဂ္ဂအဖွဲ့ဝင်နိုင်ငံများ

၁၉၆၆ ခုနှစ် ဒီဇင်္ဘာအထိ ကုလသဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၂၂ နိုင်ငံရှိသည်။ ၎င်းနိုင်ငံများကို ကုလသမဂ္ဂ အဖွဲ့ ဝင်အမှတ်စဉ် အဖွဲ့ဝင်နေ့နှင့်တကွ ပူးတွဲဖော်ပြလိုက်သည်။

အမှတ်စဉ်	တိုင်းပြည်	အဖွဲ့ဝင်နေ့
၁။	အာဂျင်တီးနား	၁၄-၁၀-၄၅
၂။	ဘရာဇီးလ်	။
၃။	ဘိုင်လိုရပ်ရှား	။
၄။	ချီလီ	။
၅။	တရုပ်ပြည်(ချန်ကေရှိတ်)	။
၆။	ကျူးဘား	။
၇။	ချတ်ကိုစလိုဗေးကီးယား	။
၈။	ဒင်းမတ်	။
၉။	ဒိုမီနီကန်	။
၁၀။	အဲလ်ဆာဗေဒါ	။
၁၁။	ပြင်သစ်	။
၁၂။	ဟေတီ	။
၁၃။	အီရန်	။
၁၄။	လီဘာနွန်	။
၁၅။	လူဇင်းဘတ်	။
၁၆။	နယူးဇီလန်	။
၁၇။	နီကရာဂွာ	။
၁၈။	ပါရာဂွေး	။
၁၉။	ဖိလစ်ပိုင်	။
၂၀။	ပိုလန်	။
၂၁။	ဆော်ဒီအာရေးဗီးယား	။
၂၂။	ဆီးရီးယား	။

www.burmeseclassic.com

www.burmeseclassic.com

၂၃။	တူရကီ	။
၂၄။	ယူကရိန်း	။
၂၅။	ဆိုဗီယက်ယူနီယံ	။
၂၆။	အာရန်ပြည်ထောင်စု	။
၂၇။	ဗြိတိန်	။
၂၈။	အမေရိကန်	။
၂၉။	ယူဂိုဆလားဗီးယား	။
၃၀။	ဂရိ	၂၅-၁၀-၄၅
၃၁။	အိန္ဒိယ	၃၀-၁၀-၄၅
၃၂။	ပီရူး	၃၁-၁၀-၄၅
၃၃။	ဩစတြေးလျ	၁-၁၁-၄၅
၃၄။	ဘော့စတာရီကာ	၂-၁၁-၄၅
၃၅။	လိုက်ဘေးရီးယား	၂-၁၁-၄၅
၃၆။	ကိုလံဘီယာ	၅-၁၁-၄၅
၃၇။	မက္ကဆီကို	၇-၁၁-၄၅
၃၈။	တောင်အာဖရိက	၇-၁၁-၄၅
၃၉။	ကနေဒါ	၉-၁၁-၄၅
၄၀။	အီသီယိုပီးယား	၁၃-၁၁-၄၅
၄၁။	ပနားမား	၁၃-၁၁-၄၅
၄၂။	ဘိုလီဗီးယား	၁၄-၁၁-၄၅
၄၃။	ဗင်နီဇွဲလား	၁၅-၁၁-၄၅
၄၄။	ဂွာတီမခလာ	၂၁-၁၁-၄၅
၄၅။	နော်ဝေး	၂၇-၁၁-၄၅
၄၆။	နယ်သာလင်	၁၀-၁၂-၄၅

၄၇။	ဟွန်းဒူးရပ်စ်	၁၇-၁၂-၄၅
၄၈။	ဥရုဂွေး	၁၈-၁၂-၄၅
၄၉။	အီဂွေဒါ	၂၁-၁၂-၄၅
၅၀။	အီရတ်	၂၁-၂၁-၄၅
၅၁။	တယ်လ်ဂျီယံ	၂၇-၁၂-၄၅
၅၂။	အာဖဂန်နစ္စတန်	၁၉-၁၁-၄၆
၅၃။	အိုက်စလန်	၁၉-၁၁-၄၆
၅၄။	ဆီဒင်	၁၉-၁၁-၄၆
၅၅။	ယိုးဒယား	၁၆-၁၂-၄၆
၅၆။	ပါကစ္စတန်	၃၀-၉-၄၇
၅၇။	ယီမင်	၃၀-၉-၄၇
၅၈။	မြန်မာ	၁၉-၄-၄၈
၅၉။	အစ္စရေး	၁၁၊၅၊၄၉
၆၀။	အင်ဒိုနီးရှား	၂၈၊၉၊၅၀-ဝင်
		၂၁၊၁၊၆၅-နှုတ်ထွက်၊
		၁၃၊၈၊၆၆၊ပြန်ဝင်
၆၁။	အယ်လ်ဘေးနီးယား	၁၄၊၁၂၊၅၅
၆၂။	ဩစတေးလီယား	၁၄၊၁၂၊၅၅
၆၃။	ဘူလဂေးရီးယား	၁၄၊၁၂၊၅၅
၆၄။	ကမ္ဘောဒီးယား	၁၄၊၁၂၊၅၅
၆၅။	သီဟို	၁၄၊၁၂၊၅၅
၆၆။	ဖင်လန်	၁၄၊၁၂၊၅၅
၆၇။	ဟန်ဂေရီ	။
၆၈။	အိုင်ယာလန်	။

www.burmeseclassic.com

www.burmeseclassic.com

၆၉။	အီတလီ	။
၇၀။	ကျော်ဒန်	။
၇၁။	လာအို	။
၇၂။	လစ်ဗျ	။
၇၃။	နီပေါလ်	။
၇၄။	ပေါ်တူဂီ	။
၇၅။	ရူမေးနီးယား	။
၇၆။	စပိန်	။
၇၇။	မော်ရိုကို	၁၂၊၁၃၊၁၆
၇၈။	ဆူဒန်	။
၇၉။	ကျူးနီးရှား	။
၈၀။	ဂျပန်	၁၈၊၁၂၊၁၆
၈၁။	ဂါနာ	၈၊၃၊၁၇
၈၂။	ဂိုနီယာ	၁၂၊၁၂၊၁၈
၈၃။	ကင်းမရွန်း	၂၀၊၉၊၆၀
၈၄။	ဗဟိုအာဖရိက	။
၈၅။	ချက်	။
၈၆။	ကွန်ဂို(ဘရာဇာဗီးလ်)	။
၈၇။	ကွန်ဂို(လီယိုပိုဗီးလ်)	။
၈၈။	ဆိုက်ပရပ်စ်	။
၈၉။	ဒါဟိုမီ	။
၉၀။	ဂါဘွန်	။
၉၁။	အိုင်ဗရီကို့စ်	။
၉၂။	မဒါဂါစကာ	။

၉၃။	နိုင်ဂျီးရီး	၂၀-၉-၆၀
၉၄။	ဆိုမာလီယာ	။
၉၅။	တိုဂို	။
၉၆။	အထက်ပိုင်းဗောလ်တာ	။
၉၇။	မာလီ	၂၈၊၉၊၆၀
၉၈။	ဆီနီဂေါလ်	။
၉၉။	နိုင်ဂျီးရီးယား	၇၊၁၀၊၆၀
၁၀၀။	ဆီယာရာလီယွန်နီ	၂၇၊၁၀၊၆၀
၁၀၁။	မော်ရစ်တေးနီးယား	။
၁၀၂။	မွန်ရိုးလီးယား	။
၁၀၃။	ဘရွန်ဒီ	၁၈၊၉၊၆၂
၁၀၄။	ဂျမေကာ	။
၁၀၅။	ရဝမ်ဒါ	။
၁၀၆။	ထရီနီဒက်နှင့် တိုဘာဂို	။
၁၀၇။	အယ်လ်ဂျီးရီးယား	၈၊၁၀၊၆၂
၁၀၈။	ယူဂန်ဂါ	၂၅၊၁၀၊၆၂
၁၀၉။	ကူဝိတ်	၁၄၊၅၊၆၃
၁၁၀။	မလေးရှား	၁၆၊၉၊၆၃
၁၁၁။	ကင်ယား	၁၆၊၁၂၊၆၃
၁၁၂။	တန်ဇားနီးယား	၂၆၊၄၊၆၄
၁၁၃။	မာလာဝီ	၁၊၁၂၊၆၄
၁၁၄။	မော်လတာ	။
၁၁၅။	ဇမ်ဘီယာ	။
၁၁၆။	စင်ကာပူ	၂၁၊၉၊၆၅

www.burmeseclassic.com

www.burmeseclassic.com

၁၁၇။	ဂမ်ဘီယာ	၂၀-၉-၆၅
၁၁၈။	မော်လဒိုက်	။
၁၁၉။	ဂူယာနာ	။
၁၂၀။	ဘော့စဝါနာ	၁၇၊၁၀၊၆၉
၁၂၁။	လီဆိုသို	။
၁၂၂။	ဘာဘေဒိုးစ်	၉၊၁၂၊၆၆

× × ×

ပြည်ထောင်စုတိုင်းဘွားလူမျိုးများ

မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးများတွင် မြန်မာ ရှမ်း၊ ကချင်၊ ကရင်၊ ရခိုင်၊ မွန်၊ ကယား၊ နာဂ၊ ပလောင်စသည် တို့မှာ လူသီးများသော လူမျိုးအမည်များ ဖြစ်ကြသည်။ အမှန် စင်စစ်မြန်မာတိုင်းဘွားလူမျိုးများမှာ တရုပင်ကျော်လေသည်။ သို့သော် တချို့ လူမျိုးအမည်များမှာ သီးခြားလူမျိုးစုတစုမဟုတ် ဘဲ လူမျိုးစုကြီးတစုမှ ပွားလာသော အလားတူ အမျိုးတူ လူမျိုးစုများဖြစ်ကြသည်။ ဥပမာအားဖြင့် ရှမ်း-နာဂဟု သိမ်းရှိ ခေါ်နေကြသော်လည်း ရှမ်းအမျိုးပေါင်း ၃၀-နှင့် နာဂ ၆၄ မျိုးရှိနေခြင်းကဲ့သို့ ဆင်တူယိုးမှား အမည်ကွဲပြားခြင်းမျိုး ဖြစ် သည်။ ယခုပြည်ထောင်စုလူမျိုးများ၏ အမည်များကို အကျဉ်း စဉ်လိုက်ဖော်ပြလိုက်သည်။ အချို့ လူမျိုးများမှာ အမည်သာကွဲ လဲသော်လည်း အတူတူပင်ဖြစ်တည်။ ဥပမာ ချင်းပေါ်၊ဂျင်းဖော၊ သိန်းဖောနှင့် ကချင်မှာ အတူတူဖြစ်သကဲ့သို့ပင် ဖြစ်သည်။

(က)

ကရင်၊ ကချင်(ချင်းဖော၊ဂျင်းဖော၊သိန်းဖော)၊ ကရင်ချင်း ကိုးချင်း၊ ကယား(ကရင်နီ)၊ ကနောင်ချင်း၊ ကလင်ကလန်ချင်း ကဆု၊ကဆုချင်း၊ကမီး၊ကလွန်း၊ ကဒူး၊ ကမု၊ ကမက်၊ကဖောက်၊ ကု၊ ကုကီ၊ ကို၊ ကော၊ ကင်း၊ ကိဉ္စစ်၊ ကောင်တန် (ပအို)၊ ကေခို၊ ကဲ့ချုင်ဒပ်၊ ကျော့ခ။

(ခ)

ချင်းပေါ်၊ (သိန်းဖော၊ ဂျင်းပေါ်၊ ကချင်) ချင်းဘုန်း၊ (ချင်းပုတ်)၊ ချောင်းသား(တောင်သား-သက်)၊ချင်း၊ (ချင်းမဲ)၊ ခရိုက်(ပအို)ဂုံမှမ်း၊ (ခမင်)၊ ခ္ဒာမွန်(ဝ)။

(ဂ)

ဂျင်းဖော(သိန်းဖော)၊ဂွမ်းမိုင်၊ ဂုံ၊ (ခမင်) ဂွန်ဂူ(ဝ) ဂေါရီ၊ ဂွေးများ။

(စ)

စဆံကချင်၊ စိုင်ပေါင်း၊ စဆောဆရင်၊ စရင်း၊ စင်ပိုး၊ စုကတ္ထေးချင်း၊ စပေါင်း၊ စီရင်ချင်း၊ စစ်တူချင်း။

(ဆ)

ဆုံ၊ဆလုံ၊ဆောင်တန်ကရင်၊ ဆစ်ဇီ၊ ဆဲလွန်၊ ဆဲဆန်၊ဆံဘွန် (ဝ)၊ ဆမရှာချင်း။

(ဇ)

တထိန်၊ ဇိုင်းရန်း(ဝ)။

www.burmeseclassic.com

www.burmeseclassic.com

(တ)

တောင်ညို၊ တရက်(ပအို)၊ တီတောက်၊ တအန့်၊ (ပလောင်)၊ တလိုင်း(မွန်)၊ တိုင်း (တို့င်းမျိုးသုံးဆယ်)၊ တောင်သူ (ပအို)၊ တရွှန်ချင်း၊ တောင်ရိုး-တောင်သား (ချောင်းသားသက်)တွေ့ စစ်၊ တူရိမ်၊ တန်ဥ၊ တရင်၊ တော။

(ထ)

ထားဝယ်(ဒဝယ်)၊ထမန်း၊ထမံသီ။

(ဒ)

ဒိုင်းနက်၊ ဒုဝယ်(ထားဝယ်)၊ ဒူးလန်၊ဒါရှ။

(ဝ)

ဝနော့-ဝနှ(မြေလတ်သား)။

(နံ)

နာဂ(ဖ-ရှိုးရှိသည်)၊ နန့်၊ နောင်ရဲ၊ နံခွန်ကချင်၊နန်ဝူမရှ၊ နန်းသလိပ်ချင်း။

(ပ)

ပဒုံ၊ ပအို(တောင်သူ)၊ ပမွန်း၊ ပလေ၊ (ဟူမိုင်)၊ ပလောင် (တအန့်၊ဝူမိုစ်) ပိန်းကူး (တိုင်းခန်)၊ ပိုးကရင်၊ ပိုးချင်း၊ ပျင်း၊ ပလိုင်း၊ တရင်၊ ပဲကွန်း၊ ပန်းနယ်။

(ဖ)

ဖတင်း(ဖိုလုတ်-ဝ)၊ ဖုန်း၊ ဖလန်းချင်း။

(ဗ)

ဗမာ(မြန်မာ)၊ ဗရဲ၊ ဗောင်းရှည်၊ ဗမခမူစလင် (သီးခြား လူမျိုး မဟုတ်သော်လည်း လူဦးရေများသည်။)

(ဘ)

ဘန်ပပ်၊ဘိတ်သား(မြိတ်)၊ဘီလွတ်၊ဘိုခဲ။

(မ)

မြန်မာ(ဂ-မျိုး)၊ မွန်(တလိုင်း)မနိုး၊ မပန်း(ဝ)၊ မိုင်းသာ၊ မော(ရှမ်း)၊ မြေလတ်သား(ဝနော့-ဝနှ)၊ မြိတ်သား (ဘိတ်)၊ မဲအို၊ မရှူး၊ မင်ချယ်၊ မဲအိုးစွပ်၊ မင်မိုး၊ မှုရှိုး-မရိုး(မြို)၊ မုဆိုး မှုံးရင်ချင်း၊ မရစ်၊ ကချင်၊ မရှင် ကချင်၊ မဲပတ်၊ မိုင်၊ မောခင်၊ မျှင်း(မြောင်းစီး)မစ်မိ၊မနှ၊မနော၊ မိုင်း။

(ယ)

ယလိုင်း၊ ဈပိန်၊ ယန်တလဲ၊ ယတော်ချင်း၊ ယိုကွာချင်း၊ ယောယင်(လီရှ-လီရှော)၊ယော၊ ယင်းဘော၊ ယန့်ဝန့်ခွန်၊ယွန်း၊ ယင်းဒူး၊ ယန်းယဉ်ဆက်၊ယန်း၊ယင်းလင်၊ယန်း။

(ရ)

ရှမ်း (အမျိုးပေါင်း-၃ ဝ)၊ ရခိုင်၊ ရိုင်း၊ ရှုဇမန်ဆစ်၊ ရှမိုင် (ပလး-ပလောင်-ဟူမိုင်)။

(လ)

လဝ (လ နှင့် ဝ အမျိုးသား)၊ လမတ်၊ လ၊ လဟိ(လရှ)၊ လီရှ၊ယမရှိချင်း၊ လိုချယ်၊ လူရှော၊ လွယ်လုံကရင်၊ လယ်ပဲကချင်

www.burmeseclassic.com

www.burmeseclassic.com

လာကိုက်လိုတေ၊ လဲ၊ ဈလိုင်း၊ လားဟူ(လဥ)၊ လတုံ့ကချင် လဟူပတ်၊ လူဇီး။

(ဝ)

ဝ(ဝဖာ-ဗှလင်းနှ်)၊ ဝမော၊ ဝနှင်း၊ ဂွန်ဂူဝမ်၊ ဝဲလောင်ချင်၊ ဝင်နိုချင်း။

(သ)

သျှမ်း(တိုင်းရှမ်း)၊ သိန်းဖော(ဂျင်းဖော-ဈချင်)။

(ဟ)

ဟူမိုင်(ရှုပိုင်-ပလေ-ပလောင်)၊ ဟစာချင်း။

(အ)

အခိုးအစိ၊ အိန်း၊ အီဈော၊ အန၊ အင်းသား၊ အခ၊ အိုရင်ဘောဆင်။

ရှမ်းအမျိုးသုံးဆယ်

ရှမ်းအမျိုးမှာ သုံးဆယ်ရှိသည်။ ယနေ့ထိ ရေတွက်သတ်မှတ်ထားသော ရှမ်းမျိုးသုံးဆယ်မှာ အောက်ပါတို့ ဖြစ်သည်။

၁။ တိုင်းတို့င်း	၂။ တိုင်းပလောင်
၃။ တိုင်းပလောင်း	၄။ တိုင်းပလဲ
၅။ တိုင်းလိုင်း(ရှမ်းနီ)	၆။ တိုင်းလုံ(ရှမ်းကြီး)
၇။ တိုင်းယင်	၈။ တိုင်းခန်
၉။ တိုင်းလ	၁၀။ တိုင်းယွန်း
၁၁။ တိုင်းလျှိ	၁၂။ တိုင်းတုန်း
၁၃။ တိုင်းလျှ ိမ်း	၁၄။ တိုင်းခွန်
၁၅။ တိုင်းအာ	၁၆။ တိုင်းခင်
၁၇။ တိုင်းတိုင်	၁၈။ တိုင်းတက်
၁၉။ တိုင်းအီ	၂၀။ တိုင်းမုဆိုး
၂၁။ တိုင်းလီရှော	၂၂။ တိုင်းခေ(ရှမ်းတရုတ်)
၂၃။ တိုင်းမြန်	၂၄။ တိုင်းတောင်သူ
၂၅။ တိုင်းအာဟုန်	၂၆။ တိုင်းဝ
၂၇။ တိုင်းတောင်ရိုး	၂၈။ တိုင်းမော
၂၉။ တိုင်းလော	၃၀။ တိုင်းခန္ဓီး

နာဂလူမျိုး ၆၄ မျိုး

နာဂလူမျိုး ၆၄-မျိုးရှိသည်။ မူရင်း နာဂ လူမျိုးကြီးမှာ (ဆွမ်မရာနာဂ၊ ထင်နာဂ၊ ဟဲစန်းနာဂ၊ဟဲမြေနာဂ)ဟူ၍ လေးမျိုးသာရှိသည်။ ၎င်းလေးမျိုးမှ ဆွမ်မရာနာဂ ၄-မျိုး၊ ထင်နာဂ ၈-မျိုး၊ စန်းနာဂ ၃-မျိုးနှင့် ဟဲမြေနာဂ ၄၉-မျိုး၊ ပေါင်း ၆၄ မျိုးဖြစ်သည်။ နာဂလူမျိုး ၆၄-မျိုးကို အောက်တွင် ဖော်ပြလိုက်သည်။

ဆွမ်မရာနာဂ

၁။ တန်ကွန်နာဂ	၂။ ပါဆုနာဂ
၃။ ခေါင်ဆယ်နာဂ	၄။ ပါဂျန်နာဂ

www.burmeseclassic.com

www.burmeseclassic.com

စန်းနှာဂ

၅။ စန်းနှာဂ
၆။ စေနှာဂ
၇။ ကာယောနှာဂ

ထင်နှာဂ

၈။ မစန်နှာဂ
၉။ လဲနောင်နှာဂ
၁၀။ ရော်တိုင်နှာဂ
၁၁။ ပုံညှိနှာဂ
၁၂။ ဆော်လော်နှာဂ
၁၃။ နောက်ဆော်နှာဂ
၁၄။ စေမျိုးနှာဂ
၁၅။ ဆပ်လောနှာဂ

ဟဲမြေနှာဂ

၁၆။ ဟော့ဂလွန်းနှာဂ
၁၇။ ဆန်တဲ့နှာဂ
၁၈။ လျောက်ရမ်းနှာဂ
၁၉။ ရန်စီနှာ
၂၀။ ကာဆန်းနှာဂ
၂၁။ ရောင်ကွန်းနှာဂ
၂၂။ ပိန်ကူးနှာဂ
၂၃။ ကန်ကျူးနှာဂ
၂၄။ လဆားနှာဂ
၂၅။ ရန်ဆားနှာဂ
၂၆။ ရန်ဆဲနှာဂ
၂၇။ ရန်ခူးနှာဂ
၂၈။ တောင်လွန်းနှာဂ
၂၉။ လပ်ကဲနှာဂ
၃၀။ ခလတ်နှာဂ
၃၁။ လုံခယ်နှာဂ
၃၂။ လစော်နှာဂ
၃၃။ လီဆားနှာဂ
၃၄။ ကကျူးနှာဂ
၃၅။ လွန်လူးနှာဂ
၃၆။ ပုံဆိန်းနှာဂ
၃၇။ စိတ်ဝါးနှာဂ
၃၈။ ရှစ်ရောနှာဂ
၃၉။ ကကျန်းနှာဂ

ပြန်ကားနှာဂ

၄၀။ ကျန်ကောက်(ချင်ဘောက်)နှာဂ
၄၁။ ရှန်းမြိန်နှာဂ
၄၂။ လုံးလီးနှာဂ
၄၃။ တောင်ဝဲ (ခုံးဟီး) နှာဂ
၄၄။ ဟစန်းနှာဂ
၄၅။ မော်ရှန်းနှာဂ
၄၆။ ဆန်းကျဲနှာဂ
၄၇။ ကျန်ဖန်းနှာဂ
၄၈။ ဟာလွန်းနှာဂ
၄၉။ ကလွန်းနှာဂ
၅၀။ ရာနူးနှာဂ
၅၁။ ဏနန်းနှာဂ
၅၂။ ကချီးနှာဂ
၅၃။ မဲမှောင်နှာဂ
၅၄။ ဆုန်ဆိန်းနှာဂ
၅၅။ ပေါ်တဲနှာဂ
၅၆။ ဝမ်းလမ်းနှာဂ
၅၇။ တောင်ကျွဲနှာဂ
၅၈။ ရာမိကိုးနှာဂ
၅၉။ ကမန်းနှာဂ
၆၀။ ကျက်ဆန်နှာဂ
၆၁။ မော်ရမ်းနှာဂ
၆၂။ မယ်တဲ(မိတ့)နှာဂ
၆၃။ ရန်နှောနှာဂ

ကချင်လူမျိုး

အမည်။ ။ကချင်လူမျိုးများကို မြန်မာတို့က ကချင် ဟု ခေါ်သော်လည်း ကချင်လူမျိုးတို့ကမူ ၎င်းတို့ဘာသာစကားဖြင့် ဂျင်းဖောဟု ခေါ်သည်။ ကချင် ဟူသော စကားသည် ကချင်လူမျိုးတို့၏ ဘာသာစကား မဟုတ်ပေ။

တရုပ်လူမျိုးတို့က ကချင်ကို(ရှန်ထို)ဟုခေါ်သည်။ ဟောင်တိပ်သားဟူ၍ အဓိပ္ပာယ်ရရှိသည်။ အာသံပြည်တွင် ကချင်က

www.burmeseclassic.com

www.burmeseclassic.com

(စဖိုး)ဟု ခေါ်သည်။ ရှမ်းလူမျိုးတို့ကမူ (ခန်ဝ)ဟု ခေါ်သည်။ ရှေးကျသော မြန်မာကျောက်စာများတွင် ကချင် ဟူသော စကား အသုံးအနှုန်းကို မတွေ့ရသော်လည်း မြန်မာသက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသည့် ညောင်ဦးရှေစည်းခုံညံ ၄၀-ကျောက်စာတွင် (ကခြင်)ဟု ရေးထိုးခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာမှတ်တမ်းများ၌ ကချင်ကို (သိမ်းဖော)ဟူ၍ ရေးမှတ်ခဲ့သည်။

ကချင်လူမျိုးအုပ်စုကွဲများ

ကချင်လူမျိုးကို မြန်မာကသာ ကချင်ဟု ခေါ်သော်လည်း ၎င်းတို့ကိုယ်တိုင်ကမူ ဂျင်းဖောလူမျိုးဟုခေါ်ကြောင်း အထက်တွင် ရှင်းခဲ့သည်။ သို့သော် ဒေသကိုလိုက်၍ ကချင်များကို ဂျင်းဖောဟုခေါ်သည့်အပြင် အထက်မြစ်ဖျားဘက်တွင်(ခခု)ဟု ခေါ်ကြသည်။ (ခခု)မှာ မြစ်ဖျားဟူ၍ အဓိပ္ပာယ်ရသည်။

ကချင်လူမျိုး အုပ်စု ၂၀-ရှိသည်။ သို့သော် ၅-စုမှာသာ ထင်ရှားပြီး ကျန် ၁၅-စုမှာ မထင်ရှားပေ။

ကချင်လူမျိုးတို့၏ အယူအဆအရ ၎င်းတို့တွင် ရှေးဦးစွာ (ဝချက်ဝ)ဟူသော ဖခင်ကြီး တဦးရှိသည်။ ၎င်းဖခင်ကြီးတွင် သားငါးဦးရှိရာ ထိုသားငါးဦးမှထင်ရှားသောလူမျိုးစုကြီးငါးစု ဖြစ်ပေါ်လာသည်။ လူမျိုးစုကြီးများမှာ(၁)မရစ်၊(၂)လဆော၊ (၃)လဖိုင်း၊(၄)အင်ခမ်နှင့် (၅) မရမ်တို့ဖြစ်ကြသည်။

မရမ်အုပ်စုမှာ အကိုအကြီးဆုံးမှ ပေါက်ဖွားဆင်းသက်လာသော အုပ်စုဖြစ်ပြီး ဝါအရင့်ဆုံးဖြစ်သည်။ လဖိုင်အုပ်စုမှာမူ အင်

အားအကြီးဆုံး ဖြစ်သည်။ ဤ လူမျိုးကြီး အုပ်စု ငါးစုတို့မှာ အထင်အရှားဖြစ်ပြီး ဖခင်ကြီး ဝချက်ဝ၏ ညီငယ် ၇ ဦးမှ ဆင်းသက် ပေါက်ဖွားလာသည့် လူမျိုးအုပ်စု ၁၅-စုလည်း ရှိသည်။ ထင်ရှားခြင်းကား မရှိပေ။

ကချင်ပြည်နယ်

မြန်မာနိုင်ငံ၏မြောက်ဘက်(မြောက်ဖျား)တွင် တည်ရှိသည်။ ရေဝတီနှင့် ချင်းတွင်းမြစ်ဖျားမြစ်ဝှမ်းဒေသဖြစ်သည်။ နက်ရှိုင်းထူထပ်သော သစ်တောများ၊ တောင်တန်းကြီးများ၊ ကြည်လင်သော ရေအိုင်၊ ရေတံခွန်- ချောင်းများရှိလျက် စိမ်းလန်းစိုပြေသော ဌာန ဖြစ်သည်။ မြောက်နှင့် အရှေ့တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် ကသာခရိုင်၊ အထက်ချင်းတွင်းခရိုင်၊ နှာဂတောင်တန်း၊ အာသံပြည်နယ်တို့ ဝန်းရံ တည်ရှိသည်။

လူဦးရေနှင့်သမိုင်း

ကချင်လူမျိုးတို့သည် တိဘက်-မြန်မာအနွယ်ဝင်များ ဖြစ်ကြသည်။ ၎င်းတို့၏ မူရင်းဒေသမှာ သဘာဝအားဖြင့် ပျံ့ပျှံနေသည့် တောင်ထိပ်ဟူ၍ အဓိပ္ပာယ် ရရှိသော(မဂ္ဂ ိုင်းရှင်ဂရဘုံ) ဖြစ်သည်ဟု ဆိုကြသည်။ ၁၉၅၄-ခုနှစ် သန်းခေါင်စာရင်းအရ ကချင်ပြည်နယ်တွင် လူဦးရေ၄၂၇,၀၀၀ခန့်ဖြစ်၏။ ၎င်းလူဦးရေမှာ ကချင်တမျိုးတည်း မဟုတ်ပေ။ ရှမ်းအမျိုးသား၊ မြန်မာ၊ အဇီ၊ လရှိ၊ မရှား၊ ဖွန်၊ မိုင်းသာ စသော လူမျိုးစု များလည်း ပါဝင်သည်။ ၁၉၄၈-ခုနှစ် သန်းခေါင်စာရင်းအရ ကချင်အမျိုးသားဦးရေမှာ ၂၂၀,၀၀၀ ကျော်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဓလေထုံးစံနှင့် အယူဝါဒ

ကချင်လူမျိုးတို့သည် နတ်ကိုးကွယ်သော လူမျိုးဖြစ်သည်။ မင်္ဂလာဆောင်များနှင့် အသုဘ အခမ်းအနားများတွင် ဒုမ်ခဆိုသော နတ်ဆရာက ညွှန်ပြသည့်အတိုင်း ပြုလုပ်ကြရသည်။

ကျေးရွာများတွင် ဆလိုင်း သို့မဟုတ် ပေါမိုင်းဟု ခေါ်သော အရပ်လူကြီးများက အမှုအခင်းများ၊ သာရေး- နာရေးများကို ဦးဆောင် ဆောင်ရွက်သည်။ မြန်မာပြည်မှ ဆယ်အိမ်မှူးများကဲ့သို့ ဖြစ်သည်။

ကချင်လူမျိုးတို့သည် ၎င်းတို့ သေးဆုံးသောအခါ သူတို့၏ ဝိညာဉ်များမှာ ရှေး အဖိုး အဖွားများ၏ ဝိညာဉ်များ ရှိရာသို့ သွားရောက်ပူးပေါင်းသည်ဟု အယူရှိကြသည်။သူတို့၏သင်းချိုင်း ပတ်လည်တွင် ကျုံးသဖွယ် မြောင်းများ တူးထားသည်။ သင်းချိုင်းအပေါ်တွင် ခိုင်ခံ့သော တင်းကုပ်များ ဆောက်လုပ်ပြီး အမိုး မိုးရ၍ ထားတတ်ကြသည်။ကချင်တဦး သေဆုံးလျှင် ၎င်းနေ့စဉ် အသုံးပြုခဲ့သည့် ဓား၊ လှံ၊ သေနတ်၊ အဝတ်အထည်များကို ၎င်းနှင့်အတူ မြှုပ်နှံလေသည်။

ကချင်လူမျိုးတို့တွင် မှုရင်းစာပေဟူ၍ မရှိပေ။ ရောမအက္ခရာများဖြင့် ခရစ်ယာန် သာသနာပြု ဘုန်းကြီးများ တီထွင်ပေးခဲ့သည့် စာ(ကချင်စာ)ကို လက်ခံ အသုံးပြုခဲ့သည်။ ၎င်းတို့၏ ဘာသာစကားဖြင့် ခေါ်ဝေါ်မရသော အကြောင်းအရာ ဝတ္ထု ပစ္စည်းများကို မြန်မာ-ရှမ်းစကားတို့ဖြင့် ခေါ်ဆိုကြသည်။

ယဉ်ကျေးမှု

ကချင်လူမျိုးတို့သည် မင်္ဂလာပွဲ၊ နတ်ပွဲ၊ အသုဘ စသည်တို့၌ အစုလိုက် အပြုံလိုက် သီဆို ကခုန်လေ့ ရှိကြသည်။ က ခုန်သီဆိုခြင်းကို ဝါသနာထုံသော လူမျိုးဟု ဆိုနိုင်သည်။ တယောက်တည်း ကခြင်းက နည်းပါးပြီး အစုလိုက် ကျားမတွဲ၍ကသည်ကများသည်။ ကျား-မ တွဲ ကရာတွင် တဦးကိုတဦး ကိုင်တွယ်ခြင်း၊ ပွေ့ဖက်ခြင်း မရှိကြပေ။ ကချင်လူမျိုးတို့၏ မိရိုးဖလာ အတီးအမှုတ် တူရိယာ ပစ္စည်းများမှာ မောင်း၊ လင်းကွင်း၊ ဗုံရှည်နှင့် ပြေ့တို့ ဖြစ်သည်။ ကချင်လူမျိုးတို့၏ (မနောပွဲ)မှာ အထူးထင်ရှားသော နတ်ပူဇော်ပွဲကြီး ဖြစ်လေသည်။

ကရင်လူမျိုး

ကရင်ဟူသော ဝေါဟာရ အဓိပ္ပာယ် အတိအကျကို သုတေသီတို့ လေ့လာဆဲ ဖြစ်သည်။ တိဘက်- မြန်မာ အစုအဝင် (ချင်)ဟူသော ဝေါဟာရ၊(ကမ်းယံ) ဟူသော ဝေါဟာရတို့မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ယူဆကြသည်။ကရင်လူမျိုးတို့သည် လူမျိုးအလိုက် ကရင်နီက ၎င်းတို့ ကိုယ်ကို (ကယား)ဟု ခေါ်ကြသကဲ့သို့ အခြား အမည်ကွဲများဖြင့် ခေါ်ဝေါ်ကြသည်။

ကရင်လူမျိုးအုပ်စုကွဲများ

ကရင်လူမျိုးတို့ကို (တောင်ပေါ် ကရင်နှင့် ကွင်းကရင်)ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ တောင်ပေါ်ကရင် အုပ်စုတွင်း ကယားခေါ် ကရင်နီ၊ ပရဲ့ ကရင်ဖြူ၊ ဘရိုင်ခေါ်ဘဲ့ ကခိုး၊

www.burmeseclassic.com

www.burmeseclassic.com

ပခေါင်း၊ ယင်းသော်၊ ယင်းတလဲ၊ မော်နေဘွား၊ ပအိုခေါ်
တောင်သူနှင့် ဇယိန်းတို့ ပါဝင်လေသည်။ ကွင်းကရင် အုပ်စု
တွင် ပိုး၊ စကောနှင့် ပအိုတို့ ပါဝင်သည်။

လူဦးရေနှင့် သမိုင်းစဉ်

တောင်ပေါ်ကရင် အုပ်စုတွင် ကယား သုံးသောင်းကျော်၊
ကရင်ဖြူ တသောင်း ၈ါးထောင်ကျော်၊ တောင်သူ တသိန်းကျော်
နှင့် ပခေါင်း တသောင်းခြောက်ထောင် ၈ါးရာ ပါဝင်လေသည်။
ကွင်းကရင်တို့တွင် စကော ၅-သိန်းကျော်၊ ပအို-တသိန်းနှင့်
ပိုးကရင် ၅-သိန်းခန့် ပါဝင်လေသည်။

ကရင်လူမျိုးတို့သည် တိဘက်မြန်မာ အနွယ်အဝင်များ ဖြစ်
ကြ၍ မြန်မာနိုင်ငံတွင်းသို့ မြန်မာနိုင်ငံ အရှေ့မြောက် ဒေသဆီမှ
သံလွင်မြစ်ကြောင်းတလျှောက် ဝင်ရောက်လာကြသူများ ဖြစ်
သည်။ ကရင်တို့သည် မြန်မာနိုင်ငံတွင်းသို့ မြန်မာထက် အနည်း
ငယ်စောလျှင်ဝင်ရောက်လာကြသည်ဟု ယုံကြည်ရသည်။ ၎င်းတို့၏
ပြန့်နှံ့ နေထိုင်ပုံမှာ ရှမ်းကုန်းပြင်မြင့် အနောက် တောင်ပိုင်း
လောက်တွင် အခြေစိုက်ပြီးနောက် ၎င်းမှ အနောက်တောင်နှင့်
တောင်ဘက် မြေပြန့်များသို့ တဖြည်းဖြည်း ဆင်းသက်လာဟန်
တူသည်။ မြေပြန့်သို့ ဦးစွာရောက်ရှိသူများမှာ ပိုးကရင်များ ဖြစ်
လေသည်။

မြန်မာ့သမိုင်းတွင် သရေခေတ္တရာ ပျက်ရသည်မှာ (စကော)
စစ်သည် ဝင်လာပြီဟု အထိတ်တလန့်ဖြစ်၍ ပျက်သည်ဟု ဆိုရာ
ထို(စကော)မှာ စကောကရင်များပင် ဖြစ်လေမည်လားဟုတွေးမိ
ထင်ဘွယ်ပင် ဖြစ်သည်။

ခလေထုံးစံနှင့် အယူဝါဒ

ကရင်လူမျိုးတို့သည် မြန်မာ လ အားဖြင့်ပြာသိုလဆန်းတရက်
နေ့တွင် နှစ်သစ်ကူးသဘင် ကျင်းပလေသည်။ ထိုနေ့တွင်တောင်
ယာမှရသော အသီးအနှံများကို ချက်ပြုတ်၍ စားဦးစားဖျားပြု
ဖြင့် လူကြီးမိဘများအား ကန်တော့ကြသည်။ မိတ်သင်္ဂဟများ
နှင့် ပျော်ရွှင်စားသောက်ကြသည်။ နှစ်သစ်မင်္ဂလာတွင် ဝမ်းစာ
သိုလှောင်ခြင်းပြုကြသည်။ လွန်ခဲ့သောနှစ်က သေဆုံးခဲ့သူများ
အား မီးသင်္ဂြိုဟ်ခဲ့သည့် ပြာများကို ဆောင်ဦးလေရှုးတွင် လွှင့်
ကြဲ ဖျောက်ဖျက်ပစ်ကြလေသည်။

ကရင်တို့သည် မူရင်းအားဖြင့် နတ် ကိုးကွယ်ကြသူများဖြစ်
သည်။ ကြက်ရိုးထိုးအလေ့အထများကို မျှားစွာယုံကြည်ကြသည်။
ကရင်အများအပြားမှာ ခရစ်ယန်ဘာသာဝင်များဖြစ်ကြသည်။
အနည်းစုသာ ဗုဒ္ဓဘာသာဝင်ဖြစ်လေသည်။

ကရင်တို့၏ ရှေးဟောင်း အယူအဆတခုကို ကရင်တို့၏ရှေး
သီချင်းတခုတွင် ထည့်သွင်းထားလေသည်။ ထိုတေးသီချင်းတွင်
(ဘုရား)ခေါ်ဘုရားသည် ကမ္ဘာကိုဖန်ဆင်းသည်။ ကရင်တို့၏ ညီ
ဖြစ်သည့်လူဖြူတို့သည် ကရင်များထံ ကျမ်းစာအုပ်များကိုယူလာ
ကြ၏ ဤကျမ်းစာအုပ်များကိုရရှိလျှင် ကရင်တို့ကြီးပွားတိုးတက်
ကြမည် ဟူသော အချက်အလက်များပင်ရှိလေသည်။ မြန်မာအင်
အား ပထမစစ်ပွဲအပြီးတွင် ရခိုင်နှင့်တနင်္သာရီတို့ ပြိတိသျှ လက်
အောက် ကျရောက်ခဲ့ရာ ခရစ်ယန်များသည် သာသနာပြုခြင်း
လုပ်ငန်းကို မြန်မာပြည်တွင် ကျယ်ကျယ်ပြန့်ပြန့်ခြေချနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကရင်လူမျိုးများသည် ၎င်းတို့ ရှေးဟောင်းတေးမှာ တပေါ်ဧ
ကဲ့သို့ ရှိနေရာ ကျမ်းစာအုပ်ယူဆောင်လာသော လူပြုခရစ်ယန်
သာသနာပြုများကို ပိုမိုယုံကြည်ခဲ့လေသည်။ ဤနည်းဖြင့်
တောင်တန်းဒေသတွင် ခရစ်ယန်သာသနာ လွယ်လွယ်ကူကူပျံ့နှံ့
ခဲ့ခြင်းဖြစ်သည်။

၁၈၆၆ ခုနှစ်သို့ ရောက်သောအခါ ဘိုးပိုက်ဆံ အမည်ခံ
ကရင်အမျိုးသားတဦးသည် ဗုဒ္ဓအယူဝါဒ၊ ခရစ်ယန်အယူဝါဒ
နှင့် ကရင်ရိုးရာကိုးကွယ်မှု အယူဝါဒတို့ကို စုပေါင်းကာ
သာသာသစ်တခုကို တီထွင်ခဲ့လေသည်။

စာပေတေးဂီတယဉ်ကျေးမှု

ကရင်စာပေမှာ ခရစ်ယန် သာသနာပြုများက တီထွင်
ပေးခဲ့သော စာများဖြစ်ကြသည်။ ၁၈၃၀ ခန့်က ဒေါက်တာ
စိတ်ခေါ် အမေရိကန် နှစ်ခြင်း သနာပြုတဦးက စတင် တီ
ထွင်သည်ဟုဆိုသည်။ ၎င်းသည် မြန်မာအက္ခရာကို အသုံးပြုပြီး
တီထွင်ကာ ခရစ်ယန်အယူဝါဒဆိုင်ရာ ကျမ်းများကို ရေးခဲ့
သည်။စကောကရင်ဘာသာဖြင့် ရေးခဲ့ခြင်းဖြစ်သည်။ ၁၈၄၁
ခုနှစ်သို့ရောက်သောအခါ ဒေါက်တာမေဆင်ခေါ် အမေရိကန်
သာသနာပြုတဦးသည် (မိုးသောက်ကြယ်) အမည်ရှိ စကော
ကရင် သတင်းစာတစောင်ကို ထားဝယ်မှထုတ်ဝေခဲ့သည်။ နှစ်
တရာနီးပါးမျှ သက်တမ်းရှည်ကြာခဲ့သည်။ ၁၈၄၀ ပြည့်နှစ်
တွင် မစ္စတာပရေဇန် ဆိုသူသည် ပိုးကရင်စာကို တီထွင်ခဲ့လေ
သည်။

ကရင်လူမျိုးတို့၏အရိုက အသက်မွေးဝမ်းကျောင်းခြင်း လုပ်
ငန်းမှာ တောင်ယာအလုပ်ပင်ဖြစ်သည်။ ၎င်းတို့သည် ရိုးသား
ဖြောင့်မှန်သူများ ဖြစ်သည်။ စကားမတည်ကြည် သူများကို
တကြိမ်တခါမယုံကြည်မှုဖြစ်ပြီးလျှင် ထိုသူကို နောင်ဘယ်သော
အခါမျှ ယုံကြည်တော့မည်မဟုတ်ပေ။

ကရင်လူမျိုးတို့၏ အကတွင်ဒုံးယိမ်းအက၊ဝါးညှပ်အကသည်
ထင်ရှားရှိ လူကြိုက်များသော ယဉ်ကျေးမှုတရပ် ဖြစ်လေ
သည်။

(နေရာအခက်အခဲကြောင့် မြန်မာတိုင်းရင်းသားလူမျိုးများ
အကြောင်းကို ဤမျှသာ ဖော်ပြနိုင်ပါသည်)။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ

မြန်မာ့ လွတ်လပ်ရေးအတွက်
တော်လှန်ရေးမျိုးစေ့ချပေးခဲ့သူများ
လက်နက်ဖွဲ့ကိုင် တိုက်ပွဲ ဝင်ခဲ့ကြသူများ
ယင်းတို့၏
ဘဝဖြစ်စဉ် ဖြစ်ရပ်များ
မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်
တိုက်ပွဲစဉ်တလျှောက်
ဖွဲ့စည်းခဲ့သော
နိုင်ငံရေးအဖွဲ့အစည်းများ
ပါဝင်ဦးဆောင်ခဲ့သော ပုဂ္ဂိုလ်များ
မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲစဉ်
ဖြစ်စဉ် ဖြစ်ရပ်များ

www.burmeseclassic.com

www.burmeseclassic.com

ဝန်သိုဇာနည် စော်ဘွားကြီး ဦးအောင်မြတ်

၁၈၇၅ ခုနှစ် ဒီဇင်ဘာ ၂၉။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် အင်္ဂါနေ့တွင် မြန်မာဘုရင် သီပေါမင်း ပါတော်မူသည်။ ဘုရင်ပါတော်မူလျှင် မြန်မာတို့ နယ်ချဲ့အင်္ဂလိပ်၏ ကျွန်ဖြစ်ရသည်။ သူ့ကျွန် ဖြစ်ရပြီး နောက်တနှစ်မှစ၍ အနိုင်မခံ အရှုံးမပေး ကျွန်မခံ ဒုံးမထောက်သော ရှေးဦး ပထမ တော်လှန်ခဲ့သူကား ဝန်သို ဇာနည်စော်ဘွားကြီး ဦးအောင်မြတ်ပင်ဖြစ်သည်။

၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်။ ၁၃၁၂ ခုနှစ် တော်သလင်းလဆုတ် ၅ ရက် တနင်္ဂနေ့ နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံအစိုးရ၏ ထုတ်ပြန်ကျေးဇူးချက်အရ စော်ဘွားကြီးသည် အင်္ဂလိပ်မင်း၏ သစ္စာကိုမခံယူ။ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ငြင်းပယ်သည်။ အင်္ဂလိပ်က ၁၈၈၆ ခုနှစ် ဒီဇင်ဘာလတွင် စစ်တပ်ဖြင့် ဝန်းသိုကိုတိုက်သည်။ ဝန်းသိုစော်ဘွားကြီးကလည်းခုခံသည်။ အင်အားမမျှသဖြင့် ၁၈၈၇ ခု နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဇန်နဝါရီလ ၂၀ ရက် (၁၂၃၇ ခုနှစ် ပြာသိုလဆုတ် ၁၂ ကြာသပတေးနေ့)တွင် ဝန်းသိုမြို့မှ ဆုတ်ခွာပေးရသည်။ အင်္ဂလိပ်နှင့် သင့်တင့်အောင် စေ့စပ်ပြီး စော်ဘွားကြီးအဖြစ်နှင့်ပင် နေသည်။ ၁၈၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်(၁၂၅၂ ခုနှစ် တပေါင်းလဆန်း ၁၃ ကြာသပတေး)တွင် အင်္ဂလိပ်ကိုဒုတိယအကြိမ်တော်လှန်သည်။လွတ်လပ်ရေးကိုကြိုးပမ်းသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၂၄ တွင် လူသူလက်နက်အင်အားအလုံးအရင်းဖြင့် တိုက်လာသော အင်္ဂလိပ်တပ်ကို မခံနိုင်သဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည် စသည်တို့ကိုသိရှိရသည်။ ဤသည်မှာ အကျဉ်းအမြွက်မျှသာဖြစ်ချေသည်။ မြန်မာအစိုးရသည် အထက်ပါအချက်အလက်များပါဝင်သော ကျေးညာစာတမ်းတစောင်ကို ထုတ်ပြန်၍ ဝန်းသိုစော်ဘွားကြီးအား လစဉ်ရိက္ခာတော်တလင်ားရာထောက်ပံ့ခဲ့လေသည်။

ယခုဝန်းသိုစော်ဘွား၏ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်ကို အကျဉ်းမျှပင်ဖော်ပြမည်။ အချက်အလက်များကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် တင်ပြထားသည်။

စော်ဘွားကြီး၏ ခမည်းတော်၊ မယ်တော်များမှာ ဝန်းသိုစော်ဘွားကြီး မင်းလှ သမန္တရန်အောင်ဘွဲ့ခံ ဦးရှေသားနှင့်အမိ သုဝဏ္ဏကာယဒေဝီဘွဲ့ခံ ဝန်းသိုမြို့သူ ဒေါ်ငွေဖြူတို့ ဖြစ်ကြသည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ ငယ်မည်မှာ မောင်အောင်မြတ် ဖြစ်၍ ၁၂၂၃ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် တနင်္ဂနေနေ့ မွန်းတည့် ၁၂ နာရီတွင် ဖွားမြင်လေသည်။

ဝန်းသိုစော်ဘွားကြီး၏ မျိုးရိုးအဆက်အနွယ်မှာ **စော်ဘွား**မျိုးရိုးအဆက်အနွယ်ပင် ဖြစ်သည်။ **သို့သော် အနှစ် ၇၀** တိုင်တိုင် **စော်ဘွားအဆက်**ပြတ်ပြီး ဖခင် ဦးရှေသားနှင့် **ဦးအောင်**မြတ်တို့လက်အောက်မှ **စော်ဘွားရာထူး**ကို **ပြန်လည်ဆက်ခံ** ရခဲ့ခြင်းဖြစ်သည်။ ဤသို့ရရှိသည်မှာလည်း ဖခင်ဖြစ်သူ **ဦးရှေသား၏** စွမ်းရည်ကြောင့် ဖြစ်လေသည်။ ဝန်းသိုစော်ဘွားဆက် ပြန်လည်ထူနိုးပေါ်ခြင်းမှာ ကုန်းဘောင်ခေတ်၏ အရေးကြီးသော သမိုင်းဖြစ်ရပ် ကဏ္ဍတခုနှင့် ဆက်စပ်နေပေသည်။

ဝန်းသိုမြို့သည် ကသာခရိုင်အတွင်းပါဝင်၍ ယနေ့ မြို့အုပ်ရုံးစိုက်ရာမြို့ ဖြစ်သည်။ အိမ်ခြေတဆောင်မျှရှိသည်။ ရှေးစော်ဘွားလက်ထက်ကမူ မျှားစွာစည်ကားခဲ့သည်။ မန္တလေး မြစ်ကြီးနားသွား မီးရထားလမ်းပေါ်တွင် တည်ရှိသည်။

ဝန်းသိုမြို့ စတင်တည်လာသည်မှစ၍ **စော်ဘွား**အဆက်ဆက် အုပ်ချုပ်လာရာ ၁၁၅၈ ခုနှစ်တွင် စော်ဘွားဆက် ပြတ်သည်။ **နောက်ဆုံး**စော်ဘွားမှာ ဦးထင် ဖြစ်သည်။ ဦးထင်၏သား ဦးရှေရန်၊ ၎င်း**၏**သား ဦးဘွားတို့လက်ထက် ရောက်သောအခါ **မထင်**မရှားဖြင့် **တောင်ယာခုတ်စား**ခဲ့**လေ**သည်။ဦးထင်၏မြေး၊ ဦးဘွား**၏** သားများဖြစ်ကြသော မောင်မွန်၊မောင်ရှေသား၊မောင်ခါတို့လက်ထက် ရောက်သောအခါ စော်ဘွားမျိုးဆက်ကို ပြန်လည်ဆက်ခံနိုင်တော့သည်။ စော်ဘွားကြီး ဦးထင်၏ မြေးဖြစ်သူ **မောင်ရှေ**သား (**နောင်**စော်ဘွားကြီး ဦးရှေသား၊ ၎င်းမှာ **စော်**ဘွားကြီး ဦးအောင်မြတ်၏ ဖခင် ဖြစ်သည်)၏ ကြိုးပမ်းမှုကြောင့် **စော်ဘွားဆက်** ပြန်လည်ဆက်ခံခွင့် ရခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ရွှေသားသည် ငယ်စဉ်ကပင် အဘိုး၏အရိုက်အရာ စော်ဘွားရာထူးကို ဆက်ခံရန် ကြံစည်ခဲ့သည်။ ထို့ကြောင့် ဖခင်ဆုံးလျှင်ဆုံးချင်း ညီနောင်သုံးဦးသည် မင်းနေပြည်သို့ တက်ရောက်၍ ဘုရင်ထံ အခစားဝင်ရန် အကြံအစည် ပြုခဲ့ကြသည်။ အကို မောင်မှန်၊ ညီငယ် မောင်ခါတို့က မိခင်အတွက် တာဝန် ယူသည်။ ထို့ကြောင့် မောင်ရွှေသားသည် ညီအကို ဝမ်းကွဲတော်သူ မောင်သာစိမ့်ကို အဖော်ပြု၍ ပုဂံမင်း၏ နေပြည်တော်ဖြစ်သော အမရပူရသို့ ၁၂၁၁ ခုနှစ်တွင် စွန့်စားထွက်ခွာလာလေသည်။

နေပြည်တော်တွင် ဘုရင့်ထံပါး ခစားခွင့်ရရန် ကြိုးစားပြားလည်း အရေးတော် မအောင်မြင်ဘဲ ရှိရာမှ မင်းခ ယောကျ်းတဦးနှင့် တွေ့ပြီး မင်းတုန်းမင်းသားထံ အခစား ဝင်ရောက်နိုင်ခဲ့သည်။ သို့သော် မင်းသား၌ မင်းခယောကျ်း အခြေအရံ များလွန်းသဖြင့် မောင်ရွှေသားတို့ညီအကိုမှာ နီးနီးစပ်စပ် မခစားရသဖြင့် မင်းသားနှင့် ရင်းနှီးခွင့်မရှိခဲ့ပေ။ ထို့ကြောင့် ရင်းနှီးခွင့်ရရှိရန် မောင်ရွှေသား ကြံစည်ရပြန်လေသည်။

မင်းတုန်းမင်းသားသည် အဂ္ဂရတ် ဝါသနာပါသည်။ ဖိုရုံသီးသန့်ထား၍ တပည့်လက်သားများနှင့် အစာအမြဲဖိုထိုးသည်။ ဤအကြောင်းကိုသိသော မောင်ရွှေသားသည် မင်းသားနှင့် နီးစပ်ရန်အတွက် ဖိုရုံ၌ အမှုထမ်းခွင့်ကို ကြိုးစားသည်။ လွယ်လွယ်နှင့်မရပေ။ ထို့ကြောင့် ဖိုရုံမှူးထံမှ ဆ္ဆေးအနည်းငယ် တောင်းယူပြီး လုံအိုးများကို လုပ်သည်။အများနှင့်မတူ လှလှပပ ခိုင်ခိုင်ခံ့ခံ့ပြုလုပ်သည်။ လုံအိုးကို မီးဖုတ်ပြီးလျှင် မင်းသား မြင်သာသည့်နေရာတွင် ထားသည်။ တနေ့ မင်းသားမြင်ပြီး ကိုင်ကြည့်ရာမှ လုံအိုးလုပ်သူကို မေးလာသည်။ 'အညာမှ မောင်ရွှေသား'ဟု လျှောက်ထားကြရာတွင် မင်းသားလည်း ဆိတ်ဆိတ်နေသည်။ အသင့်စီမံထားသောလုံအိုးများ ပြတ်လပ်သော တနေ့တွင် မင်းသား၏အမိန့်ဖြင့် မောင်ရွှေသား လုံများကို စမ်း၍ သုံးကြည့်သည်။ယင်းလုံများမှာပိုဖိုခိုင်ခံ့၍ မင်းသားက နှစ်သက်တော်မူပြီး မောင်ရွှေသားအား ဖိုရုံတွင် အမှုထမ်းစေသည်။ နောက်ဆုံး ဖိုရုံမှူးအဖြစ်ဖြင့် ခန့်အပ်ပြီး မင်းသား၏တိုင်ပင်ဖော်တိုင်ပင်ဘက် ဖြစ်လာသည်။

၁၂၁၄ ခုနှစ်သို့ ရောက်သောအခါ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ အရေးတော်ပုံကြီး ပေါ်ပေါက်လာလေသည်။

ထိုနှစ် နတ်တော်လတွင် ပုဂံမင်း ငယ်စဉ်က အထိမ်းတော် အချိတော်များ ဖြစ်ခဲ့ကြသည့် တောင်ပြုံးနှင့် ဟသ်ဘတမ်ကြီးစားမရှဲ-မဘဲ ညီအမနှစ်ယောက် ဒမြတိုက်မှ ဖြစ်ပွားသည်။ မရှဲနှင့် မဘဲတို့သည် ထိုစဉ်က နေပြည်တော်အနောက်ပြင် ခေတ်နန်းရပ်တွင် နေကြ၏။

ဒမြမှုကို ဘုရင်သို့ ဦးတိုက်လျှောက်သဖြင့် ဘုရင် ကိုယ်တိုင်က မပေါ်ပေါ်အောင် စစ်ရမည်ဟု အမိန့်ချခဲ့လေသည်။ မင်းခယောကျ်းတို့ အထူး အရေးယူ စုံစမ်းကြ၏။ အမှုကား မပေါ်ပေ။ထို့ကြောင့် နောက်ဆုံး အမှုထမ်းတို့က ကလိမ်ဥာဏ်ဆင်ကာ ရွှေကျောင်းရှေ့မှ ငရှေညှာနှင့် မောင်လတ်ဆိုသူတို့ကို တရားခံ အဖြစ် ဖမ်းသည်။ ထောင်သွင်း၍ ထုထောင်း ရိုက်နှက်လွန်းသဖြင့် ငရှေညှာနှင့် မောင်လတ်တို့က ကနောင်မင်းသား အိမ်

www.burmeseclassic.com

www.burmeseclassic.com

တော်တွင် အမှုထမ်းသည့် ငယောကလေး၊ ငထွန်းပွင့်၊ ငရှေစိုင်း တို့ကို အချင်းမဖြစ်ပွားမီက ခေတ်နန်းရပ်မှာ တွေ့ပါသည်ဟု ထွက်ဆိုလေသည်။ ဤတွင် မြို့ဝန်မင်းက ကနောင်မင်းသားထံ ၎င်း၏ အမှုထမ်းများကို ထုတ်ပေးရန် တောင်းသည်။ ကနောင်မင်းသားက ထုတ်မပေး။ မတရား စွပ်စွဲခြင်းမျှသာ ဖြစ်သည်ဟု ချေပသည်။

ကနောင်မင်းသားသည် နောင်တော် မင်းတုန်းမင်းသားထံ ဤအကြောင်းကို လျှောက်ထားသည်။ မင်းတုန်းမင်းက ကျွန်ယုံများကို စစ်မေးလျှင် ဤလုပ်ကြံသော အရေးအခင်းမှာ ဤမျှနှင့် ရပ်တန့်မည်မဟုတ်ကြောင်း၊ တန္ဒယ်ငင် တစင်ပါ ရာဇဒဏ် သင့်နိုင်ကြောင်း လျှောက်ထားကြလေသည်။ ထို့ကြောင့် မင်းတုန်းမင်းသားနှင့် ညီသော် ကနောင်မင်းသားတို့သည် နောက်ပါ အခြေအရံ လေးရာကျော်ဖြင့် ၁၂၁၄ ခုနှစ် ပြာသိုလဆန်း ၈ ရက် သောကြာနေ့ ညနေ လေးချက်တီးအချိန်တွင် ရွှေမြို့တော်မှ ထွက်လေသည်။

ရွှေမြို့တော် အရှေ့မျက်နှာ မြောက်စွန်း လေးကျန်းတံခါးမှ ထွက်ကြရာ တံခါးဗိုလ်က တားသည်။ မင်းတုန်းမင်းသားစီးသော မြင်းဇက်ကိုဆွဲကိုင်၍ အခမ္ဘတားမြစ်နေသော တံခါးဗိုလ်အား မောင်ရှေသားက လျင်မြန်စွာဝင်၍ ခားဖြင့်ပိုင်းလေသည်။ တံခါးဗိုလ်သည် မြင်း၏လက်ဝဲဘက်သို့ လဲကျ သေဆုံးလေသည်။ (လူသေလက်ဝဲ-အောင်ပွဲရပြီ) ဟူသော အတိတ် ကောက်လျက် မတ္တရာမြို့သို့ ထွက်ခွာသွားကြသည်။ ဤမှစ၍ မင်းတုန်မင်းသားသည် မောင်ရှေသားကို အထူး အားကိုး ယုံကြည်လေသည်။ မောင်ရှေသား၏ သူရသတ္တိကို မျှားစွာ ချီးကျူးလေသည်။

၁၂၁၄-ခုနှစ် တပေါင်းလဆန်း ၁၁-ရက် ကြာသပတေးနေ့တွင် မင်းတုန်းမင်းသား အရေးတော်ပုံအောင်၍ နန်းရသည်။ ညီတော်ကနောင်မင်းသားကို အိမ်ရှေ့အရာထားသည်။ အရေးတော်ပုံအတွင်းစွန်းလွန်းတမာ အမှုတော် ထမ်းခဲ့ကြသော အမှုထမ်းများကို ထိုက်တန်သော ရာထူးဘွဲ့ထူးများ ချီးမြှင့်သည်။ ဤတွင် လူယုံတော်တဦးဖြစ်သော မောင်ရှေသားကို လွှတ်တော်ဝန်ထောက် ရာထူးတွင် ခန့်အပ်သည်။ မောင်ရှေသားက လွှတ်တော်ဝန်ထောက်လုပ်ရန် ၎င်း၌အရည်အချင်းမရှိဟု လျှောက်တင်ပြီး မိမိ၏ စော်ဘွားမျိုးရိုးကို ဖွင့်ဆို လျှောက်တင်သည်။ စော်ဘွားရာထူးကို ပေးသနားရန် တောင်းခံသည်။ မင်းတုန်းဘုရင်၏ ဝန်းသိုမြို့တွင် စော်ဘွား မရှိသည်မှာ ကြာပြီဖြစ်၍ ဝန်းသိုမြို့ သူကြီးရာထူးကိုအပ်နှင်းသည်။ မင်းလှသမန္တရန်အောင်ဟူသော ဘွဲ့ထူးဖြင့် ဝန်းသိုမြို့သူကြီးရာထူးကို ရသည်။ ၁၂၂၁-ခုနှစ်တွင် ဦးရှေသားအား မြို့သူကြီးမှ စစ်ကဲရာထူးသို့ တိုးမြှင့်ပေးသည်။ ၁၂၂၂-ခုနှစ်သို့ ရောက်ပြန်သောအခါ အရှေ့ကြောင်း၊ အလယ်ကြောင်း ကျေးရွာများ (မော် ၁၀-ရွာ၊ သံ-၃ တာ၊ ဂဏန်းဘွား၊ ဂဏန်းမနန့်ခါး)များကိုတိုးတက်ချီးမြှင့်အပိုင်စား ပေးသနားခြင်းခံရသည်။

စစ်ကဲရာထူးဖြင့် ဝန်းသိုမြို့ကို အုပ်ချုပ်ပြီး ၇ နှစ်အကြာတွင် ပန်းတိမ်မင်းသား အရေးတော်ပုံဖြစ်ပွားသည်။ ဤအရေးတော်ပုံတွင် ဝန်းသိုစစ်ကဲ ဦးရှေသားသည်မင်းတုန်းဘုရင်အား ဆန္ဒာမဖောက်ဘဲပန်းတိမ်မင်းသား တပ်ပြိုကွဲသည့်အထိစွန်းလွန်းတမာ အမှုထမ်းသည်။ ပန်းတိမ်မင်းသား အဖမ်းခံရသည်။ အရေးတော်ပုံပြီးလျှင် စစ်ကဲဦးရှေသားအား "မဟာဝံသ ရာဇသိုဟ်ဘွား" ဟူ

www.burmeseclassic.com

www.burmeseclassic.com

သောဘွဲ့ဖြင့် စော်ဘွားအဖြစ် တိုးမြှင့်ခန့်အပ်သည်။ ၁၂၂၀-ခုနှစ်တွင် စော်ဘွားအဖြစ်သို့ ရောက်၏။

ဝန်းသိုစော်ဘွား ဦးရှေ့သားတွင် သားသမီး ၁၁-ယောက် ထွန်းကားသည်။ ကြင်ယာသုံးယောက်ရှိသည်။ သုဝဏ္ဏကာယ ဒေဝီတွဲခံ ဒေါ်ဒေးဖြူမှ သားကြီးမောင်မြတ်(ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်)ကို ဖွားမြင်ခြင်းဖြစ်သည်။

မောင်အောင်မြတ် ၁၂ နှစ်သားအရွယ်တွင် ဖခင်၏ စီစဉ်ချက်အရ ကင်းဝန်မင်းကြီးထံတွင်နေရသည်။ ၎င်းစဉ်က ဘုန်းတောက်ကြီးကျောင်းတွင် ပညာသင်ယူခဲ့သည်။ကင်းဝန်မင်းကြီး၏ သွန်သင် ဆုံးမမှုကြောင့် ထီးသုံး နန်းသုံး ရာဇသတ်၊ဓမ္မသတ်များ မြင်းစီး၊ ဆင်စီး၊ ဓားခုတ်၊ သေနတ်ပစ်သည့် အတတ်များကို တတ်သိ ကျွမ်းကျင်သည်။ သီပေါမင်း လက်ထက်တွင် ကွမ်းရေတောက်ကိုင်အဖြစ်ဖြင့် အမှုထမ်းခွင့် ရလေသည်။ အတန်ကြာ အမှုထမ်းပြီးမှ ဝန်းသိုသို့ပြန်၍ ဖခင်နှင့်အတူနေသည်။

တခါတွင် မိုးကောင်းဘက်တွင် ဗိုလ်ဝအမည်ရှိ ဒမြတဦး ထကြွလေသည်။ နောက်လိုက်နောက်ပါများနှင့် အထူးဆိုးသွမ်းနေရာ ဝန်းသိုစော်ဘွားကြီး ဦးရှေ့သားက နှိမ်နင်းရလေသည်။ (ဒမြ ဗိုလ်ဝမှာ ထိုစဉ်က အထူး ကျော်ကြားခဲ့သူ ဖြစ်၍ အင်္ဂလိပ်ခေတ်က ဗိုလ်ဝအမည်ဖြင့် အသံတိတ် ရုပ်ရှင်ကားများပင် ရိုက်ကူးပြသခဲ့လေသည်)။ ဦးရှေ့သားသည် ဒမြ ဗိုလ်ဝကို တိုက်ရိုက်မနှိမ်နင်းပေ။ ဗိုလ်ဝအား နောက်ပါးမှ အားပေးအားမြှောက်ပြုသည်ဟု ယုံကြည်ရသော မောနှိုင်းဝန် ဦးဖာလာကို နှိမ်နင်းရန်ကြိုးစားသည်။ ထန်းလုံးအမြောက်များ ဖြင့် မော်နှိုင်းမြို့ကိုပစ်ခွင်းသည်။ ဤအကြောင်းကို ဘုရင်အား

လျှောက်ထားလျှင် သီပေါဘုရင်၏အမိန့်ဖြင့် ဝန်းသိုစော်ဘွား ဦးရှေ့သားအားမိုးကောင်းမြို့သို့မြို့ဝန်အဖြစ်ဖြင့် ပို့လွှတ်ခန့်အပ်လေသည်။ ဝန်းသိုစော်ဘွား၏ သား မောင်အောင်မြတ်အား "မဟာဝံသသီရိဇယသိုဟ်ဘွား" ဟူသောဘွဲ့ဖြင့် ဝန်းသိုစော်ဘွားရာထူးခန့်အပ်သည်။ထိုစဉ်က ဝန်းသိုစော်ဘွားဦးအောင်မြတ်မှာ အသက် ၂၀-မျှသာရှိသည်။ ၁၂၄၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄-ရက် ဗုဒ္ဓဟူးနေ့ (၅-၄-၀၂)တွင် ဖြစ်၏။

ဦးအောင်မြတ် ဝန်းသိုစော်ဘွားရာထူးကို ဆက်ခံလိုက်သော အခါ၌ ဒမြဗိုလ် ဗိုလ်ဝ ပိုရ် ထကြွသောင်းကျန်းလာသည်။ အသက်နှစ်ဆယ်ကျော်မျှသောစော်ဘွားငယ်ဖြစ်၍မလေးမခန့်ပြုသည့်သဘောဖြင့် ပိုရ်ဆိုးသွမ်းလာသည်။ ၁၂၄၅-ခုနှစ်တွင်ဗိုလ်ဝသည် လက်နက် လူသူ အင်အားဖြည့်ကာ သူပုန်တမျှ သောင်းကျန်းလာသည်။ ဗိုလ်ဝသည် သတ္တိရှိ၏။ မိုက်ရှုးရဲလုပ်တတ်၍ တပည့်များအပေါ် ရက်ရောစွာ ပေးကမ်းသည်။ ထို့ကြောင့် လည်း ထိုမျှ ကြာရှည်စွာ သောင်းကျန်းနိုင်ခဲ့ခြင်းဖြစ်သည်။

တညတွင် ဝန်းသိုစော်ဘွားသည် မြင်းတစီး၊ ဓားတစင်း၊ သေနတ်တလက်ဖြင့် တပည့်များကို အသိမပေးဘဲတကိုယ်တည်း ဗိုလ်ဝရှိရာသို့ ထွက်ခဲ့သည်။ ဗိုလ်ဝ ခိုအောင်းရာ တောင်ကမ်းပါးယံနေရာကို ဦးအောင်မြတ် သိရှိထားပြီးဖြစ်သည်။

ဗိုလ်ဝခိုအောင်းရာ ဂူသို့ရောက်သောအခါ၌ ဗိုလ်ဝ၏တပည့် အစောင့် ဒမြတဦးနှင့်တွေ့သည်။ စော်ဘွားသည် အစောင့် ဒမြ ဓားလွှတ်ကိုဆွဲကိုင် ခုခံစဉ်မှာပင် လျှင်မြန်စွာ ခုတ်ပိုင်းချလိုက်သည်။ ထိုနောက် အလောင်းကို တနေရာတွင် ဝှက်သိုထားပြီး ဂူအတွင်းဝင်လျက် မှောင်ခိုစောင့်ဆိုင်းနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီပင် ဗိုလ်ဝသည် နောက်ပါ တပည့် နှစ်ယောက်နှင့် အတူ ဂူတွင်းသို့ ရောက်လာသည်။ ထားခဲ့သော အစောင့်ကို မတွေ့ရသော်လည်း အပြင်ခဏသွားသည်ဟု မှတ်ယူကြသည်။ ဤအတွင်း စော်ဘွားသည် အမှောင်တွင်းမှ ရုတ်တရက် ထွက်လာပြီး မခုခံကြရန် သတိပေးသည်။ တပည့်နှစ်ယောက် ငိုင်နေစဉ်မှာပင် ဗိုလ်ဝသည် အိပ်ချလျက် နံရံသို့လှိမ့်သွားပြီး လှုံ့ကို ဆွဲသည်။ ဗိုလ်ဝထက် လက်မြန်သော ဝန်းသိုစော်ဘွားက သေနတ်ထုတ်၍ ပစ်ချလိုက်သည်။ ဗိုလ်ဝနောက်စေ့ကို မှန်ပြီး ပွဲချင်းပြီးသေဆုံးသည်။ အဖြစ်အပျက်မှာ လျှပ်တပြက်အတွင်း ဖြစ်၍ ဒမြန့်စ်ဦးမှာ အံ့အားသင့်နေကြသည်။

ဝန်းသိုစော်ဘွားသည် ဒမြန့်စ်ဦးကို အပြစ်မှ ချမ်းသာပေးကာ ၎င်းတို့တိုက်ခိုက်ယူခဲ့သော ရွှေ၊ ငွေ စသည်များကို ၎င်းတို့ကိုယ်တိုင်ထမ်းပို့စေခဲ့သည်။ ဒမြဗိုလ်ကြီး ဗိုလ်ဝကျဆုံးသည်ကို လူအများ မယုံကြည်ကြသဖြင့် ဗိုလ်ဝ၏ ဦးခေါင်းကို ဖြတ်၍ အများမြင်သာအောင် တိုင်ထိပ်တွင် ဆွဲချိတ်ပြထားရသည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ ဂုဏ်သတင်းသည် နိုင်ငံအဝှန်း ကျော်ကြားလေတော့သည်။ စော်ဘွား၏ သတ္တိကို လူတိုင်းချီးကျူးလေးစားခဲ့ကြသည်။ဤသို့ဖြင့် ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် စော်ဘွားဖြစ်စဉ်ကပင် အစွမ်းပြခဲ့ခလသည်။

၁၂၄၄-ခုနှစ်တွင် မှန်နန်းအပျိုတော်ဖြစ်ခဲ့ဘူးသူ စကားစော်ဘွားကြီး၏သမီးတော် စောရှေ့ကြည်နှင့် နှစ်ဘက်သော မိဘတို့၏ စီစဉ်ချက်အရ လက်ထပ်ထိမ်းမြားသည်။ ဦးအောင်မြတ်နှင့် စောရှေ့ကြည်မှာ သက်တူရွယ်တူပင်ဖြစ်၏။ ဦးအောင်မြတ်တွင် ခွန်းတောင်းသူ မထွေး၊ မဌေး ဟူသော အနိမ့်စံ

ဇနီးနှစ်ဦးလည်းရှိခဲ့သည်။ စောရှေ့ကြည်၏ နောက်မှ ဟူသောနာမည်ဖြစ်သည်။ စောရှေ့ကြည်ကိုသာ မဟာဒေဝီမြောက်သည်။

စောရှေ့ကြည်၏အမတော်မှာ မင်းတုန်းမင်း၏ မိဖုရားတော်ဦးဖြစ်သူ နန်းရှေအိမ်ဖြစ်သည်။ အမတော် မိဖုရားထံဘုံ မှန်နန်းအပျိုတော်အဖြစ်ဖြင့် အမှုထမ်းခဲ့ဘူးသည်။မင်းတုန်းမင်းနတ်ရွာစံသည့်အခါ စောရှေ့ကြည်သည်အသက် ၁၇ နှစ်မျှသာရှိသည်။ ကားမြို့သိုပြန်၍ အမိအဖနှင့်အတူနေသည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်နှင့် ရည်ငံခြင်းမရှိဘူးပေ။ စေ့စပ် ထိမ်းမြားပေးခြင်းဖြစ်သည်။

၁၂၄၇ ခုနှစ် သီပေါမင်း ပါတော်မူသောအခါ ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ဝန်းသိုမြို့ဦးပင် ရှိနေသည်။ အဆောက်အတော်များ စေလွှတ်စုံစမ်းသဖြင့် သီပေါဘုရင် ပါတော်မူကြောင်းကိုသိရသည်။ အခြေအနေ အရပ်ရပ်ကို စောင့်ဆိုင်းနားစွင့်နေသည်။ဤအတွင်း ဘုရင်ပါတော်မူရာ၌ လိုက်ပါသွားခြင်းမပြုဘဲ ကျန်ရစ်သည့် အင်္ဂလိပ်တို့အထူးယုံကြည်ရသော ထင်းဝန်မင်းကြီးထံမှ စာတစောင် ရောက်လာသည်။ စာ၏ သဘောမှာ ဦးအောင်မြတ်အား အင်္ဂလိပ်မင်းထံ သစ္စာခံရန်၊ ထိုသို့သစ္စာခံလျှင် လက်ရှိစော်ဘွားရာထူးကိုပင် ပေးအပ်မည်ဖြစ်ကြောင်း စသည်တို့ဖြစ်လေသည်။ အစစအရာရာ အဆင်ပြေစေရန်အတွက် မန္တလေးသို့ လာရောက်ရန် ဆင့်ခေါ်လိုက်ခြင်းဖြစ်လေသည်။ ဝန်းသိုစော်ဘွားသည်တပါးကျွန်အဖြစ်နှင့်မနေလိုကြောင်း၊ မြန်မာဘုရင်အား ကြက်ဌက် ကလေးများသဖွယ် ပရိယာယ်ဝေဝုဝ်ဖြင့် ဖမ်းသွားသည့် အင်္ဂလိပ် အစိုးရ၏ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

စားလှယ်များကို အရှိအသေပေးရန် မဖြစ်နိုင်ကြောင်း တို့ကို **ကင်းဝန်မင်းကြီး**ထံ ပြန်ကြားလိုက်သည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ထိုသို့ပြန်ကြားပြီး နောက် ဝန်းသိုမြို့ကို အခိုင်အမာ စီစဉ်သည်။ကုတုတ်ကျင်းများ တူးခြင်း၊ ကင်းအဆင့်ဆင့်ချခြင်း စသည်အားဖြင့် ခံတပ်သဖွယ် စီစဉ်ထားသည်။ အင်္ဂလိပ်အစိုးရကမူ ကင်းဝန်မင်းကြီး၏အကြံ ပေးချက်အရ ဝန်းသိုသို့ တိုက်ခိုက် ထိပါးခြင်း မပြုသေးပေ။ **ကင်းဝန်မင်းကြီး**နှင့် ဝန်းသိုစော်ဘွား ဦးအောင်မြတ်မှာ **သား**အဖရင်းတမျှ ခင်မင်ကြသည်ဖြစ်၍ မိမိအနေဖြင့် ပြောလျှင် မောင်အောင်မြတ် လိုက်နာမည်ဟု ကင်းဝန်မင်းကြီး အနေဖြင့် ယုံကြည်ထားသည်။

ဝန်းသိုစော်ဘွားကြီးသည် မြို့ပတ်လည်ကို ကျွန်းသစ်လုံး ကြီးများဖြင့် ခိုင်ခံ့တောင့်တင်းအောင် စီစဉ်သည်။ မိမိကိုယ် တိုင်လည်းသစ်ခုတ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်သည်။**အင်္ဂ**လိပ်မင်းကိုအခွန်ဘဏ္ဍာပေးဆောင်ခြင်းကားမပြုပေ။ဤအတွင်း အင်္ဂလိပ်ဘက်မှ ကိုယ်စားလှယ်စေလွှတ်၍ ဆွေးနွေးရန် ကြိုးစား သည်။ ဦးအောင်မြတ်တို့ကို ကိုယ်စားလှယ်များနှင့်ပင် တွေ့ဆုံ ခြင်း မပြုပေ။

ဤအတွင်း ချောင်းခွမင်းသား အရေးတော်ပုံတရပ် ပေါ်ပေါက်လာသည်။ ချောင်းခွမင်းသားမှာ မက္ခရာ **မင်းသား**နှင့် **အလယ်နန်း**မဆောင် ကြင်ဘက်တော် ခင်ခင်လေးမှ ဖွားသော **ထိပ်တင်ရန်ပိုင်** ကိုယ်တော်ပင်ဖြစ်သည်။ မက္ခရာ **မင်းသား**တို့ **ထိပ်တင်ရန်ပိုင်**၊ ထိပ်တင်ရန်တိုင် ဟူသော **သား**တော်နှစ်ပါးနှင့်

သမီးတော် သုံးပါးရှိသည်။သီပေါမင်း ပါတော်မူစဉ်တွင် **ရန်ပိုင်**၊ ရန်တိုင် မင်းသားနှစ်ပါးမှာ ရဟန်းဝတ်နှင့် ရှိသည်။ သီပေါမင်း ပါတော်မူပြီးနောက် မြန်မာ့ထီးနန်းကို ပြန်လည် စိုက်ထူထိုသော မျိုးချစ်ဇာနည် ဗိုလ်မှူး၊ မတ်မူးအချို့ တိုင်ပင်လျက် ထိပ်တင် ရန်ပိုင်အား မင်းလောင်းအဖြစ် တင်မြှောက်၍ နယ်ခွဲအင်္ဂလိပ် ကို တော်လှန်ကြသည်။ မတ္တရာ နယ်အတွင်း စဉ်ကူးမြို့နယ်ပိုင် ချောင်းခွရွာတွင် တပ်စွဲ၍ နယ်ခွဲကို တော်လှန်သဖြင့် ချောင်းခွ မင်းသားဟု ထင်ရှားခြင်း ဖြစ်သည်။ ချောင်းခွမင်းသားသည် ဝန်းသိုစော်ဘွားဦးအောင်မြတ်ထက် အနည်းငယ်စောမှ နယ်ခွဲ့ ကို တော်လှန်သူ ဖြစ်သည်။ ညီဖြစ်သူ ထိပ်တင်ရန်တိုင်ကိုမူ **အင်္ဂ**လိပ်တို့ကဖမ်းယူပြီး ရန်ကုန်တွင် **အင်္ဂ**လိပ်စာကိုသင်စေသည်။ ဆရာမှတ်ခေါ် ဒေါက်တာ မာခ်ထံတွင် တပည့်ခံစေသည်။ယင်း **နော**က် ထိပ်တင်ရန်တိုင်၏ သတင်းကို မကြားရတော့ပေ။

ချောင်းခွမင်းသားခေါ် ထိပ်တင် ရန်ပိုင်သည် လက်နက် **အ**င်အား၊ လူအင်အား မမျှသဖြင့် **အ**ရေးနိမ့်သည်။ အရေးနိမ့် ရာမှ မိုးကောင်းမြို့တွင်းမြို့ဝန်အဖြစ် အမှုထမ်းနေသော ဝန်းသို့ စော်ဘွားဟောင်း ဦးရှေ့သားထံ ခိုဝင်၍ အကူအညီတောင်းလေ သည်။ ဦးရှေ့သားကလည်း ကူညီသည်။ တရုပ်ပြည် ယူနန်နယ်သို့ တိတ်တဆိတ် ပို့လွှတ် တိမ်းရှောင်စေသည်။ ဤ**အ**ရေးအခင်း ကြောင့် **အ**င်္ဂလိပ်တို့က ချောင်းခွမင်းသားကို ကူညီသူ မိုးကောင်း မြို့ဝန် ဦးရှေ့သားကို ဖမ်းရန် အမိန့်ထုတ်လေသည်။ နယ်ခွဲ့ **အ**င်္ဂလိပ်**အ**ပါ ခစားလျက်ရှိကြသော သစ္စာဖောက် မြန်မာအချို့ ကလည်း မိုးကောင်းမြို့ဝန် ဦးရှေ့သားနှင့် ဝန်းသိုစော်ဘွား ဦးအောင်မြတ်တို့ **သား**အဖ၏ မကောင်းသတင်းကို နယ်ခွဲ့ **အ**င်္ဂ

www.burmeseclassic.com

www.burmeseclassic.com

ဇလိပ်အား အခါမရွေး သံတော်ဦး တင်လေသည်။ **မကောင်းသတင်း** ဆိုသည်မှာလည်း အင်္ဂလိပ်ကို တော်လှန်မည့် သတင်းပင် ဖြစ်သည်။ ၎င်းတို့သားအဖ မရှိမှ **ဝန်း**သိုစော်ဘွားလက်မှ သစ်လုပ်ငန်းကို လွှဲပြောင်းယူရန် ဖြစ်သည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ဖခင် ဦးရွှေသားကို ဖမ်းလျှင် မိမိကိုယ်တိုင်လည်း အဖမ်းခံရမည်ကို သိသည်။ မိမိကို မဖမ်းသည့်တိုင် ဖခင် ဦးရွှေသားကို အင်္ဂလိပ်တို့ မျက်စောင်းထိုးမှု မခံနိုင်ပေ။ ဤမျှ နယ်ချဲ့ကို မုန်းတီးလေသည်။ ထို့ကြောင့် မိုးကောင်းသို့သွား၍ ဖခင်နှင့်တွေ့ပြီး အင်္ဂလိပ်ကို ပြောင်ပြောင် ပုန်ကန်ရန် တိုင်ပင် သဘောတူညီကြသည်။

အင်္ဂလိပ်တို့သည် ကင်းဝန်မင်းကြီးမှတဆင့် ဝန်းသိုစော်ဘွား ထံ စကား ကမ်းလှမ်းဆဲ ဖြစ်သည်။ အလွယ်တကူ ဝင်ရောက်လာပါက လက်ခံမည်ဟု ဆိုသည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ် အသက် ကိုးဆယ်ကျော်တွင်မှ တွေ့ဆုံ မေးမြန်းခွင့် ရရှိခဲ့သော စာရေးဆရာ တိုက်မောင်း၏ ပြန်လည်ပြောပြချက်အရ ကင်းဝန်မင်းကြီးကိုယ်တိုင် ဝန်းသိုသို့လာ၍ ဦးအောင်မြတ်နှင့် တွေ့ကြောင်း၊ အလွယ်တကူ လက်နက်ချရန် တိုက်တွန်းပြီး စော်ဘွား ရုတ်ရုတ်တွင်ပင် ဆက်ခံခွင့် ရရန် တာဝန်ယူကြောင်း၊ ဦးအောင်မြတ်က ကင်းဝန်မင်းကြီးကို အမိအဖကဲ့သို့ ရိုသေသော်လည်း အင်္ဂလိပ်လက်အောက်တွင် ကျွန်မခံလိုသဖြင့် ရရှာလက်နက်ဖြင့် ပုန်ကန်မည်ဖြစ်ကြောင်း၊ မည်သို့ပင် စေ့စပ်သော်လည်း လက်နက်ချ အညံ့ခံမည်မဟုတ်ကြောင်း၊ သေသည်အထိ ရုန်းလှန်မည်ဖြစ်ကြောင်း ဖြေကြားသဖြင့် ကင်းဝန်မင်းကြီး လက်လျှော့ ပြန်သွားရကြောင်း သိရှိရလေသည်။ အခြားသုတေသီတို့ ရေးသား ပြုစုကြသော စာတမ်းများတွင်မူ ကင်းဝန်မင်းကြီး ကိုယ်တိုင် မလာဘဲ ၎င်း၏ ကိုယ်စား အဖွဲ့တဖွဲ့ကို လွှတ်၍ပြောသည်ဟု ဆိုလေသည်။ ကင်းဝန်မင်းကြီးကိုယ်တိုင်လာ၍ စေ့စပ်ဆွေးနွေးသည်ဟူသော အချက်က ပို၍ မှန်ပေမည်။

အင်္ဂလိပ်ကိုယ်စားလှယ်တို့သည် ဝန်းသိုဆရာတော် ဦးဂုဏမှ တဆင့် ဦးအောင်မြတ်အား ဆွေးနွေး၍ အညံ့ခံရန် ကြိုးစားကြသေးသည်။ ဆရာတော် ဦးဂုဏမှာ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ ငယ်ဆရာဖြစ်သည်။ ငယ်ဆရာ၏ စကားကိုလည်း မနာခံပေ။ ဆရာတော်က "မောင်အောင်မြတ်၊မင်းတို့သားအဖ ကုလားဖြူကို တိုက်လို့ နိုင်မှာမဟုတ်ဘူး။ သူတို့ဆီမှာ လက်နက်ခဲယမ်း အင်မတန်ပေါတယ်၊ မင်းတို့မှာသာ အကျီးယုတ်လိမ့်မယ်" ဟု မိန့်သည်။ ဦးအောင်မြတ်က "ဘယ်အခြေရောက်ရောက် ကုလားဖြူ လက်အောက်မှာ ကျွန်မခံလိုပါ။ တပါးကျွန် ဖြစ်ရသည်ထက် ပုန်ကန်ရင်း အသက်ဆုံးသည်က မြတ်ပါသေးသည်" ဟူ၍ တိုတိုတိတိပင် ဖြေသည်။

ဤသို့ဖြင့် မှန်ကင်းတောင်ခြေတွင် အင်္ဂလိပ်တို့နှင့် ပထမဆုံး အကြိမ် တိုက်ပွဲဖြစ်ပွားလေသည်။ မှန်ကင်းတောင်တွင် တိုက်ပွဲဖြစ်ရခြင်းမှာ အင်္ဂလိပ်တို့က ချန်တောင်းမြို့အုပ်နှင့် အခွန်ဝန် ဦးစံသူတို့ ဦးစီးသော ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ဝန်းသိုသို့ စေလွှတ်သည်။ ဦးအောင်မြတ်နှင့် ဆွေးနွေးစေသည်။ ဦးအောင်မြတ်က မှန်ကင်းတောင်တွင် ဆွေးနွေးမည်။ လက်နက်လူသူမပါ စေရ။ နှစ်ဖက်မှ ခေါင်းဆောင်အချင်းချင်း ဆွေးနွေးရန် သဘောတူကြသည်။ ဦးအောင်မြတ်၏ ဖခင် မိုးကောင်းမြို့ဝန်က အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com

တို့ကို မယုံကြည် ။ပရိယာယ်များလှသည်။တကိုယ်တည်း မသွားနှင့်။ ကင်းပုန်းချထားဟူ၍ မှာသဖြင့် ကင်းပုန်းချကာ ရန်ဏင်းတောင် ချိန်းဆိုရာ နေရာတွင် စောင့်နေသည်။ အင်္ဂလိပ်ဘက်မှ ကိုယ်စားလှယ်များသည် ဦးရှေ့သား ကြို့တင် သတိပေးသည့် အတိုင်း တပ်နှင့် ချီလာသည်။ထို့ကြောင့် နှစ်ဖက်တို့က်ပွဲ ဖြစ်ခြင်းဖြစ်၏။

ဤတိုက်ပွဲတွင် အင်္ဂလိပ်တို့ အရေးနိမ့်သည်။ ကောလင်းဘက်သို့ ဆုတ်ခွာသွားရသည်။ ကောလင်း ရွာမရွာတွင် တပ်စွဲ၍ အပြင်းအထန် ခုခံသည်။ စစ်ဗိုလ်တဦး ကျဆုံးပြီး ဆုတ်ခွာသွားရသည်။ ကျဆုံးသွားသော စစ်ဗိုလ်ကို ရွာမရွာတွင် ဂူသွင်းလျက် ကမ္မည်းရေးထိုးထားသည်ကို ယနေ့တိုင် တွေ့နိုင်သည်။ မှန်ကင်းတောင်တွင်လည်း တိုက်ပွဲဖြစ်သောအထိမ်းအမှတ် ကျွန်းတိုင်ကြီးတခု စိုက်ထူခဲ့လေသည်။

ဤမှ နောက်ပိုင်း အင်္ဂလိပ်တို့နှင့် အကြိမ်ကြိမ် တိုက်ပွဲဖြစ်ပွားလေသည်။

မှတ်တမ်းတခုအရ ကောလင်းတွင် ဖြစ်သော တိုက်ပွဲတွင် အင်္ဂလိပ်တို့ တပ်လုံးပြုတ်သည်ဟု ဆိုသည်။ဦးအောင်မြတ်၏ ဖခင် ဦးရှေ့သားမှာလည်း မန်စီတွင် တပ်အခိုင်အမာစွဲလျက် တော်လှန်ပုန်ကန်လေသည်။ ဦးအောင်မြတ် အင်္ဂလိပ်ကို တော်လှန်စဉ်ကပါဝင်သော ပုဂ္ဂိုလ်များတွင် ဗိုလ်လယ်နှင့်ဗိုလ်တိုးတို့နှစ်ဦးလည်းပါဝင်လေသည်။ဗိုလ်လယ်မှာ တာသုံးတာတိုက်ပွဲတွင် ကျဆုံးပြီး ကျိုင်းခွင်တိုက်ပွဲတွင် ဗိုလ်တိုးတို့လူစု ကျဆုံးသည်။ ဗိုလ်လယ်မှာ ချင်းတွင်းမြစ်ရိုးသားဖြစ်၍ ချင်းတွင်း ဗိုလ်လယ်ဟူ ထင်ရှားသည်။ ချင်းတွင်းမြစ်ရိုးတလျှောက်တွင် အင်္ဂလိပ်တို့ကို တော်လှန်

ခဲ့ရာမှ ဝန်းသိုစော်ဘွားထံ ခိုဝင်လာခဲ့သူဖြစ်သည်။ ဗိုလ်တိုးမှာ မှာ ၎င်း၏တပည့်ဖြစ်လေသည်။

ကျိုင်းခွင်ဌဖြစ်ပွားသော တိုက်ပွဲတွင် အင်္ဂလိပ်စစ်သားသုံးဦး ကျဆုံးခဲ့သည်။ ကျောက်တိုင်စိုက်၍ ကမ္မည်းရေးထိုးခဲ့သည်ကို ယနေ့တိုင် တွေ့ရှိနိုင်သည်။

အင်္ဂလိပ်အစိုးရက ၁၈၈၆-ခုနှစ်၊ ဒီဇင်ဘာလက ထုတ်ပြန်ခဲ့သော အထက်မြန်မာနိုင်ငံ ဦးမ်ဝပ်ပိပြားရေးအတွက် အစီရင်ခံစာတွင် အောက်ပါအချက်များ ပါဝင်လေသည်။

၁။ ၁၈၈၆ ခုနှစ် ကုန်ဆုံးခါနီးအထိ ဥပဒေမဲ့ ဆိုးသွမ်းသူတို့နှင့် တိုက်ပွဲပေါင်း ၁၀၀ ဖြစ်ပွားခဲ့သည်။ ဒမြများ နေရာအနှံ့အပြား ထကြွကြ၏။
(ဥပဒေမဲ့ ဆိုးသွမ်းသူ ဒမြများဆိုသည်မှာ မြန်မာမျိုးချစ်ဇာနည်များကို ရည်စူးခြင်းဖြစ်၏။)

၂။ ၁၈၈၅၊ နိုဝင်္ဘာ ၁၅ မှ ၁၈၈၆၊ အောက်တိုဘာ ၃၁ ရက်ထိုပြီတိသျှတပ်မတော်မှ ဗိုလ်ပေါင်း ၁၁-ဦး၊ တပ်သား ၈၀ မျှ ကျဆုံးသည်။

၃။ ရာသီဥတုကြောင့်ရင်း၊ လမ်းပန်း အဆက် အသွယ် ခဲယဉ်းမှုကြောင့်ရင်း တိုက်ပွဲ၌ ဒဏ်ရာရခြင်း၊ နာဖျားခြင်း စသည်တို့ကြောင့် သေဆုံးသူ၊ ဒဏ်ရာ အနာတရ ရရှိသူတို့ တိုက်ပွဲတွင် သုံး၍မဖြစ်အောင် အင်္ဂါချို့ယွင်းသူပေါင်း ဗိုလ်နှင့် အကြပ်တပ်သား ၃၀၅-ဦး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစာရင်းများမှာ ဝန်းသိုစော်ဘွား ဦးအောင်မြတ်တို့ တော်လှန်ပုန်ကန်နေစဉ်ကာလအတွင်းက နယ်ခြားအင်္ဂလိပ်အစိုးရ တို့အတည်ပြုချက်များဖြစ်သည်။ ၁၈၇၅-၈၆ တနှစ်တာအတွင်း ဤမျှသော အတိုင်းအတာဖြစ်စေသည်ကိုထောက်ရှု၍ ထိုခေတ် အခါက အခြေအနေကို မှန်းဆနိုင်ပေမည်။ အထက်စာရင်းပါ တိုက်ပွဲပေါင်း ၁၃၀ တွင် ဝန်းသိုစော်ဘွားတို့ မျိုးချစ်သူပုန် များနှင့် တိုက်ခိုက်ရသည့် တိုက်ပွဲက ပို၍အကြိမ်များပေလိမ့် မည်။

ဤသို့ဖြင့် ဦးအောင်မြတ်သည် ရရာလူသူ လက်နက်ဖြင့် အင်္ဂလိပ်အစိုးရကို ခုခံခဲ့သည်။ ဆိုးသွမ်းနေသော မြန်မာ ဒမြ လူဆိုးများကိုလည်း နောင်ကြဉ်အောင် ဆုံးမလျက် သိမ်းသွင်း ခဲ့လေသည်။ သို့သော် အင်္ဂလိပ်အစိုးရနှင့် အားချင်းယှဉ်၍ မမျှ ပေ။ ထိုကြောင့်လည်း နောက်ဆုံးအဓိက ခံတပ်ဖြစ်သော ဝန်းသိုမြို့ အင်္ဂလိပ်လက်သို့ ကျရောက်ခဲ့လေသည်။ ပရိယာယ် ကြွယ်သော အင်္ဂလိပ်အစိုးရက လက်နက်ချသောသူပုန်များကို အပြစ်မှခွင့်လွှတ်ခြင်း၊ဆုငွေချီးမြှင့်ခြင်း၊ အလုပ်ပေးခြင်း စသော သွေးခဲ့လက်နက်ကို အသုံးပြုလာသည်။ တောတောင် အထပ်ထပ် တွင် ဒုက္ခအမျိုးမျိုးခံနေရသော စော်ဘွား၏တပ်မှ စိတ်မခိုင်သူ များ လက်နက်ချ အညံ့ခံကြသည်။ နောက်ဆုံး မြင်း ၅၀ ခန့်၊ ဆင်ဆယ်စီး၊ လူတရာမျှသာ ကျန်တော့သည်။ ဤအင်အားနှင့် လည်း အညံ့မခံ၊ အလျှော့မပေးခုခံသည်။ မဖြစ်နိုင်တော့သည့် အဆုံးတွင်မှ တရုပ်ပြည်သို့ ခိုဝင်တိမ်းရှောင်ခဲ့လေသည်။

၁၂၅၃-ခုနှစ်တွင် မန်စီ၌ အင်္ဂလိပ်စစ်တပ်၏ အတိုင်းကိုခံရ သည်။ အင်္ဂလိပ်တပ်နှင့်အတူပါလာသော မြတောင် မြို့စားက

ဦးအောင်မြတ်အား လက်နက်ချ အညံ့ခံရန် စကားကမ်းသည်။ ဦးအောင်မြတ်က အင်္ဂလိပ်လက်အောက်သို့မဝင်၊ တရုပ်ပြည်သို့ ထွက်ခွာမည်ဟူ၍ အကြောင်းပြန်သည်။ မြတောင် မြို့စားက ဘေးရန်ကင်းရှင်းသောလမ်းမှ အလံစိမ်းပြမည်၊ ထိုလမ်းမှ ထွက် ပါဟု ပြန်ကြားသည်။ ဦးအောင်မြတ်လည်း အလံစိမ်းပြသော လမ်းမှပင် ဖခင်နှင့်အတူ တရုပ်ပြည် ယူနန်နယ်သို့ ထွက်ခွာသွား သည်။

ယူနန်နယ် စန်းတာမြို့တွင် အခြေစိုက်နေရာ ၁၂၇၀ ခုနှစ် တွင် ဖခင် ဝန်းသိုစော်ဘွားဟောင်း ဦးရှေသားကွယ်လွန်သည်။ မြန်မာပြည်မှပါလာသော ဌေးသုံးထောင်မျှဖြင့် အရင်းပြုလျက် ဆန်စပါး စိုက်ပျိုးရောင်းဝယ်ခြင်း ပြုလေသည်။ စန်းတာနှင့် မိုင်းလမ်မြို့များတွင် အိမ်တဆောင်စီဆောက်သည်။ မြန်မာဆေး ပညာကို လေ့လာခဲ့သဖြင့် စန်းတာမြို့တွင် ဆေးဆရာအဖြစ် ကုသိုလ်ဖြစ် ကုသပေးခဲ့သေးသည်။

ယူနန်နယ်သို့ ရောက်နေသော်လည်း အင်္ဂလိပ်အစိုးရက မျက် ခြည်ပြတ်မခံပေ။ မြတောင်မြို့စားက ကုန်သည်များမှ တဆင့် အထောက်အကြိုပြု သတင်းယူလျက် အင်္ဂလိပ်အစိုးရတို့ကို အစီ ရင်ခံရလေသည်။

ဦးအောင်မြတ်သည် စန်းတာမြို့၌ ၁၃ နှစ်၊ မိုင်းလမ်မြို့၌ ၁၉ နှစ် ပေါင်း ၃၂ နှစ်တိုင်တိုင် တရုပ်ပြည် ယူနန်နယ်တွင် နေခဲ့ လေသည်။

၁၂၈၅ ခုနှစ်တွင် စော်ဘွားကြီး၏ မဟာဒေဝီ မြန်မာပြည် သို့ စကားနယ်သို့ ခေတ္တပြန်လာသည်။ မဟာဒေဝီသည် ဦးရီးတော် ညောင်ရှေစော်ဘွားကြီး ဆာဘွဲ့ရ ဆာစပ်ခမောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တွေ့သည်။ ဆာစပ်မောင်သည် အင်္ဂလိပ်အစိုးရအပေါ် သြဇာ ညောင်းသူဖြစ်၏။

ဆာစပ်မောင်က ဝန်းသိုစော်ဘွား ဦးအောင်မြတ်အား မြန်မာပြည်သို့ ပြန်လာရန် စကားကမ်းလိုက်သည်။ ဦးအောင်မြတ်က အင်္ဂလိပ်လက်အောက် ရောက်ရမည်ဖြစ်၍ မလာလိုဟု ပြန်ကြားသည်။အင်္ဂလိပ်လက်အောက်ရောက်ရန်မလို၊ အညံ့ခံရန် မလိုပါ။မိမိဘာသာ မူရင်းနေမြေတိုင်းနေနိုင်သည်ဟု ပြန်ကြား၏။ ဦးအောင်မြတ်က အင်္ဂလိပ်လက်အောက် ခိုဝင်ခြင်းမဟုတ်လျှင် ပြန်လာပါမည်။ ဤစကား ခိုင်တည့်အောင် ဆောင်ရွက်ပါဟု ပြန်ကြားပြန်သဖြင့် ဆာစပ်မောင်ကိုယ်တိုင် ဘုရင်ခံနှင့်ဆွေးနွေးပြီး မြန်မာပြည်တွင် စိတ်မငြိုငြင်ရပါ။ ဘုရင်ခံက အနှောင့်အရှက် မပေးသည့်အပြင် ထောက်ပံ့ကြေးပင် ပေးပါမည်ဟူသော ကတိရှိကြောင်း ပြန်ကြားလိုက်လေသည်။ ထို့ကြောင့် ၁၂၀၅ ခုနှစ်တွင် ဦးအောင်မြတ်သည် မဟာဒေဝီ၊ သားသမီးများနှင့်တကွ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလေသည်။ ထိုစဉ်က အသက် ၆၃ နှစ်ရှိပေပြီ။

သထုံစော်ဘွားကြီး၏ဆန္ဒအရ ၎င်းပိုင်သော တောင်ကြီးမြို့ရှိ သထုံဟော်နန်းတွင် စော်ဘွားကြီးဦးအောင်မြတ်နှင့် မိသားစုတို့ နေထိုင်ကြသည်။အင်္ဂလိပ်အစိုးရက လစဉ်ငွေတရာ ထောက်ပံ့သည်။ညောင်ရွှေစော်ဘွားကြီးဆာစပ်ခမောင်ကလည်း ထောက်ပံ့သည်။ ဆာစပ်မောင်နောက် ညောင်ရွှေစော်ဘွား စပ်ရှေသိုက်လက်ထက်တွင်လည်း ထောက်ပံ့ခဲ့သည်သာဖြစ်သည်။မဟာဒေဝီသည် အသက် ၇၁ နှစ်တွင် ထိုသထုံဟော်နန်းဌာပင် ကွယ်လွန်သည်။

ဝန်းသိုစော်ဘွားကြီးသည်မြန်မာဘုရင်ပါတော်မူပြီးနောက် အင်္ဂလိပ်အစိုးရကို ရှေးဦးစွာတော်လှန်ခဲ့သည်။ အင်္ဂလိပ် လက်အောက်ခိုဝင်လျှင် မြန်မာဘုရင်လက်ထက်က အခြေအနေထက်ပင် ပို၍သာလွန်သော စည်းစိမ်များကို ရနိုင်ဘွယ် အလားအလာရှိသည်။ သို့သော် ဒုးမထောက်ခဲ့။ တကိုယ်ကောင်းမကြံခဲ့။ အဟုန်ပြင်းစွာသော ဇာတိမာန်ဖြင့်နယ်ချဲ့ကို တွန်းလှန်ခဲ့သည်။

စော်ဘွားကြီးသည် မြန်မာတို့ သူ့ကျွန်ဘဝမှ ပြန်လည်လွတ်လပ်သည်ကို ဝမ်းပန်းတသာ မြင်သွားရှာသည်။မြန်မာအစိုးရက ချီးမြှင့်သော 'သတိုးသီရိ သုဓမ္မမဟာသရေစည်သူ' ဟူသောဘွဲ့ကို လည်း ခံယူရခဲ့သည်။

မြန်မာ့သမိုင်းတွင် တော်လှန်ရေးအာဇာနည်အဖြစ်ဖြင့် မှတ်တမ်းတင်ထားရသည့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် ၁၉၆၅-ခုနှစ် ဇန်နဝါရီလ ၅ ရက်(၁၃၂၆ ခုနှစ် ပြာသိုလ ဆန်း ၃-ရက် အင်္ဂါနေ့) တွင် ကွယ်လွန်သည်။ သို့သော် အာဇာနည်ဟူသည် လူပင်သေသော်လည်း အမည်ကား မသေ မပျက်၊ ခေတ်အဆက်ဆက်တွင် လျှမ်းလက်သော အရောင်ဖြင့် ထွန်းပြောင်နေဦးမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့လွတ်လပ်ရေး အတွက် တော်လှန်ရေး မျိုးစေ့ ချပေးခဲ့သော ဆရာတော် ဦးဥတ္တမ

မြန်မာဘုရင် ပါတော်မူပြီးနောက် နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်ခဲ့သော မြန်မာသူရဲကောင်းများ များစွာရှိကြသည်။ထိုများစွာသော သူရဲကောင်းများတွင် လူပုဂ္ဂိုလ်များသာ မဟုတ်ဘဲ ရဟန်းတော်များပါ ပါဝင်သည်မှာ အလွန်ထူးခြားသော အချက်တရပ်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းစဉ်တလျောက်တွင် နယ်ချဲ့အင်္ဂလိပ်ကို နည်းအမျိုးမျိုးဖြင့် တော်လှန်ခဲ့ကြရာတွင် တော်လှန်ရေးမျိုးစေ့ကို ချပေးခဲ့သော ရဟန်းတော်တပါးသည် ထူးခြားစွာ ပေါ်ထွန်းခဲ့သည်။ ယင်းပုဂ္ဂိုလ်ကား ဆရာတော် ဦးဥတ္တမပင် ဖြစ်လေသည်။

ဆရာတော်သည် မြန်မာလူမျိုးတို့အား နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် တော်လှန်ရေးမျိုးစေ့ ချပေးခဲ့သည်။နားမျက်စိဖွင့်ပေးခဲ့သည်။ ဆရာတော်ကိုယ်တိုင်ကလည်းရဲရဲတောက်တွန်းလှန်ခဲ့လေသည်။ အကယ်၍ မြန်မာတော်လှန်ရေး သမိုင်းတွင် ဆရာတော် ဦးဥတ္တမသာ မပေါ်ထွန်းခဲ့လျှင် မြန်မာနိုင်ငံ၏ သမိုင်းမှာ တမျိုးတဖုံပြောင်းခဲ့မည်သာ ဖြစ်သည်။

ဆရာတော်ကို အဖ ဦးမြ အမိ ဒေါ်အောင်ကျော်သူ တို့မှ ၁၂၄၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် စနေနေ့(၂၇.၁၂.

၁၈၇၉) တွင် စစ်တွေမြို့ ရှုပရပ်ကွက်တွင် မွေးဖွားသည်။ ငယ်မည်မှာ ပေါ်ထွန်းအောင် ဖြစ်လေသည်။ မွေးချင်းသုံးယောက်ရှိသည်။ ညီ ကျော်ထွန်းအောင်နှင့် ညီမ မအိမ်စိုးတို့ ဖြစ်ကြသည်။

ဆရာတော် ဦးဥတ္တမ လောင်းလျှာဖြစ်သော မောင်ပေါ်ထွန်းအောင်နှင့် ညီဖြစ်သူ ကျော်ထွန်းအောင်တို့သည် ငယ်စဉ်က ပညာသင်ရန် အလွန်ပြင်းပြသူများ ဖြစ်ကြသည်။ အကို ၉ နှစ်၊ ညီ ၆ နှစ်သားတွင် မိဘများအား အင်္ဂလိပ်ကျောင်းတွင် ပညာသင်ခွင့်ရရန် ပူဆာကြသည်။ မိဘများက သဘောမတူပေ။ အင်္ဂလိပ်စာတတ်များသည် အစိုးရအလုပ်ကို လုပ်ကြရသည်။ အစိုးရအလုပ် လုပ်လျှင် တရပ်တကျေးသို့ အစဉ်အမြဲပြောင်းရွှေ့နေရသဖြင့် မိဘများနှင့်အတူမနေနိုင်။ ထို့ကြောင့် မိဘများက သားနှစ်ဦးကို အင်္ဂလိပ်စာ မသင်စေလိုခြင်း ဖြစ်သည်။ ပေါ်ထွန်းအောင်တို့ ညီအကိုစာမှ ပညာမသင်ရသဖြင့် အိမ်မှ ထွက်ပြေးကြသည်။ (၁၅)ရက်မျှကြာမှ လမ်းဘေး သစ်ပင်အောက်မှ ပြန်လည် တွေ့ရှိလေသည်။ ဤတွင်မှ စစ်တွေမြို့မူလတန်း အင်္ဂလိပ်စာသင်ကျောင်းတွင် သင်ယူခွင့် ရရှိလေသည်။ မူထမ ကျောင်းအပ်စဉ်စာ ကျောင်းအုပ်ဆရာကြီးသည် ပေါ်ထွန်းအောင်တို့ ညီနောင်အား ထုံးစံအတိုင်း K.G. ခေါ်သူငယ်တန်းတွင် ထားသည်။ ပေါ်ထွန်းအောင်က ၎င်းအား တတိယတန်းတွင် ထားရန် အကြံပေးသည်။ ပထမတန်း၊ ဒုတိယတန်းစာများကို ၎င်းအနေဖြင့် ဖတ်နိုင်သည်ဟု အကြောင်းပြသည်။ အင်္ဂလိပ်လူမျိုးကျောင်းဆရာကြီးသည် ပေါ်ထွန်းအောင်အား ပထမတန်း၊ ဒုတိယတန်း ပြဋ္ဌာန်းစာအုပ်များကို ဖတ်စေ

www.burmeseclassic.com

ခြင်းဖြင့် စမ်းသပ်ခဲ့သည်။ အထစ်အငေါ့မရှိ ဖတ်နိုင်သည်ကို အံ့သြစွာ တွေ့မြင်ရသဖြင့် ဒုတိယတန်းတွင် ပညာသင်ယူခွင့်ပြုရ လေသည်။ ပေါ်ထွန်းအောင်သည် အိမ်နီးနားချင်း အင်္ဂလိပ် ကျောင်းသားများထံမှ အင်္ဂလိပ်စာများကို သင်ယူတတ်မြောက် ခဲ့သည်ကို မိဘများကပင် မသိရှိခဲ့ပေ။

ပညာသင်ကြား၍ ၂ နှစ်မျှကြာသောအခါ အကိုကြီး ငါးတန်း၊ ညီငယ်လေးတန်းသို့ ရောက်ရှိကြသည်။ အတန်းတင် စာမေးပွဲတွင် နှုတ်ဖြင့်မေး၍ သင်ပုန်းတွင် အဖြေရေးပေးရသော ဉာဏ်စမ်းသင်္ချာစစ်မေးရာ၌ပေါ်ထွန်းအောင်သည်၊အပြင်ခေတ္တ ထွက်မိသဖြင့် ပုစ္ဆာတခုကို မဖြေလိုက်ရပေ။ အောင်စာရင်း ထွက်လာသောအခါ သင်္ချာတွင် ၃ မှတ်လျော့ပြီး ဒုတိယဖြစ် လေသည်။ ညီငယ်မှာလည်း သင်္ချာတွင် ဒုတိယသာ ရရှိလေ သည်။ အတန်းစာမေးပွဲပြီးသောအခါ အင်္ဂလိပ်မျက်နှာဖြူ ရခိုင်တိုင်းမင်းကြီးကတော်က ဆုများချီးမြှင့်သည်။ ပေါ်ထွန်း အောင်သည် ချီးမြှင့်ဆောဆုကို ယူသည်။ သို့သော်အိမ်သို့အပြန် တွင် စစ်တွေမြို့ ဆိပ်ကမ်းသို့ ညီငယ်အား ခေါ်သွားပြီး ညီကို နှစ်ယောက် ရရှိသော ဒုတိယဆု စာအုပ် ခဲတံ စသည်များကို ဆုပ်ချေကာ ကုလားတန်းမြစ်ထဲသို့ ပစ်ချလိုက်လေသည်။ အကို သည် ညီငယ်အား "မမှာ ငါ့ညီ၊ ဒုတိယဆု တတိယဆုတွေကို ဘယ်တော့မှမယူနဲ့။ ပထမဆု ရအောင်ကြိုးစားရမယ်ကွ" ဟူ၍ ဆုံးမသည်။ ပေါ်ထွန်းအောင်ကား ငယ်စဉ်ကပင် ဣန္ဒြေသို့ တက် ကြွမြင့်မားသော စိတ်ထားရှိသူဖြစ်သည်။

ထို စစ်တွေ မူလတန်းကျောင်း ပဉ္စမတန်းတွင် ပညာသင်ကြား နေစဉ်မှာပင် အင်္ဂလိပ်မျက်နှာဖြူ ခရစ်ယန်ဘုန်းကြီးတပါး ကာ

လကတ္တားမှ စစ်တွေသို့ရောက်လာသည်။ အဆိုပါ ကျောင်းမှ ဉာဏ်ကောင်းသောကလေးနှစ်ဦး အလိုရှိကြောင်း၊ သားအဖြစ် မွေး၍ ပညာသင်ပေးမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးကိုပြော သည်။ ကျောင်းအုပ်ကြီးကလည်း ပေါ်ထွန်းအောင်တို့ ညီအကို နှစ်ယောက်ကိုပင် ဉာဏ်ကောင်းသူတပည့်နှစ်ဦးအဖြစ်ဖြင့် ထုတ် ပြသည်။ ဘုန်းတော်ကြီးက စမ်းသပ်စစ်မေးပြီး နှစ်သက်သဖြင့် ဆရာကြီးမှတဆင့် မိဘများထံ ပညာသင်ပေးရန်အတွက်ခေါ်ယူ ခွင့်တောင်းလေသည်။ မိဘများက သားများနှင့် မခွဲမခွာနိုင် သဖြင့် မထည့်ပေးနိုင်ကြောင်း၊ ရပ်ဝေးသို့ သွားခွင့်မပေးနိုင် ကြောင်း ဖြေလိုက်သည်။ သားကြီး ပေါ်ထွန်းအောင်က အ လျှောမပေး။ "အဖေတို့အမေတို့မလွှတ်လဲ တနေ့ အိမ်က ထွက် ပြေးမှာဘဲ"ဟု အဖြေပေးခဲ့သည်။ခရစ်ယန်ဘုန်းကြီး၏ လိပ်စာ ကိုပင် ယူထားလိုက်လေသည်။

၁၃ နှစ်သားတွင် ပေါ်ထွန်းအောင်သည် နိုင်ငံခြားသို့ သွား၍ ပညာသင်ယူခွင့် ရရှိရန် ကြိုးစားလေသည်။ ပထမ ကြိုးစားချက်မှာ ဌေးစုခြင်း ဖြစ်သည်။ ဌေ ရှိလျှင် သွား နိုင်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် မိ ခင် ဘက် မှ ဦးရီးတော်သူ၏ဈေးဆိုင်တွင် ကူရောင်းရင်း ဌေစုသည်။ ဌေ ၄၅ဝိ မျှ စုရရသောအခါ ဦးရီး၏ဇနီးက တိတ်တဆိတ်ခိုးယူပြီး ၎င်းတို့၏ဌေကို တိတ်တဆိတ် ခိုးယူသည်ဟုပင်စွပ်စွဲကာ သိမ်းယူ လိုက်လေသည်။အကြံပျက်ရလေ၏။ သို့သော် ဝေးမြေရပ်ခြားသို့ စွန့်စား၍ ပညာရှာရန် ဆန္ဒကိုကား မလျှော့ပေ။

ပေါ်ထွန်းအောင်သည် ဦးရီးအိမ်မှ ထွက်ခဲ့သည်။ အမိ အဖ အိမ်သို့လည်း မသွားဘဲ ထိုစဉ်က စစ်တွေမြို့တွင် ပရိယတ္တိ သင်

www.burmeseclassic.com

www.burmeseclassic.com

ကြားမှ၌ အထူး ကျော်ကြားနေသော ရွှေစေတီကျောင်း ဆရာတော်ဘုရားထံသို့ သွားသည်။ ရဲဝံ့စွာပင် ပညာသင်ကြား လိုရှိ၍ ပညာအမွေချီးမြှင့်ပါရန် လျှောက်ထားလေသည်။ ဆရာ တော်လည်း သူငယ်၏ စိတ်ဆန္ဒပြင်းပြပုံကို အထူးနှစ်သက်သဖြင့် လူဝတ်ကြောင်ဖြင့်သင်ယူမည့်အစား သာမဏေပြု၍ သင်ယူလျှင် ပို၍ အဆင်ပြေမည်ဖြစ်ကြောင်း၊ ထိုမှတဆင့် ရဟန်းတောင် ဝင်၍ လေ့လာလျှင် ပို၍ အောင်မြင်သင့်လျော်ကြောင်း မိန့် ကြားလေသည်။ပေါ်ထွန်းအောင်သည် ဆရာတော်၏သြဝါဒကို အထူးနှစ်သက်သဖြင့် မိဘများထံ ခွင့်ပန်ပြီး သာမဏေပြုခွင့်မရမီ စပ်ကြားမှာပင်ဖြူနီကြောင်ကျား အဝတ်များကိုစွန့်ပယ်သည်။ ဖိုးသူတော်ဝတ်လျက် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ် စသည်များကို သင်ယူသည်။ ၂-နှစ်အကြာ ၁၅-နှစ်သားအရွယ် တွင် ယင်း ကျမ်းတို့ကို နှစ်ပတ်တိသိပြီးဖြစ်သည်။ ၁၆-နှစ်သား အရွယ်တွင် မိဖနှစ်ပါးတို့က လက်လျှော့ကာ ဝမ်းမြောက်စွာဖြင့် ပင် သာသနာ့ဘောင်သို့ သာမဏေအဖြစ်ဖြင့် သွတ်သွင်းခဲ့ရ လေသည်။ ညီအကိုနှစ်ယောက်လုံးပင် သာမဏေပြုလေသည်။ ရှင်ဥတ္တမနှင့် ရှင်အရိယ ဟူသော ဘွဲ့မည်တွင်သည်။

ရှင်ဥတ္တမဘွဲ့မည်ရ ပေါ်ထွန်းအောင်သည် ဗုဒ္ဓစာပေများကို သင်ယူနေသည်။ဤအတွင်း ဗုဒ္ဓပိဋကတ် စာပေများကိုသင်ကြား ပို့ချရာ၌ အထူးထင်ရှားသော ပခုက္ကူမြို့သို့သွား၍ ပညာရှာရန် ဆန္ဒဖြစ်သည်။ အထူးသဖြင့် ပခုက္ကူမြို့ ရေစကြိုစာသင်ကျောင်း တိုက်ကြီး၏ ဂုဏ်သတင်းကိုကြားသိရသဖြင့် ပို၍ပင် ဆန္ဒပြင်းမြဲ လေသည်။ ထို့ကြောင့် ဒါးကောင်းဆရာတော် ဦးဂန္ဓမာနှင့်အတူ မအူပင်သို့ လူဝတ်လဲ၍ လိုက်ပါလာသည်။ မအူပင်မှ ရန်ကုန်၊ ရင်းမှ တောင်ငူသို့ ရောက်သည်။ တောင်ငူတွင် ရှင်သာမဏေ စာပြန်ပွဲကျင်းပနေသည်နှင့်ကြုံကြိုက်သဖြင့် ဝင်ရောက်ပြန်ဆိုရာ ပထမရရှိလေသည်။ စာပြန်ပွဲတွင် ပထမရသဖြင့် လူသိများလာ သည်။ တောင်ငူမြို့ ကျွန်းကုန်းရပ်ကွက်တွင် နေသောရှမ်းအမျိုး သမီးတဦးက မွေးစားလိုကြောင်း ဆရာတော်ထံမှ ပေါ်ထွန်း အောင်ကို တောင်းသည်။

ပေါ်ထွန်းအောင်က သားအဖြစ်မွေးစားလိုက ကာလ ကတ္တားသို့ ပညာသင်လွှတ်ရန် ပြောသည်။ အမျိုးသမီးကြီးက လွှတ်ပါမည်ဟူ၍ သဘောတူညီသည်။

ထို့ကြောင့် အသက်(၁၇)နှစ်သား အရွယ်တွင် ရှမ်းအမျိုး သမီးကြီး၏ အထောက်အပံ့ဖြင့် ကာလကတ္တားသို့ ပညာသင် သွားသည်။ (၁၉)နှစ်သားတွင် အင်္ဂလိပ် ပညာ (၁၀)တန်း စာမေးပွဲအောင်သဖြင့် မြန်မာပြည်သို့ ပြန်လာသည်။ ပခုက္ကူမြို့ ရေစကြိုတိုက်တွင် ရှင်ဝတ်ဖြင့် ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့ လာ သင်ကြားသည်။ ထိုသို့သင်ကြားနေစဉ် စစ်တွေတွင်ရှိစဉ်က သီဟောင်း ကျမ်းဟောင်းဖြစ်သော ဘုံဘေဘာဘားမား ကိုယ်စား လှယ် ဦးထွန်းအောင်ကျော်ဆိုသူက ဒါယကာခံသဖြင့် အသက် (၁၈)နှစ်နှင့် ၂ လတွင် ရဟန်းဘောင်သို့ ဝင်သည်။ ရဟန်း ပြုပြီးနောက် ဗခုက္ကူမှ အိန္ဒိယပြည် ကာလကတ္တားသို့ ဒုတိယ အကြိမ်ပြန်သွားသည်။

ဒုတိယအကြိမ် အိန္ဒိယသို့ ပြန်ရောက်သောအခါ၌ အိန္ဒိယ နိုင်ငံ၏ နိုင်ငံရေး အခြေအနေမှာ ပြောင်းလဲနေပြီ ဖြစ်သည်။ အိန္ဒိယအမျိုးသား ခေါင်းဆောင်များသည် နိုင်ငံ လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com

အတွက် ထက္ကြ နိုးကြားအောင် ဆောင်ရွက်နေကြပြီဖြစ်သည်။ ဦးဥတ္တမသည် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု အရေးအခင်းများကို စိတ်အားတက်ကြွစွာ မြင်တွေ့ လေ့လာရာမှ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် စိတ်ဆန္ဒ တဖွားဖွားဖြစ်ပေါ်လာလေသည်။

ဆရာတော်သည် အိန္ဒိယတွင် နေစဉ်အတွင်း သက္ကင္ဒ၊ဘင်္ဂလီ၊ နာဂလီ စသော အိန္ဒိယ ရှေးဟောင်းကျမ်းစာများကို သင်ယူလေသည်။ နယ်ချဲ့အင်္ဂလိပ်၏ ဘုရင်ခံချုပ်သည် ၁၀၉၄ ခုနှစ်တွင် အိန္ဒိယပြည် ဘင်္ဂလားနယ်ကို အရှေ့နှင့်အနောက် ပိုင်းခြားလိုက်သည်။ ဤတွင် ဘင်္ဂလားမှ အမျိုးသားများ မခံမရပ်နိုင်သဖြင့် ဆူပူအုံကြွလေသည်။စာဆိုဒေါက်တာ ဘင်တာရာနတ်သ်တဂိုးနှင့် စီအာဒတ်စ် စသော ပညာတတ် ပုဂ္ဂိုလ်ကြီးများတဦးဆောင်ကန့်ကွက်လေသည်။ ထိုသို့ကန့်ကွက်ရာမှ အမျိုးသားဈောလိပ်ကျောင်းကြီးတခုကို တည်ထောင်ဖွင့်လှစ်လေသည်။ ထိုကျောင်းတွင် ဆရာတော် ဦးဥတ္တမသည် ပါဠိနှင့် ဗုဒ္ဓဘာသာ ဘာသာရပ်ကို သင်ကြားပို့ချရလေသည်။ ကျောင်းအုပ်ကြီးမှာ အိုင်စီအက်စ် အရာရှိတဦးဖြစ်ခဲ့သူ ဗင်နီဂို ရှိဆိုသူ ဖြစ်သည်။

ဆရာတော်သည် ထိုအမျိုးသားတက္ကသိုလ်တွင် ပါဠိ ဖရော်ဖက်ဆာ အဖြစ်ဖြင့် ဆောင်ရွက်နေစဉ်အတွင်း အိန္ဒိယပြည်၏ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို လေ့လာခွင့်ရလေသည်။ အိန္ဒိယ အမျိုးသားတို့သည် ထိုစဉ်က ထောင်ကျခံ၍ တက်တက်ကြွကြွ ပြင်းပြင်းထန်ထန် နိုင်ငံရေးဆောင်ရွက်ကြသည်။

အိန္ဒိယပြည်၌ လျှို့ဝှက်အသင်းများ တည်ထောင် လှုပ်ရှားနေချိန်တွင် မြန်မာပြည်၌ နိုင်ငံရေးဆောင်ရွက်မှု အခြေအနေ

မှာ အလွန်ပင် နုနယ်သေးသည်။ ဆရာတော်သည် အိန္ဒိယပြည်၏ နိုင်ငံရေးလှုပ်ရှားမှုတွင် အမျိုးသားစိတ်ဓာတ် ရင့်သန်စေရန် စကားဝေါဟာရများကို တီထွင် ကြေးကြော်ကြသည်ကို မှတ်မှတ်သားသား လေ့လာထားလေသည်။ အထူးသဖြင့် (ငါတို့ကား ကျွန်မျိုးမဟုတ်) ဟူသော စကားလုံးဖြင့် အိန္ဒိယပြည်သူလူထု၏ အမျိုးသားစိတ်ကို အထူးလှုပ်ရှား တက်ကြွစေသည်ကိုအမှတ်ပြုမိသည်။ ဆရာတော်ကိုယ်တိုင် ဤစကားစုများကြောင့် အမျိုးသားစိတ် ပိုမိုထက်သန်လာသည်။ အိန္ဒိယမှ နေ၍ မြန်မာပြည်၏ အခြေအနေအရပ်ရပ်ကို အခါမမလပ်လှမ်းမျှော် အကဲခတ်နေသည်။ဘယ်ပုံ ဘယ်နည်း မြန်မာပြည်သူလူထုကိုအမျိုးသားစိတ် နှိုးဆွ စည်းရုံးရမည်ကိုလည်း တွေးဆကြံစည်လျက်ရှိသည်။

ဆရာတော်သည် အိန္ဒိယမှ ပြင်သစ်သို့သွား၍ ပညာရှာပြန်သည်။ပြင်သစ်တွင် ရှိစဉ် ၁၀၉၄-၅-တွင် ရုရှားနှင့် ဂျပန်စစ် ဖြစ်ပွားပြီး ဂျပန်က အနိုင်ယူလိုက်သဖြင့် တကမ္ဘာလုံးဂျပန်နိုင်ငံလေးကို အာရုံပြုစိတ်ဝင်စားလာကြလေသည်။ ဆရာတော် ဦးဥတ္တမကိုယ်တိုင် "ငါတို့အာရှတိုက်သား ဂျပန်ဏလဲ နိုင်ငံငယ်လူပုပေမယ့် အတုယူဘွယ်တွေ ရှိနေပါကလား"ဟူ၍ စိတ်ဖြစ်ပေါ်လာသည်။ ဂျပန်ပြည်သို့ သွားရောက်လေ့လာရန် ဆုံးဖြတ်လေသည်။

ဆရာတော်သည် ရန်ကုန်သို့ ခေတ္တ ပြန်လာပြီး ဂျပန်ပြည်သို့ကြွလေသည်။ ဂျပန်တွင် သုံးနှစ်ကြာသည်။ဂျပန်ပြည်မှ ပြန်လာသောအခါ ဂျပန်ပြည်အကြောင်း စာအုပ်တအုပ် ရေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ၁၉၀၇-ခုနှစ် ဖေဖော်ဝါရီလ ၄-ရက်၊ (၁၂၆၈-ခုနှစ်၊ တပို့တွဲလဆုတ် ၈-ရက် တနင်းလာနေ့)တွင် ရန်ကုန်မှ စက်ပူသင်္ဘောက်သည်။ ထိုလ ၁၈-ရက်တွင် စက်ပူမှ ဂျပန်သို့ သင်္ဘောဖြင့်ထွက်ခွာသည်။ ဂျပန်ပြည် ယိုကိုဟားမား ဆိပ်ကမ်းသို့ ထိုနှစ် မတ်လ ၇-ရက် (၁၂၆၈-ခုနှစ်၊ တပေါင်းလဆုတ် ၁၀-ရက် (ကြာသပတေး)နေ့တွင် ရောက်လေသည်။ ၁၉၁၀-ပြည့်နှစ်တွင် မြန်မာပြည်သို့ ပြန်ကြွလာရာ ၁၉၁၁-ခုနှစ်တွင် ရန်ကုန်သို့ပြန်လည် ဆိုက်ရောက်လေသည်။

ဆရာတော်သည် အိန္ဒိယပြည်တွင် ဂ-နှစ်တိုင်တိုင် မည်သူ့တဦး တယောက်ကမျှ ထောက်ပံ့ ခိုးပင့်ခြင်းမပြုဘဲလျက်ကိုယ်ခွန်ကိုယ် အားဖြင့် ပညာရှာမှီးခဲ့သည်။ ဂျပန်ပြည်တွင်လည်း တိုကျိုမြို့ရှိ ဗုဒ္ဓဘာသာသိပ္ပံသင်ကျောင်းကြီးတွင်ပါဠိနှင့်သင်ကရိုက်ဘာသာ ဖရောဖစ်ဆာအဖြစ်ဖြင့် စာပြလေသည်။ ထိုကျောင်းကြီး၏ဥက္ကဋ္ဌ မှာ အမတ်ကြီး အိုတာနီ ဖြစ်သည်။ ဆရာတော်သည် ဂျပန်သို့ ရောက်လျှင် အမတ်ကြီး အိုတာနီထံသွားရှိနိမိမိကိုယ်ကို မိတ်ဆက်သည်။ထိုကျောင်းတွင် စာပြလိုကြောင်း ပြောသည်။ အမတ်ကြီးက စစ်ဆေးပြီး အလွန်နှစ်သက်လေသဖြင့် ဂျပန်စာနှင့်စကားတနှစ်သင်ရန် ပြောသည်။ ဆရာတော်ကလည်း သင်ယူသည်။ စာမေးပွဲအောင်ပြီးမှ ဆရာအဖြစ်ဖြင့် အလုပ်လုပ်ခြင်းဖြစ်သည်။

ဆရာတော် ဂျပန်ပြည်သို့ ရောက်စဉ်က ရဟန်း ၉-ဝါရှိပြီ ဖြစ်သည်။ ဂျပန်ပြည်မှ ပြန်သည်ကြွလာသောအခါ ဆရာတော်သည် ဘာသာပေါင်း(၉)ဘာသာကို ရေး- ဖတ်- ပြော- ကျမ်း- ကျင်စွာ တတ်မြောက်ခဲ့လေသည်။ ဆရာတော်တတ်မြောက်ခဲ့သော ဘာသာရပ်များမှာ (မြန်မာပါဠိ၊ ဘင်္ဂလီ၊ နာဂလီ၊ သင်ဟာကရိုက်၊ အင်္ဂလိပ်၊ တိဘက်၊ ပြင်သစ်၊ ဂျပန်) ဘာသာရပ်များ ဖြစ်ပေသည်။

ဆရာတော်သည် အိန္ဒိယတွင် ရှိစဉ်က တဖက်မှ ပညာယူ- တဖက်မှ ပညာပေး- နိုင်ငံရေးကိုလည်း လေ့လာသည်သာမက မိမိကိုယ်တိုင်ပင် နိုင်ငံရေးတွင် ဝင်ရောက် ဆောင်ရွက်လေသည်။ ဆရာတော်သည် အိန္ဒိယတွင်ရှိစဉ်က အိန္ဒိယကွန်ဂရက်နှင့် အိန္ဒိယ မဟာဆဗွ အသင်း၏ ခေါင်းဆောင်တဦးအဖြစ်ဖြင့် အိန္ဒိယ ပြည်သူများက အမှတ်ပြု လေးစားခဲ့လေသည်။ ဆရာတော်သည် အိန္ဒိယရှိ ဟင်ဒူမဟာဆဗွ ခေါ် ဘာသာရေး အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ ဥက္ကဋ္ဌ တာဝန်ကို အလွယ်ဖြင့် ရရှိခဲ့သည်မဟုတ်ပေ။ ပဏ္ဍိတ်ဗာဗီးယား အမည်ရှိ မဒရပ်နယ်မှ နာမည်ကျော် အိန္ဒိယ အမျိုးသား ခေါင်းဆောင်ကြီးနှင့်အတူ ယှဉ်ပြိုင်ရခြင်း ဖြစ်လေသည်။ ထို အမျိုးသား ခေါင်းဆောင်ကြီးမှာ အိန္ဒိယပြည် ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ရှရီနေရူး၏ ဖခင် ပဏ္ဍိတ်မိုဘာရလာနေရူးတို့နှင့်တဘန်းတည်းထားရသော ခေါင်းဆောင်ကြီး ဖြစ်လေသည်။ ဤသို့သော ခေါင်းဆောင်ကြီးနှင့်ပင် ယှဉ်ပြိုင်၍ အနိုင်ယူခဲ့သော ဆရာတော် ဦးဥတ္တမဖြစ်သည်။ ထို့ကြောင့် အိန္ဒိယပြည်သားတို့က ဆရာတော်ကို ၎င်းတို့၏ ခေါင်းဆောင်အဖြစ်ဖြင့် အမှတ်ပြုခြင်း ဖြစ်သည်။ အိန္ဒိယပြည်၏ သမိုင်းတွင်ပင် ဆရာတော်၏ အမည်နာမ ဂုဏ်ထူး ဝိသေသနှင့် ဆောင်ရွက်ချက်များကို တခန်းတကဏ္ဍ မှတ်တမ်းတင်ရမည်ဖြစ်သည်။

www.burmeseclassic.com

ဆရာတော် ဂျပန်ပြည်၌ ရှိစဉ်တွင် အိန္ဒိယပြည် ဘုံဘေနယ် ဘာရိုးဒါစတိတ်မှ စော်ဘွားတဦး ဂျပန်ပြည်သို့ရောက်လာသည်။ မဟာရာဇာ စော်ဘွားကြီးမှာ အင်္ဂလိပ်လက်အောက်တွင် ကျွန်မခံလို၍ ဂျပန်သို့ရောက်လာခြင်းဖြစ်သည်။ ဂျပန်ပြည်သို့ရောက်သည့်အခါတွင် ဂျပန်အစိုးရက ဂရုမစိုက်ပေ။ လျစ်လျူပြုထားသဖြင့် ဟော်တယ်တခုတွင် တည်းခိုရလေသည်။

ထိုစဉ်က ဂျပန်ပြည်တွင် အင်္ဂလိပ်စကားတတ် တက္ကစီမောင်းသူ၊ တက္ကစီ ထောင်သူ အိန္ဒိယပြည်သားသုံးရာခန့်ရှိသည်။ ၎င်းတို့သည် ဆရာတော် ဦးဥတ္တမအား အိန္ဒိယပြည်၏ ခေါင်းဆောင်အဖြစ်ဖြင့် သိရှိကြည်ညိုပြီး ဖြစ်သည်။ စော်ဘွားကိစ္စကို ဆရာတော်အား ၎င်းအမျိုးသားများက လာရောက် လျှောက်ထားသဖြင့် ဆရာတော်သည် ထိုစဉ်က စက်မှုလက်မှု ဝန်ကြီးဖြစ်သူ အမတ်ကြီးအိုတာနီနှင့်တွေ့ဆုံပြီး ၎င်းအကြောင်းကိုရှင်းပြသည်။ ဆရာတော်က ဂျပန်သည် အာရှ အရှေ့၏ လက်နက်နိုင်ငံကြီးဖြစ်သည်။ သို့သော် ဂျပန်တဦးတည်း ထီးတည်းမနေသင့်။ နယ်ချဲ့လက်အောက် ရောက်နေသော အိန္ဒိယ၊ မြန်မာ စသော နိုင်ငံများနှင့်လည်း ဆက်သွယ်အကူအညီပေးသင့်သည်။ ထို့ကြောင့်အိန္ဒိယမှ ရောက်လာသည့် မဟာရာဇာ စော်ဘွားကို ဂျပန်အစိုးရက လက်ခံဆွေးနွေးသင့်သည် စသည်တို့ကို ရှင်းလင်း မိန့်ကြားလေသည်။ အမတ်ကြီးက မျှားစွာ နှစ်သက်သဘောပေါက်ပြီး ဂျပန်အစိုးရဖွဲ့အား တင်ပြသည်။ ဂျပန်အစိုးရကလည်း ဆရာတော်၏ တင်ပြချက်ကို လက်ခံသည်။ ထို့ကြောင့် ဆရာတော်နှင့် မဟာရာဇာအား မင်းခမ်းမင်းနားနှင့်တကွ ပင့်ဖိတ်ကာ ဥယျာဉ်ပွဲတခု ကျင်းပလေသည်။ အာရှတိုက်၏ နယ်ချဲ့လက်အောက် ရောက်ရှိ

နေသော နိုင်ငံငယ်များ၏ အရေးအခင်းကို ဂျပန်အစိုးရနှင့် တိုင်ပင် ဆွေးနွေးခဲ့ကြသည်။

ဆရာတော်သည် ဂျပန်တွင် ပါမောက္ခအဖြစ်ဖြင့် ဆောင်ရွက်နေစဉ် အခ ကြေးငွေ မယူပေ။ နေစရာနှင့် ဆွမ်းစားရန် အတွက်သာ တောင်းခံသည်။ ဆရာတော် ဂျပန်မှ ပြန်လာသည့် အခါ အမတ်ကြီး အိုတာနီက ခရီးစရိတ် အလုံအလောက်ပေးလှူခဲ့လေသည်။

ဆရာတော် ဂျပန်၌ရှိစဉ် ဂျပန်သို့ ခေတ္တ ထွက်ပြေး တိမ်းရှောင်လာရသော တရုပ်ပြည်၏ဖခင်ကြီး ဒေါက်တာ ဆွန်ယက်ဆင်နှင့် တွေ့ရှိခင်မင်ခဲ့လေသည်။ တရုပ်ပြည်၏ အရေးအခင်းနှင့် ပတ်သက်၍ ဆရာတော်က မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း သြဝါဒပေးခဲ့သည်ဟု ဆို၏။

ဆရာတော် ဂျပန်မှအပြန်တွင် တရုပ်ပြည်သို့ဝင်သည်။ ၎င်းမှ တဆင့် မြင်သစ်ပိုင် အင်ဒိုချိုင်းနားရှိ ဆေးဂုံမြို့သို့ရောက်သည်။ ဆေးရုံတွင် ရှိစဉ် မြန်မာပြည်မှ ဘာသာ မျိုးစုံ တတ်သော ဆရာတော် ဦးဥတ္တမ ရောက်ရှိကြောင်း သတင်းစာများတွင်ပါရှိသဖြင့် ထိုစဉ်က ဆေးဂုံသို့ရောက်ရှိနေသော မြင်ကွန်းမင်းသားကာ ပင့်၍ ဆွမ်းကပ်လေသည်။ မြင်ကွန်းမင်းသားကြီးက မြန်မာပြည်ကို ပြန်လည်ရယူရန် ကြိုးစားမည်ဖြစ်ကြောင်း လျှောက်ထားရာ ဆရာတော်က မြန်မာပြည်၏ အခြေအနေ အရပ်ရပ်ကို ရှင်းပြပြီး "မြန်မာပြည်အနေနဲ့ အသံမြည်မှာ မဟုတ်တော့ဘူး တကာကြီး"ဟု မိန့်ကြားလေသည်။ မြင်ကွန်းမင်းသားကြီးလည်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် အင်္ဂလိပ်အစိုးရစုံထောက်များက တကောက်ကောက် လိုက်နေသဖြင့် ပြင်သစ်ပိုင်နယ်မြေသို့ ကူးသည်။ ထိုမှ တဆင့် အင်္ဂလိပ်တို့ဖမ်းယူသွားသော မြန်မာဘုရင် သီပေါမင်းနှင့် ချိန်း၍ တွေ့ဆုံခဲ့သည်။ နန်းကျဘုရင် သီပေါမင်းကို အင်္ဂလိပ်တို့စာ ဖြစ်သလိုထားသည်။ လစာ ရိက္ခာ ထောက်ပံ့ကြေး မလုံမလောက်၊ စိတ်ပင်ပန်း ညှိုးငယ်နေသည်ကို တွေ့ရှိခဲ့ရသဖြင့် ဆရာတော် မျှားစွာ စိတ်မချမ်းမမြေ့ဖြစ်ခဲ့ရသည်။ မြန်မာပြည် ပြန်လည်လွတ်လပ်ရေးအတွက် မြန်မာအမျိုးသားတို့၏စိတ်ဓာတ်ကို အစွမ်းကုန် နှိုးဆွလှုံ့ဆော်ပေးရန် ပို၍ ဆန္ဒဖြစ်လာသည်။

ဤသည်ကား ဆရာတော်၏ ငယ်စဉ်ဘဝဖြစ်စဉ်များပင် ဖြစ်သည်။ ဤမျှလောက် လေ့လာကြည့်လျှင်ပင် ဆရာတော်၏ လျှမ်းလျှမ်းတောက် အာဇာနည်စိတ်ထားလို လေးစားကြည်ညိုကြမည်ဖြစ်သည်။ မြန်မာတို့၏ မျိုးချစ်စိတ်ကို မျိုးစေ့ချပေးခဲ့သူ ဆရာတော်၏ အရည်အသွေးကို ခန့်မှန်းနိုင်ကြပြီ ဖြစ်သည်။

ဆရာတော် ဂျပန်မှ မြန်မာပြည်သို့ ရောက်လာသောအခါ ဝိုင်-အမ်-ဘီ-အေ အသင်းမှ လူများက စိတ်ဝင်စားကြသည်။ လေးစားကြသည်။ မြန်မာထဲမှ ဘာသာမျိုးစုံတတ်ပြီး အိန္ဒိယနှင့် ဂျပန်ပြည်တွင် ပရော်ဖက်ဆာ(ပါမောက္ခ)အဖြစ်ဖြင့် ထမ်းရွက်ခဲ့သော ဆရာတော် အဖြစ်ဖြင့် မြန်မာ့တာရာ သတင်းစာတွင် ထည့်သွင်းဖော်ပြလိုက်ရာ မြန်မာများ အတော်အတန် မျက်စေ့ပွင့်လာကြသည်။ ဆရာတော်အား မန္တလေးသို့ပင့်ပြီး နိုင်ငံရေးဆွေးနွေးလေသည်။ ဆရာတော်သည် မြန်မာပြည်အနှံ့ အတန်အသင့် လှည့်လည် တရားဟောပြီးနောက် ၁၉၁၂ ခုနှစ်တွင် ဂျပန်သို့ပြန်သွားသည်။ နှုမဖြစ်သူ မအိမ်စိုးနှင့် မြန်မာလူငယ်

သုံးယောက်ကို ခေါ်ယူသွားပြီး ဂျပန်၌ ပညာသင်ပေးသည်။ ၁၉၁၉ ခုနှစ်တွင် ဂျပန်ပြည်မှ ပြန်လာပြီး ဆူးလေဘုရားလမ်းရှိ သူရိယသတင်းစာတိုက်တွင် နေသည်။ ထိုအချိန်က ဂျပန်ပြည် အကြောင်းကို အထူးစိတ်ဝင်စားကြသဖြင့် ဆရာတော် ဂျပန်ပြည်တွင် ရေးလာသော ဂျပန်ပြည်အကြောင်း စာအုပ်ကို သူရိယမှ ရိုက်နှိပ်ထုတ်ဝေလေသည်။ ထိုနောက် ဆရာတော်သည် မြန်မာပြည်အနှံ့ လှည့်လည် တရားဟောသည်။ သူရိယ သတင်းစာမှ ဝံသာနုရက္ခိတတရားကို မြန်မာများ စောင့်စည်းကြရန် လှုံ့ဆော်ရေးသားလေသည်။ သူရိယသတင်းစာတိုက်မှ ကမာရွက် ရပ်ကွက်ရှိ ကျောင်းခန်းတခုတွင် တပါးတည်း သီတင်းသုံးနေလေသည်။

၁၉၂၀-၂၁ ခုနှစ်က မြန်မာပြည်ကို အုပ်ချုပ်သူမှာ ဘုရင်ခံ ဆာရက်ဂျီနယ်ကရတ်ဒေါက် ဖြစ်သည်။ ဘုရင်ခံသည် နိုင်ငံရေး စိတ်ဓာတ် နိုးကြွစပြုသော မြန်မာများကို နှိမ်ရန် အစီအစဉ်များစွာ ရေးဆဲလေသည်။ အထူးသဖြင့် မျိုးချစ်စိတ်ကို နိုးဆွရာ၌ လက်နက်ကောင်း တလက်ဖြစ်သော စာ-နယ်-ဇင်းများကို ပိတ်ပစ်ရန် ကြိုးစားသည်။ ဘုရင်ခံသည် ဂျာနယ် သတင်းစာ ထုတ်ဝေလျှင် အာမခံ သုံးထောင်တင်သွင်းရန်တောင်းသည်။ ဂျာနယ် အချို့ ပိတ်ပစ်လိုက်ရ၏။ သူရိယ၊ မြန်မာ့အလင်း၊ ပညာ့အလင်းနှင့် ဗန္ဓုလဂျာနယ်လေးစောင်သာ ကျန်ရစ်သည်။ ထိုအတွင်း ဝေလမင်းသား မြန်မာပြည်သို့လာမည်ဖြစ်ရာ ၁၉၂၀ ပြည့် ပြည်မြို့တွင် ကျင်းပသော ဝိုင်-အမ်-ဘီ-အေ အသင်း ကွန်ဖရင့်မှ ဝေလမင်းသားကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်အသင်းခေါင်းဆောင်အချို့ကို ဖမ်းလိုက်သဖြင့် သပိတ်မှောက်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ပေ။ ဘုရင်ခံသည် လူတယောက်ကို သပိတ်မှောက်လျှင် အပြစ်ပေးနိုင်သော (ဘို့ငင်းကောက်)ဥပဒေတရပ်ကိုထုတ်ပြန်လေသည်။

ထိုကဲ့သို့ ဘုရင်ခံက တင်းတင်းမာမာ 'ဆောင်ရွက်လာသော အခါ ဆရာတော် ဦးဥတ္တမသည် ဘုရင်ခံထံ စာတစောင် ရေးလိုက်သည်။ စာမှာ (ဆာရယ်ဂျီနယ်ကရက်ဒေါက်၊ မင်းဗမာပြည်ကာ ထွက်သွားလိုက်ပါ) ဟူသော နှင်စာပင် ဖြစ်လေသည်။ ထိုနှင်စာကို သူရိယသတင်းစာကထည့်သွင်းဖော်ပြလိုက်ရာ မြန်မာပြည်သူများ မျက်လုံးပြူး၊ အံ့အားသင့်ခဲ့ရသည်။ ပုလိပ်လောက်ကိုပင် ဘုရားထူးလျက်ဒူးတုန်အောင်ကြောက်နေရသော ခေတ်အခါတွင် ဆရာတော်က ထိုကဲ့သို့ ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ရေးရဲသည်ကို အထူး အံ့သြချီးမွမ်းလေးစားကြသည်။ ထိုသည်မှ အစ ဆရာတော်၏အမည်မှာ နိုင်ငံကျော်ခဲ့လေသည်။ မြန်မာတို့လည်း နယ်ချဲ့ကို တော်လှန်လိုစိတ်၊ မျိုးချစ်စိတ်များတဖွားဖွားပေါ်ပေါက် နိုးကြားလာကြတော့သည်။ ဆရာတော်ကား ဤ သို့လျှင် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို တော်လှန်ရန် မျိုးချစ်စိတ် တက်ကြွရန် မျိုးစေ့ကို ချပေးခဲ့လေသည်။

မြန်မာပြည်၌ ပထမကျောင်းသားသပိတ်မှောက်စဉ်က ဆရာတော်သည် အိန္ဒိယပြည်၌ ရှိနေသည်။ ကျောင်းသား သပိတ်သတင်းကို မြန်မာပြည်မှ နိုင်ငံရေးခေါင်းဆောင်များက ဆရာတော်ထံ ကြေးနန်းရိုက်အကြောင်းကြားလိုက်သည်။ ဆရာတော်သည် ကြေးနန်းစာကို ကိုင်လျက် အိန္ဒိယတွင်ရှိသော မြန်မာများအား ဗမ်းမြောက်ဝမ်းသာဖြင့် "ငါတို့ဗမာလူမျိုးတွေ လွန်ခဲ့ သူနဲ့ တူလာပြီ၊လူစိတ်ရှိလာကြပြီ၊ဒီလိုစိတ်ရှိလာတဲ့အထိ ငါဝမ်းသာရသည်၊ ငါသေပျော်ပါပြီ" ဟု မိန့်ကြားသည်။ ဆရာတော်၏စကားကို ကြားလိုက်ရသော မြန်မာများက "အရင်ဟာ လူစိတ်မရှိလို့ ခွေးစိတ်ရှိသလားဘုရား" ဟု လျှောက်သည်။ ဤတွင်မှ ဆရာတော်သည် ရန်ကုန်ကောလိပ်သပိတ်သတင်းကို ပြောပြသည်။ လူစိတ်ရှိသည်ဆိုခြင်းမှာ မိမိတို့၏ ရပိုင်ခွင့် အခွင့်အရေးတို့ကို တိုက်ယူလိုသော စိတ်၊ သူ့ကျွန်မခံလိုသောစိတ် စသည်တို့ကို ဆိုကြောင်းရှင်းပြ မိန့်ကြားသည်ဟု ဆိုသည်။

၁၉၂၂ ခုနှစ်တွင် ဆရာတော်သည် မြန်မာပြည် အရပ်ရပ်သို့ လှည့်လည်တရားဟောရင်း ဖျာပုံခရိုင် ကျောင်းကုန်းမြို့သို့ ရောက်သည်။ ဆရာတော်၏တရားပွဲများမှာ လူထုပရိသတ်အထူး စည်ကားသည်။ ဟောပြောချက်များမှာလည်း တိတိ ပြတ်ပြတ် ရဲရဲတောက်ပင်ဖြစ်သည် "လိပ် အခုံ့ခွာရမည်" ဟူ၍အင်္ဂလိပ် အအစိုးရကို ဖြုတ်ချ မောင်းထုတ်ရန် တိတိလင်းလင်း ဟောကြားသည်။ ထို့ကြောင့် ဒေးဒရဲပိုင် ဆုကလပ်ရွာတွင် ဟောပြောသော တရားပွဲ ဟောပြောချက်များကို အကြောင်းပြု၍ အထက်ဖော်ပြပါ ခုနှစ်တွင် ဖျာပုံခရိုင် ကျောင်းကုန်းမြို့၌ ဆရာတော်အား တရားဟောနေစဉ် ပုလိပ်က ဖမ်းလိုက်လေသည်။ ဆရာတော် ဦးဥတ္တမအား နယ်ချဲ့အစိုးရ၏ လက်ပါးစေ ပုလိပ်များက ဖမ်းဆီးလိုက်ကြောင်း သတင်းစာများတွင် ပါလာသည့်အခါ မြန်မာတမျိုးသားလုံး ဦးခေါင်းထောင်မတ်သာပြန်သည်။ နိုင်ငံအကျိုးကို ဆောင်ရွက်သည့်အခါ အဖမ်းခံရသည်။ ထောင်ကျခံရသည်။ အဖမ်းခံရမည် ထောင်ကျခံရမည်ဟုသော နိုးကြားထက်ကြွသည့် မျိုးချစ်စိတ်ကို ပွားစည်းလာကြသည်။

ဆရာတော်အား ပုလိပ်ဖမ်းသွားသည့်အခါ လူပုဂ္ဂိုလ်ဖမ်များ သာမဟုတ်။ရဟန်းတော်များပင် လှုပ်ရှားလာချေသည်။ "ငါတို့

www.burmeseclassic.com

ဏား ငြိမ်နေ၍မဖြစ်တော့။ နိုင်ငံ၏အကျိုးကို ရှေ့တန်းမှပါဝင်ဆောင်ရွက်မှုဖြစ်တော့မည်"ဟု တညီတညွတ်တည်း ဆေးနွေးဆုံးဖြတ်ကြသည်။ နိုင်ငံရေးကို အဓိကထားသော သံဃသမဂ္ဂ အဖွဲ့ပေါင်း ၃၇ ဖွဲ့ ပေါ်ပေါက်လာသည်။ ဆရာတော်ကြီးများ ကိုယ်တိုင် တက်ကြွစွာ ပါဝင်ဦးဆောင်လာကြသည်။

ဆရာတော်အား ဖမ်းဆီးသည့် ဂယက်ကြောင့် သံဃာတော်များပါ နိုးကြားစည်းရုံး၍ သံဃ သမဂ္ဂအဖွဲ့များ ဖွဲ့၍ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ကြသကဲ့သို့ အမျိုးသမီး များတလည်း ကုမ္ဗာရီအဖွဲ့များကို ဖွဲ့လာကြသည်။ တနိုင်ငံလုံး စည်းရုံး အုံကြွလာသည်။

ဆရာတော်အား အစိုးရက အစိုးရအပေါ် အကြည်ညိုပျက်ရန် ဟောပြောမှု ပုဒ်မ ၁၂၄ (က)အရ မအူပင် အရေးပိုင်ရုံးတွင် တရားစွဲဆိုစစ်ဆေးသည်။ ၁၂၀၃ ခုနှစ်တွင် မအူပင်ထောင်၌ ထောင်ဒဏ် လေးနှစ် ကျခံခဲ့ရသည်။ တောင်တွင်း၌ ကောင်းမွန်စွာနေသဖြင့် သုံးလမျှနှင့် လွှတ်လာသည်။ ထောင်မှ လွှတ်လာသည့်အခါ အလျှော့မပေး၊ မြန်မာပြည်အဝှန်း လှည့်လည်၍ တရားဟောလေသည်။ ဆရာတော်သည် ထောင်တွင်း၌ ရဟန်းဝတ်နှင့်မနေရဘဲ သာမန်လိုပုဂ္ဂိုလ်များကဲ့သို့ ထောင်အဝတ်ကို ဝတ်၍နေရပုံကို ဟောပြောရာ၌ တဏယ်ပင် ထောင်အဝတ်ကို ဝတ်ပြ၍ဟောသည်။ နာကြားရသူအပေါင်း ရင်ဆို့ကာ မျက်

ခွေးလည်ပတ် ပတ်ပြီး ပြန်လာရုံနှင့် မပြီးကြောင်း စသည်ဖြင့် ဟောပြောလေ့ရှိရာ နာကြားရသူအပေါင်း အထူး နှစ်သိုက်ကြလေသည်။

၁၂၇၆ ခုနှစ်က မန္တလေးတွင် ဖြစ်ပွားသောအဓိကရုဏ်းတွင် အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရသည်။ ထိုအဓိကရုဏ်းဖြစ်ချိန်တွင် ဆရာတော် မန္တလေးသို့ ကြွလာသည်နှင့်ကြုံသည်။

ထိုစဉ်က ဂျီ-စီ-ဘီ-အေမှ ၂၁ ဦး ပါတီတို့ ကွဲထွက်သွားရာ မန္တလေးသို့ ဆရာတော် တရား ဟော ရန် ကြွ လာ စဉ် အဓိကရုဏ်းဖြစ်ခြင်း ဖြစ်သည်။ မန္တလေးသို့ စီပီ ဦးခင်မောင်၊ ဦးထွန်းအောင်နှင့် ဝန်သာနုအချို့က ဆရာတော်အားပင့်သည်။ မန္တလေးဘူတာတွင် ဆရာတော်အား ကြိုဆိုသော လူထုပရိသတ်မှာ ကျိတ်ကျိတ်တိုးအောင် စည်ကားလှသည်။ ဆရာတော်အား ထားဖြင့် တင်၍ ရဟန်းရှင်လူ ပရိသတ်များ လှည့်လည်ခဲ့သည်။ ဆုစဉ်က ၂၁ ဦး ဘက်မှ လူထု အစည်းအဝေးတရပ် ကျင်းပနေသဖြင့် ခေတ်ရထားလမ်းတလျှောက် ဆရာတော် ဦးဥတ္တမတို့ မကြွလာစေရန် ရာဇဝတ်ဝန်ထံ ကန့်ကွက်ထားသည်။ ရာဇဝတ်ဝန်က ပရိသတ်ကြီးကို ကန့်ကွက်ထားသောလမ်းမှ မသွားရန် ထားဆီးရာမှ အဓိကရုဏ်း ဖြစ်ပွားခြင်း ဖြစ်လေသည်။ (အဓိကရုဏ်း ကိစ္စ လွှတ်လပ်ရေးအကြောင်းတွင် ရှုပါ)။

ဆရာတော် [illegible]

www.burmeseclassic.com

www.burmeseclassic.com

လူထု အစည်းအဝေးပွဲတရပ် ကျင်းပရန် မိန့်ကြားသည်။ ဦးပုက လည်း ဆရာတော်၏ အမိန့်အတိုင်း ဦးဆောင်၍ စည်းဝေးပွဲ ကျင်းပရာ လူထုပရိသတ် မြောက်မြားစွာ တက်ရောက်ကြလေ သည်။ ထိုစဉ်က အစိုးရက ရာဇသတ် ပုဒ်ထီးပုဒ်မများ မျှားစွာ ထုတ်ဆင့်လျက် အစိုးရကို အကြည်ညိုပျက်အောင် မဟောပြော ရန် တားမြစ်ထားသည်။ အစိုးရက မည်သို့ပင် တားမြစ်ထား သော်လည်း ဆရာတော်က ရဲရဲတောက်ပင် ဟောကြားသည်။ "လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ အစိုးရလုပ်တာ မကောင်း ရင် မကောင်းဘူးလို့ ပြောခွင့်ရတယ်။ ဝေဖန်ခွင့်ရတယ်။ ငါတို့ ကတော့ အစိုးရလုပ်တာကို ကောင်းကောင်း မကောင်းကောင်း ခေါင်းငုံ့ခံမလား။မခံဘူး။မခံကြနဲ့" စသည်ဖြင့် ဟောကြားလေ သည်။ထိုတရားပွဲအပြီး ၇-ရက်အတွင်း အစိုးရက ပုဒ်မ ၁၄၄ ကို ထုတ်ပြန်လေသည်။ အစည်း အဝေးပွဲများ လုံးဝ မပြုလုပ်ရ တော့ပေ။

မန္တလေး အရေးအခင်းနှင့် တရားပွဲများတွင် အကြည်အညို ပျက်ရန် ဟောပြောမှုနှင့် စပ်လျဉ်း၍ ဆရာခေတ် ဦးဥတ္တမအား ရန်ကုန်ခရိုင် တရားသူကြီး ဆစ်ဆလာ ရုံးတွင် စစ်ခေးသည်။ ဆရာတော် ဦးဥတ္တမနှင့်အတူ ဘုန်းတော်ကြီးအချို့ လိုက်ပါလာ သည်။လူပရိသတ်များမှာတရားရုံးအပြည့်ဖြစ်သည်။တရားသူကြီး ကြီးလာသည့်အခါ ထိုးစံအတိုင်း တရားရုံးအတွင်းရှိ လူအားလုံး မတ်တတ် ရပ်ကြရသည်။ ဆရာတော်များကား တုံ့တုံ့မျှမလှုပ်။ ပကတိ တည်ငြိမ်စွာ ထိုင်နေသည်။ ဤတွင် ဂေါ်ရာပုလိပ်များက ဆရာတော်ကြီးများအား မတ်တတ်ရပ်ရန် တွန်းထိုးဆဲယမ်းခြင်း ပြုလေသည်။ဆရာတော်များကား ပြန်လှန်ခုခံ ရုန်းကန်ခြင်းမပြု။

လည်းခံတော် မူလေသည်။ ဤသို့ သံဃာတော် အရှင်မြတ်များ ကို စော်ကားသဖြင့် တပြည်လုံးရှိ ရဟန်းရှင်လူများ အထူးစိတ် နှလုံး ထိခိုက်နာကျည်းလေသည်။ ထို့ကြောင့် အစည်းအဝေး မလုပ်ရ၊ လူမစုရ ဟူသော ပုဒ်မ ၁၄၄ ကို တော်လှန်သည့်လူထု စည်းဝေးပွဲကြီးတရပ်ကို ရန်ကုန် ဆူးလေဘုရား ပန်းခြံအတွင်း၌ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ စုပေါင်း ကျင်းပလေသည်။

ထိုလူထု စည်းဝေးပွဲကို နယ်ချဲ့လက်ပါးစေ ပုလိပ်တပ်ဖြင့် အတင်း ဝင်ဖျက်လေသည်။ ပုလိပ်များသည် စည်းဝေးပွဲသို့ တက်ရောက်သော ရဟန်းတော်များ၏ သင်္ကန်းများကို နင်း ခြေ ဆုတ်ဖြဲသည်အထိ ကြမ်းတမ်း ခက်ထန်စွာ ဖြိုခွဲ စော်ကား ခဲ့လေသည်။ နယ်ချဲ့ လက်ပါးစေတို့က ဤသို့ ရိုင်းပြလေ၊ ရဟန်းရှင်လူ မြန်မာပြည်သူအများက နယ်ချဲ့ အင်္ဂလိပ်အစိုးရကို မုန်းတီးလေ ဖြစ်သည်။ ပိုမို၍ စည်းရုံးမိခဲ့လေသည်။

ဆရာတော်အား တရားရုံးမှ ဆက်လက် စစ်မေးသည်။ဆရာ တော်က မည်သို့မျှ ခုခံပြောဆိုခြင်း မပြုပေ။ တရားသူကြီးနှင့် အစိုးရအား ဆုံးမစာ တစောင် ရေးပေးကာ "အပြစ်ရှိတယ်ဆိုရင် ထောင်ချတော့"ဟု ရဲရဲတောက် မိန့်ကြားလေသည်။ ခရိုင်တရား သူကြီးကလည်း ဆရာတော်အား အလုပ်ကြမ်းဖြင့် ထောင်သုံးနှစ် အပြစ်ပေးလိုက်လေသည်။ ဤသို့ဖြင့် ဆရာတော်သည် ဒုတိယ အကြိမ် ထောင်နန်းစံရပြန်လေသည်။

ဆရာတော် ထောင်ကျနေစဉ်တွင် ဆရာတော်အတွက် ရံပုံငွေ (ဦးဥတ္တမ ရံပုံငွေ) ကောက်ခံလေသည်။ ဆရာတော် ထောင်မှ ထွက်လာလောအခါ ဆရာတော်၏လက်သို့ ပေးအပ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဒုတိယကြိမ် ထောင်မှ ထွက်လာပြီးနောက်နိုင်ငံရေးကိုဆောင်ရွက်ပြန်သည်။ ထိုအချိန်တွင် မြန်မာပြည်၏ နိုင်ငံရေး အခြေအနေမှာ ရှုပ်ထွေးနေပြီ ဖြစ်သည်။တချိန်ကစွန်းလွန်းတမာတက်တက်ကြွကြ ခေါင်းဆောင်ခဲ့သူ အချို့လည်း ရာထူးရသူရ၊အမတ်ဖြစ်သူဖြစ်၊ ဝန်ကြီးလုပ်သူ လုပ်နေကြပြီဖြစ်သည်။ နိုင်ငံအရေး- ပြည်သူ့အရေးထက်- မိမိတို့အရေး- ငါ့စားဝါဒကို လက်ကိုင်ထားနေကြပြီ ဖြစ်သည်။ ထိုကဲ့သို့သော စိတ်မချမ်းမြေ့ဘွယ် အခြေအနေ အရပ်ရပ်ကို မြင်ရသောအခါ ဆရာတော် မျှားစွာ စိတ်ဆင်းရဲရှာသည်။ ယခင်က အတူတကွတွဲ၍ ခေါင်းဆောင်ခဲ့ကြသော နိုင်ငံရေးသမားများသည်။ ရာထူး စည်းစိမ်ရစ်မှုးကာ ဆရာတော်အား ပစ်ပယ်ကြတော့သည်။

နောက်ပိုင်း၌ ဆရာတော်သည် အခြေအနေ မဲ့သကဲ့သို့ပင် ရှိခဲ့သည်။ဖြစ်သလိုနေ ဖြစ်သလိုစား အခြေအနေဆိုးဖြင့် ၁၉၃၉-ခုနှစ်၊စက်တင်ဘာ ၉-ရက်(၁၃၀၁-ခုနှစ်၊၀ါခေါင်လဆုတ်၁၁-ရက်၊ စနေ)နေ့တွင် ဆရာတော်သည် ရန်ကုန်ဆေးရုံကြီး၌ပုံ့လွန်တော်မူလေသည်။

ဆရာတော် ပုံ့လွန်တော်မူပြီးနောက် လွတ်လပ်ရေး ရပြီးယနေ့ထိ မြန်မာနိုင်ငံ၏ သမိုင်းစဉ်ကို မှတ်တမ်း တင်ကြသည့် အခါ ဆရာတော်၏ ဂုဏ်ကျေးဇူးကို အထူး အလေးထား ချီးကျူးခဲ့ကြရပေသည်။ ဆရာတော်၏ ကျေးဇူးကြောင့်ပင် မြန်မာတို့ မျက်စိပွင့်-နားပွင့်ခဲ့ကြသည်။ လွတ်လပ်ရေး ရရှိရန်အတွက် ခေတ်အဆက်ဆက် နှစ်အလည်လည် ကာလအရှည်ရှည် ကြိုးပမ်းခဲ့ကြသည်။ဆရာတော်ကား မိမိ တဦးတည်းအတွက် လူဖြစ်လာ

သော သာမန်ပုဂ္ဂိုလ်မဟုတ်။ အများအတွက်၊ ပြည်သူ့အတွက် ပေါ်ထွန်းလာရသော ပုဂ္ဂိုလ်ထူး ဖြစ်သည်။ ကိုယ်ကျိုးကိုမငဲ့ အများအတွက် သက်သက်ဖြင့် မိမိကိုယ်တိုင် ဟောပြောချမှတ်ခဲ့သော လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ဆောင်ခဲ့သူ ဖြစ်သည်။ ဆရာတော်ချပေးခဲ့သော လွတ်လပ်ရေးစိတ်ဓာတ် မျိုးစေ့များကား အစဉ်အဆက် ပျိုပွား ဆက်နွယ်လျက်ပင် ရှိချေသည်။

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းရေးဖခင်
ပြည်သူ့စာဆို
ဆရာကြီး
သခင်ကိုယ်တော်မှိုင်း

ဆရာမှိုင်းသည် သတင်းစာဆရာ၊ စာရေးဆရာ မြန်မာစာပေ ပညာရှိ ဖြစ်သည်။ ဆရာမှိုင်းသည် ကလောင်စကိုင်သည့်မှစ နိုင်ငံရေးသဘော ဆက်နွယ်သော ပြည်သူ့စာပေမျှားကိုသာ အရေးမျှားခဲ့သည်။ ထို့ကြောင့် ဆရာမှိုင်းသည် ပြည်သူ့စာဆို ဖြစ်သည်။

ဆရာမှိုင်းသည်တဘက်မှကလောင်ကိုင်၍ ပြည်သူ့အကျိုးပြု စာပေမျှားကို ရေးသားပြုစုသကဲ့သို့ ခေတ်ဟောင်းမှ လွတ်လပ်ရေးရသည်ထိ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးလုပ်ငန်းမျှားကို လည်း ဆောင်ရွက်ခဲ့သည်။ မျိုးချစ်လူငယ်လူရွယ်ပေါင်းမျှားစွာ ကို နိုင်ငံရေးမျက်စိဖွင့်ပေးခဲ့သည်။ ဆရာသည် ထိုကဲ့သို့ အစဉ်တစိုက် နိုင်ငံရေးကို ဆောင်ရွက်ခဲ့သော်လည်း မည်သည့်အခါမျှ ရာထူးမယူခဲ့ပေ။ ဆရာ၏နိုင်ငံရေးဝါဒမှာ ကိုယ်ကျိုးမပါသော တပါတီကောင်းစားရေး၊ တဦးတယောက်ကောင်းစားရေး မဟုတ်သော အမျိုးသားနိုင်ငံရေးဖြစ်လေသည်။ယခင်နယ်ချဲ့လက်အောက်တွင်ရှိစဉ်က အတူတကွလက်တွဲ၍ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့သော ရဲဘော် ရဲဘက် နိုင်ငံရေး ခေါင်းဆောင်ကြီးများ သည် လွတ်လပ်ရေးရသောအခါ၌ အကွဲကွဲအပြားပြား ကွဲခဲ့ကြ

သည်။ ပြည်တွင်းဆူပူမှု သူပုန်ထသည်အထိ အယူအဆ ကွဲလွဲခဲ့ ကြသည်။ ဤသို့ ပြည်တွင်း မငြိမ်မသက် ဆူပူသောင်းကျန်းနေ ကြသည်ကို ဆရာမှိုင်းက ငြိမ်းချမ်းစေရန် ကြိုးစားသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို တောင်ဝေးဆွဲ၍ လမ်းလျှောက်နိုင်သော အရွယ်ထိ ဆောင်ရွက်ကြိုးပမ်းခဲ့သည်။ လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲလဲနေသည့် တိုင်အောင်လည်း တပည့်တပန်းများကို နည်းညွှန်ခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့ သည်။ ဆရာသည် "ငါမသေခင် ငြိမ်းချမ်းရေးရတာကို မြင်ချင် တယ်ကွာ" ဟု၍ မကြာခဏညည်းညူရှာသည်။ ပြည်တွင်း ငြိမ်း ချမ်းရေးသာမက ကမ္ဘာငြိမ်းချမ်းရေးကိုပါ ကြိုးပမ်းခဲ့သည်။ ထို့ကြောင့်လည်း ဆရာအား ကမ္ဘာက သိခဲ့ရသည်။ လေးစားခဲ့ ရသည်။ ဆရာကား ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်ပေသည်။

ဆရာ့ကို ၁၂၃၇ ခုနှစ်တပေါင်းလဆုတ် ၁၄-ရက်ကြာသပ တေး(၁၈၇၆-ခုနှစ်မတ်လ ၂၃)နေ့တွင် ပြည်ခရိုင် ရွှေတောင် မြို့နယ် ဝါးလည်ရွာ၌မွေးဖွားသည်။ ငယ်မည်မှာ မောင်လွန်း ဖြစ်၏။ မိခင် ဖခင်များမှာ ဦးစံဒွန်းနှင့် အမိ ဒေါ်အုံတို့ ဖြစ်ကြ သည်။ မွေးချင်းငါးယောက်ရှိ၏။ ဦးဘိုးညွှန့်၊ ဆရာလွန်း(သခင် ကိုယ်တော်မှိုင်း)ဦးအောင်လင်း၊ဦးအောင်ညွှင်း၊ ဒေါ်အေးမယ် တို့ဖြစ်ကြသည်။ဆရာ၏အမိအဖများမှာ ရွှေတောင်မြို့နယ်သား များ မဟုတ်ကြပေ။အထက်အညာ·မောင်းထောင် ဇာတိသား များဖြစ်ကြသည်။ နိုင်ငံအရေးအခင်းများကြောင့် ရွှေခတောင် နယ်သို့ ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။

ဆရာသည် ငယ်စဉ်က ဥာဏ်အလှန်ကောင်းသည်။ လေးနှစ် သားအရွယ်က မြန်မာဗျည်း သုံးဆယ့်သုံးလုံး(ကကြီးခကွေး)ကို

www.burmeseclassic.com

လေးခေါက် ၈ ၊ခေါက် ချပေးရုံမျှဖြင့် အလွတ်ရသည်ဟု ဆို သည်။ ၈ယ်စဉ်က ရွှေတောင်မြို့ ဆရာချို၏ကျောင်းတွင်အင်္ဂလိပ် မြန်မာ နှစ်ဘာသာကို သင်ယူခဲ့သည်။ ထိုနောက် ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားထံတွင် သဒ္ဒာ၊ သင်္ဂြိုဟ်၊ အလင်္ကာ၊ ဆန်းကျမ်း စသည်များကို သင်ယူခဲ့သည်။ထိုနောက် မန္တလေးမြို့ မြတောင်ကျောင်းတိုက်တွင် ဆက်လက်ပညာသင်ယူ ခဲ့သည်။ ထို့ကြောင့်လည်း ဆရာလွန်းမှာ မြန်မာစာကို ပါရဂူ မြောက် တတ်သိကျမ်းကျင်ခြင်း ဖြစ်လေသည်။

သီပေါဘုရင် ပါတော်မူသောအခါ၌ ဆရာလွန်းမှာဆယ်နှစ် သား အရွယ်မျှသာရှိသေးသည်။ မြန်မာဘုရင်ပါတော်မူသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသောပုဂ္ဂိုလ်ဖြစ်သည်။ထို့ကြောင့် လည်း ထိုသည်မှ ဆရာသည် နယ်ချဲ့ဝါဒကို ခါးခါးသီးသီး မုန်းတီးခဲ့ခြင်း ဖြစ်ပေသည်။

ဆရာလွန်းသည် စာပေဝါသနာအပြင် အာဂ္ဂိရတ် ထိုးခြင်း၊ မြန်မာ ပရဆေး လေ့လာခြင်းဘက်တို့၌လည်း ဝါသနာ ထုံ သည်။

ဆရာသည် ကိုရင်ဝတ်နှင့် ကျောက်ကာ၊ မုံရွာ၊ မုံရွေး၊ ကြေးမုံ၊ သာစည်၊ မောင်းထောင်၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ မြင်းမူ၊ မြင်းစိုင်း၊ ရွှေဘို၊ တပရင်း စသည့် မြို့မျှားသို့ လှည့်လည် ၍ ဗဟုသုတ ရှာမှီးခဲ့သည်။ ပဉ္စင်းတက်မည့်နှစ်တွင် အဖ ဦးစံဒွန်း ကွယ်လွန်သဖြင့် ကိုရင်ကြီးအဖြစ်မှ လူဝတ်လဲခဲ့ရလေသည်။

ဆရာသည် အသက် ၁၈ နှစ်မှစ၍ စာရေးသည်။ ဆရာရေး သော စာမျှားမှာ စကားပြေသက်သက်မဟုတ်။ ကဗျာ၊ လင်္ကာ

မျှား၊ ကဗျာလင်္ကာနှင့် စကားပြေ ရောထွေသော စာမျှားဖြစ် ကြသည်။ သီရိဓမ္မာသောကမင်းဇာတ်တော်၊ မဟာသဓ ဇာတ် တော် စသည်တို့ကို ပြဇာတ်အဖြစ်ဖြင့် စတင်ရေးသားခဲ့သည်။

ဆရာလွန်းသည် သက်တမ်းတလျှောက် ဌီကာ၊ လေးချိုး၊ မေတ္တာစာ၊ ဘွဲ့ စသည်များ ရေးသားခဲ့သည်။ ယင်းတို့မှ မှတ် သားမိသမျှမှာ အောက်ပါတို့ ဖြစ်ကြသည်။

ဒေါင်းဌီကာ၊ မျောက်ဌီကာ၊ ဒေါင်းဂဏ္ဍီ၊ မျောက်ဂဏ္ဍီ၊ ဗိုလ်ဌီကာ၊ ခွေးဌီကာ၊ မမ္မစေတီဝတ္ထု၊ ဆယ်ကုဋေကျော်ဌီကာ၊ စုံနှံ့သာမြိုင်ဌီကာ၊ ကြာဌီကာ၊ ဘိုင်းကောက်ဌီကာ၊ လက်မှု ပညာဌီကာ၊ ဂဠုန်ပျံ ဒီပနီ၊ စွယ်တော်ဂဏ္ဍီ၊ ပဲခူး ရာဇဝင် နန်းတော်ကြီးမူသစ်၊ ဦးထွန်းရှိန် ရှုပ်ဆဲဌီကာ၊ အာဒါသ မုခ ဒီပနီကျမ်း၊ ကဗျာသာရမဋ္ဌကျမ်း၊ မော်လမြိုင်ရာဇဝင်၊ အဝ နန်းတော်၊ မျှားစွာသော လေးချိုးကြီးမျှား—စသည်။

ဆရာလွန်းကို မစ္စတာ မောင်မှိုင်းဟူ၍ဝင်း၊ သခင်ကိုယ်တော် မှိုင်းယူ၍ဝင်း သိသူများသည်။မစ္စတာမောင်မှိုင်းမှာ ဆရာလွန်း၏ ကလောင်အမည်ဖြစ်၍ ထိုကလောင်အမည်မှ (မှိုင်း)ကို ယူ၍ သခင်ခေတ်က ရရှိခဲ့သော သခင်ဘွဲ့နှင့် တွဲဘက်ကာ သခင် ကိုယ်တော်မှိုင်း ဟူ၍ ကျော်ကြားလာသည်။ (သခင်ခေတ်က ဒို့ဗမာအသင်းဝင်မှန်သမျှ မိမိတို့၏အမည်ရှေ့တွင် သခင်ဟူသော ဝေါဟာရကို ထည့်သွင်းခဲ့လေသည်။)

မစ္စတာ မောင်မှိုင်း ကလောင်အမည်တွင်ခဲ့ခြင်းမှာ စိတ်ဝင် စားဘွယ် အလွန်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့အင်္ဂလိပ်ခေတ်က အင်္ဂလိပ်စာတတ် မြန်မာအချို့သည် အလွန်စိတ်ကြီးဝင်ကြသည်။ မိမိကိုယ်မိမိ အနောက်တိုင်းဆန်မှုခေတ်မှီသည်ဟု လက်ခံယုံကြည်ကြသည်။ ထိုကြောင့် နာမည်ရှေ့တွင် မစ္စတာဟူသော စကားလုံးကို ထည့်သုံးလေ့ရှိကြသည်။ ဂျီ-စီ-ဘီ-အေ ဝံသာနုခေတ်က ထင်ရှားသော မြန်မာနိုင်ငံရေးသမားအချို့သည်လည်း ၎င်းတို့၏ နာမည်ရှေ့တွင် (မစ္စတာ)ကို ထည့်၍ ခေါ်စေလေသည်။ ထိုခေတ်က နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသည့် ဦးထွန်းရှိန်၊ ဦးဘဖေ၊ ဦးပု၊ ဦးချစ်လှိုင် စသည်တို့သည်လည်း မစ္စတာထွန်းရှိန်၊ မစ္စတာ ဘဖေ၊မစ္စတာ မောင်ပု၊ မစ္စတာ ချစ်လှိုင် စသည်ဖြင့် ခေါ်စေကြသည်။

ဆရာလွန်းသည် မြန်မာများက ဤကဲ့သို့ နယ်ချဲ့အင်္ဂလိပ်ကို တူ၍ မစ္စတာသုံးသည်ကို များစွာ ရှုံ့မုန်းလေသည်။ အင်္ဂလိပ် အခေါ်အဝေါ် အသုံးအနှုန်းများ အထူးတွင်ကျယ်နေသည်ကို ဆရာကြီး စိတ်မကြည်သာပေ။ ထို့ကြောင့် အင်္ဂလိပ်ကို အထင်ကြီးစိတ် ပျောက်စေရန်၊ အင်္ဂလိပ် ဝေါဟာရ မစ္စတာ-မစ္စစ်၊ အန်ကယ်၊ ဒက်ဒီတို့ အသုံးအနှုန်း ပပျောက်စေရန် ဆရာကြီးက ကလောင်တခု အရင်းပြု၍ ကြိုးစားသည်။သို့သော် ပပျောက်ခြင်းတား မရှိပေ။ ထိုကြောင့် လူကြီးကျားနေသော 'မစ္စတာ' ဟူသည့် ဝေါဟာရကို လူဆိုး လူမိုက် သို့မဟုတ်၊ လူယုတ် လူညံ့တဦးဦး၏ အမည်နှင့် တွဲစပ်ပေးအံ့ဟု ဆရာလွန်း အကြံဖြစ်သည်။ ထိုသို့ အကြံဖြစ်သဖြင့် ရွေးချယ်ရှာဖွေရာ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'ကို တွေ့ရှိရလေတော့သည်။

"ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"မှာ ဝန်စာရေး ဦးကြီးရေးသော ဝတ္ထုတုပုဒ်၏ အမည်ပင်ဖြစ်သည်။ ထိုစဉ်က ဤဝတ္ထုမှာ အထူး ထင်ရှားကျော်ကြားလေသည်။

ဝတ္ထုတွင် အဓိက ဇာတ်ဆောင်မှာ မောင်မှိုင်း ဖြစ်သည်။ သူသည် အထက် အညာ ဒေသ ရောဝတီမြစ်ရိုးတလျှောက်တွင် စုန်ဆန်လျက် ချဉ်ပေါင်ရွက်ရောင်းလေသည်။ထိုမှစ၍ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းအမည်တွင်သည်။

မောင်မှိုင်းတွင် ဝိသေသထူးတရပ်ရှိသည်။ ယင်းမှာ ရောက်လေရာ အရပ်တွင် မောင်မှိုင်း မြှောပွေခြင်းဖြစ်ခဲ့လေသည်။ သူသည် ကြာသမားတဦးဖြစ်သည်။ကြာသမားတို့၏ ထိပ်ခေါင်ဖြစ်သည်။

ဆရာလွန်းသည် ကြာသမား မောင်မှိုင်း အမည်ကို ယူကာ အထက် မစ္စတာသမားများကို အရှဲ့တိုက်သည့် သဘောဖြင့် လေးချိုးတပုဒ်ရေးလေသည်။မစ္စတာ မောင်မှိုင်း ဟူ၍ ကလောင်အမည်တွင်စေသည်။ ထိုမှစ၍ မစ္စတာသမား ခေါင်းဆောင်ကြီးများလည်း ငြိမ်ကျသွားလေသည်။ မြတ်မြတ်နိုးနိုး တုပ သုံးစွဲခဲ့သော (မစ္စတာ)မှာလည်း ပြုတ်သွားရတော့သည်။ ဆရာကြီးလွန်းမှာ ထိုအချိန်မှစ၍ မစ္စတာ မောင်မှိုင်း အမည်ကို ရလေသည်။

ဤသို့ ဆရာလွန်းမှ မစ္စတာ မောင်မှိုင်း အမည်တွင်လာသည်မှာ သူရိယ သတင်းစာတွင် ဆရာလွန်း အယ်ဒီတာ အဖြစ် ဆောင်ရွက်နေချိန်ဖြစ်သည်။ သူရိယသတင်းစာမှာ ဂျီ-စီ-ဘီ-အေ ခေတ်က ပေါ်ထွန်းလာသော မြန်မာနိုင်ငံရေးသမားတစု တည်ထောင်ထားသည့် သတင်းစာဖြစ်သည်။ ဘကြီးဘဖေ၊ ဗဒုန်

www.burmeseclassic.com

ဦးစော စသည်တို့သည် တချိန်က သူရိကသတင်းစာ၏ အရေးပါသော အစုရှယ်ယာဝင် ဦးစီးလူကြီးများဖြစ်ကြသည်။ သူရိယသည် တချိန်က လျှမ်းလျှမ်းတောက် မြန်မာသတင်းစာတစောင်ဖြစ်ခဲ့သည်။

ဆရာလွန်းမှ မစ္စတာ မောင်မှိုင်း၊ ထိုနောက် သခင်ဘွဲ့ခံရာမှ သခင်ကိုယ်တော်မှိုင်း ဖြစ်လာပုံမှာ စိတ်ဝင်စားဘွယ်ဖြစ်သကဲ့သို့ ဆရာမှိုင်း အိမ်ထောင်သည်ဖြစ်လာပုံ၊ အိမ်ထောင်ဘက်ကြင်ယာ ကွယ်လွန်ပြီးနောက် ကွယ်လွန်သည်အထိ နောက်ထပ်အိမ်ထောင် မပြုဘဲနေခဲ့သည်တို့မှာလည်း အံ့သြဘွယ်ပင် ဖြစ်သည်။

ဆရာလွန်းသည် ရှေတောင်မြို့ ဦးဘိုးချိတ် ပုံနှိပ်တိုက်တွင် စာပြင် စာစီအလုပ်ကို သင်ယူပြီး ၁၂၆၆ ခုနှစ်တွင် ရန်ကုန် ဇမ္ဗူ.ကြက်သရေပုံနှိပ်တိုက်သို့ စာပြင်ဆရာ အဖြစ်ဖြင့် ရောက်ရှိ အမှုထမ်းလေသည်။ ထိုတိုက်မှ ပြဇာတ်ဆရာ ဦးမောင်ခထံတွင် ပြဇာတ်ရေးခြင်း အတတ်ကို နည်းနာခံယူသည်။ ဦးမောင်ခနှင့် မတွေ့မီကပင် ဆရာလွန်းသည် ရာဇဝင်ပြဇာတ်များကို ရေးသားခဲ့ဘူးပြီဖြစ်သည်။

ဆရာလွန်းသည် အလုပ်တိုက်မှ လမ်းလျှောက်ပြန်လာသော တည်နေတွင် ရန်ကုန် မီးရထားဘူတာအနီး ၀ါးရုံတခုအောက်ခ်ြ ကြည့်မြင်တိုင်မှ ပွဲစားကြီး နု ဆိုသူနှင့်တွေ့သည်။ ပွဲစားကြီးသည် ပါလာသမျှငွေ လုယူခံရသဖြင့် စိတ်ပျက်ပြီး ထိုင်နေခြင်း ဖြစ်သည်။ ထိုစဉ်က ရန်ကုန်ဘူတာကြီးမှာ မီးရထားလမ်းဖောက်ခ ၂စ ဖြစ်၍ အလပ်ပြ တဲသာသာမျှ ရှိလေသည်။

ဆရာလွန်းသည် ဦးနုအား အိမ်အထိ လိုက်ပို့ပြီး ခင်မင်ရင်းနှီးသွားသည်။ ပွဲစားကြီး၏ ဇနီးမှာ ဒေါ်နှစ် ဖြစ်သည်။

ဆရာလွန်း အလုပ်လုပ်သော ဇမ္ဗူ.ကြက်သရေ ပုံနှိပ်တိုက်ခ္ခ ဦးမောင်မောင်ခင်၏ဇနီး ဒေါ်မမလေးနှင့်ဒေါ်နှစ်တို့မှာ ခင်မင်ရင်းနှီးသောမိတ်ဆွေများဖြစ်သည်။ ဦးနု.ဒေါ်နှစ် ဇနီးမောင်နှံ ကလည်း ဆရာလွန်း၏ အရည်အသွေးကို နှစ်သက်လေသည်။ ထို့ကြောင့် ပွဲစားကြီး ဇနီးမောင်နှံနှင့် ဒေါ်မမလေးတို့ တိုင်ပင်သဘောတူညီကြပြီး ဆရာလွန်းအား ပွဲစားကြီး ဦးနု. ဒေါ်နှစ်တို့၏ သမီး မရှင်နှင့် ထိမ်းမြားလက်ထပ်ပေးခဲ့လေသည်။

ဆရာလွန်း၏ဇနီး ဒေါ်ရှင်သည် ၁၂၇၇ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်လေသည်။ သားသမီး လေးယောက် ကျန်ရစ်လေသည်။ ဆရာကြီး၏ ဇနီး ဒေါ်ရှင် ကွယ်လွန်ပြီးနောက် အိမ်ထောင်သစ် မထူခဲ့ပေ။ ထိုစဉ်က ဆရာ၏အသက်မှာ သုံးဆယ်ကျော်မျှသာ ဖြစ်၍ နောက်ထပ် အိမ်ထောင်ပြုရန် အရွယ်မနှောင်းသေးပေ။ သို့ပါလျက် သေသည်အထိ အိမ်ထောင်မပြုဘဲ နေခဲ့သည်။ ဤတချက်တည်းဖြင့်ပင် ဆရာကြီးအား ကြည်ညိုသူများသည်။

ဆရာလွန်း၏ ပထမ ကလောင်အမည်များမှာ ရှေတောင်မောင်လွန်း၊ မောင်သမာဓိ စသည်တို့ဖြစ်ကြသည်။

ဆရာသည် ခေတ်အခြေအနေကို ကွက်ကွက်ကွင်းကွင်းပေါ်စေသည့် လေးချိုးကြီးများကို ရေးသဖြင့် အထူး ထင်ရှားကျော်ကြားသည်။ ဂျီ စီ ဘီ အေ ခေတ်တွင် နိုင်ငံရေးသမားများ ရွေးကောက်ပွဲ ဝင်ကြပုံ၊ ရာထူးလုကြပုံများကို ဖော်ပြရာတွင် ထိုစဉ်က ဘကြီးဘဖေနှင့် ပတ်သက်၍ (တောင်ရေကျ နှာနှစ်ကောင်မဝသလိုပ၊ မောင်ဘဖေ ငါးထောင်မရတာကြောင့်)

www.burmeseclassic.com

www.burmeseclassic.com

စသည်ဖြင့် ရေးဖွဲ့ခဲ့လေသည်။ ဦးဘဖေ၊ ဦးပုန္နင့် ဦးထွန်းရှိန် တည်းဟူသော မြန်မာခေါင်းဆောင်သုံးဦး အင်္ဂလန်သို့ သွားရှေ့ မြန်မာပြည် အရေးအခင်း ဆွေးနွေးစဉ်ကလည်း (သပြေနုချိန် ဖေ-ပု ရှိန်)စသည်ဖြင့် မဟာဒေးချိုးကြီး ရေးစပ်ခဲ့သည်။ ဆရာ၏ ပြောင်မြောက်သော အသီအဖွဲ့ အသုံးအနှုန်းများကို ချီးပန်းမကုန် နိုင်အောင်ပင် ဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်မှ အမျိုးသားတက္ကသိုလ်များ ပေါ်လာရာ ဆရာသည် အမျိုးသားကောလိပ်တွင် မြန်မာစာ ပါမောက္ခချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ သူရိယသတင်းစာတိုက်တွင် ဆယ်နှစ်မျှ အလုပ်လုပ်ခဲ့ပြီးမှ လုံ၀ ထွက်ခဲ့ပြီး လစာ တပြားမှ မရသော အမျိုးသား ကောလိပ်တွင် ပါမောက္ခ လုပ်ခဲ့ခြင်းဖြစ်သည်။

ဆရာ့အား တခါက ဝေလမင်းသား၏ ဘုန်းတော်ဘွဲ့ကို ရေးခိုင်းသည်။ အင်္ဂလိပ်အစိုးရက ဘွဲ့ထူး၊ဂုဏ်ထူး ချီးမြှင့်ရန် အတွက် ဖြစ်၏။ ဆရာစာား မရေး။ ငြင်းပယ်ခဲ့သည် ဆိုသည်။

ဆရာသည် ဂဠုန်ဆရာစံ အရေးအခင်း ပေါ်လာသော အခါ ဂဠုန်ပျံချီ ဒီပနီများကို ရေး၍ အားပေးခဲ့လေသည်။ စံဖဲအား ပုန်ကန်မှုဖြင့် အင်္ဂလိပ်အစိုးရက ကြိုးမိန့်ပေးစဉ်ကာ စံဖဲအတွက် အယူခံရန် ဆရာကြီး ရံပုံငွေကောက်ခဲ့သည်။ စံဖဲ သတင်းကို တခမ်းတနားဖော်ပြ၍ ကြီးပွားသွားခဲ့သော ဗန္ဓုလ ဂျာနယ် ဦးစိန်ထံ အလှူခံရာ အလှူငွေမထည့်ပေ။ ထိုခနမှစ ဆရာလွန်းသည် ဗန္ဓုလဂျာနယ်တွင် စာရေးခြင်း မပြုတော့ပေ။ လုံ၀ သပိတ်မှောက်လေသည်။

ခဲ့ရေးတဲ့ရေးခေတ်က သခင်မျှား ထက်ခြမ်းကွဲခဲ့သည်။ ထိုဘ ရေးအခင်းတွင် ဆရာလွန်းသည် သမာသမတ်ဖြစ်အောင် ဆောင် ရွက်ပေးရလေသည်။ သခင်နှစ်ဂိုဏ်းကွဲခြင်းမှာ သခင်သိန်းမောင်၊ သခင်ဗစိန်တို့ကြောင့် ဖြစ်သည်ဟု ဆရာကြီးက ဆုံးဖြတ်သည်။ ဆရာကြီး၏အဆုံးအဖြတ်ဖြင့် ထိုပုဂ္ဂိုလ်နှစ်ဦးကို တို့ဗမာ အစည်း အရုံးမှ ထုတ်ပယ်လိုက်လေသည်။ ဤတွင် သခင်ဗစိန်သည် စင်ပြိုင် တို့ဗမာအစည်းအရုံးတခုကို တည်ထောင်လေသည်။ ဤအရေး အခင်းတွင် ဆရာကြီးသည် လေးချိုးရေး၍ သရော်ခဲ့လေသည်။ လေးချိုးတပိုဒ်တွင် (ကြောင်အော်သလို သိန်းမောင်တပည့်ငဲ့ပြင် ဂွကလိန် ဗစိန်တို့ကလဲ သရဲပြန်သနဲ့)ဟူ၍ ပါရှိလေသည်။

သခင်ဗစိန်သည် ဆရာကြီး ဤသို့ သရော်ခဲ့သည်ကို အခဲ မ ကြေပေ။ ထို့ကြောင့် ဆရာကြီး ပုသိမ် ငါးသိုင်းချောင်းဘက် တွင် နိုင်ငံရေးတရားဟောရာ ဘူတာရုံ၌ အရိုက်ခံရလေသည်။ ရိုက်သူမှာ ဆိုက်ကားသမားဖြစ်၏။ ရိုက်သူကို လက်ရဖမ်းမိသဖြင့် စစ်ဆေးရာ သခင်ဗစိန်တို့လူစုက ရိုက်ခိုင်းကြောင်း ပြောသည်။ ဆရာကြီးကား အပြစ်မယူ။ ခွင့်လွှတ်လေသည်။

ဆရာကြီးသည် ဂျပန်တခေတ်လုံး ပြေးလွှားရင်း အမျိုးသား စည်းရုံးရေးကို ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက် အချင်းချင်း လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲသတ်ဖြတ်နေကြသည့် ပြည်တွင်းဆူပူမှု စစ်မီးကြီးငြိမ်းသတ်ရေးကို အားထုတ်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ အမျိုးသားရေးကို စွန်းလွန်းတမာ ဆောင်ရွက်ခဲ့သည်။ ဆရာကြီး၏ စာပေ မီးရှူးတန် ဆောင်မှာလည်း ယနေ့တိုင် ပြောင်ပြောင်လင်းလင်း ထိန်းဝင်း နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာသည် ကမ္ဘာ့ငြိမ်းချမ်းရေး လီနင်ဆုနှင့် မြန်မာနိုင်ငံမှ အပ်နှင်းသော အလက်ဗဏ္ဍာကျော်စာဘွဲ့၊ မဟာပညာကျော်ဘွဲ့ကို ရရှိခဲ့သည်။ ဆရာသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (၁၃၂၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက် ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။

ဆရာကြီး ကွယ်လွန်သောအခါ၌ မြန်မာ့နေမင်းကြီး တဆူ ကွယ်လေပြီဟူ၍ရင်း၊ အတိုင်းမသိဆုံးရှုံးမှုကြီး ဖြစ်သည်ဟူ၍ရင်း စာနယ်ဇင်းများတွင် ဆောင်းပါးရှင်အသီးသီးက ဂုဏ်ပြုချီးပတမ်းတခဲ့လေသည်။

အသက်သေသည်အထိ
နယ်ခ္ပါအင်္ဂလိပ်ကို
ဦးမထောက်သော
မြို့လုလင်-ဇာနည်

ဗိုလ်မင်းရောင်

နယ်ခ္ပါ အင်္ဂလိပ် အစိုးရအား အသက်သေသည်အထိ ဦးမထောက်တမ်း လက်နက်စွဲကိုင် တော်လှန်ခဲ့သည့် ဗိုလ်မင်းရောင်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးဖြစ်သည်။ ထို့ကြောင့် ဆရာမိုင်းက အခေါင်မမြန်း အမွေခံသန်းသမို့ အောင်ပန်းညိုးခဲ့ရတဲ့ အောင်ဆန်းတို့ရဲ့ ရှေ့လရောင်အဘိုးဟူ၍ စာဖွဲ့ခဲ့လေသည်။

ဗိုလ်မင်းရောင်သည် ရှေ့လရောင်ဘွဲ့ကိုခံကာ နတ်မောက်မြို့နယ် မြို့လုင်မှ နယ်ခ္ပါ အင်္ဂလိပ်ကို ပုန်ကန် ခြားနားခဲ့သည်။ ဗိုလ်မင်းရောင်၏ နယ်ခ္ပါ တော်လှန်ရေး ဆောင်ရွက်ချက်မှာ မြန်မာ့သမိုင်းတွင် အလျှံတဝင်းဝင်းဖြင့် ထင်လင်း ကျန်ရစ်လေသည်။ မြန်မာ့ လွတ်လပ်ရေးအတွက် နယ်ခ္ပါ အင်္ဂလိပ်ကို လက်နက်စွဲကိုင် တော်လှန်ခဲ့သော တော်လှန်ရေးဇာနည်များ၏ မော်ကွန်းမှတ်တမ်းတွင် ဗိုလ်မင်းရောင်၏အမည်မှာ ထိပ်တန်းမှ ပါဝင်နေသည်။

ဗိုလ်မင်းရောင်သည် နယ်ခ္ပါ အင်္ဂလိပ်ကို ရှေးဦး ပထမ တော်လှန်ခဲ့သော ပုဂ္ဂိုလ်များတွင် ပါဝင်သည်။ သို့သော် ဗိုလ်မင်းရောင်၏ မွေးသက္ကရာဇ်၊ သေဆုံးသည့်နေ့ရက်အတိအကျနှင့် အခြားမိဖ အမည် စသည့် တိတိကျကျ သိရှိရမည့် အချက်

www.burmeseclassic.com

www.burmeseclassic.com

အလက်များကို ယနေ့တိုင် သုတေသီတို့ ရှာဖွေ လေ့လာ၍ မတွေ့ရှိသေးပေ။ ယခု အကျဉ်းမျှသာ ဖော်ပြလိုက်သည်။

ဗိုလ်မင်းရောင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဘွားအေ (အမေ၏အမေ)ဖြစ်သူ ဒေါ်သူဇာ၏ အကိုဖြစ်သည်။ မင်းရောင်၊ မင်းမောင် ဟူ၍ ညီနောင်နှစ်ဦးရှိသည်။ ဗိုလ်မင်းရောင်သည် အသက်ငယ်စဉ်ဈေးပင် မြို့လုင် မြို့၏သူကြီး (မြို့သူကြီး) ဖြစ်သည်။ လူချစ်လူခင်များသည်။ လူအများက မင်းကြီးဟူ၍ လေးစားမြတ်နိုးစွာ ခေါ်ဆိုကြသည်။ ဗိုလ်မင်းရောင်၏ ဇနီးမှာ မြို့လုလင် မြို့၏အနောက်ဖက်အနီးရှိ ညောင်ဇင်ရွာမှ ဦးမှန်း၊ ဒေါ်ပန်းသာတို့၏ သမီး မရှေသင် ဖြစ်သည်။

မြန်မာဘုရင် ပါတော်မူပြီးနောက်တနှစ် ၁၈၁၆ ခုနှစ်တွင် မြို့သူကြီး ဦးမင်းရောင်သည် လက်နက် လူသူများစုပြီး နယ်ခြေ အင်္ဂလိပ်ကို စတင်တော်လှန်လေသည်။ ထိုမှစ၍ ဗိုလ်မင်းရောင် ဟူ၍ဝင်း၊ ဗိုလ်လရောင်ဟူ၍ဝင်း ကျော်ကြားလေသည်။

ဗိုလ်မင်းရောင်သည် ပုပ္ပား၊ ကျောက်ပန်းတောင်း၊ နတ်မောက်၊ တောင်တွင်းကြီး နယ်တခွင်တွင် သုံးနှစ်တိုင်တိုင် နယ်ခြေအား တွန်းလှန်ခဲ့လေသည်။ **လေးနှစ်မျှ ကြာသည့်အခါ** လက်နက်အင်အား၊ **လူအင်အား** နည်းပါးခြင်း၊ **စားနပ်ရိက္ခာ** ရှားပါးခြင်း **တို့ကြောင့်** **နတ်မောက်မြို့** **အရှေ့ဘက်** **မိုင် ၂၀** **ခန့်တွင်** **ရှိသော** **မြင်းမဏီတောင်တန်း၌** **ခေတ္တ** **စခန်းချသည်။** **အင်အား** **ဖြည့်သည်။** **စခန်းချနေစဉ် အတွင်း** **သစ္စာဖောက်များ၏** **လမ်းပြမှုကြောင့်** **ထိုအရပ်ကို** **အင်္ဂလိပ်များ** **သိရှိပြီး** **တိုက်ပွဲပြင်းစွာ** **ဖြစ်ပွားလေသည်။** **လက်နက်အင်အား**

လူအင်အား **မမျှသဖြင့်** **ဆုတ်ခွာခဲ့ရသည်။** **နတ်မောက်မှ** ၂၂-**မိုင်** **ကွာဝေးသော** **လေးတိုင်စင်ရွာတွင်** **တပ်စခန်း** **ပြောင်းရွှေ့** **ချထားရလေသည်။** **လေးတိုင်စင်တပ်စခန်းတွင်** **အင်အားဖြည့်** **လျက်** **နယ်ခြေ့** **အား** **ထိုးစစ်ဆင်ရန်** **ကြိုးစားသည်။** **ဤအတွင်း** **ဗိုလ်မင်းရောင်၏** **လက်အောက်မှ** **တပည့်** **သစ္စာဖောက်များ၏** **သတင်းပေးမှုကြောင့်** **လေးတိုင်စင်တပ်စခန်းကို** **အင်္ဂလိပ်တို့** **သိရှိ** **ပြီး** **ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရလေသည်။** **ဗိုလ်မင်းရောင်တို့ဘက်မှ** **မရှုမလှ** **အရေးရှုံးနိမ့်ခဲ့ရလေသည်။** **ထိုတိုက်ပွဲအပြီးတွင်ပင်** **ဗိုလ်** **မင်းရောင်ကို** **အင်္ဂလိပ်တို့** **လက်ရဖမ်းမိလေသည်။**

ဗိုလ်မင်းရောင်ကို ဖမ်းမိသော နယ်ခြေအင်္ဂလိပ်စစ်ဗိုလ်များက ဗိုလ်မင်းရောင်အား အမှုမလုပ်။ အပြစ်မှုခွင့်လွှတ်မည်။ အစိုးရက ပေးအပ်သည့် အမှုကိုထမ်းရန် မြို့ဝန်(မြို့အုပ်)ရာထူးပေး၍ ဖြားယောင်းသည်။ ဗိုလ်မင်းရောင်အား ထိုနယ်ကို အုပ်ချုပ်စေလျှင် သူခိုး ဒမြတေး၊ သူပုန်ဘေးမှ ကင်းမည်။ ဗိုလ်မင်းရောင်သည် အုပ်ချုပ်ရေးကောင်းသည်၊ **အရည်အချင်း** **ညြီဇာ** **အာဏာ** **ကြီးမြင့်သူ** **ဖြစ်သည်။** **ဤအချက်ကိုသိရှိ၍** **အကယ်ပင်ရာထူးပေး** **သိမ်းသွင်းခြင်း** **ဖြစ်သည်။** **ဗိုလ်မင်းရောင်က** **ပေးလာသော** **ရာထူးကိုမယူ။** **အင်္ဂလိပ်** **ကုလားဖြူထံ** **ကျွန်မခံဟု** **ခါးခါး** **သီးသီး** **ငြင်းပယ်လေသည်။** **အင်္ဂလိပ်** **စစ်ဗိုလ်များသည်** **ဗိုလ်မင်းရောင်အား** **အတန်တန်နှားချသည်။** **စည်းရုံးသည်။** **တင်း** **မာမြဲ** **တင်းမာနေသဖြင့်** **နောက်ဆုံး** **ဗိုလ်မင်းရောင်အား** **ရက်** **စက်စွာ** **သတ်ပစ်လိုက်လေသည်။**

ဗိုလ်မင်းရောင်အား တရားရုံးတွင် စစ်မေးခြင်းမပြု။ **သုံ့ပန်း** **အဖြစ်** **ဖမ်းမိထားခြင်းဖြစ်သော်လည်း** **သုံ့ပန်းအဖြစ်** **သတ်သော**

www.burmeseclassic.com

www.burmeseclassic.com

မထား။နောက်ဆုံး တရားခံတဦးအနေဖြင့်ပင်သဘောထားစီရင်ခြင်းမဟုတ်ဘဲ တရားလက်လွတ်စစ်ဗိုလ်၏အာဏာဖြင့် သတ်ပစ်ခဲ့လေသည်။ ထိုမျှသာမဟုတ်။ဦးခေါင်းကိုဖြတ်၍ အများမြင်သာစေရန် နတ်မောက်မြို့သို့ ယူလာသည်။ နတ်မောက်မြို့ သိမ်တော်ကျောင်းတိုက် တောင်ဘက်အနီးရှိ ထနောင်းပင်တွင် ဦးခေါင်းပြတ်ကြီးကို ချိတ်ဆွဲပြခဲ့လေသည်။ ဤသို့ဖြင့် မြန်မာ့ဇာနည် မျိုးချစ်တဦး ကျဆုံးခဲ့ရလေသည်။

ဗိုလ်မင်းရောင်၏အဖြစ်မှာ ရင်နာဘွယ်ပင်ဖြစ်သည်။ တပည့်လက်သား သစ္စာဖောက်များကြောင့် စောစီးစွာ တော်လှန်ရေးတပ်ဦး ပြိုကွဲခဲ့ရသည်။ ဥပဒေမဲ့ ဦးခေါင်းဖြတ်၍ အသတ်ခံခဲ့ရသည်။ ဤသို့သော ရင်နာဘွယ်ဖြစ်ရပ်များကြောင့် ဆရာမှိုင်းကလေးချိုးတပုဒ်ရေး၍ ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။ ဆရာမှိုင်း၏ လေးချိုးကြီးမှာ ဗိုလိလရောင်၏ တော်လှန်ရေးဖြစ်ရပ်ကို ညွှန်းပြဖော်ကျူးနေသဖြင့် အောက်တွင် အပြည့်အစုံ ဖော်ပြလိုက်သည်။

မင်းကြီးရှေလရောင်ဘွဲ
(သခင်ကိုယ်တော်ရှင်း ရေးမွှဲသည်)

မြို့လုလင်သာတဲ့ကွန်းဆိပ်သို့၊တို့သခင် စာဖွဲ့လို့ညွှန်းလိုက်မကွဲ့ ၊
(ကေသာရယ်) ဒါနဲ့လွမ်းကြပေတော့ကွာ။

ညော် မြို့သူကြီးရယ်လို့၊တို့ထီးနေတမျှပေပေါ့၊ ရှေလရောင်ဘွဲ့သတင်းရယ်နဲ့၊ ဦးမင်းရောင်ဗိုလ်ဝင်ခံလို့မို့ ဟိုအရင်ယမန် စစ်အင်ကျင်းတယ်ကွယ်၊ ခင်းတဲ့ဗျူဟာ။

မြတ်လောကီ သဘာဝတွင်ဖြင့်၊ ဓာတ်ကောလီ ခါမရတာမို့၊
မြင်မာများဘုန်းသမ္ဘာ၊ အို....ရှုံးမှာပေါ့ကံတမျိုး။

မန်းပျက်မှာ စန်းလင်မသာယာဘို့၊ ဗမာ့ဗမာချင်းတောင်မှ အတင်းရန်မူလို့၊ရန်သူရန်ဟူ၍မမှတ်တဲ့အပြင်၊ ကိုယ့်တပ်ကိုယ်ပြန်နှင်းကြတဲ့၊ဖျင်းလှတဲ့ကမြင်းမအကောင်။ ဗိုလ်တချို့ရယ်ကာ၊ကိုယ်ဘို့အလွတ်ရှန်းတော့မယ်လို့၊ တောင်ကုန်းသာသာယာယာ မြင်းမကစီစခမ်းဆီက၊တရှောင်ရှောင်ပုန်းကာအတွင်းသိတဲ့မင်းကို အမိုးမ်းချင်ကြတဲ့အပြင်၊ဘရမ်းဘတာတော်ရာရော်ရာခပြုံးကြတော့၊ အရေးရှင် မကြုံသာသနှင့် ကံကြမ္မာရှေ့ဝင့်ကြွေးပေထင့်၊ လေးတိုင်စင်ရှာအတွင်းတွင်ဖြင့်၊ အင်္ဂလိပ်တွေကိုအတင်းကြိတ်မလေလို့စမ်းတဲ့၊(ညော်)တဖောင်ဖောင်သတင်းတွေနဲ့၊ တပြောင်ပြောင်လင်းခဲ့တဲ့တောင်ကတွင်းကသခင်ကို၊အောင်ခြင်းမရခင် အသေသတ်ကြသတဲ့၊ မကြေနပ်ရှာသူချောင်တဖွဲ့တပန်းတို့ရဲ့၊ ပြေရပ်မှာတပေါင် နှင့်လွမ်းရပါတော့၊(အမယ်မင်း)ထောင်တမန်းမြို့ နေလနှစ်ဆောင်အည့်ကြီးတွင်မှ၊ ပြည်မြန်မာဘောင်မစိုးရရှာတဲ့၊(ညော်) အခေါင်မမြန်းအမှောင်သန်းသမို့ ၊အောင်ပန်းညှိုးခဲ့ရတဲ့ အောင်ဆန်းတို့ရဲ့ရှေလရောင်အတိုး။

www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀-ပြည့် အရေးတော်ပုံမှ ရေနံမြေလုပ်သားခေါင်းဆောင် အာဌာဝက ဘွဲ့မည်ရ သခင်ဖိုးလှကြီး

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် သမိုင်းစဉ် အကြောင်းကို ပြောကြမည်ဆိုလျှင် ၁၃၀၀ ပြည့် ရေနံမြေ အရေးတော်ပုံကို ခြွင်းချန်ခဲ့၍မဖြစ်ပေ။ တဖန် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကို ပြန်လည်ဖော်ထုတ်မည်ဆိုလျှင် သခင်ဖိုးလှကြီး သို့မဟုတ် အာဌာဝက ဖိုးလှကြီးဟူသည့် အမည်ကို ချန်လှပ်ထား၍မဖြစ်နိုင်ပေ။ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ အကြောင်းပြောလျှင် **အာဌာဝက** ဖိုးလှကြီး အမည် ပါရမည်။ "အာဌာဝက ဖိုးလှကြီးဟေ့"ဟု ဆိုလျှင်လည်း ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကို အမှတ်ရမည်သာဖြစ်သည်။ ဤနှစ်ခု ကား ခွဲ၍မရ။ တသားတည်းသော မိတ်ဖက်ပင်ဖြစ်ခဲ့ကြသည်။ **အာဌာဝက** ဖိုးလှကြီးသည် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ တွင် ခေါင်းဆောင်ပါဝင်သူဖြစ်သည်။ ရေနံမြေ လုပ်သားများ သည် ချောက်မြို့မှ မိုင် ၄၀၀ ကွာဝေးသော ရန်ကုန်မြို့သို့ ခြေလျင် ချီတက် ဆန္ဒပြကြသည်။ ဤခြေလျင် ချီတက်သော ရေနံမြေသပိတ်တပ်ကြီးတွင် သခင်ဖိုးလှကြီးက ခေါင်းဆောင် သည်။ သူ၏ တက်ကြွ ရဲရင့်ပြတ်သားသော ခေါင်းဆောင်မှု ကြောင့် လုပ်ဖော်ကိုင်ဘက် သပိတ်တပ်သားများက ချစ်ခင် သည်၊ လေးစားကြည်ညိုသည်။ ရဲရင့် ပြတ်သားသော ခေါင်း

ဆောင်တဦးဖြစ်သဖြင့် အာဌာဝက ဟူသော **ဘွဲ့ကိုပေးသည်။** ဤသို့ဖြင့် သခင်ဖိုးလှကြီးသည် လုပ်ဖော်ကိုင်ဘက် **ဘဝတူ ရေနံ** မြေလုပ်သား သပိတ်တပ်သားကြီးများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့် အာဌာဝက ဖိုးလှကြီးဟူ၍ ထင်ရှားကျော်ကြားခဲ့လေသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ဓနရှင် ဘီ-အိုင်-စီ ရေနံကုမ္ပဏီ၏ အလိုကျ ရေနံမြေ လုပ်သားထု၏ သပိတ်တပ်ကို ဖြိုခွဲခဲ့သည်။ သပိတ်တပ် ပြိုကွဲ စေခြင်းငှာ အာဌာဝက ဖိုးလှကြီးအား "ရှားသွားပြီ"ဟူ၍ သတင်းလွှင့်သည်။ အရှားထောင် (ယခု စိတ္တဇ ဆေးရုံ)တွင် ဖမ်း၍ချုပ်ထားသည်။ ဤသို့နယ်ချဲ့တို့က ကောက် ကျစ်စဉ်းလဲစွာ ပရိယာယ် ဥာဏ်ဆင် ပြုမူခဲ့သည်ကို ဓနရှင်၏ လက်ပါးစေ နယ်ချဲ့၏ အလိုတော့ရှိ မြန်မာအချို့က ယုံကြည် ကြသည်။ ထပ်တူထပ်မျှ ဝါဒဖြန့်ခဲ့ကြသည်။ ထို့ကြောင့်ယနေ့တိုင် သခင်ဖိုးလှကြီး၏ သူရသတ္တိ၊ ရေနံမြေလုပ်သားထုအတွက် ရဲဝံ့ ပြတ်သားစွာ ဦးဆောင်မှုတို့ကို အသေချာချာ မသိရှိကြသူများ က သခင်ဖိုးလှကြီးကို သာမန်မျှသာ မြင်ကြသည်။ နယ်ချဲ့တို့၏ လုပ်ကြံဖန်တီးမှုကြောင့် ၁၃၀၀ ပြည့် ရေနံမြေ အာဇာနည် အပေါ် အထင်လွဲမှားခြင်းမျှသာ ဖြစ်သည်၊ စင်စစ် သခင် ဖိုးလှကြီးကား မွေးလာကတည်းက နယ်ချဲ့ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသူဖြစ်လျက် နယ်ချဲ့ အင်္ဂလိပ်ကို တော်လှန်ရန် စိတ်ဆန္ဒပြင်းပြခဲ့သူ ဖြစ်လေသည်။

သခင်ဖိုးလှကြီး၏ ဘဝဖြစ်စဉ်ကား တက်ကြွခြင်း၊ ရဲရင့် ပြတ်သားခြင်း၊ တော်လှန်ခြင်းအင်အားစုတို့ဖြင့် ပြည့်လျှမ်းကာ စိတ်ဓင်စားဘွယ်အတိဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သခင်ဖိုးလှကြီးကို မကွေးခရိုင် သရက်လေးပင်ရွာတွင် သာမန်ဆင်ရဲသား မောင်နှံမှ ဖွားမြင်ခဲ့သည်။ အမိ အဖ အမည် အတိအကျနှင့်မွေးသက္ကရာဇ်ကိုမသိရှိရပေ။ သို့သော် ၁၉၁၄-၁၈ ခုနှစ်တွင် ဖြစ်ပွားသော ပထမကမ္ဘာစစ်ပွဲကြီးတွင် ဖိုးလှကြီးသည် စစ်သားတဦးအဖြစ်ဖြင့် မယ်ဆိုပိုတောမီးယားစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ၁၃၀၀ ပြည့်(၁၉၃၈ ခုနှစ်)ရေနံမြေအရေးတော်ပုံ ကာလတွင် ဖိုးလှကြီး၏ အသက်မှာ သုံးဆယ်ဝန်းကျင်တွင်ရှိသည် ဟူသော အချက်မျှားကိုသာ ကျွန်ုပ်တို့သိရှိနိုင်သည်။

ဖိုးလှကြီး၏ အသက် ၁၄ အရွယ်ခန့်တွင် နယ်ခွဲ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ချုတ်ချယ်မှုကို ခံရသည်။ ထိုစဉ်က သူ၏ဖခင်အား မြေခွန်မပေးနိုင်သဖြင့် အစိုးရက ဖမ်းသည်။ ထိုခေတ်က ထုံးစံမှာ မြေခွန်၊ယာခွန်၊လယ်ခွန်စသည့် အခွန်မှန်သမျှကို မပေးဆောင်နိုင်လျှင် ရှိပစ္စည်းကို သိမ်း၍ လေလန်ပစ်သည်။ သိမ်းရန်ပစ္စည်းမရှိလျှင် လူကိုဖမ်း၍ အမှုဖွင့် ထောင်ချသည်။ ဖိုးလှကြီး၏ ဖခင်မှာ မြေခွန်ဆောင်ရန် ငွေမရှိ၊ သိမ်းရန် ပစ္စည်းလည်းမရှိပေ။ ထို့ကြောင့် လူကိုဖမ်းခြင်းဖြစ်သည်။

ကလေးငယ်မျှသာရှိသေးသော ဖိုးလှကြီးသည် ဘူဖခင်အား ပုလိပ်က ဆွဲရမ်းဖမ်းဆီးပြီး လက်ထိတ်ခတ်လျက် ခေါ်ဆောင်သွားကြသည်ကိုသာ မြင်ရသည်။ ဘာကြောင့် သူမသိ၊ "မြေခွန်မပေးနိုင်လို့တဲ့သားရယ်"ဟု မိခင်က မျက်ရည်တွေတွေ ယိုစီးလျက်မှ အဖြေပေးသည်။ မြေခွန်မပေးနိုင်သဖြင့် လူကို ဖမ်းသည် ဟူသော စကားကို ဖိုးလှကြီးနားမလည်၊ ရင်ထဲပြည့်ကြပ် ဆို့နင့်သော ဝေဒနာကိုသာ ခံစားနေရရှာသည်။

ထိုစဉ်က သူ့မိခင်မှာ မကျန်းမာရှာပေ။ ပုလိပ်နှင့် သူကြီးရှေ့တွင် ပုဆစ်တုပ်ထိုင်ကာ တောင်းပန်သည်။ ဖိုးလှကြီးက လုံးဝ မနှစ်မြို့ပေ။ တောင်းပန်ရန်မလို။ မမှန်မတရားပြုနေခြင်းမဟုတ်။ မိုးခေါင်၍ ပဲမရ၊ နှမ်းမရသဖြင့် ငွေမရ။ ထို့ကြောင့် မပေးနိုင်ခြင်းသာ ဖြစ်သည်ဟု သူ့အသိနှင့်သူ ဖြေသည်။

ဖိုးလှကြီး၏ဖခင်ကို မကွေးထောင်တွင် ၆-လ အပြစ်ပေးသည်။ ဖခင်ထံလာရင်းမှ မကွေးထောင်သို့ ဖိုးလှကြီး ရောက်ဘူးသည်။ ဤထောင်အုတ်တန်တိုင်းအတွင်း၌မျှားစွာသော တောင်သူလယ်သမား မြန်မာမျှားကို နယ်ခွဲအစိုးရက အကြောင်း အမျိုးမျိုးပြ၍ ချုပ်နှောင်ထားသည်။ ထိုစဉ်မှစ ဖိုးလှကြီးသည် နယ်ခွဲ အင်္ဂလိပ်ကို မုန်းတီးလာသည်။

ဖိုးလှကြီးသည် ငယ်စဉ်က သူ၏ ရွာဘုန်းတော်ကြီးကျောင်းတွင် ပညာသင်သည်။ ထိုဘုန်းတော်ကြီးကား နှယ်နွယ်ရရမဟုတ်။ ဗိုလ်လရောင် တို့နှင့် တချိန်တည်း နယ်ခွဲအစိုးရအား လက်နက် စွဲကိုင် တော်လှန်ခဲ့သော ဗိုလ်နေရောင်၏ ညာလက်ရုံး မြန်မာမျိုးချစ် သူပုန်ကြီး ဖြစ်လေသည်။ ဗိုလ်နေရောင် ကျဆုံးပြီးနောက် အခြေမလှသဖြင့် ရဟန်းတောင်သို့ကူးခဲ့ခြင်းဖြစ်သည်။ ထိုဆရာတော်ထံမှ မြန်မာနိုင်ငံ၏ သမိုင်းစဉ်ကို သိခဲ့သည်။ နယ်ခွဲအင်္ဂလိပ်အစိုးရ၏ ယုတ်မာနှမ်းသော အမူအကျင့်မျှားကို သိခွင့်ရသည်။ နယ်ခွဲအစိုးရအား တော်လှန်ပုန်ကန်ခဲ့သည့် မြန်မာ့မျိုးချစ်ဇာနည်ကြီးမျှား၏ ဇာတိမာန် သူရသတ္တိ မိုးတိမ်ထိမျှမြင့်မားပုံမျှားကို မှတ်သားခဲ့ရသည်။ နဂိုဗီဇကပင် နယ်ခွဲအစိုးရကို မုန်းတီးနေမိသော ဖိုးလှကြီး၏ နှလုံးသားတွင်

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့အစိုးရအား တော်လှန်လိုသော စိတ်ဆန္ဒများ ပိုမိုခိုင်မြဲစွာ ကြီးထွားလာလေသည်။ မိမိတို့ မြေပေါ်တွင် မိမိတို့အား ချယ်လှယ်နေသော နယ်ချဲ့ကိုမောင်းထုတ်ရမည်ဟူသော အသိခိုင်မြဲစွာ စွဲငြိခဲ့လေသည်။

၁၉၁၄-၁၅ ခုနှစ်ခန့်လောက်တွင်အင်္ဂလိပ်အစိုးရသည်ပထမကမ္ဘာစစ်ပွဲအတွက် မြန်မာပြည်တွင် စစ်သားစုဆောင်းလေသည်။ ဤတွင် တော်လှန်ရေး ဆရာတော်ကပင် ဖိုးလှကြီးအား စစ်ထဲဝင်ရန် တိုက်တွန်းသည်။ ဖိုးလှကြီးက သူမုန်းသော နယ်ချဲ့အစိုးရအတွက် စစ်မတိုက်ပေးလိုဟု ငြင်းသေးသည်။ ဆရာတော်ဏ နယ်ချဲ့အစိုးရဖြစ်သော်လည်း စစ်အတွေ့အကြုံရရှိရန်အတွက် စစ်မှုထမ်းသင့်သည်။ စစ်ပညာကို တတ်ရမည်။ နယ်ချဲ့လက်အောက်တွင် ကျွန်အဖြစ် နေရမည့်အတူတူ စစ်မှုထမ်းရင်း ကိုယ့်အတွက် အမြတ်ထုတ်သင့်သည် စသည်ဖြင့် ဆရာတော်က ရှင်းပြသဖြင့် ဖိုးလှကြီး စစ်ထဲဝင်သည်။ ပထမကမ္ဘာစစ် မယ်ဆိုပိုတေးမီးယားစစ်ပွဲတွင် ဖိုးလှကြီး ပါဝင်ခဲ့လေသည်။

စစ်တပ်၌ အမှုထမ်းနေစဉ်တွင် ဖိုးလှကြီးသည် မျက်နှာဖြူစစ်ဗိုလ်များနှင့် မျက်နှာကြောမတည့်ပေ။ မာကြွပ်ကြွပ် ဘုကျကျ ပင်ဆက်ဆံခဲ့သည်။ မှတ်မှတ်ရရ မျက်နှာဖြူဗိုလ်ကြီးများနှင့် နှစ်ကြိမ်တိုင်တိုင် ကြီးကြီးကျယ်ကျယ် အချင်းများခဲ့သည်။

ပထမတကြိမ်မှာ မျက်နှာဖြူတပ်ကြပ်တဦးက ကပ္ပလီစစ်သားတဦးအား မတရားလက်ဝှေ့ထိုးသည့်ပွဲတွင်ဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်တပ်ကြပ်နှင့် ကပ္ပလီစစ်သားသည် နှစ်ဦးသဘောတူလက်ဝှေ့ထိုးကြသည်။ တပ်သားအားလုံးက ဝိုင်းကြည့်အားပေးကြသည်။

တပ်ကြပ်သည် ကပ္ပလီစစ်သား၏ လက်သီးဒဏ်ကို မခံနိုင်ပေ။ ဤတွင် အသားမဲသတ္တဝါက ထိုးရပါမည်လားဟုအကြီးအကျယ် ဒေါ်ပွကာ တပ်ကြပ်သည် ကပ္ပလီစစ်သားအား အတင်းဝင်ထိုးသည်။ ဥပဒေမှ စည်းကျော်ကာ မိရာကို အတင်းဝင်ထိုးခြင်းဖြစ်သည်။ နှုတ်မှလည်း ဆဲဆိုနေသေးသည်။ လက်ဝှေ့တွင် ဝိုင်းပတ်ထားသော ကြိုးတန်းတွင်ကပ္ပလီစစ်သားကျောမှီပြီး အထိုးခံနေရသည်။ဒိုင်လူကြီးကဝင်ရောက်ဖြန်ဖြေရာ တပ်ကြပ်သည်ဒိုင်လူကြီးကိုပါ လက်စွမ်းပြထိုးချလိုက်သည်။ ကပ္ပလီစစ်သားလည်းကြမ်းပြင်တွင် ဘုံးဘုံးလဲသည်။ဤတွင်မှတပ်ကြပ်သည် လက်ကိုမြှောက်ကာ ''သတ္တိရှိတဲ့လူ၊ယှဉ်ပြိုင်ထိုးချင်တဲ့လူထွက်ခဲ့'ဟုစိန်ခေါ်သည်။ လက်ဝှေ့စင်ပေါ်တွင် ရင်ကိုကော့၍ လျှောက်နေသည်။

တချိန်လုံး မျက်တောင်မခတ်စူးစိုက်ကြည့်ပြီးဒေါသထွက်နေသော မြန်မာတပ်သား ဖိုးလှကြီးသည်နေရာမှထလာကာလက်ကို မြှောက်လျက်မိုးချုန်းသံဖြင့် ''ငါချမယ်ကွ'ဟု အော်လိုက်သည်။ ဘေးမှ အဖော်များက လှမ်းဆဲနေစဉ်မှာပင် ဖိုးလှကြီးလက်ဝှေ့ကြီးဝိုင်းအတွင်းသို့ ရောက်လာသည်။

မျက်နှာဖြူတပ်ကြပ်က မခံချင်စိတ်နှင့် မထိုးသင့်ကြောင်း၊ ဖိုးလှကြီးသာနာမည်ဖြစ်ကြောင်း သတိပေးသည်။ ဖိုးလှကြီးက ''ငါဗမာ၊ မင်းစကားမရှေ့နဲ့ လာချမယ်'ဟု ဆိုသည်။ လက်ဝှေ့အိတ်ပေးသော်သည်း သူမစွပ်ပေ။လက်သီးသက်သက်ဖြင့်ထိုးမည်ဟု ဆိုသည်။

လက်ဝှေ့ပွဲစလျှင် တပ်ကြပ်ကြီးက လက်ဝှေ့ထုံးစံအတိုင်း လက်ဝှေ့အိတ်စွပ်ထားသော လက်သီးနှစ်လုံးကို မျက်နှာတင်ကွယ်အကာယူ၍ ခြေထောက်ကိုခုန်ဆွဲခုန်ဆွဲပြုသည်။ဖိုးလှကြီး

www.burmeseclassic.com

www.burmeseclassic.com

ဓာ လက်ပန်းပေါက်နှစ်ချက်မျှ ခပ်ပြီး ဒူးကိုမြောက်လျက် အင်္ဂလိပ် တပ်ကြပ်ထံ ပြေးဝင်သည်။ လျှပ်တပြက်အတွင်း ဒူးရောလက်သီးပါ အဆက်မပြတ် ပစ်သွင်းလိုက်သည်။ အင်္ဂလိပ်တပ်ကြပ်၏ မျက်ခွက်ကို ဒူးနှင့် အားရပါးရ တိုက်လိုက်သည်။ တပ်ကြပ် ခမျာ ပက်လက်လန်လဲသည်။ စစ်သားများ ဆူညံစ္စာအော်ဟစ်နေစဉ်မှာပင် တပ်ကြပ်၏အမိန့်ပေးချက်အရ စစ်သားများက ဖိုးလှကြီးကို ဝိုင်းဖမ်းသည်။ လက်ဝှေ့ စည်းမျဉ်းကို ကျော်ပြီး စော်ကားသည်ဟု တပ်ကြပ်က ဒေါသနှင့် အော်ပြောသည်။ ဖိုးလှကြီးကလည်းမခံ။ 'ဒါဗမာ့လက်ဝှေ့ကွ၊ မင်းနားမလည်ဘူးလား။ ခုနင်ကတော့ ကပွလီစစ်သားကို မင်းထင်သလိုလုပ်တယ် မဟုတ်လား' ဟူ၍ ပြန်အော်သည်။

မျက်နှာဖြူတပ်ကြပ်သည် လက်နှစ်ဖက်ကို ချုပ်ထားစေပြီး ဖိုးလှကြီးအား အသားလွတ် လက်သီးစာကျွေးသည်။ ထိုးရိုက်သည့်အခါတွင်မှ အချုပ်တွင်းသို့ ပို့၍ တည့်ခ်ိုးချုပ်ထားလိုက်လေသည်။ ' ဤကား ပထမဖြစ်ရပ်ဖြစ်၏။

ဒုတိယဖြစ်ရပ်မှာ စစ်မြေတွင် အောင်ပွဲခံ အရက်သေစာစားနေကြစဉ်ဖြစ်သည်။အင်္ဂလိပ်မျက်နှာဖြူများသည်ကုလား၊ကပွလီ၊ မြန်မာ စသည့် အသားမဲ အသားညို စစ်သားများနှင့် ၎င်းတို့ အင်္ဂလိပ်မျက်နှာဖြူများ တူတန်သည်ဟူ၍ မယူဆပေ။ အစဉ်အမြဲ ခွဲခြားလေ့ရှိခဲ့သည်။ ယခု အောင်ပွဲခံရာတွင်လည်း အသားမဲ အသားညို စစ်သားများက တနေရာ၊ ၎င်းတို့က ရှက်ထည်တဲဖြင့် တနေရာ လူခွဲ၍ စားသောက်စေသည်။ အစားအစာမှာလည်း ၎င်းတို့တ ပိုမိုကောင်းမွန်စွာ စားသောက်ကြသည်။

အသားမဲ အသားညို အစုမှ ဖိုးလှကြီးသည် ၎င်းအားလုံးလာသည့် အရက်ခွက်ကို မသောက်ဘဲ စားပွဲပေါ် တအားတက်ပေါက်လိုက်ပြီး နေရာမှထသည်။ စားပွဲပေါ် ခုန်တက်လိုက်ပြီး ကုလား၊ ဗမာ၊ကပွလီ စသည့်စစ်သားများကို ကုလားဘာသာဖြင့် ရှင်းပြသည်။ စစ်မြေတွင် တိုက်ပွဲဝင်စဉ်က အတူတူ အောင်သေ အောင်သားစားသည့် အခါတွင်မှ ခွဲခြားသည်။ မျက်နှာဖြူ အင်္ဂလိပ်များ လူပါးဝသည်။ ကုလားသည် ကျွန်မဟုတ်၊ဗမာသည်လည်း ကျွန်မဟုတ်။ အင်္ဂလိပ်စုတ်များက ကျွန်လုပ်သည်ကို ခံနေရသည်။ သတ္တိရှိရင် ထွက်ခဲ့ကြ။ အင်္ဂလိပ်များနှင့်အတူ အရက်သောက်မည်ဟု သူကပြောသည်။ အားလုံးအံ့အားသင့်ကာ ငြိမ်နေကြသည်။ ကုလားစစ်သား သုံးယောက်ခန့်သည် နေရာမှ ထကာ ဖိုးလှကြီးစကားကို ထောက်ခံသည်။အင်္ဂလိပ်စစ်သားများ ရှိရာသို့ သွားရန်သဘောတူကြသည်။

ဖိုးလှကြီး ခေါင်းဆောင်သော လူစုသည် အင်္ဂလိပ်စစ်သားစစ်ဗိုလ်များရှိရာ ရှက်ထည်တဲသို့ ရောက်လာသည်။ ခပ်တင်းတင်းပင် တဲအတွင်းသို့ ဝင်သည်။ အသင့်ထည့်ထားသော အရက်ခွက်ကို ရဲတင်းစွာ ယူသောက်သည်။ ဖွယ်ဖွယ်ရာရာ ခင်းကျင်းထားသော အစားအစာများကို ယူစားသည်။ မျက်နှာဖြူများ ပထမအံ့အားသင့်နေကြသည်။ ထိုနောက် ယဉ်ယဉ်လေးဖြင့် ဆဲကာ တဲအတွင်းမှ ထွက်သွားရန် နှင်ထုတ်သည်။ ဖိုးလှကြီးက "အသေခံ တိုက်ပွဲဝင်တော့ အတူတူ၊ စားတဲ့သောက်တဲ့ နေရာကျမှ မင်းတို့က ခွဲခြားပီး ကောင်းကောင်းစားလို့ ဘာရမလဲကွ" ဟူ၍ ပြောပြောဆိုဆိုပင် စားသောက်ဖွယ်များ တင်ထားသည့် စားပွဲကို ဆွဲမှောက်ပစ်လိုက်လေသည်။ ပုလင်းသံ ရွက်သံများ

www.burmeseclassic.com

www.burmeseclassic.com

ဆူညံသွားသည်။ နောက်ဆုံး ဖိုးလှကြီး တပ်ဘွင်း အချုပ်ခ်ုန်နှန်း စံခဲ့ရလေသည်။

ဖိုးလှကြီးကား ဤသို့သော လူစားမျိုးဖြစ်သည်။

ဖိုးလှကြီး စစ်မြေပြင်တွင် သုံးနှစ်ကြာသည်။ စစ်ပြီးချိန် အိမ်ပြန်ရောက်သောအခါ ဖိုးလှကြီးအား မျိုးချစ်စိတ် အမွေပေးခဲ့သော တော်လှန်ရေးတပ်သားကျော် ဘုန်းတော်ကြီးမှာ ပျံလွန်တော်မူပြီ ဖြစ်သည်။

ထိုစဉ်က စစ်မြေမှ ပြန်လာသော စစ်သားများကို အင်္ဂလိပ် အစိုးရက မြေယာများကို ပေးလေ့ရှိသည်။ အစိုးရထံ အမှုထမ်းမည်ဆိုကလည်း ထိုက်သင့်ရာ အလုပ်ကိုပေးသည်။ သင့်ရာအစာ ကျေးမွေးချီ စည်းရုံးသော နည်းပရိယာယ်ပင် ဖြစ်ချေသည်။

ဖိုးလှကြီးအိမ်သို့ ပြန်ရောက်လျှင်ရောက်ခြင်း မကွေးအရေးပိုင်က သူကြီးမှတဆင့် အခေါ်လွှတ်သည်။ သူကြီး၏ ပြောပြချက်အရ လယ်ယာလုပ်ငန်းအတွက် မြေပေးရန် ခေါ်ယူခြင်း ဖြစ်ကြောင်း သိရသည်။ ဖိုးလှကြီးက အင်္ဂလိပ်ပေးသောမြေကိုမယူ၊ ဗမာမြေကို ဗမာပိုင်သည်၊ မဆိုင်သူ အင်္ဂလိပ်ကပေးရန် မလိုဟု ဆိုသည်။ အရေးပိုင်ထံမသွား ဟူ၍လည်း ပြင်းပြင်း ထန်ထန် ငြင်းသည်။ သူကြီးက ဖိုးလှကြီး မသွားလျှင် ၎င်းအပြစ် ဖြစ်မည်စိုး၍ သွားတွေ့ပါမည့်အကြောင်း တောင်းပန်သည်။ သူကြီး၏ တောင်းပန်ချက်ဖြင့် ဖိုးလှကြီး မကွေးအရေးပိုင်ထံ သွားသည်။ သူအရေးပိုင်ရုံးသို့ ရောက်သောအခါ ရုံးပိတ်ထားပြီးဖြစ်၍ အရေးပိုင်အိမ်သို့ လိုက်သွားသည်။ အိမ်ပေါ်သို့ မရောက်ခဲ့ပေ။ အရေးပိုင်ခြံဝင်းဝတွင် ခြံခစောင့်နှင့် စကားများနေစဉ်မှာပင် အခရေးပိုင်

ထွက်လာပြီး တွေ့သည်။ ဖိုးလှကြီးက သူ့ကိုယ်သူ ဘယ်သူဖြစ်ကြောင်း ပြောပြီး အရေးပိုင်က တွေ့လိုသည်ဆိုရှိ လာခဲ့ကြောင်း တင်းတင်းမာမာပင် ပြောသည်။ အရေးပိုင်က နက်ရန်ရုံးသို့လာရန် ပြောသည်။ ဖိုးလှကြီးက ရုံးသို့လာရန် မလိုတော့ကြောင်းပြောပြီး ထွက်လာသည်။ သူသည် သူကြီးအား ပေးခဲ့သော ကတိအတိုင်း အရေးပိုင်နှင့် တွေ့သည်။ အရေးပိုင်နှင့် တွေ့ပြီးလျှင် ကိစ္စပြီးသည်ဟု တွက်သည်။ ရုံးဖွင့်ချိန် ချိန်းသော်လည်းမသွားတော့ပေ။

ဖိုးလှကြီး ရေနံမြေတွင် အလုပ်ကြမ်းသမားအဖြင့်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုစဉ်က အင်္ဂလိပ် ဓနရှင်ပိုင် ဘီ-အိုစီ ရေနံကုမ္ပဏီတွင် အမှုထမ်းရသည်မှာ ပင်ပန်းသလောက် မျှတသော အကျိုးကို မရရှိပေ။ လစာမှာ အလွန်နည်းသည်။ ဆယ်ပေမတ်လည် အလုပ်သမား တန်းလျားတွင် ဖြစ်သလိုနေရသည်။ ဤသို့ အလုပ်ကြမ်းသမားကြီးများ ဆင်းရဲ နုံချာသလောက် မျက်နှာဖြူများ၊ မျက်နှာဖြူသွေးပါသော စာပြားများ အတွက်မူ အလွန်လျှင်အဆင်ပြေလှသည်။ ကုမ္ပဏီက ၎င်းတို့အတွက် တိုက်အိမ်များကို ဆောက်ပေးသည်။ ခြံနှင့် ဝင်းနှင့် ကားနှင့် လစာထောင်ကျော်ဖြင့် ဇိမ်ရစ်စေသည်။ ရေကူးကန်၊ အပန်းဖြေကလပ်၊ ဘက်တမင်တန်ရိုက်ရန်၊ ဂေါက်သီးရိုက်ရန် ကစားကွင်း စသည်ဖြင့် စီစဉ်ပေးထားသည်။ ရေနံမြေဒေသ၊ တနေရာတည်းတွင် ငရဲပြည်နှင့် နတ်ပြည် နှစ်ခြာနကို တပြိုင်တည်း ဖန်ဆင်းထားသကဲ့သို့ ဖြစ်သည်။ တိုင်းရင်းသား မြန်မာလုပ်သားကြီးများက ငရဲဘုံတွင် ခံစားနေရသည်။ နိုင်ငံကို လုယူခဲ့သော မျက်နှာဖြူလူစုက နတ်ပြည်တွင် ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုးလှကြီးသည် ရေနံမြေ လုပ်သားကြီးများ၏ ဘဝအခြေကို ရင်နာသည်။ နယ်ချဲ့အင်္ဂလိပ် မျက်နှာဖြူများ အုပ်စီးထားသည့် ရေနံကုမ္ပဏီ၏ မတရားမှုများကို လေ့လာသည်။ အလုပ်သမားများအား မျက်စိ နားပွင့်လာစေရန်၊ သတ္တိရှိလာစေရန်သွေးထိုးစည်းရုံးသည်။

ထိုအချိန်က မြန်မာနိုင်ငံရေး အခြေအနေမှာ ၉၁-ဌာန အုပ်ချုပ်ရေး အစပျိုးစဖြစ်၍ ရှုပ်ထွေးစပြုနေပြီ ဖြစ်သည်။

ဗိုးလှကြီးသည် ရေနံမြေမှ စတိုစာရေးကြီး ညီခင်ဆိုသူ၏ သမီး မည့်နန့်နှင့် အိမ်ထောင်ကျသည်။ မိဘက ကြည်ကြည်ဖြူဖြူ လက်ထပ်ပေးသည် မဟုတ်ပေ။ လူငယ်ချင်း မေတ္တာမျှ ခိုပြေးခြင်း ဖြစ်သည်။ မည့်နန့်၏ ဖခင်သည် သမီးအား ရာသက်ပန် စွန့်ပစ်ခဲ့သည်ဟု ဆိုသည်။

၁၉၃၈- ခုနှစ်တွင် ဘီ-အိုစီ ကုမ္ပဏီသည် အလုပ်သမားများအား နှစ်စဉ်ဘာသာရေး ပိတ်ရက် (၁၀)ရက် ပေးနေရာမှ နှားရက် (၇)ရက်အဖြစ် လျှော့ချ သတ်မှတ်ခဲ့လေသည်။ လုပ်ခ မပျက် ခွင့်ရက်ကိုမူ (၁၀) ရက်ပေးမည်ဟု ဆိုသည်။ အလုပ်သမားများက နှစ်စဉ်ဘာသာရေး (၁၀)ရက်၊ လစာ မပျက်ခွင့်ရက် (၂၀) ပေါင်း တနှစ်လျှင် ခွင့်ရက် (၃၀)သတ်မှတ်ပေးရန် တောင်းဆိုသည်။

အလုပ်သမားများသည် ဤမျှသာမက လိုလားချက် (၁၂) ချက်ကို တင်ပြ တောင်းဆိုလိုက်သည်။ယင်းတို့မှာ အလုပ်သမားတန်းလျားနေအိမ်များကိုနေသာအောင်ဆောက်ပေးရန်၊လျှပ်စစ်မီးပွင့်များ တပ်ဆင်ပေးရန်၊ သုံးရသောက်ရေ လုံလောက်အောင် ပေးရန်၊အလုပ်သမား သားသမီးများကို အခမဲ့ပညာသင်ယူခွင့်

ပေးရန်၊ အလုပ်သမားများ၏ သားမယားများကိုယ်ဝန်ဆောင်လျှင် ဆေးရုံ ဆရာဝန်များဖြင့် ကုသပေးရန်၊ ဆေးရုံဘက်ခွင့်ပြုရန်၊ အလုပ်သမားများ မကျန်းမာလျှင် လစာပြည့်ဖြင့် ဆေးရုံတက်ခွင့်ပြုရန် စသည်တို့ပါရှိသည်။ လိုလားချက်များကို မလိုက်လျှောလျှင် သပိတ်မှောက်မည်ဟု ရာဇသံပေးသည်။ စတီ သသောဖြင့် သပိတ်သုံးရက်မှောက်ခဲ့သည်။

ကုမ္ပဏီက လိုက်လျှောခြင်းမပြုပေ၊ ထို့ကြောင့် ၁၉၃၈ ခုနှစ်၊ ဇန္နဝါရီလ(၈)ရက်၊ စနေနေ့ (၁၂၉၉-ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်)တွင် ရေနံမြေ သပိတ်ကြီး စတင်မှောက်လေသည်။

အရင်းရှင်ကုမ္ပဏီသည် အလျှော့မပေးချေ။ အလုပ်သမားများကလည်း ရေနံမြေတွင် စီတန်းလှည့်လည်ခြင်း၊ စည်းဝေးခြင်း စသည်အားဖြင့် မိမိတို့ ရပိုင်ခွင့်အတွက် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်လေသည်။ ရေနံမြေရှိ အလုပ်ရုံစက်ရုံများမီးခိုးတိတ်ခဲ့သည်။ အလုပ်သမားကြီးများ ပိုမိုတက်ကြွ စည်းရုံးကာ လိုလားချက်(၂၈)ချက်ကို စည်းဝေးဆုံးဖြတ်ခဲ့လေသည်။ ယင်းဆုံးဖြတ်ချက်များကို ဆောင်ရွက်ရန် ပုဂ္ဂိုလ် (၁၀) ဦးအားရွေးချယ်ခဲ့လေသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သခင်အောင်ဖေ၊ ၂။ သခင်ခ၊ ၃။ သခင်ဘတင် ၄။ သခင်ဗိုးလှကြီး၊ (အာဌာဝဏ ဗိုးလှကြီး)၊ ၅။ သခင်လေးမောင်(ဤ၎င်းမှာ ဗဟို တို့ဗမာအစည်းအရုံးမှဥက္ကဋ္ဌဖြစ်သည်) ၆။ သခင်လှိုင်း၊ ၇။ သခင်သင်၊ ၈။ သခင်ခင်၊ ၉။ သခင်မြ (သာယာဝတီ အမတ်)၊ ၁၀။ ဦးဘလှိုင် (အလုပ်သမားအမတ်)။

www.burmeseclassic.com

www.burmeseclassic.com

ရေနံမြေအလုပ်သမားများ သပိတ်ပြင်းထန်လေသောအခါ မကွေး ရာဇဝတ်တရားသူကြီးသည် ချောက်ရေနံမြေတွင် ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်သည်။ အရင်းရှင် ရေနံမြေကုမ္ပဏီကလည်း ရေနံချောင်းမှ အလုပ်သမားများ၊ တောနယ်မှ ရရာလူများကို ဆွဲခေါ်၍ ချောက်ရေနံမြေအလုပ်ရုံ စက်ရုံများတွင် အစားထိုးသည်။ စက်ရုံအလုပ်ရုံများ ယခင်အတိုင်း လည်ပတ်နေသည်ဟု ကျေညာသည်။ သို့သော် လက်တွေ့မှာမူ ၎င်းတို့ကျေညာသည်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ရေနံမြေလုပ်သားထုသည် အလျှော့မပေးချေ။ ရန်ကုန်သို့ ခြေလျင် ချီတက်ရန် ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက် အရ ၁၉၃၈-ခုနှစ်၊နိုဝင်ဘာလ ၃၀-ရက်၊(၁၃၀၀-ပြည့်နှစ် နတ္တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင်) ချောက်ရေနံမြေမှ ရေနံမြေလုပ်သားတပ်ကြီး ရန်ကုန်သို့ စတင်ချီတက်လေသည်။ ရေနံချောင်းသို့ရောက်လျှင် ရေနံချောင်းမှသပိတ်တပ်နှင့်ပူးပေါင်းကာ နှစ်ယောက်တတွဲ ချီတက်သည်။ သပိတ်တပ်သား တထောင်ကျော်သည်။ ထိုရေနံမြေ သပိတ်တပ်ကြီးကို ခေါင်းဆောင်ချီတက်သူကား သခင်ဖိုးလှကြီးပင်ဖြစ်လေသည်။

ရေနံမြေသပိတ်တပ်သားများ ၁၉၃၉-ခုနှစ်၊ ဇန်နဝါရီလ ၈-ရက်(၁၃၀၀-ပြည့်နှစ် ပြာသိုလဆုတ် ၄-ရက်၊ တနင်္ဂနွေနေ့) တွင် ရန်ကုန်သပိတ်စခန်းသို့ ရောက်ရှိလေသည်။ ချောက်ရေနံမြေမှစတင်ထွက်ခွာသည့်နေ့ အပါအဝင် ရက်ပေါင်း(၄၀)တိတိ ခြေလျင်ခရီးဖြင့် ချီတက်ခဲ့ကြသည်။ ထိုရက်ပေါင်း(၄၀)အတွင်း များစွာသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်။ မြန်မာ့

အမိုင်းတွင် မော်ကွန်း တင်ထားရမည့် အဖြစ်အပျက်များပင် ဖြစ်လေသည်။

ရေနံမြေ သပိတ် တပ်သားကြီးများ ချီတက်ရာ လမ်းတလျှောက် ရောက်လေရာ ရွာတိုင်း- မြို့တိုင်းမှ ပြည်သူလူထုသည် စိတ်အားထက်သန်စွာ ကျွေးမွေးလှူဒါန်းကြသည်။ စည်တော်ယွန်း၍ ကြိုကြသည်။ ပန်းသပြေကမ်းသည်။ထမင်းထုပ်များဖြင့် ခွန်အားကိုသစ်စေသည်။ နေရာထိုင်ခင်းပေး၍ ကူညီကြသည်။ ဤသို့ ပြည်သူလူထုက အားပေး ကူညီသည်နှင့် အမျှ နယ်ခွဲ အင်္ဂလိပ်တို့၏လက်ပါးစေ စစ်ပုလိပ်တို့ကလည်း သပိတ်တပ်ကြီး ပြိုကွဲသွားစေရန် အမျိုးမျိုးနှောင့်ရှက်သည်။ စစ်မြင်းနှင့်တိုက်၍ လူစုခွဲသည်။ သို့သော် တက်ကြွ စည်းရုံးနေသော ရေနံမြေ လုပ်သားကြီးများ၏ အားမာန်ကို ဖြိုခွဲဖျက်ဆီး၍မရခဲ့ပေ။

သပိတ်တပ် မကွေးသို့ ရောက်သောအခါ တပ်ဦးမှ ခေါင်းဆောင်လာသော သခင်ဖိုးလှကြီးကို ဖမ်းလိုက်သည်။ သပိတ်တပ်ကြီးသည် တဖိုလ်ကျတဖိုလ်တက်စနစ်ဖြင့် ဆက်လက်ချီတက်သည်။ သပိတ်တပ်ကြီး မကွေးတွင်ရှိစဉ်က ရန်ကုန် တက္ကသိုလ်သားကြီးမှ ဥက္ကဋ္ဌ ကိုဘဟိန်းနှင့် အတွင်းရေးမှူး ကိုဗမော်ဆွေတို့ရောက်ရှိလာပြီး တရားဟောသေးသည်။ သပိတ်တပ်ကြီး နတ္တလင်းကို ရောက်သော်ဒီဇင်ဘာ ၂၄တွင်သခင်ဖိုးလှကြီးပြန်လွတ်လာသည်။ သပိတ်တပ်နှင့် ထပ်မံတွေ့ရှိကာ ဦးဆောင်သည်။ အချုပ်မှလွတ်လာသော ဖိုးလှကြီးအား သပိတ်တပ်သားများက အားရဝမ်းသာပြင့် "အာဌဝေကကွ" ဟု ခေါ်၍ အမည်ပေးလေသည်။

ရေနံမြေတပ်သားကြီးများ ခြေလျင်ချီတက်လာစဉ်အတွင်း ကျေးရွာနယ်တွင် ကျောင်းသား ပုလိပ် အဓိကရုဏ်းကြီး ဖြစ်ပွားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဗိုလ်အောင်ကျော် ကျဆုံးသည်။ မြန်မာတပြည်လုံး သိမ့်သိမ့်တုန်မျှ ဖြစ်ခဲ့ရသော အဓိကရုဏ်းကြီးဖြစ်သည်။ ဤသို့ဖြင့် ၁၃၀၀-ပြည့် အရေးတော်ပုံသည် နယ်ချဲ့အစိုးရအဘို့ ကြီးစွာ အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်ကြီးဖြစ်သကဲ့သို့ မြန်မာတို့ အဘို့လည်း သမိုင်းတွင် မော်ကွန်း ထိုးထားရသည့် လွတ်လပ်ရေး ကြိုးပမ်းမှု အရေးအခင်းတရပ် ဖြစ်လေသည်။

ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်မြို့ရောက်ပြီး အရေးဆိုနေစဉ် အတွင်း ဓနရှင် ကုမ္ပဏီက သပိတ်တပ်ကြီးကို အမျိုးမျိုးဖြိုခွဲသည်။ သပိတ်မှောက် တပ်သားအချို့ကို ဖြားယောင်းကာ ချောက်ရေနံမြေသို့ ပြန်ခေါ်သည်။ ရာထူးတိုးပေးသည်။ ရေနံမြေလုပ်သားများ တောင်းဆိုထားသည့် အချက်အလက်များကို လိုက်လျောမည်ဟု လေသံပစ်သည်။ ချောက်သို့ပြန်သည့် အလုပ်သမားများကို ငွေသုံးကျပ်ပေးသည်။ ရထားဖြင့် ကုမ္ပဏီက တာဝန်ယူပို့သည်။ သခင်ဖိုးလှကြီးတို့ အမာခံ တပ်သားကြီးများကား တင်းခံထားသည်။ အလျှော့မပေး။

သခင် ဖိုးလှကြီးသည် ရန်ကုန်တွင် သပိတ် စခန်းချနေစဉ် အတွင်း ဓနိတော ဘီအိုစီနှင့် အိုင်ဘီပီမှ စက်ရုံများ အလုပ်သမားများအရေးကို ဆောင်ရွက်သည်။ သပိတ်မှောက်၍အခွင့် အရေးကို တောင်းစေသည်။ ဤတွင် ဓနရှင်ကုမ္ပဏီက နယ်ချဲ့အစိုးရနှင့် ပူးပေါင်းကာ သပိတ်တပ် ခေါင်းဆောင်များကို ဖမ်းသည်။ အချို့ကို ထောင်တလစီ အပြစ်ပေးသည်။

ကုမ္ပဏီသည် သပိတ်တပ်မှ ခေါင်းဆောင်အချို့ နှင့်ဆွေးနွေးမည်ဟု ကမ်းလှမ်းလာသည်။ သပိတ်တပ်ကိုဆွေးနွေးမည့်ခေါင်းဆောင် စာရင်းကိုပေးသည်။ ထိုခေါင်းဆောင်များတွင် သခင်ဖိုးလှကြီး ပါ၀င်ရာ ကုမ္ပဏီက ဖိုးလှကြီးအမည်ကို ပယ်လိုက်သည်။ အကြောင်းပြချက်မှာ 'အာဌာ၀က သခင်ဖိုးလှကြီးမှာ ဦးနှောက်မကောင်း၊ ရူးနေပြီ'ဟူသော ရင်နာဘွယ်ရာ လုပ်ကြံမှုပင် ဖြစ်လေသည်။

ထိုသတင်းကို ဖိုးလှကြီးကြားလျှင် ဆတ်ဆတ်ခါ နာသည်။ နောက်ဆုံးနယ်ချဲ့တို့၏ လုပ်ကြံဖန်တီးမှုကြောင့် ဖိုးလှကြီး အရူးထောင်ရောက်ရလေသည်။ အတင်းအကြပ် ဖမ်းဆီး၍ အရူးထောင်သို့ ပို့အပ်လေသည်။

အာဌာ၀က သခင်ဖိုးလှကြီးအား အရူးထောင်သို့ ပို့ပြီးနောက် ဓနရှင်ကုမ္ပဏီသည် သပိတ်တပ်၏ အင်အားကိုပရိယာယ်အမျိုးမျိုးဖြင့်ဖြိုခွဲသည်။ ဖိုးလှကြီးအရူးထောင်မှ ပြန်လာသော အခါတွင်ကား သပိတ်မှောက်အလုပ်သမား နှစ်ရာမျှသာ ရှိလေတော့သည်။

သခင်ဖိုးလှကြီး အရူးထောင်မှ ထွက်လာပြီးနောက် ကိုရင်ကြီး၀တ်သည်။ အခွင့်အရေးယူသူသားသော နိုင်ငံရေးသမားများ၊ လုပ်ဖော်ကိုင်ဘက်ခေါင်းဆောင်များကို စိတ်နာကြီး၍ 'ဒင်းတို့အကဘော့ကို ငါခံမယ်'ဟူသော သဘောဖြင့် ကိုရင်ကြီး အ၀တ်ဖြင့် 'သပိတ်စစ်ပွဲ'အမည်ရှိ စာအုပ်ကိုရေး၍ ရုံပုံငွေ ၅ အောင်ရှာသည်။

သခင်ဖိုးလှကြီးကား အလျှော့ပေးသူမဟုတ်။ လူထွက်လာသောအခါ နောက်ဆုံးလက်ကျန်သံမဏိသပိတ်တပ်သား နှစ်ရာမျှ ဖြင့် ရှေ့တလှမ်းတိုးသည်။ ပထမ သပိတ်စခန်း ရှေ့တိုက်မှ ငါးဆယ်

www.burmeseclassic.com

ကြီးဘုရား၊ ၎င်းမှ ၆ ထပ်ကြီး၊ ၎င်းမှ ကိုးထပ်ကြီးဘုရားသို့ အဆင့်ဆင့်ချီတက်ပြီး ၉ ထပ်ကြီးတွင် တပ်စခန်းချသည်။ တောင်းဆိုချက်မရလျှင် မပြန်၊ အသေခံမည်ဟု အဓိဋ္ဌာန်ပြုသည်။ ပထမအသေခံသံမဏိ သပိတ်တပ်သားများသည် မိမိတို့ကိုယ်ကို မိမိတို့သေပြီဟူသောအမှတ်ဖြင့် သရဏဂုံတင်လိုက်ကြသည်။ အသုဘရှုကြရန် ဘိတ်စာတသောင်းရိုက်၍ ဝေငှသည်။ထိုနောက်တွင်မှ အစာငတ်ခံ အသေခံဆန္ဒပြလေတော့သည်။

၉ ထပ်ကြီးဘုရားသို့ လာရောက်ကြည့်ရှုကြသော ပရိသတ်များမှာ တိုးရှေ့မပေါက်အောင်ပင် ဖြစ်သည်။ စေတနာထက်သန်စွာ ဆေးလိပ် ကွမ်း စသည်တို့ကို လှူဒါန်းကြသူလည်း အများအပြားပင်ဖြစ်သည်။

ထိုစဉ်က ဦးပု၏ ညွှန်ပေါင်းအစိုးရတက်လာပြီးဖြစ်၍ ရေနံမြေသပိတ်အရေးကို ကြေအေးရန် အစွမ်းကုန် ကြိုးစားသည်။ အစိုးရက အလုပ်သမားများအား အလုပ်ပြန်ရစေရန်တာဝန်ယူကြောင်းစာတော်ငွေ ၁၀၊ ထမင်းဘိုး ၃ ကျပ်ပေးမည် ဖြစ်ကြောင်း ဖျောင်းဖျလာသည်။

အစာငတ်ခံ ဆန္ဒပြနေစဉ်အတွင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရောက်လာသည်။ ''ငါ့တပည့်များ ဘာမဟုတ်တဲ့ပရွက်ဆိတ်နဲ့ နှပမ်းလုံးပြီး အသေမခံနဲ့အုံး။ ရှေ့မှာ ကျွားနဲ့လုံးဘို့ ရှိသေးတယ်' ဆုံးမပြန်လေသည်။ မှန်သည်။ ပရွက်ဆိတ်နှင့် တူသော ဓနုရှင်ကုမ္ပဏီနှင့် နှပမ်းလုံးရင်းအသေမခံနိုင်။ ကျွားနှင့် တူသော နယ်ချဲ့အစိုးရကို တော်လှန်ရဦးမည် ဖြစ်သည်။

ဤတွင်မှ သခင်ဖိုးလှကြီး အစာပြန်စားရန် ဆုံးဖြတ်သည်။ ဦးပုအစိုးရနှင့် နားလည်မှုယူကာ ရေနံမြေသို့ပြန်သည်။ သပိတ်

မှောက်တပ်သားကြီးများကို သဘော်ဖြင့် ပြန်ပို့သည်။ လမ်းတလျှောက်လုံး တရားဟောသွားသည်။ ရောက်ရာအရပ် ဆိုက်ရာနေရာမှ လှိုက်လှိုက်လှဲလှဲကြွေ့ဆိုကြသည်။ ရေနံမြေသို့ ရောက်သောအခါ မြို့လူထုနှင့် အလုပ်သမားများက ဝမ်းပန်းတသာ ကြိုဆိုကြလေသည်။

သခင်ဖိုးလှကြီးနှင့် သံမဏိသပိတ်ရဲဘော်များ ရေနံမြေသို့ ပြန်လည်ရောက်ရှိသောအခါ လွယ်လွယ်နှင့် အလုပ်ပြန်မရပေ။ အလုပ်ပြန်ရသည့်တိုင်အောင်လည်း ဖိနှိပ်မှုအမျိုးမျိုးကိုခံရသည်။ ဆရာကတပည့်ဖြစ်၊ တပည့်က ဆရာနေရာရောက်ဖြင့် အရင်းရှင်ကုမ္ပဏီ၏ ချယ်လှယ်မှုကြောင့် အမှောက်မှောက် အလှန်လှန်ဖြစ်နေသည်။အလုပ်သမားတန်းလျားကိုကား ယခင်တထပ်မှ ယခုနှစ်ထပ်ဆောက်၍ အတန့်ငယ်ကျယ်ကျယ်ဝန်းဝန်း ဆောက်လုပ်ထားသည်ကိုတွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ သခင်ဖိုးလှကြီး ခေါင်းဆောင်သော ရေနံမြေသပိတ်၏ အောင်မြင်မှုကား ထိုခေတ်က သပိတ်တပ်သားကြီးများအတွက် ဌေစ ကြေးစ ရှင်ရှင်ပျပျဖြင့် အကျိုး များစွာ ဖြစ်ထွန်းခဲ့သည်ဟု မဆိုသာသော်လည်း မြန်မာနိုင်ငံပြန့်လည်လွတ်လပ်ရန်အတွက်ကား ခိုင်ခံ့ဖြောင့်ဖြူးသော လမ်းမကြီးကို ခင်းပြထားသကဲ့သို့ ရှိပြီးဖြစ်ပေသည်။ဤရေနံမြေ သပိတ်အရေးတော်ပုံသည်ပင်လျှင် လွတ်လပ်ရေး၏ အရှေ့ဦးပင် ဖြစ်တော့သည်။

သခင်ဖိုးလှကြီးသည် အလုပ်ပြန်မဝင်တော့ပေ။အလုပ်သမားအစည်းအရုံးတွင် အချိန်ပြည့်ထိုင်ကာ အလုပ်သမားအကျိုးအတွက် ဆောင်ရွက်နေလေတည်း။

www.burmeseclassic.com

ဤအချိန်အတွင်း မြန်မာနိုင်ငံရေး အခြေအနေမှာ လျင်မြန်စွာ ပြောင်းလဲနေပြီးဖြစ်သည်။ သခင်အောင်ဆန်း ဦးဆောင်သော သခင်လူငယ်တစု ဂျပန်ပြည်သို့ တိတ်တဆိတ် ထွက်ခွာ၍ စစ်ပညာ သင်ယူနေကြပြီ ဖြစ်သည်။ မြန်မာလွတ်လပ်ရေး အတွက် ကြိုးချစ်မြန်မာများ အကွက်ကျကျ လှုပ်ရှားနေကြပြီးဖြစ်သည်။

၁၉၄၀ပြည့်နှစ်တွင် ရေနံမြေမှတစခန်းထ လှုပ်ရှားရန် အာဌာဝက ဖိုးလှကြီးနှင့် သခင်တစုတို့ ကြိုးစားကြသည်။ ရေနံမြေ လုပ်သားထုစည်းဝေးပွဲ(ထိုစဉ်က လွှတ်တော်ဟုခေါ်သည်) ကြီးတရပ်ကို ကျင်းပ၍ လိုလားချက်များတောင်းရန် ကြံစည်သည်။ ရေနံမြေလုပ်သားထုအားလုံးကို လှုံ့ဆော်စည်းရုံး၍ စည်းဝေးရက် သတ်မှတ်ပြီး ဖိတ်စာဝေသည်။

စည်းဝေးရန် ၂-ရက်မျှအလိုတွင် အလုပ်သမားအဖွဲ့ တည်ရှိရာသို့ တိုက်ပိုင်ကိုယ်တိုင် ရဲမျှားကို ဦးဆောင်လျက် ရောက်ရှိလာသည်။ လူဖမ်းဝရမ်းပြ၍ အာဌာဝက ဖိုးလှကြီးတို့လူစုကိုခေါ်ဆောင်သွားသည်။ ဝရမ်းတွင် ပါရှိသည့်အတိုင်း သခင်ဖိုးလှကြီး၊ သခင်တင့်၊ သခင်ဖိုးသာနှင့် သခင်မာတို့ကို ဖမ်းဆီးသွားသည်။ အာဌာဝက ဖိုးလှကြီးကဉ်းတို့ကိုဖမ်းသော်လည်း အရေးမကြီး၊ လုပ်သားထုစည်းဝေးပွဲကြီးကို ဖြစ်အောင်လုပ်ပါဟုမှာသည်။ သို့သော် ညီလာခံကို တမင်ဖျက်ခြင်း ဖြစ်သည်။ ထို့ကြောင့် စာရွက်စာတမ်းများကို သိမ်းယူ၊ အခြားအလုပ်သမားခေါင်းဆောင်များကိုပါ ဖမ်းဆီသွားလေတော့သည်။

လုပ်သားထု စည်းဝေးပွဲကြီးကို ကျင်းပမည့်နေ့တွင် အလုပ်သမားထုအစုံအညီ တက်ရောက်ကြသော်လည်း ခေါင်းဆောင်

များ တဦးတယောက်မျှမရှိတော့ပေ။ ဤတွင် လုပ်သားထုကြီးသည် အဖြစ်မှန်ကို သိရှိပြီးဖြစ်သဖြင့် အလျှံဝင်းဝင်းတောက်နေသော မီးတုတ်ကြီးများကို ကိုင်ဆောင်ကာ မြို့ကိုလှည့်၍ ဆန္ဒပြသည်။ "မီးတုတ် မီးတုတ် ရှိ့ရှိ့ — ဒို့ခေါင်းဆောင်တွေ လွှတ် လွှတ်—သခင်မျိုးဟေ့ ဒို့ဗမာ — အရေးတော်ပုံ အောင်ပါစေ"စသော ကြေးကြော်သံများ ဘဝဂ်သို့ပင် လျှံ့ခ့ပြန်လေသည်။

နယ်ခ့ျအစိုးရသည် အာဌာဝက သခင်ဖိုးလှကြီးနှင့် ခေါင်းဆောင်အချို့အား မြစ်ကြီးနားခရိုင်သို့ နယ်နှင်ဒဏ်ဖြင့် ပို့လိုက်သည်။ မြစ်ကြီးနားသို့ပို့ရာတွင် မန္တလေးဘူတာ၌ အာဌာဝက ဖိုးလှကြီးတို့က နယ်ခ့ျအစိုးရကို ဆန္ဒပြသည်။

မန္တလေး ဘူတာ အရောက်တွင် ဖိုးလှကြီးအား မှတ်မိသူ ခရီးသွားအချို့က "အလုပ်သမားခေါင်းဆောင်တော့ ဘယ်ကိုလဲ၊ ဒါ ဖမ်းလာတာဘဲ"ဟု အထိတ်တလန့် ပြောသည်။ ဤတွင် အာဌာဝက ဖိုးလှကြီးစာ "သခင်မျိုးဟေ့" ဟူ၍ လက်သီးလက်မောင်းတန်းကာ အော်ဟစ်သည်။ လူထုကြီးက "ဒို့ဗမာ"ဟု လိုက်အော်သည်။ ဤသို့ဖြင့် မန္တလေးဘူဘာရုံကြီးတွင် "သခင်မျိုးဟေ့-ဒို့ဗမာ၊ အရေးတော်ပုံ-အောင်ပါစေ" ဟူသော ကြေးကြော်သံများ ဆူညံနေပြန်သည်။

ပုလိပ်များသည် အာဌာဝကတို့ လူစုအား ရိုးရိုးရထားတွဲပေါ်သို့ တက်ရန် ပြောသည်။ အာဌာဝကတို့က မတက်ဟု ငြင်းသည်။ အတင်းတက်ခိုင်းရာ မတက်ဘဲ ပလက်ဖောင်းတွင် လှဲအိပ်လိုက်ကြသည်။ လှဲအိပ်နေကြသော အလုပ်သမားခေါင်းဆောင်များကို နောက်ဆုံး ပုလိပ်များက ကြိုးဖြင့် တုပ်နှောင်၍

www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ် ချီမတင်ယူသွားကြသည်။ ကျွန်ရစ်သော လူထုက လည်း ကြေးကြော်လျက်ပင် ရှိသည်။

သခင်ဖိုးလှကြီးနှင့် နယ်နှင်ဒဏ်ခံ ခေါင်းဆောင်များသည် မြစ်ကြီးနားတွင် မိမိတို့၏ ဇနီးများနှင့်အတူ နေရခြင်းဖြစ်သည်။ အဆက်အသွယ်အားလုံး ဖြတ်တောက်ပြီး နယ်နှင်ဒဏ်ပေးထား စဉ်မှာပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည်။ မြန်မာပြည်သို့ စစ်ကြီးနီးကပ်လာသောအခါ၌ အာဇာဝကတို့လူစုအား နယ်ခွဲ့ အက်လိပ်အစိုးရ ပုလိပ်များက ပြန်လည် ဖမ်းဆီးကာ ဗန်းမော် ထောင်သို့ပို့သည်။ ၎င်းတို့၏ဇနီးနှင့် အိမ်သူအိမ်သားများကိုကား နေရင်းရပ်ရွာသို့ ပြန်ပို့သည်။

ရဲဘော် သုံးကျိပ် ဦးဆောင်သော မြန်မာ့တပ်မတော် ဘီ-အိုင်-အေ နှင့် ဂျပန်များ မြန်မာပြည်သို့ ဝင်ရောက်လာသော အခါ မြန်မာ့တပ်မတော်က သခင်ဖိုးလှကြီးတို့အား ဗန်းမော် ထောင်မှ ထုတ်ယူသည်။ ရေနံမြေသပိတ် ခေါင်းဆောင်များနှင့် အခြား နိုင်ငံရေး ခေါင်းဆောင်များသို့ နေရင်း ဒေသသို့ အသီးသီး ပြန်ပို့သည်။ သခင်ဖိုးလှကြီးကိုမူကား ဗန်းမော်မြို့၏ အုပ်ချုပ်ရေးတာဝန်ကို ဘီ-အိုင်-အေက ပေးအပ်လေသည်။ သခင်ဖိုးလှကြီးအနေနှင့်မူ ချောက်ရေနံမြေကိုသာ ပြန်ချင်သည်။ ထိုအချိန်တွင် ချောက် ရေနံမြေ အလုပ်ရုံများ ပိတ်ထားရပြီးဖြစ်သည်။ နယ်ခွဲ့အင်္ဂလိပ်အစိုးရက ရုစရာမရှိအောင် ဖျက်ဆီးသွားပြီလည်း ဖြစ်သည်။

သခင်ဖိုးလှကြီးသည် ဗမာ့တပ်မတော်ပုလိပ်များ၏မေတ္တာရပ်ခံချက်အရ ဗန်းမော်မြို့တွင် အုပ်ချုပ်ရေးမှူးအဖြစ်ဖြင့် အုပ်ချုပ်နေသည်။

ဂျပန်တို့ ရေနံမြေတွင် လုပ်ငန်းပြန်စနေကြောင်း ဖိုးလှကြီး ကြားသောအခါ ဗန်းမော်မြို့ အုပ်ချုပ်ရေးတာဝန်ကို ပြန်အပ်သည်။ စစ်ရုံးမှ ဂျပန်ဘာသာဖြင့် ရေးထားသော ဗန်းမော်မြို့ အုပ်ချုပ်ရေးမှူးဖြစ်ကြောင်း လက်မှတ်နှင့် ခြောက်လုံးပြူးတလက် ယူပြီး ရေနံမြေသို့ ပြန်လည်ရောက်ရှိလာသည်။ သူ ရေနံမြေသို့ ရောက်ရှိခဏအခါ၌ ရေနံမြေ လုပ်သားများ ညဘက်တွင် အလုပ်ဆင်းနေရပြီး ဗုံးဒဏ် စက်သေနတ်ဒဏ် ခံနေရသည်ကို တွေ့ရသည်။

သခင်ဖိုးလှကြီးက ရေနံမြေတွင် အလုပ်သမားအစည်းအရုံးကို ပြန်လည်တည်ထောင်ကာ လုပ်သားထု စည်းရုံးရေး၊ ရသင့်သော အခွင့်အရေးကို ရရှိရန် တိုက်ပွဲဝင် တောင်းဆိုရေးတို့ကို ဆောင်ရွက်လိုသည်။ ဂျပန်ဗိုလ်မှူးများက သဘောမတူ။ အာဇာဝတကိုလည်း ပြောရှိမရ။ ရန်ကုန်မှာ သခင်မြတို့ကိုယ်တိုင်က အာဇာဝတကို အတင်းအကြပ်မပြောရန်၊ မခိုင်းရန် ဂျပန်တို့ကို သတိပေးပြီးဖြစ်သည်။ ဂျပန်က ချောက်မြို့ အုပ်ချုပ်ရေး ဌာထူးကို ပေးသည်။ အာဇာဝ ကဖိုးလှကြီးက လက်မခံပေ။

နောက်ဆုံး ဂျပန်နှင့် သဘောတူညီချက်အရ အလုပ်သမားများ၏ ဘဝအခြေအနေအရပ်ရပ်ကိုလေ့လာပြီး ရန်ကုန်သို့တက်လာသည်။ ပြုပြင်ပေးရန်အတွက် သခင်မြ စသော ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးသည်။ သူ၏ ဆန္ဒအတိုင်း အပြေအလည် ရရှိသဖြင့် ရေနံမြေသို့ ပြန်လေသည်။

ဂျပန်ခေတ်အတွင်းမှာပင် သခင်ဖိုးလှကြီးသည် အစာအိမ် ရောဂါကြောင့် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက် ကုသရလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤရောဂါမှာ ချောက်ရေနံမြေ မြစ်ကြီးနားမှာကတည်းက စွဲကပ်ခဲ့သော ရောဂါဖြစ်သည်။ ထိုစဉ်က အလုပ်တွင် ဇောကပ်နေသဖြင့် အမှုမထားခဲ့ပေ။ ယခုမူ မနေနိုင်အောင်ပင် နာကျင်နေပြီဖြစ်၍ ဆေးရုံတက်ခြင်း ဖြစ်သည်။ သခင်မြအိမ်တွင် ခေတ္တတည်းပြီး သခင်မြ၊ သခင်ကျော်စိန်တို့၏ စီစဉ်ပေးချက်အရ ဆေးရုံကြီးသို့ တက်ရောက်ကုသခြင်းဖြစ်သည်။

အာဌာဝက၏ ရောဂါမှာ ခွဲစိတ်ကုသမှ ရမည့် ရောဂါဖြစ်သည်။ ဂျပန်ခေတ် ရန်ကုန်ဆေးရုံကြီးတွင် ဆေးဝါး လက်နက်ပစ္စည်းပြည့်စုံခြင်း မရှိပေ။ ဆရာဝန်များက ပစ္စည်းမစုံလင်၍ မခွဲစိတ်လိုပေ။ အာဌာဝက ဖိုးလှကြီးစာ အတင်းခွဲစိတ်ခိုင်းသည်။

နောက်ဆုံး၌ ခွဲစိတ်ကုသရင်းပင် ကံကုန်ရှာသည်။

အာဌာဝက သခင်ဖိုးလှကြီးစာား ဗမာ တမျိုးသားလုံး၏ ရန်သူဖြစ်သော နယ်ချဲ့အင်္ဂလိပ်အစိုးရကို အာဇာနည် ပီသစွာ တော်လှန်ခဲ့သူ ဖြစ်သည်။ သူတကာတို့ မလွန်ဆန်သာသော သေခြင်းတရားကိုကား မလွန်ဆန်နိုင်။ မတွန်းလှန်နိုင်ခဲ့ပေ။ အစာအိမ် ရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ရသည်။

သူ သေပြီဖြစ်သော်လည်း သူ၏ တော်လှန်ရေး အားမနိမ့်မှုများကား လွတ်လပ်ရေးရပြီး ယနေ့တိုင် အောင်လံလွင့်လျက်ရှိပေသည်။

ကမ္ဘာက လေးစားသော မြန်မာအမျိုးသား

ဦးသန့်

ဦးသန့်သည် ကမ္ဘာကလေးစားရသော မြန်မာအမျိုးသားဖြစ်သည်။ ကုလသမဂ္ဂ၏အတွင်းရေးမှူးအဖြစ်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်သည့်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ပိသုကာဟု ခေါ်ဆိုကြလေသည်။

ဦးသန့်ကို ဦးဘိုးနွစ် ခေါ်နှုန်းသောင်တို့မှ မအူပင်ခရိုင် ပန်းတနော်မြို့တွင် ဖွားမြင်သည်။ မွေးသက္ကရာဇ်မှာ (၁၂၇၀)ပြည့်နှစ် တပို့တွဲလဆန်း(၂)ရက် သောကြာနေ့(၁၉၀၉)ခုဇနဝါရီ ၂၂ ဖြစ်သည်။ (၁၉၁၀)ခုနှစ်တွင် စစ်ကိုင်းမြို့ငယ်မှ နယ်ချဲ့အစိုးရကို တော်လှန်ပုန်ကန်သော မင်းလောင်း မောင်သန့်ကို အကြောင်းပြု၍ မိဘနှစ်ပါးက မောင်သန့်ဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ အမိအဘမှာ မြေပိုင် စက်ပိုင်များ ဖြစ်ကြသည်။ မောင်သန့် (၁၄)နှစ်သားတွင် ဘခင်ကွယ်လွန်လေသည်။

ဦးသန့်သည် ငယ်စဉ်က ဗုဒ္ဓဘာသာကလျှာဏယုဝအသင်းမှ ဖွင့်ထားသော အင်္ဂလိပ်မြန်မာ အလယ်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်သည်။ (၁၉၂၂) ခုနှစ်တွင် ဖြစ်၏။ ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့ရာ (၁၉၂၆)ခုနှစ်တွင် အထက်တန်း (၁၀-တန်း) စာမေးပွဲအောင်မြင်သဖြင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်သင်ကြားသည်။ (၁၉၂၈)ခုနှစ်တွင် ဥပစာတန်းမှထွက်ပြီး ပန်းတ

www.burmeseclassic.com

www.burmeseclassic.com

နော် အမျိုးသား အထက်တန်းကျောင်းတွင် အထက်တန်းဆရာ အဖြစ်ဖြင့် အမှုထမ်းလေသည်။ (၁၉၃၁)ခုနှစ်၌ထိုကျောင်းမှာ ပင် ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်လေသည်။

၁၉၃၅ ခုနှစ်တွင် ပန်းတနော်မြို့သူ ဒေါ်သိန်းတင်နှင့် အိမ်ထောင်ပြုသည်။ ထိုစဉ်က ဦးသန့်၏အသက်မှာ (၂၆) နှစ် ရှိပြီ ဖြစ်သည်။

ဦးသန့်သည် စစ်တွင်းကာလနှင့် စစ်ပြီးကာလများတွင် မြန်မာနိုင်ငံတွင် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ပူးတွဲကာ နိုင်ငံအကျိုးကို သည်ပိုးဆောင်ရွက်ခဲ့လေသည်။ ဂျပန်ခေတ်(၁၉၄၂)ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ပညာရေးစီမံကိန်းစာတမ်းကို ရေးဆွဲခဲ့လေသည်။(၁၉၄၇) ခုနှစ်သို့ ရောက်သောအခါ ဖ.ဆ.ပ.လ အဖွဲ့ချုပ်တွင် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ပြီးအစိုးရအဖွဲ့တွင် ပြန်ကြားရေးဌာညွှန်ကြားရေးဝန်အဖြစ်ဖြင့် ဆောင်ရွက်သည်။ (၁၉၄၉)ခုနှစ်တွင် ပြန်ကြားရေးဌာန အတွင်းဝန်အဖြစ် ဆောင်ရွက်ပြီးနောက် (၁၉၅၂)ခုနှစ်တွင် ကုလသမဂ္ဂ အထေးထူညီလာခံကြီးသို့ မြန်မာကိုယ်စားလှယ် အဖြစ်ဖြင့် တက်ရောက်ခဲ့လေသည်။ (၁၉၅၄)ခုနှစ်တွင် ထိုစဉ်က မြန်မာနိုင်ငံအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်သော ဦးနု၏ အတွင်းဝန်အဖြစ် ဆောင်ရွက်သည်။ထိုမှ သုံးနှစ်အကြာ (၁၉၅၇) ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသို့ မြန်မာနိုင်ငံ၏အမြဲတမ်း သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။

ဦးသန့်သည် တမ္ဘာ့နိုင်ငံများ၏ အရေးအခင်းများကို ဘရော်မလိုက်ဘဲ အစဉ်အမြဲ ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်လေ

သည်။ ထိုကြောင့် နိုင်ငံတကာခေါင်းဆောင်များ၏ ကြည်ညိုလေးစားခြင်းကို ခံရလေသည်။ (၁၉၅၅)ခုနှစ်တွင် ကုလသမဂ္ဂ အထေးထူညီလာခံကြီး၏ဒုတိယသဘာပတိအဖြစ်ရင်း(၁၉၆၁) ခုနှစ်တွင် ကွန်ဂိုပြဿနာဖြေရှင်းရန်အတွက်ကော်မရှင်၏ သဘာပတိအဖြစ်ဖြင့်ရင်း ထမ်းဆောင်ခဲ့လေသည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း (၁၉၆၁)ခုနှစ် စက်တင်ဘာလ (၈)ရက်နေ့တွင် နော်ဝေပြည်သား ကုလသမဂ္ဂ အထေးထူ အတွင်းရေးမှူးချုပ် ဒက်ဟမ္မာရှိုးလ်သည် ကွန်ဂိုပြဿနာဖြေရှင်းရန်အတွက် ကွန်ဂိုနိုင်ငံသို့ အသွားတွင် လေယာဉ်ပျက်ကျ၍ သေဆုံးလေသည်။ ထိုကြောင့် လစ်လပ်သောအထေးထူ အတွင်းရေးမှူးချုပ်နေရာတွင် ဦးသန့်အား ယာယီအထေးထူ အတွင်းရေးမှူးချုပ်အဖြစ်ဖြင့် (၁၉၆၁)ခုနှစ် နိုဝင်ဘာလ (၃)ရက်နေ့တွင် ခန့်အပ်လေသည်။ (၁၉၆၂)ခုနှစ် နိုဝင်ဘာလသို့ရောက်သောအခါ အမြဲတမ်း အထေးထူအတွင်းရေးမှူးချုပ်အဖြစ်ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးက ကန့်ကွက်သူမရှိ ရွေးချယ်တာဝန်ပေးလေသည်။

အထေးထူအတွင်းရေးမှူးချုပ် တာဝန်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။ အထေးထူအတွင်းရေးမှူးချုပ် သက်တမ်းကုန်ဆုံးခါနီး(၁၉၆၆)ခု စက်တင်ဘာလ ၁ ရက်နေ့တွင် မိမိအနေဖြင့် ကုလသမဂ္ဂအထေးထူအတွင်းရေးမှူးချုပ် တာဝန်ကို နောက်တကြိမ် လက်ခံဆောင်ရွက်လိမ့်မည်မဟုတ်ကြောင်းကမ္ဘာသို့ ကျေညာလေသည်။ ဦးသန့်၏ ကျေညာချက်ကြောင့် ကမ္ဘာရှိ နိုင်ငံအားလုံး ဂယက်ရိုက်သွားလေသည်။ လက်ဝဲသက်ဘဏ္ဍာနိုင်ငံကြီးငယ်များ အပြင်းအထန် လှုပ်ရှားခဲ့လေသည်။ အထေးထူ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူးချုပ်တာဝန်ကို ဦးသန့်မှ မဆောင်ရွက်လျှင် ပြဿ
နာများ ရှုပ်ထွေးလာကာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ထိခိုက်
မည်ကို စိုးရိမ်ကြလေသည်။

ထိုကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်
အသီးသီးက ဦးသန့်အား ကုလသမဂ္ဂအဖွဲ့၏ အထွေထွေအတွင်း
ရေးမှူးချုပ်တာဝန်ကိုပြန်လည်ထမ်းဆောင်ရန် ဝိုင်းဝန်းတောင်း
ပန်ကြလေသည်။ အမြော်အမြင်ကြီးစွာဖြင့် ကမ္ဘာ့နိုင်ငံအားလုံး
၏အကျိုးလူသားတို့၏အကျိုးကို ဦးသန့်ကဲ့သို့ ဆောင်ရွက်မည့်
သူ အစားထိုးရန်အတွက် ခက်ခဲလေသည်။

ထို့ကြောင့် လက္ခါလက်ဝဲအုပ်စုများဖြစ်ကြသော ဆိုဗီယက်
ယူနီယံနှင့် အမေရိကန်နိုင်ငံတို့ကပါ ဦးသန့်အား အထွေထွေ
အတွင်းရေးမှူးချုပ် တာဝန်ကို ပြန်လည်လက်ခံရန် အတွက်
အကြိမ်ကြိမ်မေတ္တာရပ်ခံ တောင်းပန်ကြလေသည်။

ထို့ကြောင့် (၁၉၆၆)ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော
ကုလသမဂ္ဂအဖွဲ့၏ အထွေထွေညီလာခံကြီးတွင် ဦးသန့်သည်
အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကိုတတိယအကြိမ်မြောက်
လက်ခံလိုက်လေသည်။ ကမ္ဘာ့နိုင်ငံအားလုံးက တန့်ကွက်သူမရှိ
တခဲနက် တင်မြှောက် ထောက်ခံခဲ့လေသည်။

ဦးသန့်သည်အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ဖြင့် ဆော
ရွက်နေချိန်အတွင်း နိုင်ငံတကာ အရေးအခင်းများကို တရာ
မျှတစွာ တည့်တည့်မတ်မတ် ဆုံးဖြတ် ဆောင်ရွက်လေသည်
ထို့ကြောင့် နိုင်ငံအားလုံး၏ လေးစားကြည်ညိုခြင်းကိုခံရ
သည်။ အထူးသဖြင့် ၁၉၆၂-ခုနှစ် အောက်တိုဘာလအတွင်း

ဖြစ်ပွားခဲ့သော 'ကျူးဘား အကျပ်အတည်း' တွင် မျှတစွာ
ဖြေရှင်းပေးနိုင်ခဲ့သည့်အတွက် တတိယစာမျှော်စစ်ကို တားဆီးသူ
အဖြစ်ဖြင့် အထူးထင်ရှားကျော်ကြားခဲ့လေသည်။ ထိုစဉ်က
အမေရိကန်နှင့် ဆိုဗီယက်ယူနီယံ ကျူးဘားနိုင်ငံတို့၏ကြားသို့
ဝင်၍ စွန်းလွန်းတမာ ဖြေရှင်းပေးခဲ့ခြင်းဖြစ်သည်။

ဦးသန့်သည် နိုင်ငံတကာ၏ ငြိမ်းချမ်းရေးပိသုကာ တဦးသာ
မဟုတ်။ စာရေးဆရာတဦးလည်း ဖြစ်သည်။ မော်စကိုတက္ကသိုလ်၊
ကနေဒါတက္ကသိုလ်၊ အမေရိကန်ပြည် စသည်တို့မှ ပေးအပ်သော
ဘွဲ့ထူးဂုဏ်ထူးများကို ရရှိသူ ဖြစ်သည်။ အိန္ဒိယအစိုးရက ပေး
သော နေရူးဆုကို ပထမဦးစွာ ရရှိသူလည်း ဖြစ်သည်။ မြန်မာ
နိုင်ငံအစိုးရက ပြည်သူများကိုယ်စား အပ်နှင်းသော ဝဏ္ဏကျော်
ထင်၊ စည်သူ၊ သီရိပျံ့ခြို၊ မဟာသရေစည်သူ ဘွဲ့များကိုလည်း
ရရှိသူဖြစ်သည်။ ဤသို့အားဖြင့် ဦးသန့်သည် ကမ္ဘာက လေးစားရ
သော မြန်မာအမျိုးသား ငြိမ်းချမ်းရေးပိသုကာကြီး အဖြစ်ဖြင့်
ယနေ့တိုင်ထင်ရှားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပြောင်းတော်လှန်ရေး ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း

မြန်မာနိုင်ငံတွင် ပြည်သူ့တရပ်လုံး ပါဝင်သော တော်လှန်ရေးကြီးနှစ်ရပ် ဆင်နွှဲခဲ့ပြီး ဖြစ်သည်။ယင်းတို့မှာ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးနှင့် ဖက်ဆစ်ချေပန်တော်လှန်ရေးပင် ဖြစ်သည်။

မြန်မာနိုင်ငံကိုလွတ်လပ်ရေးရပြီးနောက် ပါလီမန် ဒီမိုကရေစီစနစ်ဖြင့် ပြန်လည်ထူထောင်သည်။ ပါလီမန်ဒီမိုကရေစီစနစ်၏ ပျော့ကွက်များကြောင့်ရင်း၊ ခေါင်းဆောင်များ၏ ဖောက်ပြန်မှုများကြောင့်ရင်း မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်များမှာ ယိုယွင်းယိုင်လဲလာသည်။ ထို့ကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း၌ခေါင်းဆောင်သော တော်လှန်ရေးကောင်စီက တိုင်းပြည်၏ အခြေအနေ အရပ်ရပ်များကို တာဝန်ယူ ထိန်းသိမ်းခဲ့သည်။ တော်လှန်ရေးကောင်စီတရပ်ဖွဲ့စည်း၍ ခေတ်ပြောင်း တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ယနေ့တိုင် (၁၉၆၇ ခုနှစ်) ခေတ်ပြောင်းတော်လှန်ရေးကြီးကို ဆင်နွှဲလျက်ရှိသည်။ ထို ခေတ်ပြောင်း တော်လှန်ရေးကြီး၏ ပိသုကာ ခေါင်းဆောင်သည်ကား ဗိုလ်ချုပ်ကြီး နေဝင်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီး၏ ငယ်မည် သို့မဟုတ် အမည်ရင်းမှာ ရှုမောင် ဖြစ်သည်။ ဒို့ဗမာအစည်းအရုံးခေတ်က သခင်တဦးအနေဖြင့်

ပါဝင်၍ နိုင်ငံရေးဆောင်ရွက်ခဲ့သဖြင့် သခင်ရှုမောင်ဟု ခေါ်သည်။ အဖ ဦးဖိုးစ-အမိ ဒေါ်မိလေးတို့မှ ပြည်ခရိုင် ပေါင်းတလည်မြို့တွင် ၁၉၁၁ ခုနှစ် မေလ ၁၄ ရက်၊ (၁၂၇၃ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်တနင်္လာနေ့)တွင် ဖွားမြင်သည်။

၁၉၃၂ ခုနှစ် အသက် ၂၁ နှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားသည်။ ငယ်စဉ်က ပြည်မြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဥပစာတန်းမှထွက်ပြီး ကြေးနန်းဌာနတွင် အမှုထမ်းခဲ့သည်။ ထိုသို့ အမှုထမ်းနေရာမှ ဒို့ဗမာအစည်းအရုံးသို့ဝင်ပြီး သခင်အမည်ခံ၍ နိုင်ငံရေးကိုဆောင်ရွက်သည်။ အထူးသဖြင့် ကြေးနန်းဌာနမှ ဗြိတိသျှအစိုးရ၏ နိုင်ငံရေးရာ ထိပ်တန်းလျှို့ဝှက် ကြေးနန်းသတင်းများကို သခင် ခေါင်းဆောင်များထံ ပေးပို့ခြင်းဖြင့် ထိရောက်စွာ ကူညီဆောင်ရွက်ခဲ့သည်။ သခင် ရှုမောင်သည် နယ်ချဲ့ဆန့်ကျင်ရေးတွင် ထိထိရောက်ရောက် ပါဝင်လှုပ်ရှားနေရာမှ ၁၉၄၁ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါ်ဆောင်ချက်အရ ဂျပန်ပြည်သို့ တိတ်တဆိတ် ထွက်ခွာသွားလေသည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားရာ၌ပါဝင်သည်။ယိုးဒယားတွင် ဗမာ့တပ်မတော် ဘီ အိုင် အေ ဖွဲ့သည့်အခါ ရဲဘော်သုံးကျိပ်ဝင်အဖြစ်ဖြင့် ပါဝင်ခဲ့သည်။ ထိုမှအစ သခင်ရှုမောင်မှ 'ဗိုလ်နေဝင်း'ဟူ၍ မှည့်ခေါ်သည်။ ဘီ အိုင် အေ တပ်မတော်ကို ရဲဘော်သုံးကျိပ် ဦးဆောင်၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာ၍ ဗိုလ်နေဝင်းသည် ရွှေပြေးတပ်ဖွဲ့ကို ခေါင်းဆောင်၍ ချီဦးတက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုစဉ်က ဗိုလ်မှူးဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်သေနာပတိအဖြစ်ဖြင့် တာဝန်ယူခဲ့လေသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် မြစ်ဝကျွန်းပေါ် လက်နက်ကိုင်တော်လှန်ရေးတွင် တာဝန်ယူ ဦးဆောင်ခဲ့လေသည်။ စစ်ပြီးခေတ် ပြတိသျှလက်ထက်တွင် မျိုးချစ် ဗမာ့တပ်မတော်၏ ဗိုလ်မှူး(၁၉၄၅၊ဒီဇင်ဘာ ၁၅)အဖြစ်ဖြင့် တာဝန်ထမ်းဆောင်သည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာ ၁၆ တွင် ဒု-ဗိုလ်မှူးကြီးအဖြစ်ရင်း၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဗိုလ်မှူးကြီးအဖြစ်ရင်း၊ ထိုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ဗိုလ်မှူးချုပ်အဖြစ်ရင်း အဆင့်ဆင့် တိုးမြှင့်၍ တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်၊ သြဂုတ်လ ၁ ရက်တွင် ဒု-စစ်ဦးစီးချုပ်အဖြစ်ဖြင့် တိုးမြှင့်တာဝန် ထမ်းဆောင်သည်။ ထိုနောက် (၁၃-၈-၄၈)တွင် ဗိုလ်မှူးချုပ်ကြီး။ ၁၉၄၉ ခုနှစ် မတ်လ ၃ ရက်တွင် ဒု-ဗိုလ်ချုပ်ကြီး။ ၁၉၅၆ ခုနှစ်၊ဇန်နဝါရီ ၁ရက်နေ့မှစ ဗိုလ်ချုပ်ကြီးစသည်ဖြင့် အဆင့်ဆင့် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။ ပါလီမန် ဒီမိုကရေစီခေတ် ဝန်ကြီးချုပ် ဦးနုလက်ထက် ၁၉၄၉ ခုနှစ် ဧပြီ ၄ ရက်တွင် ဒု-ဝန်ကြီးချုပ်အဖြစ်ဖြင့် ခေတ္တဆောင်ရွက်သည်။ (၉-၉-၅၀) တွင် ဒု-ဝန်ကြီးချုပ်အဖြစ်မှ နှုတ်ထွက်သည်။

၁၉၅၈-ခုနှစ်၊ အောက်တိုဘာလ ၂၈-ရက်နေ့တွင် ထိုစဉ်ကာလ ဝန်ကြီးချုပ်ဦးနု၏ အာဏာလွဲပြောင်းပေးချက်အရ ဗိုလ်ချုပ်ကြီး နေဝင်း ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော အိမ်စောင့်အစိုးရတက်သည်။ အိမ်စောင့် အစိုးရ အဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ်ဖြင့် တနှစ်ခွဲမျှ တာဝန် ထမ်းဆောင်ပြီး ရွေးကောက်ပွဲများ ကျင်းပလျက် ၁၉၆၀-ပြည့်နှစ်၊ဧပြီလတွင် ပြည်သူ့ လွှတ်တော်၌ အာဏာကို လွှဲအပ်ပေးသည်။ ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ တဖွဲ့လုံး နှုတ်ထွက်သည်။

၁၉၆၂-ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ယိုယွင်းနေသော အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းခဲ့ပြီးနောက် ယနေ့တိုင် တော်လှန်ရေး ကောင်စီ၏ ဥက္ကဋ္ဌ အဖြစ်ရင်း၊ တော်လှန်ရေး အစိုးရ အဖွဲ့၏ ဥက္ကဋ္ဌနှင့် ကာကွယ်ရေးတာဝန်ခံအဖြစ်ဖြင့်ရင်း၊ မြန်မာ့တပ်မတော်၏ ဗိုလ်ချုပ်ကြီး (စစ်သေနာပတိ)အဖြစ်ရင်း တိုင်းပြည်၏ တာဝန်ကို ထမ်းဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့အင်္ဂလိပ်လက်ထက်မှ
ယနေ့-ထိ
မြန်မာနိုင်ငံတွင်
ခွဲစည်းခဲ့သော
နိုင်ငံရေးအသင်းအဖွဲ့များ
ပါဝင်ခေါင်းဆောင်ကြသူများ

Y.M.B.A. နှင့် G.C.B.A

ဤစာအုပ် လွတ်လပ်ရေးနေ့အကြောင်းမှ နိုင်ငံရေး လှုပ်ရှားတိုးတက်သောနှစ်များတွင် ကြည့်ပါ။

၂၁ ဦးအဖွဲ့

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်-အမ်-ဘီ-အေ) မှ မြန်မာအသင်းချုပ်(ဂျီ-စီ-ဘီ-အေ)သို့ ၁၉၂၀ပြည့်နှစ်တွင်ပြည်မြို့တွင် ကျင်းပသော နှစ်လည်ညီလာခံမှ ဖွဲ့စည်းခဲ့သည်။ ယင်းဂျီ-စီ-ဘီ-အေမှ ခေါင်းဆောင်များသဘောကွဲလွဲရာမှ ခွဲထွက်သူထွက်ကြသဖြင့် ၂၁ ဦးအဖွဲ့ ပေါ်လာခြင်းဖြစ်သည်။ ၂၁ ဦးအဖွဲ့မှာ လူပေါင်း ၂၁ ဦး ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ပင်ဖြစ်သည်။

ဂျီ-စီ-ဘီ-အေ အသင်းသည် ၁၉၂၅-ခုနှစ် အောက်တိုဘာ ၆-ရက်(၁၂၀၇ ခုနှစ် သီတင်းကျွတ်လဆုတ် ၅-ရက်အင်္ဂါနေ့)တွင် မန္တလေးမြို့၌ ကျင်းပသော ၉ ကြိမ်မြောက် နှစ်ပတ်လည်

ညီလာခံမှစ၍ တဦးနှင့်တဦး သဘောကွဲလွဲခဲ့ကြသည်။ ထိုညီလာခံတွင် ဦးဘဘေ(ဘကြီးဘဘေ)အမှူးပြုသောဘက်မှ အဆိုတရပ်တင်သွင်းသည်။ ထိုအဆိုတွင် ဦးချစ်လှိုင်အား နှစ်စဉ်ဥက္ကဋ္ဌအဖြစ်ဖြင့် တင်မြှောက်သည်ကို မလိုလားဘဲ အခြားမည်သူမဆို ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်နိုင်သဖြင့် နှစ်စဉ် ဥက္ကဋ္ဌသစ် ရွေးချယ်ရန် ဝိုင်-အမ်-ဘီ-အေ အသင်းအဖြစ်ရှိစဉ်က ညောင်လေးပင်ဘဏ်တွင် အပ်၍ထားသော ရံပုံငွေ ၆ သောင်းကျော်ကို ထုတ်ယူ၍ အသင်းအဆောက်အဦ တခု ဆောက်လုပ်ရန် ဟူသော အချက်များ ပါရှိသည်။ ထိုအချက်နှစ်ရပ်ကို အများစုက လက်ခံသော်လည်း ဦးချစ်လှိုင်၊ သာယာဝတီ ဦးပု နှင့် ဦးထွန်းအောင်ကျော်တို့က လက်မခံခဲ့ပေ။ ဦးချစ်လှိုင်မှာ မော်လမြိုင်မှဝံသာနုခေါင်းဆောင်ဖြစ်ပြီး ပညာတတ် ဌေပေါသဖြင့် ပြရုပ်အဖြစ်ဖြင့် ဥက္ကဋ္ဌ တင်မြှောက်ခဲ့ရာမှ သူဌေးမင်း၊ သမတကြီးစသော ဘွဲ့ထူးများကို အများလူထု အထင်ကြီး ကြည်ညိုခဲ့သည်။ နောက်ဆုံး ဥက္ကဋ္ဌနေရာမှ ဖြုတ်ချ၍မရသည့်အဲထိုဖြစ်သည်။ အထက်အဆို အတည်ဖြစ်လျှင် ဦးချစ်လှိုင် ဥက္ကဋ္ဌရာထူးမှ လျှောကျရမည်ဖြစ်၍ လက်မခံလိုခြင်းဖြစ်သည်။ ဦးပုနှင့် ဦးထွန်းအောင်ကျော်တို့မှာ အသင်းရံပုံငွေကို ကိုယ်ကျိုးအတွက် အသုံးပြုခဲ့ပြီးဖြစ်၍ အဆိုကို လက်မခံခြင်းဖြစ်သည်။ နောင် နှစ်လည် ညီလာခံတခုတွင် ဦးချစ်လှိုင်အား အမြဲတမ်း ဥက္ကဋ္ဌအဖြစ်ဖြင့် တင်မြှောက်ပြီး အသင်းရံပုံငွေများကို ဥက္ကဋ္ဌကြီး သဘောအတိုင်းအသင်းအတွက် အချုတ်အချယ်မရှိ အသုံးပြုနိုင်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြင့် ကိုယ်ကျိုးအတွက် အသုံးပြုခဲ့သော ဇာတ်လမ်းကို ပြည်ဖုံးကားချပ်ကိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကြိမ်မြောက် ကွန်ဖရင့် စည်းဝေးပွဲကြီးကို သရက်မြို့၌ ကျင်းပသောအခါ ဟုမ်းရူး (Home Rule League)ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆွေးနွေးရာ ရာဇဝတ်ဝန်ကာ အိန္ဒိယ ရာဇသတ် ပုဒ်မ ၁၄၄ အရ တားမြစ်လေသည်။ ဤသို့ တားမြစ်ခြင်းမှာ ဦးဘဘေကြောင့်သာဖြစ်သည်။ ဦးဘဘေနှင့် ရာဇဝတ်ဝန် ရင်းနှီးရှိ၍ ဤသို့ကန့်ကွက်ခြင်းဖြစ်သည်ဟူ၍ ဦးပုစာ စတင်ရှိစွပ်စွဲ သတင်းလွှင့်သည်။ဤတွင် ဦးဘဘေသည် စည်းဝေးပြီးအောင် စောင့်ဆိုင်းမနေဘဲ ရန်ကုန်သို့ ပြန်သည်။ခေါင်းဆောင်များ စိတ်ဝမ်းကွဲမှုအစိုင်အခဲမှာပိုမိုကြီးထွားလာသည်။ ထိုအချိန်တွင် ၁၉၁၉-ခုနှစ် အိန္ဒိယအက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေး စတင် ပေးအပ်ပြီးဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ဂျီ-စီ-ဘီ-အေ (မြန်မာအသင်းချုပ်)စာ လက်မခံပေ။ကိုယ်ပိုင်အုပ်ချုပ်ရေး (ဟုမ်းရူး)ကိုသာ ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဂျီ-စီ-ဘီ-အေ အသင်းက ဒိုင်အာခီ လက်ခံသင့်မသင့် စည်းဝေးပွဲ တရပ်ကို ၁၂၀၅-ခုနှစ် နယုန်လတွင် ရန်ကုန် ဂျူဘလီ၌ ကျင်းပသည်။ဤတွင် ဦးဘဘေ၊ဦးပု၊ဦးသိန်းမောင် စသော ခေါင်းဆောင် ၁၄ ဦးက ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်ခံသင့်ကြောင်း (မင်နီဖက်စတို)စာတမ်းကို ထုတ်ပြန် ကျေညာလေသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးရမှ ကျေနပ်မည်ဟု ကြေးကြော်ခဲ့သော ဝံသာနုများက လက်ခံ၍ ပူးသတ်မည်ဟု ဆိုသော မင်နီဖက်စတိုသမားများကို အကြီးအကျယ် ရှုတ်ချလေသည်။ မျိုးဖျက်များဟု စွပ်စွဲသည်။ ဒိုင်အာခီထောက်ခံသူများ အားရေးရှိုးနိမ့်ခဲ့သည်။

ဤသို့ အယူအဆများ ကွဲပြားနေစဉ်တွင် (၂၁) ဦးပါတီ ပေါ်လာသည်။ဂျီ-စီ-ဘီ-အေမှ လူများဖြစ်၏။ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံကာ အတွင်းမှ နယ်ချဲ့ကို ပူးရှိ၍ သတ်ပါမည်။ လုတ်လပ်ရေးအတွက် ကြိုးပမ်းပါမည်။ ၎င်းတို့ အကြံအတိုင်း မဖြစ်ခဲ့ပါလျှင် အမျိုးဆန္ဒအတိုင်း သပိတ်မှောက်ပါမည်ဟူသည့် အချက်များ ပါဝင်သည့် ကျေညာစာတမ်းကြီးတစောင်ကိုထုတ်ပြန်လေသည်။ တတိုင်းတပြည်လုံးရှိ အသင်းဝင်များ၊ အသင်းကိုယ်စားလည်များ၊ သံဃာတော်များ အထူးမကြေမနပ်ဖြစ်ကာ ကိုယ်ကျိုးရှာသူများ၊ သူပုန်များဟူ၍ အပြစ်တင် ဝိုင်းပယ်ကြသည်။

၂၁ ဦး ပါတီဝင်များမှာ အောက်ပါတို့ဖြစ်သည်။

(၁)ဦးဘစိန်-ပုသိမ်၊ (၂) ဦးဘဘေ၊ (၃) ဦးမောင်မောင်အုန်းခိုင်-ရန်ကုန်၊ (၄)ဦးဘလှိုင်၊ (၅)ဦးမောင်ကြီး၊(၆)ဦးစိမ်း၊ (၇)မြန်မာ့အလင်း-ဦးမောင်မောင်ကြီး၊ (၇)ဦးပု၊ (၉)ဦးသင်းမောင်၊ (၁၀)ဦးကွမ်း၊(၁၁)ဦးလှဖေ၊ (၁၂)ဒေါက်တာဘရင်၊ (၁၃)ဦးစံလင်း-ပဲခူး၊ (၁၄)ဦးထွန်းဝေ၊ (၁၅)ဦးထွန်းလှိုင်၊ (၁၆) ညောင်လေးပင်-ဦးလွန်းမောင်၊ (၁၇)သထုံ-ဦးကိုကို၊ (၁၈)ပျော်ဘွယ်-ဦးမောင်ကြီး၊ (၁၉)ကျောက်ဆည်-ဦးစိန်ဘ၊ (၂၀)ဦးသော်-ကမာရွတ်၊ (၂၁) မန္တလေး-ဦးဘဦး။

၂၁ ဦးအဖွဲ့ ဝံသာနုများနှင့်ကွဲကြသောအခါ ရုံပုံငွေများကို ဦးထွန်းအောင်ကျော်ထံတွင် ထားသဖြင့် အားလုံးကို ရသည့် အသင်းနှင့်သက်ဆိုင်သော စာအုပ်စာတမ်းများ၊ မူတ်တမ်းများကိုမူ ၂၁ ဦးစာ ယူဆောင်သွားသည်။နောင်သောအခါ၌ ဝံသာနု

www.burmeseclassic.com

မှ ပဲ့ထွက်လာသော ဒိုင်အာခီအုပ်ချုပ်ရေးလက်ခံသည့် ၂၁ ဦး အဖွဲ့သည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရာ အမတ် ၂၅ ယောက်မျှ ရရှိလေသည်။

– နယ်ခြားအစိုးရနှင့် ပူးပေါင်းပြီး အစိုးရအဖွဲ့တွင် ရာထူးများ လက်ခံယူခဲ့လေသည်။

ကုမ္ပဏီအမျိုးသမီးအဖွဲ့

မြန်မာအမျိုးသားများ နိုင်ငံရေးစိတ်ဓာတ် နိုးကြားခါစ ပထမဦးဆုံး ဖွဲ့စည်းပေါ်ထွက်လာသော မြန်မာ အမျိုးသမီးအသင်းဖြစ်သည်။ ၁၉၁၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်၊(၁၂၀၁ ခုနှစ်တန်ဆောင်မုန်းလဆုတ် ၁၀တနင်္ဂနွေနေ့)တွင် စတင်ဖွဲ့စည်းသည်။ ထိုခေတ်က ကုမ္ပဏီ၏အမျိုးသမီးအဖွဲ့၏ သတင်းမှာ အထူးကျော်ကြားခဲ့သည်။ ပထမ စတင်ဖွဲ့စည်းစဉ်က အမှုဆောင်အဖွဲ့တွင် အောက်ပါ အမျိုးသမီးများ ပါဝင်သည်။

၁။	ဥက္ကဋ္ဌ	ဒေါ်စူ (စည်ပင်သာယာ အရေးပိုင်၏ဇနီး)
၂။	အကျိုးဆောင်	ဒေါ်ဖွားသစ်(ကုန်သည်)
၃။	တွဲဘက်	ဒေါ်ခင်စော(ဦးကြူး၏ဇနီး)
၄။	အမှုဆောင်	ဒေါ်လှမေ(ဒီးဒုတ်-ဦးဘချို၏ဇနီး)
၅။	″	ဒေါ်တင် (ဦးသင်းမောင်ဇနီး)
၆။	″	ဒေါ်စောတင် (ဦးသိန်းမောင်ဇနီး)
၇။	″	ဒေါ်ငြေး
၈။	″	ဒေါ်ငွေရင်
၉။	″	ဒေါ်ငွေရှင်
၁၀။	″	ဒေါ်မြမေ

ငါးပွင့်ဆိုင်အဖွဲ့။ ။အဖွဲ့ငါးဖွဲ့ စုပေါင်းထားသော နိုင်ငံရေး အသင်းအဖွဲ့ ဖြစ်သည်။ ပြိတိသျှ လက်ထက် ဒိုင်အာခီခေတ် ရွေးကောက်ပွဲအမှီ ဖွဲ့စည်းသောအဖွဲ့ဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် ဖွဲ့စည်းသည်။ ငါးပွင့်ဆိုင်အဖွဲ့တွင် (၁)ပြည်သူ ပြည်သားအဖွဲ့၊ (၂) ဦးမောင်ကြီးခေါင်းဆောင်သော ဖရီးဘားမားခေါ် မြန်မာပြည် လုတ်လပ်ရေးအဖွဲ့၊ (၃)ဦးမာစီခေါင်းဆောင်သော သပိတ်မှောက် ဂျီ-စီ-ဘီ-အေ အဖွဲ့၊ (၄) အထက်မြန်မာပြည် ၂၁ ဦးအဖွဲ့၊ (၅) ရေဦးဆရာတော် ကြီးမှူးသော ဗဟို ဝံသာနုအဖွဲ့တို့ ပါဝင်ကြသည်။

ဒိုင်အာခီအုပ်ချုပ်ရေး(စာမျက်နှာ ၁၈၆ တွင် ကြည့်ပါ)

၉၁ ဌာနအုပ်ချုပ်ရေး။

။မြန်မာပြည်ကိုအိန္ဒိယမှ(၁၉၂၅ ခုနှစ် အက်ဥပဒေအရ) ခွဲထွက်သည်။ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ယင်းဥပဒေ တည်သဖြင့် ခွဲထွက်၍ ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိသော သီးသန့် နိုင်ငံတနိုင်ငံ ဖြစ်လာသည်။ ယင်းဥပဒေအရ အစိုးရအဖွဲ့ကို ဖွဲ့၍ အုပ်ချုပ်ခြင်း ဖြစ်သည်။ ၉၁ ဌာနဟု ဆိုသော်လည်း စဉ်စစ်မှာ ၉၁ ဌာနမကပေ။ ၉၁ ဌာန အုပ်ချုပ်ရေး ဥပဒေအရ ၁၉၃၇ ခုနှစ် မတ်လ ၂၆ ရက် သောကြာနေ့တွင် ဒေါက်တာဘာမော်ခေါင်းဆောင်သော ညွှန်ကြားရေးအစိုးရ တက်သည်။ ဒေါက်တာဘာမော်သည် ၎င်း၏အဖွဲ့မှ အမတ်များ ငါးပွင့်ဆိုင်မှ ပဲ့ထွက်လာသော အမတ်များ လှိုင်မြတ်ပေါ် (ဦးချစ်လှိုင်ခေါင်းဆောင်သည်)မှ အမတ် ၁၂ ဦးနှင့် ၉၁ ဌာနအုပ်ချုပ်ရေးသစ်တွင် ညွှန်ကြားရေး အစိုးရ ဖွဲ့သည်။ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁။ နန်းရင်းဝန်နှင့် ဘဏ္ဍာရေး	ဒေါက်တာ ဘမော်
၂။ သစ်တောရေးဌာန	ရွှေကျင် ဦးပု
၃။ ပြည်ထဲရေး	ဦးပေါ်ထွန်း
၄။ ပညာရေး	သာယာဝတီ ဦးမောင်မောင်
၅။ ကူးသန်းရောင်းဝယ်ရေး	ဦးထွန်းအောင်ကျော်
၆။ အခွန်ဌာန	စောဖေသာ

မျိုးချစ်ပါတီ။ ။ဂဠုန်ဦးစော၏ ပါတီဖြစ်သည် ၈ ၊ ပုဂ္ဂိုလ်ဆိုင်တွင် ပါဝင်သော ၂၁ ဦးထဲမှ အမတ်အချို့ကို ခွဲထုတ်ပြီး မျိုးချစ်ပါတီကို ဖွဲ့သည်။ ၁၉၃၇ ခုနှစ် ဩဂုတ်လ ၁၄ ရက် (၁၂၉၉ ခုနှစ် ဝါခေါင်လဆန်း ၈ ရက် စနေနေ့တွင်) စတင်ဖွဲ့စည်းသည်။

၁၉၄၀ ပြည့်နှစ် စက်တာဘာ ၁၀ ရက် (၁၃၀၂ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်)နေ့တွင် ကျင်းပသော ဥပဒေပြုလွှတ်တော်တွင် ဦးပုအစိုးရ ပြုတ်ကျပြီး ဦးစော၏ မျိုးချစ်ပါတီ ခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရ တက်သည်။ ဦးစော၏ ညွှန့်ပေါင်းအစိုးရတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ နန်းရင်းဝန်	ဦးစော(သစ်တောရေးနှင့်ပညာရေး)
၂။ ဘဏ္ဍာရေး	ဦးဘသီ
၃။ ပြည်ထဲရေး	ဦးအေး
၄။ အခွန်တော်	ဆာပေါ်ထွန်း
၅။ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေး	သာယာဝတီ ဦးမောင်မောင်

၆။ တရားရေးဌာန	စောဖေသာ
၇။ ကူးသန်းရောင်းဝယ်ရေး	ဦးဘသန်း
၈။ အလုပ်သမား ဌာန	ဦးဘအုန်း

ဦးပု၏ ညွှန့်ပေါင်း အစိုးရ။ ။ဒေါက်တာ ဘမော် နန်းရင်းဝန်အဖြစ်ဖြင့် ဆောင်ရွက်သော ပထမဦးဆုံး ညွှန့်ပေါင်းအစိုးရ ပြုတ်ကြပြီးနောက် ဦးစော အစိုးရ တက်မလာမီ စပ်ကြားတွင် ဦးပု၏ ညွှန့်ပေါင်း အစိုးရ တက်သည်။ အစိုးရအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များပါသည်။

၁။ နန်းရင်းဝန်	ဦးပု
၂။ ဘဏ္ဍာရေး	ဦးထွန်းအောင်ကျော်
၃။ အခွန်တော်	ဆာပေါ်ထွန်း
၄။ သစ်တောရေး	မစ္စတာ အိပ်စီခူး
၅။ ပညာရေး	စောဘိုးချစ်
၆။ ပြည်ထဲရေး	ဦးဘဘော
၇။ ကူသန်းရောင်းဝယ်ရေး	ဦးထွန်း

ဗမာ့ထွက်ရပ်ဂိုဏ်း။ ။ဒေါက်တာ ဘမော်- သခင် အောင်ဆန်းတို့ ဦးစီး ဖွဲ့စည်းသည်။ ၁၉၃၉ ခုနှစ်၊ စက်တာဘာလ ၁ ရက်၊(၁၃၀၁-ခုနှစ်၊ဝါခေါင်လဆုတ်၃-ရက်-သောကြာနေ့)တွင် စတင် ဖွဲ့စည်းစဉ်က အမှုဆောင် အဖွဲ့ဝင်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ ဒေါက်တာ ဘမော်	ခေါင်းဆောင်
၂။ သခင် အောင်ဆန်း	အတွင်းရေးမှူး

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်သော အမှုဆောင်များ။ ။ (၃) သခင်သန်းထွန်း၊ (၄) သခင် လှဘော်၊ (၅) သခင်မြ၊ (၆) သခင်နု၊ (၇)စော ဖေသာ၊ (၈) ဦးဘဦး (မန္တလေး)၊ (၉) ဦးထွန်းအောင်၊ (၁၀) ဦးဘရှေ (မန္တလေး)- (၁၁) ဦးလှမင်း၊ (၁၂) ဗန္ဓုလ ဦးစိန်၊ (၁၃) ဒေါက်တာ သိန်းမောင်။

ဗမာ့မြေအောက် တော်လှန်ရေးအဖွဲ့။ ။မြန်မာ့လွတ်လပ်ရေး အတွက် နယ်ချဲ့ကို တော်လှန်ရန် မြေအောက် တော်လှန်ရေးအဖွဲ့ အစည်းတရပ်ကို လျှို့ဝှက် ဖွဲ့စည်းသည်။ မြေအောက် တော်လှန် ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းစဉ်က အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ သခင်မြ ပြည်တွင်း ခေါင်းဆောင်
၂။ သခင်အောင်ဆန်း ပြည်ပခေါင်းဆောင်
၃။ သခင်လှဖေ၊ ၄။ ကိုကျော်ငြိမ်း၊ ၅။ သခင်နု၊ ၆။ ကိုဗဟိန်း၊ ၇။ ကိုလှမောင် (ဗိုလ်ဇေယျ)၊ ၈။ ကိုလှ မောင် (မိတ္ထီလာ)၊ ၉။ကိုဗဆေ၊ ၁၀။ သခင်ချစ်၊ ၁၁။ ကို ကျော်ငြိမ်း (အာအီးတီ-မင်းဘူး ချမ်းသာ) ၁၂။ ကိုထွန်းရှေ

ဂျပန်ခေတ် စစ်အုပ်ချုပ်ရေး

ဖက်ဆစ် ဂျပန်တို့ အုပ်စိုးသောခေတ်တွင် စစ်အုပ်ချုပ်ရေး အဖွဲ့ဖြင့် တိုင်းပြည်ကို အုပ်ချုပ်သည်။ဂျပန်ခေတ် အုပ်ချုပ်ရေး မစမီနှင့် အုပ်ချုပ်ရေး စတင်စဉ် ခေတ်တလျှောက်လုံးတွင် ပါဝင် ဦးဆောင်ခဲ့သော ပုဂ္ဂိုလိမျှား ထင်ရှားသော အဖွဲ့အစည်းမျှား မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဗမာ့တပ်မတော် ဘီ-အိုင်-အေနှင့် ဂျပန်တို့သည် ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက် (၁၃၀၃-ခုနှစ်၊ တပေါင်းလဆုတ် ၈-ရက် တနင်္ဂနေနေ့ နံက် ၈-နာရီ)တွင် မြန်မာပြည်၏ မြို့တော် ရန်ကုန် မြို့ကို သိမ်းပိုက် ရရှိသည်။ (၁၄-၅-၄၂) ၁၃၀၄-ခုနှစ်၊နယုန် လဆန်း (၁)ရက်တွင် အထက်မြန်မာပြည် မြစ်ကြီးနား စသည်တို့ သိမ်းယူသည်။ ဤသို့ဖြင့် ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်များ မြန်မာပြည်သို့ ခြေချပြီးနောက် ဂျပန် စစ်သေနာပတိ ဂျင်နရယ် အီးဒါးသည် ဒေါက်တာဘမော်အား မြန်မာပြည် အုပ်ချုပ် ရေးအတွက် အဲစည်းအဝေးခေါ်ရန် ညွှန်ကြားသည်။ (၂၁-၅-၄၂) ၁၃၀၄-ခု နယုန်လဆန်း ၈ ရက်နေ့တွင် ဒေါက်တာ ဘမော်၏ ဘိုတ်ကြားချက်ဖြင့် မြန်မာပြည် အုပ်ချုပ်ရေးအတွက် စည်းဝေးတရပ် ကျင်းပသည်။ အောက်ပါ ပုဂ္ဂိုလ်များ တက် ရောက်ကြသည်။ ပေါင်း ၁၄ ဦးဖြစ်၏။

သခင်ကိုယ်တော်မှိုင်း။ ဒေါက်တာ ဘမော်။ သခင်မြ။ ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း)။ သခင်နု။ သခင်သန်းထွန်း။ သခင်ဗစိန်။ သခင်ထွန်းအုပ်။ ဦးဘဝင်း။ ဗန္ဓုလ ဦးစိန်။ ဦးလှ ဖေ။ ဦးဘသိန်း။ ဦးထွန်းအောင်။ ဦးဘစော။

ဂျပန် စစ်သေနာပတိ ဂျင်နရယ် အီးဒါးက ဒေါက်တာ ဘမော်ကို ခေါင်းဆောင်ပြု၍ မြန်မာပြည်အတွက် အုပ်ချုပ်ရန် အုပ်ချုပ်မှု စီစဉ်ရေး အဖွဲ့တရပ် ဖွဲ့စည်းစေသည်။ (၄-၆-၄၂) ၁၃၀၄၊ နယုန်လဆုတ် ၇-ရက် ကြာသပတေးနေ့တွင် ဖြစ်၏။ အုပ်ချုပ်မှု စီစဉ်ရေး အဖွဲ့တွင် ပုဂ္ဂိုလ် ၁၃ ဦး ပါဝင်သည်။ ဒေါက်တာဘမော်။ ဒေါက်တာ သိန်းမောင်။ ဦးဘဘော။ သခင် သန်းထွန်း။ သခင်ထွန်းအုပ်။ ဦးထွန်းအောင်။ ဦးဘဝင်း။

www.burmeseclassic.com

www.burmeseclassic.com

သခင်မြ။ သခင်ဗစိန်။ ဝေးမ ဦးဘသိန်း။ ဦးလှဖေ။ ဗန္ဓုလ ဦးစိန်တို့ဖြစ်ကြသည်။

ဂျပန် စစ်အုပ်ချုပ်ရေးအဖွဲ့

မြန်မာပြည် အုပ်ချုပ်မှု စီစဉ်ရေးအဖွဲ့က မြန်မာပြည်ကို ပြန်လည် ထူထောင်ရန် စည်းမျဉ်းရေးဆွဲသည်။ (၁-၈-၄၂)၁၃၀၄ ခုဒုတိယ ဝါဆိုလဆုတ် ၅-ရက်၊ စနေနေ့တွင် မြန်မာပြည်ကို အုပ်ချုပ်ရန် အောက်ပါ စစ်အုပ်ချုပ်ရေးကိုဖွဲ့စည်းသည်။ ဂျပန်စစ်သေနာပတိချုပ် အီးဒါး၏ လက်အောက်မှ တာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်သည်။

၁။ ဝန်ကြီးချုပ်	ဒေါက်တာ ဘမော်
၂။ ဒု-ဝန်ကြီးချုပ်	သခင်မြ
၃။ ဘဏ္ဍာရေးဌာန	ဒေါက်တာ သိန်းမောင်
၄။ တရားဌာန	ဦးထွန်းအောင်
၅။ ပြည်ထဲရေးဌာန	ဦးဘဝင်း
၆။ လယ်ယာစိုက်ပျိုးရေး	သခင်သန်းထွန်း
၇။ သစ်တောနှင့်သတ္တုတွင်းဌာန	သခင်ထွန်းအုပ်
၈။ ဆည်မြောင်းနှင့် အလုပ်သမားဌာန	သခင်ဗစိန်
၉။ လမ်းနှင့် အဆောက်အဦ	ပြန်လည်ထူထောင်ရေး ဗန္ဓုလ ဦးစိန်
၁၀။ ကူးသန်းရောင်းဝယ်ရေးနှင့်	စက်မှုလက်မှုဌာန ဦးလှဖေ

ဂျပန်ခေတ် လွတ်လပ်ရေး

၁၉၄၃-ခုနှစ်၊ မတ်လ ၂၃ (၁၃၀၄ ခုနှစ် တပေါင်းလဆုတ် ၃ ရက်၊ အင်္ဂါနေ့)တွင် မြန်မာပြည် လွတ်လပ်ရေးအတွက် ဒေါက်တာ ဘမော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ဂျပန်ပြည်သို့သွားသည်။ အဖွဲ့တွင် ဒေါက်တာ ဘမော်၊ သခင်မြ၊ ဒေါက်တာ သိန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးကျော်ငြိမ်း၊ ဗိုလ်မှူးရန်နိုင်၊ ဦးတင့်ဆွေ၊ ဦးလှဖေတို့ ပါဝင်ကြသည်။ ၎င်းကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးချက်အရ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်(၁၃၀၅ ခုနှစ် ၀ါခေါင်လဆန်း ၁ ရက် တနင်္ဂနေ့)တွင် မြန်မာပြည် လွတ်လပ်ပြီးဖြစ်ကြောင်းကျေညာသည်။

ဂျပန်၏ ပေးသော လွတ်လပ်ရေး ရပြီးစတွင် ပထမဦးဆုံးဖွဲ့စည်းသောအစိုးရအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဒေါက်တာဘမော်	နိုင်ငံတော်အဓိပတိ
၂။ သခင်မြ	ဒုတိယဝန်ကြီးချုပ်
၃။ ဒေါက်တာသိန်းမောင်	ဘဏ္ဍာရေးဝန်ကြီး
၄။ ဦးထွန်းအောင်	ပူးပေါင်းဆောင်ရွက်ရေးဌာန
၅။ ဦးဘဝင်း	ပြည်ထဲရေးဌာန
၆။ ဦးလှဖေ	သစ်တောနှင့်သတ္တုတွင်းဌာန
၇။ ဗန္ဓုလဦးစိန်	ကြီးပွားရေး၊ ဝါဒဖြန့်ချိရေးနှင့် သာသနာရေး

www.burmeseclassic.com

၈။	သခင်သန်းထွန်း	မြေယာနှင့် လယ်ယာစိုက်ပျိုးရေးဌာန
၉။	ဦးသိန်းမောင်	တရားရေးဌာန
၁၀။	ဦးလှမင်း	ပညာရေးနှင့်စည်ပင်သာယာရေးဌာန
၁၁။	ပျော်ဘွယ် ဦးမြ	ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု
၁၂။	ဦးအေး	အခွန်တော်ဌာန
၁၃။	သခင်နု	နိုင်ငံခြားရေးဌာန
၁၄။	ဗိုလ်ချုပ်အောင်ဆန်း	ကာကွယ်ရေးဌာန
၁၅။	သခင်လေးမောင်	လမ်းပန်းနှင့် ပြန်လည် ထူထောင်ရေးဌာန
၁၆။	သခင်လွန်းဘော်	လမ်းပန်း အဆောက်အဦးနှင့် ထူထောင်ရေး

ဂျပန်ခေတ်စစ်ဦးစီးအဖွဲ့

မြန်မာ့လွတ်လပ်ရေးကျေညာပြီးနောက်(တလနှင့်၁၆ ရက်မျှ အကြာ) ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက် (၁၃၀၅ ခုနှစ် တော်သလင်းလဆုတ် ၃ ရက် ကြာသပတေးနေ့တွင် မြန်မာ့ကာကွယ်ရေးတပ်မတော်မှ ဗမာ့တပ်မတော်ဟု အမည်ပြောင်းဖွဲ့စည်းခဲ့လေသည်။ ဤအတွင်း နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က ပြန်တမ်းများထုတ်ပြန်၍ အောက်ပါ စစ်ဦးစီးအဖွဲ့ကို ဖွဲ့စည်းသည်။

၁။	ဗိုလ်ချုပ်အောင်ဆန်း	စစ်ဝန်ကြီး
၂။	ဗိုလ်စကြာ	ဒုတိယ စစ်ဝန်ကြီး
၃။	ဗိုလ်လက္ခ	ဖွဲ့စည်းရေးဌာနကြီးမှူး
၄။	ဗိုလ်နေဝင်း	စစ်သေနာပတိ
၅။	ဗိုလ်ဇေယျ	စစ်ဦးစီးချုပ်

ကက်(စ်)ဘီ အုပ်ချုပ်ရေးနှင့် လွတ်လပ်ရေးရပြီး ဤမှာဘက်

ဂျပန်များကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တော်လှန်ပြီးနောက် ဗြိတိသျှမဟာမိတ်များ မြန်မာပြည် မြေပေါ်သို့ ပြန်ရောက်သည်။ ဗြိတိသျှမဟာမိတ်များ ပြန်လည်အုပ်ချုပ်သော ခေတ်အခါကို ကက်(စ်)ဘီတိုင်း(စစ်အုပ်ချုပ်ရေး ခေတ်ဟာလ) ဟု ခေါ်သည်။ကက်(စ်)ဘီတိုင်းမှ လွတ်လပ်ရေးရပြီးယာယီထိပါဝင်လှုပ်ရှားခဲ့သော နိုင်ငံရေး အသင်းအဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဗမာပြည်ဆိုရှယ်လစ်ပါတီ

၁၉၄၅ခုနှစ်စက်တင်ဘာလ ၁ ရက်(၁၃၀၇ ခုနှစ်ဝါခေါင်ဆဆုတ် ၉ရက်စနေနေ့)တွင် ဖွဲ့စည်းသည်။ဥက္ကဋ္ဌသခင်မြ အတွင်းရေးမှူး ဦးဗညားတို့ ပါဝင်သော အမှုဆောင် ၂၀ ကိုရွေးကောက်တင်မြှောက်သည်။ ပါဝင်သူများမှာ ဦးကျော်ငြိမ်း၊ သခင်ကင်၊ ဦးကျော်မြင့်လေး၊ မိတ္ထီလာ ဦးလှမောင်၊ဦးတင်ညွန့်၊သခင်လွင်၊ သခင် ကျော်ဒွန်း၊ သခင်အောင်သန်း(ဗိုလ်စကြာ)ရန်ကုန်ဗဟို၊

www.burmesecl assic.com

သခင်ချစ်မောင်၊ သခင် ဝတင်၊ သိန်းလေးဆယ်-ဦးကိုကိုကြီး၊ သခင်လွန်းတော်၊ ဦးသန်းစိန်၊ သခင်တင်မောင်ကြီး၊ ဦးအောင်ကြီး(တွဲဘက်အတွင်းရေးမှူး)၊ သင်ခင်ပန်းမြင့်၊ သခင်လှကျော်တို့ ဖြစ်လေသည်။

စက္ကူဖြူ အစိုးရ။ ။၁၉၄၅-ခုနှစ် အောက်တိုဘာလသို့ ရောက်သောအခါ ဗြိတိသျှ အစိုးရ၏ ဘုရင်ခံချုပ်က ၎င်းတို့ ရေးဆွဲထားသော စက္ကူဖြူအုပ်ချုပ်ရေးစာတမ်းအရ အုပ်ချုပ်ရန် အစိုးရအဖွဲ့တဖွဲ့ကိုဖွဲ့စည်းပေးသည်။(၃၀-၁၀-၄၅)၁၃၀၇ခုနှစ် သီတင်းကျွတ်လဆုတ် ၉ ရက်အင်္ဂါနေ့တွင်ဖြစ်၏။ စက္ကူဖြူ စာတမ်းအရ ဖွဲ့စည်းသော အစိုးရအဖွဲ့ဖြစ်၍ စက္ကူဖြူအစိုးရဟုခေါ်ဆိုသည်။စက္ကူဖြူအစိုးရအဖွဲ့၏ အကြီးအမှူးမှာ ဆာပေါ်ထွန်း စက္ကူဖြူအစိုးရ ဟူ၍ ခေါ်သည်။ အစိုးရအဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ကြတည်။

၁။ ဆာပေါ်ထွန်း အတွင်ပင်ခံ၊ ပြည်ထဲရေးဌာနနှင့် တရားရေးဌာန
၂။ ဆာထွန်းအောင်ကျော် အခွန်တော်နှင့်ဘဏ္ဍာရေး
၃။ ဦးပု သစ်တောနှင့် လယ်ယာစိုက်ပျိုးရေး
၄။ သခင်ရန်အောင် ပညာရေးဌာန
၅။ သခင်ထွန်းအုပ် အမျိုးသားစီမံကိန်းဌာန
၆။ မန်းဘခင် ကျန်းမာရေးနှင့် ဝန်ထမ်းဌာန
၇။ ဦးဘအုန်း အလုပ်သမားနှင့် စက်မှုလက်မှုဌာန
၈။ ဦးလွန်း လမ်းပန်းဆက်သွယ်ရေး
၉။ ဆာမက်ဂဒု စာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန

၁၀။ မစ္စတာပီးယစ် တောင်တန်းနယ်များ
၁၁ စစ္စတာ ဂျန်ဝိုက် ဌာနလက်ကိုင်မရှိ
၁၂။ ဦးအေး ကူးသန်းရောင်းဝယ်ရေး

ပထမဦးဆုံး ဖ-ဆ-ပ-လ အစိုးရ

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ပထမဆုံး ဖ-ဆ-ပ-လ အစိုးရအဖွဲ့ကို ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက် (၁၃၀၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် ကြာသပတေးနေ့)တွင် ဖွဲ့စည်းတည်။ အစိုးရ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည်။ အောက်ပါအတိုင်းဖြစ်၏။

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးနှင့် နိုင်ငံခြားရေး
၂။ သခင်မြ ပြည်ထဲရေးနှင့်တရားရေး
၃။ ဦးတင်ထွတ် ဘဏ္ဍာရေးနှင့် အခွန်တော်
၄။ ဦးဘစော ကူးသန်းရောင်းဝယ်ရေး
၅။ မန်းဘခိုင် အလုပ်သမားနှင့် စက်မှုလက်မှုဌာန
၆။ ဦးအောင်ဇံဝေ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဌာန
၇။ ဦးသိန်းဖေ(တက်ဖုန်းကြီးသိန်းဖေ) ကျေးလက်စီးပွားရေးဌာနနှင့်လယ်ယာစိုက်ပျိုးရေး
၈။ သခင်ဗစိန် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး
၉။ ဦးစော ပညာရေးနှင့်အမျိုးသားစီမံကိန်းဌာန

www.burmesecl assic.com

www.burmeseclassic.com

၁၀။ စောဘဦးကြီး ပြန်ကြားရေးဌာန
၁၁။ ဆာမောင်ကြီး ပြန်လည်ထူထောင်ရေးဌာန

ယာယီကြားဖြတ်အစိုးရ

(၂၇-၁-၄၇)နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုသည်။ ၁၃၀၈-ခုနှစ် တပိုတ္ပဲလဆန်း ၇-ရက် တနင်းလာနေ့တွင် ဖြစ်၏။ ယင်းစာချုပ်ကို ချုပ်ဆိုရန်အတွက် အင်္ဂလန်သို့ သွားကြသော ကိုယ်စားလှယ်များတွင် ပါဝင်သည့် ဦးစောနှင့် သခင်ဗစိန်တို့သည် အောင်ဆန်း-အက်တလီစာချုပ်ကို ကန့်ကွက်သောအားဖြင့် အင်္ဂလန်မှပြန်လာသောအခါ အစိုးရအဖွဲ့မှ နှုတ်ထွက်သည်။ (၁၉-၂-၄၇)နေ့တွင် နှုတ်ထွက်ခြင်းဖြစ်၏။ ၎င်းတို့ နှုတ်ထွက်သွားပြီးကြားဖြတ်ယာယီအစိုးရကိုဖွဲ့စည်းသည်။ ၎င်းတို့အဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးရှိ သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးတင်ကျော်၊ ဦးဘစောဝ၊ မန်းဘခိုင်၊ ဦးအောင်ဇံဝေ၊ ပျော်ဘယ်

ထိုးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် စုစုပေါင်း ၂၂ဦး ဖြစ်လေသည်။

၁။	ဗိုလ်ချုပ်အောင်ဆန်း	မြန်မာပြည် ခေါင်းဆောင်
၂။	စပ်ရှေသိုက်	ညောင်ရှေစော်ဘွား
၃။	ခွန်ပန်းစိန်	တောင်ပိုင်းစော်ဘွား
၄။	စပ်နှဲ	လဲချားစော်ဘွား
၅။	စပ်ဟုံဖ	မြောက်ပိုင်းသိန္ဓီစော်ဘွား
၆။	စပ်ထွန်းအေး	သာမိုင်းခန်းစော်ဘွား
၇။	ခွန်ပန်း	မြောက်ပိုင်းသိန္ဓီ
၈။	ဦးတင်အေး	တောင်ကြီး
၉။	ဦးကြာပု	သီပေါ
၁၀။	ခပ်ယစ်ဖ	သီပေါ
၁၁။	ဆမားဒုံးဝါးဆင်ဝါးနောင်	ကချင်ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးကောင်စီ (Revolutionary Council)

မြန်မာနိုင်ငံကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေး သက်တမ်း တလျောက်(၁၉၄၈-မှ ၁၉၆၂ ခုထိ) ပါလီမန် ဒီမိုကရေစီ စနစ်ဖြင့်အစိုးရအဖွဲ့အုပ်ချုပ်ခဲ့သည်။နိုင်ငံရေးပါတီအသီးသီးမှခေါင်းဆောင်ကြီးများ၏ တည်ကြည်မှုပျက်ပြားခြင်း၊ နိုင်ငံအတွင်းဥပ္ဒစီးပွားရေး၊ လူမှုရေး စသည် ပျက်ပြားသောင်းကျန်းခြင်း၊ပါလီမန် ဒီမိုကရေစီဥ ပျော့ကွက် ဟာကွက်များရှိခြင်း စသော မလိုလားအပ်သော ချွတ်ယွင်းမှုများကြောင့် နိုင်ငံ၏ အခြေအနေမှာ အထူးပျက်ယွင်းလာလေသည်။အမျိုးသားစည်းရုံးမှု အခြေ အနေ ပြိုကွဲယိုင်လဲလာသည်။ဤသို့သောအထွေထွေအရပ်ရပ်သော ယိုယွင်းမှုများကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်က ၁၉၆၂-ခုနှစ် မတ်လ ၂-ရက်နေ့တွင် နိုင်ငံရေးအာဏာကို သိမ်းယူခဲ့သည်။ မတ်လ ၂-ရက် နံနက် ၈ နာရီ ၅၀-မိနစ်တွင် (ပြည်ထောင်စု၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းရန် အလို့ငှာ ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အစီရင်ခံပါသည်) ဟူ၍ ရေဒီယိုမှ တိုင်းပြည်သို့ ကျေညာခဲ့လေသည်။ ထိုနောက် တော်လှန်ရေးကောင်စီတရပ်တိုဖွဲ့စည်းလိုက်လေသည်။ တော်လှန်ရေးကောင်စီတွင် ကောင်စီဝင်(၁၇) ဦးပါဝင်သည်။ ယင်းတို့မှာ ၁။ ဗိုလ်ချုပ်ကြီးနေဝင်း(ဥက္ကဋ္ဌ)၊အဖွဲ့ဝင်များ ၂။ ဗိုလ်မှူးချုပ်အောင်ကြီး ၃။ ဗိုလ်မှူးချုပ် သန်းဖေ (၂၂-၅-၆၂-ကွယ်လွန်သူ) ၄။ ဗိုလ်မှူးချုပ် တီကလစ် ၅။ ဗိုလ်မှူးချုပ် တင်မြ ၆။ဗိုလ်မှူးချုပ် စန်းယု ၇။ဗိုလ်မှူးချုပ် စိန်ဝင်း ၈။ ဗိုလ်မှူး

ကြီးသောင်းကြည် ၉။ ဗိုလ်မှူးကြီး ကြည်အောင် ၁၀။ ဗိုလ်မှူးကြီး မောင်ရွှေ ၁၁။ ဗိုလ်မှူးကြီး သန်းဆိန် ၁၂။ ဗိုလ်မှူးကြီး ကျော်စိုး ၁၃။ဗိုလ်မှူးကြီးစောမြင့် ၁၄။ဗိုလ်မှူးကြီး ချစ်မြိုင် ၁၅။ ဗိုလ်မှူးကြီး ခင်ညို ၁၆။ ဗိုလ်မှူးကြီး ထုတန် ၁၇။ ဗိုလ်မှူးကြီး တန်ယုဆိုင်။

တော်လှန်ရေးကောင်စီ အစိုးရအဖွဲ့

ယခေါ် ၁၉၆၇-ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရအဖွဲ့ကို အလွယ်နှင့်ပင် သိနိုင်ကြသည်။ ၁၉၆၂-ခုနှစ် မတ်လ ၂-ရက်နေ့ကအခြေအနေအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူပြီးတော်လှန်ရေးကောင်စီဖွဲ့ပြီးနောက် ထိုနေ့မှာပင် တော်လှန်ရေး ကောင်စီ၏ ကျေညာချက်အမှတ် (၂)ဖြင့် အောက်ပါပုဂ္ဂိုလ်များကို ပူးတွဲဖော်ပြထားသော ဝန်ကြီးဌာနတွင် အစိုးရအဖွဲ့များအဖြစ်ဖြင့် တာဝန်ယူထမ်းဆောင်ရန် ကျေညာသည်။

၁။ ဗိုလ်ချုပ်ကြီးနေဝင်း တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ကာကွယ်ရေး ဌာန၊ အခွန်တော်ဌာန၊ ဘဏ္ဍာရေးဌာနနှင့် တရားရေးဝန်ကြီးဌ ာန၊ ၂။ ဗိုလ်မှူးချုပ်အောင်ကြီး ကုန်သွယ်ရေးနှင့် သစ်တောရေး ဝန်ကြီးဌာန၊စက်မှုလက်မှုဌာန၊ ၃။ ဗိုလ်မှူးချုပ် တင်ဖေ လယ် ယာစိုက်ပျိုးရေး သစ်တောရေးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ၄။ ဗိုလ်မှူးချုပ်သန်းဖေ ပညာရေးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ၅။ ဦးသီဟန် နိုင်ငံခြားရေးဌာန အလုပ်သမားဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာန

www.burmeseclassic.com

www.burmeseclassic.com

အိုးအိမ်ဆောက်လုပ်ရေးဌာန၊ ၆။ ဗိုလ်မှူးကြီး ကျော်စိုး ပြည်ထဲရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ၇။ ဗိုလ်မှူးကြီး စောမြင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန၊ ၈။ ဒု-ဗိုလ်မှူးကြီး ဘနီ လမ်းပန်းဆက်သွယ်ရေးဌာန။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်(ပါတီ)
BURMESE WAY TO SOCIALISM

ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော တော်လှန်ရေးကောင်စီ အစိုးရက်တက်လာပြီးနောက် ဖွဲ့စည်းလိုက်သော ပါတီတရပ်ဖြစ်သည်။ မြန်မာပြည်အခြေအနေဖြင့် အကိုက်ညီဆုံး ရေးဆွဲထားသော လမ်းစဉ်တရပ်ဖြစ်သည်။ ၁၉၆၂-ခုနှစ် ဧပြီလ ၃၀-ရက်တွင် ရတနာပုံရေတပ်စခန်းတွင် ကျင်းပသော တပ်မှူးများ ညီလာခံတွင် တင်သွင်းဆုံးဖြတ်ခဲ့သော တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားပင် ဖြစ်သည်။ ထိုတပ်မှူး ညီလာခံကို ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌ အဖြစ်ဖြင့် ဆောင်ရွက်သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်(ပါတီ)တွင် ယနေ့ထိ (၁၉၆၇) ဗိုလ်ချုပ်ကြီးနေဝင်း ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်နေသည်။

မောင်ဇနီယ
(၄-၁-၆၈)

အကွာရာစဉ်အညွှန်း

က

ကောဇာသက္ကဆုဇ်	၃၅
ကမ္ဘာဦးမှ သက္ကဆုဇ်	၃၈
ကဆုန်လ	၅၀,၈၁,
ကဝါလမိုင်း	၆၇
ကပိလဝတ်	၈၅,၁၄၂
ကောလိယနှင့် ဒေဝဒဟ	၈၆
ကထာဝတ္ထု	၁၀၅
ကထိန်ခင်းခြင်း	၁၁၀,၁၁၄,၁၁၅,၁၁၇,၁၂၁
ကြာသက်နိုး	၁၁၉
ကျီးမနိုးပွဲ	၁၂၄
ကမ္ဘာဦးအစ နေလပေါ်ခြင်း	၁၄၀
ကာဠုဒါယီ	၁၄၁
ကပ္ပတိန် မက္ကလော	၁၅၂
ကပ္ပတိန်ရှက်ပစ်	၁၅၃
ကနောင်မင်းသား	၁၅၅
ကွပ်မျက်ခံ မင်းသွေးလေးဆယ်	၁၅၅
ကင်းဝန်မင်းကြီး	၁၅၇
ကျန်းလုံးယူတံခါး	၁၆၂

www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးတံခါး ၁၆၂
ကြေးမုံတံခါး ၁၆၂
ကာနယ်စလေဒင် ၁၆၅
ကုလား-ဗမာရိုက်ပွဲ ၁၉၇
ကုလားမြို့ ၁၉၅
ကောလိပ်ကျောင်း ၂၃၉
ကွဲသမျှ ၂၄၂
ကိုထွေး ၃၃၇
ကပ္ပတိန် ဂျေဘီယန် ၃၅၃
ကမ္ဘာ့ကုလသမဂ္ဂနေ့ ၃၆၁
ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ ၃၆၄
ကမ္ဘာကြေးဌေ ရန်ပုံခွင်းအဖွဲ့ ၃၆၅
ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူး ၃၆၅
ကုလသမဂ္ဂဝင် နိုင်ငံများ ၃၆၆
ကချင်လူမျိုး ၃၇၉
ကချင်လူမျိုး အုပ်စုကွဲ ၃၀၀
ကချင်ပြည်နယ် ၃၀၁
ကချင်လူဦးရေနှင့်သမိုင်း ၃၀၁
ကချင်ဓလေ့ထုံးစံအယူဝါဒ ၃၀၂
ကချင်ယဉ်ကျေးမှု ၃၀၃
ကရင်လူမျိုး ၃၀၃
ကရင်လူမျိုးအုပ်စုကွဲများ ၃၀၅
ကရင်လူမျိုးရေးနှင့် သမိုင်း ၃၀၄
ကရင်ဓလေ့ ထုံးစံနှင့်အယူဝါဒ ၃၀၅
ကရင် ယဉ်ကျေးမှု ၃၀၆
ကောလင်းတိုက်ပွဲ ၄၀၇
ကျိုင်းခွင်တိုက်ပွဲ ၄၀၇
ကျူးဘားအကြပ်အတည်း ၄၇၇
ကုမ္ဘာရီ ၅၀၆
ဧ၁-ဌာန ၄၀၇

ခ

ခရုဇ်သက္ကရာဇ် ၃၅
ခေါင်းဆေးမင်လာ ၇၀
ချောင်းခွ မင်းသား ၄၀၂
ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ၄၃၀

ဂ-ဃ-င

ဂျီ-စီ-ဘီ-အေ ၁၀၀
ဂဠုန် ဦးစော ၃၄၇
ဂဠုန် တပ်ဖွဲ့ ၃၅၀
ဂဠုန် ဆရာစံ ၃၅၀
ငရှေညာ ၃၉၅
ငယောလေး ၃၉၆
ငထွန်းနှင့် ငရှေဝိုင်း ၄၃၄
ငြိမ်းချမ်းရေး ဖခင် ၄၃၄
ငရဲဘုံနှင့် နတ်ပြည် ၄၅၆
ဂျပန်ခေတ် စစ်အုပ်ချုပ်ရေး ၄၉၂
ဂျပန်ခေတ် လွတ်လပ်ရေး ၄၉၃

www.burmeseclassic.com

www.burmeseclassic.com

စ

စတုဒီသာ	၇၃
စာဆိုတော်နေ့	၁၂၉,၁၃၁,၁၃၃
စုဘုရားလတ်	၁၅၇
စည်ရှည်တံခါး	၁၆၂
စည်သာတံခါး	၁၆၂
စီအိုဒီ	၃၁၇
စော်ဘွားကြီး ဦးအောင်မြတ်	၃၉၁
စောရွှေကြည်	၄၀၀
စန်းတာမြို့	၄၀၉
စက္ကူဖြူ အစိုးရ	၄၉၆

ဆ

ဆယ်နှစ်လရာသီ	၄၁
ဆယ်နှစ်ရာသီ ပွဲတော်	၄၅
ဆယ်နှစ်ရာသီ(ပွဲ-ပန်း-နက္ခတ်-တာရာ-ရာသီရုပ်)	၄၆
ဆေးပေါင်းခသော မဲဇလီ	၁၂၅
ဆာ-မောင်ကြီး	၁၀၅
ဆာ-မောင်ခင်	၁၀၀
ဆရာစံ	၂၆၀
ဆရာစံ သူပုန်၏တိုက်ပွဲများ	၃၆၄
ဆာချားဘားနတ်	၂၉၉
ဆာ-စပ်မောင်	၄
ဆာရယ်ဂျီနယ်ဂရက်ဒေါက်-မင်းထွက်သွား	၄၂၆

ဇ-ဈ-ည

ဇော်ဝန်ကျောင်း	၁၀၂
ညောင်ရမ်းမင်းသားကြီး	၁၆၄
ဇူလိုင် ၁၉	၂၁၅
ဇနီးတ်မင်းကြီး	၃၀၆
ဇမ္ဗူကြက်သရေပုံနှိပ်တိုက်	၄၄၀

တ

တန်ခူး-တာကူး(တကူး)	၄၉
တော်သလင်း သစ်ခင်း	၅၁
တန်ဆောင်မုန်း	၅၂
တပ္ပိတ္ထဲ၊တပေါင်း	၅၅,၁၃၆
တဝတိ သာ	၉၉
တန်ခိုးတော်အနန္တ	၁၀၀
တောင်ထိပ်သဘင်	၁၀၈
တတိယ စာဆိုတော်	၁၃၂
တိုင်းတာမင်းကြီး	၁၅၆
တိုင်းတာဝင်း	၂၃၁
တင်းမာမှ	၂၄၄
တောင်သူလယ်သမားနေ့	၂၅၉
တောင်သူလယ်သမား အရေးတော်ပုံ	၂၆၃
တော်လှန်ရေးနေ့	၂၆၉
တပ်မတော်နေ့	၂၆၉

www.burmeseclassic.com

www.burmeseclassic.com

တောင်လှန်ရေးနှစ်မျိုး	၂၇၀
တောင်လှန်ရေး အစိုးရ	၂၉၁
တောက်တဲ့မောင်	၃၂၄
တိရစ္ဆာန်ဘေးမဲ့	၃၆၀
တောင်လှန်ရေး ဟောင်စီ	၅၀၆
တောင်လှန်ရေး အစိုးရ	၅၀၇

ထ

ထင်ရှားတံခါး	၁၆၂
ထိပ်တင်မှတ်	၁၈၄
ထိပ်တင်ရန်ပိုင်,ထိပ်တင်ရန်နိုင်	၄၀၂

ဒ-ဝ

ဒုတိယစာဆိုတော်	၁၃၂
ဒေါက်တာထင်အောင်	၁၇၈
ဒိုမိနီယန်	၂၅၅
ဒီဒုတ်ဦးဘချို	၃၂၃
ဒေါက်တာဘမော်နှင့် သခင်ဘစိန်	၃၃၅
ဒက်ဟမ္မားရှိုလ်	၃၆၅
ဒေါက်တာဘင်တာရူနတ်သ်တဂိုး	၄၁၈
ဒေါ်အေးမယ်	၄၃၅
ဒေါင်းဌီကာ	၄၃၇
ဒေါင်းဂဏ္ဍီ	၄[illegible]
ဒေါ်သူဇာ	၄၄၆

ဓမ္မစကြာအခါတော် ၆၂
ဓမ္မသင်္ဂီ ၁၀၅
ဓာတုကထာ ၁၀၅
ဓနုဖြူ ၁၅၀
ဓူဝံသတော်၁ ၁၅၉
ဓနရှင် ဘီ-အိုး-စီ ၄၅၁

နာ

နယုန်လ	၅၀
နတ္တော်လ	၅၃
နှစ်သစ်ကူးခြင်း	၇၁
နတ်ပြည်ခြောက်ထပ်	၈၈
နက္ခတ်သာင်	၁၀၇
နေရှင်နယ်ဦးမြင့်	၁၈၀
နော်မိုနေရှင်း	၂၃၄
နဝမ၊ ဂျီ-စီ-ဘီ-အေ	၂၄၁
နိုင်ငံရေး မိုင်တိုင်	၂၄၄
နယ်ချဲ့ခေတ်နှင့်ထောင်	၂၄၅
နောက်ကွယ်ချောင်ကပ်	၃၂၄
နား၈ ၊စကီး	၃၅[illegible]
နိုင်ငံပေါင်းစုံ့ကျေညာစာတမ်း	၃[illegible]၃
နာ၈ ၆၄ မျိုး	၃[illegible]
နယ်ချ၀ါဒ	၄[illegible]
နှစ်ဆယ့်တဦး အဖွဲ	၄[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပ

ပြည်ထောင်စု လူဦးရေ ၂၃
ပြည်ထောင်စု မြန်မာ နိုင်ငံ အလံ၊ဂင်း၏ ပုံသဏ္ဌာန်၊ အရောင်၊ အလံတော် အဓိပ္ပာယ် ၂၆,၂၇
ပြည်ထောင်စု အလံထူနည်း ၂၀,၂၉
ပြည်ထောင်စု အလံ(အသုံးပြုပုံ၊ အလေးပြုပုံ တားမြစ်ချက်များ) ၃၀,၃၁,၃၃,၃၄
ပုပ္ပား စောရဟန်း ၃၉
ပြာသိုလ ၅၄
ဝ၀ ါရဏာ ၉၇
ပဏ္ဏုကမ္မလာ ၉၀
ပုဂ္ဂလပညတ် ၁၀၅
ပဋ္ဌာန်း ၁၀၆
ဝိုသုကူသက်နှိုး ၁၂၂,၁၂၄
ပန်းပိတောက် ၁၃၉
ပါတောမ်မူနေ ၁၄၆
ပထမ အင်္ဂလိပ်-မြန်မာစစ် ၁၄၇
ပန်း၀ါစစ်ပွဲ ၁၄၉
ပြင်သစ် ၁၅၆
ပျဉ်းမနား ဦးဒွေး ၁၀၀
ပြည်ထောင်စု ၂၅၀
ပင်လုံညီလာ ၂၅၄
ပြည်ထောင်စုဘဏ္ဍား လူမျိုးများ ၃၇၂

ပေါ်ထွန်းအောင် ၄၁၇
ပုရွက်ဆိတ်နှင့်နပမ်းလုံးခြင်း ၄၆၆
ပြည့်သူ့စာဆို ၄၃၄
ပ-ထ-မ ဦးဆုံး ဖ-ဆ-ပ-လ အစိုးရ ၄၉၇
ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ၅၀၄
ပ-မ-ညာ-တ ၅၀၄
ပ-ထ-စ ၅၀၅

ဖ

ဖွားမြင်ပင့်စံ ၈၁
ဖဲငါးပင့်တပ် ၁၆၃
ဖ-ဆ-ပ-လ ၂၁၂
ဖေဘီယန် ၂၄၆
ဖက်ဆစ်တော်လှန်ရေး ၂၇၆
ဖေါ်ကောင်ဘည့်ဆ ၃၄၆
ဖ-ဆ-ပ-လ ကြားပြတ်အစိုးရ ၅၀၀
ဖ-ဆ-ပ-လ ၅၀၂

ဗ

ဗုဒ္ဓရူပ်ပွားရေသပ္ပာယ်ခြင်း ၆၄
ဗြဟ္မာဦးခေါင်း ၆၇
ဗောဓိပင်ရေစင်သွန်း ၀
ဘုံဘောဘားမားသစ်ကုမ္ပဏီ ၁၅၆
ဗြိတိသျှတပ်မဟာများ ၁၆၂

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးချုပ်ဗိုက် ၁၆၃
ဗိုလ်သာကျန် ၁၀၄
ဗိုလ်ချို ၁၀၄
ဗိုလ်ရန်ညွှန့် ၁၀၄
ဗိုလ်ရှဲ ၁၀၄
ဗိုလ်လှရွှေ ၁၀၄
ဗုဒ္ဓကလျာဏယုဝအသင်း ၁၀၅
ဗမာ့ထွက်ရပ်ဂိုဏ်း ၂၀၃,၄၀၉
ဗိုလ်မိုးကြီး ၂၃၁
ဗမာ့မျိုးချစ်တပ်မတော်တိုက်ပွဲ ၂၀၃
ဗိုလ်ချုပ်အောင်ဆန်း ၃၂၁
ဗိုလ်ဝ ၃၉၀
ဗိုလ်လယ်,ဗိုလ်တိုး ၄၀၆
ဗိုလ်မင်းရောင် ၄၄၅
ဗိုလ်နေရောင် ၄၅၃
ဗမာ့လက်ဝှေ့ ၄၄၅
ဗိုလ်ချုပ်ကြီးနေဝင်း ၄၇၀
ဗြိတိသျှခေတ်မြေအောက်တော်လှန်ရေး ၄၉၀
ဗမာပြည် ဆိုရှယ်လစ်ပါတီ ၄၉၅
ဗမာပြည်ကွန်မြူနစ်ပါတီ ၅၀၁

ဘ

ဘိုးတော်အဋ္ဌန ၃၀
ဘကြီးတော် ၁၅၁
ဘူလ်လင်ကျောပူးလ် ၁၀၉
ဘားမားအော့ဖ်ဇာဘာ ၂၃၀
ဘိလပ်ရွှေနေ ဏားတစ်ဘားနှစ်စ် ၃၄၂

မ

မြန်မာနိုင်ငံတည်နေရာနယ်နိမိတ်။
ရာသီဥတု၊ အကျွယ်အဝန်း၊ လူဦးရေ၊ မြို့ကြီးများ။
ဘာသာစကား၊ ပြည်တွင်းသုံးငွေ့၊ ကိုးကွယ်မှုဘာသာ။
အစိုးရ၊ သမိုင်းစဉ်၊ အတိတ်ခေတ်၊ ပဒေသရာဇ်ခေတ်
၁၇-၁၀-၁၉-၂၀
မြန်မာနိုင်ငံ ပြည်တွင်းစီးပွားရေး ၂၂
မာဃဆန္ဒေ ၃၀
မြန်မာပြည် ရာသီစက်ဝန်း ၄၀
မိုး ၁ ၂ မျိုး ၄၃
မြန်မာလတ်သေသ ၄၉,၅၆
မြန်မာ့ယဉ်ကျေးမှုပွဲတော် ၆၁
မဟာသင်္ကြန် ၆၂
မဟာပိန္ဓ ၆၇,၆၉
မိဖုရားစောလုံ ၇၀
မဲဇာရောက်အမတ် ၇၃
မဟာသမယ ၀၅
မဟာဝုန်တော ~~[illegible]~~

www.burmeseclassic.com

www.burmeseclassic.com

မဇ္ဈိမဒေသ	၈၆
ဓကုဒုတောင်	၉၆
မြင့်မိုရ်တောင်	၉၈
မောဂ္ဂလန်	၉၉
မယ်တော်မိနတ်	၁၀၄
မသိုးသက်နန်း	၁၁၈
မယ်ပုဏ္ဏ	၁၂၃
မယ်ဥမ္မာ	၁၂၅,၁၂၆
မောင်းမင်းရာ	၁၂၇
မိဂဒါဝုန်း	၁၄၁
ဓဏိပူရမင်း	၁၄၇
မဟာဗန္ဓုလ	၁၅၀
မယ်နု	၁၅၁
မင်းတုန်းမင်း	၁၅၄
မြင်ကွန်းမင်းခုံတိုင်	၁၅၅
မိဖုရားစု	၁၅၆
မန္တလေးဆိပ်ကမ်း	၁၅၈
မေဂျာဒါးတစ်(၃)	၁၅၈
မန်းဦးတံခါး	၁၆၂
မဒရပ်ခြေလျင်တပ်ရင်း	၁၆၃
မြင်းစိုင်းမင်းသား	၁၀၄
မြန်မာနိုင်ငံရှေးဦးနိုင်ငံရေးအဖွဲ့ကြီး	၁၀၅
မင်းတိုင်ပင်အမတ်	၁၀၇
မာစတာတိတ်	၁၀၀
မင်တိုမင်းရှင်	၂၃၆
မယ်မြန်မာ	၂၄၆
မေဒေးမေယာ	၂၆၆
မြန်မာနိုင်ငံ၏ အလုပ်သမားတိုက်ပွဲ	၃၀၀
မန်းဘခိုင်	၃၃၃
မိုင်းပွန်စော်ဘွား	၃၃၅
မစ္စတာဆားဘားနီစ်	၃၄၂
မေဂျာရန့်	၃၅၃
မေဂျာမိုး	၃၅၃
မဂ္ဂရာမင်းသား	၄၀၂
မသောခင်မြင့်ချင်ဘိုဦးချမ်းရေး	၄၃၅
မောင်လွန်း	၄၃၅
မျောက်ဦးကာ	၄၃၇
မျောက်ဂဏ္ဍီ	၄၃၇
မစ္စတာမောင်မှိုင်း	၄၃၇
မောင်သမာခိ	၄၄၁
မြို့လုလင်ဇာနည်	၄၄၅
မြင်းမဏိတောင်တန်း	၄၄၆
မင်းကြီးရှေ့လရောင်	၄၄၀
မယ်ဆိုပိုတေးမီးယား စစ်ပွဲ	၄၅၂
မြေလှုသူက မြေခွန်တောင်း	၄၅၂
မျိုးချစ်ပါတီ	၄၀၀
မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ	၅၀၀

www.burmeseclassic.com

www.burmeseclassic.com

ယ-ရ

ယုဂဒ္ဒါတောင် ၉၀
ယမိုက် ၁၀၅
ယာဂု ၁၁၇
ယူနီယံဂျက်အလုံ ၂၂၇
ယာယီကြားဖြတ် အစိုးရ ၄၉၀
ရတုခြောက်ပါး ၄၁
ရေပက်ကစားခြင်း ၆၅
ရှေးခေတ်သင်္ကြန် ၆၆
ရခိုင်သင်္ကြန် ၇၅
ရေလွှခြင်းအကျိုး ၀၀
ရောဟာဏီ ၀၇
ရဟန်းတော်မျှား ၉၀
ရဟန်းတို့၏ တံခွန် ၁၁၃
ရှေတိဂုံ ၁၃၇
ရှင်မဖြူကျွန်း ၁၄၅
ရှုပူရီကျွန်း ၁၄၀
ရန္တပိုစာချုပ် ၁၅၁
ရန်ကုန်ခရီးအင်္ဂလိပ်ရေတပ် ၁၅၄
ရန်နည်းတံခါး ၁၆၂
ရတနာဂိရိ ၁၀၄
ရိုးလက်ဥပဒေ ၁၀၇
ရေနံမြေသပိတ် ၁၉၉
ရဲဘော်သုံးကျိပ် ၂၀၀
ရန်ကြီးအောင်ကုန်းပေါင် ၃၁၆
ရှမ်းမျိုးသုံးဆယ် ၃၇၆
ရှင်ဥတ္တမ ၄၁၆
ရှေတောင်မောင်လွန်း ၄၄၁
ရေနံမြေလုပ်သားခေါင်းဆောင် ၄၅၀
ရက်လေးဆယ် ခြေလျင်ခရီး ၄၆၂

လ

လုပ်သားပြည်သူ အလုပ်ပိတ်ရက် ၅၉
လတွင်ယုန်ဝပ်ခြင်း ၆၀
လက်ဝဲသုန္ဒရ ၀၃
လတပေါင်းဝိသေသ ၁၃၉
လမျှားနောင် ၁၃၉
လော့ဒ်အင်ဟတ် ၁၄၀
လော့ဒ်ဒါလ်ဟိုဇီ ၁၅၃
လော့ဒ်ဒပ်ဖရင် ၁၅၆
လေးသိန်းတံခါး ၁၆၂
လွန်ကဲတံခါး ၁၆၂
လွတ်လပ်ရေးနေ့ ၁၀၂
လက္ခဏာဇူ ၂၄၄
လူမျိုးစု ၂၉၄
လူသတ်သမားမျှား၏ ဇာတ်သိမ်းခန်း ၃၃၀
လိပ်အခွံ ခွာမည် ၄၂၃

www.burmeseclassic.com

www.burmeseclassic.com

ဝ

ဝါဆို၊ ဝါခေါင် ၅၀
ဝါဆိုလပြည့်, ဝါဆိုလ ဝိသေသ ၉၀
ဝါဆိုခြင်းများ မျိုးနွှစ်ပါး ၉၂
ဝါတော်စဉ် ၉၅
ဝါကပ်ခြင်း ၉၈
ဝိဘင်း ၁၀၅
ဝိုင်-အမ်-ဘီ-အေ ၁၈၅
ဝန်းသိုဇာနည် ၃၉၁

သ

သာသနာသံဃာဆုတ် ၃၅
သဂ္ဂဆုတ်ပြုခြင်း ၃၅
သုမုန္ဒရီမင်း ၃၀
သစ်ဆင်း ၅၁
သီတင်းကျွတ် ၅၂,၉၇
ဆင်ကြီန်အလှူ ၇၂
သင်ကြီန်ထမင်း ၇၄
သာကီဝင်မင်း ၈၇
သုဒ္ဓါ၀ါသပြဟ္မာကြီး ၈၈
သရက်ဖြူပင် ၉၇
သန္တုဿီနတ် ၉၈

BURMESE CLASSIC

သက်သာနဂိုရ် ၉၉
သကျသုခုမဓမ္မ ၁၀၆
သက်နိုးအနေအထား ၁၁၀
သက်နိုးသည်တံခွန် ၁၁၂
သိဝိမင်း ၁၂၅,၁၂၆
သာမညဖလ ၁၂၇
သုံးဆယ်ခုနှစ်မင်း ၁၂၈
သရဖီ ၁၃၉
သာယာ၀တီမင်း ၁၅၁
သာသနာပြု ကင်းကိုတ် ၁၅၃
သပြေတန်းခံတပ် ၁၅၈
သူရိယသဘော် ၁၅၈
သောင်းညွှတ်တံခါး ၁၆၂
သူရိယသတင်းစာ ဦးတုတ်ကြီး ၁၈၀
သဿမေဓအခွန် ၁၈၇
သခင်ပေါက်စ ထောင်ခြောက်လ ၁၉၈
သခင်မြ ၂၁၁,၃၂၆
သခင်သန်းထွန်း ၂၁၁
သခင်အောင်ဆန်း ၂၄၅
သမ၀ါယမ ၃၁၀
သမတ ရှုစာ ၃၆၅
သုဝဏ္ဏကာယဒေ၀ီ ၃၉၂
သံဃ သမဂ္ဂ ၄၂၀
သခင်ကိုယ်တော်မှိုင်း ၄၃၄

www.burmeseclassic.com

www.burmeseclassic.com

ဆပြေနုချိန် ဖေပုရှိန် ၄၄၂
သခင်ဖိုးလှကြီး ၄၅၀-၄၇၁
သပိတ်စစ်ပွဲ ၄၆၅
သံမဏိသပိတ်တပ်သား ၄၆၅
သခင်မျိုးဟေ ၄၆၉

ဟ

ဟင်ဒူမဟာဆင်ဗွ ၄၂၁
ဟီရိုရိုးမားနွေ ၃၅၄

အ-ဥ-ဧ

အင်္ဂလိပ်မြန်မာ (၃)စစ်ပွဲ
နှင့် မြန်မာနိုင်ငံ မျက်မှောက်ခေတ် ၂၁
အဇာတသတ် ၃၀,၁၂၇
အရုဏ်တက်ချိန် ၅၇
ဦးခေါင်းဆေးလျှော်ခြင်း ၆၃
အာဘီမွာ အခါတော် ၉၇
အုံ့ဘွယ် ဆယ်ရှစ်ဖြာ ၁၁၀
အာဘီမွာ(၇)ကျမ်း ၁၀၆
အမျိုးသား စာဆိုတော် ညီညွတ်ရေး ၁၃၅
တောဒင် ၁၄
အန်ဒမန်ကျွန်းစု ၁၄၉

အင်္ဂလိပ်လက်အောက်ရောက် ပဲခူးနှင့်မုတ္တမ ၁၅၄
အင်္ဂလိပ်-မြန်မာ တတိယစစ် ၁၅၄
အင်္ဂလိပ်ရေတပ် ၁၅၀
အင်းဝခံတပ် ၁၅၀
အာဌဝိတံခါး ၁၆၉
အမျိုးသား တက္ကသိုလ် ၁၇၀
အင်္ဂလိပ်တို့၏ တက္ကသိုလ် ဥပဒေ ၁၇၂
အမ်-အေ-မောင်ကြီး ၁၇၀,၁၀၀
အိုးဝေ ဦးညိုမြ ၁၉၉
အောင်ဆန်းအက်တလီစာချုပ် ၂၁၄
အနုမြူ ၂၄၇
အစာနင့်မည် ၂၄၀
အက်တလီနှင့်ကြေးနန်း ၂၅၂
အသွင်ကူးပြောင်းရေး ၂၆၃
အိုလင်းပစ် ၃၀၅
အိုလင်းပီးယား ၃၀၇
အာဇာနည် ၃၁၂
အီနိုလာဂေး ၃၅၆
အန္တာလန္တိတ် ကျေညာစာတမ်း ၃၆၂
အခြေအနေမဲ့ ဦးဥတ္တမ ၄၃၂
အာဌာဝဏ ၄၆၃
အဖြူနှင့်အမဲ ၄၅၀
အစာငတ်ခံ ဆန္ဒ ၄၆၆
ဥတုသုံးလီ ၄၁

www.burmeseclassic.com

www.burmeseclassic.com

ဦးဝိစာရ ၁၈၄
ဦးသိန်းမောင်၊ ဦးဘဖေ၊ ဦးဟယ္ယန်း၊ဦးဘရင် ၁၈၅
ဦးဘဝင်း၊ဦးသိန်းမောင် ၂၁၁
ဦးညွှန့် ၂၃၂
ဦးဘကျမ်း၊ဦးအောင်ဇံ၊ ဦးရွှေဘော်၊ ပျော်ဘွယ် ဦးမြ ၃၅၉
ဦးဘိုးဝင်း ၃၂၅
ဦးရာဇတ် ၃၃၁
ဦးဘုန်းမောင်(အိုင်-စီ-အက်) ၃၃၇
ဦးပု အစိုးရ ၃၅၁
ဦးစော တစခန်းထပြီး ၃၅၃
ဦးသန့် ၄၇၃,၃၆၆
ဦးရွှေသား ၃၉၃
ဦးထင် ၃၉၃
ဦးခုတ္တမ ၄၁၂
ဦးထွန်းအောင်ကျော် ၄၁၇
ဦးအောင်လင်း၊ဦးအောင်ညွှန်း ၄၃၅
ဦးချစ်လှိုင် ၄၈၃

www.burmeseclassic.com